ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထဲရေးဝန်ကြီးဌာန
မီးသတ်ဦးစီးဌာန

မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များ (၂၀၂၀)

Myanmar Fire Safety Code 2020

မာတိကာ

စဉ်	အကြောင်းအရာ		စာမျက်နှာ	
			မှ	ထိ
၁	၂		၃(က)	၃(ခ)
၁	အခန်း(၁)	အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်	၁	၅၃
၂	အခန်း(၂)	ရည်ရွယ်ချက်	၅၄	၅၄
၃	အခန်း(၃)	လွတ်မြောက်ရေးဆိုင်ရာနည်းလမ်းများ	၅၅	၁၂၅
၄	အခန်း(၄)	အဆောက်အအုံတည်ဆောက်မှုဆိုင်ရာမီးဘေး အန္တရာယ်ကြိုတင်ကာကွယ်ခြင်း	၁၂၆	၂၃၆
၅	အခန်း(၅)	အဆောက်အအုံပြင်ပမှ မီးငြိမ်းသတ်ရေးဆိုင်ရာ အစီအမံများ နေရာချထားခြင်း	၂၃၇	၂၅၈
၆	အခန်း(၆)	လျှပ်စစ်ဓာတ်အားပေးပို့မှု	၂၅၉	၂၆၂
၇	အခန်း(၇)	မီးငြိမ်းသတ်ရေးစနစ်များ	၂၆၃	၂၉၄
၈	အခန်း(၈)	စက်စွမ်းအားသုံးလေဝင်လေထွက်စနစ်နှင့် မီးခိုးထိန်းချုပ်မှုစနစ်များ	၂၉၅	၃၂၆
၉	အခန်း(၉)	အခြားစနစ်များ	၃၂၇	၃၃၅
၁၀	အခန်း(၁၀)	မီးဘေးလုံခြုံရေးစစ်ဆေးဆောင်ရွက်ခြင်း	၃၃၆	၃၃၉
၁၁	အခန်း(၁၁)	အရေးယူဆောင်ရွက်ခြင်း	၃၄၀	၃၄၁
၁၂	အခန်း(၁၂)	အထွေထွေ	၃၄၂	၃၄၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထဲရေးဝန်ကြီးဌာန

မီးသတ်ဦးစီးဌာန

အမိန့်ကြော်ငြာစာအမှတ် (၁၉၉၉ / ၂၀၂၀)

၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနသည် မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့်စပ်လျဉ်း၍ ၂၀၁၅ခုနှစ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ၊ပုဒ်မ ၄၆၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်အရ အောက်ပါအမိန့်ကိုထုတ်ပြန်လိုက်သည်-

မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာစံချိန် စံညွှန်းသတ်မှတ်ချက်များ(၂၀၂၀)နှင့် သက်ဆိုင်သောအမိန့်

အခန်း (၁)

အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤအမိန့်ကို မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များ (၂၀၂၀) နှင့် သက်ဆိုင်သောအမိန့် ဟုခေါ်တွင်စေရမည်။

၂။ ဤအမိန့်တွင်ပါရှိသော စကားရပ်များသည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ၊ နည်းဥပဒေများတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင်အောက်ပါစကားရပ်များသည်ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်-

(က) **စံချိန်စံညွှန်းသတ်မှတ်ချက်များ** ဆိုသည်မှာ မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များ (၂၀၂၀)၊ (Myanmar Fire Safety Code 2020) ကိုဆိုသည်။

(ခ) **ခေတ္တခိုလှုံရာနေရာ (Area of Refuge)** ဆိုသည်မှာ အဆောက်အအုံ၏ အခြားနေရာများထက် မီးဒဏ်(မီးခိုးနှင့်အပူ) ခံနိုင်သည့် တည်ဆောက်မှုဖြင့် သေချာစွာ ခွဲထုတ်တည်ဆောက်ထားသည့် ဧရိယာတစ်ခုဖြစ်သည်။ အခြားနေရာများမှ ခေတ္တခိုလှုံသည့်နေရာသို့ ချိတ်ဆက်ထားသော အပြင်စကြံ့ဖြင့်ဝင်ရောက်ရမည်။ ခေတ္တခိုလှုံရာနေရာသည် ကပ်လျက်အဆောက်အအုံတွင်ရှိသည့် နေရာတစ်ခုလည်းဖြစ်နိုင်သည်။ ထိုကပ်လျက် အဆောက်အအုံနှစ်ခုအကြားတွင် မီးဒဏ်ခံနိုင်သောနံရံဖြင့် တည်ဆောက်ပိုင်းခြားထားပြီး လွတ်မြောက်ပြေးလာသူများသည် ခေတ္တခိုလှုံရာနေရာသို့ အပြင်စကြံ့မှ

တစ်ဆင့် ဝင်ရောက်ရမည်။ ခေတ္တခိုလှုံရာနေရာသည် မသန်စွမ်းသူများပါ ဝင်ထွက်နိုင်ရမည်။

(၇) **စကြံ (Corridor)** ဆိုသည်မှာ အခန်းများ သို့မဟုတ် အဆောက်အအုံ အတွင်းနေရာများမှ ထွက်ပေါက်သို့သွားရောက်နိုင်အောင် ပြုလုပ်ထားသောလမ်းကြောင်းဖြစ်သည်။

(ဃ) **စည်းခြားထားသောနံရံ (အသုံးပြုမှုမတူသော နေရာနှစ်ခုကို ခွဲခြားထားသောနံရံ)** ဆိုသည်မှာ ကပ်လျက်အဆောက်အအုံကို ပိုင်းခြားထားသောနံရံဖြစ်သည်။

(c) **တစ်ဖက်ပိတ်နေရာ (Dead-end)** ဆိုသည်မှာ အများအားဖြင့် စကြံ သို့မဟုတ် ဓာတ်လှေကားခန်းတို့တွင်အစွန်းတစ်ဖက်၌သာ ထွက်ပေါက်ရှိပြီးအခြားအစွန်းတစ်ဖက်တွင် ထွက်ပေါက်မရှိသည့် အများသုံးနေရာတစ်ခုဖြစ်သည်။ သတ်မှတ်ပြဋ္ဌာန်းထားသည့် အတိုင်း တစ်ဖက်ပိတ်နေရာ၏ အရှည်ဆုံးအလျားသည် ၁၅ မီတာ နှင့် ရေဖျန်းစနစ် တပ်ဆင်ထားပါက ၂၀ မီတာထက်မပိုရပါ။

(စ) **တိုက်ရိုက်အကွာအဝေး (Direct Distance)** ဆိုသည်မှာ အခန်းတစ်ခန်း သို့မဟုတ် နေရာတစ်ခုမှ အတိုဆုံးအကွာအဝေးဖြစ်ပြီး ထိုအခန်း သို့မဟုတ် နေရာ၏ အဝေးဆုံးနံရံမှ ထွက်ပေါက်လျှောက်လမ်း သို့မဟုတ် ထွက်ပေါက်လှေကားနံရံများရှိ သက်ဆိုင်ရာ ထွက်ပေါက်များဆီသို့ အတွင်းနံရံများ၊ အကန့်နံရံပါးများနှင့် အခြားအကာအရံများကိုထည့်သွင်းမစဉ်းစားဘဲ တိုက်ရိုက်တိုင်းထွာသည့် အကွာအဝေးကိုဆိုလိုသည်။

(ဆ) **ထိစပ်နယ်နိမိတ် (Relevant Boundary)** ဆိုသည်မှာ ပိုင်ဆိုင်မှုနယ်နိမိတ်အပါအဝင် အဆောက်အအုံ သို့မဟုတ် အကန့်တစ်ခု၏ အပြင်နံရံ သို့မဟုတ် ဘေးအစွန်းနှင့် ဆက်စပ်နေသောနယ်နိမိတ် အကွာအဝေးကိုဆိုလိုသည်။

(ဇ) **ထွက်ပေါက် (Exit)** ဆိုသည်မှာ အဆောက်အအုံ၏ အတွင်းပိုင်းမှ အပြင်ဘက်သို့ အပြင်ဘက်တံခါးပေါက်များ၊ ထွက်ပေါက်လှေကားများ၊ ထွက်ပေါက်လမ်းကြောင်း ဆင်ခြေလျှောလမ်းများ၊ ထွက်ပေါက်စကြံလမ်းများ စသည့် လမ်းကြောင်းတစ်မျိုး သို့မဟုတ် တစ်မျိုးထက်ပိုသောလမ်းကြောင်းများဖြင့်ထွက်ပြေးလွတ်မြောက်နိုင်သည့် လမ်းကြောင်းဖြစ်သည်။ ထွက်ပေါက်သည်အခြားအဆောက်အအုံတစ်ခုသို့ဆက်သွယ်ထားပါက ဆက်လမ်းများ၊ လျှောက်လမ်းများ၊ တံတားများ၊ ဝရံတာများသည်လည်း ထွက်ပေါက်များဖြစ်သည်။ ထွက်ပေါက်တွင် နေထိုင်သောဧရိယာများ အတွင်းရှိ အဝင်အထွက် လှေကားများ၊ မင်းလမ်းများ၊ စကြံတံခါးများ သို့မဟုတ် စကြံများ၊ အခန်းများ၊ အဝင်အထွက်တံခါးများမပါဝင်ပါ။

(စ) **ထွက်ပေါက်လျှောက်လမ်း (Exit Passageway)** ဆိုသည်မှာ ကာရံထားသော နံရံများ၊ ကြမ်းခင်းများ၊ မျက်နှာကြက်များနှင့် တံခါးများ၏မီးဒဏ်ခံနိုင်ရည် နှင့်စပ်လျဉ်း၍ အပိုဒ် ၂၂ ပါ အကာအကွယ် ပြုလုပ်ထားသည့် ဒေါင်လိုက်လမ်းကြောင်းများအတွက် ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီသော Courtyard မှ ပြင်ပအမိုးပွင့်နေရာတစ်ခုသို့ ဦးတည်နေသော ထွက်ပေါက်လှေကား သို့မဟုတ် ထွက်ပေါက်လျှောက်လမ်းကို ထွက်ပေါက်အဖြစ် အသုံးပြုနိုင်သည်။ ထွက်ပေါက်လျှောက်လမ်းသည် အပိုဒ် ၇(ဂ) ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

(ည) **ထွက်ပေါက်တံခါး (Exit Door)** ဆိုသည်မှာ လူများဖြတ်သန်းသွားရန် ထွက်ပေါက်၏တံခါးဝတွင် ပြင်ပတံခါးပေါက်အပါအဝင် တပ်ဆင်ထားသည့် တံခါး၊ ထွက်ပေါက်၏ ကြံ့ခိုင်မှုအဖြစ်ပါဝင်နေသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။

(၁) **ထွက်ပေါက်သို့ ရောက်ရှိနိုင်သောလမ်းကြောင်း (Exit Access)** ဆိုသည်မှာ ထွက်ပေါက်တစ်ခုသို့ ဦးတည်သည့် ထွက်ပြေးလွတ်မြောက်နိုင်သည့် လမ်းကြောင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ထွက်ပေါက်ကို ရောက်ရှိနိုင်ရန်အတွက် ကူးဖြတ်သွားနိုင်သည့် လူနေထိုင်အသုံးပြုသော အဆောက်အအုံအတွင်း အခန်းများ၊ စကြံ့လမ်းကြောင်း၊ ဧည့်ခန်းများ၊ မင်းလမ်းများ၊ စကြံ့များ၊ လှေကားများနှင့် ဆင်ခြေလျှောလမ်းများ စသည့် လွတ်မြောက်ရေးလမ်းကြောင်းတစ်လျှောက်ရှိ တံခါးပေါက်များပါဝင်သည်။

(၂) **ထွက်ပေါက်သို့ရောက်ရှိနိုင်သောတံခါး (Exit Access Door)** ဆိုသည်မှာအခန်းသို့မဟုတ် နေရာတစ်ခု(ရေအိမ်များ၊ အိပ်ခန်း၊ စတိုခန်း၊ အသုံးအဆောင် ထားရာအခန်း၊ စားစရာများထားသည့်အခန်း စသည့်အခန်းများမှအပ) သို့ အဝင်အထွက် ပြုလုပ်နိုင်သော တံခါးတစ်ခု သို့မဟုတ် ထွက်ပေါက်သို့ ဦးတည်သည့် ထွက်ပြေးလွတ်မြောက်ရာလမ်းကြောင်းတစ်လျှောက်တပ်ဆင်ထားသည့် တံခါးဖြစ်သည်။ ထွက်ပေါက်သို့ ရောက်ရှိနိုင်သော တံခါးသည် ထွက်ပေါက်တံခါးအတွက် သတ်မှတ်ထားသည့် လိုအပ်ချက်များနှင့် ကိုက်ညီရမည်ဖြစ်ပြီး ထွက်ပေါက်တံခါးအဖြစ် သတ်မှတ်ထားခြင်းမရှိလျှင် မီးဒဏ်ခံနိုင်ရန်မလိုအပ်ပါ။

(ဌ) **ထွက်ပေါက်လှေကား (Exit Staircase)** ဆိုသည်မှာ အပိုဒ် ၁၇ ပါအဆောက်အအုံအစိတ်အပိုင်းများအတွက် လိုအပ်သော မီးဒဏ်ခံနိုင်ရည်ထက်မနည်းသော အဆောက်အအုံအတွင်း မီးလောင်မလွယ်သောပစ္စည်းများ၊ အကာအရံများဖြင့်တည်ဆောက်ထားသော လှေကားတစ်ခုဖြစ်သည်။

(၆) **ဒေါင်လိုက်ထွက်ပေါက် (Vertical Exit)** ဆိုသည်မှာ မြေပြင်အထက် သို့မဟုတ် မြေပြင်အောက်ရှိ တစ်ထပ်ထက်ပိုသော အထပ်များအတွက် ထွက်ပေါက်အဖြစ် ထားရှိသည့် ထွက်ပေါက်လှေကား သို့မဟုတ် ထွက်ပေါက်ဆင်ခြေလျှောကိုဆိုလိုသည်။

(၃) **နံရံမျက်နှာပြင်** (**Wall Surface**) များတွင်အောက်ပါတို့ ပါဝင်သည်-

(၁) မှန်တပ်ထားသောမျက်နှာပြင်။

(၂) မျက်နှာကြက်၏ရေပြင်ညီမှ လျှောစောက်ထောင့် ၇၀ ဒီဂရီနှင့် အထက်ရှိသော မည်သည့်အစိတ်အပိုင်းမဆိုဖြစ်ပြီးအောက်ပါတို့ကိုချန်လှပ်ထားရမည်-

(ကက) တံခါးဘောင်များနှင့်မှန်တပ်မထားသောတံခါးများ၏ အစိတ်အပိုင်း။

(ခခ) ပြတင်းဘောင်များနှင့် မှန်တပ်ဆင်ထားသောဘောင်များ။

(ဂဂ) ဖောင်းမွမ်းကျည်းခွေ၊ ပုံသွင်းထားသောအဖုံးအကာများ၊ ရုပ်ပုံချိတ်တန်းများ၊ နံရံအောက်ခြေပတ်လည်ပျဉ်ဖုံးများနှင့် အလားတူ ကျဉ်းမြောင်းသောအရာများ။

(ဃဃ) အသေတပ်ဆင်ထားသော ပရိဘောဂများ။

(၀) **နယ်နိမိတ် (Boundary)** ဆိုသည်မှာ အဆောက်အအုံ၏ ပိုင်ဆိုင်သော နယ်နိမိတ်အပြင် အဆောက်အအုံဆောက်လုပ်မည့်မြေနှင့်ကပ်လျက်တည်ရှိသော အများပြည်သူသုံးလမ်း၊ တူးမြောင်း၊ မြစ်တို့၏အလယ်အထိ မှန်းဆထည့်သွင်းစဉ်းစားနိုင်သည်။

(ဏ) **နေထိုင်အသုံးပြုနိုင်သည့် ကြမ်းခင်းအမြင့် (Habitable Height)** ဆိုသည်မှာ နေထိုင်၍ရသော အထပ်အမြင့်ကို တိုင်းတာရာတွင် မီးသတ်ယာဉ် ရပ်ရန်နေရာ သို့မဟုတ် မီးသတ်ယာဉ် အဝင်အထွက်လမ်းကြောင်း၏ အနိမ့်ဆုံးနေရာမှ အမြင့်ဆုံးနေထိုင်၍ရသော အထပ်ကြမ်းခင်းအထိ တိုင်းတာရသည့်အမြင့်ဖြစ်သည်။

(တ) **နေထိုင်အသုံးပြု၍ရသောအထပ် (Habitable Floor)** ဆိုသည်မှာ အမိုးရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ (ရေလှောင်ကန်၊ Cooling Towers နှင့် ရေပေးဝေရေးပန့်များ၊ မီးသတ်ပန့်များ၊ ဓာတ်လှေကားစက်ခန်းအဖြစ် အသုံးပြုမှုများမှအပ) အခြားသော လုပ်ဆောင်မှုများအတွက်အသုံးပြုသည့်အထပ်များဖြစ်သည်။ အသုံးပြုရာတွင် Terrace၊ ပန်းခြံ၊ ကစားကွင်းနှင့် M&E ခန်းများ စသည်တို့ပါဝင်သည်။

(ထ) **နေထိုင်သူပမာဏ/ အသုံးပြုသူဦးရေ (Occupant Load)** ဆိုသည်မှာ အဆောက်အအုံတစ်ခု သို့မဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်းတစ်ခုတွင် အချိန်တိုင်း ရှိနေ

သည့် နေထိုင်သူဦးရေ စုစုပေါင်းအရေအတွက်ကို ဆိုလိုသည်။ နေထိုင်သူဦးရေကို အောက်ပါအတိုင်းသတ်မှတ်ရမည်-

(၁) ဇယား (၁.၅) တွင် ဖော်ပြထားသော လူတစ်ဦးတွင်ရှိရမည့် ဧရိယာကို အခြေခံထားသည့် ကြမ်းခင်းဧရိယာတွင် နေထိုင်မှုအသုံးပြုခြင်း သို့မဟုတ်။

(၂) လူအများစုဝေးအသုံးပြုမှုများအတွက် ထားရှိသော ထိုင်ခုံအရေအတွက်။

(၃) **ပြေးလမ်းကြောင်းနှစ်ခု (Two Way Escape) (ထွက်ပေါက်နှစ်ခု၏ အကွာအဝေး)** ဆိုသည်မှာ အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်းတစ်ခုမှ ထွက်ပေါက်တစ်ခုထက်ပို၍ လိုအပ်ပါကထိုထွက်ပေါက်များသည်တစ်ခုနှင့်တစ်ခု ကွာဝေးသောနေရာတွင် ရှိရမည်ဖြစ်ပြီး အရေးပေါ်အခြေအနေတွင် ထွက်ပေါက်တစ်ခုထက်ပို၍ အသုံးပြုနိုင်စေရန် တည်ဆောက်ထားရမည်-

(၁) ထွက်ပေါက်လမ်းကြောင်းနှစ်ခု သို့မဟုတ် ထွက်ပေါက်သို့ချဉ်းကပ်ရာ လမ်းကြောင်းတွင်တံခါးနှစ်ခုလိုအပ်လျှင်၊ ၎င်းတို့တစ်ခုနှင့်တစ်ခုကြား အကွာအဝေးသည် အဆောက်အအုံ၏ အရှည်ဆုံးထောင့်ဖြတ် အတိုင်းအတာ အကွာအဝေး၏ ထက်ဝက် သို့မဟုတ် ထက်ဝက်ထက်မနည်းသော အကွာအဝေးတွင် ရှိရမည်။ ထိုနေရာများသို့ အဖြောင့်တိုင်းတာခြင်းဖြစ်ပါက အောက်ပါအတိုင်း ဖြစ်ရမည်- (ပုံ (၁.၁)(က)မှ (ဂ) အထိ ကြည့်ပါ)



ပုံ(၁.၁)(က)



ပုံ(၁.၁)(ခ)



ပုံ(၁.၁)(ဂ)



ပုံ(၁.၁)(ဃ)



ပုံ(၁.၁)(င)

(ကက) ထွက်ပေါက်နှစ်ခုအကြား အကွာအဝေးသည် အဆောက်အအုံ၏ စုစုပေါင်း ထောင့်ဖြတ်အတိုင်းအတာ အကွာအဝေး၏ ထက်ဝက် ထက်နည်းနေမည်ဆိုပါက ၎င်းကို တစ်လမ်းသွား ထွက်ပေါက် အစီ အစဉ်ဟု မှတ်ယူရမည်။

(ခခ) ထွက်ပေါက်နှစ်ခု (လှေကား၊ ထွက်ပေါက်လမ်းကြောင်း၊ ထွက်ပေါက်ဆင်ခြေလျှော) ၏ အဝေးဆုံးတံခါး အစွန်းများအကြား မျဉ်း

ဖြောင့်တိုင်းလျှင် ကွာခြားသည့် အကွာအဝေးမှာ ၇ မီတာ ထက်မနည်းရ။

(၂) **ထွက်ပေါက်နှစ်ခု၏အကွာအဝေးလျှော့ချခြင်း**ဆိုသည်မှာ အခန်း(၇)ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသည့် အလိုအလျောက်ရေဖြန်းစနစ် တပ်ဆင်ထားသော အဆောက်အအုံတွင် အပိုဒ်၂(တ)(၁)နှင့်အညီတိုင်းတာထားသော ထွက်ပေါက်သို့မဟုတ် ထွက်ပေါက်သို့ ချဉ်းကပ်ရာလမ်းကြောင်းရှိ တံခါးနှစ်ခုအကြား အနည်းဆုံး အကွာအဝေးသည် အဆောက်အအုံ၏ အများဆုံးထောင့်ဖြတ် အကွာအဝေး၏ သုံးပုံတစ်ပုံထက် မနည်းသော အကွာအဝေးတွင် ရှိရမည်။ ထွက်ပေါက်နှစ်ခု၏ အဝေးဆုံးတံခါး အစွန်းများအကြား မျဉ်းဖြောင့်တိုင်းလျှင် ကွာခြားသည့် အကွာအဝေးမှာ ၇ မီတာ ထက်မနည်းရ။

(၃) **ထွက်ပေါက်စကြံ့တစ်လျှောက်ရှိ ပိုင်းခြားထားသော ထွက်ပေါက်အကွာအဝေး တိုင်းတာခြင်း** ဆိုသည်မှာ ထွက်ပေါက်လှေကားများ၊ ထွက်ပေါက် လျှောက်လမ်းများ သို့မဟုတ် ထွက်ပေါက်ဆင်ခြေလျှောနှစ်ခုကို စကြံ့ဖြင့် ချိတ်ဆက်ထားလျှင် ထွက်ပေါက်အားပိုင်းခြားထားခြင်းကို ထွက်ပေါက်ရှိ အဝင်အထွက်စကြံ့ကြား ပြေးလမ်းကြောင်းတစ်လျှောက် တိုင်းတာရမည်။ ထွက်ပေါက်လှေကားများ၊ ထွက်ပေါက်လျှောက်လမ်းများ သို့မဟုတ် ထွက်ပေါက်ဆင်ခြေလျှောများကို ချိတ်ဆက်ထားသည့် ထွက်ပေါက်ရှိ စကြံ့ကို အနည်းဆုံး ၁ နာရီ မီးဒဏ်ခံနိုင်ရည်ရှိသော အကာအရံများဖြင့် ကာကွယ်ထားရမည်။ အဆိုပါစကြံ့သို့ ချိတ်ဆက်ထားသော တံခါးများသည် အနည်းဆုံးမိနစ် ၃၀ မီးဒဏ်ခံနိုင်ရည်ရှိရမည်။ ထွက်ပေါက်စကြံ့အတွင်း ထွက်ပေါက်နှစ်ခု၏ အဝေးဆုံးတံခါး အစွန်းအကြား မျဉ်းဖြောင့်တိုင်းလျှင် ကွာခြားသည့်အကွာအဝေးမှာ ၇ မီတာ ထက်မနည်းရ။

(၄) (က က) အထပ်တစ်ထပ်တွင် နံရံများကာရံထားရှိပါက နေထိုင်အသုံးပြု သူများအတွက် ထွက်ပေါက်တစ်ခုတည်း ဖြစ်စေခြင်း သို့မဟုတ် ထွက်ပေါက်နှစ်ခု ရွေးချယ်နိုင်သည့်နေရာအထိလမ်းကြောင်း တစ်ခုထဲသာရှိခြင်းများဖြစ်ပေါ်လာမည်။

(ခ ခ) အဝေးဆုံးနေရာမှ ထွက်ပေါက်နှစ်ခုရွေးချယ်နိုင်သည့် နေရာအထိ အကွာအဝေးသည် ဇယား(၃.၅) တွင်ခွင့်ပြုထားသောလမ်းကြောင်း တစ်ခုရှိပြေးလမ်းကြောင်း အကွာအဝေးထက်မပိုရ။

ထွက်ပေါက်နှစ်ခု ရွေးချယ်နိုင်သည့်နေရာတွင် ပြေးလမ်းကြောင်းနှစ်ခုအကြားရှိထောင့်သည် ၉၀ ဒီဂရီထက်မနည်းရ။

(၈၈) အဝေးဆုံးနေရာမှ ထွက်ပေါက်နှစ်ခုရွေးချယ်နိုင်သည့်နေရာအထိ လမ်းကြောင်းတစ်ခုတည်း အကွာအဝေးနှင့် တစ်ဆက်စပ်တည်းသော လမ်းကြောင်းနှစ်ခုရှိ ပြေးလမ်းကြောင်းတစ်လျှောက်တို့၏ စုစုပေါင်းအကွာဝေးသည် ဇယား(၃.၅) တွင်ခွင့်ပြုထားသော လမ်းကြောင်းနှစ်ခုရှိ ပြေးလမ်းကြောင်း အကွာအဝေးထက်မပိုရ။

(ခ) **ပြေးလမ်းကြောင်းအကွာအဝေး (Travel Distance)** ဆိုသည်မှာ နေရာ သို့မဟုတ် အခန်းတစ်ခန်း၏ အဝေးဆုံးနေရာမှ ထွက်ပေါက်လှေကား သို့မဟုတ် ထွက်ပေါက်လျှောက်လမ်း သို့မဟုတ် သီးခြားလွတ်မြောက်ရာနေရာများ၏ တံခါးများသို့ တိုက်ရိုက်သွားရောက်နိုင်သောအကွာအဝေးဖြစ်သည်။ လူနေတိုက်ခန်းများ/ သီးခြားဝင်ပေါက်ရှိသော လူနေတိုက်ခန်းများ၊ ဟိုတယ်အိပ်ခန်းများနှင့် ခေတ္တခိုလှုံရာနေရာများ၏ အဝင်တံခါးအထိ အကွာအဝေးသည် အပိုဒ် ၁၁(ဂ) ၊ အပိုဒ် ၈(ဆ) ၊ အပိုဒ် ၆(စ)(၆) ပါသက်ဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရမည်။

(ဃ) **ဘေးအန္တရာယ်မြင့်မားသောနေထိုင်အသုံးပြုမှု (High-Hazard Occupancy)** ဆိုသည်မှာ နေထိုင်အသုံးပြုမှုတစ်ခုခုတွင်အောက်ပါတို့မှတစ်ခု သို့မဟုတ် တစ်ခုထက် ပို၍ပါဝင်သောအသုံးပြုမှုများဖြစ်သည်-

(၁) မီးတောက်နိုင်သော အပူချိန် ၂၀၀ ဒီဂရီဆဲလ်စီးယပ်စ်အောက်တွင် မီးတောက်နိုင်သောအရင်းအမြစ်တစ်ခုခုမပါဘဲကိုယ်တိုင်မီးတောက်နိုင်သောပစ္စည်းများ။

(၂) အဆိပ်၊ အဆိပ်အတောက်ရှိသော အငွေ့ သို့မဟုတ် မီးလောင်လွယ်သော အငွေ့များ ထုတ်လွှတ်တတ်သည့်ပစ္စည်းများ။

(၃) ပေါက်ကွဲတတ်သောပစ္စည်းများ။

(၄) SSCP-52 အရ သတ်မှတ်ထားသော ဘေးအန္တရာယ် ပိုမိုမြင့်မားသော အသုံးပြုမှုများ။

(၅) မီးလောင်လွယ်မှုမြင့်မားသောအရာများနှင့် မီးတောက်တတ်သောအရည်များ။

(ပ) **မီးခိုးတားခန်း (Smoke Stop Lobby)** ဆိုသည်မှာ ထွက်ပေါက်လှေကား၏ အဝင်တွင်တည်ရှိပြီး လှေကားအိမ်အတွင်းသို့ မီးခိုးများဝင်ရောက်မှုကို တားဆီးရန်ထားရှိသောအခန်းဖြစ်သည်။ အခန်း၏အကျယ်သည်အနည်းဆုံး ၃ စတုရန်းမီတာရှိရမည်။

(၁) **အထပ်** ဆိုသည်မှာ ကြမ်းခင်း၊ ထပ်ခိုး၊ အမိုးအောက်ထပ်ခိုးနှင့် M&E အလွှာ စသည်တို့ပါဝင်သည့်အထပ်ကို ဆိုလိုသည်။

(ဖ) **မီးခိုးမြင်နိုင်ရန် မှန်ချပ်တပ်ထားသော မီးခံတံခါး၊ မီးခိုးတားတံခါး (Smoke Check Door)** ဆိုသည်မှာ လေတိုက်ခတ်ခြင်းကို လျှော့ချခြင်းအားဖြင့် မီးခိုးပျံ့နှံ့ခြင်းကို တားဆီးရန် အတွင်းပိုင်းစကြီးတစ်ခုတွင် ထားရှိသောတံခါးတစ်ခု သို့မဟုတ် တံခါးများကို ဆိုလိုသည်။

(ဗ) **မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်း (Fire Fighting Lobby)** ဆိုသည်မှာ အရေးပေါ်အခြေအနေတွင်မီးသတ်သမားများအသုံးပြုနိုင်ရန် မီးသတ်ဓာတ်လှေကားနှင့် ထွက်ပေါက်လှေကားအနီးတွင် ကပ်လျက်ရှိသော မီးခိုးတားခန်းဖြစ်သည်။ ၎င်းအခန်းကို အခြားအသုံးပြုမှုများမရှိစေရ။ ၎င်းအခန်း၏ အရွယ်အစားသည် အနည်းဆုံး ၆ စတုရန်းမီတာ ရှိ၍ အတိုဆုံးအနားသည် ၂ မီတာ မနည်းရ။

(ဘ) **မီးတားပစ္စည်း (Fire Stop)** ဆိုသည်မှာ အဆောက်အအုံအစိတ်အပိုင်း သို့မဟုတ် အဆောက်အအုံတစ်ခုအတွင်း တည်ဆောက်မှုများအကြားရှိ အဆက်များကိုဖြတ်၍ မီးခိုးနှင့် မီးတောက်များထိုးဖောက်ဝင်ရောက်ခြင်းကို ပိတ်ပင်တားဆီးရန် ပစ္စည်းဖြစ်သည်။

(မ) **မီးဒဏ်ခံနိုင်မှု (Fire Resistance)** ဆိုသည်မှာ အဆောက်အအုံ အစိတ်အပိုင်း သို့မဟုတ် ဝန်အားခံနိုင်သောအပိုင်း၏ တစ်စိတ်တစ်ဒေသအတွက် စမ်းသပ်မှုစံနှုန်းနှင့်ကိုက်ညီသော မီးဒဏ်ခံနိုင်ရန် အနည်းဆုံးကြာချိန်ဖြစ်သည်။

(ယ) **မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များ (Code)** ဆိုသည်မှာ သက်ဆိုင်ရာအာဏာပိုင် (မီးသတ်ဦးစီးဌာန) မှ လက်ခံနိုင်သည့် မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များကိုဆိုလိုသည်။

(ရ) **မီးလောင်မလွယ်သောပစ္စည်း (Non-combustible Material)** ဆိုသည်မှာ BS 476 part 4 တွင် ပြဋ္ဌာန်းထားသော မီးလောင်လွယ်မှု စမ်းသပ်ချက်ပြုလုပ်သောအခါ မီးတောက်လောင်ရန် လုံလောက်သောပမာဏတွင် လောင်ကျွမ်းခြင်းနှင့် မီးတောက်လောင်နိုင်ခြင်းမရှိသည့် အငွေ့ထုတ်လွှတ်မှုလည်းမရှိသောပစ္စည်းများဖြစ်သည်။ ထိုပစ္စည်းများတွင် အောက်တွင်ဖော်ပြထားသော မီးလောင်နိုင်မှု ကန့်သတ်ထားသော ပစ္စည်းများပါဝင်သည်-

(၁) BS 476 part 11 နှင့် စမ်းသပ်သောအခါ မီးတောက်ဖြစ်ပေါ်ခြင်းမရှိဘဲ မီးပြင်းဖို အပူချိန်တိုင်းကိရိယာတွင် အပူချိန်မြင့်တက်မှုမှာ ၂၀ ဒီဂရီ ဆဲလ်စီးယပ်စ

ထက်မကျော်သော သိပ်သည်းဆ ၃၀၀ ကီလိုဂရမ်/ ကုဗမီတာ နှင့် အထက်ရှိ သောပစ္စည်းများ။

(၂) အနည်းဆုံး ၈ မီလီမီတာ အထူရှိသည့် မီးလောင်ရန်ခက်ခဲသော အလယ်တိုင် နှင့် တစ်ဖက်တည်း သို့မဟုတ် နှစ်ဖက်လုံးတွင် အနည်းဆုံး ၀.၅ မီလီမီတာ ရှိ သည့် မီးလောင်လွယ်သော မျက်နှာပြင်တို့ရှိသောပစ္စည်းများ။

(၃) BS 476 part 11 နှင့် စမ်းသပ်သောအခါ ၁၀ စက္ကန့်အတွင်း မီးတောက်ဖြစ် ပေါ်ခြင်းမရှိဘဲ အလယ်ဗဟိုရှိ (နမူနာ) အပူချိန်မြင့်တက်မှုသည် ၃၅ ဒီဂရီ ဆဲလ်စီးယပ်စ်ထက် မပိုသော မီးပြင်းဖိုအပူချိန်တိုင်းကိရိယာတွင် အပူချိန်မြင့် တက်မှုမှာ ၂၀ ဒီဂရီဆဲလ်စီးယပ်စ်ထက် မကျော်သည့် သိပ်သည်းဆ ၃၀၀ ကီလိုဂရမ်/ ကုဗမီတာထက်နည်းသောပစ္စည်းများ။

(လ) **မီးသတ်ယာဉ်ပတ်လမ်း (Fire Engine Access Road)** ဆိုသည်မှာ အဆောက်အအုံ ဝင်းတစ်ခုအတွင်း မီးငြိမ်းသတ်ရေးယာဉ်/ စက်ပစ္စည်းများ လွယ်ကူစွာရွှေ့ပြောင်းနိုင် မည့် အဝင်အထွက်လမ်းကြောင်းဖြစ်ပြီး အပိုဒ် ၃၄ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီ ရမည်။

(ဝ) **မီးသတ်ယာဉ်ရပ်ရန်နေရာ (Fire Engine Accessway)** ဆိုသည်မှာ မီးငြိမ်းသတ် ခြင်းလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် အဆောက်အအုံပတ်လည်တွင် မီးသတ် ယာဉ်ရပ်ရန်နေရာကို ဆိုလိုသည်။ အဆိုပါနေရာသည် အပိုဒ် ၃၄ ပါ ပြဋ္ဌာန်းချက်များ နှင့်ကိုက်ညီမှုရှိရမည်။

(သ) **မီးအကာအကွယ် မရှိသောနေရာ၏ ဧရိယာကန့်သတ်မှု (Permitted Limit of Unprotected Area)** ဆိုသည်မှာ အဆောက်အအုံ၏ အပြင်နံရံ သို့မဟုတ် အကန့် သို့မဟုတ် ဘေးဘက် တစ်ခုခုတွင် အကာအကွယ်မရှိသောနေရာ၏ အများဆုံးစုစု ပေါင်းဧရိယာသည် အပိုဒ် ၁၉(ဂ) ပါသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်။

(ဟ) **မြေအောက်ခန်း (Basement)** ဆိုသည်မှာ မြေပြင်ညီအောက် တစ်စိတ်တစ်ပိုင်းအား ဖြင့် ရောက်ရှိနေသောအဆောက်အအုံ၏အပိုင်းများ။ မြေအောက်ခန်းအထက်ရှိ ကြမ်း ခင်း၏ အချောသတ်မျက်နှာပြင်သည် အမှတ်တစ်ခုမြေပြင်ညီအထက် ၆ ပေ ထက်ပို ပါက (သို့မဟုတ်) အချောသတ်အောက်ခြေအဆင့်အထက် ၁၂ ပေထက်ပိုပါက မြေ အောက်ခန်းကို ပြင်ညီအထက်ရှိအထပ်အဖြစ် မှတ်ယူရမည်။ မြေအောက်ခန်းသည် မြေပြင်ညီအထက်ရှိအထပ် မဟုတ်သည့်အထပ်ဖြစ်သည်။

(ဌ) **လေဟာခွင် (Air-well)** ဆိုသည်မှာ အဆောက်အအုံ၏ အတွင်းပိုင်းရှိ နေရာဖြစ်ပြီး ကြမ်းခင်းမှစ၍ပွင့်နေသော အမိုးအမြင့်အထိ လေထုထည်ဖြစ်သည်။ သဘာဝလေနှင့် အလင်းရောင်ရရှိရန် ကောင်းကင်သို့ တိုက်ရိုက်ပွင့်နေသော နေရာဖြစ်သည်။ ဇယား (၁.၁) တွင် အနည်းဆုံးရှိရမည့် လေဟာခွင်၏ အရွယ်အစားကို ဖော်ပြထားသည်။

(အ) **လျှပ်စစ်သံလိုက် သို့မဟုတ် လျှပ်စစ်စက်မှုကိရိယာ (Electromagnetic or Electro-Mechanical Device)** ဆိုသည်မှာ ၎င်း၏ လျှပ်စစ်သံလိုက်အားဖြင့်ထိန်း၍ တံခါးအား အဖွင့်အနေအထား ဖြစ်စေသော ကိရိယာဖြစ်ပြီး၊ အောက်ပါအခြေအနေများတွင် အလိုအလျောက်ပိတ်စေရန်အသုံးပြုသည်-

(၁) သင့်တော်သည့်အခြေအနေ၊ အရည်အသွေးနှင့် သင့်တော်သောနေရာများတွင် အလိုအလျောက်ကိရိယာများမှ မီးခိုးအာရုံခံမိသော အခြေအနေ။

(၂) သင့်တော်သည့်နေရာတွင် တပ်ဆင်ထားသော လက်နှိပ်ခလုတ်အား အသုံးပြုသည့် အခြေအနေ။

(၃) ထိုကိရိယာအားပေးပို့သော လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားသော အခြေအနေ။

(၄) အကြောင်းတစ်ခုခုကြောင့် မီးလှန့်စနစ်အလုပ်လုပ်သောအခြေအနေ။

(က၁) **ဝန်ထမ်းထားသောနံရံ (Load Bearing Wall)** ဆိုသည်မှာ ၎င်း၏ကိုယ်ပိုင် အလေးချိန်အပြင် အခြားဝန်ကိုပါ ထမ်းထားသောနံရံဖြစ်သည်။

(က၂) **ဝန်မထမ်းထားသောနံရံ (Non-Load Bearing Wall)** ဆိုသည်မှာ ၎င်း၏ ကိုယ်ပိုင် အလေးချိန်မှအပ အခြားဝန်များကို ထမ်းထားခြင်းမရှိသောနံရံကိုဆိုလိုသည်။

(က၃) **သီးခြားအစိတ်အပိုင်း (Separated Part) ဆိုသည်မှာ** အဆောက်အအုံတစ်ခုတည်းတွင် တစ်ဆက်တည်းရှိသည့်ကြမ်းခင်းမှ အပေါ်ထပ်ကြမ်းခင်းအထိ နံရံဖြင့်အပြည့်ပိုင်းခြားထားသောအစိတ်အပိုင်းဖြစ်သည်။

(က၄) **သီးသန့်ဓာတ်လှေကား (Private Lift)** ဆိုသည်မှာ အဆောက်အအုံအတွင်းရှိနေထိုင်သူများ အသုံးပြုရန်မဟုတ်ဘဲ သီးခြားသီးသန့် ကာရံထားသောနေရာသို့ တိုက်ရိုက်တံခါးဖွင့်ပေးရန် ထားရှိသော လူစီးဓာတ်လှေကားများကို ဆိုလိုသည်။ သီးသန့်ဓာတ်လှေကားတွင် ယာဉ်သယ်ဓာတ်လှေကား၊ အိမ်သုံးဓာတ်လှေကားနှင့် လှေကားထစ်ဓာတ်လှေကားတို့ မပါဝင်ရ။

(က၅) **သက်ဆိုင်ရာအာဏာပိုင် (Relevant Authority) (မီးသတ်ဦးစီးဌာန)** ဆိုသည်မှာ မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုဆိုသည်။ ထို့ပြင်မီးဘေးအန္တရာယ်

ကင်းရှင်းစေရေးဥပဒေအရ ပေးအပ်ထားသော ယေဘုယျအားဖြင့်ဖြစ်စေ၊ သီးသန့်အားဖြင့်ဖြစ်စေ လုပ်ပိုင်ခွင့်များ၊ ဆောင်ရွက်ရန်ကိစ္စများ၊ တာဝန်များကိုကျင့်သုံးရန် ညွှန်ကြားရေးမှူးချုပ်မှ အပ်နှင်းထားသော အရာရှိများလည်းပါဝင်သည်။

(ကဖ) **အကာအကွယ်ပြုလုပ်ထားသော ဒေါင်လိုက်လမ်းကြောင်း (Protected Shaft)** ဆိုသည်မှာ အကန့်တစ်ခုမှ အခြားနေရာတစ်ခုသို့ လေ သို့မဟုတ် အရာဝတ္ထုများ သို့မဟုတ် လူများ ဖြတ်သန်းသွားလာနိုင်သည့် ထွက်ပေါက်လှေကား၊ ထွက်ပေါက်လျှောက်လမ်း၊ ဓာတ်လှေကား၊ အမှိုက်လျှောဆင်း သို့မဟုတ် အလုံပိတ်လမ်းကြောင်းများဖြစ်သည်။

(ကဂ) **အကာအကွယ်မဲ့နေရာ၊ မီးကူးနိုင်သောနေရာ (Unprotected Area)** ဆိုသည်မှာ အဆောက်အအုံ၏ ဘေးနံရံ သို့မဟုတ် အပြင်နံရံများကြားရှိ နေရာများဖြစ်သည့် ပြတင်းပေါက်၊ တံခါး သို့မဟုတ် အခြားအပေါက်များနှင့် အပိုဒ် ၁၉ ပါ ပြဋ္ဌာန်းချက်အရ သတ်မှတ်အနည်းဆုံး မီးဒဏ်ခံနိုင်ရည်ထက်နည်းသော ပြင်ပနံရံ အစိတ်အပိုင်း၊ အပြင်နံရံတွင်ဖုံးကာရန်နှင့် အခြားလုပ်ဆောင်မှုအတွက် အသုံးပြုထားသော ၁ မီလီမီတာထက်ထူသော မီးလောင်လွယ်သည့် အပြင်နံရံအစိတ်အပိုင်းများဖြစ်သည်။

(ကဃ) **အကာအကွယ်ပေးသောအစိတ်အပိုင်း (Protecting Structure)** ဆိုသည်မှာ အကာအကွယ်ပြုလုပ်ထားသည့် ဒေါင်လိုက်လမ်းကြောင်းတွင် ကာရံထားသော နံရံ၊ ကြမ်းခင်း သို့မဟုတ် အဆောက်အအုံ၏ အခြားအစိတ်အပိုင်းများဖြစ်သည်။ သို့သော် အောက်ပါတို့ မပါဝင်ပါ-

(၁) အဆောက်အအုံအပြင်နံရံ၊ စည်းခြားနံရံ (အသုံးပြုမှုမတူသော နေရာနှစ်ခုကို ခွဲခြားထားသောနံရံ) တို့၏ အစိတ်အပိုင်းဖြစ်သောနံရံတစ်ခု။

(၂) မြေပြင်ပေါ်တွင် တိုက်ရိုက်ခင်းထားသောကြမ်းခင်း သို့မဟုတ် အကန့်ကြမ်းခင်း။

(၃) အမိုး။

(ကင) **အကန့် (Compartment)** ဆိုသည်မှာ နံရံကန့်ထားခြင်းဖြင့်ဖြစ်စေ၊ ကြမ်းပြင်ဖြင့် ကန့်ထားခြင်းဖြင့်ဖြစ်စေ၊ နံရံနှင့်ကြမ်းပြင်နှစ်ခုလုံးဖြင့်ဖြစ်စေ အဆောက်အအုံတစ်ခု အတွင်းရှိနေရာများမှ အကန့်အဖြစ်ခွဲခြားနိုင်သည်။ အပေါ်ဆုံးအထပ်၏ အကန့်တွင် ၎င်းဧရိယာ၏အပေါ်ဌာ်ရှိသော အမိုးပါဝင်သည်။

(ခ၁) **အကန့်နံရံနှင့်အကန့်ကြမ်းပြင် (Compartment Wall and Compartment Floor)** ဆိုသည်မှာ အဆောက်အအုံတစ်ခုတွင် ပိုင်းခြားထားသောဧရိယာဖြစ်စေရန် နံရံနှင့်

ကြမ်းပြင်များကို အပိုဒ် ၁၆ နှင့် အပိုဒ် ၂၁ ပါ သတ်မှတ်ချက်များနှင့်အညီ ပိုင်းခြားခြင်းဖြစ်သည်။

(၁၂) **အခန်း (Room)** ဆိုသည်မှာ အဆောက်အအုံအတွင်းရှိ လူအများ လှည့်ပတ်သွားလာသောနေရာ သို့မဟုတ် အကာအကွယ် ပြုလုပ်ထားသည့် ဒေါင်လိုက်လမ်းကြောင်း သို့မဟုတ် အနံ ၇၅၀ မီလီမီတာ ထက်မပိုသောအကာအရံရှိနေရာစသည်တို့ မဟုတ်သည့် ကာရံထားသောနေရာတစ်ခုဖြစ်သည်။

(၁၃) **အခေါင်းပေါက်/ ဂလိုင်ပေါက်အား ပိတ်ဆို့သည့် မီးတားပစ္စည်း (Cavity Barrier)** ဆိုသည်မှာ အခေါင်းပေါက်/ ဂလိုင်ပေါက်နေရာများကို မီးခိုးနှင့် မီးတောက်များ ဝင်ရောက်မှုနှင့်ပျံ့နှံ့ခြင်းမှတားဆီးရန် အလုံပိတ်သည့်မီးတားပစ္စည်းဖြစ်သည်။

(၁၄) **အဆက်ရှင်နှင့် ပြောင်းရွှေ့လှုပ်ရှားနိုင်သော အဆက်များ (Flexible Joints and Flexible Connections)** ဆိုသည်မှာ လေအေးပေးခြင်းစနစ်နှင့် စက်စွမ်းအားသုံး လေဝင် လေထွက်စနစ်များအတွက် အလုံပိတ်လမ်းကြောင်းများနှင့် ပစ္စည်းကိရိယာများအကြား ပုံမှန်အားဖြင့် တုန်ခါမှုလျော့နည်းစေရန်နှင့် အပူကြောင့်ကျုံ့ခြင်း၊ ကြွခြင်းကို ကာကွယ်ရန် နည်းလမ်းအဖြစ် အဆက်ရှင်များကိုထားရှိသည်။ လေဝင်လေထွက်ပြွန်များ၏ အစွန်းများမှ အဆုံးယူနစ်၊ လေအထုတ်ယူနစ်များနှင့် လေထုတ်ဇကာများသို့ ချိတ်ဆက်ရန်ထားရှိသည့် ပြွန်များ၏ ပြောင်းလဲလွယ်သော အပိုင်းများသည် အဆက်ရှင်များဖြစ်သည်။

(၁၅) **အဆောက်အအုံ သို့မဟုတ် အကန့်တစ်ခု၏ ထုထည်ပမာဏတွက်ချက်မှု (Cubical Extent of Building or Compartment)** ဆိုသည်မှာ အဆောက်အအုံ သို့မဟုတ် အကန့်တစ်ခု၏ ထုထည်ပမာဏတွက်ချက်ရာတွင် အဆိုပါအဆောက်အအုံ သို့မဟုတ် အကန့်၏နေရာအားလုံးကို ထည့်သွင်းတွက်ချက်ရမည်။

(၁၆) **အဆောက်အအုံအတွင်း လှည့်ပတ်သွားလာရန်နေရာ (Circulation Space)** ဆိုသည်မှာအခန်းတစ်ခု သို့မဟုတ် အကာအကွယ် ပြုလုပ်ထားသည့် ဒေါင်လိုက်လမ်းကြောင်းများ (Protected Shaft)(လှေကားအိမ်၊ ဓါတ်လှေကားအိမ်အစရှိသည့်)နှင့်အဆောက်အအုံ သို့မဟုတ် အကန့်တို့ကို ချိတ်ဆက်လှည့်ပတ် သွားလာရန်နေရာဖြစ်သည်။ ၎င်းနေရာတွင် စီးပွားရေးဆိုင်ရာ အသုံးပြုမှုမျိုးဖြစ်သည့် ဧည့်ကြိုကောင်တာ၊ ပြခန်းများနှင့်အလားတူအသုံးပြုမှုများမရှိရ။

(၁၇) **အဆောက်အအုံ၏ဧရိယာ (Area of Building)** ဆိုသည်မှာ အဆောက်အအုံ သို့မဟုတ် အကန့်တစ်ခု၏ မည်သည့်အထပ်တွင်မဆို ၎င်းအထပ်၏ဧရိယာကို ကာရံ

ထားသော နံရံများ၏ အတွင်းမျက်နှာပြင်နေရာမှသော်လည်းကောင်း၊ ကာရံထား သော နံရံများမရှိလျှင် ကြမ်းပြင်၏ ဘေးအစွန်ဆုံးနေရာမှသော်လည်းကောင်း စုစု ပေါင်းဧရိယာအဖြစ် ထည့်သွင်းတွက်ချက်သည်။ အခန်း သို့မဟုတ် နေရာတစ်ခု၏ ဧရိယာသည် ထိုအခန်း၊ နေရာ ဖြစ်ပေါ်လာစေသည့် အတွင်းနံရံပတ်လည် ကာရံ ထားသော ကြမ်းခင်း၏စုစုပေါင်းဧရိယာဖြစ်သည်။ ခေါင်မိုးများ၏ဧရိယာအား တွက် ချက်ရာတွင် အမိုးသား၏မျက်နှာပြင်ဧရိယာကို တွက်ချက်ရမည်။

(၁၈) **အဆောက်အအုံ၏ အစိတ်အပိုင်း (Element of Structure)** ဆိုသည်မှာ အဆောက် အအုံတစ်ခုတည်းတွင် တစ်ဆက်တည်းရှိသည့်ကြမ်းခင်းမှ အပေါ်ထပ်ကြမ်းခင်းအထိ နံရံဖြင့် အပြည့်ပိုင်းခြားထားသော အစိတ်အပိုင်းဖြစ်သည်။

(၁၉) **အတည်ပြုပြီး (Approved)** ဆိုသည်မှာ သက်ဆိုင်ရာအာဏာပိုင် (မီးသတ်ဦးစီးဌာန) အဖွဲ့အစည်းမှ ခွင့်ပြုပြီးဖြစ်သည်ကိုဆိုလိုသည်။

(၁) **အထောက်အကူပြုရုံး (Ancillary Office)** ဆိုသည်မှာအုပ်စု (၃၊ ၅၊ ၆၊ ၇နှင့် ၈) အမျိုးအစားအဆောက်အအုံများတွင် ၎င်းတို့၏ ပင်မလုပ်ငန်းအား အထောက် အကူပြုသည့်အဆောက်အအုံတစ်ခုတည်းတွင် သို့မဟုတ် အကန့်တစ်ခုတည်း တွင် တည်ရှိသည့် မည်သည့်ရုံးခန်းကိုမဆို အထောက်အကူပြုရုံးဟု သုံးစွဲခေါ် ဝေါ်သည်။

(၂) **အထောက်အကူဖြစ်အသုံးပြုမှု (Ancillary Usage)** ဆိုသည်မှာ အောက်ပါတို့ ဖြစ်သည်-

(က က) အထောက်အကူပြုရုံး - ဗျားနာခန်း/ ရှေးဦးသူနာပြုခန်း၊ ဧည့်ကြို ခန်း/နေရာ၊ စောင့်ဆိုင်းခန်း၊ ဝန်ထမ်းနားနေခန်း/ အပန်းဖြေခန်း၊ ဝန်ထမ်းစားသောက်ခန်း၊ ဝန်ထမ်းအဝတ်လဲခန်း၊ စည်းအဝေးခန်း၊ ဝန်ထမ်းသင်တန်းခန်းမ စသည်တို့မှာ အထောက်အကူပြု အခန်း အဖြစ်အသုံးပြုခြင်းဖြစ်၍ထိုအဆောက်အအုံ၏ အစိတ်အပိုင်းအုပ်စု တူဖြစ်သည်ဟု မှတ်ယူရမည်။

(ခ ခ) ထို့ပြင် စက်ရုံ အဆောက်အအုံအတွင်း သို့မဟုတ် ကုန်လှောင်ရုံ အဆောက်အအုံအတွင်းရှိသောအလုပ်ရုံ၊ဓာတ်ခွဲခန်းများ (မီးတောက် မဖြစ်/မရှိသော)၊ စတိုခန်း၊ ပစ္စည်းများ/ ထုတ်ကုန်များထားရှိသော နေရာနှင့်ထုပ်ပိုးခြင်း/ ဖြန့်ဝေခြင်းနေရာတို့သည်လည်း အထောက် အကူပြုအသုံးပြုမှုအဖြစ် မှတ်ယူရမည်။

(၈၁) **အပြင်ထွက်ပေါက်လျှောက်လမ်း (External Exit Passageway)** ဆိုသည်မှာ လိုအပ်သော ထွက်ပေါက်အဖြစ်အသုံးပြုသည့် ပြင်ပလေထုသို့ ဖွင့်ထားသော ထွက်ပေါက်လျှောက်လမ်းတစ်ခုဖြစ်သည်။ အပြင်ထွက်ပေါက်လျှောက်လမ်းသည် အပိုဒ် ၇(၈)(၃) ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

(၈၂) **အပြင်ထွက်ပေါက်လှေကား (External Exit Staircase)** ဆိုသည်မှာ အဆောက်အအုံ၏ အပြင်ဘက်တွင်ရှိနေပြီး ရင်တားနံရံများ သို့မဟုတ် လက်ရန်းများဖြင့်သာ ကာရံထား၍ ပြင်ပလေထုသို့ ဖွင့်ထားသည့် ထွက်ပေါက်အဖြစ် အသုံးပြုနိုင်သည့် ထွက်ပေါက်လှေကားတစ်ခုဖြစ်သည်။ အပြင်ထွက်ပေါက်လှေကားသည် ဇယား(၁.၁) တွင် ဖော်ပြထားသည့် အဆောက်အအုံ၏နေထိုင်၍ရသော ကြမ်းပြင်အမြင့်နှင့်အချိုးကျပြီး အနည်းဆုံးအရွယ်အစားရှိသည့် (ကောင်းကင်သို့တိုက်ရိုက်ပွင့်ပြီး၊ နေထိုင်အသုံးပြုသော နေရာများသို့ အလင်းရောင်နှင့် လေဝင်/ လေထွက်ရရှိစေသော) လေဟာခွင်အတွင်း သို့မဟုတ် ကပ်လျက်တွင်ရှိနေပါက အပြင်ထွက်ပေါက်လှေကားအဖြစ် အသုံးပြုနိုင်သည်။

(၈၃) **အပြင်နံရံ (External Wall) (အဆောက်အအုံတစ်ခု၏ဘေးစွန်း)** ဆိုသည်မှာ အဆောက်အအုံ၏ အပြင်နံရံ သို့မဟုတ် ဒေါင်လိုက်အကာအရံ တစ်ခုဖြစ်သည်။ အဆောက်အအုံအတွင်းလူအများဝင်ထွက်နိုင်သည့်နေရာသည် ရေပြင်ညီမှ ၇၀ ဒီဂရီ သို့မဟုတ် ၎င်းထက်ပိုပြီး ခေါင်မိုးအစိတ်အပိုင်းနှင့် ဆက်နေလျှင် အပြင်နံရံအဖြစ် မှတ်ယူသည်။

(၈၄) **အပြင်အဖုံးအကာ (External Cladding)** ဆိုသည်မှာ အလှဆင်ရန် သို့မဟုတ် ရာသီဥတုဒဏ်ကာကွယ်ရန်အတွက် ပြင်ပနံရံ၏အပြင်မျက်နှာပြင်တွင် တပ်ဆင်ထားသော ပစ္စည်းဖြစ်သည်။

(၈၅) **အမိုးအလင်းအပေါက် (Rooflight)** ဆိုသည်မှာ အမိုးခုံးအလင်း၊ မီးအိမ်အလင်း၊ ကောင်းကင်အလင်း သို့မဟုတ် နေ့ခင်းအလင်းရောင်ရရှိစေရန် ရည်ရွယ်သောအခြား ပစ္စည်းများပါဝင်သည်။

(၈၆) **အများသုံးအဆောက်အအုံ (Public Building)** ဆိုသည်မှာ ဘုရားကျောင်း၊ ဝတ်ပြုဆုတောင်းရာနေရာ၊ ဗလီ၊ ဂူဘုရား သို့မဟုတ် အများပြည်သူ ဝတ်ပြုရာနေရာနှင့် ဘာသာရေးဆိုင်ရာ အခမ်းအနားများ ကျင်းပရာနေရာများအဖြစ် အသုံးမပြုစေဘဲ စျေးဆိုင်၊ ရုံး၊ ဆေးရုံ သို့မဟုတ် အများပြည်သူ အပန်းဖြေရာအဖြစ် အသုံးပြုရန်

တည်ဆောက်ထားသော အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်းကိုဆိုလိုသည်။

(၈၇) **အရေးပေါ်မီးစက် (Emergency Generator)** ဆိုသည်မှာ လည်ပတ်ခြင်း၊ ထိန်းသိမ်းခြင်း၊ လုပ်ဆောင်ခြင်းနှင့် အရန်လျှပ်စစ်ဓာတ်အား ထုတ်ပေးရေးစနစ်များ တပ်ဆင်ခြင်းတို့တွင် နိုင်ငံတကာ အသိအမှတ်ပြုထားသော စံနှုန်း SS-535 ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီသည့် အရေးပေါ်လျှပ်စစ်ဓာတ်အားထုတ်ပေးရေးကိရိယာကိုဆိုလိုသည်။

(၈၈) **အရေးပေါ်မီး (Emergency Lighting)** ဆိုသည်မှာအရန်လျှပ်စစ်ဓာတ်အားပေးစနစ် တပ်ဆင်ထားသည့် အလင်းပေးခြင်းဖြစ်သည်။ **ထွက်ပေါက်သင်္ကေတအလင်းပေးခြင်း (Exit Lighting)** ဆိုသည်မှာအရေးပေါ်မီးအလင်းပေးခြင်းစနစ်တွင် တစ်ခုအပါအဝင်ဖြစ်ပြီး ထွက်ပေါက်အားအလင်းဖြင့်ပြထားခြင်းဖြစ်သည်။

(၈၉) **အလုံပိတ်နေရာ (Concealed Space) (အခေါင်းပေါက်နေရာ/ ဂလိုင်ပေါက်နေရာ)** ဆိုသည်မှာ အဆောက်အအုံတွင် အစိတ်အပိုင်းတစ်ခုဖြင့် ပိတ်ကာ၍ အလုံပိတ်ဖြစ်နေသောနေရာဖြစ်သည်။ ဥပမာ-မျက်နှာကြက်အလုံပိတ်နေရာ သို့မဟုတ် မြှင့်ထားသော ကြမ်းခင်းအလုံပိတ်နေရာ သို့မဟုတ် ကြမ်းခင်းနှင့် မျက်နှာစာနံရံအကြားအလုံပိတ်နေရာနှင့် အခြားပစ္စည်းများအတွင်း၌ အခေါင်းဖြစ်နေသောနေရာများ ပါဝင်သည်။

(၈၁) **အုပ်စု (Purpose Group)** ဆိုသည်မှာ ဤစံချိန်စံညွှန်းသတ်မှတ်ချက်ပါ ပြဋ္ဌာန်းချက်၏ရည်ရွယ်ချက်အရ၊ အဆောက်အအုံ သို့မဟုတ် အကန့်တိုင်းသည်ဇယား ၁.၄ တွင် ဖော်ပြထားသော အုပ်စုတစ်ခုခု၏ အသုံးပြုမှု သို့မဟုတ် အသုံးပြုရန် ရည်ရွယ်မှုတွင် ပါဝင်ရမည်ဖြစ်သည်။ အုပ်စုသတ်မှတ်ခြင်းတွင်အဆောက်အအုံကိုအကန့်များအဖြစ် ခွဲထုတ်ထားပြီး မတူညီသောရည်ရွယ်ချက်များဖြင့်အသုံးပြုခြင်း သို့မဟုတ် အသုံးပြုရန် ရည်ရွယ်လျှင်၊ ထိုဧရိယာတစ်ခုစီ၏အုပ်စုအမျိုးအစားကို ခွဲခြားသတ်မှတ်ရမည်။ ရည်ရွယ်ချက် တစ်ခုထက်ပို၍ အသုံးပြုခြင်း သို့မဟုတ် အသုံးပြုရန် ရည်ရွယ်သော အဆောက်အအုံဖြစ်စေ၊ အကန့်ဖြစ်စေ၊ အစိတ်အပိုင်းဖြစ်စေ၊ အုပ်စု အမျိုးအစားသတ်မှတ်ပါက စည်းကမ်းတင်းကြပ်သော အုပ်စုအမျိုးအစားကို မူတည်သတ်မှတ်တွက်ချက်ရမည်။

မှတ်ချက်။ လျှပ်စစ်ဓာတ်အားပေးရုံများ၊ တယ်လီဖုန်းဆက်သွယ်ရေး အိပ်ချိန်းများ၊ မီးရှို့ဖျက်ဆီးသည့် မီးပြင်းဖိုများ၊ ပရိဘောဂနှင့် သစ်သားအလုပ်ရုံများ၊ ရာဘာစက်ရုံ အဆောက်အအုံများ၊ မီးခြစ်နှင့် မီးရှူးမီးပန်းစက်ရုံများ၊ ဓာတုပစ္စည်းစက်ရုံများ၊ ရေနံ

ချက်စက်ရုံနှင့် မီးလောင်လွယ်မှုမြင့်မားသော အရာများထုတ်လုပ်ရန် အသုံးပြုသော အဆောက်အအုံများ၊ မီးတောက်နိုင်သောအရည်များ သိုလှောင်ရန် အသုံးပြုသော အဆောက်အအုံများ စသည်တို့သည် ကန့်သတ်ထားမှုမရှိသော်လည်း ပါဝင်နေပါက ဇယား ၁.၄ တွင် ဖော်ပြထားခြင်းမရှိသည့် အဆောက်အအုံဆိုင်ရာ ပြဋ္ဌာန်းချက်များ ချမှတ်ရန် မီးသတ်ဦးစီးဌာနနှင့် ဆွေးနွေးတိုင်ပင်ရမည်။

(ဃ၂) **အေထရီယမ် (Atrium)** ဆိုသည်မှာ အဆောက်အအုံတစ်ခုအတွင်းတွင် ကြမ်းခင်းတစ်ခု သို့မဟုတ် ကြမ်းခင်းများဖွင့်၍ အထပ် ၂ ထပ် သို့မဟုတ် ၂ ထပ်ထက်ပို၍ ဖွင့်ကာ ချိတ်ဆက်ထားသည့် ကြီးမားကျယ်ပြန့်သောနေရာအား အေထရီယမ်ဟု ခေါ်သည်။ အေထရီယမ်သည် အပေါ်ဆုံးတွင် အမိုးပါရှိပြီး အထပ်များကိုဖွင့်၍ တစ်ထပ်နှင့်တစ်ထပ် ချိတ်ဆက်ထားသော်လည်း အခြားဆက်သွယ်ထားသော ဒေါင်လိုက်ချိတ်ဆက်ထားသည့်လမ်းကြောင်းများဖြစ်သည့် လှေကားများ၊ ဓာတ်လှေကားများနှင့် အခြားသော အဆောက်အအုံစနစ်များ ထည့်သွင်းထားသော ဒေါင်လိုက်လမ်းကြောင်းများနှင့် အသုံးပြုပုံ မတူညီပါ။ အေထရီယမ်၏ ဘေးနံရံများသည် ဖွင့်လျက်ဖြစ်စေ၊ ပိတ်လျက်ဖြစ်စေ၊ မီးဒဏ်ခံနိုင်ရည် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တည်ဆောက်နိုင်သည်။

၃။ မီးဘေးလုံခြုံရေးဆိုင်ရာ ပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) **ဓာတုဗေဒပစ္စည်း/ဘေးအန္တရာယ်ရှိပစ္စည်းများ ထားရှိသိုလှောင်သည့် ကုန်လှောင်ရုံများ။** ဓာတုပစ္စည်း သို့မဟုတ် ဘေးအန္တရာယ်ရှိ ပစ္စည်းများသည် ပမာဏများပြားပြီး အန္တရာယ်ရှိပါက သိုလှောင်မည့်ပစ္စည်း အမျိုးအစားကို ထင်ရှားစွာဖော်ပြပြီး လုံခြုံစွာ သိုလှောင်ထားရမည်ဟု နားလည်ထားရမည်။ ထိခိုက်အန္တရာယ်ပြုမှုကို သေချာစွာသိရှိပြီး ထည့်သွင်းသိုလှောင်သည့် ဘူး၊ ပုလင်း၊ ကွန်တိန်နာနှင့် ထုပ်ပိုးမှုစနစ်များ၊ သိုလှောင်ထားရှိပုံများကို သေချာစွာစိစစ်ရန် လိုအပ်သည်။ ထို့ပြင် နောက်ဆက်တွဲ ၂ (Appendix 2) တွင်ပါရှိသော "အထွေထွေကုန်လှောင်ရုံများအတွက် ချမှတ်ထားသည့် မီးဘေးလုံခြုံရေးဆိုင်ရာပြဋ္ဌာန်းချက်များ'' နှင့်လည်းကိုက်ညီရမည်။

(ခ) **အထွေထွေကုန်လှောင်ရုံများ။** တစ်ဦးပိုင် သို့မဟုတ် အများပိုင် တစ်ထပ်ကုန်လှောင်ရုံများ၊ မြေအောက်ကုန်လှောင်ရုံများ၊ အထပ်များစွာပါရှိသော ကုန်လှောင်ရုံများ၊ မြေအောက်ထပ် ပါရှိသော/ မပါရှိသော ကုန်လှောင်ရုံများ၊ စက်မှုလက်မှုလုပ်ငန်းသုံး မဟုတ်သော ကုန်လှောင်ရုံများအပါအဝင် အထွေထွေ ကုန်လှောင်ရုံများအတွက် မီး

ဘေးလုံခြုံရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအား နောက်ဆက်တွဲ ၂ (Appendix 2) တွင် ဖော်ပြထားသည်။

(ဂ) **စက်ယန္တရားအဓိကသုံးပြုသော အလိုအလျောက်ယာဉ်ရပ်နားသည့်နေရာ (FAMCP)။** မြေပေါ်တွင်ဖြစ်စေ၊ မြေအောက်တွင်ဖြစ်စေ၊ ယာဉ်ရပ်နားသည့် ဧရိယာအတွင်းသို့ ယာဉ်မောင်းနှင်သူ ဝင်ရန်မလိုဘဲ ယာဉ်ရပ်နားခြင်း၊ ယာဉ်ထုတ်ခြင်းအား စက်ယန္တရား အဓိကအသုံးပြုသော အလိုအလျောက်ယာဉ်ရပ်နားသည့် အဆောက်အအုံများပါဝင်သည်။ ထိုအဆောက်အအုံများသည် လူထိန်းချုပ်ရန်မလိုအပ်ဘဲ အခြားသော သမားရိုးကျ ယာဉ်ရပ်နားသည့်နေရာ၊ အထပ်မြင့်ယာဉ်ရပ်နားသည့်နေရာ၊ အဆောက်အအုံနှင့် မတူညီပါ။ စက်ယန္တရားအဓိကအသုံးပြုသော အလိုအလျောက်ယာဉ်ရပ်နားသည့် နေရာအတွက် မီးဘေးလုံခြုံရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအား နောက်ဆက်တွဲ ၃ (Appendix 3) တွင် ဖော်ပြထားသည်။

(ဃ) **Steel Structure အဆောက်အအုံများအတွက် မီးဒဏ်ခံသုတ်ဆေး အသုံးပြုမှု။** Steel Structure အဆောက်အအုံများအတွက် မီးဒဏ်ခံသုတ်ဆေးနှင့် စပ်လျဉ်းသည့် မီးဘေးလုံခြုံရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအား နောက်ဆက်တွဲ ၄ (Appendix 4) တွင် ဖော်ပြထားသည်။

(င) **မီးသတ်ယာဉ်ရပ်နားရန်နေရာ၏ ခံနိုင်ဝန်အား ထည့်သွင်းတွက်ချက်ခြင်း။** မီးသတ်ယာဉ်ရပ်နားရန်နေရာ၏ ခံနိုင်ဝန်အား ထည့်သွင်းတွက်ချက်ခြင်းနှင့် စပ်လျဉ်းသည့် မီးဘေးလုံခြုံရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအား နောက်ဆက်တွဲ ၅ (Appendix 5) တွင် ဖော်ပြထားသည်။

(စ) **အမြင့်တင်ရေပိုက် (ရေပါ) (Wet Riser) အတွက် ရေပေးဝေမှု။** ရေပန့်နှင့် ရေလှောင်ကန်ပမာဏအား အောက်ပါအခြေအနေများတွင် လျှော့ချနိုင်သည်။ အမြင့်တင်ရေပိုက် (ရေပါ) စနစ်ရှိသော အဆောက်အအုံများသည် အများအားဖြင့် ရေဖျန်းစနစ် (sprinkler) များနှင့်လည်း တွဲဖက်အသုံးပြုတတ်သဖြင့် မီးသတ်ပိုက်ခေါင်းသုံးရသည့်အခြေအနေ နည်းပါးနိုင်သည်။ ရေပမာဏလျှော့ချခြင်းသည် နေရာလိုအပ်ချက်နှင့် အဆောက်အအုံ၏ ဝန်အားခံနိုင်ရည်လိုအပ်ချက်ကိုလျော့နည်းစေမည် ဖြစ်သည်။ ဇယား (၁.၂) တွင်အမြင့်တင်ရေပိုက်(ရေပါ)အတွက်ရေစီးနှုန်းကို ဖော်ပြထားသည်။

(ဆ) **လောင်စာဆီဆိုင်များ။** လောင်စာဆီဆိုင်များအတွက်လောင်စာဆီသိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်းဆိုင်ရာပြဋ္ဌာန်းချက်များအား နောက်ဆက်တွဲ ၆(Appendix 6) တွင်ဖော်

ပြထားသည်။ အဆိုပါပြဋ္ဌာန်းချက်သည် မီးဘေးလုံခြုံရေးဆိုင်ရာစံနှုန်းနှင့် ကိုက်ညီသော ဒီဇိုင်းများ၊ ပစ္စည်းကိရိယာများ၊ နည်းလမ်းများကို ရည်ရွယ်သည်။ လောင်စာဆီဆိုင်များသည် ဓာတ်ဆီနှင့် ဒီဇယ်တို့ကို သိုလှောင်ထားပြီး မော်တော်ယာဉ်များအတွက် လောင်စာများ ဖြန့်ဖြူးရောင်းချပေးရန်နေရာဖြစ်ပြီး မျက်နှာစာဧရိယာတွင် အများပြည်သူ ဝင်ထွက်သွားလာနိုင်သဖြင့် လောင်စာဆီအရည်နှင့် အငွေ့တို့ကို မီးတောက်မီးစများနှင့် ထိတွေ့မှုမဖြစ်ပေါ်စေရန် ဟန့်တားကာကွယ်မှုများ ပြုလုပ်ထားရမည်။ အများပြည်သူ ဝင်ထွက်သွားလာနိုင်သောနေရာတွင် မီးတောက်၊ မီးစများကို ထိန်းချုပ်ရသည်မှာ ပိုမိုခက်ခဲနိုင်သည်။ အထူးသဖြင့် လောင်စာဆီဖြည့်တင်းနေစဉ်ကြီးကြပ်မှုအစဉ်တစိုက်မရှိပါကအသက်အိုးအိမ်ပစ္စည်းများအတွက် အန္တရာယ်ဖြစ်နိုင်ခြေအလွန်မြင့်မားသည်။

(၈) **ရေဖျန်းစနစ် တပ်ဆင်ထားသော အဆောက်အအုံများအတွက် ရေသိုလှောင်ကန်ပမာဏလျှော့ချခြင်း (Ordinary Hazard Groups)။** ရေဖျန်းစနစ်ဖြင့်ကာကွယ်ထားခြင်းမရှိသေးသော Ordinary Hazard I, II& III Classification အောက်ရှိ တည်ဆောက်ပြီး အဆောက်အအုံတွင် ရေဖျန်းစနစ်တပ်ဆင်ခြင်းကိုပံ့ပိုးပေးရန်ဖြစ်သည်။ အလားတူဘေးအန္တရာယ်ရှိသော အဆောက်အအုံသစ်များအတွက်လည်း အသုံးပြုနိုင်သည်။ မီးသတ်ဦးစီးဌာန၏ အချိန်မီရောက်ရှိနိုင်မှုနှင့်အတူ ဤပြဋ္ဌာန်းချက်တွင် သတ်မှတ်ထားသည့် ရေဖျန်းစနစ်အတွက် ရေသိုလှောင်နိုင်မှုသည် မီးသတ်သမားများရောက်ရှိမီးငြိမ်းသတ်နိုင်မည့်အချိန်အထိမီးပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်လုံလောက်သောပမာဏရှိရမည်။ ရေသိုလှောင်ရမည့်ပမာဏကို ဇယား (၁.၃) တွင် ဖော်ပြထားသည်။

(၈၂) **ကန့်သတ်မှုမြင့်မားသော အဆောက်အအုံများ (BIO- Safety Level 3/4)။** ဇီဝဗေဒဆိုင်ရာပစ္စည်းများ၊ အဆိပ်အတောက် ဖြစ်စေသောပစ္စည်းများ ကိုင်တွယ်ရသော ဓါတ်ခွဲခန်း သို့မဟုတ် အထူးထိန်းချုပ်စခန်းများရှိသည့် အဆောက်အအုံအတွက် မီးဘေးလုံခြုံရေးဆိုင်ရာ ပြဋ္ဌာန်းချက်ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ပြဋ္ဌာန်းချက်အရ ဇီဝလုံခြုံမှုအဆင့် ၃ (BSL-3) အတွက် သို့မဟုတ် ပိုမိုမြင့်မားသော အခြေခံအဆောက်အအုံများအတွက်ဖြစ်သည်။ ဤလမ်းညွှန်ချက်သည် အထူးထိန်းချုပ်စခန်းများရှိသည့် အဆောက်အအုံများအတွက် မီးဘေးလုံခြုံရေးစနစ်များကို ဒီဇိုင်းရေးဆွဲမည့်အရည်အချင်းပြည့်မီသောပုဂ္ဂိုလ်များ (Qualified Persons)ကိုအထောက်အကူပြုရန်ဖြစ်သည်။ နောက်ဆက်တွဲ ၇ (Appendix 7)တွင် ဖော်ပြထားသည်။

(ည) **ရေနံဓာတ်ငွေ့ရည်(LPG) အိုးများတပ်ဆင်ခြင်း။** ဤလမ်းညွှန်ချက်သည် အဆောက်အအုံ အတွင်းနှင့်အပြင်တွင် ဓာတ်ငွေ့ရည်အိုးများ တပ်ဆင်ခြင်းအတွက်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပရိဝုဏ်များ၊ စက်မှုလုပ်ငန်းဆိုင်ရာ ပရိဝုဏ်များ၊ အိမ်ရာဝင်းများအတွင်း အစားအသောက် ရောင်းချသည့်နေရာများ၊ စားသောက်ဆိုင်တန်းများ၊ စားသောက်ဆိုင်များနှင့် ချက်ပြုတ်ရန် ဓာတ်ငွေ့ရည်အသုံးပြုသော အခြား စားသောက်ဆိုင်များ အားလုံးအတွက် ရည်ရွယ်သည်။ မီးအပူသုံးရသော လုပ်ငန်းများ ပါဝင်သည့်စက်မှုလက်မှုလုပ်ငန်းသုံးများအတွက်လည်းရည်ရွယ်သည်။ နောက်ဆက်တွဲ ၈ (Appendix 8) တွင် ဖော်ပြထားသည်။

(ဌ) **ဘေးအန္တရာယ်ရှိ ဓာတုပစ္စည်းများ ကိုင်တွယ်အသုံးပြုသည့် ဓာတ်ခွဲခန်းများ။** ဓာတုဗေဒ နှင့် ဆက်စပ်ပစ္စည်းများ၊ ဘေးအန္တရာယ်ရှိပစ္စည်းများ သိုလှောင်အသုံးပြုသော ဓာတ်ခွဲခန်းများသည် NFPA-45 (အများဆုံးခွင့်ပြုနိုင်သော အရေအတွက်၊ MAQ) နှင့် ကိုက်ညီရမည်။

(ဍ) **အထပ်မြင့် အဆောက်အအုံများအတွက် ရေဖျန်းစနစ် (Sprinklered System) များ နှင့်မီးသတ်ရေတင်ပိုက်စနစ်(ရေပါ) (Wer Riser System) တို့အတွက် ရေပမာဏ။** အထပ်မြင့်အဆောက်အအုံများတွင် နေရာလိုအပ်မှုနှင့် ခံနိုင်ဝန်အား လျော့နည်းစေခြင်း၊ တပ်ဆင်ထားသော မီးသတ်စနစ်များအား ထိန်းသိမ်းစရိတ် လျော့နည်းစေခြင်းအတွက် စုပေါင်းရေလှောင်ကန်နှင့် ရေပန့်တပ်ဆင်ခြင်းကို အထောက်အကူပြုရန်ဖြစ်သည်။ မီးသတ်ရေတင်ပိုက်(ရေပါ)စနစ်အတွက် ရေလှောင်ကန်သည် မီးလောင်မှုဖြစ်ပွားပါက မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ မီးလောင်ပြင်သို့ ရောက်ရှိလာချိန်တို့ကို ထည့်သွင်းစဉ်းစားရမည်။ ရေဖျန်းစနစ်နှင့် အမြင့်တင် ရေပိုက်စနစ်(ရေပါ) နှစ်ခုလုံးအတွက် မီးသတ်ဦးစီးဌာန၏ လိုအပ်ချက်အတိုင်း ထိရောက်စွာ ဖြည့်တင်းပေးနိုင်စွမ်းရှိရမည်။

(ဎ) **တည်ဆောက်ဆဲအဆောက်အအုံ၏ လုပ်ငန်းခွင်ရှိ ယာယီအလုပ်သမားတန်းလျားများ။** ဤမီးဘေးလုံခြုံရေးဆိုင်ရာ ပြဋ္ဌာန်းချက်များတွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်ရှိ ယာယီအလုပ်သမားတန်းလျားများ၏ ဒီဇိုင်း၊ တည်ဆောက်ခြင်း၊ တပ်ဆင်ခြင်းနှင့် ထိန်းသိမ်းခြင်းအပိုင်းများပါဝင်သည်။ ထိုအလုပ်သမားတန်းလျားများအတွက် မီးဘေးအန္တရာယ်ကင်းရှင်းစေရေး အစီအမံများ တင်ပြရမည်။ တည်ဆောက်ဆဲအဆောက်အအုံ၏ လုပ်ငန်းခွင်ရှိ ယာယီအလုပ်သမားတန်းလျားများတွင် စုပေါင်းနေထိုင်သော

အလုပ်သမားဦးရေ ၄၀ ထက်မကျော်လျှင် တင်ပြရန်မလိုအပ်ပါ။ နောက်ဆက်တွဲ ၉ (Appendix 9) တွင် ဖော်ပြထားသည်။

(ဃ) **မော်တော်ယာဉ်ရပ်နားသည့်နေရာရှိ အလုံပိတ်လမ်းကြောင်းမပါသည့် လေထုတ်ပန်ကာစနစ် (Ductless Jet Fans Systems) များ။** ဤပြဋ္ဌာန်းချက်သည် လူစီးကား၊ ဝန်ပေါ့ယာဉ်များအတွက်သာဖြစ်သော သမားရိုးကျယာဉ်ရပ်နားသည့် နေရာများသာ အကျုံးဝင်သည်။ စက်ယန္တရားသုံး ယာဉ်ရပ်နားသည့်စနစ်အတွက် သို့မဟုတ် အခြားသော ယာဉ်ရပ်နားသည့်စနစ်အတွက် အသုံးပြုရန်မဟုတ်ပါ။ နောက်ဆက်တွဲ ၁၀ (Appendix 10) တွင်ဖော်ပြထားသည်။

(ဏ) **ဓာတ်လှေကားသုံး ကယ်ဆယ်ရေးလုပ်ငန်းများ။** ဤပြဋ္ဌာန်းချက်သည် ၁၁ မီတာ ထက်ကျော်သော ဓာတ်လှေကားလမ်းကြောင်းပါရှိသည့် အဆောက်အအုံများတွင် ဓာတ်လှေကားကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ပြဋ္ဌာန်းချက်ဖြစ်သည်။ အုပ်စု ၁ အမျိုးအစား အဆောက်အအုံများမှလွဲ၍ အခြားအုပ်စုအမျိုးအစား အားလုံးရှိ အဆောက်အအုံများအတွက် အကျုံးဝင်သည်။ နောက်ဆက်တွဲ ၁၁ (Appendix 11) တွင် ဖော်ပြထားသည်။

(တ) **မသန်စွမ်းသူများ။** ဤပြဋ္ဌာန်းချက်သည် အရေးပေါ်အခြေအနေ၌ မသန်စွမ်းသူများ ကို အထောက်အကူပြုရန်နှင့် ၎င်းတို့အားကယ်ဆယ်ရေးအစီအမံများ ရေးဆွဲရာတွင် အသုံးပြုရန်ဖြစ်သည်။ အုပ်စု(၁နှင့်၂) အမျိုးအစား အဆောက်အအုံများ (လူနေအိမ်များ)နှင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် အသုံးပြုသည့် အဆောက်အအုံများ (ဆေးရုံ၊ ဘိုးဘွားရိပ်သာ၊ ကျန်းမာရေးစောင့်ရှောက်မှုစင်တာ၊ အုပ်ထိန်းမှုနှင့် လမ်းညွှန်မှု လိုအပ်သူများအား စောင့်ရှောက်သောနေရာဌာနများ) မှလွဲ၍ အခြားသော အဆောက်အအုံ အားလုံးအတွက် အကျုံးဝင်သည်။ အိမ်ရာဝင်းအတွင်းရှိ ယာဉ်ရပ်နားသည့်နေရာနှင့် အသင်းတိုက် (Clubhouse) စသည့် လူနေအိမ် မဟုတ်သော သီးခြားအဆောက်အအုံများနှင့် အထောက်အကူပြု အဆောက်အအုံအဖြစ် အသုံးပြုရန် ရည်ရွယ်သည့် အဆောက်အအုံများသည် ဤစံချိန်စံညွှန်း သတ်မှတ်ချက်များပါ ပြဋ္ဌာန်ချက်များနှင့် ကိုက်ညီရန်မလိုအပ်ပေ။ နောက်ဆက်တွဲ ၁၂ (Appendix 12) တွင် ဖော်ပြထားသည်။

(ထ) **အရေးပေါ်အခြေအနေတွင်နေထိုင်သူများ ဓာတ်လှေကားအားအသုံးပြု၍ ဘေးကင်းရာသို့ထွက်ခွာခြင်း။** ဤပြဋ္ဌာန်းချက်သည် အရေးပေါ်အခြေအနေတွင် အကူအညီလိုအပ်သောနေထိုင်သူများအဆောက်အအုံမှထွက်ခွာရန်အတွက် ဓာတ်လှေကားဒီဇိုင်း

သတ်မှတ်ချက်များ ပါဝင်သည်။ အုပ်စု (၁နှင့် ၂) ရှိ အမျိုးအစား အဆောက်အအုံများ (လူနေအိမ်အဆောက်အအုံများ) မှလွဲ၍ ၂၄ မီတာ ထက် ပိုသော အခြားအဆောက်အအုံများအားလုံးအတွက် အကျုံးဝင်သည်။ နောက်ဆက်တွဲ ၁၃ (Appendix 13) တွင် ဖော်ပြထားသည်။

(ဒ) **အဆောက်အအုံအတွင်း ထွက်ပေါက်နှင့် လမ်းညွှန်ဆိုင်းဘုတ် အမှတ်အသားများ။** အထပ်တိုင်းရှိ ထွက်ပေါက်တိုင်း၏ အဝင်နေရာများအား ထွက်ပေါက်တံခါး အပေါ်တွင် တပ်ဆင်ထားသော ထွက်ပေါက်သင်္ကေတ (Exit Sign) များဖြင့် ရှင်းလင်းစွာ ညွှန်ပြထားရမည်။ ရှည်လျားသော စင်္ကြံများ၊ အခန်းကျယ်များနှင့် ထွက်ပေါက်ရှိရာ သို့ အလွယ်တကူ မမြင်နိုင်သည့်နေရာများတွင် လမ်းညွှန်သင်္ကေတများ (Directional Signs) ကို အထပ် သို့မဟုတ် စင်္ကြံများ၏ အစိတ်အပိုင်းအားလုံးတွင် တပ်ဆင်ထားရမည်။ အခန်းများတွင်လည်း ထွက်ပေါက်သင်္ကေတ (Exit Sign) ရှိရမည်။ နောက်ဆက်တွဲ ၁၄ (Appendix 14) တွင် ထွက်ပေါက်သင်္ကေတ (Exit Sign) ထားရှိရန် လမ်းညွှန်ချက်များကို ဖော်ပြထားသည်။

ဇယား (၁.၁) အနည်းဆုံးရှိရမည့်လေဟာခွင်အရွယ်အစား

အဆောက်အအုံ၏ နေထိုင်အသုံးပြုရသော အမြင့်ဆုံးအထပ်အထိ ကြမ်းခင်းအမြင့်	လေဟာခွင်၏အနည်းဆုံး ရှိရမည့်အကျယ်
၁၈ မီတာ	၁၀ မီတာ
၂၄ မီတာ	၁၁ မီတာ
၃၆ မီတာ	၁၂ မီတာ
၄၈ မီတာ	၁၃ မီတာ
၆၀ မီတာနှင့် အထက်	၁၄ မီတာ

ဇယား (၁.၂) အမြင့်ရေတင်ပိုက်စနစ်အတွက် ရေစီးဆင်းနှုန်း

အမြင့်ရေတင်ပိုက် အရေအတွက်	လူနေထိုင်ရန်မဟုတ်သော အဆောက်အအုံများအတွက် ရေစီးနှုန်း	လူနေအဆောက်အအုံများ အတွက်ရေစီးနှုန်း
၁	၃၈ လီတာ/စက္ကန့်	၂၇ လီတာ/စက္ကန့်
၂	၅၇ လီတာ/စက္ကန့်	၄၀.၅ လီတာ/စက္ကန့်
၃	၇၆ လီတာ/စက္ကန့်	၅၄ လီတာ/စက္ကန့်
၄ ချောင်းနှင့် အထက်	၉၅ လီတာ/စက္ကန့်	၆၇.၅ လီတာ/စက္ကန့်

ဇယား (၁.၃) မီးငြိမ်းသတ်ရေးစနစ်၏လိုအပ်သော ရေစီးနှုန်းအပေါ်မူတည်၍ ထားရှိရမည့်ရေသိုလှောင်ကန်ပမာဏ

အသုံးပြုမှုအမျိုးအစား	လိုအပ်သောရေစီးနှုန်း	အနည်းဆုံးထားရှိရမည့် ရေသိုလှောင်ကန်ပမာဏ
OH 1 (၇၂ စတုရန်းမီတာ)	၅၄၀ လီတာ/မိနစ်	၁၆.၂ ကုဗမီတာ
OH 2 (၁၄၄စတုရန်းမီတာ)	၁၀၀၀ လီတာ/မိနစ်	၃၀.၀ ကုဗမီတာ
OH 3 (၂၁၆ စတုရန်းမီတာ)	၁၃၅၀ လီတာ/မိနစ်	၄၀.၅ ကုဗမီတာ

မိုးသတ်ဦးစီးဌာနသည် အဆောက်အအုံများအား နေထိုင်အသုံးပြုမှုအပေါ်မူတည်၍ အောက်ပါဇယားအတိုင်း အမျိုးအစားခွဲခြားသတ်မှတ်သည်-

ဇယား(၁.၄) အဆောက်အအုံအုပ်စုအမျိုးအစားခွဲခြားသတ်မှတ်ခြင်း

အုပ်စုအမျိုးအစား	သရုပ်ဖော်ခေါင်းစဉ်	အဆောက်အအုံ(သို့မဟုတ်)အဆောက်အအုံ၏ အစိတ်အပိုင်းကို အသုံးပြုရန် ရည်ရွယ်ချက်
၁	အသေးစားလူနေအိမ်	ဘန်ဂလို၊ တစ်စိတ်တစ်ပိုင်းတွဲထားသော အိမ်များနှင့် Terrace စသည့် သီးသန့်လုံးချင်းအိမ်များ။
၂	အခြားလူနေအိမ်	အုပ်စုအမျိုးအစားရှိ ပရိဝုဏ်များမှအပ တိုက်ခန်းများ၊ သီးခြားဝင်ပေါက်ရှိသော လူနေတိုက်ခန်းများ အပါအဝင် လူနေထိုင်အသုံးပြုရန်အတွက် ပြုလုပ်ထားသော အိမ်ခန်းများ။
၃	အဖွဲ့အစည်းဆိုင်ရာ	ဆေးရုံ၊ ဆေးခန်း၊ အများပြည်သူဆေးခန်းများ၊ ကျောင်းသားအဆောင်၊ အိပ်ဆောင်များ၊လူအိုရုံများ၊ မိဘမဲ့ကလေးဂေဟာများ၊ကလေးပြုစုစောင့်ရှောက်ရေးဂေဟာများ၊နေ့ကလေးထိန်းစင်တာ၊ မွေးကင်းစကလေးစောင့်ရှောက်ရေး၊ မူကြို ကျောင်းများ၊ စစ်တပ်စခန်းများ၊ အချုပ်ခန်း/ ပြုပြင်ထိန်းသိမ်းရေးများ၊ စာသင်ကျောင်းများ၊ကောလိပ်များ၊ ပုဂ္ဂလိကကျောင်းများ၊ သက်မွေးပညာသင်ကျောင်းများ၊ အဆင့်မြင့်နည်းပညာကျောင်းများ၊ တက္ကသိုလ်များ စသည်တို့ပါဝင်သည့် ဆေးကုသရန်၊ မသန်စွမ်းခံစားနေရသူများကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ ပညာသင်ရန်နှင့်နေထိုင်နိုင်ရန်တို့အတွက်ဖွဲ့စည်းတည်ဆောက်ထားသော အဆောက်အအုံများ။
၄	ရုံး	စီမံခန့်ခွဲမှု၊ စာရေးစာချီအလုပ် (စာရင်းကိုင်၊ ငွေစာရင်း၊ ပုံဆွဲခြင်းနှင့် တည်းဖြတ်လုပ်ငန်းများ အပါအဝင်) တယ်လီဖုန်းနှင့် ကြေးနန်းလုပ်ငန်းများ၊ ဘဏ်လုပ်ငန်း (သို့မဟုတ်) ရုံးလုပ်ငန်းများလုပ်ဆောင်ရန်အတွက်အသုံးပြုသောရုံး (သို့မဟုတ်) ပရိဝုဏ်များ။
၅	စျေးဆိုင်	ကုန်တိုက်၊ စျေးရုံတန်းများ၊ စူပါမားကက်များ၊ ဆေးဆိုင်များ၊ ကုန်ပစ္စည်းရောင်းချရန် အရောင်းပြခန်းများ၊ ဆံပင်ညှပ်ဆိုင်များနှင့် အလှပြင်ဆိုင်များ၊ လက်မှတ်အရောင်းအေဂျင်စီများ၊အပေါင်ဆိုင်များ၊ပင်မင်းများနှင့် အခြားအလားတူရောင်းဝယ်ရေးလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ ပါဝင်သည့်စျေးဆိုင် (သို့မဟုတ်) စျေးဝယ်စင်တာများ။

အုပ်စု အမျိုး အစား	သရုပ်ဖော် ခေါင်းစဉ်	အဆောက်အအုံ(သို့မဟုတ်)အဆောက်အအုံ၏ အစိတ်အပိုင်းကို အသုံးပြုရန် ရည်ရွယ်ချက်
၆	စက်ရုံ	ထုတ်လုပ်ခြင်း၊ တပ်ဆင်ခြင်း၊ ပြုပြင်ခြင်း၊ စမ်းသပ်ခြင်းလုပ်ငန်းများ လုပ်ကိုင်သည့် ကုန်ထုတ်လုပ်မှု ပရိဝုဏ်များအားလုံးကို ဆိုလိုသည်။
၇	လူအများ အပန်းဖြေ သွားလာရာ နေရာ	ဟိုတယ်များ၊အားလပ်ရက်အပန်းဖြေစခန်းများ၊ဘော်ဒါဆောင်များ၊ ဝန်ဆောင်မှုအခန်းများ၊ ညီလာခံခန်းမများ၊ သီးခြားကလပ်များ၊ ရပ်ကွက်အသင်းနေရာများ၊ ပြတိုက်များ၊ ပြည်သူ့အနုပညာပြခန်းများ၊ ပြခန်းစင်တာများ၊ ဇာတ်ရုံများ၊ ရုပ်ရှင်ရုံများ၊ ပြဇာတ်ရုံများ၊ပြည်သူ့စာကြည့်တိုက်များ၊ ဘာသာရေးအဆောက်အအုံများ၊ ပြည်သူ့အားကစားနေရာများ၊ အားကစားရုံများ၊ ပြည်သူ့ရေကူးကန်များ၊ အပန်းဖြေအဆောက်အအုံးများ၊ ကော်ဖီဆိုင်များ၊ လှည့်လည်ရောင်းချသူများစင်တာ၊ အသင့်စား စားသောက်ဆိုင်များ၊ ဘတ်စ်ကားဂိတ်များ၊ မီးရထားဘူတာရုံများ၊ လေဆိပ်နှင့် ဖယ်ရီကားဂိတ်များ စသည်တို့အပါအဝင် လူမှုရေး၊ အပန်းဖြေနှင့် စီးပွားရေးအတွက် အသုံးပြုသော အဆောက်အအုံနေရာများ။
၈	သိုလှောင်ရုံ	သိုလှောင်သိမ်းဆည်းသောနေရာ (ဂိုဒေါင်များ၊ ကုန်လှောင်ရုံများ၊ စတိုများ စသည်တို့ ပါဝင်သည်) ကုန်ပစ္စည်း၊ ပစ္စည်းများချထားရာနှင့် ယာဉ်များရပ်နားရာ နေရာများ။

ဇယား(၁.၅) နေထိုင်သူပမာဏပြ နောက်ဆက်တွဲဇယားများ

ဇယား (၁.၅.၁)	အုပ်စု (၂) အမျိုးအစား	လူနေအိမ်။
ဇယား (၁.၅.၂)	အုပ်စု (၃) အမျိုးအစား	ကျန်းမာရေးစောင့်ရှောက်မှုအတွက်အသုံးပြုမှုများ (ဆေးရုံ၊ ဆေးခန်းနှင့် အများပြည်သူဆေးခန်း)။
ဇယား (၁.၅.၃)	အုပ်စု(၃) အမျိုးအစား	ကျောင်းသားအဆောင်၊ အိပ်ဆောင်များ၊ လူအိုရုံ၊ မိဘမဲ့ကလေးစောင့်ရှောက်ရေးဂေဟာ၊ ကလေးပြုစုစောင့်ရှောက်ရေးဂေဟာ၊ နေ့ကလေးထိန်းစင်တာ၊ မူကြိုကျောင်း၊ စစ်တပ်စခန်း၊ အချုပ်ခန်း/ပြုပြင်ထိန်းသိမ်းရေးစခန်း။
ဇယား (၁.၅.၄)	အုပ်စု(၃) အမျိုးအစား	စာသင်ကျောင်းများ၊ ကောလိပ်များ၊ ပုဂ္ဂလိကကျောင်းများ၊ သက်မွေးပညာသင်ကျောင်းများ၊ အဆင့်မြင့် နည်းပညာကျောင်းများ၊ တက္ကသိုလ်။
ဇယား (၁.၅.၅)	အုပ်စု(၄) အမျိုးအစား	ရုံးများ၊ ဘဏ်များ၊ ထုတ်ဝေရေးတိုက်များ၊ စတော့ရှယ်ယာ အကျိုးဆောင်ခန်းများ။
ဇယား (၁.၅.၆)	အုပ်စု (၅) အမျိုးအစား	စျေးဆိုင်များ၊ စျေးဝယ်စင်တာများနှင့် စျေးရုံတန်းများ။
ဇယား (၁.၅.၇)	အုပ်စု (၆) အမျိုးအစား	စက်ရုံများ၊ ကုန်ထုတ်လုပ်ရေးစက်ရုံများ။
ဇယား (၁.၅.၈)	အုပ်စု (၇) အမျိုးအစား	ဟိုတယ်များ၊အားလပ်ရက်အပန်းဖြေစခန်းများ၊ ဘော်ဒါဆောင်များ၊ လုပ်ဆောင်မှုခန်းများ၊ ညီလာခံခန်းမများ၊ သီးသန့်ကလပ်များ။
ဇယား (၁.၅.၉)	အုပ်စု (၇) အမျိုးအစား	ရပ်ကွက်အသင်းနေရာများ ။
ဇယား (၁.၅.၁၀)	အုပ်စု (၇) အမျိုးအစား	ပြတိုက်များ၊ ပြည်သူ့အနုပညာပြခန်းများ၊ ပြခန်းစင်တာများ။
ဇယား (၁.၅.၁၁)	အုပ်စု (၇) အမျိုးအစား	ဇာတ်ရုံများ၊ ရုပ်ရှင်ရုံများ၊ ပြဇာတ်ရုံများ။
ဇယား (၁.၅.၁၂)	အုပ်စု(၇) အမျိုးအစား	ပြည်သူ့စာကြည့်တိုက်များ။
ဇယား (၁.၅.၁၃)	အုပ်စု(၇) အမျိုးအစား	ဘာသာရေးအဆောက်အဦးများ။
ဇယား (၁.၅.၁၄)	အုပ်စု(၇) အမျိုးအစား	ပြည်သူ့အားကစားကွင်းများ၊ အားကစားရုံကြီးများ၊ ပြည်သူ့ရေကူးကန်များ။
ဇယား (၁.၅.၁၅)	အုပ်စု(၇) အမျိုးအစား	အပန်းဖြေအဆောက်အအုံများ၊ ဖျော်ဖြေရေးစင်တာများ။

ဇယား (၁.၅.၁၆)	အုပ်စု(၇) အမျိုးအစား	စားသောက်ရန်နေရာများ၊ စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များ၊ ခေါင်းရွက်ဗျတ်ထိုးဈေးဆိုင်များ၊ အသင့်စားစားသောက်ဆိုင်များ။
ဇယား (၁.၅.၁၇)	အုပ်စု(၇) အမျိုးအစား	ဘတ်စ်ကားဂိတ်များ၊ ရထားဘူတာရုံများ၊ လေယာဉ်ကွင်း၊ ဖယ်ရီကားဂိတ်များ။
ဇယား (၁.၅.၁၈)	အုပ်စု(၈) အမျိုးအစား	ကုန်လှောင်ရုံများ၊ ဂိုဒေါင်များ၊ မော်တော်ယာဉ် ရပ်နားရန် နေရာများ။

ဇယား (၁.၅.၁)

အုပ်စု(၂) - လူနေအိမ် အဆောက်အအုံအမျိုးအစား - တိုက်ခန်းများ၊သီးခြားဝင်ပေါက်ရှိသောလူနေတိုက်ခန်းများ		
လက်တွေ့အသုံးပြုသောနေရာများ	**နေထိုင်အသုံးပြုသူပမာဏ (စတုရန်းမီတာ/လူ)**	**မှတ်ချက်**
အကြမ်းဖျင်းကြမ်းခင်းဧရိယာ	၁၅.၀	နေထိုင်၍ရသောနေရာများ ကိုတွက်ချက်သည်
သီးသန့်ခေါင်မိုးဥယျာဉ်/ လူနေအိမ် ယူနစ်တစ်ခုရှိလှေကား	-	အမြဲလူမရှိနေနိုင်သော
ကလေးကစားကွင်း(ကစားကွင်းရှိ ပစ္စည်းများဖြင့်)	၅.၀	-
အများပိုင်ခေါင်မိုးဥယျာဉ်/အိမ်ရှင်များ၊ ဧည့်သည်များဝင်ထွက်နိုင်သော ခေါင်မိုးTerrace	၁.၅(**ဇယား ၁.၆** တွင် ခြုံငုံထားသောနေရာများမှအပ)	-

ဇယား (၁.၅.၂)

အုပ်စု ၃ -	အဖွဲ့အစည်းဆိုင်ရာ	
အဆောက်အအုံအမျိုးအစား -	ကျန်းမာရေးစောင့်ရှောက်မှုအသုံးပြုမှု (ဆေးရုံ၊ ဆေးခန်းနှင့်ဆေးခန်းများ)	
အလုပ်လုပ်နေသောနေရာများ	**နေထိုင်သူပမာဏ (စတုရန်းမီတာ/လူ)**	**မှတ်ချက်**
ဧည့်ကြိုနေရာ	၃.၀	
ဧည့်ခန်း/စကြံ	-	အမြဲလူမရှိနေနိုင်သော
စောင့်ဆိုင်းခန်း/ ဧည့်သည့်နေရာ	၃.၀	
ပြင်ပလူနာစောင့်ဆိုင်းခန်း	၁.၅	
စီမံခန့်ခွဲရေးရုံးများ	၁၀.၀	
ဆရာဝန်၏ရုံးခန်းများ	၁၀.၀	
ပြုစုစောင့်ရှောက်ရေးနေရာ	၁၀.၀	
ဝန်ထမ်းနားနေဆောင်	၃.၀	
အကြံပေး/ကုသမှု/ရောဂါစစ်ဆေးစမ်းသပ်ခန်း	၅.၀	
ဆေးကုသမှုစင်တာ	၁၀.၀	
ခွဲစိတ်ခန်း	၇.၅	
ခွဲစိတ်ပြီးလူနာခန်း	၃.၀	
လူနာအိပ်ဆောင်	၂၀.၀	အထူးကြပ်မတ်ဆောင်
	၁၀.၀	အခန်း(ကုတင် ၂ ခု)
	၁၀.၀	လူနာဆောင်
ဓါတ်ခွဲခန်း	၂၀.၀	
ဆေးဆိုင်	၂၀.၀	
မီးဖိုချောင်/ထိန်းသိမ်းမှု	၁၀.၀	
ပင်မင်း/ လျှော်ဖွပ်ခန်း*(၁)	၁၀.၀	
ရေအိမ်/ပစ္စည်းထားခန်း/ အဝတ်လဲခန်း	-	အမြဲလူမရှိနေနိုင်သော
သိုလှောင်ခန်း	၃၀.၀	
စားသောက်တန်း	၁.၅	
စားသောက်ဆိုင်	၁.၅	

အုပ်စု ၃ - အဖွဲ့အစည်းဆိုင်ရာ အဆောက်အအုံအမျိုးအစား - ကျန်းမာရေးစောင့်ရှောက်မှုအသုံးပြုမှု (ဆေးရုံ၊ ဆေးခန်းနှင့်ဆေးခန်းများ)		
စျေးဆိုင်	၅.၀	
ပြုပြင်ထိန်းသိမ်းရန်အတွက်သာဖြစ်သော အမိုးပေါ်သို့ ဝင်ထွက်လမ်း	-	
ခေါင်မိုးပေါ်ဥယျာဉ်/ဝန်ထမ်းများဖြစ်စေအဆောက်အအုံအတွင်းရှိအခြားသူများဖြစ်စေဝင်ထွက်နိုင်သောခေါင်မိုးလှေကား	၁.၅ **ဇယား ၁.၆** တွင် ခြုံငုံထားသောနေရာများမှအပ)	

*ဇယား (၁ (၁၈.၅.အဆုံးရှိ မှတ်စုများမှ ၁၊ ၂ သို့မဟုတ် ၃ ကို ကိုးကားရန်။

ဇယား (၁.၅.၃)

အုပ်စု ၃ -	အဖွဲ့အစည်းဆိုင်ရာ	
အဆောက်အအုံအမျိုးအစား -	ကျောင်းသားအဆောင်၊ အိပ်ဆောင်၊ လူအိုရုံ၊ မိဘမဲ့ဂေဟာ၊ နေ့ကလေးထိန်းကျောင်း၊ မူကြိုကျောင်း၊ မွေးစကလေး စောင့်ရှောက်ရေး၊ စစ်စခန်း၊ အချုပ်ခန်း / ပြုပြင်ထိန်းသိမ်းရေးစင်တာ	
လက်တွေ့အသုံးပြုသောနေရာများ	**နေထိုင်သူပမာဏ (စတုရန်းမီတာ/လူ)**	**မှတ်ချက်**
ကြိုဆိုရေးနေရာ	၃.၀	
ဧည့်ခန်း၊ စကြီ	-	အမြဲလူမရှိနေနိုင်သော
စောင့်ဆိုင်းခန်း/ဧည့်သည်များအခန်း	၃.၀	
စီမံခန့်ခွဲရေးရုံး	၁၀.၀	
ဝန်ထမ်းများရုံးခန်း	၁၀.၀	
စာကြည့်တိုက်/စာဖတ်ခန်း	၁၀.၀	စာအုပ်စင်နေရာ
	၅.၀	စာဖတ်သောနေရာ
အများနှင့်ဆိုင်သောအခန်း	၁.၅	
ဘက်စုံသုံးအခန်း	၁.၅	
ကျောင်းသားအိပ်ခန်း(ဧည့်ခန်း၊ရေအိမ်စသည့်နေရာများအပါအဝင်)	၁၅.၀	အခန်းတစ်ခန်းတွင်အနည်းဆုံးလူနှစ်ယောက်
အဆောင်ကြီးကြပ်သူနေရာ	၁၅.၀	
အိပ်ဆောင်တန်းလျား/ အိပ်ဆောင်	၃.၀	
အချုပ်ခန်း	၃.၀	
ဖျားနာခန်း	-	အမြဲလူမရှိနေနိုင်သော
ရေအိမ်/ ရေချိုးခန်း/ အဝတ်လဲခန်းများ	-	အမြဲလူမရှိနေနိုင်သော
အဆောက်အအုံအတွင်းကစားကွင်းများ:/ ဝါသနာပါရာလုပ်နိုင်သောအခန်းများ	၁.၅	
စာသင်ခန်း	၁.၅	
မီးဖိုချောင်/ အဆောင်ထိန်းသိမ်းရေး	၁၀.၀	

အုပ်စု ၃ -	အဖွဲ့အစည်းဆိုင်ရာ	
အဆောက်အအုံအမျိုးအစား -	ကျောင်းသားအဆောင်၊ အိပ်ဆောင်၊ လူအိုရုံ၊ မိဘမဲ့ဂေဟာ၊ နေ့ကလေးထိန်းကျောင်း၊ မူကြိုကျောင်း၊ မွေးစကလေး စောင့်ရှောက်ရေး၊ စစ်စခန်း၊ အချုပ်ခန်း / ပြုပြင်ထိန်းသိမ်းရေးစင်တာ	
ပင်မင်း/အဝတ်လျှော်ခန်း	၁၀.၀	
ဝန်ဆောင်မှုနေရာ	၁၀.၀	
သိုလှောင်ခန်း	၃၀.၀	
ထမင်းစားခန်း/စားသောက်တန်း	၁.၅	
ဈေးဆိုင်	၅.၀	
စက်ပိုင်းဆိုင်ရာစက်ရုံခန်း	၃၀.၀	
ပြုပြင်ထိန်းသိမ်းရန် အတွက်သာ ဖြစ်သောအမိုးပေါ်သို့ဝင်ထွက်လမ်း	-	
အဆောက်အအုံအတွင်းရှိသူများ ဖြစ်စေ၊ ဝန်ထမ်းများဖြစ်စေ ဝင်ထွက်နိုင်သော ခေါင်းမိုးပေါ် ဥယျာဉ်/ ခေါင်မိုးလှေကား	၁.၅ (**ဇယား ၁.၆** တွင် ခြုံငုံထားသော နေရာများမှအပ)	

*ဇယား (၁(၁၈.၅. အဆုံးရှိ မှတ်စုများမှ ၁၊ ၂ သို့မဟုတ် ၃ ကို ကိုးကားရန်။

ဇယား (၁.၅.၄)

အုပ်စု ၃ -	အဖွဲ့အစည်းဆိုင်ရာ
အဆောက်အအုံအမျိုးအစား -	စာသင်ကျောင်းများ၊ ကောလိပ်များ၊ စီးပွားဖြစ်ကျောင်းများ၊ အသက်မွေးပညာသင်ကျောင်းများ၊အဆင့်မြင့်နည်းပညာကောလိပ်၊ တက္ကသိုလ်

လက်တွေ့အသုံးပြုသောနေရာများ	**နေထိုင်သူပမာဏ (စတုရန်းမီတာ/လူ)**	**မှတ်ချက်**
ကြိုဆိုရေးနေရာ	၃.၀	
ဧည့်ခန်း/စကြီး	-	အမြဲလူမရှိနေနိုင်သော
စောင့်ဆိုင်းခန်း/ဧည့်သည်ခန်း	၃.၀	
စီမံခန့်ခွဲရေးရုံး	၁၀.၀	
ဝန်ထမ်းရုံးခန်း	၁၀.၀	
စာသင်ခန်း	၁.၅	
ကွန်ပျူတာသင်တန်းခန်း	၁.၅	စီးပွားဖြစ်
	၃.၀	အခြား
ဆွေးနွေးစည်းဝေးခန်း	၁.၅	
စာပေပို့ချသောအခန်း	၁.၅	
စာကြည့်တိုက်	၁၀.၀	စာအုပ်စင်နေရာ
	၅.၀	စာဖတ်သောနေရာ(ကျောင်း)
	၅.၀	အခြား
ဘက်စုံသုံးခန်းမ	၁.၀	စာသင်ကျောင်း/ ကောလိပ်
	၁.၅	အခြား
စင်မြင့်နေရာ	၃.၀	
ရှုခင်းကြည့်ခန်း	၁.၅	
ပုံစံထုတ် စတူဒီယို	၅.၀	
ဓါတ်ခွဲခန်း	၅.၀	
အလုပ်ရုံ	၅.၀	
ကလပ်၊ အသင်းအဖွဲ့ခန်း	၁၅.	
ဖျားနာခန်း	-	အမြဲလူမရှိနေနိုင်သော
သိုလှောင်ရုံဧရိယာ	၃၀.၀	
မီးဖိုချောင်/ဝန်ဆောင်မှုဧရိယာ	၁၀.၀	

အုပ်စု ၃ -	အဖွဲ့အစည်းဆိုင်ရာ	
အဆောက်အအုံအမျိုးအစား -	စာသင်ကျောင်းများ၊ ကောလိပ်များ၊ စီးပွားဖြစ်ကျောင်းများ၊ အသက်မွေးပညာသင်ကျောင်းများ၊အဆင့်မြင့်နည်းပညာကောလိပ်၊ တက္ကသိုလ်	
ရေအိမ်/အဝတ်လဲခန်း	-	အမြဲလူမရှိနေနိုင်သော
စားသောက်တန်း	၁.၅	
စက်ပိုင်းဆိုင်ရာစက်ရုံခန်း	၃၀.၀	
ပြုပြင်ထိန်းသိမ်းရန် အတွက်သာ ဖြစ်သောအမိုးပေါ်သို့ဝင်ထွက်လမ်း	-	
အဆောက်အဦးအတွင်းရှိသူများ ဖြစ်စေ၊ ဝန်ထမ်းများဖြစ်စေ ဝင်ထွက် နိုင်သော ခေါင်းမိုးပေါ်ဥယျာဉ် / ခေါင်မိုးလှေကား	၁.၅(**ဇယား ၁.၆** တွင် ခြုံငုံထားသော နေရာများ မှအပ)	

*ဘက်စုံသုံးခန်းမနှင့် အဆောက်အအုံအတွင်းအားကစားခန်းမနှစ်ခုလုံးပါရှိသည့်ကျောင်းဖြစ်လျှင် အဆောက်အအုံတွင်းအားကစားခန်းမအတွက်နေထိုင်အသုံးပြုသူပမာဏကို ၁ စတုရန်းမီတာ/လူဦးရေအစား ၃ စတုရန်းမီတာ/လူဦးရေဖြင့် အခြေခံတွက်ချက်ရမည်။

ဇယား (၁.၅.၅)

အုပ်စု - ၄ - ရုံး အဆောက်အအုံအမျိုးအစား - ရုံးများ၊ ဘဏ်များ၊ ထုတ်ဝေသူများ၊ စတော့ရှယ်ယာပွဲစားများ		
လက်တွေ့အသုံးပြုသောနေရာများ	**နေထိုင်သူပမာဏ (စတုရန်းမီတာ/လူ)**	**မှတ်ချက်**
ကြိုဆိုရေးနေရာ	၃.၀	
ဧည့်ခန်း/စကြံ	-	အမြဲလူမရှိနေနိုင်သော
စောင့်ဆိုင်းရန်နေရာ/ ဧည့်သည်ခန်း	၃.၀	
စီမံခန့်ခွဲရေးရုံး	၁၀.၀	
စီးပွားရေးလုပ်ငန်းစင်တာ	၁၀.၀	
အစည်းအဝေး/ဆွေးနွေးခန်း	၁၅.	
မော်ကွန်းတိုက်/စာကြည့်တိုက်	၁၀.၀	စာအုပ်စင်နေရာ
	၅.၀	စာဖတ်သောဧရိယာ
ဖိုင်များသိမ်းဆည်းသောအခန်း/စတို	၁၀.၀	
ကွန်ပျူတာခန်း	၅.၀	
ပုံစံထုတ်စတူဒီယို	၅.၀	
မူကြမ်းရုံး	၅.၀	
ကုန်သွယ်ထပ်	၂.၀	
ကုန်သွယ်ရေးပြခန်း	၁.၅	
ဘဏ်ခန်းမ	၃.၀	
ငွေသွင်းခန်း/အလုံခန်း	၃၀.၀	
စက်ခန်း/ပုံနှိပ်ခန်း*(၂)	၁၀.၀	
စားသောက်ဆိုင်	၁.၅	
စားသောက်တန်း	၁.၅	
ဝန်ထမ်းများစားသောက်တန်း	၁.၅	
ဈေးဆိုင်	၅.၀	
ရေအိမ်	-	အမြဲလူမရှိနေနိုင်သော
သိုလှောင်သိမ်းဆည်းသည့်နေရာ	၃၀.၀	
စက်ခန်း	၃၀.၀	
မြေပြင်အထက်တွင်ဖြစ်စေ၊ မြေအောက်တွင်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းများနှင့် ဆက်ထားသော ခြေလျင်လမ်း	၂.၀	

အုပ်စု - ၄ - ရုံး အဆောက်အအုံအမျိုးအစား - ရုံးများ၊ ဘဏ်များ၊ ထုတ်ဝေသူများ၊ စတော့ရှယ်ယာပွဲစားများ		
ပြုပြင်ထိန်းသိမ်းရန်အတွက်သာဖြစ်သော အမိုးပေါ်သို့ဝင်ထွက်လမ်း		
အဆောက်အအုံအတွင်းရှိသူများ ဖြစ်စေ၊ ဝန်ထမ်းများဖြစ်စေ ဝင်ထွက်နိုင်သော ခေါင်းမိုးပေါ်ဥယျာဉ်/ခေါင်မိုးလှေကား	၁.၅ (**ဇယား ၁.၆** တွင် ခြုံငုံထားသောနေရာများမှအပ)	

* ဇယား (၁(၁၈.၅. အဆုံးရှိ မှတ်စုများမှ ၁၊ ၂ သို့မဟုတ် ၃ ကို ကိုးကားရန်။

ဇယား (၁.၅.၆)

အုပ်စု ၅ - ဈေးဆိုင်များ အဆောက်အအုံအမျိုးအစား - ဈေးဆိုင်များ၊ ဈေးဝယ်စင်တာများနှင့် ဆိုင်တန်းများ		
လက်တွေ့အသုံးပြုသောနေရာများ	**နေထိုင်သူပမာဏ (စတုရန်းမီတာ/လူ)**	**မှတ်ချက်**
ကြိုဆိုရေးနေရာ	၃.၀	
ဧည့်ခန်းစကြီ/	-	အမြဲလူမရှိနေနိုင်သော
စောင့်ဆိုင်းရန်နေရာ/ဧည့်သည်ခန်း	၃.၀	
အလယ်ခန်းမကြီးကြမ်းပြင်/ လူအများသွားလာရာနေရာ	၃.၀	
ပြခန်း/အရောင်းမြှင့်တင်ရေးနေရာ	၁.၅	
ဈေးဆိုင်ကြမ်းပြင်	၅.၀	
အရောင်းပြခန်း	၅.၀	
စူပါမားကက်/ဈေးကြီး	၅.၀	
ကုန်တိုက်	၅.၀	
စားသောက်ဆိုင်	၁.၅	
စားသောက်တန်း	၁.၅	
ကော်ဖီဆိုင်	၁.၅	
အမြန်စား အစားအစာဆိုင်	၁.၀	
စီမံခန့်ခွဲရေးရုံး	၁၀.၀	
ရေအိမ်/ဝန်ထမ်းနားနေခန်း	-	အမြဲလူမရှိနေနိုင်သော
သိုလှောင်သိမ်းဆည်းခန်း	၃၀.၀	
စက်ခန်း	၃၀.၀	
မြေပြင်အထက်တွင်ဖြစ်စေ၊မြေအောက် တွင်ဖြစ်စေ၊စီးပွားရေးလုပ်ငန်းများ နှင့် ဆက်ထားသောခြေလျင်လမ်း	၂.၀	
ပြုပြင်ထိန်းသိမ်းရန်အတွက်သာ ဖြစ်သောအမိုးပေါ်သို့ဝင်ထွက်လမ်း	-	
အဆောက်အအုံအတွင်းရှိသူများဖြစ် စေ၊ ဝန်ထမ်းများဖြစ်စေ ဝင်ထွက် နိုင်သော ခေါင်းမိုးပေါ်ဥယျာဉ်/ ခေါင်မိုးလှေကား	၁.၅(**ဇယား ၁.၆** တွင် ခြုံငုံထားသော နေရာများမှအပ)	

ဇယား (၁.၅.၇)

အုပ်စု ၆ - စက်ရုံ အဆောက်အအုံအမျိုးအစား - စက်ရုံများ၊အထပ်ရှိသောစက်ရုံများ၊စက်မှုကုန်ထုတ်စက်ရုံများ		
လက်တွေ့အသုံးပြုသောနေရာများ	**နေထိုင်သူပမာဏ (စတုရန်းမီတာ/လူ)**	**မှတ်ချက်**
ဧည့်ကြိုနေရာ	၃.၀	
ဧည့်ခန်း/စကြီး	-	အမြဲလူမရှိနေနိုင်သော
စောင့်ဆိုင်းခန်း/ဧည့်သည်နေရာ	၃.၀	
စီမံခန့်ခွဲရေးရုံး	၁၀.၀	
အစည်းအဝေး/ဆွေးနွေးခန်း	၁.၅	
စာကြည့်တိုက်	၁၀.၀	စာအုပ်စင်နေရာ
	၅.၀	စာဖတ်ရန်နေရာ
အလုပ်ရုံ	၁၀.၀	
ဓာတ်ခွဲခန်း	၅.၀	
ပြခန်း	၁.၅	
ထုတ်လုပ်ရေးဧရိယာ *(၂)	၁၀.၀	
ထုတ်ပိုးသောနေရာ/ ဖြန့်ဖြူးသောနေရာ	၁၀.၀	
ပစ္စည်း/ထုတ်ကုန်	၃၀.၀	
အထွေထွေသိုလှောင်ရုံ	-	အမြဲလူမရှိနေနိုင်သော
ဘက်စုံသုံးဧရိယာ	၁.၅	
ဝန်ထမ်းအပန်းဖြေခန်း	-	အမြဲလူမရှိနေနိုင်သော
ဝန်ထမ်းနားနေခန်း	-	အမြဲလူမရှိနေနိုင်သော
ဝန်ထမ်းများစားသောက်ခန်း	၁.၅	
ရေအိမ်/အဝတ်လဲထား/ပစ္စည်းထားခန်း	-	အမြဲလူမရှိနေနိုင်သော
ဖျားနာခန်း	-	အမြဲလူမရှိနေနိုင်သော
စက်ခန်း	၃၀.၀	
ပြုပြင်ထိန်းသိမ်းရန်အတွက်သာ ဖြစ်သောအမိုးပေါ်သို့ဝင်ထွက် လမ်း	-	
အဆောက်အအုံအတွင်းရှိသူများ ဖြစ်စေ၊ ဝန်ထမ်းများဖြစ်စေ ဝင်ထွက်နိုင်သောခေါင်းမိုးပေါ်ဥယျာဉ်/ခေါင်မိုးလှေကား	၁.၅(**ဇယား ၁.၆** တွင် ခြုံငုံထားသောနေရာများ မှအပ)	

ဇယား (၁.၅.၈)

အုပ်စု ၇ -	အများပြည်သူသွားလာအပန်းဖြေရာနေရာ	
အဆောက်အအုံအမျိုးအစား -	ဟိုတယ်၊ အားလပ်ရက်အပန်းဖြေစခန်း၊ လူငှားအိမ်များ၊ ဝန်ဆောင်မှု တိုက်ခန်းများ၊ ညီလာခံစင်တာများ၊ သီးသန့်ကလပ်များ	
လက်တွေ့အသုံးပြုသောနေရာများ	**နေထိုင်အသုံးပြုသူပမာဏ (စတုရန်းမီတာ/လူ)**	**မှတ်ချက်**
ကြိုဆိုရေးနေရာ	၃.၀	
ဧည့်ခန်း/စကြီးများ	-	အမြဲလူမရှိနေနိုင်သော
စောင့်ဆိုင်းနေရာ/ဧည့်ခန်း	၃.၀	
Atrium /လူအများဝင်ထွက်သွားလာရာနေရာ	၃.၀	
ဧည့်သည်ခန်း/အိပ်ဆောင်ယူနစ်	၁၅.၀ (ဧည့်ခန်း၊ ရေအိမ် စသည့်နေရာများ အပါအဝင်)	အခန်းတစ်ခုစီ၏ စုစုပေါင်း ကြမ်းခင်းဧရိယာ၊အခန်းတစ်ခန်းတွင် အနည်းဆုံး လူနှစ်ယောက်
တန်ဖိုးနည်းဟိုတယ်များ	၃.၀ (ဧည့်ခန်းနေရာ၊ ရေအိမ်၊စသည့်နေရာများ အပါအဝင်)	အခန်းနှင့် တွက်သည်၊ အခန်းတစ်ခန်းတွင် အများဆုံး လူဦးရေ(၂၀) ရှိရမည်။ အများဆုံးရှိရမည့် အခန်းအကျယ်သည် (၆၀) စတုရန်းမီတာထက်မပိုရ။
ဝန်ဆောင်မှုအခန်းများ	၁၅.၀	ယူနစ်တစ်ခုလျှင်
ဘား/ အရက်ဆိုင်	၁.၀	စုစုပေါင်းဧရိယာ
ဒစ်စကိုကလပ်	၁.၀(အစားအသောက်နှင့် ကပွဲနေရာ အပါအဝင်)	စုစုပေါင်းကြမ်းခင်းဧရိယာ
ညကလပ်	၁.၅(အစားအသောက်နှင့် ကပွဲဧရိယာအပါအဝင်)	စုစုပေါင်းဧရိယာ
စားသောက်ဆိုင်	၁.၅	
ပြပွဲခန်း/ဘက်စုံသုံးဧရိယာ	၁.၅	
ပွဲခန်းမ/ကပွဲခန်းမ	၁.၅	
ပွဲအကြိုခန်းမ	-	အမြဲလူမရှိနေနိုင်သော
စီးပွားရေးလုပ်ငန်း စင်တာ	၁၀.၀	
စီမံခန့်ခွဲရေးရုံး	၁၀.၀	
ညီလာခံခန်း	၁.၅	

အုပ်စု ၇ - အများပြည်သူသွားလာအပန်းဖြေရာနေရာ အဆောက်အအုံအမျိုးအစား - ဟိုတယ်၊ အားလပ်ရက်အပန်းဖြေစခန်း၊ လူငှားအိမ်များ၊ ဝန်ဆောင်မှု တိုက်ခန်းများ၊ ညီလာခံစင်တာများ၊ သီးသန့်ကလပ်များ		
အစည်းအဝေးခန်း/ဆွေးနွေးခန်း	၁.၅	
စာကြည့်တိုက်	၁၀.၀	စာအုပ်စင်နေရာ
	၅.၀	စာဖတ်ရန်နေရာ
ဈေးဆိုင်	၅.၀	
ကျန်းမာရေးကလပ်/စင်တာ/ အလှပြင်ဆိုင် *(၃)	၅.၀	
ရေကူးကန်ဘောင်	၁၀.၀	
ရေကူးကန်	-	
တင်းနစ်ကစားသည့်အခန်း	-	တစ်ခန်းလျှင်နှစ်ယောက်
ဝန်ထမ်းနားနေခန်း	-	အမြဲလူမရှိနေနိုင်သော
ဝန်ထမ်းများစားသောက်တန်း	၁.၅	
ရေအိမ်/အဝတ်လဲခန်း/ ပစ္စည်းထားခန်း	-	အမြဲလူမရှိနေနိုင်သော
မီးဖိုချောင်/ဝန်ဆောင်မှုနေရာ	၁၀.၀	
အဝတ်လျှော်ခန်း/ပင်မင်း *(၁)	၁၀.၀	
စက်ခန်း	၃၀.၀	
မြေပြင်အထက်တွင်ဖြစ်စေ၊ မြေအောက်တွင်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းများနှင့် ဆက်ထားသောလျှောက်လမ်းများ	၂.၀	
ပြုပြင်ထိန်းသိမ်းရန်အတွက်သာအမိုးပေါ်သို့ဝင်ထွက်သည့်လမ်း	-	
အဆောက်အအုံအတွင်းရှိသူများဖြစ်စေ၊ ဝန်ထမ်းများဖြစ်စေ ဝင်ထွက်နိုင်သော ခေါင်းမိုးပေါ် ဥယျာဉ်/ခေါင်မိုးလှေကား	၁.၅(**ဇယား ၁.၆** တွင် ခြုံငုံထားသောနေရာများ မှအပ)	

* ဇယား (၁(၁၈.၅. အဆုံးရှိ မှတ်စုများမှ ၁၊ ၂ သို့မဟုတ် ၃ ကို ကိုးကားရန်။

ဇယား (၁.၅.၉)

အုပ်စု ၇ - လူအများအပန်းဖြေနားနေရာနေရာ အဆောက်အအုံအမျိုးအစား - ရပ်ကွက်အသင်းနေရာများ		
လက်တွေ့အသုံးပြုသောနေရာများ	**နေထိုင်အသုံးပြုသူပမာဏ (စတုရန်းမီတာ/လူ)**	**မှတ်ချက်**
ကြိုဆိုရေးနေရာ	၃.၀	
ဧည့်ခန်း/စကြီ်များ	-	အမြဲလူမရှိနေနိုင်သော
စောင့်ဆိုင်းခန်း/ ဧည့်သည်နေရာ	၃.၀	
လူအများဝင်ထွက်သွားလာရာနေရာ	၃.၀	
စီမံခန့်ခွဲမှုရုံး	၁၀.၀	
ဘက်စုံသုံးခန်းမ	၁.၅	
အစည်းအဝေးခန်း	၁.၅	
စာကြည့်တိုက်	၁၀.၀	စာအုပ်စင်နေရာ
	၅.၀	စာဖတ်ရန်နေရာ
ကျန်းမာရေး/ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်သည့်အခန်း/ အလှပြင်ခန်း*(၃)	၅.၀	
ကစားခန်း	၁.၅	
စားသောက်တန်း/ကော်ဖီဆိုင်	၁.၅	
မီးဖိုခန်း	၁၀.၀	
ရေအိမ်/အဝတ်လဲခန်း	-	အမြဲလူမရှိနေနိုင်သော
သိုလှောင်ရာနေရာ	၃၀.၀	
စက်ခန်း	၃၀.၀	
ပြုပြင်ထိန်းသိမ်းရန်အတွက်သာ ဖြစ်သောအမိုးပေါ်သို့ဝင်ထွက်လမ်း	-	
အဆောက်အအုံအတွင်းရှိသူများ ဖြစ်စေ၊ ဝန်ထမ်းများဖြစ်စေ ဝင်ထွက်နိုင်သောခေါင်းမိုးပေါ် ဥယျာဉ်/ခေါင်မိုးလှေကား	၁.၅(**ဇယား ၁.၆** တွင် ခြုံငုံထားသော နေရာများမှအပ)	

* ဇယား (၁(၁ဃ.၅. အဆုံးရှိ မှတ်စုများမှ ၁၊ ၂ သို့မဟုတ် ၃ ကို ကိုးကာရန်။

ဇယား (၁.၅.၁၀)

အုပ်စု ၇ -	အများပြည်သူအပန်းဖြေရာနေရာ	
အဆောက်အအုံအမျိုးအစား -	ပြတိုက်၊အများပြည်သူအနုပညာပြခန်းများ၊ပြခန်းစင်တာများ	
လက်တွေ့အသုံးပြုသောနေရာများ	**နေထိုင်အသုံးပြုသူပမာဏ (စတုရန်းမီတာ/လူ)**	**မှတ်ချက်**
ကြိုဆိုရေးနေရာ	၃.၀	စာဖတ်ရန်နေရာ
ဧည့်ခန်း/စကြံမျာ	-	အမြဲလူမရှိနေနိုင်သော
စောင့်ဆိုင်းရန်နေရာ/ဧည့်သည်ခန်း	၃.၀	
လူအများဝင်ထွက်သွားလာရာနေရာ	၃.၀	
စီမံခန့်ခွဲမှုရုံး	၁၀.၀	
မော်ကွန်းတိုက်/စာကြည့်တိုက်	၁၀.၀	စာအုပ်စင်နေရာ
	၅.၀	စာဖတ်ရန်နေရာ
ပြခန်းဇရိယာ	၁.၅	
ဇာတ်ရုံတွင်းပရိသတ်နေရာ/ဇာတ်ရုံ	၁.၅ (စုဝေးအသုံးပြုမှုများအတွက်၊ နေထိုင်သူပမာဏတွက်ချက်ရာတွင် အသေတပ်ထားသော ထိုင်ခုံအရေတွက်ပေါ်တွင် အခြေခံတွက်ချက်နိုင်သည်။)	
သိုလှောင်ရာနေရာ	၃၀.၀	
ဈေးဆိုင်များ	၅.၀	
စားသောက်ဆိုင်	၁.၅	
စားသောက်ဆိုင်တန်း/ကော်ဖီဆိုင်	၁.၅	
မီးဖိုခန်း	၁၀.၀	
ဝန်ထမ်းများနားနေခန်း	-	အမြဲလူမရှိနေနိုင်သော
ရေအိမ်/အဝတ်လဲခန်း	-	အမြဲလူမရှိနေနိုင်သော
စက်ခန်း	၃၀.၀	
ပြုပြင်ထိန်းသိမ်းရန်အတွက်သာဖြစ်သော အမိုးပေါ်သို့ဝင်ထွက်သည့်လမ်း	-	
အဆောက်အအုံအတွင်းရှိသူများဖြစ်စေ၊ ဝန်ထမ်းများဖြစ်စေ ဝင်ထွက်နိုင်သော ခေါင်းမိုးပေါ်ဥယျာဉ်/ခေါင်မိုးလှေကား	၁.၅(**ဇယား ၁.၆** တွင် ခြုံငုံထားသောနေရာများမှ အပ)	

ဇယား (၁.၅.၁၁)

အုပ်စု ၇ -	အများပြည်သူအပန်းဖြေသွားလာရာနေရာ	
အဆောက်အအုံအမျိုးအစား -	ဇာတ်ရုံများ၊ ရုပ်ရှင်ရုံများ၊ ကပွဲခန်းမများ	
လက်တွေ့အသုံးပြုသောနေရာများ	**နေထိုင်အသုံးပြုသူပမာဏ (စတုရန်းမီတာ/လူ)**	**မှတ်ချက်**
ကြိုဆိုရေးနေရာ	၃.၀	
ဧည့်ခန်း/ဇာတ်ရုံအဝင်ခန်းမ	၃.၀	
စကြံ့များ	-	အမြဲလူမရှိနေနိုင်သော
စောင့်ဆိုင်းရန်နေရာ/ဧည့်သည်ခန်း	၃.၀	
စီမံခန့်ခွဲမှုရုံးခန်း	၁၀.၀	
လက်မှတ်ရောင်းရုံးခန်း	၁၀.၀	
ထိုင်ခုံပါပြခန်း	၁.၅	အရေအတွက်နှင့်ဖြစ်စေ
ဇာတ်စင်	-	အမြဲလူမရှိနေနိုင်သော
ဇာတ်စင်နောက်ပိုင်းနေရာ	၃.၀	
သံစုံတီးဝိုင်းနေရာ	၁.၅	
အဝတ်လဲခန်း	၃.၀	
အလင်းပေး/အလင်းအမှောင်ပေးခန်း	၅.၀	
ဆလိုက်မီးစက်ခန်း	၅.၀	
အထွေထွေသိုလှောင်ခန်း	၃၀.၀	
စားသောက်ဆိုင်	၁.၅	
စားသောက်ဆိုင်တန်း/သရေစာအရောင်းဆိုင်	၁.၅	
မီးဖိုခန်း	၁၀.၀	
ရေအိမ်များ		အမြဲလူမရှိနေနိုင်သော
စက်ခန်း	၃၀.၀	
ပြုပြင်ထိန်းသိမ်းရန်အတွက်သာဖြစ်သော အမိုးပေါ်သို့ဝင်ထွက်လမ်း	-	
အဆောက်အအုံအတွင်းရှိသူများ ဖြစ်စေ၊ ဝန်ထမ်းများဖြစ်စေ ဝင်ထွက်နိုင်သော ခေါင်းမိုးပေါ်ဥယျာဉ်/ခေါင်မိုးလှေကား	၁.၅(**ဇယား ၁.၆** တွင် ခြုံငုံထားသောနေရာများ မှအပ)	

ဇယား (၁.၅.၁၂)

အုပ်စု ၇ -	အများပြည်သူအပန်းဖြေသွားလာရာနေရာ	
အဆောက်အအုံအမျိုးအစား -	ပြည်သူ့စာကြည့်တိုက်	
လက်တွေ့အသုံးပြုသောနေရာများ	**နေထိုင်သူပမာဏ (စတုရန်းမီတာ/လူ)**	**မှတ်ချက်**
ကြိုဆိုရေးနေရာ	၃.၀	
ဇာတ်ရုံအဝင်ခန်းမ	၃.၀	၄ားရမ်းရန်ကောင်တာဧရိယာ
ဧည့်ခန်း/စကြီး	-	အမြဲလူမရှိနေနိုင်သော
စောင့်ဆိုင်းရန်နေရာ/ဧည့်သည်ခန်း	၃.၀	
စီမံခန့်ခွဲမှုရုံး	၁၀.၀	
စာကြည့်တိုက်ဧရိယာ	၁၀.၀	စာအုပ်စင်နေရာ
	၅.၀	စာဖတ်ရန်နေရာ
ရုပ်သံပြခန်းဧရိယာ	၃.၀	
ပရိသတ်ထိုင်ခုံနေရာ/ဇာတ်ရုံ	၁.၅(စုဝေးအသုံးပြုမှုအတွက်၊ အသုံးပြုသူပမာဏကိုတွက်ချက်ရန်ရည်ရွယ်ချက်အတွက်ထားရှိသော ထိုင်ခုံတွင်အခြေခံနိုင်သည်)	
ဘက်စုံသုံးအခန်း	၁.၅	
စာအုပ်/အထွေထွေသိုလှောင်သိမ်းဆည်းခန်း	၃၀.၀	
ကော်ဖီဆိုင်/မုန့်ဆိုင်	၁.၅	
မီးဖိုချောင်ငယ်	၁၀.၀	
ရေအိမ်	-	အမြဲလူမရှိနေနိုင်သော
စက်ခန်း	၃၀.၀	
ပြုပြင်ထိန်းသိမ်းရန်အတွက်သာ ဖြစ်သောအမိုးပေါ်သို့ဝင်ထွက်လမ်း	-	
အဆောက်အအုံအတွင်းရှိသူများ ဖြစ်စေ၊ ဝန်ထမ်းများဖြစ်စေ ဝင်ထွက်နိုင်သော ခေါင်းမိုးပေါ် ဥယျာဉ်/ ခေါင်မိုးလှေကား	၁.၅(**ဇယား ၁.၆** တွင် ခြုံငုံထားသော နေရာများမှအပ)	

ဇယား (၁.၅.၁၃)

အုပ်စု ၇ - အများပြည်သူအပန်းဖြေသွားလာရာနေရာ အဆောက်အအုံအမျိုးအစား - ဘာသာရေးအဆောက်အအုံ		
လက်တွေ့အသုံးပြုသောနေရာများ	**နေထိုင်သူပမာဏ (စတုရန်းမီတာ/လူ)**	**မှတ်ချက်**
ကြိုဆိုရေးနေရာ	၃.၀	
အဝင်ခန်းမ	၃.၀	
ဧည့်ခန်း/စကြီး	-	အမြဲလူမရှိနေနိုင်သော
စောင့်ဆိုင်းရာနေရာ/ဧည့်သည်ခန်း	၃.၀	
အစည်းအဝေးခန်း/ဆွေးနွေးခန်း	၁၀.၀	
စာသင်ခန်း	၁.၅	
ဆုတောင်းဝတ်ပြုခန်း/ ပြခန်း	၁.၅	
ဓမ္မတေးသံစုံကျူးအဖွဲ့နေရာ	၁.၅	
စျာပန	၁.၅	
ရင်ခွဲရုံ	၃၀.၀	
စားသောက်ခန်း	၁.၅	
မီးဖိုချောင်ငယ်	၁၀.၀	
ဝန်ထမ်းလိုင်းခန်း	၁၅.၀	
အထွေထွေသိုလှောင်ရုံ	၃၀.၀	
ရေအိမ်/အဝတ်လဲခန်း	-	အမြဲလူမရှိနေနိုင်သော
စက်ခန်း	၃၀.၀	
ပြုပြင်ထိန်းသိမ်းရန်အတွက်သာဖြစ်သောအမိုးပေါ်သို့ဝင်ထွက်လမ်း	-	
အဆောက်အအုံအတွင်းရှိသူများ ဖြစ်စေ၊ ဝန်ထမ်းများဖြစ်စေ ဝင်ထွက်နိုင်သော ခေါင်းမိုးပေါ်ဥယျာဉ်/ခေါင်မိုးလှေကား	၁.၅(**ဇယား ၁.၆** တွင် ခြုံငုံထားသော နေရာများမှအပ)	

ဇယား (၁.၅.၁၄)

အုပ်စု ၇ -	အများပြည်သူအပန်းဖြေသွားလာရာနေရာ	
အဆောက်အအုံအမျိုးအစား -	အများပြည်သူအားကစားရုံ၊အားကစားရုံ၊ပြည်သူ့ရေကူးကန်	
လက်တွေ့အသုံးပြုသောနေရာများ	**နေထိုင်သူပမာဏ (စတုရန်းမီတာ/လူ)**	**မှတ်ချက်**
ကြိုဆိုရေးနေရာ	၃.၀	
ဧည့်ခန်း/စကြီး	-	အမြဲလူမရှိနေနိုင်သော
လူအများသွားလာရာနေရာ/အဝင်ခန်းမ	၃.၀	
စောင့်ဆိုင်းရန်နေရာ/ဧည့်သည်ခန်း	၃.၀	
စီမံခန့်ခွဲရေးရုံး	၁၀.၀	
အစည်းအဝေးခန်း/ဆွေးနွေးခန်း	၁.၅	
ဘက်စုံသုံး အားကစားခန်းမ	၃.၀	
အားကစားရုံ	၃.၅	
သင်တန်းဧရိယာ	၃.၀	
အထူးတန်း/ပွဲကြည့်စင်ဧရိယာ	၁.၅	
နံရံနှင့်ဘောလုံးရိုက်ကစားကွင်း	-	တစ်ကွင်းလျှင်နှစ်ယောက်
ရေကူးကန်ဘောင်	၅.၀	
ရေကူးကန်	၂.၅	
စားသောက်ဆိုင်	၁.၅	
ကော်ဖီဆိုင်	၁.၅	
အမြန်စားအစားအစာဆိုင်	၁.၀	
မီးဖိုချောင်	၁၀.၀	
အထွေထွေသိုလှောင်ရုံ	၃၀.၀	
ရေအိမ်/ အဝတ်လဲခန်း	-	အမြဲလူမရှိနေနိုင်သော
စက်ခန်း	၃၀.၀	
ပြုပြင်ထိန်းသိမ်းရန်အတွက်သာဖြစ်သောအမိုးပေါ်သို့ဝင်ထွက်လမ်း	-	
အဆောက်အအုံအတွင်းရှိသူများ ဖြစ်စေ၊ ဝန်ထမ်းများဖြစ်စေ ဝင်ထွက်နိုင်သော ခေါင်းမိုးပေါ်ဥယျာဉ်/ခေါင်မိုးလှေကား	၁.၅(**ဇယား ၁.၆** တွင် ခြုံငုံထားသော နေရာများမှအပ)	

ဇယား (၁.၅.၁၅)

အုပ်စု ၇ - အများပြည်သူအပန်းဖြေသွားလာရာနေရာ အဆောက်အအုံအမျိုးအစား - အပန်းဖြေအဆောက်အအုံ၊ ပျော်ပွဲရွင်ပွဲစင်တာ		
လက်တွေ့အသုံးပြုသောနေရာများ	**နေထိုင်သူပမာဏ (စတုရန်းမီတာ/လူ)**	**မှတ်ချက်**
ကြိုဆိုရေးနေရာ	၃.၀	
ဧည့်ခန်း/စကြီး	-	အမြဲလူမရှိနေနိုင်သော
စောင့်ဆိုင်းရန်နေရာ/ဧည့်သည်ခန်း	၃.၀	
စီမံခန့်ခွဲရေးရုံး	၁၀.၀	
အစည်းအဝေးခန်း/ဆွေးနွေးခန်း	၁.၅	
ဘိုးလင်းလမ်းကြောင်းများမပါသော ဘိုးလင်းလှိမ့်မြောင်း	၁.၀	
စက် နေရာများမပါသောပျော်ပွဲရွင်ပွဲပန်းခြံ	၁.၀	
ဘိလိယက်ခန်း	၅.၀	
စကိတ်ကွင်း	၃.၀	စကိတ်ကွင်းဧရိယာ
ပွဲကြည့်ပရိသတ်နေရာ	၁.၅	
ဒစ်စကို (စားသောက်ရန်နေရာနှင့် ကပွဲနေရာအပါအဝင်)	၁.၀	အကြမ်းဖျင်းဧရိယာ
ဘီယာဆိုင်/ဘား	၁.၀	အကြမ်းဖျင်းဧရိယာ
ကာရာအိုကေခန်း (စားသောက်ရန်နေရာနှင့် ကရန်နေရာအပါအဝင်)	၁.၅	အကြမ်းဖျင်းဧရိယာ
ညကလပ်((စားသောက်ရန်နေရာနှင့် ကရန်နေရာအပါအဝင်)	၁.၅	အကြမ်းဖျင်းဧရိယာ
ကျန်းမာရေးကလပ်/စင်တာ*(၃)	၅.၀	
စားသောက်ဆိုင်	၁.၅	
ကော်ဖီဆိုင်/မုန့်ဆိုင်	၁.၅	
အမြန်စားအစားအစာဆိုင်	၁.၀	
မီးဖိုချောင်/ဝန်ဆောင်မှုဧရိယာ	၁၀.၀	
ရေအိမ်/အဝတ်လဲခန်း	-	အမြဲလူမရှိနေနိုင်သော

အုပ်စု ၇ - အများပြည်သူအပန်းဖြေသွားလာရာနေရာ အဆောက်အ**အုံ**အမျိုးအစား - အပန်းဖြေအဆောက်အ**အုံ**၊ ပျော်ပွဲရွင်ပွဲစင်တာ		
အထွေထွေသိုလှောင်သိမ်းဆည်းခန်း	၃၀.၀	
စက်ခန်း	၃၀.၀	
ပြုပြင်ထိန်းသိမ်းရန်အတွက်သာဖြစ်သောအ မိုးပေါ်သို့ဝင်ထွက်လမ်း	-	
အဆောက်အအုံအတွင်းရှိသူများဖြစ်စေ၊ ဝန်ထမ်းများဖြစ်စေ ဝင်ထွက်နိုင်သော ခေါင်းမိုးပေါ်ဥယျာဉ်/ခေါင်မိုးလှေကား	၁.၅(**ဇယား ၁.၆** တွင် ခြုံငုံထားသော နေရာများမှအပ)	

* ဇယား (၁(၁စ.၅. အဆုံးရှိ မှတ်စုများမှ ၁၊ ၂ သို့မဟုတ် ၃ ကို ကိုးကားရန်။

ဇယား (၁.၅.၁၆)

အုပ်စု ၇ -		အများပြည်သူအပန်းဖြေသွားလာရာနေရာ
အဆောက်အအုံအမျိုးအစား -		စားသောက်ခန်း၊ စားသောက်ဆိုင်၊ ကော်ဖီဆိုင်၊ အမြန်စားအစားအစာ အရောင်းဆိုင်၊ လှည့်လည်ရောင်းချသူများစင်တာ
လက်တွေ့အသုံးပြုသောနေရာများ	**နေထိုင်သူပမာဏ (စတုရန်းမီတာ/လူ)**	**မှတ်ချက်**
ကြိုဆိုရေးနေရာ	၃.၀	
ဧည့်ခန်း/စကြံ	-	အမြဲလူမရှိနေနိုင်သော
စောင့်ဆိုင်းရန်နေရာ	၃.၀	
စီမံခန့်ခွဲရေးရုံး	၁၀.၀	
အစည်းအဝေးခန်း/ဆွေးနွေးခန်း	၁.၅	
အစားအသောက်ဧရိယာ၊	၁.၅	ခေါင်းရွက်ဗျတ်ထိုးစျေးသည်များ
	၁.၀	အမြန်စားအစားအစာဆိုင်
	၁.၅	အခြား
ဘား/ဘီယာဆိုင်	၁.၀	အကြမ်းဖျင်းဧရိယာ
နားနေခန်း	၂.၅	
မီးဖိုချောင်/ဝန်ဆောင်မှုဧရိယာ	၁၀.၀	
သိုလှောင်သိမ်းဆည်းသောနေရာ	၃၀.၀	
ရေအိမ်/အဝတ်လဲခန်း	-	အမြဲလူမရှိနေနိုင်သော
ဝန်ထမ်းနားနေခန်း	-	အမြဲလူမရှိနေနိုင်သော
စက်ခန်း	၃၀.၀	
မြေပြင်အထက်တွင်ဖြစ်စေ၊ မြေအောက်တွင်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းများကို ဆက်ထားသောခြေလျင်လမ်း	၂.၀	
ပြုပြင်ထိန်းသိမ်းရန်အတွက်သာဖြစ်သောအမိုးပေါ်သို့ဝင်ထွက်လမ်း	-	
အဆောက်အအုံအတွင်းရှိသူများ ဖြစ်စေ၊ ဝန်ထမ်းများဖြစ်စေ ဝင်ထွက်နိုင်သော ခေါင်းမိုးပေါ်ဥယျာဉ်/ခေါင်မိုးလှေကား	၁.၅(**ဇယား ၁.၆** တွင် ခြုံငုံထားသော နေရာများမှအပ)	

ဇယား (၁.၅.၁၇)

အုပ်စု ၇ - အများပြည်သူအပန်းဖြေသွားလာရာနေရာ အဆောက်အအုံအမျိုးအစား - ဘတ်စ်ကားဂိတ်၊ ဘူတာရုံ၊ လေဆိပ်၊ ကူးတို့ဆိပ်		
လက်တွေ့အသုံးပြုသောနေရာများ	**နေထိုင်သူပမာဏ (စတုရန်းမီတာ/လူ)**	**မှတ်ချက်**
ကြိုဆိုရေးနေရာ	၃.၀	
ဧည့်ခန်း/စကြံ	-	အမြဲလူမရှိနေနိုင်သော
စောင့်ဆိုင်းရန်နေရာ/ဧည့်သည်ခန်း	၃.၀	
လူအများသွားလာရာနေရာ	၃.၀	
စီမံခန့်ခွဲရေးရုံး	၁၀.၀	
အစည်းအဝေး/ဆွေးနွေးခန်း	၁.၅	
လက်မှတ်ရောင်းရုံးခန်း	၁၀.၀	
စီးပွားရေးလုပ်ငန်းစင်တာ	၁၀.၀	
ခရီးသည်ဆိုက်ရောက်	၁.၅	ဘတ်စ်ကားဂိတ်
ခရီးသည်ထွက်ခွာနေရာ/အဝင်ခန်းမကြီး	၃.၀	အခြား
စားသောက်ဆိုင်	၁.၅	
ကော်ဖီဆိုင်	၁.၅	
အမြန်စား အစားအစာဆိုင်	၁.၀	
မီးဖိုချောင်/ဝန်ဆောင်မှုဧရိယာ	၁၀.၀	
ဈေးဆိုင်	၅.၀	
ဝန်ထမ်းနားနေခန်း	-	အမြဲလူမရှိနေနိုင်သော
သိုလှောင်သိမ်းဆည်းရာနေရာ	၃၀.၀	
ရေအိမ်/အဝတ်လဲခန်း	-	အမြဲလူမရှိနေနိုင်သော
စက်ခန်း	၃၀.၀	
မြေပြင်အထက်တွင်ဖြစ်စေ၊ မြေအောက်တွင်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းများနှင့် ဆက်ထားသော ခြေလျှင်လမ်း	၂.၀	
ပြုပြင်ထိန်းသိမ်းရန်အတွက်သာဖြစ်သော အမိုးပေါ်သို့ဝင်ထွက်လမ်း	-	
အဆောက်အအုံအတွင်းရှိသူများ ဖြစ်စေ၊ ဝန်ထမ်းများ ဖြစ်စေ ဝင်ထွက်နိုင်သော ခေါင်းမိုးပေါ် ဥယျာဉ်/ ခေါင်မိုးလှေကား	၁.၅(**ဇယား ၁.၆** တွင် ခြုံငုံထားသော နေရာများမှအပ)	

ဇယား (၁.၅.၁၈)

အုပ်စု ၈ - ကုန်လှောင်ရုံ၊ ဂိုဒေါင်၊ အများပြည်သူမော်တော်ကားရပ်နားရန်နေရာ အဆောက်အအုံအမျိုးအစား - ကုန်လှောင်ရုံ၊ ဂိုဒေါင်၊ မော်တော်ကားရပ်နားရန်နေရာ		
လက်တွေ့အသုံးပြုသောနေရာများ	**နေထိုင်သူ ပမာဏ (စတုရန်းမီတာ/လူ)**	**မှတ်ချက်**
ကြိုဆိုရေးနေရာ	၃.၀	
ဧည့်ခန်း/စကြီး	-	အမြဲလူမရှိနေနိုင်သော
စောင့်ဆိုင်းရန်နေရာ/ဧည့်သည်ခန်း	၃.၀	
စီမံခန့်ခွဲရေးရုံး	၁၀.၀	
အစည်းအဝေးခန်း/ဆွေးနွေးခန်း	၁.၅	
ထုတ်ပိုးဧရိယာ	၁၀.၀	
ကုန်ပစ္စည်းသိုလှောင်ခန်း	၃၀.၀	
အထွေထွေသိုလှောင်ခန်း	၃၀.၀	
အတင်/အချနေရာ	ကားရပ်ရန်နေရာတစ်ခုတိုင်းတွင် ၄	
ဝန်ထမ်းနားနေခန်း	-	အမြဲလူမရှိနေနိုင်သော
ရေအိမ်/အဝတ်လဲခန်း	-	အမြဲလူမရှိနေနိုင်သော
ဝန်ထမ်းစားသောက်တန်း	၁.၅	
မီးဖိုချောင်/ဝန်ဆောင်မှုဧရိယာ	၁၀.၀	
စက်ခန်း	၃၀.၀	
ပြုပြင်ထိန်းသိမ်းရန်အတွက်သာဖြစ်သော အမိုးပေါ်သို့ဝင်ထွက်လမ်း	-	
အဆောက်အအုံအတွင်းရှိသူများ ဖြစ်စေ၊ ဝန်ထမ်းများဖြစ်စေ ဝင်ထွက်နိုင်သော ခေါင်းမိုးပေါ်ဥယျာဉ်/ခေါင်မိုးလှေကား	၁.၅ (**ဇယား ၁.၆** တွင် ခြုံငုံထားသော နေရာများမှအပ)	

(က) မော်တော်ကားရပ်နားရန်နေရာ-အသုံးပြုသူကို တစ်ဦးလျှင် ၃၀ စတုရန်းမီတာ တွင်အခြေခံ၍ တွက်သည်။

(ခ) အထက်ပါဇယားများတွင်မပါရှိသော အဆောက်အ**အုံ**အမျိုးအစားများအတွက်၊ နေထိုင်အသုံးပြုသူပမာဏတွက်ချက်ခြင်းကို ရည်ရွယ်ချက်အုပ်စုတူအတွင်းရှိသော အဆောက်အ**အုံ**များ

အတွက် ဖော်ပြထားသည့်အချက်အလက်များတွင် အခြေခံရမည်။ သို့မဟုတ်ပါက သက်ဆိုင်ရာအာဏာပိုင်က စီစစ်သတ်မှတ်သည့်အတိုင်း တွက်ချက်ရမည်။

(၁) အဝတ်လျှော်စက်များတပ်ဆင်ထားသော ပင်မင်း (အဝတ်လျှော်) ဧရိယာအတွက် နေထိုင်အသုံးပြုသူပမာဏကိုတစ်ဦးလျှင် ၁၅.၀ စတုရန်းမီတာနှုန်းဖြင့်တွက်ချက်နိုင်သည်။

(၂) အလိုအလျောက်ဖြစ်စေ၊ အလိုအလျောက်မဟုတ်သည်ဖြစ်စေ၊ ထုတ်လုပ်မှုဧရိယာကိုတစ်ဦးလျှင် ၁၀.၀ စတုရန်းမီတာနှုန်းဖြင့် အခြေခံတွက်ချက်ရမည်။

(၃) ကျန်းမာရေး/ကိုယ်လက်ကြံ့ခိုင်ရေးစင်တာများ/အလှပြင်ဆိုင်များတွင် ကိုယ်အလေးချိန်သင်တန်းများ၊ အေရိုးဗစ်၊ အနှိပ်ခန်း၊ ချွေးထုတ်ခန်း/ပေါင်းခံရေချိုးခန်းနှင့် ရေပူဝဲကတော့ကန် များပါဝင်သည်။

ဇယား (၁.၆) ခေါင်မိုးပေါ်ဥယျာဉ်/ခေါင်မိုးလှေကား/ကောင်းကင်ဥယျာဉ်/ကောင်းကင်လှေကားတို့အတွက် နေထိုင်အသုံးပြုသူပမာဏအချက်အလက်များ

လက်တွေ့အသုံးပြုသောနေရာများ	**နေထိုင်သူပမာဏ (စတုရန်းမီတာ/လူ)**	**မှတ်ချက်**
အနည်းငယ်နှိမ့်ထားသော အပင်များစိုက်ထားသည့်ဧရိယာ	၃.၀	
အမြင့် ၃၀၀မီလီမီတာထက်နည်းသော ပန်းစိုက်ခုံများ (ပန်းစိုက်ခုံသည် အပင်/ချုံပင်ဖြင့်ဖုံးလွှမ်းထားခြင်းရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ)	၁.၅	
၃၀၀မီလီမီတာမှ ၅၀၀မီလီမီတာအမြင့်ရှိပြီး သစ်ပင်ချုံပင်တို့ဖြင့်ဖုံးလွှမ်းနေသော ပန်းစိုက်ခုံများ	-	
၃၀၀မီလီမီတာမှ ၅၀၀မီလီမီတာအမြင့်ရှိပြီး သစ်ပင်ချုံပင်တို့ဖြင့် ဖုံးလွှမ်းမနေသော ပန်းစိုက်ခုံများ	၁.၅	
အမြင့် ၅၀၀မီလီမီတာထက်ပိုမြင့်သောပန်းစိုက်ခုံ (လှေကားထစ်၊ ဆင်ခြေလျှောတို့ဖြင့် တက်နိုင်ခြင်းမရှိ)	-	
၃၀၀မီလီမီတာထက်နည်းသော နှိမ့်ထားသော /မြှင့်ထားသော ရေ စီးဇယား၏ အနက်/အမြင့် (အမြဲတန်း/အသေတပ်ဆင်ထားသောအဆောက်အအုံ)	၃.၀	
၃၀၀မီလီမီတာနှင့်အထက်ရှိသောနှိမ့်ထားသော /မြှင့်ထားသောရေစီးဇယား၏ အနက်/အမြင့် (အမြဲတန်း/အသေတပ်ဆင်ထားသောအဆောက်အအုံ)	-	
၃မီတာအကျယ်ထက်မပိုသော လျှောက်လမ်း/သတ်မှတ်ထားသောလမ်းကြောင်း	၃.၀	
ကလေးကစားကွင်း(ကစားကွင်းပစ္စည်းကရိယာများဖြင့်)	၃.၀	
အများပြည်သူဖြစ်စေ၊ နေထိုင်အသုံးပြုသူများဖြစ်စေ ဝင်ထွက်၍ မရသော အမိုး(ထိန်းသိမ်းမှုအတွက်သာ)	-	

မှတ်ချက်- ရှိနေသော ခေါင်မိုးဥယျာဉ်တွင် လုပ်ငန်းများပြုလုပ်မည်ဆိုပါက နေထိုင်အသုံးပြုသူ တိုးလာခြင်း ရှိ/မရှိကို ထည့်သွင်းမစဉ်းစားပဲ အရည်အချင်းမီပုဂ္ဂိုလ်က မီးသတ်ဦးစီး ဌာနသို့ ခွင့်ပြုချက်တင်ပြရမည်။

အခန်း(၂)
ရည်ရွယ်ချက်

၄။ ပြောင်းလဲတိုးတက်လာသော ခေတ်စနစ်နှင့်အညီ နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသော မီးဘေးလုံခြုံရေးနှင့် အရေးပေါ်လွတ်မြောက်မှုဆိုင်ရာ စံချိန်စံညွှန်းများနည်းတူ မြန်မာနိုင်ငံ မီးဘေး လုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များ (၂၀၂၀)၊ Myanmar Fire Safety Code (2020) ကို ရေးဆွဲပြီး အောက်ပါရည်ရွယ်ချက်များဖြင့် ထုတ်ပြန်လိုက်သည်-

(က) အဆောက်အအုံအမျိုးအစားနှင့် အသုံးပြုမှုအပေါ်မူတည်၍ မီးဘေးလုံခြုံစေရေးနှင့် ဘေးကင်းလွတ်မြောက်မှုဆိုင်ရာကြိုတင်စီမံမှုများအတွက် သတ်မှတ်ပြဋ္ဌာန်းထားသော အနည်းဆုံးလိုအပ်ချက်များကို လိုက်နာဆောင်ရွက်နိုင်ရန်။

(ခ) မီးဘေးအန္တရာယ်လုံခြုံမှုနှင့် ဘေးကင်းလွတ်မြောက်မှုဆိုင်ရာ ကိစ္စရပ်များအတွက် အဆောက်အအုံများ ဒီဇိုင်းရေးဆွဲတည်ဆောက်ရာတွင်လည်းကောင်း၊ စီမံခန့်ခွဲအသုံး ပြုရာတွင်လည်းကောင်း၊ ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရာတွင်လည်းကောင်း မဖြစ်မနေ လိုက်နာဆောင်ရွက်ရမည့် ပြဋ္ဌာန်းချက်များကို သိရှိစေရန်နှင့် ထည့်သွင်း တွက်ချက်နိုင်ရန်။

(ဂ) မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား ထိရောက်စွာဆောင်ရွက် နိုင်ရေးအတွက် အဆောက်အအုံနှင့် ဆက်စပ်ဝန်းကျင်တွင် မီးငြိမ်းသတ်ရေးဆိုင်ရာ အစီအမံများနေရာချထားနိုင်ရန်။

အခန်း (၃)

လွတ်မြောက်ရေးဆိုင်ရာနည်းလမ်းများ

၅။ ထွက်ပေါက်အစီအမံများ (Exit Facilities)။ မီးဘေးလုံခြုံရေးဆိုင်ရာ ပြဋ္ဌာန်းချက်များသည် အဆောက်အအုံများတွင် နေထိုင်သူအားလုံး ဘေးကင်းစေရန်အတွက် အဆောက်အအုံများ တည်ဆောက်ရာတွင်လည်းကောင်း၊ ပြင်ဆင်ရာတွင်လည်းကောင်း၊ အသုံးပြုပုံ ပြောင်းလဲရာတွင်လည်းကောင်း၊ ထွက်ပေါက်အစီအမံများ၏ အထားအသို၊ တည်ဆောက်ရေးစနစ် စီစဉ်ထားရှိမှုနှင့် ထွက်ပေါက်လမ်းကြောင်းတစ်လျှောက် ထိန်းသိမ်းမှုအတွက် သတ်မှတ်ပြဋ္ဌာန်းထားသည်။ လွတ်မြောက်ရာလမ်းကြောင်းအတွက်အသုံးပြုသော ထွက်ပေါက်လှေကား (Exit Staircase)၊ မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်း (Fire Fighting Lobby)၊ မီးခိုးတားခန်း (Smoke Stop Lobby) ၊ ထွက်ပေါက်လျှောက်လမ်း (Exit Passageway)၊ လွတ်မြောက်စင်္ကြံလမ်း (Escape Corridor) စသည်တို့ကို အခြားအသုံးပြုမှုများအဖြစ် ပြောင်းလဲအသုံးပြုခြင်းမပြုရ။

၆။ ထွက်ပေါက်လိုအပ်ချက်များ (Exit Requirements) ကို အောက်ပါအတိုင်း စိစစ်သတ်မှတ်ထားသည်-

(က) အဆောက်အအုံတစ်ခုအတွက် ထွက်ပေါက်လိုအပ်ချက်များ စိစစ်သတ်မှတ်ရာတွင် အဆောက်အအုံ၏အသုံးပြုပုံ ၊ နေထိုင်အသုံးပြုသူဦးရေ (Occupant Load)၊ ကြမ်းခင်းဧရိယာ (Floor Area)၊ ထွက်ပေါက်သို့ပြေးလမ်းကြောင်းအကွာအဝေး (Travel Distance to an exit) တို့အပေါ်တွင်မူတည်၍ ဇယား(၃.၅) ပါ အချက်များကို အခြေခံရမည်။ အဆောက်အအုံတစ်ခု၏ အထပ်တိုင်းတွင် နေထိုင်အသုံးပြုသူများအတွက် ထွက်ပေါက်အစီအမံများ ထားရှိရမည်။ မြေပြင်အထက်ရှိ အထပ်များအတွက် ထားရှိသော ထွက်ပေါက်လှေကားများသည် အပေါ်အောက် တစ်ဆက်တည်းတည်ရှိ၍ အထပ်တိုင်းမှအသုံးပြုနိုင်စေရမည်။ မြေပြင်အောက်ရှိအထပ်များအတွက်ထားရှိသော ထွက်ပေါက်လှေကားများသည် အပေါ်အောက်တစ်ဆက်တည်းတည်ရှိ၍အထပ်တိုင်းမှ အသုံးပြုနိုင်စေရမည်။ မြေအောက်ခန်းအတွက်ထားရှိသောထွက်ပေါက်လှေကားများသည် မီးသတ်ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ အပိုဒ် ၇(စ) ပါ ပြဋ္ဌာန်းချက်များအရ အပေါ်ထပ်များအတွက် ထားရှိသော ထွက်ပေါက်လှေကားနှင့် တစ်ဆက်တည်း ဖြစ်နေခြင်း မရှိစေရ။

(ခ) အဆောက်အအုံတစ်ခုတွင် အသုံးပြုပုံမတူညီမှုများ ရောနှောတည်ရှိခြင်း သို့မဟုတ် မတူညီသောအသုံးပြုမှုများ တစ်ချိန်တည်းတွင် အသုံးပြုလျက်ရှိခြင်း (Mixed

Occupancy) များရှိနေပါက အဆောက်အအုံတစ်ခုလုံး သို့မဟုတ် အထပ်တိုင်းတွင် ထွက်ပေါက်လိုအပ်ချက်များကို ၄င်းတို့အသုံးပြုပုံအတွက် ပြဋ္ဌာန်းချက်များနှင့်အညီ သီးခြားပြုလုပ်ထားရမည် သို့မဟုတ် ရောနှောအသုံးပြုမှုများ (Mixed Occupancy) အတွက် ထွက်ပေါက် လိုအပ်ချက်များမှ အတင်းကြပ်ဆုံးဖြစ်သည့် အသုံးပြုမှု (Strictest Exit Requirements) ကိုအခြေခံ၍ သတ်မှတ်ရမည်။

(ဂ) အဆောက်အအုံတစ်ခုတွင်ဖြစ်စေ၊ အဆောက်အအုံတစ်ခု၏ အထပ်တစ်ထပ်တွင် ဖြစ်စေ၊ အဆောက်အအုံတစ်ခု၏ အစိတ်အပိုင်းတစ်ခုတွင်ဖြစ်စေ မတူညီသောအချိန်များတွင် မတူညီသောအသုံးပြုမှုကို ရည်ရွယ်ချက်အမျိုးမျိုးဖြင့် (Multiple Occupancy) အသုံးပြုရာတွင် အများဆုံးနေထိုင်အသုံးပြုသူ လူဦးရေ (Greatest Number of Occupants) ကို အခြေခံ၍ ထွက်ပေါက်လိုအပ်ချက်များ သတ်မှတ်ပေးရမည်။

(ဃ) အဆောက်အအုံ၏ အထပ်တစ်ထပ်အတွက် နေထိုင်အသုံးပြုမည့် လူဦးရေတွက်ချက်သည့်အခါတွင် ၎င်းအထပ် တစ်ထပ်တည်းတွင်ရှိသော်လည်း အခြားအခန်းများနှင့် နေရာများအတွက် အသုံးပြုရန်ထားရှိသည့် တစ်ပြိုင်နက်တည်း လူရှိမနေနိုင်သော ရေအိမ်များ၊ အဝတ်လဲခန်းများ၊ သိုလှောင်ခန်းများ၊ ဧည့်ခန်းများ၊ လျှောက်လမ်းများနှင့် အလားတူအခန်းများ (Non-Simultaneous Occupancy) ၏ ဧရိယာအကျယ်အဝန်းကို ထည့်သွင်းတွက်ချက်ခြင်းမပြုဘဲ ချန်လှပ်ထားရမည်။

(c) ထွက်ပေါက်များ၊ ထွက်ပေါက်လှေကားများ၊ ထွက်ပေါက်လမ်းကြောင်းရှိလျှောက်လမ်းများ၊ စင်္ကြံများ၊ ထွက်ပေါက်တံခါးများနှင့် အခြားထွက်ပေါက်များ၏ ဝင်ဆံ့နိုင်မည့် လူဦးရေသည် ဤအခန်း (၃) ပါ ထွက်ပေါက်ဆိုင်ရာ အစီအမံများနှင့်အညီ ဖြစ်ရမည်။ အခန်း သို့မဟုတ် နေရာတွင် ထွက်ပေါက်နှစ်ခုထားရှိရန်လိုအပ်ပါက ထွက်ပေါက် တစ်ခုစီသည် စုစုပေါင်းနေထိုင်သူပမာဏ (Total Occupant Load) ၏ တစ်ဝက်ထက် မနည်းသောပမာဏအတွက် လုံလောက်သော အကျယ်အဝန်းရှိရမည်။

(စ) အဆောက်အအုံ အသုံးပြုပုံအလိုက် ထွက်ပေါက်သို့ ပြေးလမ်းကြောင်းအကွာအဝေး (Travel Distance) သည် ဇယား (၃.၅) တွင် ဖော်ပြသည့် အကွာအဝေးထက်မပိုဘဲ အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(၁) အနည်းဆုံးထွက်ပေါက်နှစ်ခုပါရှိရမည့် ကြမ်းခင်းဧရိယာရှိသည့် အထပ်တစ်ထပ်အတွက် ထွက်ပေါက်သို့ အဝေးဆုံးပြေးလမ်းကြောင်း အကွာအဝေး (Travel

Distance) သည် ဇယား (၃.၅) နှင့် ကိုက်ညီရမည်။ နေထိုင်အသုံးပြုသည့် နေရာတိုင်း၏ အဝေးဆုံးနေရာအမှတ်မှ အနီးဆုံးထွက်ပေါက်သို့ သွားရောက်ရမည့် အများဆုံးပြေးလမ်းကြောင်းအကွာအဝေး (Maximum Travel Distance) သည် ဇယား (၃.၅) တွင် သတ်မှတ်ထားသည့် ကန့်သတ်ချက်ထက်မပိုရ။

(၂) အထပ်ကျယ်များတွင် အခန်းငယ်များ၊ စင်္ကြံများအစရှိသည်တို့ပါရှိပါက ထွက်ပေါက်သို့ ပြေးလမ်းကြောင်းအကွာအဝေး (Travel Distance) တိုင်းတာရာတွင် ဇယား (၃.၅) အရ တိုင်းတာနိုင်သော်လည်း အခန်းဖွဲ့စည်းထားခြင်းမရှိသော ထွက်ပေါက်လမ်းကြောင်း အတိအကျမပါရှိသည့် အထပ်များတွင် တိုက်ရိုက် တိုင်းတာပါက တိုက်ရိုက်အကွာအဝေး (Direct Distance) သည် ဇယား (၃.၅) တွင် ခွင့်ပြုထားသော အများဆုံးထွက်ပေါက်လမ်းကြောင်း အကွာအဝေး (Maximum Travel Distance) ၏ သုံးပုံနှစ်ပုံထက်မပိုရ။

(၃) ထွက်ပေါက်သို့ပြေးလမ်းကြောင်း အကွာအဝေး (Travel Distance) တိုင်းတာရာတွင် အဝေးဆုံးနေရာမှ ထွက်ပေါက်သို့တိုင်းတာရမည်။ ထိုအဝေးဆုံးနေရာအမှတ်ကို တိုင်းတာရာတွင် ကာရံထားသော အခန်းထောင့်နံရံနှစ်ဖက်၏ ၄၀၀ မီလီမီတာ စီအကွာမှ စတင်တိုင်းတာရမည်။

(၄) ဟိုတယ်အိပ်ခန်းများအတွက် ထွက်ပေါက်သို့ ပြေးလမ်းကြောင်း အကွာအဝေး (Travel Distance) ကို တိုင်းတာရာတွင် အပိုဒ် ၁၁(ဂ) ပါပြဋ္ဌာန်းချက်များအား အခြေခံ၍ စိစစ်သတ်မှတ်ရမည်။

(၅) လူနေတိုက်ခန်း (Residential Apartment) အတွက်ဖြစ်စေ၊ နှစ်ထပ်အိမ်ခန်းပါရှိသော အဆောက်အအုံ (Maisonette) အတွက်ဖြစ်စေ ထွက်ပေါက်သို့ ပြေးလမ်းကြောင်း အကွာအဝေး (Travel Distance) ကို တိုင်းတာရာတွင် အပိုဒ် ၈ (ဆ) ပါ ပြဋ္ဌာန်းချက်များအား အခြေခံ၍ စိစစ်သတ်မှတ်ရမည်။

(၆) ခေတ္တခိုလှုံရာနေရာ (Area of Refuge) ထားရှိပါက ထွက်ပေါက်သို့ ပြေးလမ်းကြောင်း အကွာအဝေး (Travel Distance) ကို တိုင်းတာရာတွင် လိုအပ်သော ထွက်ပေါက်များအစား ခေတ္တခိုလှုံရာနေရာ (Area of Refuge) သို့ ဦးတည်သော စင်္ကြံရှိ ထွက်ပေါက်တံခါးအထိ တိုင်းတာနိုင်သည်။

(၇) ထွက်ပေါက်လှေကားများအတွက် အပိုဒ်၇(ဃ)အရခွင့်ပြုထားသော ထွက်ပေါက်တံခါးတပ်ဆင်ရန် မလိုအပ်သောအခြေအနေတွင် ပြေးလမ်းကြောင်း အကွာ

အဝေး (Travel Distance) တိုင်းတာပါက ပုံမှန်အခြေအနေ၌ ထွက်ပေါက်တံခါး တပ်ဆင်ရမည့်နေရာအထိ တိုင်းတာရမည်။

(၈) အထောက်အကူပြုရုံး (Ancillary Office) သည် အခြားအဆောက်အအုံအုပ်စု အမျိုးအစားအတွင်း တည်ရှိလျှင် အထောက်အကူပြုရုံး (Ancillary Office) အတွက် ထွက်ပေါက်သို့ပြေးလမ်းကြောင်း အကွာအဝေး (Travel Distance) လိုအပ်ချက်ကို အုပ်စု (၄) အမျိုးအစား အဆောက်အအုံပေါ်တွင် အခြေခံ၍ တွက်ချက်ရမည်-

(ကက) အထောက်အကူပြုရုံး (Ancillary Office) ကို အခြားအုပ်စုအမျိုး အစားအဆောက်အအုံနှင့် သက်ဆိုင်သောနေရာများမှ မီးဒဏ်ခံနိုင် ရည်ရှိစေရန် စီမံပိုင်းခြားထားရမည်။

(ခခ) အထောက်အကူပြုရုံး (Ancillary Office) အသုံးပြုသူများသည် ရုံး အတွင်းမှ မြေညီထပ်ရှိဘေးကင်းလုံခြုံမှုရှိသော ပြင်ပအမိုးပွင့်နေရာ သို့ တိုက်ရိုက်ဦးတည်ထားသည့် မီးအကာအကွယ်ရှိသော ထွက် ပေါက်လှေကား (Protected Exit Staircase) သို့မဟုတ် အတွင်း/ အပြင်ထွက်ပေါက်လျှောက်လမ်း (Internal/ External Exit Passageway) များဖြင့် သွားရောက်နိုင်မှုရှိရမည်။

(ဆ) အနည်းဆုံးအကျယ်အဝန်း (Minimum Width) သတ်မှတ်ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်-

(၁) ထွက်ပေါက် (Exit)၊ ထွက်ပေါက်လှေကား (Exit Staircase) နှင့် အခြားထွက် ပေါက်အစီအမံများ (Exit Facilities) ၏အကျယ်သည် ၉ယား (၃.၅) ပါ အနည်း ဆုံး အကျယ်အဝန်းအောက် မလျော့နည်းစေရ။ ထွက်ပေါက်တံခါး အကျယ် (တံခါးဖွင့်ထားစဉ် ထွက်ပေါက်၏ အကျဉ်းဆုံးနေရာ၏အကျယ်) သည် ၈၅၀ မီလီမီတာ အောက်မနည်းရ။

(၂) နေထိုင်သူဦးရေနှစ်ဦးထက် မပိုသောအခန်းအတွက် ထွက်ပေါက်လမ်းကြောင်း သို့ ရောက်ရှိနိုင်သော ထွက်ပေါက်အသားတင်အကျယ်သည် ၆၁၀ မီလီမီတာ အောက် မနည်းရ။

(၃) လွတ်မြောက်ရာလမ်းကြောင်း တစ်လျှောက်ရှိ တစ်ရွက်ဖွင့်တံခါးများ၏ ထွက် ပေါက် အသားတင်အကျယ်သည် ၁၂၅၀ မီလီမီတာထက်မပိုရ။

(ဇ) ထွက်ပေါက်လှေကားဏ် အများဆုံးအကျယ်သည် ၂၀၀၀ မီလီမီတာ ထက်မပိုရ။ ၂၀၀၀ မီလီမီတာထက် ပိုကျယ်သောလှေကားများတွင် လက်ရန်း (Handrail) များ အသုံးပြု၍ ပိုင်းခြားပေးရမည်။ လက်ရန်း (Handrail) ဖြင့် ပိုင်းခြားသောအကျယ်သည် ၁၀၀၀ မီလီမီတာအောက်မနည်းရ။ သို့မဟုတ် ၂၀၀၀ မီလီမီတာ ထက်မပိုရ။ ထွက်ပေါက်လှေကားဏ် အကျယ်တိုင်းတာရာတွင် အဆောက်အအုံ၏ မည်သည့် အထပ်အတွက်မဆို လွတ်မြောက်ရာလမ်းကြောင်းသည် ၂၀၀၀ မီလီမီတာထက် ပိုနိုင်သော်လည်း ထွက်ပေါက်များ၏ ဝင်ဆုံနိုင်မည့် လူဦးရေပမာဏကို တွက်ချက်ရာတွင် ၂၀၀၀ မီလီမီတာ ထက်ပိုသောအပိုင်းကို ထည့်သွင်းတွက်ချက်ခြင်းမပြုရ။

(စျ) အပိုဒ် ၆ (ဆ နှင့် ဇ) အရ ထွက်ပေါက်လှေကားအကျယ် တိုင်းတာရာတွင် လှေကားအစွန်းနှစ်ဖက်ကို တိုင်းတာနိုင်သည်။ လက်ရန်းတိုင်(Balustrade)များရှိပါကလှေကားအစွန်းမှ ၈၀ မီလီမီတာထက်မပိုရ။ လက်ရန်းတိုင် (Balustrade) ၏ အစွန်းသည် ၈၀ မီလီမီတာထက်ပို၍ ဝင်ရောက်နေပါက လက်ရန်းတိုင် (Balustrade) နှစ်တန်းအကြား အကွာအဝေးကို တိုင်းတာရမည်။

(၁) တံခါးတပ်ဆင်ထားသော ထွက်ပေါက်၏အကျယ်ကို အောက်ပါအတိုင်း တိုင်းတာရမည်-

(ကက) တစ်ရွက်ဖွင့်တံခါး (Single Leaf Door) တပ်ဆင်ထားသော ထွက်ပေါက်၏အကျယ်ကို တိုင်းတာရာ၌ တံခါးရွက်ကို ၉၀ ဒီဂရီ ဖွင့်ထားသောအချိန်တွင် တံခါးကျည်းဘောင်အစွန်းနှင့် တံခါး၏ မျက်နှာပြင်နေရာလွတ်အကြား တိုင်းတာရမည်။ (ပုံ ၃.၁)



Plan - Single Leaf Door

(ပုံ ၃.၁)

(ခခ) အလိုအလျောက် ဖွင့်ပိတ်သည့် ကိရိယာ (Automatic Flush Bolt) ပါရှိသည့် နှစ်ရွက်ဖွင့်တံခါး တပ်ဆင်ထားသော ထွက်ပေါက်၏ အကျယ်ကို တိုင်းတာရာ၌ တံခါးရွက်ကို ၉၀ဒီဂရီ ဖွင့်ထားသော အချိန်တွင် တံခါးရွက်နှစ်ခု၏ မျက်နှာပြင်အသားတင် အကွာအဝေးကို တိုင်းတာရမည်။

(ဂဂ) တံခါးရွက်များအနက် တစ်ခုသည် တံခါးဘောင်နှင့် တွဲ၍ဖြစ်စေ၊ ကြမ်းပြင်နှင့်တွဲ၍ဖြစ်စေ၊ တံခါးဘောင်နှင့် ကြမ်းပြင်နှစ်ခုလုံးနှင့် တွဲ၍ဖြစ်စေ မင်းတုပ်ချထားသည်ဆိုပါက ထိုအပေါက်၏ ထွက်ပေါက် အကျယ်ကို တိုင်းတာတွက်ချက်ရာတွင် မင်းတုပ်ချထားနိုင်သည့် တံခါးရွက်၏အကျယ်ကို ထည့်သွင်းတွက်ချက်ခြင်းမပြုရ။ မင်းတုပ်ချထားသော (Manually Operated Bolt) တံခါးရွက်အစွန်းနှင့် ၉၀

ဒီဂရီဖွင့်ထားသော တံခါးရွက်၏ မျက်နှာပြင်အကြား တိုင်းတာရရှိသည့် အသားတင်အကျယ်သည် ၈၅၀ မီလီမီတာအောက်မနည်းရ။

(ဃဃ) ထွက်ပေါက်၏ အသားတင်အကျယ်ထဲတွင် ၈၀ မီလီမီတာ ထက်မပိုဘဲ အစွန်းထွက်နေသော တံခါးလက်ကိုင် (Door hardware) နှင့် လက်ရန်း(handrail)များကို ထည့်မတွက်ဘဲချန်လှပ်ထားနိုင်သည်။

(ည) အခန်းတစ်ခန်းအတွင်း သို့မဟုတ် ကာရံထားသောနေရာတွင် စုစုပေါင်းနေထိုင် အသုံးပြုသူပမာဏ (Total Occupant Load) သည် အောက်ပါဇယားတွင် ဖော်ပြထားသည့် ပမာဏထက်ကျော်လွန်ပါက အနည်းဆုံးထွက်ပေါက်နှစ်ပေါက်လိုအပ်၍ တတ်နိုင်သမျှ ဝေးအောင်ထားရှိရမည်။ တံခါးပေါက်တစ်ပေါက်အတွက် အများဆုံး ခွင့်ပြုနိုင်သော နေထိုင်အသုံးပြုသူပမာဏ (Occupant Load) ကို ဇယား(၃.၁) တွင် ဖော်ပြထားသည်။ နေထိုင်သူဦးရေ ၅၀ ထက်ပိုသော အခန်း သို့မဟုတ် နေရာသည် လူအများစုဝေး အသုံးပြုမှု (Assembly Occupancy) အပိုဒ် ၁၂(ခ) ပါ ပြဋ္ဌာန်းချက်များ နှင့် ကိုက်ညီရမည်။

မှတ်ချက်-

(၁) လူနေအိမ်များအတွက် အပိုဒ် ၈ ကိုကြည့်ပါ။

(၂) ကျန်းမာရေးစောင့်ရှောက်မှုအသုံးပြုမှုများအတွက် အပိုဒ် ၉ ကိုကြည့်ပါ။

(၃) ရုံး/ စျေးဆိုင်/ စက်ရုံ/ ကုန်လှောင်ရုံ အသုံးပြုမှုများအတွက် အပိုဒ် ၁၀ ကို ကြည့်ပါ။

(၄) ဟိုတယ်များအတွက် အပိုဒ် ၁၁ ကိုကြည့်ပါ။

(၅) လူအများစုဝေးအသုံးပြုသည့်နေရာများ (Assembly Occupancy) အတွက် အပိုဒ် ၁၂ ကိုကြည့်ပါ။

(၆) ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ ခွင့်ပြုထားခြင်းမရှိလျှင် အဆောက်အအုံ၏ အထပ်တိုင်းမှ သီးခြားစီဖြစ်သော ထွက်ပေါက် သို့မဟုတ် ထွက်ပေါက်လှေကား အနည်းဆုံး နှစ်စင်းရှိရမည်။

(၇) ထွက်ပေါက်များနှင့် ထွက်ပေါက်လမ်းကြောင်းသို့ ချဉ်းကပ်မှုအစီအမံများအားလုံး (All Exits and Access Facilities) သည် အောက်ပါအချက်များနှင့် ကိုက်ညီရမည်–

(၁) ထွက်ပေါက်များနှင့် ထွက်ပေါက်လမ်းကြောင်းသို့ ချဉ်းကပ်မှုအစီအမံများ (All Exits and Access Facilities) ကို ရှင်းလင်းစွာ ညွှန်ပြထားရှိရမည်။ ရှင်းလင်း

စွာမြင်နိုင်ရမည်။ ထွက်ပေါက်များနှင့် ထွက်ပေါက်လမ်းကြောင်းတစ်လျှောက်တွင် အချိန်မရွေး အတားအဆီးမရှိစေရ။

(၂) အဆောက်အအုံအတွင်း မည်သည့်နေရာ၊ အထပ်တွင်ဖြစ်စေနေထိုင်အသုံးပြုသူတိုင်းသည်ထွက်ပေါက်လမ်းကြောင်းသို့အခြားသူတစ်ဦးတစ်ယောက်၏ အခန်းနေရာကို ဖြတ်သန်းရန်မလိုဘဲ ထွက်ပေါက်များ သို့မဟုတ် ထွက်ပေါက်လမ်းကြောင်းသို့ တိုက်ရိုက်သွားနိုင်ရမည်။

(၃) အကယ်၍ အဆောက်အအုံ သို့မဟုတ် အခန်း သို့မဟုတ် နေရာများမှဖြစ်စေ၊ ထွက်ပေါက်တစ်ခုထက်ပို၍ လိုအပ်လျှင် ထွက်ပေါက်များကို အပိုဒ် ၂(၆) တွင် သတ်မှတ်ထားသည့်အတိုင်း တစ်ခုနှင့်တစ်ခု ဝေးနိုင်သမျှ ဝေးကွာစွာ ထားရှိရမည်။

(၃) မြေပြင်အထက် ၆ ထပ်ထက်ပိုသော သို့မဟုတ် အပေါ်ဆုံးထပ်ကြမ်းခင်းအမြင့် ၂၄ မီတာထက်ပိုသော အဆောက်အအုံ၏ အထပ်တိုင်းရှိ (မြေညီထပ်အပါအဝင်) ထွက်ပေါက်လှေကားများသည် အောက်ပါအချက်တစ်ချက်နှင့် ကိုက်ညီသောနေရာများနှင့် ချိတ်ဆက်ခြင်းဖြင့် မီးခိုးကင်းလွတ်ရန် (Smoke Free Approach) စီမံထားရှိရမည်–

(၁) အပြင်ထွက်ပေါက်လျှောက်လမ်း (External Exit Passageway) သို့မဟုတ် အပြင်စင်္ကြံ (External Corridor) ဖြင့် ချိတ်ဆက်ထားရမည်။ ၄င်းတို့ကို သဘာဝအလင်းရောင်နှင့် လေဝင်/ လေထွက်ရရှိနိုင်ရန်အတွက် ဖောက်ထားသော အပေါက်များသည် အောက်ပါနေရာများကို မျက်နှာပြု၍ အပွင့်အနေအထား (Face and Open) တွင် ရှိရမည်-

(ကက) ပြင်ပနေရာ (External Space) ။

(ခခ) လမ်း၊ နောက်ဖေးလမ်း (အနည်းဆုံး ၅ မီတာ အကျယ်ရှိလမ်း) သို့မဟုတ် ကောင်းကင်သို့ ဟင်းလင်းပွင့်နေသော (Open to the Sky) အများ ပြည်သူပိုင်နေရာ။

(ဂဂ) အထက်အောက် ကြမ်းများပွင့်နေသော လေဟာခွင် (Air Well)-၎င်း၏ အကျဉ်းဆုံးနေရာသည် အနည်းဆုံး အကျယ် ၆ မီတာ ကျယ်၍ ဧရိယာ ၉၃ စတုရန်းမီတာ အောက်မနည်းဘဲ ကောင်းကင်သို့ ပွင့်နေရမည်။ လူနေအိမ်အဆောက်အအုံများတွင် အပြင်စင်္ကြံ (External

Corridor) ကို မီးခိုးကင်းလွတ်မှုအစီအမံ (Smoke Free Approach) အဖြစ် ချိတ်ဆက်အသုံးပြုပါက စကြံ့်သည် အပိုဒ် ၈ (ဇ နှင့် ဈ) တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။ အလုပ်သမားအိပ်ဆောင်များ (Worker's Domitories) နှင့် ဟိုတယ်များတွင် အပြင်စကြံ့ (External Corridor) ဖြင့် အသုံးပြုပါက ၎င်းစကြံ့သည် အပိုဒ် ၁၃ (ဃ) နှင့် ၁၁ (ခ) တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

(၂) မီးခိုးတားခန်း (Smoke Stop Lobby) သည် အဆောက်အအုံ၏ ပင်မဇရိယာမှ တစ်နာရီ မီးဒဏ်ခံနိုင်ရည်ရှိသောနံရံဖြင့် ပိုင်းခြားထားသည့်အခန်း ဖြစ်သည်။ မီးခိုးတားခန်း (Smoke Stop Lobby) ၏ ဇရိယာသည် ၃ စတုရန်းမီတာ အနည်းဆုံးရှိ၍ တံခါးသည် အပိုဒ် ၂၃(ခ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မီးဒဏ်ခံ နိုင်ရည် အနည်းဆုံး မိနစ် ၃၀ ရှိရမည်ဖြစ်ပြီး အလိုအလျောက် ပြန်ပိတ်သည့် ကိရိယာ (Automatic Self Closing Device) တပ်ဆင်ထားရမည်။ မီးခိုးတား ခန်း (Smoke Stop Lobby) ၏ ဒီဇိုင်းသည် လွတ်မြောက်လမ်းကြောင်းအား အသုံးပြုသူများကို အဟန့်အတားမဖြစ်စေရ။ မီးခိုးတားခန်း (Smoke Stop Lobby) ကို မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်း (Fire Fighting Lobby) အဖြစ် အသုံး ပြုပါက ကြမ်းခင်းဇရိယာသည် ၆ စတုရန်းမီတာအောက်မနည်းရ။ အခန်း၏ အနံသည် အနည်းဆုံး ၂မီတာ ရှိရမည်။ ဓာတ်လှေကားတံခါးဝမှ ဆန့်ကျင်ဘက် သို့ ကြမ်းခင်းသည် ၁:၂၀၀ ထက်မပိုသော ဆင်ခြေလျှောပုံစံဖြင့် နိမ့်ဆင်းသွား ရမည်။ ထွက်ပေါက်လှေကားအတွင်းသို့ မီးခိုးများမဝင်စေရန် မီးခိုးတားခန်း (Smoke Stop Lobby) နှင့် မီးငြိမ်းသတ်ရန် ပြင်ဆင်ခန်း (Fire Fighting Lobby) ကို အများပိုင်နေရာအဖြစ် ထိန်းသိမ်းရမည်။ မီးခိုးတားခန်းကို အောက် ဖော်ပြပါနည်းများဖြင့် လေဝင်/ လေထွက်ရှိစေရမည်-

(ကက) မီးခိုးတားခန်း (Smoke Stop Lobby)၏ အမြဲပွင့်နေသော လေဝင်/ လေထွက်ပေါက်များ (Permanent Fixed Openings) ကို အခန်း၏ အပြင်နံရံ သို့မဟုတ် ကောင်းကင်သို့ အမြဲပွင့်နေသော လေဟာခွင် (Air-Well) တွင် ထားရှိပြီး သဘာဝလေဝင်/ လေထွက် ရရှိအောင် ပြုလုပ်ထားရမည်။ အဆိုပါ လေဝင်/ လေထွက်ပေါက်များသည် မီးခိုးတားခန်း ကြမ်းခင်းဇရိယာ၏ ၁၅% အောက် မနည်းစေရ။

လေဟာခွင်၏ အကျဉ်းဆုံးနေရာသည် အနည်းဆုံးအကျယ် ၆ မီတာ ရှိ၍ ဧရိယာ ၉၃ စတုရန်းမီတာထက်မနည်းရ။ လေဝင်/ လေထွက် ပေါက်များသည် အခန်း၏ မည်သည့်နေရာမှ မဆို ၉ မီတာ ထက်ပို မဝေးသောနေရာတွင် ထားရှိရမည်။ အကယ်၍ ၎င်းချိုင့်သည် ၆ မီတာထက် လျော့နည်းပါက အခန်း၏ မည်သည့်နေရာမှမဆို အပြင် ဆုံး ပြင်ပနံရံအထိ တိုင်းတာရမည်။ ၎င်းချိုင့်နေသော နေရာသည် ကောင်းကင်သို့ ဟင်းလင်းပွင့်နေရမည်။ လေဟာခွင် (Air-Well) သို့မဟုတ် ကောင်းကင်သို့ ပွင့်နေသော ပြင်ပနံရံ အချိုင့်နေရာမှ ၉ မီတာထက် ပိုမဝေးသော နေရာတွင်ရှိရမည်။ လေဟာခွင် (Air-Well) သို့မဟုတ် ကောင်းကင်သို့ ပွင့်နေသော ပြင်ပနံရံအချိုင့်နေရာ သည် ဒေါင်လိုက်နေရာတစ်လျှောက်တွင် အတားအဆီး မရှိစေရ။ သို့မဟုတ်

(ခခ) အုပ်စု(၂)အမျိုးအစားအဆောက်အအုံ (လူနေအိမ်)များမှလွဲ၍ ကျန် အသုံးပြုမှုပုံစံ အဆောက်အအုံများတွင် အခန်း(၈) ပါ ပြဋ္ဌာန်းချက် များနှင့်ကိုက်ညီသော စက်စွမ်းအားသုံး လေဝင်/ လေထွက်ရရှိရန် ဆောင်ရွက်နိုင်သည်။

(ဂဂ) အမြဲပွင့်နေသော လေဝင်/လေထွက်ပေါက်များကို အခန်း၏ အပြင် နံရံ သို့မဟုတ် ကောင်းကင်အထိ ပွင့်နေသော လေဟာခွင် (Air-Well) နှင့် ကပ်လျက်ရှိသော နံရံတွင်ထားရှိ၍ သဘာဝလေဝင်/ လေ ထွက်ရရှိအောင် ပြုလုပ်ထားရမည်။ အဆိုပါ လေဝင်/ လေထွက် ပေါက်များသည် မီးခိုးတားခန်း (Smoke Stop Lobby) ကြမ်းခင်း ဧရိယာ၏ ၁၅% အောက်မနည်းစေရ။ လေဝင်/ လေထွက်ပေါက် များသည် အခန်း၏ မည်သည့်နေရာမှမဆို ၉ မီတာထက် ပိုမဝေးရ။ လေဟာခွင် (Air-Well) အရွယ်အစားသည် ၄ ထပ်ထက် မပိုသော အဆောက်အအုံများမှ လွဲ၍ အပိုဒ် ၆(၃)(၁)(ဂဂ) နှင့် ကိုက်ညီသော အရွယ်အစားရှိရမည်။ ၄င်းလေဟာခွင်(Air-Well)သည် ၁၀ စတုရန်း မီတာထက် မနည်းသော ရေပြင်ညီဧရိယာ (သို့မဟုတ်) အဆောက် အအုံအမြင့် ၃၀၀ မီလီမီတာတိုးတိုင်း ရေပြင်ညီဧရိယာ ၀.၁ စတုရန်း မီတာ တိုးသွားသော အရွယ်အစားရှိရမည်။ ထိုလေဟာခွင် (Air-

Well) ၏ အနည်းဆုံးအကျယ်သည် ၃၀၀၀ မီလီမီတာ အောက်မနည်းရ။ လေဟာခွင် (Air-Well) ကို ကာရံထားသော နံရံများသည် အနည်းဆုံး ၁ နာရီ မီးဒဏ်ခံနိုင်ရည် ရှိရမည်။ မီးခိုးတားခန်း (Smoke Stop Lobby)၊ ထွက်ပေါက်လှေကားနှင့် ရေအိမ်များအတွက် ဖွင့်ထားသော လေဝင်/ လေထွက်ပေါက်များမှလွဲ၍ အခြားအပေါက်များမရှိစေရ။

(ဃဃ) တိုးလျှိုပေါက် လေဝင်/ လေထွက်ရှိသောစင်္ကြံ (Cross-Ventilated Corridor) သည် အနည်းဆုံး အပြင်နံရံနှစ်ခုတွင် အမြဲအပွင့်အနေ အထားရှိသည့် လေဝင်/ လေထွက်ပေါက်များရှိရမည်။ အပြင်နံရံ တစ်ခုစီတွင်ရှိသော လေဝင်/ လေထွက်ပေါက်များသည် အပြင်နံရံ မျက်နှာပြင်ဧရိယာ၏ ၅၀%ထက်မနည်းရ။ စင်္ကြံ၏မည်သည့်နေရာ မှမဆို လေဝင်/လေထွက်ပေါက် သို့မဟုတ် လုံလောက်သော လေဝင်/ လေထွက်ရှိသည့်နေရာမှ ၁၃ မီတာထက်မပိုသောအကွာအဝေး တွင်ရှိရမည်။

(၃) မီးခိုးတားခန်း (Smoke Stop Lobby) နှင့် စပ်လျဉ်းသော ခြွင်းချက်များကို အောက်ပါအတိုင်းသတ်မှတ်ထားသည်-

(ကက) အပိုဒ် ၆(၃)(၂) အရ ၆ ထပ်ထက်ပိုသော အဆောက်အအုံတွင် မီးခိုး ကင်းလွတ်မှုအစီအမံ (Smoke Free Approach) ပါရှိရန် လိုအပ်သော်လည်း ထွက်ပေါက်လှေကား၏တံခါးသည် အနည်းဆုံး မီးဒဏ်ခံနိုင်ရည် ၁ နာရီရှိပြီး အပိုဒ် ၂၃(ခ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အလိုအလျောက် ပြန်ပိတ်သောကိရိယာ (Automatic Self-Closing Device) တပ်ဆင်ထားပြီး အောက်ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီပါက မီးခိုးတားခန်း (Smoke Stop Lobby) လိုအပ်မှုကို ချန်လှပ်ထားနိုင်သည်–

(၁ ၁) အဆောက်အအုံ၏ နေထိုင်အသုံးပြုနိုင်သည့် ကြမ်းခင်းအမြင့် (Habitable Height) သည် ၂၄ မီတာထက် မပိုပါက

ထွက်ပေါက်လှေကားကို အခန်း(၈) ပါ ပြဋ္ဌာန်းချက်များနှင့် အညီ လေဖိအားပေးခြင်းကို စီမံထားရှိရမည်။

(၂ ၂) အပြင်ထွက်ပေါက်လှေကား (External Exit Staircase) သည် အပိုဒ် ၂(ဂ)(၂) ပါ ထွက်ပေါက်လှေကား ပြဋ္ဌာန်းချက်များနှင့်အညီ ကိုက်ညီရမည်။

(၃ ၃) အပြင်ထွက်ပေါက်လှေကား (External Exit Staircase) သည်အဆောက်အအုံ၏ အပြင်နံရံတွင်ကပ်လျက်တည်ရှိပြီး လှေကားခွင်ကြမ်းခင်းဧရိယာ၏ ၅၀% ထက်မနည်းသော အတားမဆီးမရှိသည့် အမြဲပွင့်နေသော လေဝင်/ လေထွက်ပေါက်များ အထပ်တိုင်းတွင်ပါရှိရမည်။

(၄ ၄) မော်တော်ယာဉ်ရပ်နားရာနေရာအထပ်များတွင် ဘေးဘက်နံရံများအမြဲပွင့်၍ တိုးလျှိုပေါက်လေဝင်/ လေထွက် (Cross-Ventilated) ပါရှိပြီး ထွက်ပေါက်လှေကား၏ တံခါးသည် မီးဒဏ်ခံနိုင်ရည် မိနစ် ၃၀ ရှိရမည်။

(ခ) ထွက်ပေါက်လှေကားတွင် မီးခိုးတားခန်း (Smoke Stop Lobby) ချန်လှပ်မှုကို အောက်ဖော်ပြပါ အခြေအနေများ၌ ခွင့်မပြုပါ-

(၁ ၁) ၆ ထပ်ထက်ပိုသော အဆောက်အအုံများနှင့် အုပ်စု(၃)၊ (၄) အမျိုးအစား အဆောက်အအုံများ။

(၂ ၂) နေထိုင်အသုံးပြုနိုင်သည့် ကြမ်းခင်းအမြင့် (Habitable Height) ၂၄ မီတာထက် မြင့်သော အဆောက်အအုံများ။

(၃ ၃) ထွက်ပေါက်လှေကားကို အခန်း (၇) ပါ ပြဋ္ဌာန်းချက်များနှင့် အညီ မီးသတ်သမားသုံးဓာတ်လှေကား (Fire Lift) နှင့် ကပ်လျက်ရှိပြီး မီးသတ်သမားသုံးလှေကား (Fire-Fighting Staircase) အဖြစ် သတ်မှတ်ထားသည့်နေရာများ။

(ဃ) မြေအောက်ထပ်မီးခိုးကင်းလွတ်မှုအစီအမံများ (Smoke Free Approach in Basement) ကို အောက်ပါအတိုင်းစီမံထားရှိရမည်-

(၁) မြေအောက်ထပ် ၄ ထပ်ထက်ပို၍ပါရှိသော အဆောက်အအုံတွင် မြေအောက်ထပ်အား မီးခိုးကင်းလွတ်စေရန်အတွက် မြေအောက်ထပ် အထပ်တိုင်းတွင်

ထွက်ပေါက်လှေကားသို့ မီးခိုးတားခန်း (Smoke Stop Lobby) များမှ တစ်ဆင့် ဝင်ရောက်ရမည်။ သို့မဟုတ် လေဟာခွင် (Air-Well) များဖြင့် ချိတ်ဆက်၍ မီးခိုးကင်းလွတ်မှုအစီအမံ (Smoke Free Approach) ပါရှိရမည်။ မီးခိုးတားခန်း (Smoke Stop Lobby) များအနက်မှ တစ်ခန်းကို မီးငြိမ်းသတ်ရန် ပြင်ဆင်ခန်း (Fire Fighting Lobby) အဖြစ် သတ်မှတ်ရမည်။ မီးငြိမ်းသတ်ရန် ပြင်ဆင်ခန်း (Fire Fighting Lobby) နှင့် ချိတ်ဆက်ထားသော ထွက်ပေါက် လှေကားသည် အခန်း(၈)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လေဖိအားပေးခြင်းစနစ်ကို စီမံထားရမည်။

(၂) မြေအောက်ထပ် ၂ ထပ်၊ ၃ ထပ် သို့မဟုတ် ၄ ထပ်ရှိသော အဆောက်အအုံတွင် မြေအောက်ထပ်ထွက်ပေါက်လှေကား အနည်းဆုံးတစ်စင်းသည် မီးခိုးတားခန်း (Smoke Stop Lobby) ကို ဖြတ်ဝင်ရမည်။ သို့မဟုတ် လေဟာခွင် (Air-Well) များဖြင့် ချိတ်ဆက်၍ မီးခိုးကင်းလွတ်မှုအစီအမံ (Smoke Free Approach) ပါရှိရမည်။ မြေအောက်ထပ်တွင်မီးခိုးတားခန်း(Smoke Stop Lobby) တစ်ခုတည်းရှိပါက၄င်းအခန်းကိုမီးငြိမ်းသတ်ရန်ပြင်ဆင်ခန်း(Fire Fighting Lobby) အဖြစ် အသုံးပြုရမည်။

(၃) မြေအောက်ခန်းရှိ မီးခိုးတားခန်း (Smoke Stop Lobby) များသည် အပိုဒ် ၆ (၃)(၂)ပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီပြီး အခန်း(၈)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စက်စွမ်းအားသုံးလေဝင်/ လေထွက်စနစ်ကိုစီမံထားရမည်။

(ဏ) အဆောက်အအုံ၏ အထပ်တစ်ထပ်တွင် ဤအပိုဒ်ရှိ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသော ခေတ္တခိုလှုံရာနေရာ (Area of Refuge) တစ်နေရာပါရှိပါက ထွက်ပေါက်လှေကားများအား အသုံးပြုမည့်လူဦးရေ (Occupant Load) ကို တွက်ချက်ရာတွင် အထပ်၏ လူဦးရေတစ်ဝက်အထိ လျှော့ချတွက်ချက်နိုင်သည်။ ခေတ္တခိုလှုံရာနေရာ (Area of Refuge) နှစ်ခုနှင့်အထက်ရှိလျှင် ထွက်ပေါက်လှေကားများအား အသုံးပြုမည့်လူဦးရေကို သုံးပုံတစ်ပုံအထိ လျှော့ချနိုင်သည်။

(၁) ခေတ္တခိုလှုံရာနေရာ (Area of Refuge) သည် အောက်ပါသတ်မှတ်ချက်များ အတိုင်း ဖြစ်ရမည်-

(ကက) ထွက်ပေါက်အဖြစ် အစားထိုးလုပ်ဆောင်ပေးမည့် ခေတ္တခိုလှုံရာနေရာ (Area of Refuge) သည် ရောက်ရှိလာမည့် နေထိုင်အသုံးပြုသူ

ပမာဏကိုထားရှိနိုင်သည့် လုံလောက်သောအကျယ်အဝန်းရှိရမည်။ ကျန်းမာရေးစောင့်ရှောက်မှုအသုံးပြုမှုများမှအပ ခေတ္တခိုလှုံရာနေရာ (Area of Refuge) ၏ ဧရိယာကို တွက်ချက်ရာတွင် လူတစ်ဦးလျှင် ၀.၃ စတုရန်းမီတာနှုန်းဖြင့် အခြေခံတွက်ချက်ရမည်။ ကျန်းမာရေးစောင့်ရှောက်မှု အသုံးပြုမှုအတွက် အပိုဒ် ၉(ဂ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တွက်ချက်ရမည်။

(ခခ) နေထိုင်အသုံးပြုသူများသည် ခေတ္တခိုလှုံရာနေရာ (Area of Refuge) မှ အခြားထွက်ပေါက်လှေကားသို့ဖြစ်စေ ပြင်ပ အမိုးပွင့်နေရာသို့ တိုက်ရိုက်ရောက်ရှိနိုင်သော မြေညီထပ်သို့ဖြစ်စေ ရောက်ရှိနိုင်သော ထွက်ပေါက်လှေကား အနည်းဆုံးတစ်စင်းရှိရမည်။

(၂) ခေတ္တခိုလှုံရာနေရာ (Area of Refuge) သို့ အပြင်စင်္ကြံ (External Corridor) မှ တစ်ဆင့် ဝင်ရောက်နိုင်ရမည်။ ၄င်းအပြင်စင်္ကြံ (External Corridor) မှ အခန်းကိုဖြစ်စေ၊ နေရာတစ်ခုကိုဖြစ်စေ၊ ခေတ္တခိုလှုံသောနေရာ (Area of Refuge) ကိုဖြစ်စေ မီးဒဏ်ခံနိုင်ရည် တစ်နာရီရှိသည့် နံရံဖြင့်ပိုင်းခြားထားရမည်။

(၃) ခေတ္တခိုလှုံရာနေရာ (Area of Refuge) သို့ ဝင်ရောက်ရန် အသုံးပြုသော အပြင်စင်္ကြံ (External Corridor) သည် ထွက်ပေါက်လျှောက်လမ်း (Exit passageway) လိုအပ်ချက်များအားလုံးနှင့် ကိုက်ညီရမည်။

(၄) အခန်း သို့မဟုတ် နေရာ သို့မဟုတ် ခေတ္တခိုလှုံရာနေရာ (Area of Refuge) နှင့် အပြင်စင်္ကြံ (External Corridor) အကြားရှိ ထွက်ပေါက်တံခါးများသည် အပိုဒ် ၂၃(ခ) မှ ပြဋ္ဌာန်းချက်များ နှင့်အညီ မီးဒဏ်ခံနိုင်ရည်အနည်းဆုံး မိနစ် ၃၀ ရှိ၍ အလိုအလျောက် ပြန်ပိတ်သည့် ကိရိယာ (Automatic Self Closing Device) တပ်ဆင်ထားရမည်။

(၅) ထွက်ပေါက်လျှော့ချနိုင်ရန်အတွက် ခေတ္တခိုလှုံရာနေရာ (Area of Refuge) နှင့် ဆက်သွယ်ထားသည့် မီးတားအကန့်တိုင်းသည် ခေတ္တခိုလှုံရာ နေရာ (Area of Refuge) မှ တစ်ဆင့် ထွက်ပေါက်သို့ သွားရောက်ရန်အတွက် အပိုဒ် ၇(ဃ) နှင့် ကိုက်ညီသော အနည်းဆုံး လှေကားတစ်စင်းရှိရမည်။

၇။ လွတ်မြောက်ရာလမ်းကြောင်းလိုအပ်ချက်များ (Means of Escape Requirements) ကို ယေဘုယျအားဖြင့်အောက်ပါအတိုင်း သတ်မှတ်ထားသည်-

(က) အဆောက်အအုံအားလုံးအတွက် လွတ်မြောက်ရာလမ်းကြောင်းများကို ဤအပိုဒ်တွင် ပြဋ္ဌာန်းထားသော အစီအမံများမှတစ်ခုဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ ထားရှိရမည်။ ဤပြဋ္ဌာန်းချက်တွင် အတိအကျ ရှင်းလင်းစွာဖော်ပြမထားသော အဝင်အထွက် လမ်းကြောင်းနှင့် ထွက်ပေါက်ဆိုင်ရာအစီအမံများကို မီးသတ်ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ အသုံးမပြုရ။ လိုအပ်သောထွက်ပေါက်များကို အလွယ်တကူဝင်ထွက်နိုင်ရန် ထိန်းသိမ်းထားရမည်။ အဆောက်အအုံတွင် လူနေထိုင်မှုရှိနေစဉ်အတွင်း ထွက်ပေါက်တံခါးများ အားလုံးသည် အတားအဆီးများဖြင့် ပိတ်ဆို့နေခြင်းမရှိဘဲဖွင့်နိုင်ရမည်။

(ခ) အုပ်စု(၁) အမျိုးအစားအဆောက်အအုံများရှိ လှေကားများမှအပ ကျန်အဆောက်အအုံ အားလုံးရှိ လှေကားများအတွက် ၃၀၀ x ၃၀၀ မီလီမီတာအောက်မငယ်သော လမ်းညွှန် အမှတ်အသားများကိုအထပ်တိုင်းရှိ လှေကားတစ်ဆစ်ချိုးနေရာများတွင်တပ်ဆင်ထား ရမည်။ လမ်းညွှန်အမှတ်အသားတွင် အောက်ပါအချက်အလက်များပါရှိရမည်-

(၁) စာလုံးအရွယ်အစား အနည်းဆုံး ၁၂၅ မီလီမီတာဖြင့် ရေးသားထားသော အထပ် နံပါတ်။

(၂) အကွာရာဖြင့်ဖြစ်စေ၊ ဂဏန်းဖြင့်ဖြစ်စေ စာလုံးအရွယ်အစား အနည်းဆုံး ၂၅ မီလီမီတာဖြင့် ရေးသားထားသော လှေကားနံပါတ်။

(၃) လမ်းညွှန်အမှတ်အသားအား ထွက်ပေါက်တံခါးကိုဖွင့်ထားသော အနေအထား တွင်မြင်နိုင်သောနေရာ၌ထားရှိပြီး အတက်အဆင်းပြုလုပ်သောလူတိုင်းမြင်နိုင် စေရမည်။

(၄) အမှတ်အသားပေါ်ရှိ စာလုံးနှင့် ဂဏန်းများအတွက် နောက်ခံအရောင်နှင့် ကွဲ ပြားမှု ထင်ရှားသော မည်သည့်အရောင်ကိုမဆို အသုံးပြုနိုင်သည်။

(ဂ) ထွက်ပေါက်လျှောက်လမ်း (Exit Passageway) များမှာ အောက်ပါ အချက်များနှင့် ကိုက်ညီရမည်-

(၁) မည်သည့်အဆောက်အအုံတွင်ဖြစ်စေ၊ အဆောက်အအုံ၏ မည်သည့်အထပ်တွင် ဖြစ်စေလွတ်မြောက်ရာလမ်းကြောင်း သို့မဟုတ် လိုအပ်သော ထွက်ပေါက်များ အဖြစ် အသုံးပြုနိုင်သော ထွက်ပေါက်လမ်းကြောင်းရှိ လျှောက်လမ်းများသည် အပိုဒ် ၁၇ တွင် သတ်မှတ်ထားသော မီးဒဏ်ခံနိုင်ရည်ရှိရမည်။

(၂) အတွင်းထွက်ပေါက်လျှောက်လမ်း (Internal Exit Passageway) သည် အောက်ပါအချက်များနှင့်ကိုက်ညီရမည်-

(ကက) အဆောက်အအုံ၏ လိုအပ်သောထွက်ပေါက်အဖြစ်အသုံးပြုနိုင်သော အတွင်းထွက်ပေါက်လျှောက်လမ်း (Internal Exit Passageway) သည် အပိုဒ် ၁၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တည်ဆောက်ရမည်။

(ခခ) ထွက်ပေါက်လျှောက်လမ်း (Exit Passageway) အား ကာရံထားသော နံရံများတွင် ၄င်းလျှောက်လမ်းအတွင်းသို့ ထွက်ပေါက်တံခါးနှစ်ခုထက် ပိုမဖွင့်ရ။

(ဂဂ) ထွက်ပေါက်လျှောက်လမ်း (Exit Passageway) သို့ ဖွင့်ထားသော ထွက်ပေါက်တံခါးပေါက်များသည် လှေကားသို့ ဝင်ရောက်သော ထွက်ပေါက်တံခါးများအတွက် ပြဋ္ဌာန်းထားသော မီးဒဏ်ခံနိုင်မှု ရှိရမည်ဖြစ်ပြီး အလိုအလျောက် ပြန်ပိတ်နိုင်သည့်ကိရိယာ (Automatic Self-Closing Device) တပ်ဆင်ထားရှိရမည်။ အပိုဒ် ၂၃(ခ) မီးဒဏ်ခံနိုင်ရည်ရှိသော ထွက်ပေါက်တံခါးများဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

(ဃဃ) ထွက်ပေါက်လျှောက်လမ်း (Exit Passageway) ၏ အနည်းဆုံး အကျယ်သည် ဇယား (၃.၅) တွင် ပြဋ္ဌာန်းထားသော အချက်များနှင့် ကိုက်ညီရမည်။

(င) ထွက်ပေါက်လျှောက်လမ်း (Exit Passageway) တစ်လျှောက်ရှိ ကြမ်းခင်းအနိမ့်အမြင့် ပြောင်းလဲမှုသည် လှေကားထစ်နှစ်ထစ်ထက် နည်းပါက ၎င်းနေရာတွင် ၁:၁၀ ထက် မမတ်သော လျှောစောက်ဖြင့် ပေးရမည်။

(စ) အတွင်းထွက်ပေါက်လျှောက်လမ်း (Internal Exit Passageway) နှင့် ဆက်နေသည့် လှေကားခွင်သည် လေဖိအားပေးထားပါက ထိုလျှောက်လမ်းကို သဘာဝလေဝင်/ လေထွက်စနစ် မထားရှိဘဲ စက်စွမ်းအားသုံး လေဝင်/ လေထွက်စနစ် တပ်ဆင်ထားရမည်။ အတွင်း

ထွက်ပေါက်လျှောက်လမ်း (Internal Exit Passageway) ကို အခန်း (၈) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လေဖိအားထိန်းညှိထားရမည်။

(၃) အပြင်ထွက်ပေါက်လျှောက်လမ်း (External Exit Passageway) သည် အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(ကက) အပြင်ထွက်ပေါက်လျှောက်လမ်း (External Exit Passageway) တစ်ခုကို အတွင်းထွက်ပေါက်လျှောက်လမ်း (Internal Exit Passage-way) အစား လိုအပ်သောထွက်ပေါက်အဖြစ် အသုံးပြုနိုင်သည်။ ထွက်ပေါက်လျှောက်လမ်း (Exit Passageway) နှင့် ကျန်ကြမ်းခင်းနေရာအကြား ကာရံထားသော ပြင်ပနံရံတွင် ကြမ်းပြင်၏မျက်နှာပြင်မှ ၁.၈ မီတာ နှင့် ၁.၈ မီတာ အထက်တွင် မီးလောင်မလွယ်သော ပစ္စည်းဖြင့် တည်ဆောက်ထားသော လေဝင်/ လေထွက်ပေါက်များ ထားရှိနိုင်သည်။ ထိုလေဝင်/ လေထွက်ပေါက်များသည် ထွက်ပေါက်လှေကားမှ အနည်းဆုံး ၃ မီတာ ကွာဝေးရမည်။

(ခခ) အပြင်ထွက်ပေါက်လျှောက်လမ်း (External Exit Passageway) သည် ထွက်ပေါက်လျှောက်လမ်း (Exit Passageway) သို့ ဖွင့်ထားသော ထွက်ပေါက်တံခါးအများဆုံး နှစ်ခုသာရှိရမည်ဟု သတ်မှတ်ထားချက်အပေါ် လိုက်နာရန်မလိုပါ။

(ဂဂ) အပြင်ထွက်ပေါက်လျှောက်လမ်း (External Exit Passageway) ကို အမိုးမိုးထားနိုင်ပြီး မီးခိုးများလှောင်ပိတ်နေခြင်းကို ရှောင်နိုင်ရန် ထိုအမိုး၏ဗျက်အကျယ်သည် ၃ မီတာထက်မပိုရ။

(ဃဃ) အပြင်ထွက်ပေါက်လျှောက်လမ်း (External Exit Passageway) ၏ နံရံအပွင့်ဘက်အခြမ်းကို ၁ မီတာအောက် မနိမ့်သော၊ ၁.၁ မီတာ ထက်မမြင့်သော ရင်တားနံရံ (Parapet Wall) တစ်ခုဖြင့် ကာရံထားနိုင်သည်။ ထိုရင်တားနံရံ (Parapet Wall) ထိပ်မှအပွင့်နေရာ၏ အပေါ်ဘက်စွန်း (သို့မဟုတ်) တံစက်မြိတ်စွန်းသို့ အတားအဆီး မရှိသော လေဝင်/လေထွက်ပေါက်၏ဒေါင်လိုက်အမြင့်သည် ၁.၂ မီတာ အောက် မနည်းရ။

(cc) အပြင်ထွက်ပေါက်လျှောက်လမ်း (External Exit Passageway) သို့ ဖွင့်ထားသော ထွက်ပေါက်တံခါးသည် မီးဒဏ်ခံနိုင်ရည် အနည်းဆုံး မိနစ် ၃၀ ရှိပြီး အလိုအလျောက် ပြန်ပိတ်သောကိရိယာ (Automatic Self-closing Device) တပ်ဆင်ထားရမည်။

(၄) ထွက်ပေါက်လျှောက်လမ်း (Exit Passageway) များအတွက် လေဝင်/လေထွက်စနစ် (Ventilation) ကိုအောက်ပါအချက်များနှင့် ကိုက်ညီစေရန် ဆောင်ရွက်ထားရမည်-

(ကက) အတွင်းထွက်ပေါက်လျှောက်လမ်း (Internal Exit Passageway) အား အပြင်ဘက်နံရံတွင် အမြဲပွင့်နေသောလေဝင်/ လေထွက်ပေါက်များ (Permanent Fixed Openings) ထားရှိခြင်းဖြင့် သဘာဝလေဝင်/ လေထွက်ပေးရမည်။ ထိုလေဝင်/ လေထွက်ပေါက်များသည် အတွင်း ထွက်ပေါက်လျှောက်လမ်း (Internal Exit Passageway) ကြမ်းခင်းဧရိယာ ၏ ၁၅% ထက် မနည်းရ။

(ခခ) သဘာဝလေဝင်/ လေထွက်စနစ် မရရှိနိုင်သော အတွင်းထွက်ပေါက်လျှောက်လမ်း (Internal Exit Passageway) ကို အခန်း (၈) ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသော စက်စွမ်းအားသုံး လေဝင်/ လေထွက်စနစ် တပ်ဆင်ထားရှိရမည်။

(ဃ) ထွက်ပေါက်လှေကား (Exit Staircase) များကို အောက်ပါအချက်များနှင့် ကိုက်ညီရန် တည်ဆောက်ထားရမည်-

(၁) အတွင်းထွက်ပေါက်လှေကား (Internal Exit Staircase) သည် အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(ကက) အဆောက်အအုံ၏ လိုအပ်သော ထွက်ပေါက်အဖြစ် အသုံးပြုသည့် အတွင်းထွက်ပေါက်လှေကား (Internal Exit Staircase) သည် အပိုဒ် ၂၂ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသော တည်ဆောက်မှုများနှင့် ကာရံထားရမည်။

(ခခ) အတွင်းထွက်ပေါက်လှေကား (Internal Exit Staircase) သည် အပြင်ထွက်ပေါက်လျှောက်လမ်း (External Exit Passageway) သို့မဟုတ် အပြင်စင်္ကြံ (External Corridor) နှင့် တိုက်ရိုက်ချိတ်ဆက်ထားပါက အပိုဒ် ၂၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကာရံထားရှိရန် မလိုအပ်ပါ။

(ဂဂ) အတွင်းထွက်ပေါက်လှေကား (Internal Exit Staircase) ၏ ထွက်ပေါက်အဆုံး အပါအဝင် အပြင်နံရံရှိ မည်သည့်အပေါက်မှမဆို အနည်းဆုံး အလျားလိုက် ၁.၅ မီတာနှင့် ဒေါင်လိုက် ၃ မီတာ အကွာအဝေးအတွင်းတွင် လူနေထိုင်အသုံးပြုသော နေရာများ၏ အကာအကွယ် ပြုလုပ်မထားသောအပေါက်များ (Unprotected Openings) မရှိစေရ။

(ဃဃ) အတွင်းထွက်ပေါက်လှေကား (Internal Exit Staircase) အတွက် ခြွင်းချက်များကိုအောက်ပါအတိုင်း သတ်မှတ်ထားသည်-

(၁ ၁) တစ်ထပ်တည်းရှိသော မြေအောက်ထပ်ရှိ မော်တော်ယာဉ်ရပ်နားရန်နေရာအတွက် ထားရှိသည့်လှေကားကို မီးဒဏ်ခံသော အကာအရံများဖြင့် ကာကွယ်ထားရန် မလိုအပ်ပါ။ မော်တော်ယာဉ်ရပ်နားရန်နေရာမှ မြေညီထပ်ရှိ ထွက်ပေါက်တံခါးသို့သွားရမည့် ပြေးလမ်းကြောင်းအကွာအဝေး (Travel Distance) သည် ၉ယား (၃.၅) နှင့် ကိုက်ညီရမည်။

(၂ ၂) အခြားစီးပွားဖြစ်လုပ်ငန်း (Any Commercial Building) သို့မဟုတ် အထောက်အကူပြုအသုံးပြုမှု (Non-Ancillary Usage) မပါရှိဘဲ မော်တော်ယာဉ်များသာ ရပ်နားသည့် အဆောက်အအုံ (Standalone Car Park) ဖြစ်ပြီးအောက်ပါ အခြေအနေများနှင့် ကိုက်ညီလျှင် ထွက်ပေါက်လှေကား၏ တံခါးကို မတပ်ဆင်ဘဲထားရှိနိုင်သည်-

(- -) မော်တော်ယာဉ် ရပ်နားရန်နေရာသည် မြေပြင်အထက် ၅ထပ် ထက်မပိုရ။ ထိုအဆောက်အအုံတွင်

မြေအောက်ထပ်များ မပါရှိရ။ ဘေးနံရံမပါရှိသော အမိုးပါရှိသည့် ချိတ်ဆက်လမ်းမှအပအခြားအဆောက် အအုံများနှင့် ဆက်သွယ်ထားခြင်းမရှိရ။

(- -) အပေါ်ထပ်များ အားလုံးအတွက် ထွက်ပေါက်လှေ ကားသည် အနည်းဆုံးနှစ်စင်းရှိရမည်။ အဆိုပါလှေ ကားနှစ်စင်းသည် တစ်စင်းနှင့်တစ်စင်း ဝေးကွာသော နေရာတွင် ရှိရမည်။ အထပ်တိုင်းရှိ လှေကားသို့ ဝင် ရောက်သည့် ထွက်ပေါက်၏ အသားတင် အကျယ် သည် ၁၀၀၀ မီလီမီတာ ထက်မပိုဘဲ ၈၅၀ မီလီမီတာ အောက်မနည်းရ။ ထွက်ပေါက်၏ အသားတင်အမြင့် သည် ၂၂၀၀ မီလီမီတာထက် မပိုရ။ လှေကား၏ အပြင်ဘက်နံရံတွင် လေဝင်/ လေထွက်ပေါက်များ (Fixed Openings) ထားရှိခြင်းဖြင့် သဘာဝလေဝင်/ လေထွက်ပေးရမည်။ ထိုလေဝင်/ လေထွက်ပေါက် များသည် လှေကားခွင် ကြမ်းခင်းဧရိယာ၏ ၁၅% ထက်မနည်းရ။ ထွက်ပေါက်လှေကား နှင့် နေထိုင် အသုံးပြုသောဧရိယာကို လေဝင်ပေါက် တစ်ခုတည်း ဖြင့် အလင်းပေးမှုနှင့် လေဝင်/ လေထွက်ပေးခြင်း အတွက် မျှဝေအသုံးမပြုရ။

(- -) အထပ်တိုင်းတွင် တိုးလျှိုပေါက် လေဝင်/ လေထွက် ပေါက် (Cross Ventilation) များ ထားရှိရမည်။ အဆောက်အအုံ၏ဘေးဘက်တွင်၅၀%ထက် မနည်း သော အမြဲတမ်း ဖွင့်ထားသည့် အပေါက်များပါရှိပြီး ပတ်လည်နံရံများတစ်လျှောက် မျှတစွာ ထားရှိရမည်။ ထိုသို့စီမံခြင်းဖြင့် မော်တော်ယာဉ်ရပ်နားရန်နေရာ၏ နေရာအားလုံးသို့ တိုးလျှိုပေါက် လေဝင်/ လေထွက် (Cross Ventilation) ရရှိနိုင်ရမည်။

(- -) အဆောက်အအုံ၏ ပတ်လည်နံရံများရှိ အပေါက်များ သို့မဟုတ် လေဟာခွင် (Air-Well) မှ ၁၂ မီတာထက် ပိုဝေးသော ကြမ်းခင်းနေရာမရှိရ။ ထိုလေဟာခွင် (Air-Well) ဧရိယာသည် ၁၀ စတုရန်းမီတာအောက် မနည်းဘဲ အလျားသည် အနည်းဆုံး ၂၀၀၀ မီလီမီတာ ရှိရမည်။ ဒေါင်လိုက်အမြင့်တစ်လျှောက် ကောင်းကင်သို့ အပွင့်အနေအထားရှိရမည်။

(- -) မော်တော်ယာဉ် ရပ်နားရန် နေရာတစ်ခုစီ အတွင်း ထွက်ပေါက်သို့ ပြေးလမ်းကြောင်း အကွာအဝေး (Travel Distance) သည် ၉ယား (၃.၅) နှင့် ကိုက်ညီရမည်။ အပေါ်ထပ်များအတွက်ပြေးလမ်းကြောင်း အကွာအဝေး (Travel Distance) ကို လှေကားသို့ဝင်ရောက်သည့် ထွက်ပေါက်တံခါးနေရာအထိ တိုင်းတာရမည်။

(- -) ထွက်ပေါက်လှေကားသို့ ဝင်ရောက်သည့် ထွက်ပေါက်၏ အနီးဆုံးအစွန်းနှင့် မော်တော်ယာဉ် ရပ်နားရန် နေရာ၏ အနီးဆုံးအစွန်းတို့ အကြားပိုင်း ခြားထားသော အကွာအဝေးသည် ၃ မီတာအောက် မနည်းရ။

(၂) အပြင်ထွက်ပေါက်လှေကား (External Exit Staircase) သည် အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(ကက) အတွင်းထွက်ပေါက်လှေကား (Internal Exit Staircase) ၏ အကာအရံ လိုအပ်ချက်များမှအပ ထွက်ပေါက်လှေကား ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသော အပြင်ထွက်ပေါက်လှေကား (External Exit Staircase) ကို အတွင်းထွက်ပေါက်လှေကား (Internal Exit Staircase) အစား အသုံးပြုနိုင်သည်။

(ခခ) အပြင်ထွက်ပေါက်လှေကား (External Exit Staircase) ၏ အလျား လိုက် ၃ မီတာအတွင်း သို့မဟုတ် ဒေါင်လိုက် ၃ မီတာ အတွင်း

သို့မဟုတ် ကပ်လျက် သို့မဟုတ် မျက်နှာချင်းဆိုင်တွင် မီးအကာ အကွယ် မပြုလုပ်ထားသောအပေါက်များ (Unprotected Openings) မရှိရ။

ခြွင်းချက်။ အပြင်စင်္ကြံ (External Corridor) များ ပါရှိသော အဆောက်အအုံတွင် အပြင်ထွက်ပေါက်လှေကား (External Exit Staircase) ကို အောက်ပါအချက်များနှင့် ကိုက်ညီပါက အပြင်စင်္ကြံ များ (External Corridors)ဖြင့် ချိတ်ဆက်နိုင်သည်-

(၁ ၁) အပြင်စင်္ကြံ (Extenal Corridor) တွင် ထွက်ပေါက်လှေကား အနည်းဆုံး နှစ်စင်းရှိရမည်။

(၂ ၂) အပြင်စင်္ကြံ (Extenal Corridor) တွင် ဘေးတစ်လျှောက် ရင်တားနံရံ (Parapet Wall) သို့မဟုတ် လက်ရန်းတိုင် (Balustrade) ၏ အထက်တွင် အတားအဆီးမရှိသော လေဝင်/ လေထွက် ပေါက်များ ပါရှိရမည်။

(၃ ၃) အပြင်ထွက်ပေါက်လှေကား (External Exit Staircase) သည် လမ်း သို့မဟုတ် လမ်းပေါ်သို့ တိုက်ရိုက်ရောက်ရှိနိုင်ရ မည်။

(၄ ၄) အထက်ပါအချက်များနှင့်ကိုက်ညီလျှင် သို့မဟုတ် အပိုဒ် ၇ (ဃ)(၁)(ဃဃ) တွင် ပြဋ္ဌာန်းထားသည့် အခြေအနေများနှင့် အပြည့်အဝကိုက်ညီပါက အပြင်ထွက်ပေါက်လှေကား (External Exit Staircase) သို့ သွားရောက်သည့် တံခါးများကို ချန်လှပ် ထားနိုင်သည်။

(၃) ထွက်ပေါက်အဆုံး (Discharge) သည် အောက်ပါအချက်များနှင့် ကိုက်ညီရ မည်-

(ကက) ထွက်ပေါက်လှေကား (Exit Staircase) အားလုံးသည် မြေညီထပ်ရှိ ကောင်းကင်သို့ဟင်းလင်းပွင့်သည့် ဘေးကင်းလုံခြုံသော ပြင်ပနေ ရာ (Safe Exterior Open Space) သို့ တိုက်ရိုက်ရောက်ရှိရမည်။

အဆောက်အအုံ တံစက်မြိတ်မှ တိုင်းတာလျှင် ၅ မီတာထက် မကျယ်သော ဘေးဘက်အပွင့်ဖြစ်ပြီး စီးပွားဖြစ်အသုံးမပြုသော အပြင်စင်္ကြံ (External Corridor) ကို ဘေးကင်းလုံခြုံသော ပြင်ပ ဟင်းလင်းပြင်နေရာ (Safe Exterior Open Space) အဖြစ် မှတ်ယူရမည်။ ရေဖျန်းစနစ် (Sprinkler System) တပ်ဆင်ထားသော အဆောက်အအုံတွင် စုစုပေါင်းထွက်ပေါက် လှေကားအရေအတွက်၏ အများဆုံး ၅၀% သည် မြေညီထပ်ရှိ အပြင်ဘက် ဘေးကင်းရာနေရာ (Circulation Space) သို့ အောက်ပါတို့နှင့်အညီ တိုက်ရိုက်ရောက်ရှိရမည်-

(၁ ၁) ထွက်ပေါက်လှေကား၏ ထွက်ပေါက်အဆုံး (Discharge) သည် မြေညီထပ်ရှိ လှည့်ပတ်သွားလာရန်နေရာ (Ground Level Circulation Space) ဖြစ်ပြီး ဘေးကင်းလုံခြုံသော ပြင်ပအမိုးပွင့်နေရာ (Safe Exterior Open Space) သို့ တိုက်ရိုက်ရောက်ရှိနိုင်၍ မြင်နိုင်သောအနေအထားတွင် ရှိရမည်။

(၂ ၂) ထွက်ပေါက် လှေကားတစ်ခု၏ထွက်ပေါက်အဆုံး (Discharge) နေရာနှင့် ပြင်ပအမိုးပွင့်နေရာ (Safe Exterior Open Space) တို့အကြား အများဆုံးအကွာအဝေးသည် ၁၀ မီတာ ထက်မပိုရ။

(၃ ၃) ဘေးကင်းလုံခြုံသော ပြင်ပအမိုးပွင့်နေရာ (Safe Exterior Open Space) သို့ ဦးတည်သတ်မှတ်ထားသော လွတ်မြောက်လျှောက်လမ်း (Escape Passageway) တစ်လျှောက်၏ ဘေးတစ်ဖက်တွင်ဖြစ်စေ၊ ဘေးနှစ်ဖက်လုံးတွင်ဖြစ်စေ၊ ဈေးဆိုင် သို့မဟုတ် ဈေးဆိုင်တန်း စသည်ဖြင့် စီးပွားဖြစ်လုပ်ငန်းများရှိပါက လွတ်မြောက်လျှောက်လမ်း (Escape Passageway) နှင့် ဈေးဆိုင်များအကြားတွင် အနည်းဆုံး ၁၀ မီတာ အကွာအဝေး ရှိရမည်။ အဆောက်အအုံအတွင်း လှည့်ပတ်သွား

လာရန်နေရာ (Circulation Space) ကို (အင်ဂျင်နီယာ) မီးခိုးထိန်းချုပ်ရေးစနစ် (Engineered Smoke Control System) တပ်ဆင်ရမည်။ တစ်နည်းအားဖြင့် ဈေးဆိုင်များရှိသောနေရာနှင့် လွတ်မြောက်လျှောက်လမ်း (Escape Passageway) ကို မီးဒဏ်ခံနိုင်ရည် အနည်ဆုံး တစ်နာရီရှိသော နံရံများ၊ တံခါးများဖြင့် ပိုင်းခြားထားရမည်။

(၄ ၄) ဘေးကင်းလုံခြုံသော ပြင်ပအမိုးပွင့်နေရာ (Safe Exterior Open Space) သို့ ဦးတည်သည့် ထွက်ပေါက်တံခါး၏ အကျယ်သည် မြေညီထပ်အတွင်း လှည့်ပတ်သွားလာရန်နေရာ (Circulation Space) မှ ထွက်လာသည့် လူဦးရေနှင့် အတွင်းထွက်ပေါက်လှေကား (Internal Exit Staircase) မှ ထွက်လာသည့် လူဦးရေစုစုပေါင်းပမာဏတို့ကို လက်ခံနိုင်ရန်အတွက် လုံလောက်သောအကျယ် ရှိရမည်။

(ခခ) အုပ်စု (၂) အမျိုးအစား အဆောက်အအုံ (အခြားလူနေအိမ်) တွင် အလိုအလျောက် ရေဖျန်းစနစ် (Automatic Sprinkler System) တပ်ဆင်ထားခြင်းမရှိပါက ထွက်ပေါက်လှေကား အရေအတွက်၏ ၅၀% သည် ဘေးကင်းလုံခြုံသော ကောင်းကင်သို့ ဟင်းလင်းပွင့်သည့် ပြင်ပအမိုးပွင့်နေရာသို့ တိုက်ရိုက်ရောက်ရှိရမည်။ ကျန်သော ထွက်ပေါက်လှေကားများသည် အောက်ပါအချက်များနှင့် ကိုက်ညီသော မြေညီထပ်ရှိ လှည့်ပတ်သွားလာရန်နေရာ (Circulation Space) သို့ ထုတ်ထားနိုင်သည်-

(၁ ၁) မြေညီထပ်ရှိ လှည့်ပတ်သွားလာရန်နေရာ (Circulation Space) တွင် စီးပွားဖြစ်လုပ်ငန်းများ ဈေးဆိုင်များမရှိရ။

(၂ ၂) မြေညီထပ်ရှိလှည့်ပတ်သွားလာရန်နေရာ (Circulation Space) သို့ ထုတ်ထားသော ထွက်ပေါက်လှေကားအဆုံးမှ ကောင်းကင်သို့ ဟင်းလင်းပွင့်သည့် ဘေးကင်းလုံခြုံသော နေရာ (Safe Exterior Open Space) သို့ ရောက်ရှိနိုင်မည့်

လမ်းကြောင်းအနည်းဆုံးနှစ်ခုရှိ၍ မြင်နိုင်သောအကွာအဝေး တွင်ရှိရမည်။

(၃ ၃) ထွက်ပေါက်လှေကား၏ ထွက်ပေါက်အဆုံးနေရာ (Discharge) နှင့် ဘေးကင်းလုံခြုံသော ပြင်ပအမိုးပွင့်နေရာ (Safe Exterior Open Space) အကြား အများဆုံးအကွာအဝေးသည် ၁၀ မီတာ ထက် မပိုရ။

(၄ ၄) တစ်ညီတည်းရှိနေသည့် လွတ်မြောက်လျှောက်လမ်း (Escape Passageway) အတွင်းတွင် ထွက်ပေါက်လှေကား၏ ထွက်ပေါက်အဆုံး (Discharge) ရှိနေလျှင် ထိုလမ်းကြောင်းသို့ ဖွင့်ထားသည့် လူနေအိမ်ခန်းအရေအတွက်သည် လေးခန်းထက် မပိုရ။

(၅ ၅) ထွက်ပေါက်လှေကား၏ ထွက်ပေါက်အဆုံးနေရာ (Discharge) သည် အောက်ဖော်ပြပါအချက်များဖြင့် တိုးလျှိုပေါက် လေဝင်/ လေထွက် (Cross-Ventilated) ကောင်းစွာရရှိစေရန် ပြုလုပ်ထားရမည်-

(- -) အဆုံးသတ်တစ်ခုစီတွင် အမြဲတမ်း ဖွင့်ထားသော အပေါက်များ အနည်းဆုံး ၅၀% ရှိရမည်။

(- -) အဆောက်အအုံအတွင်းလှည့်ပတ်သွားလာရန်နေရာ (Circulation Space) ၏ မည်သည့်အစိတ်အပိုင်း မဆို လေဟာခွင် (Air-Well) သို့မဟုတ် အဆောက်အအုံ၏ ဘေးဘက်ပတ်လည်နံရံများရှိ အပေါက်များ မှ ၁၀ မီတာထက် ပိုမဝေးရ။

(၈၈) ထွက်ပေါက်လှေကား၏ ထွက်ပေါက်အဆုံးနေရာ (Discharge) (အတွင်းနှင့်အပြင်နှစ်ဖက်လုံး) မှ ၃ မီတာအတွင်းတွင် နေထိုင်အသုံးပြုမှုဧရိယာ (Occupancy Area) ၏ အကာအကွယ် ပြုလုပ်မထားသော အပေါက်များ (Unprotected Openings) မရှိရ။ အကယ်၍ အကာအကွယ် ပြုလုပ်မထားသော အပေါက်များ (Unprotected Openings) သည် လှေကားထွက်ပေါက်ရှိသော နံရံပြင်တွင် တည်ရှိပါက ၁.၅ မီတာ ကွာဝေးနိုင်သည်။

(၄) ထွက်ပေါက်လှေကားဏ် အနည်းဆုံးရှိရမည့် အကျယ်မှာ ၆ယား (၃.၅) တွင် သတ်မှတ်ထားသည့်အတိုင်းဖြစ်ရမည်။ ထိုလှေကားများသည် အောက်ပါတို့ကို လိုက်နာရမည်–

(ကက) လူနေအိမ်ယူနစ်အတွင်းရှိ အတွင်းလှေကားအဖြစ် အသုံးပြုသော လှေကားများမှလွဲ၍ အများပြည်သူသုံး အဆောက်အအုံများတွင် ထွက်ပေါက်လှေကားအား လှေကားကွေ့ (Winder) ကို ခွင့်မပြုပါ။

(ခခ) အုပ်စု (၁နှင့် ၂) အမျိုးအစား အဆောက်အအုံများတွင် ဝင်ထွက်နိုင်သော လှေကားအဖြစ်ဖြစ်စေ၊ ထွက်ပေါက်လှေကားအဖြစ်ဖြစ်စေ လှေကားဝိုင်း (Circular Staircase) ကို အသုံးပြုထားလျှင် လှေကားအနင်းပြား၏ ကျဉ်းသောအစွန်းဘက်သည် လူနေအိမ်များတွင် ၁၀၀ မီလီမီတာထက်မနည်းရ။ အခြား အဆောက်အအုံများတွင် ၁၂၅ မီလီမီတာထက် မနည်းရ။ လူနေအိမ်များတွင် ကျဉ်းသောအစွန်းမှ မီတာဝက် အကွာတွင် ၂၂၅ မီလီမီတာ ထက် မနည်းရ။ အခြား အဆောက်အအုံများတွင် ၂၅၀ မီလီမီတာ ထက်မနည်းရ။ ထိုလှေကားများ၏ အမြင့် သည် ၁၀ မီတာ ထက်မပိုရ။

(၅) လက်ရန်းများ (Handrails) ကို အောက်ပါအချက်များနှင့် အညီတပ်ဆင်ထားရှိရမည်-

(ကက) လှေကားအကျယ် ၁၂၅၀ မီလီမီတာနှင့် ၄င်းထက်ကျဉ်းသော လှေကားများတွင် လက်ရန်း (Handrail) တစ်ဖက်သာပါရှိနိုင်ပြီး ကျန်ထွက်ပေါက် လှေကားအားလုံး၏ ဘေးနှစ်ဖက်လုံးတွင်နံရံများ ဖြစ်စေ၊သံပန်းများဖြစ်စေ၊လက်ရန်းများ(Handrails)ဖြစ်စေပါရှိရမည်။

(ခခ) ထွက်ပေါက်လှေကားဏ်အကျယ်သည် ၂၀၀၀ မီလီမီတာထက် ပိုပါက လက်ရန်း (Handrail) ကို အပိုဒ် ၆(၉) ပါ ပြဋ္ဌာန်းချက်များ အတိုင်း တပ်ဆင်ရမည်။

(၆) ထွက်ပေါက်လှေကားဏ် အပြင်နံရံတွင် အမြဲပွင့်နေသော လေဝင်/ လေထွက်ပေါက်များထားရှိပြီး သဘာဝလေဝင်/ လေထွက်ရရှိအောင် ပြုလုပ်ထားရမည်။ အဆိုပါ လေဝင်/ လေထွက်ပေါက်များသည် ထွက်ပေါက်လှေကားခွင်ကြမ်းခင်း ၆ရိယာ၏ ၁၅% အောက် မနည်းစေရ။ စက်စွမ်းအားသုံး လေဝင်/ လေထွက်စနစ်ကို အသုံးပြုပါက အခန်း(၈) ပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာရမည်။

လေဟာခွင် (Air-Well) သို့မဟုတ် ကောင်းကင်သို့ပွင့်နေသော ပြင်ပနံရံ အချိုင့်နေရာ သို့မဟုတ် ပြင်ပသို့ မျက်နှာမူထားသော လေဝင်/ လေထွက်ပေါက်များ သည် ဇယား (၁.၁) နှင့် ကိုက်ညီရမည်။ ထွက်ပေါက်လှေကားနှင့် နေထိုင်အသုံးပြုသောဧရိယာ (Occupancy Area)ကိုလေဟာခွင်(Air-Well) သို့မဟုတ် လေဝင်ပေါက်တစ်ခုတည်းမှ အလင်းပေးမှုနှင့် လေဝင်/ လေထွက်ပေးခြင်းများ အတွက် မျှဝေအသုံးမပြုရ။

(၇) နေထိုင်အသုံးပြုနိုင်သည့် အမြင့်ဆုံးအထပ်ထိ ကြမ်းခင်းအမြင့် (Habitable Height) ၂၄ မီတာထက် မြင့်သော အဆောက်အအုံများတွင် သဘာဝအားဖြင့် လေဝင်/ လေထွက်စနစ်မရှိသည့် အတွင်းထွက်ပေါက်လှေကား (Internal Exit Staircase) များကို အခန်း (၈) ပါ သတ်မှတ်ချက်များနှင့်အညီ လေဖိအားပေးရမည်။ မြေအောက်ထပ် ၄ ထပ်ထက်ပိုသော အဆောက်အအုံများတွင် မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်း (Fire Fighting Lobby) နှင့် ချိတ်ဆက်ထားသော ထွက်ပေါက်လှေကားကို လေဖိအားပေးရမည်။

(၈) ၂၄ မီတာထက်မြင့်သည့် အဆောက်အအုံများတွင် လှေကားအိမ် လမ်းကြောင်းတစ်ခုတည်းအတွင်း လေဝင်/ လေထွက်စနစ်အမျိုးမျိုးရှိနေတတ်သော အတွင်းထွက်ပေါက်လှေကား (Internal Exit Staircase) ၏ အပေါ်ပိုင်းကို သဘာဝအားဖြင့် လေဝင်/လေထွက်ပေးပြီး ၂၄ မီတာ အောက်အနိမ့်ပိုင်းကို စက်စွမ်းအားဖြင့် လေဝင်/လေထွက် ပြုလုပ်ပေးနိုင်သည်။ လေဝင်/လေထွက်စနစ်နှစ်ခု ဆက်စပ်နေသောနေရာတွင် တံခါးမရှိရ။ အကယ်၍ အဆောက်အအုံ ၏ အနိမ့်ပိုင်းသည် ၂၄ မီတာထက်ပိုပါက ထိုအနိမ့်ပိုင်းကို လေဖိအားစနစ်ပေးထားရမည်။

(c) ကတ်ကြေးပုံထွက်ပေါက်လှေကား (Scissor Exit Staircase) ကို အောက်ပါအချက်များနှင့်အညီ တည်ဆောက်ထားရှိရမည်-

(၁) အကာအရံတစ်ခုအတွင်း သီးခြားစီဖြစ်နေသော အတွင်းထွက်ပေါက် လှေကား (Internal Exit Staircase) နှစ်စင်းကို မီးလောင်မလွယ်သော အကာအရံများဖြင့် ပိုင်းခြားထားရမည်။ ထိုအကာအရံသည် ထွက်ပေါက်လှေကား အကာနံရံ ၏ မီးဒဏ်ခံနိုင်ရည်နှင့် တူညီရမည်။

(၂) ထိုကတ်ကြေးပုံထွက်ပေါက်လှေကား (Scissor Exit Staircase) သည် ထွက်ပေါက်လှေကား ပြဋ္ဌာန်းချက်များအားလုံးနှင့် ကိုက်ညီရမည်။

(၃) ကတ်ကြေးပုံထွက်ပေါက်လှေကား (Scissor Exit Staircase) သို့ ဝင်ရောက်သည့် တံခါးများ၏ အစွန်းနှစ်ခုကြား အကွာအဝေး (Travel Distance) သည် အနည်းဆုံး ၇ မီတာ ရှိရမည်။

(၄) ကတ်ကြေးပုံ ထွက်ပေါက်လှေကား (Scissor Exit Staircase) တစ်စုံသာရှိသော နေရာတွင် ထိုကတ်ကြေးပုံ ထွက်ပေါက်လှေကား (Scissor Exit Staircase) ၏ တံခါးများသည် အပိုဒ် ၂(၆) နှင့်အညီ ရေဖျန်းစနစ်တပ်ဆင်ထားသော အဆောက်အအုံ(Sprinkler Protected Building) တွင်အကျယ်ဆုံး အထပ်ကြမ်းခင်းဧရိယာထောင့်ဖြတ်အတိုင်းအတာ၏အနည်းဆုံး (၁/၃) ကွာဝေးရမည်ဖြစ်ပြီး ရေဖျန်းစနစ် မပါရှိသော အဆောက်အအုံ (Non-Sprinkler Protected Building) တွင် ထောင့်ဖြတ်အတိုင်းအတာ၏ အနည်းဆုံး (၁/၂) ကွာဝေးရမည်။

(၅) လှေကားနှစ်စင်းလုံးအတွက် လေဝင်/ လေထွက်ပေါက်များကို နံရံတစ်ခုတည်းတွင် ထားရှိပါက ၎င်းလှေကားတစ်စင်းစီ၏ လေဝင်/လေထွက်ပေါက်များသည် တစ်ထပ်ခြားစီတွင် ရှိရမည်။

(စ) မြေအောက်ထပ်ထွက်ပေါက်လှေကား (Basement Exit Staircase) ကို အောက်ပါအချက်များနှင့်အညီ တည်ဆောက်ထားရှိရမည်-

(၁) အဆောက်အအုံတစ်ခု၏ မြေအောက်ထပ်အတွက် ထားရှိသော ထွက်ပေါက်လှေကား (Basement Exit Staircase) များသည် ထွက်ပေါက်လှေကားပြဋ္ဌာန်းချက်များအားလုံးနှင့် ကိုက်ညီရမည်။

(၂) ထိုထွက်ပေါက်လှေကား (Basement Exit Staircase) သည် အဆောက်အအုံ၏ မြေအောက်ထပ်မဟုတ်သော အခြားအထပ်များအတွက် ထားရှိသည့် ထွက်ပေါက်လှေကားများနှင့် တစ်ဆက်စပ်တည်းမဖြစ်စေရ။

(၃) မြေအောက်ထပ်မဟုတ်သော အထပ်များ၏ ထွက်ပေါက်လှေကားများနှင့် မြေအောက်ထပ် ထွက်ပေါက်လှေကား (Basement Exit Staircase) များသည် အပေါ်အောက်တည်ရှိနေပါက ထွက်ပေါက်ရှိသည့်အထပ်တွင် သတ်မှတ်မီးခံနိုင်ရည်ရှိသည့် အကာအရံများဖြင့် ပိုင်းခြားထားရမည်။

(၄) မြေအောက်ထပ်သည် သဘာဝလေဝင်/လေထွက်ဖြင့်တည်ရှိလျှင် အပေါ်ထပ်၏ ထွက်ပေါက်လှေကားနှင့် မြေအောက်ထပ်လှေကားသည် တစ်ဆက်စပ်တည်း ဖြစ်နိုင်သည်။ သို့သော် အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(ကက) မြေအောက်ထပ်လှေကား (Basement Exit Staircase) သို့ ဝင်ပေါက်သည် အကာအကွယ်ရှိသော အခန်းမှတစ်ဆင့် ဖြစ်ရမည်။ သို့မဟုတ် မြေအောက်ထပ်ရှိ နေထိုင်အသုံးပြုသောနေရာမှ တိုက်ရိုက် ဝင်ရောက်ပါက မြေအောက်ထပ်လှေကား (Basement Exit Staircase) သည် မီးဒဏ်ခံနိုင်ရည် အနည်းဆုံး ၁ နာရီရှိသော တံခါးတပ်ဆင်ထားရမည်။

(ခခ) အရေးပေါ်အခြေအနေတွင် နေထိုင်အသုံးပြုသူများသည် အပေါ်ထပ်မှ ပြေးဆင်းလာပြီး မြေအောက်ထပ်သို့ တစ်ဆက်စပ်တည်း ဝင်ရောက်ခြင်းကို ကာကွယ်နိုင်ရန် အလိုအလျောက် ပြန်ပိတ်သော ကိရိယာ တပ်ဆင်ထားသောတံခါး သို့မဟုတ် ဂိတ် စသည့် ရုပ်ဝတ္ထု အတားအဆီးတစ်မျိုးမျိုးဖြင့် မြေညီထပ်/ ထွက်ပေါက်အဆုံးရှိသည့် အထပ်တွင် ကာရံပိုင်းခြားထားရမည်။

(ဂဂ) မြေအောက်ထပ်ထွက်ပေါက်လှေကားသည်မြေအောက်ထပ် အထပ် ၄ ထပ်ထက်ပို၍ အသုံးပြုပါက မြေပေါ်/ မြေအောက် အထပ်တိုင်းတွင် လှေကားအဝင်၌ မီးခိုးတားခန်း (Smoke Stop Lobby) ထားရှိရမည်။

(ဃဃ) ပြေးဆင်းလာသူများအား အဆောက်အအုံပြင်ပသို့ လမ်းညွှန်ပေးနိုင်ရန် မြေညီထပ်/ ထွက်ပေါက်အဆုံးရှိရာ အထပ်တွင် သင့်လျော်ရာ လမ်းညွှန်အမှတ်အသားများကို လှေကားအတွင်း ထားရှိပေးရမည်။

(ဆ) သစ်မာလှေကား (Hardwood Staircase) ကို အဆောက်အအုံ၏ အတွင်းလှေကား အဖြစ် အသုံးပြုနိုင်သည်။ အုပ်စု (၁နှင့် ၂) အမျိုးအစား အဆောက်အအုံများတွင် (ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းသည့် အဆောက်အအုံ မဟုတ်ပါက) သစ်သားလှေကားများ၏ အကျော်နှင့်အနင်း စသည်တို့ကို ထောက်ကူထားသော အစိတ်အပိုင်းများသည် မီးလောင်မလွယ်သော ပစ္စည်းများဖြစ်ရမည်။

(၈) ကြောင်လိမ်လှေကား (Spiral Staircase) ကို အောက်ပါအချက်များနှင့်အညီ တည်ဆောက်ထားရမည်-

(၁) နံရံမရှိသော အပြင်ကြောင်လိမ်လှေကား (External Unenclosed Spiral Staircase) မှအပ ကျန်ကြောင်လိမ်လှေကား (Spiral Staircase) များကို အရေးပေါ်ထွက်ပေါက်အဖြစ်အသုံးမပြုရ။ နေထိုင်သူပမာဏ ၂၅ ဦးထက် မပိုသောအထပ်များ သို့မဟုတ် ထပ်ခိုးထပ်များနှင့် လသာဆောင်များတွင် အပြင်ကြောင်လိမ်လှေကားကို ထွက်ပေါက်လှေကားအဖြစ် အသုံးပြုပါက လှေကားအကျယ် အနည်းဆုံး ၇၅၀ မီလီမီတာရှိရန်လိုအပ်ပြီး မီးလောင်မလွယ်သော ပစ္စည်းများဖြင့် တည်ဆောက်ထားရမည်။

(၂) ထွက်ပေါက်လှေကားအား ကြောင်လိမ်လှေကား (Spiral Staircase) အသုံးပြုပါက အပေါ်ဆုံးထပ်ကြမ်းခင်း အမြင့် ၁၀ မီတာထက် မပိုရ။

(၃) အုပ်စု (၁နှင့်၂) အမျိုးအစား အဆောက်အအုံများတွင် ပါဝင်သည့် လူနေအိမ်/နှစ်ထပ်တိုက်ခန်းများတွင် အပေါ်ထပ်များ၏ တစ်ခုတည်းသော ထွက်ပေါက်လမ်းကြောင်းအဖြစ် ကြောင်လိမ်လှေကား (Spiral Staircase) ကိုအသုံးမပြုရ။

(စျ) ထွက်ပေါက်လှေကားများအစား ထွက်ပေါက်ဆင်ခြေလျှောလမ်း (Exit Ramp) ကို အသုံးပြုပါက အပိုဒ် ၇(ဃ) ပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် အောက်ပါအချက်များကို လိုက်နာရမည်-

(၁) ထွက်ပေါက်ဆင်ခြေလျှောလမ်း (Exit Ramp) ၏ လျှောစောက်သည် ၁: ၁၀ ထက်မပိုရ။

(၂) ထွက်ပေါက်ဆင်ခြေလျှောလမ်း (Exit Ramp) သည် ဖြောင့်တန်းနေရမည်။ ကွေ့ရန်လိုအပ်ပါက ပြင်ညီခုံတွင်သာ ကွေ့နိုင်သည်။ အကယ်၍ လျှောစောက်သည် ၁:၁၂ ထက်မပိုပါက ဆင်ခြေလျှောဖြင့် ကွေ့နိုင်သည်။

(၃) ပြင်ညီခုံ (Platform)

(ကက) ထွက်ပေါက်ဆင်ခြေလျှောလမ်း၏အစ/အဆုံးနှင့်လျှောစောက် တစ်ဆစ်ချိုးရာနေရာ (Intermediate Level) တိုင်းတွင် ပြင်ညီခုံဖြစ်ရမည်။

(ခခ) ထွက်ပေါက်လျှောက်လမ်း အဝင်/ အထွက်တံခါးရှိရာနေရာများတွင် ပြင်ညီခုံဖြစ်ရမည်။

(၈၈) ပြင်ညီခုံ၏ အလျားနှင့်အနံသည် ထွက်ပေါက် ဆင်ခြေလျှောလမ်း အကျယ်ထက်မကျဉ်းရ။ ခြွင်းချက်အနေဖြင့် ဖြောင့်တန်းသော ဆင်ခြေလျှောတစ်လျှောက်တွင်ရှိသောပြင်ညီခုံ၏အလျားသည် ၁ မီတာ ထက်မပိုရ။

(၄) ထွက်ပေါက်ဆင်ခြေလျှော (Exit Ramp) တွင် နံရံများ၊ အထိန်းများနှင့် လက်ရန်းများ (Handrails) ရှိရမည်ဖြစ်ပြီး အပိုဒ် ၇(ဃ)(၄) ပါ ထွက်ပေါက် လှေကား ဆိုင်ရာသတ်မှတ်ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

(၅) ထွက်ပေါက်ဆင်ခြေလျှောလမ်းများ (Exit Ramps) အားလုံးသည် မချော်နိုင်သော ကြမ်းခင်းမျက်နှာပြင်ရှိရမည်။

(၆) ထွက်ပေါက်ဆင်ခြေလျှောလမ်းများ (Exit Ramps) ၏ လေဝင်/ လေထွက် စနစ်သည် ထွက်ပေါက်လှေကားများ၏ လေဝင်/ လေထွက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

(၇) ထွက်ပေါက်ဆင်ခြေလျှောလမ်းများ (Exit Ramps) ကို မြေအောက်ထပ် တစ်ခုတည်းအတွက် လွတ်မြောက်ရာလမ်းကြောင်းအဖြစ် အသုံးပြုပါက အကာအရံ နံရံများ (Enclosure Walls) ဖြင့် ကာကွယ်ထားရန်မလိုပါ။

(ည) ထွက်ပေါက်တံခါးများ (Exit Doors) နှင့် ထွက်ပြေးလမ်းကြောင်းတစ်လျှောက်ရှိ တံခါးများ (Exit Access Doors) သည် အောက်ပါတို့ကို လိုက်နာရမည်-

(၁) အုပ်စု (၁နှင့်၂) အမျိုးအစား အဆောက်အအုံများမှလွဲ၍ ကျန်အဆောက်အအုံများတွင် ထွက်ပေါက်တံခါးများ (Exit Doors) ကိုသော့အသုံးမပြုဘဲ အဆောက်အအုံအတွင်းပိုင်းမှ အလွယ်တကူဖွင့်နိုင်ရမည်။

(၂) ထွက်ပေါက်တံခါးများ (Exit Doors) ၏ လိုအပ်သော မီးဒဏ်ခံနိုင်ရည်သည် အပိုဒ် ၂၃(ခ) ပါ ထွက်ပေါက်တံခါးများ မီးဒဏ်ခံနိုင်ခြင်း (Fire Resisting Doors) ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

(၃) ထွက်ပေါက်တံခါးများ (Exit Doors) နှင့်ထွက်ပြေးလမ်းကြောင်း တစ်လျှောက်ရှိ တံခါးများ (Exit Access Doors) သည် အောက်ပါအခြေအနေများတွင် ထွက်ပေါက်သွားရာလမ်းသို့ ဦးတည်ဖွင့်ရမည်-

(ကက) ခေတ္တခိုလှုံရာနေရာ (Area of Refuge) ၊ ထွက်ပေါက်နှင့် ထွက်ပေါက်လျှောက်လမ်း (Exit Passageway) သို့ ဦးတည်သည့်အခါ ဖြစ်စေ။

(ခခ) အဆောက်အအုံ၏ မီးငြိမ်းသတ်ရန် ပြင်ဆင်ခန်း (Fire Fighting Lobby) ၊ မီးခိုးတားခန်း (Smoke Stop Lobby) များတွင်ဖြစ်စေ။ ခြွင်းချက်- သီးသန့်လူနေအိမ်ခန်းများ၏တံခါးများ ထွက်ပေါက်လမ်းကြောင်းသို့ တိုက်ရိုက်ချိတ်ဆက်သည့်အခါ ထွက်ပေါက် ဦးတည်ရာသို့ ဖွင့်ရန်မလိုအပ်ပါ။

(ဂဂ) ဘေးအန္တရာယ် မြင့်မားသောနေရာ (High Hazard Area) တစ်ခုတွင် တပ်ဆင်ထားလျှင်ဖြစ်စေ။

(ဃဃ) လူ ၅၀ ထက်ပိုသော အခန်း၊ နေရာတွင် တပ်ဆင်ထားလျှင်ဖြစ်စေ။

(၄) ထွက်ပေါက်သို့ ထွက်ပေါက်တံခါးများ၏ ဦးတည်ဖွင့်ရာတွင် အောက်ပါအချက်များနှင့်ကိုက်ညီရမည်-

(ကက) ထွက်ပေါက်လှေကား နှင့် ထွက်ပေါက်လျှောက်လမ်း (Exit Passageway) သို့ ဦးတည်ဖွင့်မည့်တံခါးများ၏တံခါးရွက်များသည် ထွက်ပေါက်လှေကားနှင့် ထွက်ပေါက်လျှောက်လမ်း (Exit Passage-way) များ၏ ပြေးလမ်းကြောင်းအကျယ်အား အနှောင့်အယှက်/အဟန့်အတား မဖြစ်စေရ။

(ခခ) ပြေးလမ်းကြောင်းစကြံ (Corridor) သို့ ဦးတည်ဖွင့်သော တံခါးများ ကြောင့်နေထိုင်အသုံးပြုသူများ၏သွားလာမှုကိုအဟန့်အတား မဖြစ်စေရ။ တံခါးဖွင့်ထားချိန်တွင် စကြံ (Corridor) ၏ပြေးလမ်းအကျယ်သည် ၉ယား (၃.၅) အရပြဋ္ဌာန်းထားသည့် လိုအပ်သော အကျယ်၏ ထက်ဝက် အနည်းဆုံး ရှိရမည်။

(၅) အကာအကွယ်ပြုလုပ်ထားသောလှေကား (Protected Staircase) ၊ မီးခိုးတားခန်း (Smoke Stop Lobby) နှင့် မီးသတ်သမားသုံးဓာတ်လှေကားခန်း (Fire Lift Lobby) တိုင်းရှိ သတ်မှတ်မီးဒဏ်ခံနိုင်ရည်ရှိသော ထွက်ပေါက်တံခါးတိုင်းတွင် ထွင်းဖောက်မြင်နိုင်သည့် မှန်ကူကွက် (Vision Panel) တပ်ဆင်ထားရမည်။ ၎င်းမှန်ပေါက် (Vision Panel) သည် ထင်ရှားစွာမြင်နိုင်ရန် အကျယ် ၁၀၀ မီလီမီတာနှင့် အမြင့် ၆၀၀ မီလီမီတာ ရှိရမည်။ ထွင်းဖောက်မြင်နိုင်သော မှန်ကူကွက် (Vision Panel) သည် လိုအပ်သော မီးဒဏ်ခံနိုင်ရည်ရှိရမည်ဖြစ်ပြီး အပူ

နှင့်ထိတွေ့သောအခါ ထွင်းဖောက်မြင်နိုင်သော မှန်အဖြစ်သို့ပြောင်းမသွားစေရ။ ကြမ်းပြင်မှတိုင်းတာလျှင် ထွင်းဖောက်မြင်နိုင်သော မှန်ကူကွက် (Vision Panel) ၏ အောက်ခြေအစွန်းသည် ၉၀၀ မီလီမီတာ ထက်မမြင့်ရ။ အပေါ်အစွန်းသည် ၁၅၀၀ မီလီမီတာအောက် မနိမ့်ရ။ လူနေအိမ်ရာ တိုက်ခန်းများ သို့မဟုတ် နှစ်ထပ်အိမ်ခန်းများပါရှိသော အဆောက်အအုံများ၏ ထွက်ပေါက်တံခါးများ (Exit Doors) တွင် ထွင်းဖောက်မြင်နိုင်သော မှန်ကူကွက် (Vision Panel) အသုံးပြုရန်မလို။

(ဖ) ဆုံလည်တံခါးများ (Revolving Doors) ကို ထွက်ပေါက်တံခါးများ (Exit Doors) အဖြစ် အသုံးမပြုရ။

(၇) ထွက်ပေါက်လမ်းကြောင်းအတွင်းရှိနေသော တံခါးများသည် ဘေးပတ္တာပါသော တံခါး သို့မဟုတ် အတွင်းအပြင်နှစ်ဖက်လုံးသို့ဖွင့်နိုင်သောတံခါး (Side-hinged or pivoted swing door) ဖြစ်ရမည်။ တွန်းဖွင့်လိုက်သောအခါ တံခါး၏ အပွင့်ကိုအပြည့်အဝ အသုံးပြုနိုင်ရမည်။ ဖွင့်ထားသောအချိန်တွင်တံခါး၏အနည်းဆုံး အသားတင်အကျယ်သည်လိုအပ်သောအကျယ်ထက်လျော့နည်းခြင်းမရှိစေရ။

(ကက) လူဦးရေ ၅၀ကျော်ပြီး လုပ်ငန်းလိုအပ်ချက်အရသော်လည်းကောင်း၊ လုံခြုံရေးအရသော်လည်းကောင်း ဘေးထိုးတံခါး သို့မဟုတ် ယင်းလိပ်တံခါး (Sliding Door and Roller Shutter) ကို အသုံးပြုရန် လိုအပ်ပါက မီးသတ်ဦးစီးဌာနသို့ အသေးစိတ်တင်ပြ၍ ခွင့်ပြုချက်တောင်းခံနိုင်သည်။ ၎င်းတံခါးများပေါ်တွင် "**အဆောက်အအုံအတွင်း အသုံးပြုသူရှိပါက ဤတံခါးကို ဖွင့်ထားရမည်**" ဟူသော စာသားကို ရေးထားရမည်။ ၎င်းတံခါးများအသုံးပြုပါက ၎င်းတံခါးများပိတ်ထားစဉ် အဆောက်အအုံအတွင်းသို့ ဝင်/ထွက်နိုင်မည့် ထွက်ပေါက်တံခါး တစ်ခုရှိရမည်။

(ခခ) ယင်းလိပ်တံခါး (Roller Shutter) သို့မဟုတ် ဘေးထိုးတံခါး (Sliding Door) တွင် မလွယ်ပေါက် (Wicket Door) များ ထည့်သွင်းတပ်ဆင်ခြင်းကိုခွင့်ပြုသည်။ မလွယ်ပေါက် (Wicket Door) တွင် လွှဲဖွင့်ရသော တံခါးအမျိုးအစား (Swing Type) တပ်ဆင်ရမည်

ဖြစ်ပြီး အနည်းဆုံး အမြင့် ၂ မီတာ ရှိရမည်။ အသားတင်အကျယ်သည် တံခါး၏ လိုအပ်သောအကျယ်ထက် မနည်းရ။

(၈၈) လျှပ်စစ်ဓာတ်အားသုံး (Power Operated) အလိုအလျောက် ဖွင့်ပိတ်နိုင်သည့်ဘေးထိုးတံခါး (Automatic Sliding Door) ယင်းလိပ်တံခါး (Automatic Roller Shutter) တို့သည် အဆောက်အအုံ၏ မီးလှန့်အချက်ပေးစနစ် (Fire Alarm System) နှင့် ချိတ်ဆက်ထားရမည်။ မီးလှန့်အချက်ပေးစနစ် (Fire Alarm System) စတင်အလုပ်လုပ်သည်နှင့်တစ်ပြိုင်နက် လိုအပ်သော အကျယ်/ အမြင့်သို့ အလိုအလျောက်ပွင့်ရမည်။ အလိုအလျောက် ဖွင့်ပိတ်နိုင်သည့် လျှာထိုးတံခါး (Automatic Sliding Door) ယင်းလိပ်တံခါး (Automatic Roller Shutter) တို့သည် အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(၁ ၁) အလိုအလျောက် ဖွင့်ပိတ်နိုင်သည့် လျှာထိုးတံခါး (Automatic Sliding Door) ယင်းလိပ်တံခါး (Automatic Roller Shutter) တို့သည် လျှပ်စစ် သို့မဟုတ် အာရုံခံကိရိယာ (Sensor Device) သို့မဟုတ် အခြားလျှပ်စစ်စွမ်းအား (ဘက်ထရီ သို့မဟုတ် အခြား) တွင် ချွတ်ယွင်းချက်ရှိနေသည့် အခါများတွင် ထိုတံခါးများသည် အပွင့်အနေအထား (Fail Safe Type) ဖြစ်ရမည်။

(၂ ၂) အလိုအလျောက် ဖွင့်/ ပိတ်နိုင်သည့်စနစ်ကို အသုံးမပြုဘဲ သာမန်ဖွင့်/ပိတ်နိုင်သည့်ခလုတ် (Manual Override) (ဘေးထိုးတံခါး၊ ယင်းလိပ်တံခါးတို့ကို ချက်ချင်းပွင့်စေရန် ခလုတ်နှိပ်ရသောကိရိယာ) ကို တံခါးအနီးအနားတွင် တပ်ဆင်ထားရမည်။

(၈) ထွက်ပေါက်လှေကား (Exit Staircase) ၊ မီးခိုးတားခန်း (Smoke Stop Lobby) နှင့် မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်း (Fire Fighting Lobby) များ၏ တံခါးများ အားသေချာတင်ခြင်း။

အောက်ပါ အခြေအနေများတွင် တစ်ဖက်ဖွင့်သော့ (One-way Locking Device) များကို တပ်ဆင်ခွင့်ပြုသည်-

(ကက) လှေကားအိမ် (Staircase Shaft) နှင့် လူနေထိုင်အသုံးပြုသော ဧရိယာ (Occupancy Area) အကြားရှိ ထွက်ပေါက်တံခါး။

(ခခ) မီးခိုးတားခန်း (Smoke Stop Lobby) ၊ မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်း (Fire Fighting Lobby) နှင့် လူနေထိုင်အသုံးပြုသော ဧရိယာ (Occupancy Area) အကြားရှိ ထွက်ပေါက်သို့ ရောက်ရှိနိုင်သော တံခါး။

(ဂဂ) လှေကားအိမ် (Staircase Shaft) နှင့် မီးခိုးတားခန်း (Smoke Stop Lobby) အကြားရှိ ထွက်ပေါက်တံခါး။

(ဃဃ) လှေကားအိမ် (Staircase Shaft) နှင့် အဆောက်အအုံအတွင်း လှည့်ပတ် သွားလာရန်နေရာ (Circulation Area) အကြားရှိ ထွက်ပေါက်တံခါး။

(င) မီးခိုးတားခန်း (Smoke Stop Lobby) ၊ မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်း (Fire Fighting Lobby) နှင့် အဆောက်အအုံအတွင်း လှည့်ပတ်သွားလာရန်နေရာ (Circulation Area)အကြားရှိထွက်ပေါက်တံခါး။ အပိုဒ် ၇(ည)(၁၀) ပါ ပြဋ္ဌာန်းချက်များအရ သတ်မှတ်ထားသော အထပ်များအတွက် အဆောက်အအုံ၏ အတွင်းပိုင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန် မီးသတ်သမားသုံးလှေကား/ ထွက်ပေါက် လှေကား (Fire Fighting/ Exit Staircase) တံခါးများနှင့် မီးခိုးတားခန်း (Smoke Stop Lobby) မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်း (Fire Fighting Lobby) ရှိ တံခါးများတွင် သော့ခတ်ကိရိယာ (One-way Locking Device) မတပ်ဆင်ရ။

(၉) စမတ်ကဒ်သုံးသော့ခတ်ကိရိယာ (Smart Card Locking Device)၊ သံလိုက်ချောင်း (Magnetic Bar) နှင့် လျှပ်စစ်နည်းပညာဖြင့် သော့ခတ်သောကိရိယာ (Electro-

Mechanical Locking Device) များအသုံးပြု၍ ထွက်ပေါက်တံခါး အဝင်/အထွက် ထိန်းချုပ်မှုရှိနေသော အခြေအနေများတွင်-

(ကက) အဆောက်အအုံ၏ မီးလှန့်အချက်ပေးကိရိယာ (Fire Alarm Device) သို့မဟုတ် ရေဖျန်းစနစ် (Sprinkler System) စတင်အလုပ်လုပ်သည်နှင့်တံခါးသော့များပွင့်ရမည်။ အဆောက်အအုံ၏ မီးလှန့်အချက်ပေးစနစ် (Fire Alarm System) ကို မူလသာမန်အခြေအနေသို့ ပြန်လည်ရောက်ရှိစေရန် ဆောင်ရွက်ပြီးသည့်အချိန်ထိ ပွင့်လျက်အနေအထားရှိရမည်။

(ခခ) တံခါးကိုသာမန်ဖွင့်သောကိရိယာ (Manual Release Device) ဖြင့် ဖွင့်နိုင်ရန် လူနေထိုင်အသုံးပြုသော နေရာအတွင်းရှိ ကြမ်းပြင်မှ ၁.၂ မီတာနှင့် တံခါးဘောင် မှ ၁.၅ မီတာအတွင်း စီစဉ်ထားရှိရမည်။ သာမန်ဖွင့်သောကိရိယာ (Manual Override Device) ကို "**Emergency Door Release**" ဟုသင်္ကေတဖြင့် ညွှန်ပြထားရမည်။ (Power) စနစ်တစ်ခုခု ချို့ယွင်းသည်နှင့် သော့ပွင့်သည့်အမျိုးအစား (Fail-Safe Type) ဖြစ်ရမည်။

(ဂဂ) လူစီးဓာတ်လှေကားခန်း (Passenger Lift Lobby) ရှိ တံခါးများတွင် အဝင်/အထွက်ထိန်းချုပ်သည့်ကိရိယာ (Access Control) တပ်ဆင်ထားပါက လျှပ်စစ်ဓာတ်အား ချွတ်ယွင်းသည့်အခါ ဓာတ်လှေကားအသုံးမပြုနိုင်သဖြင့် အဆိုပါအခန်း (Passenger Lift Lobby) အတွင်း လူများပိတ်မိနေခြင်းကို ကာကွယ်ရန် လှေကားတစ်စင်းနှင့် ချိတ်ဆက်နိုင်ရမည်။ ပိတ်မိသူများရှိနေပါကအကူအညီတောင်းခံနိုင်ရန် ဓာတ်လှေကားခန်းအတွင်း၌ အပြန်အလှန် ဆက်သွယ်ရေးစနစ် (Two-Way Communication System) တပ်ဆင်ထားရမည်။ ယင်းစနစ်ကို ၂၄ နာရီ လူစောင့်ရှိသည့် မီးဘေးလုံခြုံရေး စီမံကွပ်ကဲခန်း (Fire Command Centre) နှင့်ဖြစ်စေ၊ အဆောက်အအုံ ထိန်းချုပ်ခန်း (Building Control Room) နှင့် ဖြစ်စေ၊ နှစ်ခုလုံးနှင့်ဖြစ်စေ ချိတ်ဆက်ထားရမည်။

(၁၀) လှေကားမှ ပြန်လည်ဝင်ရောက်ခြင်း (Staircase Re-Entry) ကိုအောက်ပါအတိုင်း စီမံထားရှိရမည်-

(ကက) ပြုပြင်ထိန်းသိမ်းရေးစခန်းနှင့်အကျဉ်းစခန်း(အချုပ်ခန်း) အဆောက်အအုံများမှအပ လူနေအိမ်အဆောက်အအုံ မဟုတ်သော အထပ် ၇ ထပ်ထက်ပိုသည့် အဆောက်အအုံများအတွက် ထားရှိသည့် ထွက်ပေါက် လှေကားတိုင်းတွင် အဆောက်အအုံအတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်သည့်တံခါးရှိရမည်။ အဆောက်အအုံ အတွင်းပိုင်းသို့ ပြန်လည်ဝင်ရောက်နိုင်သော အထပ်အနည်းဆုံးတစ်ထပ် ရှိရမည်။

(ခခ) ပြန်လည်ဝင်ရောက်နိုင်သော အထပ်များ (Re-Entry Points) သည် တစ်ထပ်နှင့် တစ်ထပ် ၆ ထပ်ထက်ပိုမခြားရ။ အဆောက်အအုံ၏ အမြင့်ဆုံးအထပ်သည် ပြန်လည်ဝင်ရောက်သည့်တံခါး (Re-Entry Door) ရှိသော အမြင့်ဆုံးအထပ်မှ အထပ် ၃ ထပ်ထက် ပိုမခြားရ။

(ဂဂ) ပြန်လည်ဝင်ရောက်နိုင်သည့်တံခါးမှ အဆောက်အအုံသို့ ချိတ်ဆက်ရာတွင် အခြားထွက်ပေါက်လှေကားတစ်ခုနှင့် တိုက်ရိုက်ဆက်သွယ်ထားသော အများသုံးစင်္ကြံ (Common Corridor) နှင့် ချိတ်ဆက်ရမည်။

(ဃဃ) ပြန်လည်ဝင်ရောက်နိုင်သည့် တံခါးများကို သိရှိနိုင်ရန် တံခါးတွင် "**ပြန်လည်ဝင်ရောက်နိုင်သည့် တံခါး**" ဟု ရေးသားထားရမည်။

၈။ လူနေအိမ်အသုံးပြုမှု (Residential Occupancy) များအတွက် လွတ်မြောက်ရာလမ်းကြောင်းထားရှိခြင်းကို အောက်ပါအတိုင်းသတ်မှတ်ထားသည်-

(က) အုပ်စု(၁) အမျိုးအစား အဆောက်အအုံအတွက်ဖြစ်စေ၊ အဆိုပါ အဆောက်အအုံ၏ သီးခြားအစိတ်အပိုင်းအတွက်ဖြစ်စေ လှေကားလမ်းကြောင်းမှတစ်ဆင့် လွတ်မြောက်ရာလမ်းကြောင်း ထားရှိပေးနိုင်သည်။ အပိုဒ် ၇ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရန် မလိုအပ်ပါ။

(ခ) အုပ်စု(၂) အမျိုးအစား အဆောက်အအုံအတွက်ဖြစ်စေ၊ အဆိုပါ အဆောက်အအုံ၏ သီးခြားအစိတ်အပိုင်းအတွက်ဖြစ်စေ လွတ်မြောက်ရာလမ်းကြောင်းများသည် အပိုဒ် ၇ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

(ဂ) လူနေတိုက်ခန်း အဆောက်အအုံတစ်ခုတွင်တည်ရှိသော တိုက်ခန်းများသည် သီးခြားလှေကားဖြင့်ဖြစ်စေ အထပ်တိုင်းတွင်တည်ရှိသော လှေကားဖြင့်ဖြစ်စေ အပိုဒ် ၆(ဌ) ပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီသည့် တစ်ခုနှင့်တစ်ခု မှီခိုမှုမရှိသော လှေကားအနည်းဆုံး နှစ်စင်း သို့မဟုတ် ထွက်ပေါက်နှစ်ခု ထားရှိရမည်။

(ဃ) နေထိုင်အသုံးပြုနိုင်သည့် အမြင့်ဆုံးအထပ်အထိကြမ်းခင်းအမြင့် (Habitable Height) ၂၄ မီတာထက်မပိုသော လူနေတိုက်ခန်းတွဲ တစ်ခုတွင်ဖြစ်စေ၊ နှစ်ထပ်အိမ်ခန်းများ ပါရှိသော အဆောက်အအုံတစ်ခုတွင်ဖြစ်စေ ထွက်ပေါက်လှေကားတစ်စင်းတည်း ထားရှိခြင်းကို အောက်ပါအချက်များနှင့် ကိုက်ညီမှသာ ခွင့်ပြုသည်-

(၁) ထွက်ပေါက်လှေကားသည် အပိုဒ် ၇(ဃ) ပါ ပြဋ္ဌာန်းချက်များ နှင့်ကိုက်ညီရမည်။

(၂) အဆောက်အအုံသည် ၄ ထပ်ထက် ပိုပါက အထပ်တိုင်းအတွက် ထွက်ပေါက်လှေကားသို့သွားသည့်လမ်းကြောင်းသည် အပိုဒ် ၆(၃) ပါ ထွက်ပေါက်လှေကားအတွက် မီးခိုးကင်းလွတ်မှုအစီအမံ (Smoke Free Approach) ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီရမည်။

(၃) မီးသတ်ယာဉ်စက်များ အဆောက်အအုံသို့ ချဉ်းကပ်ရာလမ်းကြောင်းကို အခန်း (၅) ပါ ပြဋ္ဌာန်းထားချက်များနှင့်အညီ ပြုလုပ်ထားရမည်။

(၄) မီးသတ်ဦးစီးဌာနမှ သီးခြားထုတ်ပြန်ထားသော ပြဋ္ဌာန်းထားချက်များနှင့် ကိုက်ညီရမည်။

(c) လူနေအိမ်မှ ထွက်ပေါက်များ (Exits from Residential Unit) ကိုအောက်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြုလုပ်ထားရမည်-

(၁) လူနေတိုက်ခန်းများ သို့မဟုတ် နှစ်ထပ်အိမ်ခန်းများ ပါရှိသော အဆောက်အအုံများတွင် ထွက်ပေါက်လမ်းကြောင်းသို့ ရောက်ရှိနိုင်သောတံခါး (Exit Access Door) များကို အဆိုပါအခန်း၏ မည်သည့်နေရာမှဖြစ်စေ တိုင်းတာလျှင် ထွက်

ပေါက်သို့ ပြေးလမ်းကြောင်းအကွာအဝေး (Travel Distance) မီတာ ၂၀ ထက် မဝေးသောနေရာတွင် ထားရှိရမည်။ (ပုံ ၃.၂ ကိုကြည့်ပါ။)



(ပုံ ၃.၂)

(၂) ထို့ပြင် နှစ်ထပ်ထက်မပိုသည့် နှစ်ထပ်အိမ်ခန်းများတွင် တံခါးတစ်ခုတည်း ရှိပါက-

(ကက) ထွက်ပေါက်တံခါးကို အပေါ်ထပ်တွင်မထားရှိရ။

(ခခ) အပေါ်ထပ်အတွက် သီးခြားထွက်ပေါက်မရှိပါက အပေါ်ထပ်၏ ကြမ်းခင်းဧရိယာသည် ၆၀ စတုရန်းမီတာထက်မပိုရ။

(၃) လူနေတိုက်ခန်းများ သို့မဟုတ် နှစ်ထပ်အိမ်ခန်းများပါရှိသော အဆောက်အအုံများမှ ထွက်ပေါက်အားလုံးသည် ထွက်ပေါက်လှေကား၊ ထွက်ပေါက်လျှောက်

လမ်း (Exit Passageway) သို့မဟုတ် ပြင်ပအပွင့်နေရာ (Exterior Open Space) သို့ တိုက်ရိုက်ရောက်ရှိရမည်။

(ဆ) ထွက်ပေါက်သို့ ပြေးလမ်းကြောင်းအကွာအဝေး (Travel Distance) တိုင်းတာခြင်းကို လူနေတိုက်ခန်း သို့မဟုတ် နှစ်ထပ်အိမ်ခန်းများပါရှိသော အဆောက်အအုံများ၏ တံခါးမှတိုင်းတာရမည်။ ထွက်ပေါက်သို့ပြေးလမ်းကြောင်း (Travel Distance) တစ်ခုတည်း သို့မဟုတ် ထွက်ပေါက်လှေကားတစ်ခုတည်းရှိသော အခြေအနေတွင် လူနေတိုက်ခန်း တစ်ခန်းသည် အထပ်တစ်ထပ်တည်းတွင် တံခါးပေါက်နှစ်ပေါက်ပါရှိပါက ထွက်ပေါက် သို့ပြေးလမ်းကြောင်းအကွာအဝေး (Travel Distance) တိုင်းတာရာတွင် အဝေးဆုံး တံခါးမှတိုင်းတာရမည်။ ထွက်ပေါက်သို့ပြေးလမ်းကြောင်း နှစ်ခုပါရှိပါက သွားရောက် ရမည့်အကွာအဝေး (Travel Distance) ကို တံခါးတစ်ခုစီမှ တိုင်းတာရမည်။

(၉) လူနေတိုက်ခန်း သို့မဟုတ် နှစ်ထပ်အိမ်ခန်းများပါရှိသော အဆောက်အအုံတစ်ခုတွင် လှေကားအားမီးခိုးကင်းလွတ်မှုအစီအမံ (Smoke Free Approach) ရရှိစေရန် အပြင် စင်္ကြံ (External Corridor) ဖြင့် ချိတ်ဆက်ထားရှိခြင်းကို ခွင့်ပြုသည်-

(၁) ထိုအပြင်စင်္ကြံ (External Corridor) သည် အပြင်ထွက်ပေါက် လျှောက်လမ်း (External Exit Passageway) ၏ အနည်းဆုံးရှိရမည့် အကျယ် (၄ပေ)၊ ခေါင်းလွတ်အမြင့် (၆ပေ ၈လက်မ)၊ ကြမ်းခင်းအမြင့်အပြောင်းအလဲခွင့်ပြုမှု စသည်တို့နှင့် ကိုက်ညီရမည်။ စင်္ကြံလမ်း၏ အပြင်ဘက်တွင်ရှိသော ရင်တားနံရံ (Parapet Wall) သို့မဟုတ် လက်ရန်း (balustrade) ၏အမြင့်သည် ၁ မီတာ အောက်မနိမ့်ရ သို့မဟုတ် ၁.၁ မီတာထက်မပိုရ။ လျှောက်လမ်း၏ အမိုးစွန်းသည် တိုက်ခန်းနံရံမှ ၃ မီတာ ထက်မပိုရ။ ရင်တားနံရံ (Parapet Wall) သို့မဟုတ် လက်ရန်း (balustrade) အထက်တွင် အတားအဆီးမရှိသော ဒေါင်လိုက်အမြင့် ၁.၂ မီတာထက်မနည်းသော လေဝင်/လေထွက်ပေါက်ရှိရမည်။

(၂) လူနေအိမ်ခန်းများနှင့် စင်္ကြံအကြားခြားထားသော နံရံသည် မီးဒဏ်ခံနိုင်ရည် အနည်းဆုံး တစ်နာရီရှိရမည်။ လူနေအိမ်ခန်းများ လေဝင်/ လေထွက်ရရှိစေရန် ပြတင်းပေါက်ထားရှိပါက ကြမ်းပြင်မှ ၁.၁ မီတာထက်အမြင့်တွင် အလွယ်တကူ မီးလောင်မလွယ်သောတည်ဆောက်မှုဖြင့် တည်ဆောက်ရမည်။

(စျ) ထွက်ပေါက်သို့ပြေးလမ်းကြောင်းအကွာအဝေး (Travel Distance)

(၁) ထွက်ပေါက်လမ်းကြောင်းတစ်ခုတည်းတည်ရှိခြင်း (One Way Travel Distance)

လူနေအိမ်အဆောက်အအုံတစ်ခုတွင် ထွက်ပေါက်လမ်းကြောင်းတစ်ခုတည်း ရှိပါက အောက်ပါအချက်များနှင့်ကိုက်ညီရမည်-

(ကက) အိမ်ခန်းတံခါးမှ ထွက်ပေါက်လှေကားသို့ မီတာ ၂၀ ထက်မပိုရ။

(ခခ) အိမ်ခန်း၏အဝေးဆုံးနေရာမှ ထွက်ပေါက်လှေကားတံခါးသို့ မီတာ ၄၀ ထက် ပိုမဝေးကွာပါက အိမ်ခန်းတံခါးမှ ထွက်ပေါက်လှေကား အကွာအဝေးသည် ၂၄ မီတာ အထိ ထားရှိနိုင်သည်။

(၂) ထွက်ပေါက်လမ်းကြောင်း နှစ်ခုတည်ရှိခြင်း (Two Way Travel Distance) ထွက်ပေါက်သို့ပြေးလမ်းကြောင်းနှစ်ခု (Two Way Travel Distance) ရှိသည့် လူနေတိုက်ခန်းတစ်ခုတွင်ဖြစ်စေ၊ နှစ်ထပ်အိမ်ခန်းများတွင်ဖြစ်စေ၊ လွတ်မြောက်ရာလမ်းကြောင်းအဖြစ် အပြင်စကြံ့ကို အသုံးပြုမည်ဆိုပါက အပိုဒ်၈(ဇ)ပါ ပြဋ္ဌာန်းချက်အရ ပြေးလမ်းကြောင်း အကွာအဝေး (Travel Distance) ကို ၄၅ မီတာအထိ ခွင့်ပြုနိုင်သည်။

(ည) အောက်ပါအခြေအနေများနှင့် ကိုက်ညီသော လူနေတိုက်ခန်းများ သို့မဟုတ် နှစ်ထပ်အိမ်ခန်းများပါရှိသော အဆောက်အအုံများတွင် အပိုဒ် ၇(ဃ)(၁)(ခခ)နှင့် (၂) (ခခ) အရ ထွက်ပေါက်လှေကားမှ အလျားလိုက်သော်လည်းကောင်း/ ဒေါင်လိုက်သော်လည်းကောင်း ၃မီတာအကွာအဝေးတွင် အကာအကွယ်မရှိသောအပေါက်မတည်ရှိရဆိုသည့် အချက်ကို လိုက်နာရန်မလိုအပ်ပါ။

(၁) အချိန်တိုင်းတွင် တိုးလျှိုပေါက်လေဝင်/ လေထွက် (Cross Ventilated) ရရှိပြီး မီးခိုးကင်းသော ထွက်ပေါက်လှေကားများ။

(၂) တိုက်ခန်း သို့မဟုတ် နှစ်ထပ်အိမ်ခန်းများ၏ အကာအကွယ်မရှိသော ပြတင်းများသည် (ပုံ ၃.၃) တွင် ပြထားသည့်အတိုင်း ထွက်ပေါက်လှေကား နံရံတွင် မထားရှိရ။



(ပုံ ၃.၃)

(၆) အပြင်စင်္ကြံ (External Corridor) သို့ ဖွင့်ထားသောလူနေတိုက်ခန်းများ၏ တံခါးများ နှင့် နှစ်ထပ်အိမ်ခန်းများ၏ တံခါးများသည် မီးဒဏ်ခံနိုင်မှုရှိရန်မလိုပါ။

(၇) အုပ်စု(၁နှင့်၂) အမျိုးအစား အဆောက်အအုံများရှိ အမိုးအောက်ထပ်ခိုး (Attic Floor) အား အဆောက်အအုံ၏ လိုအပ်သော မီးဒဏ်ခံနိုင်ရည်/ မီးတားအကန့်တို့ကို မထိခိုက်ပါက သစ်သားဆင့်၊ သစ်သားကြမ်းခင်းများဖြင့် တည်ဆောက်နိုင်သည်။

(၃) ထွက်ပေါက်လှေကားသို့ သွားရောက်သည့် အများသုံး အတွင်းစင်္ကြံလမ်း (Common Internal Corridor)သည် ကြမ်းခင်းဧရိယာ၏ ၁၅% ထက်မနည်းသော လေဝင်/ လေထွက်ပေါက်ရှိရမည်။ ထိုလေဝင်/ လေထွက်ပေါက်သည် အများသုံး အတွင်းစင်္ကြံ (Common Internal Corridor) ၏ မည်သည့်နေရာမှမဆို ၉ မီတာ ထက် မဝေးသော နေရာတွင်ရှိရမည်။ အကယ်၍ အများသုံးအတွင်းစင်္ကြံလမ်း (Common Internal Corridor) တွင် တိုးလျှိုပေါက်လေဝင်/လေထွက် (Cross-Ventilated)ပေးပါက အစွန်းနှစ်ဖက်ရှိ နံရံတစ်ခုစီပေါ်တွင်ရှိသော လေဝင်/ လေထွက်ပေါက်သည် နံရံမျက်နှာပြင် ဧရိယာ၏ ၅၀%ထက် မနည်းရ။ လေဝင်/ လေထွက်ပေါက်သည် စင်္ကြံ၏ မည်သည့် နေရာမှမဆို ၁၃ မီတာ ထက်ပိုဝေးရ။

၉။ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အသုံးပြုမှု (Health Care Occupancy) များအတွက် လွတ်မြောက်ရေးနည်းလမ်းများသည် အောက်ပါအချက်များနှင့်ကိုက်ညီရမည်-

(က) ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် အောက်ပါကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အသုံးပြုမှု (Health Care Occupancy) အမျိုးအစားများအတွက် ရည်ရွယ်သည်-

(၁) ဆေးရုံ (Hospital) သည် ဆေးဘက်ဆိုင်ရာနှင့်ခွဲစိတ်မှုဆိုင်ရာ စောင့်ရှောက်မှုများအတွက် အသုံးပြုသောအဆောက်အအုံဖြစ်ပြီး ၂၄ နာရီ သို့မဟုတ် အတွင်းလူနာများအား အချိန်ပြည့် စောင့်ရှောက်ကုသမှုများရှိသည့် အထွေထွေဆေးရုံ၊ ကလေးဆေးရုံ၊ စိတ်ရောဂါကုဆေးရုံတို့ ပါဝင်သည်-

(ကက) လူနာအိပ်ဆောင်များကို မြေအောက်ထပ်တွင် မထားရှိရ။

(ခခ) လူနာအရေအတွက် ၅၀ ထက်ပိုသော အဆောင်တိုင်းတွင် အနည်းဆုံးထွက်ပေါက် နှစ်ခုရှိရမည်။ ထွက်ပေါက်တစ်ခုနှင့် တစ်ခုသည် ဝေးကွာစွာ တည်ရှိရမည်။

(ဂဂ) လူနာဆောင်အဖြစ်အသုံးပြုသော မြေညီထပ် မဟုတ်သည့် အထပ်တိုင်းတွင် ခေတ္တခိုလှုံရာနေရာ (Area of Refuge) အဖြစ် သုံးနိုင်သည့် နေရာတစ်နေရာပါရှိရမည်။ ခေတ္တခိုလှုံရာနေရာ (Area of Refuge) ၏ အရွယ်အစားနှင့်ဧင်းသို့သွားရောက်သည့် လမ်းကြောင်းသည် အပိုဒ် ၂(က) နှင့် အပိုဒ် ၉(ဂ) တို့နှင့် ကိုက်ညီရမည်။

(ဃဃ) လူနာဆောင်အခန်း၏ အရွယ်အစားနှင့် ပိုင်းခြားရမည့်ဧရိယာသည် အောက်ပါအချက်များနှင့်ကိုက်ညီရမည်-

(၁ ၁) လူနာဆောင် အခန်းတစ်ခုစီ၏ ကြမ်းခင်းဧရိယာ စုစုပေါင်းသည် ၇၅၀ စတုရန်းမီတာနှင့် လူနာဦးရေ ၇၅ ဦး ထက်မပိုရ။ လူနာတစ်ဦးလျှင် ၁၀ စတုရန်းမီတာနှုန်းဖြင့် တွက်ချက်ရမည်။

(၂ ၂) လူနာဆောင်အခန်းတစ်ခန်း သို့မဟုတ် အဆောင်တိုင်းသည် မီးဒဏ်ခံနိုင်ရည်အနည်းဆုံး တစ်နာရီရှိသည့် နံရံ/ မျက်နှာကြက်နှင့် မီးဒဏ်ခံနိုင်ရည်အနည်းဆုံးမိနစ် ၃၀ ရှိသည့်တံခါးများဖြင့် တည်ဆောက်ထားရမည်။ အဆောင်၊ အခန်းများနှင့် အပြင်ထွက်ပေါက် စကြံ့ သို့မဟုတ် အတွင်းထွက်ပေါက်

စကြံ့ (Internal or External Corridor) များအကြား ကာရံထားသည့် နံရံများနှင့် တံခါးများသည် အပိုဒ် ၉(က)(၁)(စစ) နှင့် (ဆဆ) ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။ ရေဖျန်းစနစ်ဖြင့်ကာကွယ်ထားသော (Sprinkler Protected) လူနာဆောင်အထပ်များသည် အပိုဒ် ၉(က)(၁)(စစ)နှင့်(ဆဆ) ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရန်မလိုပါ။

(cc) လူနာတင် ဓာတ်လှေကား (Escape Bed-Lift) ကို အောက်ပါ အချက်များနှင့်အညီ ဆောင်ရွက်ထားရှိရမည်-

(၁ ၁) ဆေးရုံ၏ အထပ်တိုင်း သို့မဟုတ် ခေတ္တခိုလှုံရာနေရာ (Area of Refuge) သို့မဟုတ် ခွဲစိတ်ခန်း၊ ခွဲစိတ်လူနာဆောင်၊ နှလုံးရောဂါ လူနာဆောင်၊ အထူးကြပ်မတ်ကုသခန်း၊ မွေးကင်းစ လူနာခန်းနှင့်ခုတင်၊ လူနာတင်စင် သို့မဟုတ် အလားတူသယ်ဆောင်မှုမရှိလျှင် မထွက်ခွာနိုင်သော လူနာများရှိရာ အထပ်များတွင် လူနာတင်ဓာတ်လှေကား(Escape Bed-Lift) ကိုထွက်ပေါက်လှေကားနှင့် ချိတ်ဆက်ထားရှိရမည်။

(၂ ၂) လူနာတင်ဓာတ်လှေကား (Escape Bed-Lift) တပ်ဆင်ထားရှိရန် အပေါ်အောက် ချိတ်ဆက်ထားသည့် အကာအကွယ် ပြုလုပ်ထားသော ဒေါင်လိုက်လမ်းကြောင်း (Protected Shaft) တစ်လျှောက်သည် အပိုဒ် ၂၂ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ တည်ဆောက်ရမည်။

(၃ ၃) လူနာတင်ဓာတ်လှေကား (Escape Bed-Lift) နှင့် ထွက်ပေါက်လှေကားသည် အကာအကွယ် ပြုလုပ်ထားသော အခန်း (Protected Lobby) ကိုဖြတ်၍ ဝင်ရောက်ရမည်။ ယင်းအခန်း၏ရေယာသည် အနည်းဆုံး ၉ စတုရန်းမီတာ ရှိရမည်။ ဓာတ်လှေကားတံခါးမှ မျက်နှာချင်းဆိုင် နံရံသည် အနည်းဆုံး ၂.၅ မီတာ ကွာဝေးရမည်။ အနည်းဆုံး လူနာခုတင်နှစ်လုံး၊ သူနာပြုအထောက်အကူပြုဝန်ထမ်းနှင့် ဆေး

ပစ္စည်းကိရိယာများ ထားရှိနိုင်ရန် ကျယ်ဝန်းရမည်။ အကယ်၍ ၎င်းအခန်းကို မီးငြှိမ်းသတ်ရန်ပြင်ဆင်ခန်း (Fire Fighting Lobby) သို့မဟုတ် မီးခိုးတားခန်း (Smoke Stop Lobby) အဖြစ် အသုံးပြုမည်ဆိုပါက အခန်း၏ကြမ်းခင်းဧရိယာသည် လူနာခုတင်များ အလွယ်တကူရွှေ့ရန်နှင့် ထွက်ပေါက်လှေကား ရှိရာသို့ဖြတ်သန်းသွားမည့်သူများအတွက် လုံလောက်သော အရွယ်အစားရှိရမည်။

(၄ ၄) လူနာတင်ဓာတ်လှေကား (Escape Bed-Lift) ဆိုသည်မှာ နေ့စဉ်ပုံမှန်အခြေအနေတွင် ဆေးရုံ၏ သာမန်သွားလာသူများအတွက်အသုံးပြုသော်လည်းအရေးပေါ်မီးဘေးအန္တရာယ်အခြေအနေတွင် ဘီးတပ်ကုလားထိုင်သုံးရသော လူနာများ၊ မသန်စွမ်းလူနာများ၊ အိပ်ယာတွင်လဲနေသော လူနာများ ထွက်ခွာနိုင်ရေးအတွက် အသုံးပြုရန်ဖြစ်သည်။ ဓာတ်လှေကား၏ အပြင်ဘက်တွင် "**FIRE ESCAPE BED-LIFT**" ဟု ရေးသားထားသည့် အမှတ်အသားကို ကပ်ထားရမည်။

(၅ ၅) မြေညီထပ်တွင် လူနာတင်ဓာတ်လှေကား (Escape Bed-Lift) အတွက်လွတ်မြောက်ရာလမ်းကြောင်းကို အခြားနေရာများနှင့် မီးဒဏ်ခံနိုင်ရည်အနည်းဆုံးတစ်နာရီရှိသော နံရံများဖြင့် ပိုင်းခြားထား၍ ဘေးအန္တရာယ် ကင်းရှင်းသော အဆောက်အအုံပြင်ပနေရာသို့တိုက်ရိုက်ရောက်ရှိနိုင်ရမည်။

(၆ ၆) အပြင်စင်္ကြံ (External Corridor) နှင့် ချိတ်ဆက်ထားသော လူနာတင်ဓာတ်လှေကား (Escape Bed-Lift) များအတွက် မီးခိုတားခန်း (Smoke Stop Lobby) မလိုအပ်သော်လည်း ဓာတ်လှေကားမှ ၃ မီတာ အကွာအဝေးအတွင်း အကာအကွယ်မရှိသော ပြတင်းပေါက်များ၊ အပေါက်များ (Unprotected Opening) မထားရှိရ။ အထက်ပါအနေအထားတွင် တပ်ဆင်ထားသော ဓာတ်လှေကားအား ထိုအထပ်ရှိအခြားလူနာ

ဆောင်များမှ လူနာတင်ဓာတ်လှေကား (Escape Bed-Lift) အဖြစ် အသုံးပြုနိုင်သည်။

(၇ ၇) လူနာတင်ဓာတ်လှေကား (Escape Bed-Lift) တစ်စင်းသည် အောက်ပါ အချက်အလက်များနှင့် ကိုက်ညီရမည်-

(- -) အရေးပေါ် မီးစက်တစ်ခုမှ ပေးပို့သည့် အရန်ဓာတ်အားစနစ် (Duplicate Power Supply) တပ်ဆင်ထားရမည်။

(- -) "**Evacuation Bed-Lift**" ဟု ရေးသားထားသော ခလုတ်တစ်ခုကို နောက်ဆုံးထွက်ပေါက် အထပ်ရှိ ဓာတ်လှေကား တံခါးနံဘေးတွင် ထားရှိရမည်။ ၎င်းသည် အရေးပေါ်အခြေအနေတွင် အဆောက်အအုံ စီမံခန့်ခွဲရေးမှ တာဝန်ပေးထားသော တာဝန်ရှိသူ တစ်ဦးကဓာတ်လှေကားကို ထိန်းချုပ်အသုံးပြုနိုင်ရန် ဖြစ်သည်။ ဓာတ်လှေကား၏ မူလအတက်/ အဆင်းခလုတ်နှင့် ရောယှက်ခြင်းမရှိဘဲ ထွက်ပေါက်လမ်းကြောင်းရှိရာ မြေညီထပ်သို့ ချက်ချင်း ပြန်လည်ရောက်ရှိရန် ၎င်းခလုတ်ဖြင့် ထိန်းချုပ်နိုင်ရမည်။ အထပ်နှစ်ထပ်သာရှိသောအဆောက်အအုံတွင် ဤစနစ်မလိုအပ်ပါ။

(- -) ဓာတ်လှေကားအဝင်ခန်း အတွင်းရှိလူများနှင့် ဓာတ်လှေကား ထိန်းချုပ်သူတို့အကြား ဆက်သွယ်နိုင်ရန် ဆက်သွယ်ရေး စနစ်တစ်ခု (နှစ်ထပ် အဆောက်အအုံမှအပ) ကိုတပ်ဆင်ထားရမည်။

(၈ ၈) လူနာတင်ဓာတ်လှေကား (Escape Bed-Lift) တပ်ဆင်ရာတွင် အသိအမှတ်ပြုထားသော လူစီးနှင့် ကုန်တင်လျှပ်စစ်ဓာတ်လှေကားများ တပ်ဆင်ခြင်း၊ မောင်းနှင်ခြင်းနှင့် ထိန်း

သိမ်းခြင်းတို့ဆိုင်ရာ ကျင့်သုံးရန်စံနှုန်းများသည် SS-550 နှင့်ကိုက်ညီရမည်။

(စစ) လူနာဆောင်များနှင့် ချိတ်ဆက်ထားသော အတွင်းစင်္ကြံ (Internal Access Corridor) သည် အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(၁ ၁) လူနာဆောင် သို့မဟုတ် အခန်းတစ်ခုစီသည် အတွင်းစင်္ကြံ လမ်း (Internal Access Corridor) နှင့် မီးဒဏ်ခံနိုင်ရည် အနည်းဆုံး တစ်နာရီရှိသောနံရံဖြင့် ပိုင်းခြားထားရမည်။

(၂ ၂) လူနာဆောင်များနှင့် ချိတ်ဆက်ထားသော အတွင်းစင်္ကြံ (Internal Access Corridor) သို့ ဝင်ထွက်နိုင်သော တံခါး များသည် အပိုဒ် ၂၃(ခ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မီးဒဏ် ခံနိုင်ရည် အနည်းဆုံး မိနစ် ၃၀ ရှိပြီး အလိုအလျောက်ပြန်ပိတ် သည့်ကိရိယာ (Automatic Self-closing Device) တပ်ဆင် ထားရမည်။ သို့မဟုတ် လျှပ်စစ် သံလိုက်ကပ်ခွာ သို့မဟုတ် လျှပ်စစ်ဖြင့်ဖွင့်ပိတ်ကိရိယာများ တပ်ဆင်ထားနိုင်သည်။

(၃ ၃) လူနာဆောင်များတွင် ရေဖျန်းစနစ် (Sprinkler System) တပ်ဆင်ထားပါက မီးဒဏ်ခံနိုင်ရည်ရှိစေရန်စီမံပိုင်းခြားခြင်း မှ ကင်းလွတ်နိုင်သည်။

(၄ ၄) လူနာဆောင်များနှင့် ချိတ်ဆက်ထားသော အတွင်းစင်္ကြံ (Internal Access Corridor) ၏ အပြင်နံရံတွင် အမြဲပွင့် နေသော လေဝင်/ လေထွက်ပေါက်များထားရှိပြီး သဘာဝ လေဝင်/ လေထွက်ရှိအောင် ပြုလုပ်ထားရမည်။ အဆိုပါ လေဝင်/ လေထွက်ပေါက်များသည် အတွင်းစင်္ကြံ (Internal Access Corridor) ကြမ်းခင်းဧရိယာ၏ ၁၅% အောက် မနည်းရ။

(၅ ၅) အပြင်နံရံရှိ လေဝင်/ လေထွက်ပေါက်များ၏ ဧရိယာသည် ၃.၅ စတုရန်းမီတာ အောက်မနည်းရ။ အဆိုပါလေဝင်/ လေ ထွက်ပေါက်များသည် ရင်တားနံရံ (Parapet Wall) များ သို့မဟုတ် လက်ရန်းတိုင် (Balustrade) များ၏ အထက်တွင် တည်ရှိ၍ အတားအဆီးမရှိစေရ။ စင်္ကြံ (Corridor) ၏ တစ်

ဖက်တစ်ချက်တွင် ထားရှိခြင်းဖြင့် အတွင်းစကြံ့ (Internal Access Corridor) တစ်ခုလုံးကို လေဝင်/ လေထွက် ရရှိနိုင်ရမည်။

(၆ ၆) အပြင်နံရံရှိ လေဝင်/ လေထွက်ပေါက်များသည် စကြံ့ (Internal Access Corridor) ၏ မည်သည့်နေရာမှမဆို ၁၂ မီတာထက် ပိုမဝေးရ။

(၇ ၇) လူနာဆောင်များနှင့် ချိတ်ဆက်ထားသော အတွင်းစကြံ့ (Internal Access Corridor) ကို သဘာဝလေဝင်/ လေထွက်စနစ်အစား စက်စွမ်းအားသုံး လေဝင်/ လေထွက်စနစ်နှင့် လေဖိအားပေးခြင်းများ ပြုလုပ်နိုင်သည်။

(၈ ၈) လူနာဆောင်မဟုတ်သည့် အခြားအသုံးပြုမှုများသည် ထွက်ပေါက်လမ်းကြောင်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် တည်ရှိနေသော အတွင်းစကြံ့ (Internal Access Corridor) နှင့် ချိတ်ဆက်နေပါက ၎င်းနေရာများကို မီးဒဏ်ခံနိုင်ရည် အနည်းဆုံး တစ်နာရီရှိသောနံရံ နှင့် မီးဒဏ်ခံနိုင်ရည် မိနစ် ၃၀ ရှိသော တံခါးများဖြင့် ပိုင်းခြားထားရမည်။

(ဆဆ) လူနာဆောင်များကို ချိတ်ဆက်ထားသော အပြင်စကြံ့ (External Access Corridor) သည် အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(၁ ၁) လူနာဆောင်များကို အပြင်စကြံ့ (External Access Corridor) နှင့် မီးဒဏ်ခံနိုင်ရည်အနည်းဆုံး တစ်နာရီ ရှိသော နံရံဖြင့် ပိုင်းခြားထားရမည်။ အပြင်စကြံ့ (External Access Corridor) သို့ဖွင့်ထားသော လေဝင်/ လေထွက်ပေါက်များ ပါရှိပါက မီးဒဏ်ခံနိုင်ရည် တစ်နာရီမလိုအပ်ဘဲ မီးလောင်မလွယ်သော အမျိုးအစားဖြင့် တည်ဆောက်ထား၍ အပြင်စကြံ့ (External Access Corridor) ၏ ကြမ်းပြင်မှအပေါက်၏ အောက်ခြေအထိ ၁.၁ မီတာ နှင့် အထက်တွင်ထားရှိရမည်။

(၂ ၂) လူနာဆောင်များကို ချိတ်ဆက်ထားသော အပြင်စင်္ကြံ (External Access Corridor) သို့ ဝင်ထွက်နိုင်သော တံခါးများသည် မီးဒဏ်ခံနိုင်ရည်ရှိရန် မလိုအပ်ပါ။

(၃ ၃) လူနာဆောင်များကို ချိတ်ဆက်ထားသော အပြင်စင်္ကြံ (External Access Corridor) သည် အပြင်ထွက်ပေါက် လျှောက်လမ်း (External Exit Passageway) အတွက် သတ်မှတ်ထားရှိသည့် အကျယ်၊ ကြမ်းခင်းအနိမ့်အမြင့် ပြောင်းလဲခြင်း၊ အမိုးစွန်းအများဆုံး ထားရှိနိုင်သည့် အရှည်၊ အမြင့် ၁ မီတာ ထက်မပိုသည့် ရင်တားနံရံ (parapet wall) နှင့် လက်ရန်းတိုင် (Balustrade) စသည့် ပြဋ္ဌာန်းချက်များ နှင့် ကိုက်ညီရမည်။

(၉၉) ထွက်ပေါက်လှေကား မီးခိုးကင်းလွတ်မှုအစီအမံ (Smoke Free Approach to Exit Staircase) ကို အောက်ပါ အချက်များနှင့်အညီ စီမံထားရှိရမည်-

(၁ ၁) မြေပြင်မှ ၄ထပ် ထက်ပိုသော အဆောက်အအုံ၏ အစိတ်အပိုင်းများမှ ထွက်ပေါက်လှေကားသို့ ဝင်ပေါက်သည် အပိုဒ် ၆(၃) ပါ ထွက်ပေါက်လှေကား မီးခိုးကင်းလွတ်မှု အစီအမံ (Smoke Free Approach) ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။ မီးခိုးတားခန်း (Smoke Stop Lobby) ထည့်သွင်း တည်ဆောက်ရမည့်အစား လှေကားအိမ်အတွင်း လေဖိအား ထိန်းညှိခြင်းဖြင့် အစားထိုးဆောင်ရွက်မှုကိုခွင့်မပြုပါ။

(၂ ၂) မြေအောက်ထပ်အတွက် ထားရှိသော ထွက်ပေါက်လှေကားများသည် အပိုဒ် ၆(ဃ) နှင့် အပိုဒ် ၇(စ) တို့ကိုလိုက်နာရမည်။

(၃ ၃) လူနာဆောင်ထပ်တွင်ဖြစ်စေ လူနာများသည် မွေ့ရာသို့မဟုတ် လူနာထမ်းစင်ဖြင့် ထွက်ခွာရန်လိုအပ်သည့်နေရာတွင်ဖြစ်စေ မီးခိုးတားခန်း (Smoke Stop Lobby) ထားရှိပါက ထိုမီးခိုးတားခန်း (Smoke Stop Lobby) ၏ နေရာလွတ်

(တံခါးအဖွင့်အပိတ်ဖြင့် အတားအဆီးမဖြစ်သော နေရာ) သည် အနည်းဆုံး ၆ စတုရန်းမီတာ ရှိရမည်။

(စျစျ) လူနာဆောင်အထပ်တွင်ရှိသော ထွက်ပေါက်လှေကားနှင့် မီးဘေး အရေးပေါ်အခြေအနေတစ်ခုတွင်လူနာများအသုံးပြုမည့် ထွက်ပေါက်လှေကားသည် လူနာများကိုမွေ့ရာ သို့မဟုတ် ထမ်းစင်ဖြင့် သယ်ဆောင်နိုင်စေရန် ပုံစံထုတ်ထားရမည်။ လှေကားအကျယ်၊ လှေကားတစ်ဆစ်ချိုးနေရာ အကျယ်နှင့်အနံတို့သည် ဇယား (၃.၂) နှင့် ကိုက်ညီရမည်။

(၂) အခြားသူတစ်ဦး၏ အကူအညီမပါဘဲ ဘေးကင်းရာသို့ ကိုယ်တိုင်သွားလာရန် ခက်ခဲသော စိတ်ပိုင်း/ ရုပ်ပိုင်းဆိုင်ရာ နာမကျန်းဖြစ်နေသည့်သူများ နေထိုင်ရန်နှင့် စောင့်ရှောက်ရန်အသုံးပြုသောအဆောက်အအုံများဖြစ်သည့် စောင့်ရှောက်ရေးဂေဟာများ၊ နာလန်ထဆောင်များ၊ သက်ကြီးရွယ်အိုဆောင်များနှင့် နာတာရှည်လူနာဆောင်များ ပါဝင်သည်။ အဆိုပါ အဆောက်အအုံများအတွက် မီးဘေး လုံခြုံရေးဆိုင်ရာသတ်မှတ်ပြဋ္ဌာန်းချက်များသည် ဆေးရုံအဆောက်အအုံ၏ ပြဋ္ဌာန်းချက်များဖြစ်သော အပိုဒ် ၉(က)(၁) နှင့်ကိုက်ညီရမည်။

(၃) အုပ်ထိန်းစောင့်ရှောက်မှုလိုအပ်သည့်သူများအားထားရှိသည့် အဆောက်အအုံများ (Custodian Care Facility) သည် အသက်အရွယ်ကြောင့် သို့မဟုတ် ရုပ်ပိုင်း/ စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းမှုကြောင့် အခြားသူတစ်ဦး၏ အကူအညီမပါဘဲ ဘေးကင်းရာသို့ကိုယ်တိုင်သွားလာရန် ခက်ခဲသောသူများအတွက်အသုံးပြုသည့် အဆောက်အအုံတစ်ခု သို့မဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ထိုအဆောက်အအုံများတွင် အသက်ခြောက်နှစ်အောက် ကလေးများကို ပြုစုစောင့်ရှောက်သော နေ့ကလေးထိန်းဌာနများနှင့် စိတ်ပိုင်းဆိုင်ရာမသန်စွမ်းသူများအတွက် အဖွဲ့အစည်းများလည်းပါဝင်သည်-

(ကက) ကလေးပြုစုစောင့်ရှောက်ရေး စင်တာများဖြစ်သည့် မူကြိုကျောင်းများ၊ မွေးကင်းစကလေးစောင့်ရှောက်မှုများ အပါအဝင် နေ့ကလေးထိန်းဌာနများသည် အသုံးပြုမှုအမျိုးမျိုးရောနှောနေသော အဆောက်အအုံ (Building of Mixed Use) တစ်ခုအတွင်းရှိနေပါက အခြားနေရာ

များ၊ အသုံးပြုမှုများမှ မီးဒဏ်ခံနိုင်ရည် အနည်းဆုံး ၁ နာရီရှိသော နံရံများ၊ တံခါးများဖြင့် ပိုင်းခြားထားရမည်။ ထိုနေရာများသည် မြေညီထပ်တွင်ရှိပါက အဆောက်အအုံ၏အပြင်သို့ တိုက်ရိုက်ရောက်ရှိနိုင်ရမည်။ အခြားအထပ်များတွင်ရှိပါကလှေကားနှင့်ကပ်လျက်တွင် တည်ရှိ၍ ထိုလှေကားသို့ တိုက်ရိုက်ဦးတည်ထားသော သီးသန့်လမ်းကြောင်း (Dedicated Access) မှတစ်ဆင့် မီးခိုးတားခန်း (Smoke Stop Lobby) ကိုဖြတ်၍ လှေကား (အနည်းဆုံး ထွက်ပေါက်လှေကားတစ်ခု) သို့ ရောက်ရှိနိုင်ရမည်။ သို့မဟုတ် အများသုံးစကြီးများကို ဖြတ်သန်းစရာမလိုဘဲထွက်ပေါက်လှေကားသို့ တိုက်ရိုက်ရောက်ရှိနိုင်သည့်နေရာတွင် ထားရှိရမည်။

(ခခ) ကလေးပြုစုစောင့်ရှောက်ရေးစင်တာများ၊ မူကြိုကျောင်းများ၊ မွေးကင်းစ ကလေးစောင့်ရှောက်ရေးဌာနများ အပါအဝင် နေ့ကလေးထိန်းဌာနများသည် အလိုအလျောက် ရေဖျန်းစနစ် (Automatic Sprinkler System) တပ်ဆင်ထားသော အဆောက်အအုံအတွင်းတွင်ရှိပါကမီးဒဏ်ခံနိုင်ရည်ရှိသော အကာအရံများဖြင့် ပိုင်းခြားထားရန် မလိုပါ။

(ဂဂ) ခွဲစိတ်ကုသရန် မလိုအပ်သော စိတ်ရောဂါကုဆေးရုံများ/ စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများအား ထိန်းသိမ်းစောင့်ရှောက်သော အဆောက်အအုံများတွင် ဆေးရုံများအတွက် လိုအပ်သည့် မီးဘေးလုံခြုံရေးဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များဖြစ်သည့် အပိုဒ် ၉ (က) (၁)၊ အပိုဒ် ၂(က)၊ အပိုဒ် ၉(ဂ) တို့နှင့် ကိုက်ညီရန် လိုအပ်ပြီး လူနာတင်ဓာတ်လှေကားနှင့် လှေကားတစ်ဆစ်ချိုးနေရာ၏ အကျယ်နှင့်အနံတို့သည် စံသတ်မှတ်ချက်များနှင့် ကိုက်ညီရန်မလိုပါ။

(၄) ကြီးကြပ်စောင့်ရှောက်ရန်လိုအပ်သည့်သူများအား ထားရှိသောအဆောက်အအုံများ (Supervisory Care Facility) သည် ကိုယ်တိုင်လှုပ်ရှားသွားလာနိုင်သော်လည်း ကြီးကြပ်မှုလိုအပ်နေသူများ၊ ကျန်းမာရေးဆိုင်ရာ ဂရုပြုမှု၊ ကုသမှုနှင့် လေ့ကျင့်ခန်းခံယူနေသူများနှင့် ထိုကိစ္စရပ်များ ပြုလုပ်ရာတွင် လုံခြုံရေးအရ

စောင့်ကြပ်ခံနေရသူများအား ၂၄နာရီ ပတ်လုံး ထိန်းသိမ်းစောင့်ရှောက်ရာတွင် အသုံးပြုနေသည့် အဆောက်အအုံတစ်ခု သို့မဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ အဆိုပါ အဆောက်အအုံများသည် ဆေးရုံများအတွက် လိုအပ်သည့်မီးဘေးလုံခြုံရေးဆိုင်ရာသတ်မှတ်ပြဋ္ဌာန်းချက်များဖြစ်သည့် အပိုဒ် ၉(က)(၁)(cc) ပါ လူနာတင် ဓာတ်လှေကား (Escape Bed-Lift) ပြဋ္ဌာန်းချက်များနှင့် အပိုဒ်၉(က)(၁)(ဈဈ) ပါ လှေကားတစ်ဆစ်ချိုးနေရာ အကျယ်/ အနံ ပြဋ္ဌာန်းချက်များမှအပ အပိုဒ် ၉(က)(၁)ပါ မီးဘေးလုံခြုံရေးဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် အပြည့်အဝ ကိုက်ညီမှုရှိရမည်။

(၅) ပြင်ပလူနာ ကျန်းမာရေးစောင့်ရှောက်မှုဌာန (Ambulatory Health Care Centre) ကိုအဆောက်အအုံတစ်ခု သို့မဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်းတစ်ခုအဖြစ် အောက်ပါပြင်ပလူနာများအတွက် ကုသမှုပေးရန်အခြေခံ၍ အသုံးပြုလျှင်-

(ကက) အရေးပေါ်အခြေအနေတွင်အခြားသူ၏ကူညီထောက်ပံ့မှုမပါဘဲ မိမိကိုယ်ကိုကာကွယ်ရန်ဖြစ်စေ၊ဘေးကင်းလုံခြုံရန်ဖြစ်စေ လုပ်ဆောင်ရန် မတတ်နိုင်သော လူနာများအတွက် ကုသမှုပြုလုပ်ပေးသည့် နေရာဌာန (ကျောက်ကပ်ဆေးကြောကုသဌာန) ။

(ခခ) ထုံဆေး/မေ့ဆေးအသုံးပြု၍ ခွဲစိတ်ကုသမှုပေးသည့်နေရာ။

(ဂဂ) အသုံးပြုမှုရောနှောနေသော အဆောက်အအုံ (Building of Mixed Use) အတွင်းရှိနေသည့်ပြင်ပလူနာကျန်းမာရေးစောင့်ရှောက်မှုဌာန (Ambulatory Health Care Centre) သည် အခြားအသုံးပြုသူများနှင့် သီးခြားဖြစ်စေရန် မီးဒဏ်ခံနိုင်ရည် ၁ နာရီရှိသောနံရံများ၊ တံခါးများဖြင့် ပိုင်းခြားထားရမည်။ ၎င်းပြင်ပလူနာ ကျန်းမာရေးစောင့်ရှောက်မှုဌာနအတွက် သီးသန့်လွတ်မြောက်ရေး နည်းလမ်းအတွက် အနည်းဆုံး ထွက်ပေါက်လှေကားတစ်စင်း ရှိရမည်။

(ဃဃ) အဆောက်အအုံများသည် ဆေးရုံများအတွက် လိုအပ်သည့် မီးဘေးလုံခြုံရေးဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များဖြစ်သည့် အပိုဒ် ၉(က)(၁)(cc) ပါ လူနာတင် ဓာတ်လှေကား (Escape Bed-Lift) ပြဋ္ဌာန်းချက်များနှင့် အပိုဒ် ၉(က)(၁)(ဂဂ) ပါ ခေတ္တခိုလှုံရာနေရာ (Area of Refuge) ပြဋ္ဌာန်းချက်များမှအပ အပိုဒ် ၉(က)(၁)(cc) ပါ မီးဘေး

လုံခြုံရေးဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် အပြည့်အဝ ကိုက်ညီမှုရှိရမည်။

(ဖ) အထက်ဖော်ပြပါအဆောက်အအုံအမျိုးအစားများတွင်မပါဝင်သော ပြင်ပလူနာဆေးခန်း (Outpatient Clinic) များအတွက် အပိုဒ် ၁၆(စ)(၂) ပါ ပိုင်းခြားထားသော ဇရိယာအတွက် ပြဋ္ဌာန်းချက်များမှအပ အပိုဒ် ၉(က)(၁) ပါ မီးဘေးလုံခြုံရေးဆိုင်ရာသတ်မှတ်ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရန်မလိုပါ။

(ခ) နေထိုင်အသုံးပြုသူဦးရေ (Occupancy Load) ၅၀ ထက်ကျော်သည့် လူနာအိပ်ခန်းများ (သို့မဟုတ်) လူနာအိပ်ခန်း၏တွဲဖက်ပစ္စည်းအခန်းများသည် အပိုဒ် ၆(ည) ပါ အခန်းများနှင့် နေရာများမှ တံခါးအရေအတွက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီ၍ တံခါးနှစ်ခုကို တစ်ခုနှင့်တစ်ခု ဝေးကွာသောနေရာတွင်ထားရှိရမည်။ နေထိုင်အသုံးပြုသူဦးရေ (Occupancy Load) ၅၀ နှင့်အထက်ရှိသော အခန်းနှင့် နေရာများသည် အပိုဒ် ၁၂(ခ)ပါ လူအများစုဝေးနေထိုင်အသုံးပြုမှုဆိုင်ရာ (Assembly Occupancy) ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

(ဂ) ထွက်ပေါက်လိုအပ်ချက်အဖြစ်ထားရှိသော ခေတ္တခိုလှုံရာနေရာ (Area of Refuge) ကို နေထိုင်အသုံးပြုသူများ (Occupancy Load) အတွက် အောက်ပါတို့အပေါ် အခြေခံ၍ တွက်ချက်ရမည်-

(၁) ဆေးရုံ (Hospital) - လူတစ်ဦးလျှင် ၂.၈ စတုရန်းမီတာ။

(၂) စောင့်ရှောက်ရေးအဆောက်အအုံ (Nursing Homes) - လူတစ်ဦးလျှင် ၂.၈ စတုရန်းမီတာ။

(၃) အုပ်ထိန်းစောင့်ရှောက်မှုလိုအပ်သည့်သူများအား ထားရှိသည့် အဆောက်အအုံများ (Custodian Care Facility) - လူတစ်ဦးလျှင် ၁.၄ စတုရန်းမီတာ ။

(၄) ကြီးကြပ်စောင့်ရှောက်ရန် လိုအပ်သည့်သူများအားထားရှိသော အဆောက်အအုံများ (Supervisory Care Facility) - လူတစ်ဦးလျှင်၀.၅၆ စတုရန်းမီတာ။

(၅) ပြင်ပလူနာ ကျန်းမာရေးစောင့်ရှောက်မှုဌာန (Ambulatory Health Care Centre) - လူတစ်ဦးလျှင် ၁.၄ စတုရန်းမီတာ။

လူနာဆောင်မထားရှိသော ဆေးရုံများ၏အထပ်တွင် ဖြစ်စေ၊ စောင့်ရှောက်ရေးဂေဟာများ (Nursing Homes) ၏ အထပ်တွင်ဖြစ်စေ နေထိုင်အသုံးပြုသူတစ်ဦးလျှင် အနည်းဆုံး ၀.၅၆ စတုရန်းမီတာနှုန်းဖြင့် အသုံးပြုသူများအတွက် ခိုလှုံရာနေရာ (Area of Refuge) ကို တွက်ချက်ရမည်။

၁၀။ ရုံး/စျေးဆိုင်/စက်ရုံ/ကုန်လှောင်ရုံ (Office/ Shop/ Factory/ Warehouse) အသုံးပြုမှုများအတွက် လွတ်မြောက်ရေးနည်းလမ်းများသည် အောက်ပါအချက်များနှင့်ကိုက်ညီရမည်-

(က) အပိုဒ်ဖ(၆)ပါ ပြဋ္ဌာန်းချက်အရ ရုံးခန်း၊ စျေးဆိုင်၊ စက်ရုံနှင့်ကုန်လှောင်ရုံ အဆောက်အအုံများတွင် ထွက်ပေါက်လှေကား နှစ်စင်းပါရှိရမည်။ အကယ်၍ ၎င်းအဆောက်အအုံသည် မီးလောင်မလွယ်သော ပစ္စည်းများဖြင့် တည်ဆောက်ထားရှိပြီး အထပ် ၄ ထပ်ထက် မပိုဘဲ အောက်ပါအချက်များနှင့်ကိုက်ညီပါက ထွက်ပေါက်လှေကားတစ်စင်းဖြင့်တည်ရှိနိုင်သည်။

(၁) အထပ်တိုင်းရှိ ထွက်ပေါက်သို့ အများဆုံးပြေးလမ်းကြောင်း အကွာအဝေး (Maximum Travel Distance) သည် ၉ယား (၃.၅) နှင့်ကိုက်ညီရမည်။

(၂) ထွက်ပေါက်လှေကားသည် အပိုဒ် ၇(ဃ) ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

(၃) အထပ်တစ်ထပ်ချင်းစီ၏စုစုပေါင်းကြမ်းခင်းဧရိယာသည် အဆောက်အအုံစနစ်များအတွက် သွယ်တန်းထားသောပြွန်များ (Service Ducts) ဓာတ်လှေကားလမ်းကြောင်းများ (Lift Shaft) ၊ ရေအိမ်များ၊ လှေကားအိမ်များ စသည်တို့ အပါအဝင် ၂၀၀ စတုရန်းမီတာထက်မပိုသော စျေးဆိုင်၊ စက်ရုံနှင့် ကုန်လှောင်ရုံ အဆောက်အအုံများ။

(၄) နေထိုင်အသုံးပြုနိုင်သည့် အမြင့်ဆုံးအထပ်အထိ ကြမ်းခင်းအမြင့် (Habitable Height) သည် ၁၅ မီတာ ထက်မပိုသော စျေးဆိုင်၊ စက်ရုံနှင့် ကုန်လှောင်ရုံ အဆောက်အအုံများ။

(၅) မီးငြိမ်းသတ်ရေးယာဉ်စက်များ အဆောက်အအုံသို့ ချဉ်းကပ်ရာလမ်းကြောင်းသည် အခန်း (၅) ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသော အဆောက်အအုံများ။

(ခ) ထပ်ခိုးပါသောစက်ရုံ (Mezzanine Floor) များတွင် အပွင့်လှေကားတစ်စင်းတည်းသာပါရှိပါက အောက်ပါအချက်များဖြင့် ကိုက်ညီရမည်-

(၁) စက်ရုံ၏ ပင်မကြမ်းခင်းတစ်ခုစီတွင် ထပ်ခိုး (Mezzanine Floor) တစ်ခုသာ ရှိရမည်။

(၂) ထပ်ခိုးကြမ်းခင်း (Mezzanine Floor) နှင့် အပွင့်လှေကား (Open Stair) တို့သည် မီးဒဏ်ခံနိုင်သောတည်ဆောက်မှုမျိုးဖြစ်ရမည်။ လှေကားအကျယ်သည် အနည်းဆုံး ၃ပေ ၆လက်မ ရှိရမည်။

(၃) ထပ်ခိုး (Mezzanine Floor) ၏ အတွင်းဆုံးအပိုင်းမှ ထွက်ပေါက်တံခါးအထိ အများဆုံးပြေးလမ်းကြောင်းအကွာအဝေး (Maximum Travel Distance) သည် ဧယား (၃.၅) ကော်လံ (၂) နှင့်ကိုက်ညီရမည်။

(၄) အဆောက်အအုံစနစ်များအတွက်သွယ်တန်းထားသောအလုံပိတ်လမ်းကြောင်းများ (Service Ducts) ၊ ရေအိမ်များ၊ လှေကားအိမ်များ စသည်တို့ အပါအဝင် ထပ်ခိုး (Mezzanine Floor) ကြမ်းပြင်စုစုပေါင်း ဧရိယာသည် ၆၀ စတုရန်းမီတာ ထက်မပိုရ။

(၅) ထပ်ခိုး၏ ကြမ်းခင်းအမြင့်သည် ၂၄ မီတာထက် မပိုရ။

(၆) ထပ်ခိုး (Mezzanine Floor) ကို စက်ရုံ၊ သိုလှောင်ရုံနှင့် အထောက်အကူပြုရုံးခန်း (Ancillary Office) အဖြစ်သာ အသုံးပြုရမည်။

၁၁။ ဟိုတယ်များ၊ ဘော်ဒါဆောင်များ၊ ဝန်ဆောင်မှုပေးသော အိမ်ခန်းများ၊ အဆောင်များ၊ ဈေးနှုန်းသင့်ဟိုတယ်များ (Hotels, Boarding Houses, Serviced Apartments, Hostels, Backpackers Hotel) အတွက် လွတ်မြောက်ရေးနည်းလမ်းများသည် အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(က) အတွင်းစင်္ကြံ (Internal Corridor) မှဝင်ထွက်၍ရသောဟိုတယ်အိပ်ခန်း သို့မဟုတ် အခန်း

(၁) ဟိုတယ်အိပ်ခန်း သို့မဟုတ် အခန်းများနှင့် အတွင်းစင်္ကြံ (Internal Corridor) ကို မီးဒဏ်ခံနိုင်ရည် အနည်းဆုံး ၁ နာရီရှိသော နံရံဖြင့် ပိုင်းခြားထားရမည်။

(၂) အတွင်းစင်္ကြံ (Internal Corridor) သို့ ဖွင့်ထားသော တံခါးများသည် အလိုအလျောက်ပြန်ပိတ်စေသောကိရိယာ (Automatic Self-closing Device) တပ်ဆင်ထား၍ မီးဒဏ်ခံနိုင်ရည် အနည်းဆုံး မိနစ် ၃၀ ရှိရမည်ဖြစ်ပြီး အပိုဒ် ၂၃ (ခ) ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

(၃) အတွင်းစင်္ကြံ (Internal Corridor) ကို သဘာဝလေဝင်/ လေထွက်စနစ်ဖြင့် ထားရှိပါက အပိုဒ် ၆(၃)(၂)(ကက)နှင့် (ဃဃ)ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိပြီး အမြဲပွင့်နေသော သဘာဝလေဝင်/ လေထွက်ပေါက်များ ထားရှိရမည်။ သဘာဝလေဝင်/ လေထွက်စနစ် မထားရှိနိုင်ပါက အတွင်းစင်္ကြံ (Internal Corridor)ကို အခန်း (၈)ပါပြဋ္ဌာန်းချက်များနှင့်အညီ လေဖိအားပေးထားရမည်။

(၄) အခန်းပိုများ/ နေရာများသည် ဟိုတယ်အိပ်ခန်း သို့မဟုတ် အခြားအခန်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဖွဲ့စည်းတည်ရှိ၍ လွတ်မြောက်ရာလမ်းကြောင်း ဖြစ်သည့် အတွင်းစကြီးနှင့် ချိတ်ဆက်ထားပါက လွတ်မြောက်ရာလမ်းကြောင်းထားရှိမှုများကို ထိခိုက်မှုမရှိနိုင်စေရန် ဟိုတယ်အိပ်ခန်းများကဲ့သို့ ပိုင်းခြားကန့်ထားရန် လိုအပ်သည်။

(ခ) အပြင်စကြီ (External Corridor) မှဝင်ထွက်နိုင်သော ဟိုတယ်အိပ်ခန်း သို့မဟုတ် အခန်းများသည် အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(၁) ဟိုတယ်အိပ်ခန်း သို့မဟုတ် အခန်းများကို အပြင်စကြီ (External Corridor) နှင့် မီးဒဏ်ခံနိုင်ရည်အနည်းဆုံး တစ်နာရီ ရှိသော နံရံဖြင့် ပိုင်းခြားထားရမည်။ လေဝင်/လေထွက်ရရှိစေရန် ပြတင်းပေါက်ထားရှိပါက ကြမ်းပြင်မှ ၁.၁ မီတာ ထက်အမြင့်တွင် အလွယ်တကူ မီးလောင်မလွယ်သော တည်ဆောက်မှုဖြင့် တည်ဆောက်ရမည်။

(၂) အပြင်စကြီ (External Corridor) သို့ဖွင့်ထားသော တံခါးများသည် မီးဒဏ်ခံနိုင်ရည် ရှိရန်မလိုပါ။

(၃) ထိုအပြင်စကြီလမ်း (External Corridor) ၏ အကျယ်သည် အနည်းဆုံး ၁.၅မီတာကျယ်၍ အပြင်ထွက်ပေါက်လျှောက်လမ်း (External Exit Passageway) ၏ ခေါင်းလွတ်အမြင့် (၆ပေ ၈လက်မ) ၊ ကြမ်းခင်းအမြင့် အပြောင်းအလဲ ခွင့်ပြုမှု စသည်တို့နှင့်ကိုက်ညီရမည်။ စကြီလမ်း၏ အပြင်ဘက်တွင်ရှိသော ရင်တားနံရံ (Parapet Wall) သို့မဟုတ် လက်ရန်း(balustrade)၏အမြင့်သည် ၁ မီတာ အောက်မနိမ့်ရ။ သို့မဟုတ် ၁.၁ မီတာထက်မပိုရ။ လျှောက်လမ်း၏ အမိုးစွန်းသည် တိုက်ခန်းနံရံမှ ၃ မီတာ ထက်မပိုရ။ ရင်တားနံရံ (Parapet Wall) သို့မဟုတ် လက်ရန်း (balustrade)အထက်တွင် အတားအဆီးမရှိသော ဒေါင်လိုက်အမြင့် ၁.၂ မီတာ ထက်မနည်းသော လေဝင်/ လေထွက်ပေါက် ရှိရမည်။

(ဂ) ထွက်ပေါက်သို့ပြေးလမ်းကြောင်းအကွာအဝေး (Travel Distance) တိုင်းတာရာတွင် ဟိုတယ်အိပ်ခန်းအတွင်း သို့မဟုတ် အခန်းများ၏ အဝေးဆုံးနေရာမှ ထွက်ပေါက်

လှေကားရှိထွက်ပေါက်တံခါး သို့မဟုတ် ထွက်ပေါက်လျှောက်လမ်း (Exit Passageway) သို့မဟုတ် ပြင်ပအမိုးပွင့်နေရာ (Exterior Open Space) အထိ တိုင်းတာရမည်။

(ဃ) မီးခိုးတားခြင်း (Smoke Barrier) ကို အောက်ပါအတိုင်းဆောင်ရွက်ထားရှိရမည်-

(၁) သဘာဝလေဝင်/လေထွက်စနစ်မရှိသော အတွင်းစင်္ကြံ (Internal Corridor) ကို အောက်ပါအကွာအဝေးအတိုင်း ပိုင်းခြားရ၍ မီးခိုးတား (Smoke Barrier) ရမည်-

(ကက) ရေဖျန်းစနစ် (Sprinkler System) တပ်ဆင်ထားသော အဆောက်အအုံ အတွက် - ၄၅ မီတာ။

(ခခ) ရေဖျန်းစနစ်(Sprinkler System) မတပ်ဆင်ထားသော အဆောက်အအုံ အတွက် မီတာ၃၀။

(၂) မီးခိုးတားရာတွင် မီးလောင်မလွယ်သည့် နံရံများ နှင့် မီးခိုးတားတံခါး (Smoke Check Door) များအသုံးပြုနိုင်သည်။ မီးခိုးတားရာတွင် စင်္ကြံ (Corridor) နှင့် ပိုင်းခြားထားသော မီးခိုးတားနံရံများ (Enclosing Walls to the Corridor) ကို အပေါ်ထပ်ကြမ်းခင်းအထိ သို့မဟုတ် မီးခိုးမဝင်နိုင်သည့် မီးလောင်မလွယ်သော မျက်နှာကြက် သို့မဟုတ် အမိုးအထိအပြည့် တည်ဆောက်ထားရမည်။

(၃) မီးခိုးအတားအဆီးများ (Smoke Barriers) ကို စင်္ကြံ (Corridor) တစ်လျှောက်သင့်လျော်ရာနေရာတွင်ထားရှိပြီးအကန့်ကန့်၍အကန့်တိုင်းသည် ထွက်ပေါက် (Exit) ၊ ထွက်ပေါက်လှေကား (Exit Stair Case) ၊ ထွက်ပေါက် လျှောက်လမ်း (Exit Passageway) သို့မဟုတ် ထွက်ပေါက်ဆင်ခြေလျှော (Exit Ramp) သို့ တိုက်ရိုက်သွားလာနိုင်ရမည်။

(၄) မီးခိုးတားတံခါး (Smoke Check Door) သည် မှန်တံခါးမဟုတ်ပါက မီးခိုးမြင်နိုင်စေရန် မီးခိုးတားတံခါးမျက်နှာပြင်ဧရိယာ၏ အနည်းဆုံး ၂၅% ကို မြင်နိုင်သော မှန်ပေါက် (Vision Panel) ထားရှိရမည်။

(၅) မီးခိုးတားတံခါး (Smoke Check Door) တွင် အလိုအလျောက် ပြန်ပိတ်သည့် ကိရိယာတပ်ဆင်ထားပြီး လွှဲတံခါး (Swing Door) အမျိုးအစားဖြစ်ရမည်။

(ဒ) မီးခိုးတားတံခါး (Smoke Check Door) များကို ပုံမှန်အားဖြင့်ပိတ်ထားရမည်။ သို့သော် မီးခိုးတားတံခါးတွင် အတည်ပြုပြီးသော လျှပ်စစ်သံလိုက် သို့မဟုတ် လျှပ်စစ်စက်မှုကိရိယာများတပ်ဆင်၍ အဆောက်အအုံ၏ မီးလှန့်အချက်ပေး စနစ် (Fire Alarm System) များနှင့် ချိတ်ဆက်ထားရှိပါက တံခါးကိုဖွင့်၍ ထားရှိနိုင်သည်။

၁၂။ လူအများစုဝေးအသုံးပြုမှု (Assembly Occupancy) အတွက် လွတ်မြောက်ရေးနည်းလမ်း များသည် အောက်ပါအချက်များနှင့်ကိုက်ညီရမည်-

(က) လူအများစုဝေးအသုံးပြုမှု (Assembly Occupancy) တွင် လူ ၅၀ ဦးနှင့်အထက် အတူတကွစုဝေး၍ အခမ်းအနားကျင်းပခြင်း၊ ဝတ်ပြုဆုတောင်းခြင်း၊ ဖျော်ဖြေခြင်း၊ တည်ခင်းဧည့်ခံခြင်း၊ ဆော့ကစားခြင်း၊ ပျော်ပွဲရွှင်ပွဲပြုလုပ်ခြင်း၊ ခရီးသွားရန် စောင့်ဆိုင်းစေခြင်းစသဖြင့် အသုံးပြုသည့် အဆောက်အအုံအားလုံး သို့မဟုတ် ၎င်းကဲ့သို့ အသုံးပြုသည့်နေရာ အစိတ်အပိုင်းများ ပါဝင်သည်။ လူအများစုဝေးအသုံးပြုမှု (Assembly Occupancy) တွင်ကဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ စုဝေးခန်းမများ၊ ဇာတ်ရုံကြီးများ၊ ပြခန်းခန်းမများ၊ ပြတိုက်များ၊ စကိတ်ကွင်းများ၊ အားကစားရုံများ၊ ဘိုးလင်း အဆောက်အအုံများ၊ ရေကူးကန်များ၊ စစ်တပ်အဆောက်အအုံများ၊ အအေးတိုက်၊ ဝတ်ပြုဆုတောင်းရန် နေရာများ၊ စာကြည့်တိုက်များ၊ စားသောက်ဆိုင်များ၊ ညကလပ်များ၊ ဒစ်စကို ကလပ်များ၊ ဘုရားကျောင်းများ၊ အကခန်းမများ၊ အသင်းအဖွဲ့ခန်းများ၊ ခရီးသည် နေရာများနှင့် အများပြည်သူပို့ဆောင်ဆက်သွယ်ရေး ဘူတာရုံ/ ဂိတ်များ၊ တရားရုံးခန်း များ၊ ညီလာခံခန်းမများနှင့် အဖျော်ယမကာ သောက်ရန်နေရာများ စသဖြင့် ကန့်သတ် ထားခြင်းမရှိသော အသုံးပြုမှုများပါဝင်သည်။

(ခ) စုဝေးအသုံးပြုမှုများ (Assembly Occupancy) အတွက် ထွက်ပေါက်အရေအတွက် နှင့် ထွက်ပေါက်တွင်ရှိရမည့် အနည်းဆုံးအကျယ်သည် ဇယား(၃.၃) တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိရမည်။

(ဂ) အသေတပ်ဆင်ထားသော ထိုင်ခုံများရှိသည့် စုဝေးအသုံးပြုရာနေရာ (Assembly Occupancy with Fixed Seating) (ကဇာတ်ရုံများ၊ ရုပ်ရှင်ရုံများ၊ ဇာတ်ရုံကြီးများရှိ

ပရိသတ်နေရာ၊ ကပွဲခန်းမများ စသည့် မင်းလမ်းနှင့် ထိုင်ခုံများကြားရှိလမ်း) သည် အောက်ပါအချက်များနှင့်ကိုက်ညီရမည်-

(၁) ပရိသတ်နေရာများ၊ အထူးထိုင်ခုံတန်းများနှင့် လသာဆောင်များတွင် အနည်းဆုံးရှိရမည့် စင်္ကြံ (Corridor) အကျယ်ထက် မနည်းသည့် အတားအဆီး မရှိသော မင်းလမ်း သို့မဟုတ် ထိုင်ခုံများကြားရှိလမ်းကြောင်းများ (Aisles or Gangways) သည် တံခါးများ သို့မဟုတ် ထွက်ပေါက်သို့ဦးတည်ထားရှိရမည်။

(၂) မင်းလမ်း သို့မဟုတ် ထိုင်ခုံများကြားရှိလမ်းကြောင်းများ (Aisles or Gangways) ကို ထိုင်ခုံတန်းများ နှင့် ထိုင်ခုံတန်းတစ်တန်းရှိ ထိုင်ခုံအရေအ တွက်များအရ သတ်မှတ်ထားသော ဇယား(၃.၄) အတိုင်း ထားရှိရမည်။ ထိုင်ခုံအတန်းများ အရှေ့အနောက် တစ်တန်းနှင့်တစ်တန်းအကြား အနည်းဆုံး အသားတင် အကျယ်မှာ ၃၀၀ မီလီမီတာ ရှိရမည်။ လမ်းကြောင်းသည် ရှေ့တန်း၏ နောက်ကျောမှ (အလိုအလျောက် တည့်မတ်သွားသော ထိုင်ခုံများအပါအဝင်) အနီးဆုံး အနောက်ဘက်ရှိ အတန်းသို့ အဖြောင့်တိုင်းတာလျှင် ထိုင်ခုံတန်းများအကြား တွင် အနည်းဆုံးရှိရမည့် အသားတင်အကျယ်မှာ ၃၀၀ မီလီမီတာ ထက်မကျဉ်းရ။ ထိုင်ခုံတန်းကြားလမ်းအကျယ်သည် တန်းအလျားတစ်လျှောက်လုံး တူညီမှုရှိရမည်။ (ပုံ ၃.၄) တွင်ကြည့်ပါ။



(ပုံ ၃.၄)

(၃) မင်းလမ်း (Aisle) ၏ လျှောစောက်သည် ၁:၁၀ ထက်မပိုလျှင် အနိမ့်အမြင့် ပြောင်းလဲခြင်းများအတွက် မင်းလမ်း သို့မဟုတ် ထိုင်ခုံများအကြားလမ်း (Aisle or Gangway) တွင် လှေကားထစ်များ အသုံးမပြုရ။

(၄) မင်းလမ်း သို့မဟုတ် ထိုင်ခုံများအကြားလမ်း (Aisle or Gangway) ရှိ လျှောစောက်ပမာဏ ၃၀ဒီဂရီ ထက်ပိုသော လှေကားထစ်များတွင်ဖြစ်စေ၊ လျှောစောက် ၁:၁၀ ထက်ပိုသော ဆင်ခြေလျှောလမ်း (Ramp) တွင်ဖြစ်စေ လက်ရန်း (Handrail) တပ်ဆင်ထားရမည်။

(၅) အထစ်များနှင့် ဆင်ခြေလျှော(Ramp)များ၏မျက်နှာပြင်ကြမ်းခင်းသည် မချော်နိုင်သော ပစ္စည်းများဖြင့် ပြုလုပ်ထားရမည်။

(၆) လှေကားထစ်တစ်ထစ်ချင်းစီတွင်အလင်းရောင်ပေးထားရမည်ဖြစ်ပြီး အရေးပေါ် အခြေအနေတွင် ရှင်းလင်းစွာ မြင်နိုင်ရမည်။

(၇) ရုပ်ရှင်ရုံ၊ ဇာတ်ရုံ၊ ကဇာတ်ရုံကြီးများတွင် မီးလောင်မလွယ်သော ထိုင်ခုံများ အသုံးပြုရမည်။

(ဃ) ကပွဲခန်းမ၊ ရုပ်ရှင်ရုံ၊ ဇာတ်ရုံစသည်တို့၏ ထွက်ပေါက်များသည် အောက်ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်-

(၁) ရုပ်ရှင်ရုံ၊ ကပွဲခန်းမ၊ ဇာတ်ရုံကြီး၊ ပြဇာတ်ရုံတို့အဖြစ် အသုံးပြုသည့် စုဝေးအသုံးပြုမှုနေရာ (Assembly Occupancy) တွင် ပုံမှန်အားဖြင့် သဘာဝလေဝင်/ လေထွက်စနစ် နှင့် အလင်းပေးမှုမရှိဘဲ စက်စွမ်းအားဖြင့် လေဝင်/ လေထွက်စနစ်ထားလေ့ရှိသောကြောင့် ၎င်းနေရာများ၏ထွက်ပေါက်များနှင့် ထွက်ပေါက်လမ်းကြောင်းများကို အခြားအသုံးပြုမှုများ၏ ထွက်ပေါက်လမ်းကြောင်းနှင့် မရောယှက်ဘဲ သီးသန့်ထားရှိရမည်။ အသုံးပြုသူပမာဏ (Occupancy Load) သည် လူဦးရေ ၂၀၀ ထက်မပိုပါက အခြားအသုံးပြုမှုများ၏ ထွက်ပေါက်လမ်းကြောင်းများနှင့် ရောယှက်အသုံးပြုနိုင်သော်လည်း အသုံးပြုသူဦးရေတစ်ဝက်၏ ထွက်ပေါက်လမ်းကြောင်းသည် လူအများစုဝေးအသုံးပြုမှု မီးတားအကန့်အတွင်း တည်ရှိရမည်။

(၂) အဆောက်အအုံတစ်ခုလုံးဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းတစ်နေရာတွင်ဖြစ်စေ ရုပ်ရှင်ရုံငယ်များ အများအပြားပါရှိပါက ရုပ်ရှင်ရုံငယ်များ၏ လွတ်မြောက်ရာ လမ်းကြောင်းကို ရုံငယ်များအားလုံးမှ မျှဝေအသုံးပြုနိုင်သည်။ ရုပ်ရှင်ရုံငယ်များ တစ်ခုစီကို ရုပ်ရှင်ရုံကြီးတစ်ခုအဖြစ် မှတ်ယူ၍ အပိုဒ် ၁၂(ဃ) ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

၁၃။ အလုပ်သမားအိပ်ဆောင် (Dormitories) များအတွက် လွတ်မြောက်ရေးနည်းလမ်းများသည် အောက်ပါအချက်များနှင့်ကိုက်ညီရမည်-

(က) အိပ်ဆောင်များ (Dormitories) ဟုဆိုရာတွင် ၎င်းအဆောက်အအုံအတွင်း၌ ချက်ပြုတ်စားသောက်ခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တစ်ခုတည်းသော စီမံခန့်ခွဲမှု အောက်တွင်ရှိသည့် အလုပ်သမားများအတွက် အုပ်စုလိုက်အိပ်ရန်၊ နေရန် အဆောက်အအုံများကိုဆိုလိုသည်။ သို့ရာတွင် မည်သည့်အိပ်ခန်းအတွင်းတွင်မျှ အစားအသောက်များ ချက်ပြုတ်ခွင့်မရှိရ။

(ခ) အလုပ်သမားအိပ်ဆောင် (Dormitory) သည် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်-

(၁) အိပ်ဆောင်အိပ်ခန်း (Dormitory) တစ်ခုစီသည် ၁၂၀ စတုရန်းမီတာ နှင့် နေထိုင်သူဦးရေ (Occupant Load) ၄၀ ဦး ထက် မပိုရ။

(၂) နေထိုင်သူဦးရေ (Occupant Load) တွက်ချက်ရာတွင် အကြမ်းဖျင်း ကြမ်းခင်း ဧရိယာ၏ ၃ စတုရန်းမီတာလျှင် တစ်ဦးနှုန်းဖြင့် အခြေခံ တွက်ရမည်။

(၃) အဆောက်အအုံ၏ အထပ်တိုင်းသည် သီးခြားဖြစ်သော ထွက်ပေါက်လေကားနှစ်စင်း သို့မဟုတ် ထွက်ပေါက် နှစ်ပေါက် အနည်းဆုံး ရှိရမည်။

(၄) ထွက်ပေါက်သို့ပြေးလမ်းကြောင်းအကွာအဝေး (Travel Distance) တိုင်းတာရာတွင် အိပ်ဆောင်အိပ်ခန်း၏ အဝေးဆုံးနေရာမှ အနီးဆုံးထွက်ပေါက် လေကားရှိ တံခါးသို့ဖြစ်စေ၊ အခြားအထပ်ရှိ ထွက်ပေါက်သို့ဖြစ်စေ တိုင်းတာရမည်။ ထွက်ပေါက်သို့ပြေးလမ်းကြောင်းအကွာအဝေး (Travel Distance) သည် ဧယား (၃.၅) နှင့် ကိုက်ညီရမည်။

(ဂ) အတွင်းစင်္ကြံ (Internal Corridor) မှ ဝင်ထွက်နိုင်သော အိပ်ဆောင်အိပ်ခန်းများ (Dormitories) သည် အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(၁) အိပ်ဆောင်အိပ်ခန်းများ (Dormitories) ကို အတွင်းစင်္ကြံ (Internal Corridor) မှ မီးဒဏ်ခံနိုင်ရည် အနည်းဆုံး ၁နာရီ ရှိသော နံရံဖြင့် ပိုင်းခြားထားရမည်။

(၂) အတွင်းစင်္ကြံ (Internal Corridor) သို့ဖွင့်ထားသော တံခါးများသည် မီးဒဏ်ခံနိုင်ရည် အနည်းဆုံး မိနစ် ၃၀ ရှိရမည်ဖြစ်ပြီး အလိုအလျောက် ပြန်ပိတ်သည့် ကိရိယာ (Automatic Self-closing Device) ကို အပိုဒ် ၂၃(ခ) ပါ ပြဋ္ဌာန်းချက်များ နှင့်အညီ တပ်ဆင်ရမည်။

(၃) အတွင်းစင်္ကြံ (Internal Corridor) အား သဘာဝလေဝင်/ လေထွက်ရရှိရန် ဆောင်ရွက်ရမည်။ အပြင်နံရံတွင် အမြဲပွင့်နေသော လေဝင်/ လေထွက်ပေါက်များထားရှိပြီး လေဝင်/ လေထွက်ပေါက်၏ ဧရိယာသည် အတွင်းစင်္ကြံ (Internal Corridor) ကြမ်းခင်းဧရိယာ၏ ၁၅% အောက်မနည်းစေရ။

(၄) အပြင်နံရံရှိ လေဝင်/လေထွက်ပေါက်များသည် စင်္ကြံ (Corridor) ၏ မည်သည့် နေရာမှမဆို ၁၂ မီတာထက်ပိုမဝေး ရ။

(၅) အတွင်းစင်္ကြံ (Internal Corridor) တွင် သဘာဝလေဝင်/ လေထွက်အစားစက်စွမ်းအားသုံးလေဝင်/ လေထွက်စနစ်ကို အသုံးပြုခွင့်မရှိပါ။

(၆) အခြားအခန်းများ/နေရာများသည် အိပ်ခန်း သို့မဟုတ် အခန်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဖွဲ့စည်းထားသည်ဖြစ်စေ အိပ်ခန်းစင်္ကြံ (Bedroom Corridor) အတွင်းသို့ဖွင့်ထားသည်ဖြစ်စေ လွတ်မြောက်ရာလမ်းကြောင်း ထားရှိမှုများကို ထိခိုက်မှုမရှိစေရန် မီးဒဏ်ခံနိုင်ရည် အနည်းဆုံးတစ်နာရီရှိသောနံရံနှင့် မီးဒဏ်ခံနိုင်ရည် မိနစ် ၃၀ ရှိသော တံခါးများဖြင့် ပိုင်းခြားထားရမည်။

(ဃ) အပြင်စင်္ကြံ (External Corridor) မှ ဝင်ထွက်နိုင်သော အိပ်ဆောင်အိပ်ခန်းများ (Dormitory Bedrooms) သည် အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(၁) အိပ်ခန်းများကို အပြင်စင်္ကြံ (External Corridor) နှင့် မီးဒဏ်ခံနိုင်ရည် အနည်းဆုံး တစ်နာရီ ရှိသော နံရံဖြင့်ပိုင်းခြားထားရမည်။ လေဝင်/ လေထွက် ရရှိစေရန် ပြတင်းပေါက်ထားရှိပါက ကြမ်းပြင်မှ ၁.၁ မီတာထက်အမြင့်တွင် အလွယ်တကူ

မီးလောင်မလွယ်သောတည်ဆောက်မှုဖြင့် တည်ဆောက်ရမည်။ အပြင်စကြံ့ (External Corridor) သို့ ဖွင့်ထားသော လေဝင်/ လေထွက်ပေါက်များပါရှိပါက မီးဒဏ်ခံနိုင်ရည်တစ်နာရီရှိရန် မလိုအပ်ဘဲ မီးလောင်မလွယ်သော အမျိုးအစားဖြင့် တည်ဆောက်၍ အပြင်စကြံ့ (External Corridor) ၏ ကြမ်းပြင်မှ ၁.၁ မီတာနှင့် အထက်တွင် ထားရှိရမည်။

(၂) အပြင်စကြံ့ (External Corridor) သို့ ဖွင့်ထားသော တံခါးများသည် မီးဒဏ်ခံနိုင်ရည်ရှိရန် မလိုအပ်ပါ။

(၃) အပြင်စကြံ့ (External Corridor) ၏ ကြမ်းခင်းအနိမ့်အမြင့် ပြောင်းလဲခြင်း၊ အများဆုံးအမိုးမိုးထားနိုင်သည့်အကျယ်၊ အပွင့်အနေထားရှိရမည့် အကာအရံတို့သည် အပြင်ထွက်ပေါက်လျှောက်လမ်း (External Exit Passageway) ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

(c) ၆ ထပ်ထက်ပိုသော အဆောက်အအုံ၏ ထွက်ပေါက်လှေကားသို့ အဝင်နေရာအားလုံးသည် အပိုဒ် ၆(၃) ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသော မီးခိုးကင်းလွတ်မှုအစီအမံ (Smoke Free Approach) ပါရှိရမည်။ မီးခိုးကင်းလွတ်မှုအစီအမံ (Smoke Free Approach) အစားလှေကားအိမ်အတွင်း လေဖိအားပေးခြင်းဖြင့် အစားထိုး ဆောင်ရွက်မှုကို ခွင့်မပြုပါ။

၁၄။ ထွက်ပေါက်ပြအလင်းပေးခြင်းနှင့် ထွက်ပေါက်လမ်းညွှန်ဆိုင်းဘုတ် (Exit Lighting and Directional Sign) သည် အောက်ပါပြဋ္ဌာန်းထားချက်များနှင့် ကိုက်ညီရမည်-

(က) အုပ်စု (၁) အမျိုးအစား အဆောက်အအုံများမှအပ ကျန်အဆောက်အအုံတိုင်း၏ ထွက်ပေါက်များ၏ လမ်းညွှန်ဆိုင်းဘုတ်များသည် သဘာဝအလင်းမဟုတ်သော အလင်းပေးမှုစနစ် (Artificial Lighting Facility) ဖြစ်၍ အခန်း (၉) ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

(ခ) အုပ်စု(၁နှင့်၂) အမျိုးအစား အဆောက်အအုံများမှအပ ကျန်အဆောက်အအုံများ၏ အထပ်တိုင်းတွင် ထွက်ပေါက်လမ်းကြောင်းများကို အခန်း (၉) ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသော ထွက်ပေါက်ဆိုင်းဘုတ် (Exit Sign) နှင့် လမ်းညွှန်ဆိုင်းဘုတ် (Directional Sign) များဖြင့် ရှင်းလင်းစွာညွှန်ပြရမည်။

(ဂ) အုပ်စု (၁နှင့် ၂) အမျိုးအစား အဆောက်အအုံများမှအပ ကျန်အဆောက်အအုံအားလုံးတွင် ထွက်ပေါက်လမ်းကြောင်းကို အလင်းပြန်သော အမှတ်အသား (Photo Luminescent Marking/Tape) ဖြင့် အောက်ပါနေရာများတွင် ထားရှိလမ်းညွှန်ပေးရမည်-

(၁) ထွက်ပေါက်လှေကား၊ မီးခိုးတားခန်း (Smoke Stop Lobby) ၊ မီးငြိမ်းသတ်ရန် ပြင်ဆင်ခန်း (Fire Fighting Lobby) တို့၏ အတွင်းဘက်နံရံနှင့် ကြမ်းခင်းများ တစ်လျှောက်။

(၂) မီးခိုးတားခန်း (Smoke Stop Lobby) ၊ မီးငြိမ်းသတ်ရေးပြင်ဆင်ခန်း (Fire Fighting Lobby) နှင့် ထွက်ပေါက်လှေကားတို့၏ တံခါးများ။

(၃) ထွက်ပေါက်လမ်းညွှန်ဆိုင်းဘုတ်များ (Exit Directional Signs) ဖြင့်လမ်းညွှန်ထားသည့် စင်္ကြံ (Corridor) တစ်လျှောက်။

(ဃ) အောက်ပါ အခြေအနေများတွင် အလင်းပြန်အမှတ်အသား (Photo Luminescent Marking/Tape) များ ချန်လှပ်ထားမှုကိုခွင့်ပြုနိုင်သည်-

(၁) အထက်ပါနေရာများတွင် အရေးပေါ် လျှပ်စစ်ဓာတ်အားဖြင့် ထွက်ပေါက်ပြ အလင်းပေးခြင်းများ (Exit Lightings)၊ ထွက်ပေါက်ဆိုင်းဘုတ်များ (Exit Signs) နှင့် လမ်းညွှန်ဆိုင်းဘုတ်များ (Directional Signs) ကို SS-563 နှင့် ကိုက်ညီသော ဘက်ထရီစနစ်ဖြင့် လင်းစေခြင်း သို့မဟုတ် အရန်သင့်မီးစက် (Stand-by Generator) ဖြင့် ထောက်ပံ့ထားသောဗဟိုဘက်ထရီစနစ် (Central Battery Supply Backed Up) ဖြင့်လင်းစေခြင်းတို့ကို စီမံထားရှိရမည်။

(၂) မီးခိုးတားခန်း (Smoke Stop Lobby)၊ မီးငြိမ်းသတ်ရန် ပြင်ဆင်ခန်း (Fire Fighting Lobby) နှင့် ထွက်ပေါက်လမ်းညွှန် ဆိုင်းဘုတ်များ (Exit Directional Signs) ဖြင့် လမ်းညွှန်ထားသော စင်္ကြံ (Corridor) များတွင် အရေးပေါ် မီး (Emergency Luminary) အနည်းဆုံးနှစ်ခု ရှိရမည်။ အရေးပေါ် အလင်းပေးစနစ် (Emergency Luminary) တစ်ခုခုချွတ်ယွင်းမှုကြောင့်လုံးဝမှောင်မိုက်သော နေရာမျိုး မရှိစေရ။

(၃) ထွက်ပေါက်လှေကား၏ တစ်ဆစ်ချိုးနေရာတွင် အရေးပေါ်မီး (Emergency Luminary) အနည်းဆုံးတစ်ခုရှိရမည်။

(c) ရောင်ပြန်အမှတ်အသား သို့မဟုတ် တိပ်ပြား (Photo Luminescent Marking or Tape) ၏အကျယ်သည် အနည်းဆုံး ၅၀ မီလီမီတာ ရှိရမည်ဖြစ်ပြီး နိမ့်သောနေရာ တွင်ထားရှိရမည်။ အနိမ့်ပိုင်းအမှတ်အသား ၏ အောက်ခြေသည် ကြမ်းပြင်၏ အထက် ၁၅၀ မီလီမီတာအောက် မနိမ့်ရ။ ၄၀၀ မီလီမီတာ ထက် မမြင့်ရ။

ဇယား (၃.၁) အများဆုံးခွင့်ပြုနိုင်သော နေထိုင်အသုံးပြုသူပမာဏ

အသုံးပြုပုံအမျိုးအစား (Type of Occupancy)	တံခါးပေါက်တစ်ခုမှအများဆုံးထွက်နိုင်သည့် လူဦးရေပမာဏ (Maximum Occupant Load)
ကြီးမားသောအန္တရာယ်	၂၅
လူနာဆောင်	၅၀
စာသင်ခန်း	၅၀
ဘေးအန္တရာယ်မြင့်မားသော အမျိုးအစားများ သိုလှောင်ရာ မဟုတ်သည့် ဂိုဒေါင်များ၊ ကုန်လှောင် ရုံများ၊ စက်ရုံများ	၅၀
လူအများစုဝေးရာနေရာ	၅၀

ဇယား (၃.၂) လှေကားတစ်ဆစ်ချိုးနေရာ အကျယ်/အနံ

လှေကား အကျယ်	အနည်းဆုံးရှိရမည့် လှေကား တစ်ဆစ်ချိုး နေရာအကျယ်	အနည်းဆုံးရှိရမည့် လှေကား တစ်ဆစ်ချိုး နေရာ အနံ	
၁၀၀၀	၂၈၀၀	၁၉၀၀)))	မွေ့ရာဖြင့် သို့မဟုတ် လူနာတင် ထမ်းစင်ဖြင့် ဖြတ်သန်းခြင်းကိုသာခွင့်ပြုနိုင်သည်။ (ခြေလျင်လျှောက်သူ လမ်းသွားလမ်းလာများ အား ခွင့်မပြု)
၁၂၅၀ ၁၅၀၀	၂၈၀၀ ၃၂၀၀	၁၉၀၀))) ၁၅၅၀	မွေ့ရာ သို့မဟုတ် လူနာတင်ထမ်းစင်ဖြင့် ထွက်ခွာခြင်းနှင့် ကန့်သတ်ထားသော လမ်းလျှောက် နိုင်သည့် လူနာများ ထွက်ခွာခြင်းကိုခွင့်ပြုသည်။
၁၇၅၀ ၂၀၀၀	၃ဖ၀၀ ၄၀၀၀	* ၁၃၅၀))) * ၁၂၅၀)))	မွေ့ရာ သို့မဟုတ် လူနာတင်ထမ်းစင်ဖြင့် ထွက်ခွာခြင်းနှင့် လမ်းလျှောက်နိုင်သည့် လူနာ များ ထွက်ခွာခြင်းကို ခွင့်ပြု သည်။

ဇယား (၃.၃) ထွက်ပေါက်အရေအတွက်နှင့် အကျယ်အဝန်း

အသုံးပြုသူ အရေအတွက်	အနည်းဆုံးတံခါး အရေအတွက်	စကြံ့၏ အနည်းဆုံးအကျယ်
၅၁-၂၀၀	၂	၁ မီတာ
၂၀၁-၅၀၀	၂	၁.၂၅ မီတာ
၅၀၁-၁၀၀၀	၃	၁.၂၅ မီတာ
၁၀၀၀ အထက်	၄	၁.၂၅ မီတာ

ဇယား (၃.၄) အတန်းတစ်တန်းတွင်ရှိရမည့် ထိုင်ခုံအရေအတွက်

ထိုင်ခုံလမ်းကြောင်း အကျယ်	တန်းတစ်တန်းတွင်ရှိရမည့် အနည်းဆုံး ထိုင်ခုံအရေအတွက်	
မီလီမီတာ	တစ်ဖက်ဘေးတွင်ရှိ သည့်ထိုင်ခုံ ကြားလမ်း	ဘေးနှစ်ဖက်တွင်ရှိသည့် ထိုင်ခုံကြားလမ်း
၃၀၀မှ ၃၂၄	၇	၁၄
၃၂၅မှ ၃၄၉	၈	၁၆
၃၅၀မှ ၃၇၄	၉	၁၈
၃၇၅မှ ၃၉၉	၁၀	၂၀
၄၀၀မှ ၄၂၄	၁၁	၂၂
၄၂၅မှ ၄၄၉	)	၂၄
၄၅၀မှ ၄၇၄	) ၁၂	၂၆
၄၇၅မှ ၄၉၉	)	၂၈
၅၀၀နှင့် အထက်	)	ထွက်ပေါက်သို့ ပြေးလမ်းကြောင်း အကွာအဝေး နှင့် ကန့်သတ်ထား သည်။

ဇယား (၃.၅) ထွက်ပေါက်ပြဋ္ဌာန်းချက်များအတွက် သတ်မှတ်ချက်များ

နေထိုင်အသုံးပြုမှု အမျိုးအစားများ	အများဆုံး ပြေးလမ်းကြောင်းအကွာ အဝေး (မီတာ) (ပြေးလမ်းကြောင်းတစ်ခု)		အများဆုံး ပြေးလမ်းကြောင်း အကွာအဝေး (မီတာ) (ပြေးလမ်းကြောင်းနှစ်ခု)		ပြေးလမ်းကြောင်းအကျယ် (X)တွင် ဝင်ဆံ့သော လူဦးရေ အရေအတ			
	ရေဖျန်းစနစ် မပါရှိပါက	ရေဖျန်းစနစ် ပါရှိပါက	ရေဖျန်းစနစ် မပါရှိပါက	ရေဖျန်းစနစ် ပါရှိပါက	တံခါးပေါက်များ (c),(d)and (e)		လှေကား	လျှောစောင် စက်ကြီး၊ထွက် လျှောက်လ
					မြေညီထပ်ရှိ အပြင်ထွက် ပေါက်တံခါး	အခြားထွက်ပေါက်၊ စက်ကြီး နှင့် တံခါး		
ဘေးအန္တရာယ်မြင့်မားသော	၁၀	၂၀	၂၀	၃၅	၅၀	၄၀	၃၀	၅၀
ကုန်ထုတ်လုပ်မှုအဆောက်အအုံများ (စက်ရုံ၊အလုပ်ရုံ၊ဂိုဒေါင်/ကုန်လှောင်ရုံ)	၁၅	၂၅	၃၀	၆၀	၁၀၀	၈၀	၆၀	၁၀၀
စျေးဆိုင်	၁၅	၂၅	၄၅	၆၀	၁၀၀	၈၀	၆၀	၁၀၀
ရုံးခန်း	၁၅	၃၀	၄၅	၇၅	၁၀၀	၈၀	၆၀	၁၀၀
အများပြည်သူသွားလာရာနေရာနှင့် ကားပါကင်	၁၅	၂၅	၄၅	၆၀	၁၀၀	၈၀	၆၀	၁၀၀
ကျောင်းများနှင့် ပညာရေးဆိုင်ရာ အဆောက်အအုံများ။	၁၅	၂၅	၄၅	၆၀	၁၀၀	၈၀	၆၀	၁၀၀
ဆေးရုံ၊	၁၅	၂၅	၃၀	၄၅	၃၀	၃၀	၁၅	၃၀
ဝန်ဆောင်မှုပေးသောတိုက်ခန်းများ၊ အဆောင်များ၊ တန်ဖိုးနည်း ဟိုတယ်များ	၁၅	၂၀	၃၀	၆၀	၆၀	၅၀	၄၅	၅၀
လူနေတိုက်ခန်းတွဲများ/သီးခြားဝင်ပေါက်ရှိသော လူနေတိုက်ခန်းများ	၁၅g ၂၀j	၃၀g ၄၀j	၃၀ ၄၅j	၇၅	၅၀	၄၀	၃၀	၅၀
သီးခြားခွဲထားသောအိမ်များ၊ တစ်ပိုင်းတစ်စ ခွဲထုတ်ထားသောအိမ် များ၊ အိမ်ခန်းတွဲများ၊ မြို့ပြအိမ်ရာများ	မရှိ*	မရှိ*	မရှိ*	မရှိ*	မရှိ*	မရှိ*	မရှိ*	မရှိ*

* = အများဆုံး တိုက်ရိုက်အကွာအဝေး = ၂/၃ x အများဆုံးသွားရမည့်အကွာအဝေး.....အပိုဒ် ၂(ဌ) ကိုကြည့်ပါ။

(x)= ယူနစ်အကျယ် = ၀.၅ မီတာ

a= စာသင်ခန်းများအတွက်ထားရှိသောစင်္ကြံ။ အခြားစင်္ကြံများသည် အနည်းဆုံးအကျယ် ၁.၂ မီတာ ရှိရမည်။

b= လူနာများအတွက်ထားရှိသောစင်္ကြံ။ အခြားစင်္ကြံများသည် အနည်းဆုံးအကျယ် ၁.၂မီတာရှိရမည်။

c= ထွက်ပေါက်တံခါးများနှင့်ထွက်ပေါက်လမ်းကြောင်းသို့ ရောက်ရှိနိုင်သည့်တံခါးများ

d= ဆင်ခြေလျှော ထွက်ပေါက်

e= တံခါးတစ်ခုကိုနှစ်ခု(သို့မဟုတ်)နှစ်ခုထက်ပိုသော အပေါက်ဖြစ်စေရန် ဒေါင်လိုက်တိုင်တစ်ခုဖြင့် ပိုင်းခြားထားပါက ထိုအပေါက်များ၏ ထွက်ပေါက်အကျယ်

ယူနစ်အရေအတွက်တွက်ချက်ရာတွင် သီးခြားစီတိုင်းတာရမည်။

f= အပိုဒ် ၆(c) ပါထွက်ပေါက်လျှော့ချခြင်း

g= လှေကားတစ်ခုထဲရှိတိုက်ခန်းများတွင်ပြေးလမ်းကြောင်းအကွာအဝေး(အပိုဒ် ၈)

h= အပိုဒ် ၁၂(ခ) ပါ ထွက်ပေါက် အရေအတွက်နှင့် အကျယ်အဝန်း ကိုကိုးကားပါ။

i= သီးခြားဝင်ပေါက်ရှိသော လူနေတိုက်ခန်းများအတွင်းအနည်းဆုံးအကျယ် ၀.၉ မီတာရှိအတွင်း ဝင်ထွက် လမ်းကြောင်းအဖြစ် အသုံးပြု သည့်လှေကား

j=အပြင်စင်္ကြံ (အပိုဒ် ၈(စျ))

k= လူနေအိမ်ယူနစ်တံခါးမှ ထွက်ပေါက်သို့ ပြေးလမ်းကြောင်းအကွာဝေးကို တိုင်းတာခြင်း (အပိုဒ် ၈(ဆ

အခန်း(၄)

အဆောက်အအုံတည်ဆောက်မှုဆိုင်ရာမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်း

၁၅။ ဤအခန်း၏ရည်ရွယ်ချက်မှာ ကပ်လျက်တည်ရှိသော အဆောက်အအုံများကို သီးခြားခွဲခြားထားခြင်းဖြင့် မီးကူးစက်ပျံ့နှံ့မှုအန္တရာယ်မှ လျှော့ချရန်၊ ခိုင်ခံ့သောအဆောက်အအုံများ တည်ဆောက်ခြင်းဖြင့် မီးလောင်မှုဖြစ်ပွားချိန်တွင် ပြိုကျခြင်းအန္တရာယ်မှကာကွယ်ရန်နှင့် အဆိုပါအဆောက်အအုံများကို အကန့်များ (Compartments) ထပ်မံပိုင်းခြားခြင်းဖြင့် အဆောက်အအုံအတွင်း တစ်နေရာမှ အခြားတစ်နေရာသို့ မီးကူးစက်ပျံ့နှံ့မှုအန္တရာယ်မှ ကာကွယ်နိုင်ရန်ဖြစ်သည်။

၁၆။ အကန့်နံရံများနှင့် အကန့်ကြမ်းခင်းများဆိုင်ရာ သတ်မှတ်ချက်များ (Provision of Compartment Walls and Compartment Floors) ကို အောက်ပါအတိုင်းသတ်မှတ်ထားသည်-

(က) **အကန့်အရွယ်အစား၏ ကြမ်းခင်းဧရိယာနှင့် ထုထည်အတိုင်းအတာ (Compartment Size-Floor Area and Cubical Extent)**

(၁) အုပ်စု (၁) အမျိုးအစား အဆောက်အအုံမှအပ အောက်ဖော်ပြပါအချက်များနှင့် ကိုက်ညီသည့် မည်သည့်အခြားအဆောက်အအုံများတွင်မဆို အကန့်အရွယ်အစား၏ ကြမ်းခင်းဧရိယာနှင့် ထုထည်အတိုင်းအတာ (Compartment Size-Floor Area and Cubical Extent) သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်ရမည်-

(ကက) ဇယား (၄.၁) Column (2) တွင် သတ်မှတ်ထားသော ကြမ်းခင်းဧရိယာထက် ပိုနေသည့်အထပ်၊ Column (3) တွင် သတ်မှတ်ထားသောထုထည်ပမာဏထက်ပိုသော အဆောက်အအုံ၏အစိတ်အပိုင်းများရှိပါက အကန့်နံရံများ၊ အကန့်ကြမ်းခင်းများ (Compartment Walls and Compartment Floors) ဖြင့် ပိုင်းခြားထားရမည်။

(ခခ) ထိုသို့ပိုင်းခြားရခြင်းမှာ ပိုင်းခြားထားသောအကန့် (Compartment) သည် မည်သည့်အထပ်တွင်မဆို ဇယား (၄.၁) အရသတ်မှတ်ထားသည့် အဆောက်အအုံ၏ ကြမ်းခင်းဧရိယာထက် ပိုသောဧရိယာ မရှိစေရန်နှင့် သတ်မှတ်ထားသည့် အဆောက်အအုံ၏ ထုထည်ပမာဏထက်မပိုစေရန်ဖြစ်သည်။

(ခ) **အမြင့် ၄ မီတာထက်ပိုသော အဆောက်အအုံများ၏ အကန့်ထုထည်ပမာဏ (Cubical Extent for Compartment Exceeding 4m in Height)**

(၁) စက်ရုံများ၊ အားကစားခန်းမများ၊ စျေးများ၊ စားသောက်ဆိုင်တန်းများ၊ ဘက်စုံသုံးခန်းမများ၊ ရုပ်ရှင်ရုံများ၊ ဖျော်ဖြေရေးခန်းမများ၊ ဘာသာရေးဆိုင်ရာ

အဆောက်အအုံများနှင့် အလားတူအဆောက်အအုံများ စသည့် တစ်ထပ်အဆောက်အအုံများအတွက် အကန့်၏ထုထည်ပမာဏ တွက်ချက်ရာတွင် အမြင့်သည် ၄ မီတာ ထက်ပိုမြင့်ပါကအဆိုပါအမြင့် ၄ မီတာကိုသာ ထည့်သွင်းတွက်ချက်ရမည်။

(၂) အထပ်တစ်ထပ်ထက်ပိုသော သို့မဟုတ် ထပ်ခိုးများပါသော အဆောက်အအုံများ၏ အကန့်ထုထည်ပမာဏ တွက်ချက်ရာတွင် အဆိုပါအထပ်တစ်ထပ်စီ သို့မဟုတ် ထပ်ခိုးများ၏အမြင့်အထိ ထည့်သွင်းတွက်ချက်ရမည်။

(ဂ) ဘေးပွင့်စကြံ့လမ်း (Open Sided Covered Way) သို့မဟုတ် အမိုးရှိသော ပေါင်းကူးတံတား (Covered Link Bridge) ဖြင့် ချိတ်ဆက်ထားသော အဆောက်အအုံနှစ်ခုသည် အောက်ပါအခြေအနေများနှင့် ကိုက်ညီလျှင် အဆိုပါအဆောက်အအုံများကို သီးခြားအဆောက်အအုံများအဖြစ် သတ်မှတ်သည်-

(၁) ၎င်းတို့ကိုချိတ်ဆက်ထားသည့် ဘေးပွင့်စကြံ့လမ်း (Open Sided Covered Way) သို့မဟုတ် အမိုးရှိသောပေါင်းကူးတံတား (Covered Link Bridge) များ အတွင်း မီးအန္တရာယ်ဖြစ်စေနိုင်သော စီးပွားဖြစ်လုပ်ငန်းများ သို့မဟုတ် အခြားအသုံးပြုမှုများမရှိရ။

(၂) ၎င်းတို့ကိုချိတ်ဆက်ထားသည့် ဘေးပွင့်စကြံ့လမ်း (Open Sided Covered Way) သို့မဟုတ် အမိုးရှိသောပေါင်းကူးတံတား (Covered Link Bridge) အကျယ်သည် တံစက်မြိတ်အစွန်းနှစ်ဘက်မှ တွက်ချက်လျှင် ၅ မီတာ ထက်မပိုရ။

(ဃ) အပိုဒ် ၁၆(က) သည် အောက်ပါအဆောက်အအုံများအတွက် မလိုအပ်ပါ-

(၁) အခန်း(၇)ပါပြဋ္ဌာန်းချက်များနှင့်အညီ အဆောက်အအုံတစ်ခုလုံးကို အလိုအလျောက်ရေဖျန်းစနစ်တပ်ဆင်ထားခြင်း။

(၂) အပိုဒ် ၁၆(င) ၊ အပိုဒ် ၁၆(ဆ)၊ အပိုဒ် ၈၇ နှင့် နောက်ဆက်တွဲ(၂)တို့နှင့် ကိုက်ညီစေသော အဆောက်အအုံများ။

(င) အဆောက်အအုံအမြင့်အလိုက်အကန့်ကန့်ထားခြင်း (Compartmentation by Height) မှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) **Compartmentation by Height**။ မိသားစုတစ်စုနေထိုင်သော အဆောက်အအုံမှလွဲ၍ ကျန်အဆောက်အအုံအမျိုးအစားများတွင် အကန့်(Compartment) တစ်ခု

သည် နေထိုင်အသုံးပြုနိုင်သည့်ကြမ်းခင်းအမြင့် (Habitable Height) ၂၄ မီတာ အထိ ကန့်ရာတွင် ၃ ထပ်ထက်မပိုရ။ အထက်ပါလိုအပ်ချက်သည် အပိုဒ် ၁၆ (ဆ) တွင် သတ်မှတ်ထားသော အခြေအနေများနှင့်ကိုက်ညီသည့် အေထရီယမ် နေရာများအတွက် ဖြေလျှော့နိုင်သည်။

(၂) လူနေတိုက်ခန်းအတွင်းရှိ အထပ် ၂ ထပ်မှလွဲ၍ နေထိုင်အသုံးပြုနိုင်သည့် ကြမ်းခင်းအမြင့် (Habitable Height) ၂၄ မီတာထက် ပိုသော အခြားအဆောက်အအုံအမျိုးအစားများတွင် အကန့် (Compartment) သည် တစ်ထပ်ထက်မပိုရပါ။

(၃) **မိသားစုတစ်စုတည်းနေထိုင်သောအိမ်(Single Household Dwelling)**။ မိသားစုတစ်စုတည်း နေထိုင်သောအိမ်အဖြစ်အသုံးပြုမည်ဆိုပါက အုပ်စု(၁) အမျိုးအစား အဆောက်အအုံများ (Small Residential Buildings) တွင် အထပ် ၃ ထပ်ထက်ပို၍ တည်ဆောက်နိုင်သည်။

(စ) **Other Cases Requiring Compartment Walls and Compartment Floors ဆိုင်ရာ သတ်မှတ်ချက်များ။** အောက်ပါအခြေအနေများတွင် အကန့်နံရံများနှင့် အကန့်ကြမ်းခင်းများပိုင်းခြားထားရန် လိုအပ်သည်-

(၁) **Purpose Group II အုပ်စုအောက်ရှိအဆောက်အအုံများ။** ပြင်ပနံရံတစ်ခုသည် အပြင်စကြီ်တစ်ခုနှင့် ကပ်လျက်ရှိနေသည့်အခြေအနေ၊ ပြတင်းပေါက်များ တပ်ဆင်ထားရှိရမည့်အခြေအနေများမှအပ လူနေတိုက်ခန်းတစ်ခု သို့မဟုတ် ၂ ထပ်အိမ်ခန်းများ၏ သီးခြားဝင်ပေါက်ရှိသော အခန်းများအား အဆောက်အအုံ၏ အခြားနေရာ၊ အစိတ်အပိုင်းများနှင့် ခွဲခြားထားမည့် နံရံ သို့မဟုတ် ကြမ်းခင်းများ။

(၂) **အုပ်စုအမျိုးအစားများအားပိုင်းခြားခြင်း (Separation of Purpose Groups)။** အောက်ပါနေရာများမှလွဲ၍ ဇယား(၁.၅) အရ သတ်မှတ်ထားသော အုပ်စုကွဲများအဖြစ် အသုံးပြုသည့်/အသုံးပြုမည့်အဆောက်အအုံ၏နေရာ၊ အစိတ်အပိုင်းများအကြား ခွဲခြားထားမည့် နံရံ သို့မဟုတ် ကြမ်းခင်းများ -

(ကက) အုပ်စု (၃၊ ၅၊ ၆၊ ၇နှင့် ၈) အမျိုးအစားအဆောက်အအုံများ အတွင်း သို့မဟုတ် အကန့်တစ်ခုအတွင်းတွင်တည်ရှိသည့်အထောက်အကူပြုခန်းများ (Ancillary Offices)။

(ခခ) အပိုဒ် ၂(ခ ၈)(၂) ပါ သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် အုပ်စု (၃၊ ၄၊ ၅၊ ၆၊ ၇ နှင့် ၈) အမျိုးအစား အဆောက်အအုံများတစ်ခုအတွင်း သို့မဟုတ် အကန့်တစ်ခုအတွင်းတည်ရှိသော အထောက်အကူပြုရန် အသုံးပြုသည့်အခန်း သို့မဟုတ် နေရာများ။

(ဂဂ) အလိုအလျောက် ရေဖျန်းစနစ်ကာကွယ်ထားသော အဆောက်အအုံ တစ်ခုအတွင်း တည်ရှိသောအခန်း သို့မဟုတ် နေရာများဖြစ်ပြီး အပိုဒ် ၁၆(စ) သို့မဟုတ် ဤစံချိန်စံညွှန်း သတ်မှတ်ချက်များပါ အခြားအပိုဒ်များတွင် သီးခြားဖော်ပြထားခြင်းမရှိသည့်နေရာ။

(၃) မြေအောက်ထပ် အပေါ်ဘက်ကပ်လျက်တွင်ရှိသောကြမ်းခင်း (Floor Over a Basement) -

(ကက) (မြေအောက်ထပ်အပါအဝင်) ၅ ထပ်နှင့် အထက်ပါဝင်သည့် အုပ်စု (၁) အမျိုးအစားအဆောက်အအုံ၏ အစိတ်အပိုင်း သို့မဟုတ် အုပ်စု (၂မှ၈) ထိအဆောက်အအုံအမျိုးအစားများ၏အစိတ်အပိုင်း၊ (အုပ်စု (၁) အမျိုးအစား အဆောက်အအုံတွင်မူ မြေအောက်ထပ်မှ မြေညီထပ်သို့ တိုက်ရိုက်ထွက်နိုင်ရမည်။

(ခခ) မြေအောက်ထပ်သည် ကြမ်းခင်းဧရိယာ ၁၀၀ စတုရန်းမီတာထက် ပိုပါက ၎င်းနှင့်ကပ်လျှက်ရှိသောအပေါ်ထပ်နှင့် ပိုင်းခြားရမည်ဖြစ်ပြီး မြေအောက်ထပ်သည် ၁ ထပ်ထက်မပိုရပါ။ ထိုမြေအောက်ထပ်အား အလိုအလျောက်ရေဖျန်းစနစ်နှင့် မီးသတ်ရေတင်ပိုက်(ရေမပါ)စနစ် တပ်ဆင်ရမည်။ အကယ်၍အဆောက်အအုံတစ်ခု သို့မဟုတ် အကန့်သည် အုပ်စု(၄၊၅နှင့်၇)အဆောက်အအုံ အမျိုးအစားအုပ်စုဝင်ဖြစ်ပြီး အခန်း (၇)ပါ ပြဋ္ဌာန်းချက်နှင့်အညီ အလိုအလျောက်ရေဖျန်းစနစ်နှင့် အခန်း(၈) ရှိ မီးခိုးထိန်းချုပ်စနစ် တပ်ဆင်ထားပါက ၁၀၀ စတုရန်းမီတာ ကျော်သော်လည်း မြေအောက်ပထမထပ်အား မြေပေါ်အထပ်များနှင့်ချိတ်ဆက်ထားရှိနိုင်ပါသည်။ ထိုအခြေအနေတွင်မြေအောက်ထပ်များသည် ၁ ထပ်ထက် ပိုပါက မြေအောက်ပထမထပ် ကြမ်းခင်းသည် ၎င်းအောက်ရှိမြေအောက်ထပ်များနှင့် အကန့်ကြမ်းခင်းများဖြင့် ပိုင်းခြားထားရမည်။

(၄) **မြေအောက်ထပ်ကြမ်းခင်း (Basement Floors) ။** လူသွားလမ်းများ၏အောက်တွင်တည်ရှိသော အကန့် (Compartment) များသည် တစ်ထပ်ထက်ပိုမရှိရ။ သို့ရာတွင် အုပ်စု (၄၊ ၅ နှင့် ၇) အဆောက်အအုံအမျိုးအစားများတွင်ပါဝင်ပြီး အပိုဒ် ၁၆(စ)(၃)(ခခ) ရှိသတ်မှတ်ချက်များနှင့်ကိုက်ညီ၍ မြေအောက်ထပ်တွင် ယာဉ်ရပ်နားရန်နေရာ (Basement Carpark) အဖြစ်သာ အသုံးပြုထားလျှင် ကင်းလွတ်ခွင့်ပြုသည်။ မြေအောက်ထပ်၏ မည်သည့်နေရာတွင်မျှ မီးလောင်ပေါက်ကွဲစေတတ်သောအရည်များ သို့မဟုတ် အရာဝတ္ထုများကို လုံးဝသိုလှောင်ထားခြင်းမပြုရ။

(၅) **မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်း (Fire Command Centre)။** မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်း (Fire Command Centre) သည် အဆောက်အအုံအတွင်းရှိ အခြားအစိတ်အပိုင်းများနှင့် အနည်းဆုံး ၂ နာရီကြာ မီးဒဏ်ခံနိုင်ရည်ရှိသည့် အကန့်နံရံ၊ ကြမ်းခင်း (Compartment Wall and Compartment Floor) များဖြင့် ပိုင်းခြားထားရမည်။

(၆) **Kitchen Separation ဆိုင်ရာ သတ်မှတ်ချက်များ။** မီးဖိုဆောင် (Commercial Kitchen) အားပိုင်းခြားထားခြင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) မီးတောက်မီးလျှံ (Open Flame) ကို အသုံးပြု၍ ချက်ပြုတ်သည့် ပစ္စည်းများရှိသည့်နေရာ၊ အစားအစာပြင်ဆင်ချက်ပြုတ်သော မီးဖိုဆောင်များကို ၎င်းအဆောက်အအုံအတွင်းရှိ အခြားနေရာများနှင့် အနည်းဆုံး ၁ နာရီ မီးဒဏ်ခံနိုင်ရည်ရှိသော အကန့်နံရံ၊ ကြမ်းခင်းများဖြင့် ပိုင်းခြားထားရမည်။

(ခခ) မီးဖိုဆောင်နံရံနှင့်ကြမ်းခင်းတို့တွင် အပေါက်များဖောက်ရာ၌ အပိုဒ် ၂၃ တွင် ဖော်ပြထားသောပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

(ဂဂ) မီးဖိုဆောင်တံခါးပေါက်များသည် မိနစ် ၃၀ မီးဒဏ်ခံနိုင်ရည်ရှိရမည် ဖြစ်ပြီး၊ အလိုအလျောက် ပြန်ပိတ်သည့်ကိရိယာ (Automatic Self-Closing Device) တပ်ဆင်ထားရှိရမည်။

(ဃဃ) မီးခိုးခေါင်းတိုင် (Flue) သို့မဟုတ် မီးခိုးထုတ်ပြွန် (Duct) သည် အကန့်နံရံ၊ ကြမ်းခင်းကို ဖြတ်သန်းသွားပါက အပိုဒ် ၂၃ (c) တွင် ဖော်ပြထားသော ပြဋ္ဌာန်းချက်များနှင့်အညီ အဆိုပါမီးခိုးခေါင်းတိုင် (Flue) သို့မဟုတ် မီးခိုးထုတ်ပြွန် (Duct) ကို မီးလောင်မလွယ်ကူ

သော ပစ္စည်းများဖြင့် ဖုံးအုပ်တည်ဆောက်ထားရမည်ဖြစ်ပြီး ထိ မီးခိုးခေါင်းတိုင် (Flue) သို့မဟုတ် မီးခိုးထုတ်ပြွန် (Duct) တို့တွင် မီးတားကိရိယာ (Fire Damper) တပ်ဆင်ခွင့်မပြု။

(cc) အောက်ပါအခြေအနေများတွင် မီးဖိုဆောင်အား ပိုင်းခြားထားခြင်းကို ကင်းလွတ်ခွင့်ပြုသည်-

(၁ ၁) မီးဖိုဆောင်အတွင်းရှိ ချက်ပြုတ်သည့် မီးဖိုများတွင် (မီးသတ်ဦးစီးဌာနမှ) ခွင့်ပြုထားသော မီးငြှိမ်းသတ်ရေးစနစ်များ တပ်ဆင်ထားခြင်း။

(၂ ၂) စားသောက်ခန်းနံရံသည် (လေဝင်ပေါက်နှင့် လေဟာပြင်နေရာမှလွဲ၍) အနည်းဆုံး ၂၅% ဟင်းလင်းပွင့်နေရမည်ဖြစ်ပြီး စားသောက်ခန်း၏ မည်သည့်နေရာမှမဆို ပွင့်နေသော အနီးဆုံးနံရံရှိ အပေါက်နှင့် ၉ မီတာ အကွာအဝေးအတွင်း ရှိခြင်း။

(၃ ၃) စားသောက်ခန်းနံရံသည် (လေဝင်ပေါက်နှင့် လေဟာပြင်နေရာမှလွဲ၍) အနည်းဆုံး ၅၀% ဟင်းလင်းပွင့်နေရမည်ဖြစ်ပြီး စားသောက်ခန်း၏ မည်သည့်နေရာမှမဆို ပွင့်နေသော အနီးဆုံးနံရံရှိ အပေါက်နှင့် ၁၂ မီတာ အကွာအဝေးအတွင်းရှိခြင်း။

(၄ ၄) အဆောက်အအုံအတွင်း စားသောက်ခန်းနေရာနှင့် အခြားအစိတ်အပိုင်းများကို အနည်းဆုံး ၁ နာရီ မီးဒဏ်ခံနိုင်ရည် ရှိသော နံရံနှင့်ကြမ်းခင်းများ၊ အနည်းဆုံး မိနစ် ၃၀ မီးဒဏ်ခံနိုင်ရည်ရှိသောတံခါးများဖြင့် ပိုင်းခြားထားခြင်း။

မှတ်ချက်။ အလိုအလျောက်ရေဖျန်းစနစ်ဖြင့်ကာကွယ်ထားသောအဆောက်အအုံဖြစ်ပါက ကန့်သတ်ထားရမည့်ကြမ်းခင်းဧရိယာကန့်သတ်ချက်မှ ကင်းလွတ်ခွင့်ပြုသည်။ သို့မဟုတ် အလိုအလျောက် ရေဖျန်းစနစ်ဖြင့် ကာကွယ်ထားသော အဆောက်အအုံမဟုတ်ပါက အကန့်ကန့်ထားရမည့် ကြမ်းခင်းဧရိယာသည် ၁၅၀ စတုရန်းမီတာထက်မပိုရ။ မီးတောက်အသုံးပြု၍ချက်ပြုတ်ရာတွင်အသုံးပြုသည့် ရေနံဓာတ်ငွေ့ရည်အိုးများအား မြေအောက်ထပ်တွင် မထားရှိရ။ အခြား

နေရာများတွင် ရေနံဓာတ်ငွေ့ရည်အိုးများကို တပ်ဆင်အသုံးပြုပါက မီးသတ်ဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာဌာနများမှ ချမှတ်ထားသည့် သတ်မှတ်ချက်များနှင့် ကိုက်ညီရမည်။ မည်သို့ပင်ဆိုစေကာမူ အထက်ပါပြဋ္ဌာန်းချက်များတွင် မီးတောက်မီးလျှံ(Open Flame) အသုံးပြု၍ချက်ပြုတ်သည့်နေရာသည် အထပ် ၁ ထပ်ထက်ပို၍ ဖွဲ့စည်းထားခြင်းမရှိရ။

(၇) **ပြဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ ကပွဲခန်းမစသည်တို့ကို အဆောက်အအုံ၏ အခြားအစိတ်အပိုင်းများနှင့် ပိုင်းခြားထားခြင်း (Separation of Theatre, Cinema or Concert Hall from Other Parts of The Building)**။ ပြဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ ကပွဲခန်းမများနှင့် တူညီသော အဆောက်အအုံ၏ အခြားအစိတ်အပိုင်းများကို အနည်းဆုံး ၂ နာရီ ကြာ မီးဒဏ်ခံနိုင်ရည်ရှိသည့် အကာနံရံ၊ ကြမ်းခင်းများဖြင့် ပိုင်းခြားထားရမည်။ အဆောက်အအုံသည် အလိုအလျောက် ရေဖျန်းစနစ်ဖြင့် ကာကွယ်ထားပါက ၁ နာရီ လျှော့ချကန့်ထားနိုင်ပါသည်။ ပြဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ ကပွဲခန်းမများနှင့် အဆောက်အအုံ၏ အခြားအစိတ်အပိုင်းများကြားတွင် အဝင်အထွက်ပြုလုပ်လိုပါက ထိုအခန်းများ၏နံရံများတွင်မီးဒဏ်ခံနိုင်အားတူညီသော တံခါးများထားရှိရမည်။ သို့မဟုတ် အောက်ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသော အခန်းငယ်များထားရှိရမည်-

(က က) အနည်းဆုံး ၁ နာရီမီးဒဏ်ခံနိုင်ရည်ရှိသောနံရံများဖြင့်ကာရံထားပြီး သဘာဝလေဝင်/လေထွက်ရနိုင်ပါက မီးခိုးတားခန်း (Smoke Stop Lobby) များ၏လေဝင်/လေထွက်စနစ်ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီရမည်။ စက်စွမ်းအားသုံး လေဝင်/ လေထွက်စနစ် (Mechanical Ventilation System) ဖြစ်ပါက အခန်း (၈)ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။ ၎င်းအပြင်-

(ခ ခ) ၎င်းအခန်း၏တံခါးများအားလုံးသည် အနည်းဆုံး မိနစ် ၃၀ မီးဒဏ်ခံနိုင်ရည်ရှိရမည်ဖြစ်ပြီး အလိုအလျောက် ပြန်ပိတ်သည့်ကိရိယာ (Automatic Self Closing Device) တပ်ဆင်ထားရှိရမည်။

(၈) **ဇာတ်ရုံ သို့မဟုတ် ကပွဲခန်းမများကို ဇာတ်ခုံရှေ့မျက်နှာစာကာနံရံ (Proscenium Wall) ဖြင့် ပိုင်းခြားထားခြင်း** (Separation by Proscenium Wall in Theatres or Concert Halls)

(က က) ဇာတ်ပွဲခန်းမများ၊ ကပွဲခန်းမများအစရှိသည့် အများပြည်သူအနားယူအပန်းဖြေသည့်နေရာတစ်ခုတွင် လူ ၅၀၀ ထက်ပိုသော ပရိသတ်

အတွက် ထိုင်ခုံများထားရှိခြင်းနှင့် ဇာတ်စင်နောက်ခံ ကားလိပ်များ အတွက် ကားလိပ်စင် (Fly Tower) အသုံးပြုခြင်းတို့တွင် ဇာတ်ခုံနှင့် ပရိသတ်ထိုင်သောနေရာများကို အနည်းဆုံး ၁ နာရီကြာ မီးဒဏ်ခံနိုင်ရည်ရှိသော ဇာတ်ခုံရှေ့မျက်နှာစာကာနံရံ (Proscenium Wall) ဖြင့် ပိုင်းခြားထားရှိရမည်။

(ခခ) ဇာတ်ခုံရှေ့မျက်နှာစာကာအပေါက် (Proscenium Opening) တွင် အပူရှိန်ကြောင့် အရည်ပျော်စေသောအဆက်စနစ် (Fusible Link) သို့မဟုတ် မီးခိုးအာရုံခံကိရိယာ (Smoke Detector) များ အလိုအလျောက် အလုပ်လုပ်နိုင်စေရန် အနည်းဆုံး ၁ နာရီ မီးဒဏ်ခံနိုင်ရည်ရှိသော မီးတားကန့်လန့်ကာ (Fire Curtain) တပ်ဆင်ထားရှိရမည်။ ထို့ပြင်ဇာတ်ခုံဧရိယာတွင် (အင်ဂျင်နီယာ) မီးခိုးထိန်းချုပ်ရေးစနစ်နှင့် အလိုအလျောက်ရေဖျန်းစနစ်များ တပ်ဆင်ထားရှိပါက အဆိုပါ မီးတားကန့်လန့်ကာ (Fire Curtain) အစား မီးခိုးကန့်လန့်ကာ (Smoke Curtain) ကိုလည်း အသုံးပြုနိုင်သည်။

(ဂဂ) ဇာတ်ခုံရှေ့မျက်နှာစာကာနံရံတွင် အပေါက် ၃ ပေါက်ထက်ပို၍ ထားရှိခြင်းမပြုရ။ ထိုအပေါက်များ၏ဧရိယာသည် ၂ စတုရန်းမီတာထက်မပိုရ။ ထိုအပေါက်များကို အနည်းဆုံးမိနစ် ၃၀ မီးဒဏ်ခံနိုင်ရည်ရှိသောတံခါးများ တပ်ဆင်ထားရမည်ဖြစ်ပြီး အလိုအလျောက်ပြန်ပိတ်သည့်ကိရိယာတပ်ဆင်ထားရှိရမည်။

(ဃဃ) ဇာတ်ခုံရှေ့မျက်နှာစာနံရံ၏ ဇာတ်ခုံဘက်ခြမ်းတစ်ခုလုံးတွင် အခန်း (၇) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အလိုအလျောက် ရေဖျန်းစနစ် တပ်ဆင်ထားရှိရမည်။

(၉) **ဟိုတယ်၊ ဘော်ဒါဆောင်များ (Boarding Houses)၊ ဝန်ဆောင်မှုပေးသော တိုက်ခန်းများ (Serviced Apartments)၊ အဆောင်များ (Student Hostels) နှင့် စျေးနှုန်းသင့်ဟိုတယ်များ (Back Packers Hotels)**

(ကက) **ဟိုတယ်အိပ်ခန်း သို့မဟုတ် အခန်း (Guestroom or Accommodation Unit) ။** အပိုဒ် ၁၁(ခ) အရ ခွင့်ပြုထားသော ဟိုတယ်အိပ်ခန်း(Guestroom) သို့မဟုတ် အခန်း(Accommodation Unit) နှင့် ပြင်ပစင်္ကြံကြားရှိ ပြတင်းပေါက်များရှိသည့် ပြင်ပနံရံမှအပ

ဟိုတယ်အိပ်ခန်း (Guestroom) သို့မဟုတ် အခန်း (Accommodation Unit) သည် အဆောက်အအုံအတွင်းရှိ အခြားအခန်းများနှင့် အနည်းဆုံး ၁ နာရီ မီးဒဏ်ခံနိုင်ရည်ရှိသောနံရံများဖြင့် ပိုင်းခြားထားရမည်။

(ခခ) ဟိုတယ်အိပ်ခန်း သို့မဟုတ် အခန်းနှင့် ၎င်းအခန်း၏အစိတ်အပိုင်းများအဖြစ်ပါရှိသောစကြီ့များနှင့် ကပ်လျက်ရှိသောအပြင်ဘက်စကြီ့များကြားတွင် အပိုဒ် ၁၁(က)နှင့် အပိုဒ် ၁၁(ခ)ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရန် ပိုင်းခြားထားရမည်။

(၁၀) **အလုပ်သမားအိပ်ဆောင်များ (Workers' Dormitories)**

(ကက) အပိုဒ် ၁၃ (ဃ) အရ ခွင့်ပြုထားသော အလုပ်သမားအိပ်ဆောင်များနှင့် ပြင်ပစကြီ့ကြားရှိ ပြတင်းပေါက်များရှိသည့် ပြင်ပနံရံမှအပ အခန်းများသည် အဆောက်အအုံအတွင်းရှိ အခြားအခန်းများနှင့် အနည်းဆုံး ၁ နာရီ မီးဒဏ်ခံနိုင်ရည်ရှိသော နံရံများဖြင့် ပိုင်းခြားထားရမည်။

(ခခ) အလုပ်သမားအိပ်ဆောင်အိပ်ခန်းများ၊ၜင်းစကြီ့နှင့်ကပ်လျက်ရှိသော အခြားအခန်းနေရာများကို အပိုဒ် ၁၃(ဂ)နှင့် အပိုဒ်၁၃(ဃ)ပါပြဋ္ဌာန်းချက်နှင့်အညီ စကြီ့နေရာများအား ပိုင်းခြားထားရမည်။

(ဂဂ) မီးဖိုဆောင်ကို အနည်းဆုံး ၁ နာရီ မီးဒဏ်ခံနိုင်ရည်ရှိသော အကန့်နံရံ၊ မိနစ် ၃၀ မီးဒဏ်ခံနိုင်ရည်ရှိသောတံခါးတို့ဖြင့် အကန့်ကန့်ထားရမည်။ မီးဖိုဆောင်ကို အထပ်တိုင်းတွင် ထားရှိနိုင်သော်လည်း အိပ်ဆောင်အိပ်ခန်းအတွင်းတွင် မထားရှိရ။

(၁၁) **မော်တော်ယာဉ်စက်ပြင်အလုပ်ရုံအားပိုင်းခြားခြင်း (Separation of Motor Vehicle Workshop)** ။ မော်တော်ယာဉ်စက်ပြင်အလုပ်ရုံတစ်ခုဖြစ်ပါက ၎င်းကို အဆောက်အအုံတစ်ခုအတွင်းရှိ အခြားနေရာအစိတ်အပိုင်းများနှင့် အနည်းဆုံး ၂ နာရီကြာ မီးဒဏ်ခံနိုင်ရည်ရှိသော အကန့်နံရံ၊ ကြမ်းခင်းများဖြင့် ပိုင်းခြားထားရမည်။ အဆောက်အအုံ၏ မြေအောက်ထပ်တွင်ရှိပါက အဆောက်အအုံအတွင်းရှိ အခြားအစိတ်အပိုင်းများနှင့် အနည်းဆုံး ၄ နာရီကြာ မီးဒဏ်ခံနိုင်ရည်ရှိသော အကန့်နံရံ၊ ကြမ်းခင်းများဖြင့် ပိုင်းခြားထားရမည်။

(၁၂) **ဆေးမှုတ်ဖျန်းခြင်းလုပ်ငန်းလုပ်ဆောင်သည့်အခန်းများအားပိုင်းခြားထားခြင်း (Separation of Spray Painting Room)**

(ကက) ဆေးမှုတ်ဖျန်းခြင်း သို့မဟုတ် ၎င်းနှင့်ဆက်စပ်သည့် လုပ်ငန်းစဉ်များ လုပ်ဆောင်သည့်နေရာများအား အဆောက်အအုံထဲရှိ အခြားအခန်း၊ နေရာများနှင့် အနည်းဆုံး ၂ နာရီမီးဒဏ်ခံနိုင်ရည်ရှိသော အကန့်နံရံကြမ်းခင်းများဖြင့်ပိုင်းခြားထားရမည်။ ဆေးမှုတ်ဖျန်းသည့် အခန်းငယ်များသည် (NFPA 33) နှင့်အညီ ရေငွေ့စုပ်ထုတ်သည့် စနစ်ကို ထည့်သွင်းတည်ဆောက်ထားပါက မီးဒဏ်ခံနိုင်ရည်ပြဋ္ဌာန်းချက်နှင့် ကင်းလွတ်ခွင့်ပြုသည်။

(ခခ) (NFPA 33)နှင့် မကိုက်ညီသော ဆေးမှုတ်ဖျန်းသည့်အခန်းကို အလိုအလျောက်ရေဖျန်းစနစ်တပ်ဆင်ထားပါက ၎င်းအခန်းအတွက် လိုအပ်သည့် မီးတားအကန့် (Fire Compartment) အား ၂ နာရီမှ ၁ နာရီထိ လျှော့ချပေးနိုင်သည်။

(၁၃) **အအေးခန်း (Coldroom)** ။ အအေးခန်းဆိုသည်မှာ ထိန်းသိမ်းထားသည့် အအေးဓာတ်တွင်ပစ္စည်းများ သို့မဟုတ် ဓာတုပစ္စည်းများကို သိုလှောင်ရန်အတွက် အသုံးပြုသော အခန်းကိုဆိုလိုသည်။ အအေးခန်းများအား မီးလောင်လွယ်သော အပူကာပစ္စည်းများဖြင့် ကာရံတည်ဆောက်ထားကြခြင်းဖြစ်သည်။ ကြမ်းခင်းဧရိယာဆိုသည်မှာ အကန့် သို့မဟုတ် ယူနစ်တစ်ခုအတွင်းရှိ အအေးခန်းများအားလုံး၏ စုစုပေါင်းကြမ်းခင်းဧရိယာကို ဆိုလိုသည်။

(ကက) အအေးခန်းတစ်ခုသည် ကြမ်းခင်းဧရိယာ ၁၀ စတုရန်းမီတာ ထက်ပိုပါက အခြားနေရာများနှင့် သီးခြားစီဖြစ်နေစေရန်အတွက် တံခါးအပါအဝင် အနည်းဆုံး ၁ နာရီ မီးဒဏ်ခံနိုင်ရည်ရှိသော မီးလောင်မလွယ်သော တည်ဆောက်မှုဖြင့် အပြင်ထပ်ပိုးအလွှာ တစ်ထပ်တည်ဆောက်ထားရမည်။

(ခခ) မီးဒဏ်ခံနိုင်ရည်ရှိသော တံခါးအပါအဝင် အပြင်ထပ်ပိုးအလွှာတစ်ခုကိုအအေးခန်းအတွက်တည်ဆောက်ရန်ပြဋ္ဌာန်းချက်သည် အောက်ပါအခြေအနေများနှင့် တိုက်ဆိုင်နေလျှင် မလိုအပ်ပါ-

(၁ ၁) အအေးခန်းတစ်ခုသည် ကြမ်းခင်းဧရိယာ ၂၀ စတုရန်းမီတာ ထက်မပိုခြင်း၊ အုပ်စု (၃ ၊ ၄၊ ၅၊ ၆ ၊ ၇ နှင့် ၈) အမျိုးအစား အဆောက်အအုံတစ်ခုအတွင်းခ္ဍရှိပြီး အလိုအလျောက်ရေဖျန်း

စနစ်ဖြင့် ကာကွယ်ထားခြင်း၊ သိုလှောင်ပစ္စည်းများတွင် မီးလောင်လွယ်သော ဓာတုပစ္စည်းများမပါဝင်ခြင်း။

(၂ ၂) အအေးခန်းသည် အုပ်စု(၁နှင့် ၂) အမျိုးအစားအဆောက်အအုံ အတွင်းတည်ရှိခြင်း။

(၃ ၃) အအေးခန်းသည် စားသောက်ဆိုင်ခန်းတစ်ခုအတွင်း၌ရှိသော (မီးတောက်အသုံးပြု၍ ချက်ပြုတ်သည့်ပစ္စည်းများပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ) အကန့်ကန့်ထားသော မီးဖိုဆောင်အတွင်းတည်ရှိပြီး ကြမ်းခင်းဧရိယာ ၂၀ စတုရန်းမီတာထက် မပိုခြင်း။ မီးဖိုဆောင်အား အဆောက်အအုံ၏ အခြားအစိတ်အပိုင်းများမှ အနည်းဆုံး ၁ နာရီ မီးဒဏ်ခံနိုင်ရည်ရှိသော အကန့်နံရံ၊ ကြမ်းခင်းနှင့် အနည်းဆုံး မိနစ် ၃၀ မီးဒဏ်ခံနိုင်သောတံခါးများဖြင့် ပိုင်းခြားထားခြင်း။ ထိုအထက်ပါအချက်များသည် အပိုဒ် ၁၆(စ)(၆) ပါကင်းလွတ်ချက်များနှင့် သက်ဆိုင်မှုမရှိပါ။

(၈၈) အအေးခန်းတွင်အသုံးပြုသည့် အပူကာပစ္စည်း (Insulation Material) သည် (BS EN 13501) ရှိ Class B အရည်အသွေး သတ်မှတ်ချက်သို့မဟုတ် ၎င်းအရည်အသွေးနှင့်တူညီသော သတ်မှတ်ချက်များနှင့် ကိုက်ညီရမည်။

(၁၄) **သိုလှောင်ခန်း (Store Room)။** ရေဖျန်းစနစ်ကာကွယ်ထားခြင်း မရှိသော အဆောက်အအုံများတွင် သိုလှောင်ခန်းတစ်ခု၏ ကြမ်းခင်းဧရိယာသည် ၁၀ စတုရန်းမီတာထက်ပိုပါက၎င်းအအေးခန်းအား အဆောက်အအုံ၏ အခြားအခန်း၊ နေရာများနှင့် အနည်းဆုံး ၁ နာရီ မီးဒဏ်ခံနိုင်ရည်ရှိသော အကန့်နံရံ၊ ကြမ်းခင်းများဖြင့် ပိုင်းခြားထားရမည်။ အလိုအလျောက်ရေဖျန်းစနစ်ဖြင့် ကာကွယ်ထားသော အဆောက်အအုံအတွင်း၌ရှိသော သိုလှောင်ခန်းတစ်ခုသည် အထက်ဖော်ပြပါ အကန့်များထားရှိရန်မလိုပါ။ သို့သော် မြေပြင်အထက်ရှိ ၇၀၀ စတုရန်းမီတာထက် ပိုသော သိုလှောင်ခန်းနှင့် မြေအောက်ရှိ ၁၀၀ စတုရန်းမီတာ ထက်ပိုသော သိုလှောင်ခန်းသည် နောက်ဆက်တွဲ(၂) (Appendix 2) တွင် ပြဋ္ဌာန်းထားသည့် အကန့်အရွယ်အစားများနှင့် ကိုက်ညီရမည်။

(၁၅) **ဘေးအန္တရာယ်အလွန်မြင့်မားသည့်ဧရိယာများ (Areas of Special Hazard)**

(ကက) **အဆောက်အအုံအတွင်းရှိ ဘေးအန္တရာယ်အလွန်မြင့်မားသည့် ဧရိယာများ (Areas of Special High Risk in a Building)။** ဘွိုင်လာခန်းများ၊ ထရန်စဖော်မာခန်းများ၊ မီးစက်ခန်းများ၊ မီးလောင်လွယ်သော ပစ္စည်းများသိုလှောင်သည့်နေရာများနှင့် အခြားသောဘေးအန္တရာယ်မြင့်မားသည့်နေရာများအား အဆောက်အအုံအတွင်းရှိ အခြားအခန်း၊ နေရာများနှင့် အနည်းဆုံး ၂ နာရီ မီးဒဏ်ခံနိုင်ရည်ရှိသည့် အကန့်နံရံ၊ ကြမ်းခင်းများဖြင့် ပိုင်းခြားထားရမည်။ အဆောက်အအုံသည် အလိုအလျောက်ရေဖျန်းစနစ်ဖြင့် ကာကွယ်ထားပါက မီးဒဏ်ခံနိုင်ရည်ကို ၁ နာရီအထိ လျှော့ချပေးနိုင်သည်။

(ခခ) မီးလောင်လွယ်သည့်အရည်များ (Flammable Liquid) ပါဝင်သော ထရန်စဖော်မာခန်းများနှင့် မီးစက်ခန်းများကို ပြင်ပနံရံနှင့်ကပ်လျက်တွင် နေရာချထားရမည်။

(၁၆) **ငှားရမ်းအသုံးပြုသည့်ယူနစ် (Tenancy Unit) ။** စက်ရုံ သို့မဟုတ် သိုလှောင်ရုံ တစ်ခုအတွင်း ငှားရမ်းအသုံးပြုသည့်ယူနစ်ခန်း(Tenancy Unit) တစ်ခုစီအကြားတွင် မီးတားအကန့် (Fire Compartment) များထားရှိရမည်။ အဆိုပါအကန့်များအား အနည်းဆုံး ၁ နာရီ မီးဒဏ်ခံနိုင်ရည်ရှိသော နံရံများ၊ ကြမ်းခင်းများဖြင့် ပိုင်းခြားထားရမည်။

(၁၇) **မော်တော်ယာဉ်ရပ်နားရန်နေရာ (Car Park Area) ။** အုပ်စု(၈)အမျိုးအစား အဆောက်အအုံရှိ မော်တော်ယာဉ်ရပ်နားရန်နေရာနှင့် အခြားနေရာများကြားတွင် အနည်းဆုံး ၁ နာရီမီးဒဏ်ခံနိုင်ရည်ရှိသည့် အကန့်နံရံ၊ ကြမ်းခင်းများဖြင့် ပိုင်းခြား ထားရမည်။

(၁၈) **သိုလှောင်ရုံ (Ware House) ။** မြေပြင်အထက်တွင် ၇၀၀ စတုရန်းမီတာထက်ပိုပြီး မြေပြင်အောက်တွင် ၁၀၀ စတုရန်းမီတာထက်ပိုသည့် သိုလှောင်ရုံများ၏ အကန့်အရွယ်အစားသည် နောက်ဆက်တွဲ (၂) (Appendix 2) ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

(ဆ) **အေထရီယမ်အတွက်လိုအပ်ချက်များ (Provision for Atrium Spaces)။** အေထရီယမ် (Atrium) နေရာများတွင် ဤစာအုပ်ပါပြဋ္ဌာန်းချက်၏ အပိုဒ် ၁၆(က) နှင့် အပိုဒ်

၁၆(၈)(၁)တို့အရလိုအပ်ချက်များသည်အောက်ပါအချက်တို့နှင့်ကိုက်ညီပါက ဖြေလျှော့ပေးနိုင်သည်-

(၁) အေထရီယမ်နေရာလွတ်၏ဧရိယာသည် အနည်းဆုံး ၉၃ စတုရန်းမီတာ ရှိရမည်ဖြစ်ပြီး၊ မျက်နှာချင်းဆိုင်ကြမ်းခင်းအစွန်းအပွင့်နေရာနှစ်ခုကြားရှိ အကျယ်၏ မျက်နှာပြင်အကွာအဝေးသည် အနည်းဆုံး ၆ မီတာရှိခြင်း။

(၂) အေထရီယမ်နေရာ၏ ကြမ်းခင်းဧရိယာအတွင်းရှိ နေထိုင်အသုံးပြုမှုပုံစံသည် ဘေးအန္တရာယ်နည်းပါးခြင်း သို့မဟုတ် သာမန်ဘေးအန္တရာယ်အဖြစ် သတ်မှတ်ချက်များနှင့် ကိုက်ညီခြင်း။

(၃) အေထရီယမ်သည် အပွင့်အနေအထားတွင်ဖြစ်ပြီး မည်သည့် အတားအဆီးမျှ မရှိခြင်း။ သို့မှသာအဆိုပါ အေထရီယမ်နေရာတွင် မီးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက အလွယ်တကူမြင်တွေ့နိုင်ခြင်း။

(၄) အဆောက်အအုံတစ်ခုလုံးတွင် အခန်း(၇)ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသော အလိုအလျောက်ရေဖျန်းစနစ် တပ်ဆင်ထားရမည်။

(၅) အဆောက်အအုံတွင် အပိုဒ် ၈၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ (အင်ဂျင်နီယာ) မီးခိုးထိန်းချုပ်ရေးစနစ် တပ်ဆင်ရမည်။

(၆) အပေါက်များ၊ အခန်းဖွဲ့များ၊ လွတ်မြောက်ရာလမ်းကြောင်းများသည် မီးသတ်ဦးစီးဌာန၏ ခွင့်ပြုချက်ရယူရမည်။

(၉) **ဘေးအန္တရာယ်မြင့်မားသောနေထိုင်အသုံးပြုမှုရှိသည့်အဆောက်အအုံများ (Buildings of High Hazard Occupancy)**

(၁) ဘေးအန္တရာယ်မြင့်မားသော နေထိုင်အသုံးပြုမှုရှိသည့် အဆောက်အအုံများရှိ အကန့်သည် ဇယား (၄.၁) တွင် ဖော်ပြထားသော အရွယ်အစားတစ်ဝက်ထက် မကျော်လွန်စေရ။ ၎င်းအပြင်အဆိုပါ အကန့်တစ်ခုစီသည် အထပ်တစ်ထပ်သာ ပါရှိရမည်။

(၂) အခန်း (၇) ပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီသော အလိုအလျောက်ရေဖျန်းစနစ် တပ်ဆင်ထားခြင်းမရှိလျှင် မြေညီထပ်မှ နေထိုင်အသုံးပြု၍ရသော အမြင့်ဆုံး အထပ်ကြမ်းခင်းအထိအမြင့် ၂၄ မီတာထက် ပိုသော အဆောက်အအုံတစ်ခု၏ မည်သည့်အထပ်ကိုမဆို မီးလောင်လွယ်သောကုန်စည်များ၊အရာဝတ္ထုများ စုပုံသိုလှောင်သည့်နေရာအဖြစ် အသုံးမပြုရ။

(၃) သိုလှောင်သောပစ္စည်းအမျိုးအစားများတွင်အောက်ပါတို့မပါရှိရပါ-

(ကက) မီးတောက်လောင်နိုင်သော အရင်းအမြစ် (Fire Source) မရှိဘဲ မီးတောက်လောင်နိုင်သောအပူချိန် ၂၀၀ ဒီဂရီဆဲလ်စီးယပ်စ်အောက်တွင် အလိုအလျောက်မီးတောက်လောင်နိုင်သောပစ္စည်းများ။

(ခခ) အပိုဒ် ၂ (ယ) တွင်ပါဝင်သည့် မီးတောက်လောင်နိုင်မှု မြင့်မားသော ပစ္စည်းများ (Combustible/ Highly Flammable Material)။

(စျ) အပိုဒ် ၁၆(က)ပါ ပြဋ္ဌာန်းချက်များသည် အောက်ပါအခြေအနေများနှင့်ပါကကင်းလွတ်ခွင့်ပြုနိုင်သည်-

(၁) မီးလောင်မလွယ်သည့်ကုန်စည်များနှင့် အရာဝတ္ထုများကိုရောင်းချ၊ သိုလှောင်၊ ပြင်ဆင်၊ ထုပ်ပိုးရန်အတွက်သာ အသုံးပြုသည့် အဆောက်အအုံ၏ အခြားအစိတ်အပိုင်းများကို အထက်ဖော်ပြပါလုပ်ငန်းစဉ်များအတွက် အသုံးမပြုပါက ထိုအစိတ်အပိုင်းများကို အကန့်နံရံ၊ကြမ်းခင်းများဖြင့် ပိုင်းခြားထားရမည်။ အဆိုပါ အကန့်နံရံနှင့် ကြမ်းခင်းများသည် သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် ကိုက်ညီခြင်း။

(၂) အုပ်စု (၆) အမျိုးအစား အဆောက်အအုံရှိ တစ်ထပ်အဆောက်အအုံများသည် မီးလောင်မလွယ်သော ကုန်စည်များနှင့် အရာဝတ္ထုများကို ရောင်းချ၊သိုလှောင်၊ ပြင်ဆင်၊ထုပ်ပိုးရန်အတွက်သာ အသုံးပြုခြင်း။

(၃) မော်တော်ယာဉ်ရပ်နားသည့် အလွှာတိုင်း၏ ပတ်လည်နံရံရှိ ပွင့်နေသော (Open Sided Car Parking Decks) အပေါက်များသည် ထိုနံရံဧရိယာ၏ ၅၀% အောက်မနည်းသော အမြဲတမ်းပွင့်နေသည့် နံရံများဖြစ်ပြီး လေဝင်/ လေထွက်ကောင်းမွန်စွာရရှိစေရန် (လေဟာခွင်၏ အပြင်နံရံများမှအပ) အဆောက်အအုံ၏ ဘေးပတ်လည်နံရံများတစ်လျှောက်တွင် ထားရှိရမည်။

(၄) ကြမ်းပြင်၏ မည်သည့်နေရာမှမဆို ဘေးနံရံများရှိအပေါက်များ သို့မဟုတ် လေဟာခွင်မှ ၁၂ မီတာထက်ပိုမဝေးရ။ လေဟာခွင်အား လေဝင်/ လေထွက်ကောင်းမွန်စွာရရှိစေရန် ထည့်သွင်းတည်ဆောက်ထားပါက ထိုလေဝင်ပေါက်ကြမ်းပြင်ဧရိယာသည် အနည်းဆုံး ၁၀ စတုရန်းမီတာ သို့မဟုတ် အမြင့် ၃၀၀ မီလီမီတာတွင် ၀.၁ စတုရန်းမီတာရှိရမည်ဖြစ်ပြီး ထိုဧရိယာ ၂ ခုအနက် ပို၍ကြီးသောဧရိယာအား ယူရမည်။ အဆိုပါလေဟာခွင် (Air-well) ၏ အနည်းဆုံး

အတိုင်းအတာသည် ၂၀၀၀ မီလီမီတာ ရှိရမည်ဖြစ်ပြီး ကောင်းကင်သို့တိုက်ရိုက် ပွင့်ရမည်။

(ည) တည်ဆောက်ပြီးအဆောက်အအုံများတိုးချဲ့ခြင်းနှင့် ပြင်ဆင်ခြင်းများလုပ်ဆောင်လျက်ရှိသည့်နေရာများကို အဆောက်အအုံ၏ အခြားအသုံးပြုလျက်ရှိသည့်နေရာများမှ အပိုဒ် ၂၉(ဏ) နှင့်အညီ ပိုင်းခြားထားရမည်။

၁၇။ **အဆောက်အအုံအစိတ်အပိုင်းများ၏ မီးဒဏ်ခံနိုင်ရည် (Fire Resistance of Elements of Structure)**

(က) **အနည်းဆုံးမီးဒဏ်ခံနိုင်ရည်သတ်မှတ်ချက် (Minium Periods of Fire Resistance)။** အခြားသောပြဋ္ဌာန်းချက်များမှအပ အဆောက်အအုံ၏အစိတ်အပိုင်းများအား မီးလောင်ရန် မလွယ်ကူသောပစ္စည်းများဖြင့် တည်ဆောက်ရမည်ဖြစ်ပြီး၊ အုပ်စုအမျိုးအစား၊ အဆောက်အအုံများပုံစံနှင့် အတိုင်းအတာများအတွက် အနည်းဆုံး မီးဒဏ်ခံနိုင်ရည်သည် ဇယား (၄.၂) နှင့် ကိုက်ညီရမည်။

(၁) စည်းခြားထားသောနံရံ (Separating Wall) သည် အနည်းဆုံး ၁ နာရီ မီးဒဏ်ခံနိုင်ရည်ရှိရမည်။

(၂) အုပ်စု (၂ သို့မဟုတ် ၃) အဆောက်အအုံအမျိုးအစား၏ အစိတ်အပိုင်းတစ်ခုကို ၎င်းအမျိုးအစားမဟုတ်သည့် အခြားအဆောက်အအုံ၏ အစိတ်အပိုင်းများမှ ပိုင်းခြားရာတွင် အနည်းဆုံး ၁ နာရီ မီးဒဏ်ခံနိုင်သည့် အကန့်နံရံ၊ ကြမ်းခင်းများဖြစ်ရမည်။

(ခ) အောက်ပါအခြေအနေများတွင် အပိုဒ် ၁၇(က) အရ မီးဒဏ်ခံနိုင်ရည် ပြဋ္ဌာန်းချက်အား ကင်းလွတ်ခွင့်ပြုသည်-

(၁) ဝန်မထမ်းထားသောပြင်ပနံရံ (Non Load Bearing External Wall) အစိတ်အပိုင်းများအား အပိုဒ် ၁၉ပါ ပြဋ္ဌာန်းချက်နှင့်ကိုက်ညီသည့် အကာအကွယ်မရှိသောနေရာ (Unprotected Area) များအဖြစ် ထားရှိရမည်။

(၂) အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသော သံမဏိသံဘောင် အဆောက်အအုံ (Steel Structure Building) လုံးချင်းမော်တော်ယာဉ်ရပ်နားရန်နေရာ (Standalone Carpark) -

(ကက) လေဟာခွင်(Air-well) ပြင်ပနံရံများမှအပ ဘေးနံရံများတစ်လျှောက်တွင် ညီမျှစွာဖြန့်ကြက်ဖွင့်ထားသော လေဝင်/ လေထွက်ကောင်းမွန်

စွာရရှိစေရန် အတားအဆီးမရှိသည့်အပေါက်များ (Uninterrupted Openings) ထားရှိရမည်။ အဆိုပါအပေါက်များ၏ ဧရိယာသည် အနည်းဆုံး ဘေးပတ်လည်နံရံများ၏ ၅၀ % သို့မဟုတ် အထပ်တစ်ထပ်စီရှိ ကြမ်းခင်းဧရိယာ၏ ၁၅ % သို့မဟုတ် ၎င်းတို့ထက်ပိုသော ဧရိယာ ရှိရမည်ဖြစ်ပြီး မော်တော်ယာဉ်ရပ်နားရန်နေရာ တစ်ခုလုံးတွင် အလိုအလျောက် ရေဖျန်းစနစ် တပ်ဆင်ထားပါက ဤပြဋ္ဌာန်းချက်များအား ကင်းလွတ်ခွင့်ပြုသည်။

(ခခ) အဆောက်အအုံ၏အထပ်တစ်ထပ်စီ၏ မည်သည့်နေရာမှမဆို ပြင်ပလေဝင်ပေါက်များ သို့မဟုတ် လေဟာခွင်မှ ၁၂ မီတာထက်ပိုမဝေးရ။ လေဟာခွင်အား လေဝင်/ လေထွက်ကောင်းမွန်စွာရရှိစေရန် ထည့်သွင်းတည်ဆောက်ထားပါကထိုလေဝင်ပေါက်ဧရိယာသည် အနည်းဆုံး ၁၀ စတုရန်းမီတာ သို့မဟုတ် အမြင့် ၃၀၀ မီလီမီတာတိုင်းတွင် ၀.၁ စတုရန်းမီတာရှိရမည်ဖြစ်ပြီး ထိုဧရိယာ ၂ ခု အနက် ပို၍ကြီးသော ဧရိယာ အားယူရမည်။ အဆိုပါ လေဟာခွင် (Air-well) ၏ အနည်းဆုံး အတိုင်းအတာသည် ၂၀၀၀ မီလီမီတာရှိရမည်ဖြစ်ပြီး ကောင်းကင်သို့ တိုက်ရိုက် ပွင့်ရမည်။ မော်တော်ယာဉ်ရပ်နားရန်နေရာတစ်ခုလုံးတွင် ရေဖျန်းစနစ် တပ်ဆင်ထားပါက ဤပြဋ္ဌာန်းချက်များအား ကင်းလွတ်ခွင့်ပြုသည်။

(ဂဂ) ကြမ်းခင်းရက်မ (Floor Beam) များအားလုံးကို ကွန်ကရစ်ကြမ်းခင်းနှင့် ပူးတွဲတည်ဆောက်ထားရမည်။

(ဃဃ) မြေအောက်ထပ်များမပါရှိသည့် နေထိုင်အသုံးပြုနိုင်သောကြမ်းခင်းအမြင့် (Habitable Height) သည် ၂၄ မီတာထက် မပိုသော အဆောက်အအုံ။

(င) မော်တော်ယာဉ် ရပ်နားရန်နေရာအတွက် အသုံးပြုသော လျှပ်စစ်လုပ်ငန်းများမှအပ အခြားအသုံးပြုမှုများအား ခွင့်မပြု။

(စ) သံမဏိသံဘောင် အဆောက်အအုံ (Steel Structure Building) များသည် အရည်အသွေးသတ်မှတ်ချက် (BS 9590 Pt 8;) ကို ပြည့်မီရမည်။

(ဆဆ) ဤပြဋ္ဌာန်းချက်များသည် လူစီးမော်တော်ယာဉ်ငယ်များ ရပ်နားရန် နေရာအတွက်သာဖြစ်သည်။

(ဂ) မြေညီထပ်နှင့်အထပ်တစ်ထပ်ထက်ပိုသောမြေအောက်ထပ်များရှိသည့် အဆောက်အအုံ တစ်ခု သို့မဟုတ် တစ်ထပ်အဆောက်အအုံများတွင် မြေညီထပ်ရှိ အဆောက်အအုံ၏ အစိတ်အပိုင်းများအတွက် အောက်ပါအခြေအနေများတွင် အပိုဒ် ၁၇(က)ပါ မီးဒဏ်ခံ နိုင်ရည်ပြဋ္ဌာန်းချက်မှ ကင်းလွတ်ခွင့်ပြုသည်-

(၁) **အဆောက်အအုံအစိတ်အပိုင်း၏ ရက်မ (Beam) သို့မဟုတ် တိုင် (Column)။** ထိုရက်မ(Beam)၊ တိုင်(Column)သည် နံရံ၏အစိတ်အပိုင်းတစ်ခု သို့မဟုတ် နံရံတစ်ခုလုံးအနေဖြင့် တည်ရှိနေခြင်း၊ နံရံ သို့မဟုတ် အခန်း (Gallery)ကို ထောက်သည့်တိုင်ဖြစ်နေလျှင်၊အဆိုပါရက်မနှင့်တိုင်များသည် ဤစံချိန်စံညွှန်း သတ်မှတ်ချက်များပါ ပြဋ္ဌာန်းချက်များအရ နံရံ၊ အခန်းတို့အတွက် သတ်မှတ် ထားသည့် အနည်းဆုံးမီးဒဏ်ခံနိုင်ရည်ရှိခြင်း။ သို့မဟုတ်

(၂) အတွင်းပိုင်းရှိ ဝန်ထမ်းထားသောနံရံ (Internal Load Bearing Wall) သို့မဟုတ် ဝန်ထမ်းထားသောနံရံ၏ အစိတ်အပိုင်းတစ်ခု၊ သို့ရာတွင် ထိုနံရံ သို့မဟုတ် ထိုအစိတ်အပိုင်းသည် အကာအကွယ်ပြုလုပ်ထားသော ဒေါင်လိုက် အလုံပိတ်လမ်းကြောင်း (Protected Shaft) ၊ အကန့်နံရံ သို့မဟုတ် စည်းခြား ထားသောနံရံတို့၏ အစိတ်အပိုင်းတစ်ခုဖြစ်နေပါက ကင်းလွတ်ခွင့်မပြုပါ။

(၃) အပေါ်ထပ်ပွဲကြည့်စင်အား ထောက်မပေးထားခြင်းမရှိသည့် အပြင်နံရံတစ်ခု၏ အစိတ်အပိုင်းသည် အပိုဒ် ၁၉ အရ အကာအကွယ်ပြုလုပ်ထားခြင်းမရှိသော ဧရိယာအဖြစ် ထားရှိနိုင်သည်။

(ဃ) အပိုဒ် ၁၇ပါ အနက်အဓိပ္ပါယ်ရှင်းလင်းခြင်းနှင့်အသုံးပြုခြင်းတို့သည်အောက်ပါအတိုင်း ဖြစ်ရမည်-

(၁) ဖွဲ့စည်းတည်ဆောက်ပုံအရ အစိတ်အပိုင်းတစ်ခုမှအပိုင်းတစ်ပိုင်းအဖြစ် ပါဝင် လျက်ရှိသည့် အဆောက်အအုံတစ်ခုဆိုသည်မှာ-အပိုဒ် ၁၇(ဃ)(၂)ပါ ပြဋ္ဌာန်း ချက်များ၊ အတိအလင်းပြဋ္ဌာန်းထားသည့် အခြားပြဋ္ဌာန်းချက်များနှင့် ကွဲလွဲမှုရှိ ပါက ၎င်းအစိတ်အပိုင်းမှ ဖွဲ့စည်းဖြစ်ပေါ်လာသည့် အပိုင်းတစ်ပိုင်းပါဝင်သော 'အဆောက်အအုံ' သို့မဟုတ် (အကယ်၍ ၎င်းအဆောက်အအုံကို အကန့်များ အဖြစ် ပိုင်းခြားထားပါက)' မည်သည့်အကန့်ကိုမဆို' ဆိုလိုသည်။

(၂) 'အမြင့်'ဆိုသည်မှာ အဆောက်အအုံတစ်ခု၏အမြင့်ကို ဆိုလိုသည်။ သို့သော် အဆောက်အအုံ၏ အပိုင်းတစ်ပိုင်းသည် မြေပေါ်နှင့်မြေအောက်နှစ်ခုစလုံးတွင် အကန့်နံရံတစ်ခု သို့မဟုတ် နံရံများဖြင့် ဒေါင်လိုက်ပိုင်းခြားထားလျှင် ၎င်း အမြင့်တစ်လျှောက်လုံးနှင့် တစ်ဆက်တည်းဖြစ်နေသည့် အပိုင်း၏ 'အမြင့်' သည်လည်း အကျုံးဝင်သည်။ ထို့ပြင်-

(၃) ဖွဲ့စည်းတည်ဆောက်ပုံအရ အစိတ်အပိုင်းတစ်ခု၏ အပိုင်းတစ်ပိုင်းအဖြစ် ပါဝင်လျက်ရှိသည့် တစ်ခုထက်ပိုသော အဆောက်အအုံ သို့မဟုတ် အကန့်များအား မတူညီသည့် အသုံးပြုမှုများအပေါ်မူတည်၍ ဇယား (၄.၂) ပါ မီးဒဏ်ခံနိုင်ရည် သတ်မှတ်ချက်မှ အမြင့်ဆုံးမီးဒဏ်ခံနိုင်ရည် သတ်မှတ်ချက်အသီးသီးနှင့် ကိုက်ညီအောင် တည်ဆောက်ရမည်။

(၄) ဖွဲ့စည်းတည်ဆောက်ပုံတွင် ပါဝင်သည့် အစိတ်အပိုင်းတစ်ခုသည် မီးလောင်မလွယ်သည့် အဆောက်အအုံအဖြစ်တည်ဆောက်ရန် သတ်မှတ်ထားလျှင် ၎င်း၏ မီးဒဏ်ခံနိုင်ရည်ကိုသတ်မှတ်ရာတွင် မီးလောင်မလွယ်သောပစ္စည်းများ ဖြင့်သာ တည်ဆောက်ထားရမည်။ (နံရံ သို့မဟုတ် ကြမ်းခင်းတို့၏ မီးဒဏ်ခံနိုင်ရည်သည် မျက်နှာကြက်နှင့်ကြမ်းခင်းတို့အပေါ်တွင် မူတည်နေခြင်းမရှိလျှင်၊ မီးဒဏ်ကာကွယ်နိုင်သော မျက်နှာကြက်များမှအပ မျက်နှာကြက်၊ နံရံတို့၏ မျက်နှာပြင်သုံးပစ္စည်းများနှင့်ကြမ်းခင်းသုံးပစ္စည်းများသည် မီးလောင်လွယ်သော ပစ္စည်းများဖြစ်နိုင်သည်။)

(c) **လူနေတိုက်ခန်းတစ်ခန်း သို့မဟုတ် အထပ် ၂ ထပ်ပါရှိသောတိုက်ခန်းများနှင့် ပိုင်းခြားထားသောနံရံ (Wall Separation Residential Apartment or Maisonette) ။** အဆောက်အအုံတစ်ခုတည်းအတွင်းရှိ လူနေတိုက်ခန်းတစ်ခန်း သို့မဟုတ် အထပ် ၂ ထပ်ပါရှိသောတိုက်ခန်း (Maisonette) များနှင့် အခြားအစိတ်အပိုင်းများအကြား ပိုင်းခြားထားသော အကန့်နံရံသည် အနည်ဆုံး ၁ နာရီ မီးဒဏ်ခံနိုင်ရည်ရှိရမည်။ ထိုသို့မဟုတ်လျှင်-

(၁) အဆိုပါအကန့်နံရံသည် ဒေါင်လိုက်အလုံပိတ်လမ်းကြောင်းတစ်ခု၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေသောနံရံဖြစ်ပါက ၎င်းအတွက် ဤစံချိန်စံညွှန်း သတ်မှတ်ချက်များပါ ပြဋ္ဌာန်းချက်အရ မီးဒဏ်ခံနိုင်ရည်သတ်မှတ်ချက်မှာ ၁ နာရီ ထက်ပိုရမည်။

(၂) မတူညီသော အဆောက်အအုံအုပ်စု အမျိုးအစားအောက်ရှိ လူနေတိုက်ခန်း တစ်ခန်း သို့မဟုတ် အထပ် ၂ ထပ်ပါရှိသော တိုက်ခန်းများအား အခြားနေရာ များနှင့် ပိုင်းခြားထားသောနံရံသည် ဤစံချိန်စံညွှန်း သတ်မှတ်ချက်များပါ ပြဋ္ဌာန်းချက်အရ အနည်းဆုံး ၁ နာရီ မီးဒဏ်ခံနိုင်ရည်ရှိရမည်။

(စ) **ချိတ်ဆွဲထားသောမျက်နှာကြက် (Suspended Ceiling)။** ချိတ်ဆွဲထားသောမျက်နှာကြက်သည် မီးဒဏ်ကာကွယ်ရန်လိုသော မျက်နှာကြက်နှင့် ဇယား (၄.၃) ပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီရန်လိုအပ်သော မျက်နှာကြက်အမျိုးအစားမဟုတ်လျှင် အဆိုပါအထပ်၏မီးဒဏ်ခံနိုင်ရည်ကို တွက်ချက်ရာတွင် ထိုမျက်နှာကြက်၏ မီးဒဏ်ခံနိုင်ရည်ကိုထည့်သွင်းတွက်ချက်ခြင်းမပြုရ။

(ဆ) **မီးဒဏ်ခံနိုင်သောဘုတ်ပြား (Fire Rated Board) ။** အဆောက်အအုံအတွင်းရှိ သံမဏိသံဘောင် (Structural Steel) ဖြင့်ပြုလုပ်ထားသော ရက်မများ၊ တိုင်များအား အကာအကွယ်ပေးနိုင်ရန်အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီလျှင် မီးဒဏ်ခံဘုတ်ပြား (Fire Rated Board) များကို အသုံးပြုခွင့်ပြုသည်-

(၁) မီးလောင်မလွယ်သောပစ္စည်း ဖြစ်ရမည်။

(၂) အုပ်စုအမျိုးအစား အဆောက်အအုံ သတ်မှတ်ချက်အရ ဇယား (၄.၂) တွင် သတ်မှတ်ထားသည့် မီးဒဏ်ခံနိုင်ရည် ကြာချိန်ထက်မနည်းသော မီးဒဏ်ခံနိုင်ရည်အတိုင်းအတာရှိသည့် မီးဒဏ်ခံဘုတ်ပြားကို ထည့်သွင်းအသုံးပြုရမည်။

(၃) မီးဒဏ်ခံဘုတ်ပြားသည် ရေစုပ်ယူမှု (Water Absorption) ၊ ကွေးညွှတ်နိုင်မှု ဂုဏ်သတ္တိ (Bending Strength Performance) များနှင့် ပတ်သက်၍ သတ်မှတ် စံနှုန်းများနှင့်ပြည့်မီရမည်။ စမ်းသပ်မှုစံနှုန်းများမှာ BS EN 520 (for gypsum plaster board) သို့မဟုတ် ISO 1896 (for calcium silicate or cement board) ဖြစ်သည်။

(၄) အပေါ့စားနံရံ (Dry Wall) သည် ထိခိုက်မှု (Impact)၊ သွေဖည်မှုဆိုင်ရာ ဂုဏ်သတ္တိ (Deflection Performance) များနှင့်ပတ်သက်၍ သတ်မှတ်စံနှုန်းများနှင့် ပြည့်မီရမည်။ စမ်းသပ်မှုစံနှုန်းများမှာ BS 5588 Pt 5 Appendix A and BS 5234 Pt 2 ဖြစ်သည်။

(**မှတ်ချက်။**) ပေါက်ကွဲမှုအန္တရာယ်များ ဖြစ်နိုင်ချေရှိသည့်နေရာများတွင် ပေါက်ကွဲမှုကြောင့် မီးဒဏ်ခံဘုတ်ပြားများ လွင့်စင်ပျက်စီးနိုင်သောကြောင့် သံမဏိသံဘောင်များအား ကာကွယ်ရန်အတွက် မီးဒဏ်ခံဘုတ်ပြားများကို အသုံးမပြုရ။ သံမဏိသံဘောင်

များသည် သံချေးကိုက်နိုင်သော ပတ်ဝန်းကျင်လေထုတိုက်စားပြီး မီးဒဏ်ခံဘုတ်ပြား၏ ဂုဏ်သတ္တိကို ထိခိုက်စေနိုင်ပါသဖြင့် အုပ်စု(၆ နှင့် ၈) အမျိုးအစား အဆောက်အအုံတွင်ပါဝင်သော သံမဏိသံဘောင်အဆောက်အအုံများကို မီးဒဏ်ခံဘုတ်ပြားများဖြင့် ကာကွယ်ရန်အသုံးပြုလိုပါက မီးသတ်ဦးစီးဌာန၏ စိစစ်အတည်ပြုချက်ကိုရယူရမည်။

၁၈။ **မီးဒဏ်ခံနိုင်ရည်စမ်းသပ်မှု (Tests of Fire Resistance)**

(က) အကယ်၍ အဆောက်အအုံ၏ အစိတ်အပိုင်းများနှင့် အခြားတည်ဆောက်မှုပုံစံများသည် ခိုင်ခံ့မှု (Stability)၊ ပေါင်းစည်းနိုင်မှု (Integrity)၊ အပူကာနိုင်မှု (Insulation) ဂုဏ်သတ္တိတို့ကို BS 476: Part 20 to 23 နှင့်အညီ စမ်းသပ်စစ်ဆေးထားပါက မီးဒဏ်ခံနိုင်ရည်သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသည်ဟု ယူဆနိုင်သည်။ အဆောက်အအုံ၏ဝန်အားခံနိုင်သောအစိတ်အပိုင်းများနှင့် အခြားတည်ဆောက်မှုပုံစံများအတွက် မီးဒဏ်ခံနိုင်ရည် သတ်မှတ်ရာတွင် ခိုင်ခံ့မှု (Stability)၊ ပေါင်းစည်းနိုင်မှု (Integrity)၊ အပူကာနိုင်မှု (Insulation) ဂုဏ်သတ္တိတို့ကို ဇယား(၄.၄) တွင် ဖော်ပြထားသည်။

(ခ) အဆောက်အအုံ၏ ဝန်အားခံနိုင်သောအပိုင်း၏ တစ်စိတ်တစ်ဒေသ သို့မဟုတ် အဆောက်အအုံ၏ အခြားအစိတ်အပိုင်းသည် BS 476: Part 20 to 23 တွင် ပါဝင်သော နည်းလမ်း ၊ လုပ်ငန်းစဉ်တို့နှင့်အညီ မီးဖြင့်စမ်းသပ်ထားပြီး၊ ခိုင်ခံ့မှု (Stability)၊ ပေါင်းစည်းနိုင်မှု(Integrity)၊အပူကာနိုင်မှု(Insulation)ဂုဏ်သတ္တိ(၃)ရပ်ကို သတ်မှတ်ထားသည့် မီးဒဏ်ခံနိုင်ရည်ထက်မနိမ့်သောစံနှုန်းများနှင့်အညီတည်ဆောက်ထားခြင်းဖြစ်ပါက လိုအပ်သောမီးဒဏ်ခံနိုင်ရည်ရှိသည်ဟု ယူဆရမည်-

(ဂ) **သစ်သားကြမ်းခင်း (Timber Floors) ။** အောက်ပါအသုံးပြုမှုများမှအပ သစ်သားကြမ်းခင်းအသုံးပြုခြင်းအားခွင့်မပြု-

(၁) အုပ်စု(၁)အမျိုးအစားအဆောက်အအုံများ။

(၂) သစ်သားကြမ်းခင်းများအသုံးပြု၍ တည်ဆောက်ထားသော သမိုင်းဝင်ရှေးဟောင်းအဆောက်အအုံများ။

၁၉။ **အပြင်နံရံ (External Wall)**

(က) အပြင်နံရံဆိုင်ရာပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ထိစပ်နယ်နိမိတ် (Relevant Boundary) ရှိ နေရာတစ်ခုခုမှ ၁ မီတာ အတွင်းတွင် တည်ဆောက်ထားသော သို့မဟုတ် တည်ရှိနေသော အဆောက်အအုံတစ်ခု၏ အပြင်နံရံ သို့မဟုတ် ပိုင်းခြားထားသောအစိတ်ပိုင်း၊ သို့မဟုတ် အမြင့်

၁၅ မီတာ ထက်ပိုသော အဆောက်အအုံတစ်ခု၏ နံရံ သို့မဟုတ် ပိုင်းခြားထားသော အစိတ်အပိုင်းသည် -

(ကက) အပိုဒ် ၁၉ (ဃ) ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသည့် အပြင်အဖုံးအကာ (External Cladding) များ သို့မဟုတ် အပိုဒ် ၂၇(ဃ) ပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီသည့် အတွင်းပိုင်းအနားကွပ် (Internal Lining) များကိုမီးလောင်မလွယ်သောပစ္စည်းများဖြင့်တည်ဆောက်ထားရမည်၊

(ခခ) ဤအခန်းတွင်ဖော်ပြထားသော မီးဒဏ်ခံနိုင်ရည်သတ်မှတ်ချက်များနှင့်အညီ တည်ဆောက်ရမည်၊

(၂) ရက်မ (Beam) သို့မဟုတ် တိုင် (Column) တစ်ခုနှင့် မီးလောင်မလွယ်သော တည်ဆောက်မှုဖြင့် တည်ဆောက်ထားသည့် အပြင်နံရံတစ်ခု၏ဝန်ကို ထမ်းထားသည့် အဆောက်အအုံ၏အစိတ်အပိုင်းများ တည်ဆောက်ရာတွင် အပိုဒ် ၁၉ (က) (၁) ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

(ခ) အပြင်နံရံဆိုင်ရာ ခြွင်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) အောက်ပါအခြေအနေများတွင် အပြင်နံရံများ၏ မီးဒဏ်ခံနိုင်သော ဂုဏ်သတ္တိ အတွက် အပိုဒ် ၁၉(က)(၁)(ကက) ပါ ပြဋ္ဌာန်းချက်များသည် အဆောက်အအုံတစ်ခု၏ အပြင်နံရံ သို့မဟုတ် အဆောက်အအုံတစ်ခုရှိ ပိုင်းခြားထားသော အစိတ်အပိုင်းများအတွက် အကျုံးမဝင်ပါ-

(ကက) ထိုနံရံသည်-

(၁ ၁) ထိစပ်နယ်နိမိတ်မှ ၁ မီတာ သို့မဟုတ် ၁ မီတာထက် ပိုဝေးသော နေရာတွင်ရှိလျှင်။

(၂ ၂) အမြင့် ၁၅ မီတာထက်မပိုလျှင်။

(၃ ၃) အပိုဒ် ၁၇(ဃ)(၂) တွင် သတ်မှတ်ထားသည့်အတိုင်း ပိုင်းခြားထားလျှင်။

(ခခ) ထိုနံရံသည် ထိစပ်နယ်နိမိတ်မှ ၁ မီတာထက်ပိုဝေးသောနေရာတွင်ရှိလျှင်၊

(၁ ၁) အထပ် ၃ ထပ်ထက်မပိုသော အုပ်စု(၁ နှင့် ၂) အမျိုးအစား အဆောက်အအုံ၏နယ်နိမိတ်။

(၂ ၂) တစ်ထပ်အဆောက်အအုံ၊ အမြင့် ၁၅ မီတာထက်မပိုသည့် အဆောက်အအုံနှင့် အောက်ပါဧရိယာ သတ်မှတ်ချက်ထက် မပိုသော ကြမ်းခင်းဧရိယာရှိသည့် အဆောက်အအုံတို့၏ နယ်နိမိတ် များ။

(- -) အုပ်စု (၃၊ ၄ နှင့် ၇) အမျိုးအစားအဆောက်အအုံ- ၃၀၀၀ စတုရန်းမီတာ။

(- -) အုပ်စု (၅ နှင့် ၆) အမျိုးအစားအဆောက်အအုံ- ၂၀၀၀ စတုရန်းမီတာ။

(- -) အုပ်စု (၈) အမျိုးအစားအဆောက်အအုံ- ၅၀၀ စတုရန်းမီတာ။

(၃၃) တစ်ထပ်အဆောက်အအုံများမှအပ အမြင့် ၇.၅ မီတာထက်မပိုသောအဆောက်အအုံနှင့်အောက်ပါဧရိယာသတ်မှတ်ချက် ထက်မပိုသော ကြမ်းခင်းဧရိယာရှိသည့် အဆောက်အအုံတို့၏ နယ်နိမိတ်များ၊

(- -) အုပ်စု (၄ ၊ ၆ နှင့် ၇)အမျိုးအစားအဆောက်အအုံ- ၂၅ စတုရန်းမီတာ။

(- -) အုပ်စု (၅ နှင့် ၈) အမျိုးအစားအဆောက်အအုံ-၁၅၀ စတုရန်းမီတာ။

(၂) အောက်ပါအခြေအနေများတွင် အပိုဒ် ၁၉(က)(၁)(ခခ)ပါပြင်ပနံရံများ၏ မီးဒဏ်ခံနိုင်ရည်သတ်မှတ်ချက်များသည် အဆောက်အအုံတစ်ခု၏ပြင်ပနံရံ သို့မဟုတ် အဆောက်အအုံတစ်ခုရှိ ပိုင်းခြားထားသော အစိတ်အပိုင်းများအတွက် အကျုံးမဝင်ပါ-

(ကက) ထိုနံရံသည်ထိစပ်နယ်နိမိတ်မှ ၁ မီတာထက်ပိုဝေးသော နေရာတွင်ရှိလျှင်၊

(၁ ၁) အမြင့် ၁၅ မီတာထက်မပိုသော တစ်ထပ်အဆောက်အအုံများနှင့် ကြမ်းခင်းဧရိယာ ၂၀၀၀ စတုရန်းမီတာထက်မပိုသော အုပ်စု (၆)အမျိုးအစားအဆောက်အအုံများ သို့မဟုတ် ကြမ်းခင်းဧရိယာ ၅၀၀ စတုရန်းမီတာထက် မပိုသော အုပ်စု(၈) အမျိုးအစားအဆောက်အအုံများ၏ နယ်နိမိတ်များ။

(၂ ၂) BS 476: Part 20 to 23 သတ်မှတ်ချက်များအရ အဆောက်အအုံ၏အတွင်းပိုင်းမှ အဆိုပါနံရံကို အနည်းဆုံး ၁၅ မိနစ် အပူဒဏ်ခံနိုင်ရန် တည်ဆောက်ရမည်။

(ဂ) အခြားပြဋ္ဌာန်းထားသည်များမှအပ အဆောက်အအုံတစ်ခု၏ ဘေးဘက်မည်သည့် နေရာတွင်မဆိုရှိသော မီးအကာအကွယ်မဲ့သောနေရာ (Unprotected Area) အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အခန်း (၄) နောက်ဆက်တွဲ အပိုဒ်ခွဲ(ခ)ပါ မီးအကာအကွယ် မဲ့သောနေရာများ အတွက် ခွင့်ပြုနိုင်သည့်ပြဋ္ဌာန်းချက်။

(၂) အဆောက်အအုံတစ်ခု သို့မဟုတ် အကန့် (Compartment) ၏အပြင်နံရံရှိ မီးအကာအကွယ်မဲ့သောအပေါက် (Unprotected Opening) များ၏ အကျယ်အဝန်းကို ဘေးနယ်နိမိတ်များ၏ ဘေးနယ်နိမိတ်များနှင့် ၎င်းအပေါက်များအကြားရှိ အကွာအဝေးပေါ် မူတည်ပြီး အောက်ပါအခြေအနေများတွင် ၂ ဆ တိုးမြှင့်နိုင်သည်-

(ကက) မီးလောင်မလွယ်သောကုန်စည်များနှင့် အရာဝတ္ထုများကို ရောင်းချခြင်း၊ သိုလှောင်ခြင်း၊ ထုတ်လုပ်ခြင်းများ ဆောင်ရွက်ရန် အသုံးပြုခြင်း၊

(ခခ) အခန်း (၇)ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသော အလိုအလျောက် ရေဖျန်းစနစ်တပ်ဆင်ထားခြင်း (Automatic Sprinkler System)။

(၃) အဆောက်အအုံသည် အခန်း (၇)ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသော အလိုအလျောက် ရေဖျန်းစနစ်တပ်ဆင်ထားပါက အထက်ဖော်ပြပါ ၁၉(ဂ)(၂)(ခခ) အစား အဆောက်အအုံ၏ အပြင်နံရံနှင့် ထိစပ်နယ်နိမိတ်အကြားအကွာအဝေးကို အခန်း(၄)နောက်ဆက်တွဲ အပိုဒ်ခွဲ(ခ)ပါပမာဏသတ်မှတ်ချက်၏ တစ်ဝက်သို့ လျှော့ချနိုင်သည်။

(၄) အခန်း(၄) နောက်ဆက်တွဲ အပိုဒ်ခွဲ(ခ)၏ဇယား (၁) နှင့်ကိုက်ညီစေရန် အလို့ငှာ မော်တော်ယာဉ်ရပ်နားရန်နေရာအဖြစ်အသုံးပြုသောအဆောက်အအုံ သို့မဟုတ် အဆောက်အအုံအစိတ်အပိုင်း၏ အပြင်နံရံရှိ အကာအကွယ်မဲ့အပေါက်များ၏ အကျယ်အဝန်းပမာဏသည် နယ်နိမိတ် သို့မဟုတ် ထိစပ်နယ်နိမိတ်နှင့် အဆောက်အအုံ၏ အကြီးဆုံးအကာအကွယ်မဲ့အပေါက်ရှိသည့် အထပ်အကွာအဝေးပေါ် မူတည်၍ တွက်ချက်နိုင်သည်။

(၅) အောက်ပါအတိုင်း တွက်ချက်တည်ဆောက်နိုင်ရမည်-

(ကက) အခန်း(၄) နောက်ဆက်တွဲအပိုဒ်ခွဲ(ခ)၏ဇယား(၁) နှင့်ကိုက်ညီစေရန် အလို့ငှာ အုပ်စု(၁) အမျိုးအစားအဆောက်အအုံတစ်ခု၏ အကျယ်အဝန်းပမာဏသည် နယ်နိမိတ် သို့မဟုတ် ထိစပ်နယ်နိမိတ်နှင့် အဆောက်အအုံ၏ အကြီးဆုံးအကာအကွယ်မဲ့ အပေါက်ရှိသည့် အတွင်းခန်း/နေရာ အကွာအဝေးပေါ်မူတည်ပြီး တွက်ချက်နိုင်သည်။

(ခခ) အဆောက်အအုံတွင် အခန်း၊ နေရာကို အတွင်းနံရံများဖြင့် အခန်းဖွဲ့ရာတွင် မီးဒဏ်ခံနိုင်ရန်မလို၊ သို့သော် ထိုနံရံများကို မှန်မှအပ မီးလောင်မလွယ်သောပစ္စည်းများဖြင့် တည်ဆောက်ရမည်။

(ဃ) **အပြင်နံရံများပေါ်ရှိအဖုံးအကာ (Cladding on External Wall)** များသည် အောက်ပါတို့နှင့်ကိုက်ညီရမည်-

(၁) အဆိုပါအဖုံးအကာ (Cladding) သည် ထိစပ်နယ်နိမိတ်မှ ၁ မီတာအကွာအဝေး အတွင်းရှိပါက၊ Class 0 အတွက် ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသော မျက်နှာပြင် ရှိရမည်။

(၂) အဆိုပါအဖုံးအကာ(Cladding)သည်ထိစပ်နယ်နိမိတ်မှ ၁ မီတာထက်ပိုဝေးသော နေရာတွင်ရှိပြီး အဆောက်အအုံသည် အမြင့် ၁၅ မီတာထက်ပိုပါက၊ အဆိုပါအဖုံးအကာ၏မျက်နှာပြင်သည် Class 0 အတွက် ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသော မျက်နှာပြင်ရှိရမည်။ ခြွင်းချက်မှာ မြေပြင်မှအမြင့် ၁၅ မီတာ အောက်နိမ့်သော အဆိုပါအဖုံးအကာ အစိတ်အပိုင်းများကို အနည်းဆုံး ၉ မီလီမီတာ အထူရှိသည့် သစ်သားများ အသုံးပြုလျှင် အုပ်စု (၆ သို့မဟုတ် ၈) အမျိုးအစား အဆောက်အအုံအတွက်သာဖြစ်ရမည်။

(c) အခန်း (၄) နောက်ဆက်တွဲ အပိုဒ်ခွဲ (ခ)မှ ရည်ညွှန်းချက်များသည် ထိုအခန်း (၄) နောက်ဆက်တွဲ အပိုဒ်ခွဲ(ခ) ၏ Part(I) နှင့် Part(II) ပါ ပြဋ္ဌာန်းချက်များအားလုံးကို ရည်ညွှန်းသည်။

(စ) **မြေနေရာတစ်ခုတည်းပေါ်တွင် ပေါင်းစပ်တည်ဆောက်ထားသည့်အဆောက်အအုံများ (Buildings on Land in Common Occupation) ။** နှစ်ခုထက်ပို၍ သီးခြားခွဲထုတ်ထားသည့် အဆောက်အအုံများသည် မြေနေရာတစ်ခုတည်းပေါ်တွင် ပေါင်းစပ်တည်ဆောက်ထားလျှင် ထိုသို့တည်ဆောက်ထားသည့် အဆောက်အအုံတစ်ခု၏ အပြင်နံရံ

တစ်ခုသည် အခြားအဆောက်အအုံတစ်ခုခု၏ အပြင်နံရံနှင့် မျက်နှာချင်းဆိုင် တည်ရှိနေလျှင် အဆိုပါထိစပ်နယ်နိမိတ် (Notional Boundary) သည် အပိုဒ် ၁၉(ဂ) ပါ အဆောက်အအုံများ၏ ပြင်ပနံရံများဆိုင်ရာပြဋ္ဌာန်းချက်များနှင့် ကိုက်ညီအောင် တည်ဆောက်ထားရမည်။

(ဆ) **ဒေါင်လိုက်မီးကူးမှု (Vertical Fire Spread) ။** အဆောက်အအုံတစ်ခုတည်း၏ အစွန်းတစ်ဖက်တွင်ထိနေသည့် အကန့်များ၏ အနိမ့်အမြင့် မတူညီသောအပိုင်းများအတွက် နီးကပ်စွာရှိနေသည့် ခေါင်မိုးအနိမ့်ပိုင်းမှတဆင့် ပိုမြင့်သော အပြင်ဘက်ပိုင်းသို့ မီးကူးစက်လောင်ကျွမ်းခြင်းမှ ကာကွယ်ရန်အတွက် အောက်ပါသတ်မှတ်ချက်များမှ တစ်ခုခုနှင့် ကိုက်ညီရမည်-

(၁) အဆောက်အအုံအနိမ့်ပိုင်းရှိ ပိုင်းခြားထားသောဧရိယာ၏အမိုးသည် မီးဒဏ်ခံနိုင်ရည်ရှိရမည်။ ထိုမီးဒဏ်ခံနိုင်ရည်သတ်မှတ်ချက်မှာ ပိုမြင့်သော အဆောက်အအုံ၏ ပြင်ပနံရံမှ ရေပြင်ညီအတိုင်း တိုင်းတာပါက ၅ မီတာ အကွာအဝေးအတွက် အနည်းဆုံး ၁ နာရီ မီးဒဏ်ခံနိုင်သည့် အဆောက်အအုံရှိဝန်အားခံနိုင်သောအပိုင်း၏ တစ်စိတ်တစ်ဒေသနှင့်ကိုက်ညီသော မီးဒဏ်ခံနိုင်ရည်ရှိရမည်။

(၂) အဆောက်အအုံ၏ခေါင်မိုးအမြင့်ပိုင်း၏ပြင်ပနံရံသည် မီးဒဏ်ခံနိုင်ရည်ရှိရမည်။ မီးဒဏ်ခံနိုင်ရည်သတ်မှတ်ချက်မှာအဆောက်အအုံ၏ခေါင်မိုးအနိမ့်ပိုင်းမှ ဒေါင်လိုက် တိုင်းတာလျှင် အမြင့် ၉ မီတာထက်မပိုသော အကွာအဝေးအတွက် အနည်းဆုံး ၁ နာရီ မီးဒဏ်ခံနိုင်သည့် အဆောက်အအုံရှိ ဝန်အားခံနိုင်သော အစိတ်အပိုင်းနှင့် ကိုက်ညီသော မီးဒဏ်ခံနိုင်ရည်ရှိရမည်။

၂၀။ စည်းခြားနံရံ(အသုံးပြုမှုမတူညီသည့်နေရာများအားပိုင်းခြားထားခြင်း) (Separating Wall)

(က) စည်းခြားနံရံ (အသုံးပြုမှုမတူညီသည့်နေရာများအား ပိုင်းခြားထားခြင်း) များဆိုင်ရာ ပြဋ္ဌာန်းချက်များကို အောက်ပါအတိုင်းသတ်မှတ်ထားပါသည်-

(၁) ခေါင်မိုးများနှင့်မြေအောက်ခန်းများအပါအဝင်အဆိုပါနံရံအား ပိုင်းခြားထားသည့် အဆောက်အအုံများကြားရှိ ဒေါင်လိုက်မျက်နှာပြင်တစ်လျှောက်တွင် လုံးဝ အတားအဆီးတစ်ခုအဖြစ် ရှိရမည်ဖြစ်ပြီး အပိုဒ် ၂၀(ခ) အရ ခွင့်ပြုထားသော အပေါက်များ ထည့်သွင်းတည်ဆောက်ခြင်းမှအပ အဆိုပါနံရံသည် အပေါက်ဖောက်မထားသောအလုံပိတ် ဖြစ်ရမည်။

(၂) အပိုဒ် ၁၇ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသည့်သင့်လျော်သော မီးဒဏ်ခံနိုင်ရည် ရှိရမည်။

(၃) ရက်မ သို့မဟုတ် တိုင်တစ်ခုနှင့် ပြင်ပနံရံတစ်ခု၏ ဝန်ကိုထမ်းထားသည့် အဆောက်အအုံ၏ အစိတ်အပိုင်းများကို မီးလောင်မလွယ်သောပစ္စည်းများဖြင့် တည်ဆောက်ထားရမည်။

(၄) မှန်ဖြင့်ပြုလုပ်ထားသော မီးဒဏ်ခံနံရံများမပါဝင်ရ။

(ခ) **စည်းခြားနံရံများရှိအပေါက်များ (Openings in Separating Walls) ။** စည်းခြားနံရံများ (အသုံးပြုမှုမတူညီသည့်နေရာများအား ပိုင်းခြားထားခြင်း) (Separating Walls) တွင် အောက်ပါအခြေအနေများမှအပ အပေါက်များ ဖောက်မထားရ-

(၁) အပိုဒ် ၂၃(ခ)နှင့်ကိုက်ညီသည့်နံရံအတွက် သတ်မှတ်ထားသော မီးဒဏ်ခံနိုင်ရည် ရှိပြီး မီးလောင်မှုဖြစ်စဉ်တွင် ထွက်ပေါက်အဖြစ် အသုံးပြုရန်အတွက် လိုအပ်သော တံခါးတစ်ခု။

(၂) အပိုဒ် ၂၃(ခ)နှင့် ကိုက်ညီသည့်နံရံအတွက် သတ်မှတ်ထားသော မီးဒဏ်ခံနိုင်ရည် ရှိပြီး မီးသတ်ဦးစီးဌာနမှ ခွင့်ပြုထားသော အများသုံးနေရာ (Public Circulation) တွင် တပ်ဆင်ထားသောတံခါးတစ်ခု။

(၃) အပိုဒ် ၂၃(ဂ) ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသည့် ပိုက်ဆက်သွယ်တန်းရန် အပေါက်။

(ဂ) **ခေါင်းမိုးကြားရှိစည်းခြားနံရံ (Separating Wall-Roof Junction)။** စည်းခြားနံရံ (အသုံးပြုမှုမတူညီသည့် နေရာများအား ပိုင်းခြားထားခြင်း) (Separating Wall) တည်ဆောက်ရာတွင် မီးလောင်မလွယ်သည့် အကာအကွယ်ပြုလုပ်ထားသော ခေါင်မိုး၏ အောက်ဘက်နှင့်ဖြစ်စေ၊ ထိုခေါင်မိုးကို ကျော်လွန်ပြီးဖြစ်စေ လိုအပ်သောအမြင့်ထိ တည်ဆောက်ပြီး အလုံပိတ်တွဲဆက်ထားရမည်။ စည်းခြားနံရံများ (အသုံးပြုမှုမတူညီသည့် နေရာများအား ပိုင်းခြားထားခြင်း)နှင့် ခေါင်မိုးကြား ၎င်းတို့ဆုံသည့်နေရာတွင် အဆိုပါ စည်းခြားနံရံများအား မီးကူးစက်မှုကြောင့် မီးဒဏ်ခံနိုင်ရည် ထိခိုက်စေခြင်းမှ ကာကွယ်နိုင်ရန် မီးတားပစ္စည်း (Fire Stopped) ထည့်သွင်းတည်ဆောက်ထားရမည်။

(ဃ) **အပြင်နံရံကြားရှိစည်းခြားနံရံ (Separating Wall-External Wall Junction)။** အပြင်နံရံတစ်ခုသည်စည်းခြားနံရံ (အသုံးပြုမှုမတူညီသည့်နေရာများအားပိုင်းခြားထားခြင်း) တစ်ခု၏အဆုံးတွင် ကန့်လန့်ဖြတ်ဝန်ထမ်းထားပါက အဆိုပါအပြင်နံရံနှင့်စည်းခြားနံရံများ (အသုံးပြုမှုမတူညီသည့် နေရာများအား ပိုင်းခြားထားခြင်း) ကို တွဲဆက် တည်

ဆောက်ထားရမည်။ သို့မဟုတ်ပါက အဆိုပါနေရာအား အပိုဒ် ၂၆ ပါ ပြဋ္ဌာန်းချက်များ နှင့်အညီ မီးတားပစ္စည်း (Fire Stopped) ထည့်သွင်း တည်ဆောက်ထားရမည်။

(c) မီးကူးစက်မှုကြောင့် မီးဒဏ်ခံနိုင်ရည်ထိခိုက်စေခြင်းမှ ကာကွယ်နိုင်စေရန် အဆိုပါ စည်းခြားနံရံ၏ အဆုံးတွင်ဖြစ်စေ၊ အပေါ်မှဖြတ်၍ဖြစ်စေ၊ ကန့်လန့်ဖြတ်ဖြစ်စေ မီးလောင်လွယ်ကူသောပစ္စည်းများဖြင့် ထည့်သွင်းမတည်ဆောက်ရပါ။

၂၁။ **အကန့်နံရံများနှင့်အကန့်ကြမ်းခင်းများ (Compartment Walls and Compartment Floors)**

(က) အကန့်နံရံများနှင့် အကန့်ကြမ်းခင်းများဆိုင်ရာပြဋ္ဌာန်းချက်များ (Requirements of Compartment Walls or Compartment Floors) မှာ အောက်ပါ သတ်မှတ်ချက်များ နှင့် ကိုက်ညီရမည်-

(၁) အကန့်နံရံများနှင့် ကြမ်းခင်းများအကြားတွင် မီးအန္တရာယ်ကို လုံးဝတားဆီးနိုင်သောအတားအဆီး (Complete Barrier) ဖြစ်ခြင်း။

(၂) အပိုဒ် ၁၇ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသည့် မီးဒဏ်ခံနိုင်ရည်ရှိခြင်း။

(၃) မီးလောင်မလွယ်ကူသောပစ္စည်းများဖြင့် တည်ဆောက်ထားခြင်း။ (ၦင်းနံရံများ အပြင် ၦင်းနံရံနှင့် ဆက်စပ်အစိတ်အပိုင်းများဖြစ်သော ရက်မ၊ တိုင်နှင့် ၦင်းနံရံမှ ဝန်ထမ်းထားရသော အဆောက်အအုံ အစိတ်အပိုင်းများနှင့် အတူတကွ မီးလောင်မလွယ်ကူသောပစ္စည်းများဖြင့် တည်ဆောက်ထားခြင်း)။

(၄) အပိုဒ် ၂၉ (၃) အရ ခွင့်ပြုထားသည်မှအပ မီးဒဏ်ခံနိုင်သော မှန်ထည်ပစ္စည်းများ ထည့်သွင်းတည်ဆောက်ထားမှုမရှိခြင်း။

(ခ) **အကန့်နံရံ သို့မဟုတ် အကန့်ကြမ်းခင်းများရှိအပေါက်များ (Opening in Compartment Walls or Compartment Floors) ။** အကန့်နံရံများနှင့် အကန့်ကြမ်းခင်းတွင် အောက်ပါ အခြေအနေများမှအပ မည်သည့်အပေါက်မျှမရှိရ။

(၁) ဤစာအုပ်ပါအခြားပြဋ္ဌာန်းချက်များအရ ခွင့်ပြုထားသည့်အပေါက်များ သို့မဟုတ် အပိုဒ် ၁၈ ပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီသည့် အကန့်နံရံနှင့် မီးဒဏ်ခံနိုင်ရည် တူညီသောတံခါး။

(၂) အပိုဒ် ၂၂ ပါပြဋ္ဌာန်းချက်များနှင့်ကိုက်ညီသည့်အကာအကွယ်ပြုလုပ်ထားသော ဒေါင်လိုက်လမ်းကြောင်း (Protected Shaft) တစ်ခု။

(၃) ပိုက်တစ်ပိုက် သို့မဟုတ် လေဝင်/ လေထွက်လမ်းကြောင်းတစ်ခု ဖြတ်သန်းသွားသော အကန့်နံရံ သို့မဟုတ် အကန့်ကြမ်းခင်းရှိ အပေါက်များသည် အပိုဒ် ၂၃ ပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီရမည်။

(ဂ) **အဆောက်အအုံ၏အဆက်နေရာများနှင့်ကန့်လန့်ကာနံရံရှိအပေါက်များ**

(၁) **အဆောက်အအုံ၏အဆက်နေရာများ (Junction with Other Structures) ။** အကန့်နံရံ သို့မဟုတ် အကန့်ကြမ်းခင်းသည် အခြားအကန့်နံရံ သို့မဟုတ် အပြင်နံရံများနှင့် ချိတ်ဆက်ထားသော စည်းခြားနံရံများ သို့မဟုတ် အကာအကွယ် ပြုလုပ်ထားသော ဒေါင်လိုက်လမ်းကြောင်းများနှင့် ချိတ်ဆက်ထားသောနံရံ သို့မဟုတ် ကြမ်းခင်းများကို အပိုဒ် ၂၆ နှင့်အညီ မီးတားပစ္စည်းများဖြင့် ထည့်သွင်းတည်ဆောက်ထားရမည်။

(၂) **ကန့်လန့်ကာနံရံရှိအပေါက်များ (Opening in Curtain Walling) ။** ကြမ်းခင်းတစ်ခု၏အစွန်းနှင့် ကန့်လန့်ကာနံရံ (Curtain Wall) အကြား ချိတ်ဆက်ထားသောနေရာတွင် အပွင့်နေရာများရှိနေပါက အဆိုပါနေရာ၏ အပေါ်ထပ်ကြမ်းခင်းနှင့် အောက်ထပ်ကြမ်းခင်းများကို မီးမကူးစက်စေရန် မီးဒဏ်ခံနိုင်သော ပစ္စည်းများဖြင့် အလုံပိတ်ထားရမည်။

(ဃ) **ခေါင်မိုးအဆက်နေရာရှိအကန့်နံရံ (Compartment Wall-Roof Junctions)။** အကန့်နံရံသည် ခေါင်မိုးနှင့်ထိစပ်နေပါက ၎င်းနံရံကိုမီးကူးစက်မှုကြောင့် မီးဒဏ်ခံနိုင်ရည်ထိခိုက်စေခြင်းမှ ကာကွယ်နိုင်စေရေးအတွက် ခေါင်မိုး၏အောက်ဘက်ပိုင်းကို အပိတ်ဖြစ်စေရန် အဆိုပါနံရံကို အပေါ်ဘက်ထိ ဆက်လက်တည်ဆောက်သွားရမည်ဖြစ်ပြီး မီးတားထားရမည်။ သို့မဟုတ် အကန့်နံရံကို ခေါင်မိုးထိကျော်လွန်၍ တည်ဆောက်ပါက အဆိုပါနံရံနှင့် ခေါင်မိုးဆုံသည့်နေရာကို မီးတားထားရမည်။

(c) မီးကူးစက်မှုကြောင့် မီးဒဏ်ခံနိုင်ရည်ထိခိုက်စေခြင်းမှ ကာကွယ်နိုင်စေရန် အဆိုပါစည်းခြားနံရံ၏အဆုံးတွင်ဖြစ်စေ၊အပေါ်မှဖြတ်၍ဖြစ်စေ၊ ကန့်လန့်ဖြတ်ဖြစ်စေ မီးလောင်လွယ်ကူသောပစ္စည်းများဖြင့် ထည့်သွင်းမတည်ဆောက်ရပါ။

(စ) အကန့်နံရံ သို့မဟုတ် အကန့်ကြမ်းခင်းကို မီးလောင်မလွယ်ကူသည့် ပစ္စည်းများဖြင့် တည်ဆောက်ထားရမည်။

(ဆ) **မီးတားယင်းလိပ်များ (Fire Shutters) အသုံးပြုမှု။** မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်းနှင့် ထွက်ပေါက်လှေကားအိမ်၊ မီးခိုးတားခန်း၊ မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်း၊ အတွင်းပိုင်း

ထွက်ပေါက်လျှောက်လမ်းအပါအဝင်လွတ်မြောက်ရေးလမ်းကြောင်းများမှအပ အခြားနေရာများတွင် အကန့်နံရံအဖြစ် မီးတားယင်းလိပ် (Fire Shutter) ကို တပ်ဆင်ခွင့်ပြုသည်။

(၉) အကန့်နံရံ/ အကန့်ကြမ်းပြင်တွင်ရှိသော အပေါက်များအား မီးတားယင်းလိပ် (Fire Shutter) တပ်ဆင်ရာတွင် ၎င်းယင်းလိပ်သည် အပူကာ (Thermal Insulation) ရှိရမည်ဖြစ်ပြီး ၎င်းတို့၏ မီးဒဏ်ခံနိုင်ရည်မှာ အကန့်နံရံ/ အကန့်ကြမ်းပြင်တို့၏ မီးဒဏ်ခံနိုင်ရည်ထက် မနည်းရ။ စက်လှေကားခွင်နေရာ (Escalator Void Area)၊ ကြမ်းခင်းနှင့် တံခါးပေါက်လမ်းကြောင်းများကြားရှိ လေဟာပြင်၏အစွန်း (Edge of Atria)တွင် တပ်ဆင်ထားသော မီးတားယင်းလိပ် (Fire Shutter) များသည် အပူကာရှိရန်မလိုပါ။

(စျ) ဒေါင်လိုက်၊ အလျားလိုက်၊ ဘေးတိုက်ရှိသော မီးတားယင်းလိပ် (Fire Shutter)သည် (SS 489) နှင့် ကိုက်ညီရမည်ဖြစ်ပြီး အောက်ပါတို့နှင့်လည်း ကိုက်ညီရမည် -

(၁) ဒေါင်လိုက်မီးတားယင်းလိပ် (Vertical Fire Shutter) သည် မီးလောင်သည့် အခြေအနေတွင် ကမ္ဘာ့ဆွဲအား(Gravity)ဖြင့်အလုပ်လုပ်ရမည်။ မီးလှန့်အချက်ပေးစနစ် သို့မဟုတ် အပူရှိန်ကြောင့် အရည်ပျော်စေသော အဆက်စနစ် (Fusible Link) တစ်ခုခု စတင်အချက်ပေးသည်နှင့်တစ်ပြိုင်နက် ဒေါင်လိုက်တပ်ဆင်ထားသော စက်စွမ်းအားသုံး ကန့်လန့်ကာ/ အရွက်များ၏ စနစ် (Mechanism of Curtains/ Leaves) သည် စတင်အလုပ်လုပ်ရမည်။ ကန့်လန့်ကာ/အရွက်များသည် သတ်မှတ်ထားသော အမြန်နှုန်းဖြင့် ကမ္ဘာ့ဆွဲအား (Gravity) အတိုင်းအောက်သို့ကျလာရမည်။

(၂) လျှပ်စစ်ဖြင့် လည်ပတ်သောဒေါင်လိုက်၊ ဘေးတိုက်နှင့်အလျားလိုက် မီးတားယင်းလိပ်သည် မီးလှန့်အချက်ပေးစနစ် စတင်အချက်ပေးသည်နှင့် တစ်ပြိုင်နက် လျှပ်စစ်ဓာတ်အားဖြင့် ကန့်လန့်ကာ/ အရွက်များကို အောက်သို့လျှောကျစေရန် စီမံထားရမည် (အပူရှိန်ကြောင့် အရည်ပျော်စေသော အဆက်စနစ် အသုံးပြုရန်မလိုပါ) ။ ထိုလျှပ်စစ်မော်တာကို လျှပ်စစ်ဓာတ်အားပေးစနစ်နှင့် အရေးပေါ်အခြေအနေသုံး လျှပ်စစ်ဓာတ်အားပေးစနစ်တို့နှင့် ချိတ်ဆက်ထားရမည်။ လျှပ်စစ်ကေဘယ်လ်ကြိုးနှင့်အချက်ပြဆက်သွယ်ရေးကေဘယ်ကြိုးများသည် မီးဒဏ်ခံနိုင်ရည်ရှိရမည်။

(ည) နေရာအမျိုးမျိုးတွင်ရှိသော မီးတားယင်းလိပ်များသည် အောက်ပါအခြေအနေများတွင် စတင်လည်ပတ်စေရမည်-

(၁) အဆောက်အအုံနှစ်ခုကြားရှိပိုင်းခြားထားသောနံရံအဖြစ် မီးတားယင်းလိပ်ကို အသုံးပြုလျှင်-

(က က) ဘုံမီးတားယင်းလိပ်တစ်ခုဖြင့် အဆောက်အအုံနှစ်ခုလုံးအား ပိုင်းခြားထားလျှင် အဆောက်အအုံနှစ်ခုလုံး၏ မီးလှန့်အချက်ပေးစနစ်နှင့် ချိတ်ဆက်ထားပြီးအဆောက်အအုံတစ်ခု၏ မီးလှန့်အချက်ပေးစနစ်မှ စတင်အချက်ပေးသည်နှင့် ကမ္ဘာ့ဆွဲအား (Gravity) ဖြင့် အလုပ်လုပ်သော ဒေါင်လိုက်မီးတားယင်းလိပ်နှင့်လျှပ်စစ်ဓာတ်အားဖြင့် အလုပ်လုပ်သော မီးတားယင်းလိပ်များ ကျလာရမည်။ အပူရှိန်ကြောင့် အရည်ပျော်စေသော အဆက်စနစ်တစ်ခုတည်းအား အသုံးပြုခွင့်မပြု။

(ခ ခ) မီးတားယင်းလိပ်နှစ်ခုဖြင့် ပိုင်းခြားထားသော အဆောက်အအုံနှစ်ခုတွင် သက်ဆိုင်ရာအဆောက်အအုံ၏ မီးလှန့်အချက်ပေးစနစ်မှ စတင်အချက်ပေးသည်နှင့်တစ်ပြိုင်နက် ကမ္ဘာ့ဆွဲအားဖြင့် အလုပ်လုပ်သော ဒေါင်လိုက်မီးတားယင်းလိပ်နှင့် လျှပ်စစ်ဓာတ်အားဖြင့် အလုပ်လုပ်သော မီးတားယင်းလိပ်များ ကျလာရမည်။ အပူရှိန်ကြောင့် အရည်ပျော်စေသော အဆက်စနစ်တစ်ခုတည်းအား အသုံးပြုခွင့်မပြု။

(၂) အကန့်ရေယာနှင့် ထုထည်ပမာဏကိုကန့်သတ်ရန်အတွက်အကန့်နံရံ/ အကန့်ကြမ်းခင်းအဖြစ်လည်းကောင်း၊ အုပ်စုအမျိုးအစားမတူညီသော အဆောက်အအုံ၏ အကန့်နေရာအဖြစ်လည်းကောင်း၊ မီးဖိုဆောင်၊ လျှပ်စစ်ခန်း၊ စတိုခန်းစသည့်အစရှိသောသီးသန့်ခန်းများ၏အကန့်အဖြစ်လည်းကောင်း၊ မြေအောက်ထပ်ခရီးသည်/ ကုန်စည်တင်သည့် ဓာတ်လှေကားရှေ့ခန်းအကန့်အဖြစ် လည်းကောင်း မီးတားယင်းလိပ်အား အသုံးပြုပါက-

(က က) ကမ္ဘာ့ဆွဲအားဖြင့် အလုပ်လုပ်သော ဒေါင်လိုက်မီးတားယင်းလိပ်အတွက် အပူရှိန်ကြောင့် အရည်ပျော်စေသော အဆက်စနစ်ကို အသုံးပြုနိုင်သည်။

(ခ) လျှပ်စစ်ဓာတ်အားဖြင့် အလုပ်လုပ်သော မီးတားယင်းလိပ် စတင်အလုပ်လုပ်စေရန် ထိုနေရာ၌ရှိသော မီးခိုးအာရုံခံကိရိယာကို အသုံးပြုနိုင်သည်။

(၃) မီးတားယင်းလိပ်ကို အတွင်းပိုင်းအခန်းကျယ်/ လေဟာပြင်များတွင် သို့မဟုတ် (အင်ဂျင်နီယာမီးခိုးထိန်းချုပ်မှုစနစ်၏အစိတ်အပိုင်းအဖြစ်) ကြမ်းခင်းအလွှာများကြားတွင် အကန့်အဖြစ်အသုံးပြုရာတွင်-

(က) လျှပ်စစ်ဓာတ်အားဖြင့်အလုပ်လုပ်သောယင်းလိပ်ကိုသာ သုံးစွဲခွင့်ပြုသည်။ မီးတားယင်းလိပ်စတင်အလုပ်လုပ်စေရန် သက်ဆိုင်ရာမီးခိုးထိန်းချုပ်ရေးဇုန်တွင် တပ်ဆင်ထားသော သီးသန့်မီးခိုးအာရုံခံကိရိယာ (Dedicated Smoke Detector) ကိုသာ အသုံးပြုရမည်။

(ခ) အပူရှိန်ကြောင့် အရည်ပျော်စေသော အဆက်စနစ်သုံး ကမ္ဘာ့ဆွဲအားကြောင့်ကျသော ဒေါင်လိုက်မီးတားယင်းလိပ် (Vertical Fire Shutter) ကို တပ်ဆင်သုံးစွဲခွင့်မပြု။

၂၂။ အကာအကွယ်ပြုလုပ်ထားသည့်ဒေါင်လိုက်လမ်းကြောင်း (Protected Shafts)

(က) အကာအကွယ်ပြုလုပ်ထားသည့်ဒေါင်လိုက်လမ်းကြောင်း (Protected Shafts) အားအပိုဒ် ၂ (ဂ ၈) ပါ ပြဋ္ဌာန်းထားသည့် အသုံးပြုမှုများမှအပ အခြားအသုံးပြုမှုများအတွက် အသုံးမပြုရ။ ပိုက်လိုင်း/လေပြွန်များသည်အကာအကွယ်ပြုလုပ်ထားသည့်လှေကားအိမ်အတွင်းတွင်မရှိရ။ အလားတူအကာအကွယ် ပြုလုပ်ထားသည့် လှေကားအိမ်အတွင်းတွင် သန့်စင်ခန်းထားရှိ အသုံးပြုမှုများအားလည်း ခွင့်မပြုပါ။

(ခ) အကာအကွယ်ပြုလုပ်ထားသည့် ဒေါင်လိုက်လမ်းကြောင်းများ (Protected Shafts) ဆိုင်ရာ ပြဋ္ဌာန်းချက်များသည် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်-

(၁) ဒေါင်လိုက်လမ်းကြောင်းနှင့် ချိတ်ဆက်ထားသည့် အကန့်များအကြားတွင် မီးကူးစက်မှုမရှိရန် လုံးဝအတားအဆီးအဖြစ်ရှိနေခြင်း။

(၂) အပိုဒ် ၁၇ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသော မီးဒဏ်ခံနိုင်ရည်ရှိခြင်း။

(၃) မီးလောင်မလွယ်ကူသော ပစ္စည်းများဖြင့် တည်ဆောက်ထားခြင်း။ (ၦင်းနံရံများအပြင် ၦင်းနံရံနှင့် ဆက်စပ်အစိတ်အပိုင်းများဖြစ်သော ရက်မ၊ တိုင်နှင့် ၦင်းနံရံမှ ဝန်ထမ်းထားရသောအဆောက်အအုံအစိတ်အပိုင်းများနှင့်အတူတကွ မီးလောင်မလွယ်ကူသောပစ္စည်းများဖြင့် တည်ဆောက်ထားခြင်း)။

(ဂ) **အကာအကွယ်ပြုလုပ်ထားသည့်ဒေါင်လိုက်လမ်းကြောင်းရှိအပေါက်များ (Openings in Protected Shaft) ။** အောက်ပါအခြေအနေများမှလွဲ၍ အကာအကွယ်ပြုလုပ်ထားသည့် ဒေါင်လိုက်လမ်းကြောင်း၏ အကာအရံများတွင် အပေါက်များ ပါဝင်ခြင်းမရှိရ-

(၁) အကာအရံ၏ အစိတ်အပိုင်းတစ်ခုခုသည် စည်းခြားနံရံ (အသုံးပြုမှုမတူသော နေရာ နှစ်ခုကိုခွဲခြားထားသောနံရံ) ဖြစ်ပါကထိုအပိုင်းတွင်ပါဝင်သည့်အပေါက်သည် အပိုဒ် ၂၀ ပါစည်းခြားနံရံ (အသုံးပြုမှုမတူသောနေရာနှစ်ခုကို ခွဲခြားထားသောနံရံ) အတွက် ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိခြင်း။

(၂) အကာအရံ (Enclosure) ၏ အစိတ်အပိုင်းတစ်ခုခုသည် အကန့်နံရံ သို့မဟုတ် အကန့်ကြမ်းခင်းဖြစ်ပါက ထိုအပိုင်းတွင်ပါဝင်သည့် အပေါက်သည် အပိုဒ် ၂၁ ပါ အကန့်နံရံ သို့မဟုတ် အကန့်ကြမ်းခင်းအတွက် ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိခြင်း။

(၃) အကာအရံ (Enclosure) ၏အစိတ်အပိုင်းတစ်ခုခုသည်အောက်ပါအကာအကွယ်ပြုလုပ်ထားသည့် အဆောက်အအုံအစိတ်အပိုင်းများဖြင့် ဖွဲ့စည်းတည်ဆောက်ထားပါက-

(ကက) အပိုဒ် ၁၈ ပါ မီးဒဏ်ခံနိုင်ရည် ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသော သို့မဟုတ် အပိုဒ် ၂၂(စ)ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသောတံခါး။

(ခခ) ထွက်ပေါက်လှေကားနှင့် ထွက်ပေါက်လျှောက်လမ်းကို အကာအကွယ်ပြုလုပ်ထားသည့် အစိတ်အပိုင်းမှအပ ပိုက်ဆက်သွယ်တန်းထားသည့် လမ်းကြောင်း။

(ဂဂ) ဒေါင်လိုက်လမ်းကြောင်းသည် လေဝင်/ လေထွက်ပြွန်အဖြစ် ပါဝင်လျှင် သို့မဟုတ် အသုံးပြုလျှင် အဆိုပါပြွန်အတွက်အပေါက်နှင့် ၎င်းတို့၏ လေသွင်းပေါက်၊ လေထွက်ပေါက်များသည် အကာအကွယ်ပြုလုပ်ထားသည့်ဒေါင်လိုက်လမ်းကြောင်းတွင်ရှိပါက အပေါက်များသည် အပိုဒ် ၂၃ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

(ဃ) အကာအကွယ်ပြုလုပ်ထားသည့် အဆောက်အအုံအစိတ်အပိုင်းအားလုံးကို မီးဒဏ်ခံနိုင်သောပစ္စည်းများဖြင့် တည်ဆောက်ထားရမည်။ သို့သော်အဆိုပါ အကာအကွယ်ပြုလုပ်ထားသည့် အဆောက်အအုံအစိတ်အပိုင်း၏ မီးဒဏ်ခံနိုင်ရည်ရှိရန် လိုအပ်သည့်အပိုင်းတွင် မပါဝင်သည့် ကြမ်းခင်း၊ နံရံနှင့် မျက်နှာကြက်အချောသပ်များသည် မီးဒဏ်ခံနိုင်သော ပစ္စည်းဆိုင်ရာပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရန်မလိုအပ်ပါ။

(c) **အကာအကွယ် ပြုလုပ်ထားသည့် ဒေါင်လိုက်လမ်းကြောင်း၏ လေဝင်/ လေထွက် (Ventilation of Protected Shaft) ။** အကာအကွယ်ပြုလုပ်ထားသည့် ဒေါင်လိုက်လမ်းကြောင်း၏ လေဝင်/လေထွက်သည် အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(၁) လူအများအသုံးပြုသည့် လှေကားကဲ့သို့သော အကာအကွယ်ပြုလုပ်ထားသည့် ဒေါင်လိုက်လမ်းကြောင်းသည် ဤစံချိန်စံညွှန်း သတ်မှတ်ချက်များပါ ပြဋ္ဌာန်းချက်နှင့်အညီ လေဝင်/ လေထွက်ရရှိအောင် ဆောင်ရွက်ထားရမည်။

(၂) ဓာတ်ငွေ့ပိုက်လိုင်းတစ်ခု ပါဝင်သော အကာအကွယ် ပြုလုပ်ထားသည့် ဒေါင်လိုက်လမ်းကြောင်းတစ်ခု၏လေဝင်/လေထွက်သည် ပြင်ပလေထုသို့တိုက်ရိုက်ထုတ်နိုင်သည်ဖြစ်စေ သို့မဟုတ် (SSCP-51) အရ ခွင့်ပြုထားသည့် အခြားလေဝင်/ လေထွက်ရယူသည့် နည်းလမ်းများဖြစ်စေပါရှိရမည်။

(စ) **အကာအကွယ် ပြုလုပ်ထားသည့် အဆောက်အအုံ အစိတ်အပိုင်းရှိ အပေါက်များ (Doors in Protecting Structures) ။** အကာအကွယ်ပြုလုပ်ထားသည့် အဆောက်အအုံ အစိတ်အပိုင်းရှိ အပေါက်တစ်ခုတွင် တပ်ဆင်ထားသောတံခါးသည် ဤစံချိန်စံညွှန်းသတ်မှတ်ချက်ပါ အပေါက်ပတ်လည်ရှိ ကာကွယ်ထားသော အစိတ်အပိုင်းများအတွက် သတ်မှတ်ထားသော မီးဒဏ်ခံနိုင်ရည်၏ ထက်ဝက်ထက်မနည်းသော မီးဒဏ်ခံနိုင်ရည်ရှိရမည်။

ခြွင်းချက်။ လျှပ်စစ် ကေဘယ်ကြိုးများ၊ (သီးသန့်ပိုင်းခြားထားသည့် ဒေါင်လိုက်လမ်းကြောင်းအတွင်းရှိ ဓာတ်ငွေ့ပိုက်လိုင်းများအပါအဝင်) ပိုက်လိုင်းများ၊ လေပြွန်များ စသည့် အသုံးပြုမှုများပါဝင်သည့် ဒေါင်လိုက်လမ်းကြောင်း၏ အကာအကွယ်ပြုလုပ်ထားသော အစိတ်အပိုင်းရှိအပေါက်တွင် တပ်ဆင်ထားသောတံခါးသည် အပြင်စကြီ်ကို မျက်နှာမူထားပါက မီးဒဏ်ခံနိုင်ရည်ရှိရန်မလိုအပ်ပါ။

(ဆ) **လှေကားအိမ်အတွင်းရှိ အကာအကွယ်ပြုလုပ်ထားသော ဒေါင်လိုက်လမ်းကြောင်း (Protected Shaft Containing Exit Staircase)**

(၁) အောက်ဖော်ပြပါ ကင်းလွတ်ခွင့်ပြုထားသော ကိစ္စရပ်များမှအပ ထွက်ပေါက်လှေကားအဖြစ်အသုံးပြုထားသည့်အကာအကွယ်ပြုလုပ်ထားသော ဒေါင်လိုက်လမ်းကြောင်းတွင် ပိုက်လိုင်း (Pipes)၊ ကေဘယ်ကြိုး (Cables)၊ လေပြွန်များ (Ducts)အား မီးဒဏ်ခံနိုင်ရည်ရှိသော ရေစိုခံတည်ဆောက်ခြင်း (Dry Construction) ဖြင့် ဖြစ်စေကာမူ ထည့်သွင်းတည်ဆောက်ခြင်းမပြုရ-

(ကက) ထိုလှေကားအတွက် ဖြတ်တောက်ရေဖျန်းခေါင်း (Cut-off Sprinkler) နှင့်ပိုက်။

(ခခ) လှေကားအိမ်၏ပြင်ပမှသွယ်တန်းထားခြင်းမဟုတ်ဘဲ၊ ထွက်ပေါက်လမ်းကြောင်းရှိ လှေကားအိမ်၏အပေါ်တွင် တိုက်ရိုက်ရှိသော ခေါင်မိုး အတွက် တပ်ဆင်ထားသည့် UPVC ပိုက် သို့မဟုတ် သံဖြင့်ပြုလုပ်ထားသော မိုးရေဆင်းပိုက်များ (Iron Rain Water Downpipes)။

(ဂဂ) မီးသတ်ရေတင်ပိုက်များ (Rising Mains)။

(၂) အကာအကွယ် ပြုလုပ်ထားသော အဆောက်အအုံ အစိတ်အပိုင်းကို အင်္ဂတေ သို့မဟုတ် အပေါ့စားနံရံ (Drywall) ဖြင့် တည်ဆောက်ထားရမည်။ အပေါ့စားနံရံ (Drywall) ဖြင့်တည်ဆောက်ထားပါက အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(ကက) အပေါ့စားနံရံ (Drywall) သည် မီးလောင်မလွယ်သော ပစ္စည်းဖြင့် ပြုလုပ်ထားရမည်။

(ခခ) အပေါ့စားနံရံ (Drywall) သည် ဧယား (၄.၂)ပါ အုပ်စုအမျိုးအစား၊ အဆောက်အအုံ၏အပိုင်းနှင့်အကျယ်အဝန်းများအလိုက် သတ်မှတ်ထားသော မီးဒဏ်ခံနိုင်ရည်ထက်မနည်းစေရ။

(ဂဂ) အပေါ့စားနံရံသည် ထိခိုက်မှု (Impact) ၊ ပုံသဏ္ဌာန်ပျက်ယွင်းမှု ဆိုင်ရာဂုဏ်သတ္တိ (Deflection Performance) များနှင့်ပတ်သက်၍ သတ်မှတ်စံနှုန်းများနှင့် ပြည့်မီရမည်။ စမ်းသပ်မှု စံနှုန်းများမှာ BS 5588 Pt 5 Appendix A and BS 5234 Pt 2 ဖြစ်သည်။

(ဃဃ) အပေါ့စားနံရံသည် ရေစုပ်ယူမှု (Water Absorption)၊ ကွေးညွှတ်နိုင်မှု ဂုဏ်သတ္တိများ (Bending Strength Performance) နှင့်ပတ်သက်၍ သတ်မှတ်စံနှုန်းများနှင့် ပြည့်မီရမည်။ စမ်းသပ်မှုစံနှုန်းများမှာ BS EN 520 (for gypsum plaster board) သို့မဟုတ် ISO 1896 (for calcium silicate or cement board) ဖြစ်သည်။

(ccc) အဆောက်အအုံတွင် ထွက်ပေါက်လှေကားခွင်နှစ်ခုသည် သီးခြားစီရှိရမည်။ (ကတ်ကြေးပုံလှေကား (Scissors Staircase) အား လှေကားခွင်တစ်ခုအဖြစ်သာ မှတ်ယူရမည်။)

(၆) **ဓာတ်လှေကားလမ်းကြောင်း (Lift Shaft) ။** ဓာတ်လှေကားပါဝင်သည့် အကာအကွယ်ပြုလုပ်ထားသော ဒေါင်လိုက်လမ်းကြောင်းသည် အောက်ပါတို့နှင့်ကိုက်ညီရမည်-

(၁) ဟိုက်ဒြောလစ်ဓာတ်လှေကား၏ စက်ကိရိယာ အစိတ်အပိုင်းများမှအပ ၎င်းလမ်းကြောင်းတွင် ဓာတ်ငွေ့ပိုက်လိုင်းများ သို့မဟုတ် မီးလောင်လွယ်ကူသော အရည်များပါဝင်သည့် ပိုက်လိုင်းများမရှိစေရ။

(၂) အကာအကွယ်ပြုလုပ်ထားသော အဆောက်အအုံ အစိတ်အပိုင်းကို အင်္ဂတေ သို့မဟုတ် အပေါ့စားနံရံဖြင့် တည်ဆောက်ထားရမည်။ အပေါ့စားနံရံဖြင့် တည်ဆောက်ထားပါက အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(ကက) အပေါ့စားနံရံ (Drywall) သည် မီးလောင်မလွယ်သော ပစ္စည်းဖြင့် ပြုလုပ်ထားရမည်။

(ခခ) အပေါ့စားနံရံ (Drywall) သည် ဇယား ၄.၂ ပါ အုပ်စုအမျိုးအစား၊ အဆောက်အအုံ၏အပိုင်းနှင့်အကျယ်အဝန်းများအလိုက် သတ်မှတ်ထားသော မီးဒဏ်ခံနိုင်ရည်ထက်မနည်းစေရ။

(ဂဂ) အပေါ့စားနံရံသည် ထိခိုက်မှု (Impact) ၊ ပုံသဏ္ဌာန်ပျက်ယွင်းမှု ဆိုင်ရာ ဂုဏ်သတ္တိ (Deflection Performance) များနှင့်ပတ်သက်၍ သတ်မှတ်စံနှုန်းများနှင့် ပြည့်မီရမည်။ စမ်းသပ်မှု စံနှုန်းများမှာ BS 5588 Pt 5 Appendix A and BS 5234 Pt 2 ဖြစ်သည်။

(ဃဃ) အပေါ့စားနံရံသည် ရေစုပ်ယူမှု (Water Absorption) ၊ ကွေးညွှတ်နိုင်မှု ဂုဏ်သတ္တိများ (Bending Strength Performance) နှင့်ပတ်သက်၍ သတ်မှတ်စံနှုန်းများနှင့် ပြည့်မီရမည်။ စမ်းသပ်မှုစံနှုန်းများမှာ BS EN 520 (for gypsum plaster board) သို့မဟုတ် ISO 1896 (for calcium silicate or cement board) ဖြစ်သည်။

(ccc) အပေါ့စားနံရံသည် Cyclic Loading and Dynamic test နှင့် ပတ်သက်၍ နိုင်ငံတကာသတ်မှတ်စံနှုန်းများနှင့် ပြည့်မီရမည်။

(၃) ဓာတ်လှေကားသည် အေထရီယမ်ကြမ်းခင်း၏အစွန်း သို့မဟုတ် အပြင်နံရံနှင့် အဆောက်အအုံ၏ အပြင်ဘက်ခြမ်းတွင်ရှိပါက အကာအကွယ်ပြုလုပ်ထားသည့် ဒေါင်လိုက်လမ်းကြောင်းအတွင်းရှိသည်ဟု မယူဆပါ။

(၄) အကာအကွယ်ပြုလုပ်ထားသည့်ဒေါင်လိုက်လမ်းကြောင်းသည် SS 550 (Code of Practice for Installatin, Operation and Maintenance of Electric Passenger and Goods Lifts) နှင့်အညီ လေပေါက်ထားရှိရမည်။ ထိုလေပေါက်များကို ဒေါင်လိုက်လမ်းကြောင်း၏ လေထုတ်ခြင်းအတွက်ပါ စီစဉ်ထားရမည်။ ဓာတ်လှေကားလမ်းကြောင်း၏ တည်နေရာအနေအထားကြောင့် လေပေါက်များအား ထည့်သွင်းမတည်ဆောက်နိုင်ပါက အပိုဒ် ၂၂(ဇ)(၂) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အပေါ့စားနံရံများ (Drywalls) ဖြင့်ကာကွယ်ထားသော လေထုတ်ပြွန်ကို အစားထိုးအသုံးပြုနိုင်သည်။ လေထုတ်ပြွန်သည် မီးဒဏ်ခံနိုင်မှုမရှိပါက

ဓာတ်လှေကားခွင်၏နံရံတွင်မီးတားကိရိယာ(Fire Damper) များတပ်ဆင်ပေးရမည်။ အထက်ပါခြွင်းချက်အား မီးသတ်သမားသုံး ဓာတ်လှေကားခွင်များတွင် အသုံးမပြုရ။

(၅) ဓာတ်လှေကားခွင်၏အပေါ်ဘက် သို့မဟုတ် အောက်ဘက်တွင်ရှိသော ဓာတ်လှေကားစက်ခန်းသို့ သွယ်တန်းမည့် ကေဘယ်လ်ကြိုး လမ်းကြောင်းအတွက် အပေါက်များသည် တတ်နိုင်သမျှ အသေးဆုံးဖြစ်ရမည်။

(၆) ဓာတ်လှေကားဝင်ပေါက်၏ အထက်တွင်ရှိသော တံခါးဘောင်ကို အကာအကွယ် ပြုလုပ်ထားသော အဆောက်အအုံအစိတ်အပိုင်းအဖြစ် သတ်မှတ်ပြီး အဆောက်အအုံ၏ မီးဒဏ်ခံနိုင်ရည်နှင့် တူညီရမည်။

(၇) မြေအောက်ထပ်တွင် အသုံးပြုပါက ၁ နာရီ မီးဒဏ်ခံနိုင်ရည်ရှိသော နံရံများနှင့် မိနစ် ၃၀ မီးဒဏ်ခံနိုင်ရည်ရှိသောတံခါး အသုံးပြုတည်ဆောက်ထားသည့် မီးခိုးတားခန်းဖြင့် ကာကွယ်ထားရမည်။ အဆိုပါအခန်းကို စက်စွမ်းအားသုံး လေဝင်/လေထွက်စနစ်တပ်ဆင်ထားရမည်။

ခြွင်းချက်။ ဓာတ်လှေကား ရပ်နားသည့်နေရာနှင့် ဆက်စပ်နေသော လေဟာခွင် တစ်ခု သို့မဟုတ် ပြင်ပနေရာလွတ်သည် အနည်းဆုံးအသားတင်ဧရိယာ ၁၀ စတုရန်းမီတာနှင့် အနည်းဆုံးအကျယ် ၃ မီတာ ရှိရမည်။ ဓာတ်လှေကား တံခါးပေါက်၏ အနီးဆုံးအစွန်းမှ လေဟာခွင်သို့ အကွာအဝေးသည် ၃ မီတာ ထက်မပိုရ။

(၈) **သီးသန့်ဓာတ်လှေကား (Private Lift)** ။ အုပ်စု (၂)အမျိုးအစား အဆောက်အအုံများရှိ လူနေတိုက်ခန်းများတွင် နေထိုင်အသုံးပြုသူများအတွက် တပ်ဆင်ထားသော သီးသန့်ဓာတ်လှေကားများသည် အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(ကက) မီးခိုးအာရုံခံကိရိယာများကို ဓာတ်လှေကားရပ်နားသည့်နေရာတွင် တပ်ဆင်ထားရမည်။ ဓာတ်လှေကားရပ်နားသည့်နေရာရှိ မီးခိုးအာရုံခံကိရိယာတစ်ခုခုမှ စတင်အချက်ပေးသည်နှင့် ဓာတ်လှေကားသည် သတ်မှတ်ထားသောအထပ်သို့ ပြန်လည်ရောက်ရှိစေရမည်။

(ခခ) အဆောက်အအုံတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်ပါက၊ ဓာတ်လှေကားသည် သတ်မှတ်ထားသောအထပ်သို့ ပြန်လည်ရောက်ရှိစေရန် အရေးပေါ်မီးစက်မှ လျှပ်စစ်ဓာတ်အားပေးရမည်။

(ဂဂ) သတ်မှတ်ထားသောအထပ်ဆိုသည်မှာ မြေညီထပ် သို့မဟုတ် ထိုအထပ်ထက် တစ်ထပ်နိမ့်သောအထပ် ဖြစ်နိုင်သည်။ တစ်ထပ်အောက် ပိုနိမ့်သောအထပ်တွင်ဖြစ်ပါက ဓာတ်လှေကားသည် ထွက်ပေါက်လမ်းကြောင်းသို့ တိုက်ရိုက်ချဉ်းကပ်နိုင်သည့် ကာကွယ်ထားသောအခန်းတွင် ရပ်နားရမည်။

(ဃဃ) သီးသန့်ဓာတ်လှေကားကို မီးသတ်သမားသုံး ဓာတ်လှေကားတစ်ခုအဖြစ် နှစ်မျိုးအသုံးပြုခြင်းကိုခွင့်မပြု။

(၈၈) သီးသန့်ဓာတ်လှေကားများသည် SS 550 နှင့် ကိုက်ညီရမည်။

(စျ) **Protecting Shaft Containing Other Services Installations ဆိုင်ရာ သတ်မှတ်ချက်များ။** အခြားလုပ်ငန်းများအတွက် အသုံးပြုသည့်အကာအကွယ် ပြုလုပ်ထားသော ဒေါင်လိုက် အလုံပိတ်လမ်းကြောင်းတစ်ခုသည် အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(၁) တစ်လွှာ သို့မဟုတ် တစ်လွှာထက်ပိုသော အထပ်များကို သွယ်တန်းတပ်ဆင်ထားသော မီးဖိုလေထုတ်ပြွန်များနှင့် အပိုဒ် ၃၆(ဃ) တို့တွင် ပြဋ္ဌာန်းထားသော ဇရိယာများအတွက် စက်စွမ်းအားသုံးလေဝင်/ လေထွက်ပြွန်များနှင့် အကာအကွယ်ပြုလုပ်ထားသည့်ဒေါင်လိုက်လမ်းကြောင်းများသည် အင်္ဂတေ သို့မဟုတ် အပေါ့စားနံရံဖြင့် တည်ဆောက်ထားရမည်။ ထိုဒေါင်လိုက်လမ်းကြောင်းကိုအခြားလမ်းကြောင်း သို့မဟုတ် အသုံးပြုမှုများပါသည့် ဒေါင်လိုက်လမ်းကြောင်းနေရာမှ ပိုင်းခြားထားရမည်။ နှစ်လွှာ သို့မဟုတ် နှစ်လွှာထက် ပိုသောအထပ်များကို သွယ်တန်းတပ်ဆင်ထားသော ပြွန်များပါဝင်သည့်၊ အကာအကွယ် ပြုလုပ်ထားသည့် ဒေါင်လိုက်လမ်းကြောင်းအား အပေါ့စားနံရံဖြင့်တည်ဆောက်ထားရမည်။ အကာအကွယ်ပြုလုပ်ထားသည့် ဒေါင်လိုက်လမ်းကြောင်းအတွက်အကာအကွယ် ပြုလုပ်ထားသည့် အစိတ်အပိုင်းများအား အပေါ့စားနံရံဖြင့် တည်ဆောက်ထားပါက အောက်ပါ အချက်များနှင့် ကိုက်ညီရမည်-

(ကက) အပေါ့စားနံရံသည် မီးလောင်မလွယ်သောပစ္စည်းများဖြစ်ရမည်။

(ခခ) အပေါ့စားနံရံသည် ဇယား (၄.၂)ပါအုပ်စုအမျိုးအစား၊ အဆောက်အအုံ ၏ အစိတ်အပိုင်းနှင့် အကျယ်အဝန်းများအလိုက် သတ်မှတ်ထားသော မီးဒဏ်ခံနိုင်ရည်ထက် မနည်းစေရ။

(ဂဂ) အပေါ့စားနံရံသည် ထိခိုက်မှု၊ ပုံသဏ္ဌာန်ပျက်ယွင်းမှုဆိုင်ရာ ဂုဏ်သတ္တိများနှင့်ပတ်သက်၍ သတ်မှတ်စံနှုန်းများနှင့် ပြည့်မီရမည်။

စမ်းသပ်မှု စံနှုန်းများမှာ BS 5588 Pt 5 Appendix A and BS 5234 Pt 2 ဖြစ်သည်။

(ဃဃ) အပေါ့စားနံရံသည် ရေစုပ်ယူမှု၊ ကွေးညွှတ်နိုင်မှု ဂုဏ်သတ္တိများနှင့် ပတ်သက်၍ သတ်မှတ်စံနှုန်းများနှင့် ပြည့်မီရမည်။ စမ်းသပ်မှုစံနှုန်းများမှာ BS EN 520 (for gypsum plaster board) သို့မဟုတ် ISO 1896 (for calcium silicate or cement board) ဖြစ်သည်။

(၂) လျှပ်စစ်ဓာတ်အားသုံး လုပ်ငန်းများအတွက် အသုံးပြုသည့် အကာအကွယ်ပြုလုပ်ထားသော ဒေါင်လိုက်လမ်းကြောင်းအား အနည်းဆုံးမိနစ် ၃၀ မီးဒဏ်ခံနိုင်ရည်ရှိသည့် အတားအဆီးများဖြင့် ကြမ်းခင်းအလွှာတိုင်းတွင် ပိတ်ဆို့ထားရမည်။ ဆက်သွယ်ရေး ကေဘယ်ကြိုးများအတွက် အသုံးပြုသည့် အကာအကွယ်ပြုလုပ်ထားသော ဒေါင်လိုက်လမ်းကြောင်းအား အနည်းဆုံး မိနစ် ၃၀ မီးဒဏ်ခံနိုင်ရည်ရှိသည့် အတားအဆီးများဖြင့် ဒေါင်လိုက်အမြင့် ၁၅ မီတာထက် မပိုသည့် နေရာတိုင်းတွင် ပိုင်းဖြတ်ထားရမည်။ ထိုအခေါင်းပေါက်/ ဂလိုင်ပေါက်အား ပိတ်ဆို့သည့် မီးတားပစ္စည်းသည် အပိုဒ် ၂၅ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

(၃) အထပ်တိုင်းတွင် မိနစ် ၃၀ မီးဒဏ်ခံနိုင်ရည်ရှိသည့် မီးတားပစ္စည်းများဖြင့် ပိတ်ဆို့ထားသော အကာအကွယ် ပြုလုပ်ထားသည့် ဒေါင်လိုက်လမ်းကြောင်းသို့မဟုတ် ရေဆိုးပိုက်များ၊ ရေပိုက်များပါဝင်သော ဒေါင်လိုက်လမ်းကြောင်းများတွင် တပ်ဆင်ထားသော မီးခံတံခါးများသည် အမြဲပိတ်ထားပြီး သော့ခတ်ထားရမည်ဆိုပါက အလိုအလျောက်ပြန်ပိတ်သည့်ကိရိယာများ တပ်ဆင်ရန် မလိုအပ်ပါ။

(၄) မီးခိုးတားခန်းထည့်သွင်းတည်ဆောက်ရန် မလိုအပ်သော အထပ် ၆ ထပ်ထက် မပိုသည့် အုပ်စု(၂)အမျိုးအစားအဆောက်အအုံရှိ လူနေတိုက်ခန်း/ ၂ လွှာပါရှိသော တိုက်ခန်းများမှအပ အခြားလုပ်ငန်းများအတွက် အသုံးပြုသည့် အကာအကွယ်ပြုလုပ်ထားသော ဒေါင်လိုက်လမ်းကြောင်းများအားလုံးကို ထွက်ပေါက်လမ်းကြောင်းရှိ လှေကားအိမ်အတွင်း ထားရှိခြင်းမပြုရ။

၂၃။ **အပေါက်များကိုကာကွယ်ခြင်း (Protection of Openings)**

(က) ဤစာပိုဒ်ပါ ပြဋ္ဌာန်းချက်များသည်အဆောက်အအုံ၏အစိတ်အပိုင်းများတွင် ထည့်သွင်းတည်ဆောက်ခွင့်ပြုထားသော အပေါက်များကိုကာကွယ်ခြင်း သို့မဟုတ် မီးဒဏ်ခံနိုင်

ရည်ရွယ်သော တည်ဆောက်မှုများနှင့်အတူမီးနှင့် မီးခိုးတားပစ္စည်းများဆိုင်ရာ လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားခြင်းဖြစ်သည်။

(ခ) အပေါက်များကိုကာကွယ်ရန်အတွက် မီးခံတံခါးများသည် အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီရမည်-

(၁) **မီးခံတံခါးများ (Fire Doors) ။** မီးခံတံခါးများသည် ဤမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များ၏သက်ဆိုင်ရာအပိုင်းများအရ သင့်လျော်သော မီးဒဏ်ခံနိုင်ရည်ရှိရမည်။ အပေါက်တစ်ပေါက်တွင် အလိုအလျောက် ပိတ်နိုင်သော တံခါးနှစ်ဆင့်တပ်ဆင်ထားပြီး ထိုတံခါးနှစ်ခုပေါင်းလျှင် လိုအပ်သော မီးဒဏ်ခံနိုင်ရည် ရရှိမည်ဆိုပါက အပေါက်တစ်ပေါက်တွင် မီးဒဏ်ခံတံခါးကို နှစ်ထပ် တပ်ဆင် အသုံးပြုနိုင်သည်။

(၂) မီးခံတံခါးများအားလုံးသည် တံခါးကို ထောင့်ချိုးတစ်ခုမှဖြစ်စေ၊ တံခါးချိတ်မှ ဆန့်ကျင်ပြီးဖြစ်စေ အလိုအလျောက်ပြန်ပိတ်နိုင်သည့်ကိရိယာတစ်ခု တပ်ဆင်ထားရမည်။ အုပ်စု(၂)အမျိုးအစား အဆောက်အအုံရှိ လူနေအိမ်တစ်ခု၏ ဝင်ပေါက်တံခါးများတွင် နှစ်ရွက်ဖွင့်တံခါးတပ်ဆင်ထားပါကကလန့်ထိုးထားသည့် တံခါးရွက်တစ်ခုအတွက်အလိုအလျောက်ပြန်ပိတ်နိုင်သည့်ကိရိယာ မတပ်ဆင်ဘဲ ချန်လှပ်ထားနိုင်သည်။

(၃) အလိုအလျောက်ပြန်ပိတ်နိုင်သည့်ကိရိယာသည်အဆောက်အအုံ၏ပုံမှန် အသုံးပြုမှုများတွင် အဟန့်အတားဖြစ်စေပါက မီးခံတံခါးများကို အောက်ပါတို့ဖြင့် ချိတ်ဆက်၍ ဖွင့်ထားနိုင်သည်-

(ကက) အပူရှိန်ကြောင့် အရည်ပျော်စေသောအဆက်စနစ် (Fusible Link) ဖြင့် ဖြစ်စေ။

(ခခ) တံခါးများကိုသာမန်အားဖြင့်ဖွင့်ထားလျှင် အဆောက်အအုံ၏ မီးလှန့်အချက်ပေးစနစ် သို့မဟုတ် မီးခိုးအာရုံခံစနစ်ဖြင့် စတင်အလုပ်လုပ်စေနိုင်သော လျှပ်စစ်သံလိုက် သို့မဟုတ် လျှပ်စစ်ဓာတ်အားသုံး ကိရိယာနှင့် ချိတ်ဆက်ထားရမည်။

(၄) မီးခံတံခါးတစ်ခု၏ ပတ္တာသည် နိုင်ငံတကာစံချိန်စံညွှန်းအရ အတည်ပြုထားသောအမျိုးအစား ဖြစ်ရမည်။

(၅) လွတ်မြောက်ရာလမ်းကြောင်းတစ်ခုအဖြစ် တည်ဆောက်ထားသည့် အပေါက်တစ်ခုတွင် တပ်ဆင်ထားသော မီးခံတံခါးသည်-

(ကက) သေ့၊ကိရိယာ၊နည်းပညာဗဟုသုတအသုံးပြုရန်မလိုဘဲ အဆောက်အအုံအတွင်းပိုင်းမှ ဖွင့်နိုင်ရမည်။

(ခခ) အဆောက်အအုံ၏မီးလှန့်အချက်ပေးစနစ် သို့မဟုတ် မီးခိုးအာရုံခံစနစ်ဖြင့် စတင်အလုပ်လုပ်စေနိုင်သော လျှပ်စစ်သံလိုက် သို့မဟုတ် လျှပ်စစ်ဓာတ်အားသုံးကိရိယာနှင့် ချိတ်ဆက်၍ဖွင့်နိုင်သည့်နည်းလမ်းမှလွဲ၍ အခြားနည်းများဖြင့်ဖွင့်ထားခြင်းမပြုရ။ လေဖိအားပေးထားသော ထွက်ပေါက်လှေကား၏မီးခံတံခါးများကိုဖွင့်ထားခြင်းမပြုရ။

(ဂဂ) အပိုဒ် ၇(ည) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ထွက်ပေါက်လမ်းကြောင်း၏ဦးတည်ရာအတိုင်း ဖွင့်ထားရမည်။

(ဖ) မီးခံတံခါးများကို မီးခံတံခါးဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ထည့်သွင်းတည်ဆောက်ထားရမည်။

(ဂ) **ပိုက်များ (Pipes)**

(၁) စည်းခြားနံရံ(အသုံးပြုမှုမတူသောနေရာနှစ်ခုကိုခွဲခြားထားသောနံရံ)၊ အကန့်နံရံ သို့မဟုတ် အကန့်ကြမ်းခင်းများကို ဖြတ်သန်းသွယ်တန်းထားသည့် ပိုက်လိုင်းများသည် ဖြစ်နိုင်သမျှအရွယ်အစားသေးငယ်ပြီး ပိုက်လိုင်းဘေးပတ်လည်အား မီးတားထားရမည်။ ပိုက်၏အတွင်းပိုင်းအချင်းသည် ဇယား (၄.၅) တွင် ပြဋ္ဌာန်းထားသော သက်ဆိုင်ရာအတိုင်းအတာများ ထက်မပိုရ။ ပိုက်တစ်ခုနှင့် တစ်ခုအကြားရှိ နေရာလွတ်သည် အနည်းဆုံး ၅၀ မီလီမီတာ သို့မဟုတ် အကြီးဆုံးပိုက်အချင်း၏တစ်ဝက်ရှိရမည်ဖြစ်ပြီး ၎င်းတို့အနက် ပို၍ကြီးသောအကွာအဝေးကို ယူရမည်။

(၂) **မြေအောက်ထပ်များတွင်ဓာတ်ငွေ့ပိုက်လိုင်းများသွယ်တန်းခြင်း**

(ကက) မြေအောက်ထပ်များတွင် ဓာတ်ငွေ့ပိုက်လိုင်းများကို API ပိုက်များဖြင့် သွယ်တန်းထားပြီး အဆက်များအား ဂဟေဆော်၍ ဆက်ထားရမည်။ ထိုပိုက်အဆက်များသည် မီးသတ်ဦးစီးဌာနမှ ရည်ညွှန်းထားသော နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ၁၀၀ % စစ်ဆေးထားပြီးဖြစ်ရမည်။ ဓာတ်ငွေ့ပိုက်လိုင်းများသည် ထွက်ပေါက်လှေကားများ၊ မီးခိုးတားခန်း သို့မဟုတ် မီးခြွမ်းသတ်ရန်ပြင်ဆင်ခန်း၊ မီးသတ်ပန့်ခန်း၊ မီးစက်ခန်း၊ မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်းစသည့် အရေးကြီးသောဧရိယာများ၏ ပြင်ပတွင်သွယ်တန်းထားပါကမီးဒဏ်ခံနိုင်ရည်ရှိရန် စီမံထားခြင်းမလိုအပ်ပါ။ အကယ်၍ အရေးကြီးဧရိယာများ

အတွင်းသို့ ဓာတ်ငွေ့ပိုက်လိုင်းများ သွယ်တန်းထားပါက ၎င်းတို့ကို အင်္ဂတေအကာအရံဖြင့် ဖုံးအုပ်ထားရမည်။

(ခခ) စက်စွမ်းအားသုံးလေဝင်/လေထွက်စနစ်ပေးထားသော မြေအောက်ထပ်များတွင် ဓာတ်ငွေ့ပိုက်လိုင်းများ၏ ပိုက်လိုင်းများ လေဝင်/လေထွက် ရှိစေရန် ဓာတ်ငွေ့ပိုက်များကို ပိုက်စွပ် (Pipe Sleeve) များ တပ်ဆင်ထားရမည်။ ပိုက်စွပ်၏ အစွန်းတစ်ဖက်ကို မီးသတ်ဦးစီးဌာနမှ ရည်ညွှန်းထားသော နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် အညီ အဆောက်အအုံ၏ ပြင်ပသို့ထုတ်ထားရမည်။

(ဂဂ) သဘာဝလေဝင်/ လေထွက်ရှိသော မြေအောက်ထပ်များသည် အပိုဒ် ၅၇(ဃ)(၃)(ခခ)ပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီပါက ဓာတ်ငွေ့ပိုက်လိုင်းများကို ပိုက်စွပ် (Pipe Sleeve) များ တပ်ဆင်ရန်မလိုပါ။

(ဃ) **လေဝင်/လေထွက်ပြွန် (Ventilation Ducts) ။** အကန့်နံရံ သို့မဟုတ် အကန့်ကြမ်းခင်းများကို တိုက်ရိုက်ဖြတ်သန်းသွားသော လေဝင်/လေထွက်ပြွန်များ (Ventilation Ducts) သည် အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(၁) လေဝင်/လေထွက်ပြွန်သည် အကာအကွယ်ပြုလုပ်ထားသည့် ဒေါင်လိုက်လမ်းကြောင်းတစ်ခု၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေခြင်းမရှိပါက သို့မဟုတ် အကာအကွယ် ပြုလုပ်ထားသည့် အဆောက်အအုံ အစိတ်အပိုင်းတစ်ခုအတွင်း မရှိပါက-

(ကက) လေပြွန်တွင် အကန့်နံရံ သို့မဟုတ် အကန့်ကြမ်းခင်းများကို ဖြတ်သန်းသွားသည့်နေရာ၌ မီးတားကိရိယာ (Fire Damper) တပ်ဆင်ထားရမည်။

(ခခ) လေပြွန်၏ အပေါက်ကို ဖြစ်နိုင်သမျှ အသေးဆုံး အရွယ်အစားဖြင့် ထားရှိပြီး မီးတားကိရိယာဘေးပတ်လည်ရှိ ဟနေသော နေရာများအား မီးတားထားရမည်။

(၂) လေဝင်/လေထွက်ပြွန်သည် အကာအကွယ်ပြုလုပ်ထားသည့် ဒေါင်လိုက်လမ်းကြောင်းတစ်ခု၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေပါက သို့မဟုတ် အကာအကွယ် ပြုလုပ်ထားသည့်အဆောက်အအုံအစိတ်အပိုင်းတစ်ခုအတွင်းရှိပါက-

(ကက) ဒေါင်လိုက်လမ်းကြောင်းများ၏ လေဝင်ပေါက်များနှင့် လေထွက်ပေါက်များတွင် မီးတားကိရိယာများ တပ်ဆင်ထားရမည်။

(ခခ) လေဝင်/ လေထွက်ပြွန်များ၏ တည်ဆောက်ခြင်းနှင့် လိုင်းဆွဲခြင်းများသည် အခန်း(၈) ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

(၃) လေဝင်/ လေထွက်လမ်းကြောင်းများနှင့် မီးတားကိရိယာများ တပ်ဆင်ခြင်းသည် အခန်း(၈) ပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီရမည်။

(c) **အခိုးထုတ်ပိုက်(Flues)**။ အကန့်နံရံ သို့မဟုတ် ကြမ်းခင်းများတွင်ရှိသည့် အခိုးထုတ်ပိုက် (Flues)တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ထည့်သွင်းထားသော ပြွန် (Duct) များအားဌင်းတို့ဖြတ်သန်းသည့် နံရံနှင့်ကြမ်းခင်းအတွက် လိုအပ်သော မီးဒဏ်ခံနိုင်ရည်၏ တစ်ဝက်ထက်မနည်းသော မီးဒဏ်ခံနိုင်ရည်ရှိသည့် မီးလောင်မလွယ်သောပစ္စည်းများဖြင့် တည်ဆောက်ထားရမည်။ သို့သော်မီးဖိုဆောင်၏ အခိုးထုတ်ပိုက်များသည် အကန့်နံရံ သို့မဟုတ် အကန့်ကြမ်းခင်းအတွက် လိုအပ်သော မီးဒဏ်ခံနိုင်ရည်အတိုင်းရှိရမည်။

(စ) **ပိုက်များဖြတ်သန်းတပ်ဆင်ခြင်းအား ခွင့်မပြုသောနေရာများ**

(၁) လေပြွန်များ (Air Ducts) ၊ ရေဆိုးထုတ်ပိုက်များ (Sanitary Pipes)၊ ဓာတ်ငွေ့ပိုက်လိုင်းများ (Gas Pipes)၊ လျှပ်စစ်ဝါယာကြိုး သွယ်တန်းသော ကွန်ဂျူ့ပိုက်များ/ ကေဘယ်လ်ကြိုးမြောင်း (Electrical Conduits/Cable Tray) နှင့် မီးအန္တရာယ်ဖြစ်ပွားပါကမီးတောက် သို့မဟုတ် မီးခိုးဝင်ရောက်နိုင်သည့်အခြား သွယ်တန်းသည့်လုပ်ငန်းများကို အောက်ပါနေရာများမှဖြတ်သန်းတပ်ဆင်ခြင်းအားခွင့်မပြု-

(ကက) မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်း၊ (Fire Command Centre) ။

(ခခ) မီးသတ်ပန့်ခန်း၊ (Fire Pump Room) ။

(ဂဂ) အရေးပေါ်မီးစက်ခန်း၊ (Emergency Generator Room) ။

(ဃဃ) မီးခိုးထိန်းပန်ကာများရှိသည့်အခန်း (Smoke Control Fans Room) ။

ခြွင်းချက်အနေဖြင့် အဆိုပါနေရာများတွင် ထိုကိရိယာ/ စနစ်များအား အသုံးပြုရန်လိုအပ်ပါက သွယ်တန်းတပ်ဆင်နိုင်သည်။

(၂) ဓာတ်လှေကားများမှလွဲ၍ လေပြွန်များ (Airducts) ၊ ရေဆိုးထုတ်ပိုက်များ (Sanitary Pipes) ၊ ဓာတ်ငွေ့ပိုက်လိုင်းများ (Gas Pipes) ၊ လျှပ်စစ်ဝါယာ သွယ်တန်းသော ကွန်ဂျူ့ပိုက်များ (Electrical Conduits/Cable Tray) ၊ ပိုက်/ ကေဘယ်လ်ကြိုးမြောင်းတို့သည် မီးအန္တရာယ်ဖြစ်ပွားပါကမီးတောက် သို့မဟုတ်

မီးခိုးဝင်ရောက်နိုင်သည့် လမ်းကြောင်းဖြစ်သဖြင့် အောက်ပါနေရာများမှ ဖြတ်သန်းတပ်ဆင်ခြင်းအား ခွင့်မပြု-

(ကက) မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်း (Fire-Fighting Lobby) ။

(ခခ) မီးခိုးတားခန်း (Smoke-Stop Lobby) ။

(၃) အဆိုပါစနစ်များအားလုံးသည် အထက်ပါအခန်းများမှ ၁ နာရီ မီးဒဏ်ခံနိုင်ရည်ရှိသောမျက်နှာကြက်ဖြင့် ပိုင်းခြားထားခြင်း သို့မဟုတ် ၁ နာရီ မီးဒဏ်ခံနိုင်ရည်ရှိသော အကာအရံများဖြင့်ကာကွယ်ထားခြင်းမရှိလျှင် ဖြတ်သန်းတပ်ဆင်ခြင်းခွင့်မပြု။ ထိုစနစ်များကို အထက်ပါအခန်းများအတွက် အသုံးပြုပါက သီးခြားပိုင်းခြားထားရန်မလိုပါ။

၂၄။ ထွက်ပေါက်လှေကားများ (Exit Staircases)

(က) လှေကားအကျော်/အနင်း(Treads/Risers)နှင့် လှေကားတစ်ဆစ်ချိုးနေရာ(Landing) အပါအဝင် ထွက်ပေါက်လှေကားတိုင်းသည် မီးလောင်မလွယ်သော ပစ္စည်းများဖြင့် တည်ဆောက်ရမည်။ သို့သော် အုပ်စု(၁) အမျိုးအစား အဆောက်အအုံများတွင် လှေကား အကျော်/ အနင်း(Treads/Risers)နှင့်လှေကားတစ်ဆစ်ချိုးနေရာ(Landing) တို့ကို ထောက်ကူပေးထားသော အစိတ်အပိုင်းများကိုသာ မီးလောင်မလွယ်သော ပစ္စည်းများဖြင့် တည်ဆောက်ရမည်။

(ခ) **ထွက်ပေါက်လှေကားကို အဆောက်အအုံ၏အခြားအစိတ်အပိုင်းများမှ ပိုင်းခြားခြင်း (Structure Separating Exit Staircase)** ။ ထွက်ပေါက်လှေကားကို အဆောက်အအုံ၏အခြားအစိတ်အပိုင်းများမှ အပိုဒ် ၂၂ (ဆ) (၂) ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီပြီး အပိုဒ် ၁၇ ပါအဆောက်အအုံ အစိတ်အပိုင်းများအတွက် လိုအပ်သော မီးဒဏ်ခံနိုင်ရည်ထက် မနည်းသည့် အင်္ဂတေ (Masonry) သို့မဟုတ် အပေါ့စားနံရံ (Dry Wall)ဖြင့် ပိုင်းခြားထားရမည်။

(ဂ) **ထွက်ပေါက်တံခါး (Exit Doors)** ။ ထွက်ပေါက်လှေကားသို့ အဝင်တံခါးများသည် အနည်းဆုံး မိနစ် ၃၀ မီးဒဏ်ခံနိုင်ရည် ရှိရမည်ဖြစ်ပြီး အလိုအလျောက် ပြန်ပိတ်နိုင်သည့်ကိရိယာကို တပ်ဆင်ထားရမည်။

(ဃ) **အချောထည်ပစ္စည်းများ (Finishes)** ။ ထွက်ပေါက်လှေကား၏ မျက်နှာကြက်များ/ နံရံများနှင့် ကြမ်းခင်းများ၏ အချောထည်ပစ္စည်းများသည် မီးလောင်မလွယ်သောပစ္စည်းများ ဖြစ်ရမည်။

၂၅။ **အလုံပိတ်နေရာများ (Concealed Spaces)**

(က) **အထွေထွေပြဋ္ဌာန်းချက်။** အဆောက်အအုံ တစ်ခုအတွင်းရှိ အလုံပိတ်နေရာများတွင် မီးခိုးပျံ့နှံ့မှုအား တားဆီးနိုင်ရန် အခေါင်းပေါက်/ ဂလိုင်ပေါက်အတားအဆီး (Cavity Barrier) ဖြင့် ပိုင်းခြားထားရမည်။

(ခ) **အခေါင်းပေါက်/ဂလိုင်ပေါက်၏အစွန်းများကိုပိတ်ဆို့ခြင်း (Closing The Edges Of Cavities)။** အခေါင်းပေါက်/ ဂလိုင်ပေါက်အတားအဆီး (Cavity Barrier) များသည် နံရံ တစ်လျှောက်ရှိအပေါက်များ၏ အနားစွန်းများ၊ ၎င်းအပေါက်များပါဝင်သော ကြမ်းခင်း နှင့် အခြားအပိုင်းများအား ပိတ်ရန်အတွက်သာ အသုံးပြုရမည်။ ထို့ပြင် အဆောက်အအုံ ၏ နံရံ၊ ကြမ်းခင်း သို့မဟုတ် အခြားအပိုင်းများရှိ အခေါင်းပေါက်/ ဂလိုင်ပေါက်များ (Cavities) ကို ၎င်းနှင့်အလားတူ အခြားဂလိုင်ပေါက်များမှ ပိုင်းခြားရန်အတွက်လည်း အသုံးပြုသည်။

(ဂ) **Interrupting Cavities ဆိုင်ရာ သတ်မှတ်ချက်များ။** အမိုးအပါအဝင် အခေါင်းပေါက်/ ဂလိုင်ပေါက်များအား ၎င်းနှင့်ထိစပ်နေသော နံရံ၊ ကြမ်းခင်း၊ မျက်နှာကြက်၊ အမိုး သို့မဟုတ် အခြားအပိုင်းများမှ အခေါင်းပေါက်/ဂလိုင်ပေါက် အတားအဆီး (Cavity Barrier) များဖြင့် ပိုင်းခြားထားရမည်။ ထိုပစ္စည်းများသည် မီးဒဏ်ခံနိုင်ရည်ရှိရမည်။

(ဃ) **အခေါင်းပေါက်/ဂလိုင်ပေါက်များအားပိုင်းခြားခြင်း (Sub-Division of Extensive Cavities) ။** အမိုးအပါအဝင် အခေါင်းပေါက်/ ဂလိုင်ပေါက်များကြားရှိ အများဆုံး အကွာအဝေးအတွက် သီးခြားပြဋ္ဌာန်းချက်များ မရှိလျှင် ဧယား (၄.၆) တွင် ပြဋ္ဌာန်းထား သော အတိုင်းအတာများထက် မကျော်လွန်စေရန် ထပ်မံပိုင်းခြားထားရမည်။

(c) အခေါင်းပေါက်/ဂလိုင်ပေါက်အတားအဆီး (Cavity Barrier) သည်-

(၁) အနည်းဆုံးမိနစ် ၃၀ မီးဒဏ်ခံနိုင်ရည်ရှိစေရန် တည်ဆောက်ထားရမည်။

(၂) အဆောက်အအုံ၏ တောင့်တင်းခိုင်မာသောအပိုင်း သို့မဟုတ် အဆက်နေရာ တွင် သေချာစွာတွဲဆက်ထားပြီး အပိုဒ် ၂၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မီးတား ထားရမည်။

(စ) **အခေါင်းပေါက်/ဂလိုင်ပေါက်အတားအဆီးရှိ အပေါက်များ (Openings in Cavity Barrier) ။** အခေါင်းပေါက်/ဂလိုင်ပေါက်အတားအဆီး (Cavity Barrier) များသည် အောက်ပါနေရာများမှလွဲ၍ အပေါက်များမရှိစေရ-

(၁) အနည်းဆုံးမိနစ် ၃၀ မီးဒဏ်ခံနိုင်ရည်ရှိပြီး အမြဲပိတ်ထားသောတံခါးတစ်ခု။

(၂) အပိုဒ် ၂၃(ဂ) ပါပြဋ္ဌာန်းချက်များနှင့်ကိုက်ညီသော ပိုက်လိုင်း။

(၃) ကေဘယ်ကြိုးတစ်ခု သို့မဟုတ် ကေဘယ်လ်ကြိုးတစ်ခုထက်ပို၍ ထည့်သွင်းထားသော ပိုက်လိုင်း။

(၄) အလိုအလျောက် မီးတားကိရိယာ (Automatic Fire Damper) သေချာစွာ တပ်ဆင်ထားသောအပေါက်။

(၅) အခေါင်းပေါက်/ ဂလိုင်ပေါက်အတားအဆီး (Cavity Barrier) အား ဖြတ်သန်းသွားသည့် မီးတားကိရိယာ (Fire Damper) သေချာစွာတပ်ဆင်ထားသည့် ပြွန်(Duct)။

(ဆ) **Raised Floors for Fixed Stages and Display Platforms ဆိုင်ရာ သတ်မှတ်ချက်များ။** အခိုင်အမာတည်ဆောက်ထားသော စတိတ်စင်များနှင့် ခင်းကျင်းပြသရန်နေရာများအတွက် ကြမ်းခင်းအမြင့် (Raised Floors) ကို တည်ဆောက်ရာတွင် အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(၁) အဆောက်အအုံကြမ်းခင်းနှင့် ကြမ်းခင်းအမြင့် (Raised Floors) ကြားရှိ အလုံပိတ်နေရာကို သိုလှောင်ခြင်းများအတွက် အသုံးမပြုရ။

(၂) အလုံပိတ်နေရာအတွင်း လျှပ်စစ်ဝါယာကြိုးသွယ်တန်းသော ကွန်ဂျူ့ပိုက်များ မှလွဲ၍ အခြားအသုံးပြုမှုများ သို့မဟုတ် တပ်ဆင်ခြင်းများမပြုရ။

(၃) ဘေးနံရံများအားလုံးကို စနစ်တကျအလုံပိတ်ထားရမည်။

(၄) ထိုအလုံပိတ်နေရာကို အပိုဒ် ၂၅(ဃ) နှင့် ဇယား (၄.၆) ပါ ပြဋ္ဌာန်းချက်များနှင့် အညီ အခေါင်းပေါက်/ ဂလိုင်ပေါက်အတားအဆီးများဖြင့် ထပ်မံပိုင်းခြားထားရမည်။

(ဇ) **Raised Floors With or Without Accessible Panels ဆိုင်ရာ သတ်မှတ်ချက်များ။** ကြမ်းခင်းအမြင့် (Raised Floors) များကို တည်ဆောက်ရာတွင် အဝင်အထွက်ပြုလုပ်နိုင်သည့် အပေါက်များပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(၁) ထောက်မထားသော အစိတ်အပိုင်းများသည် အရည်ပျော်မှတ် အနည်းဆုံး ၈၁၀ ဒီဂရီဆဲလ်စီးယပ်စ်ရှိသည့် မီးလောင်မလွယ်သောပစ္စည်းများဖြစ်ရမည်။

(၂) အဆောက်အအုံကြမ်းခင်းနှင့် ကြမ်းခင်းအမြင့် (Raised Floors) အကြားရှိ အလုံပိတ်နေရာကို သိုလှောင်သည့်နေရာများအဖြစ် အသုံးမပြုရ။

(၃) အလုံပိတ်နေရာ (Concealed Space) အတွင်းတွင် အောက်ဖော်ပြပါ လုပ်ငန်းများမှလွဲ၍ အခြားစနစ်များ သို့မဟုတ် တပ်ဆင်ခြင်းများကိုခွင့်မပြု -

(က က) သတ်မှတ်ချက်များနှင့် ကိုက်ညီသော သတ္တုအိမ်နှင့် သတ္တုပိုက်များ အတွင်း ထည့်သွင်းထားသော လျှပ်စစ်ဝါယာကြိုးများ သွယ်တန်းခြင်း။

(ခ ခ) ကွန်ပျူတာ ပစ္စည်းများအတွက် အသုံးပြုသော ဆက်သွယ်ရေး ကေဘယ်လ်ကြိုးများ။

(ဂ ဂ) အလုံပိတ်နေရာအတွက် မီးဘေးကာကွယ်ရေးတပ်ဆင်မှုများ။

(၄) ကြမ်းခင်းအမြင့် (Raised Floors) ကို ပလီနမ် (Plenum) အဖြစ်အသုံးပြုလျှင် အပိုဒ် ၆၇ (စ) ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

(၅) ကြမ်းခင်းအမြင့် (Raised Floors) ကို တည်ဆောက်ရာတွင် မီးလောင်မလွယ်သောပစ္စည်းများဖြင့်တည်ဆောက်ရမည်။ ရေဖျန်းစနစ်ဖြင့်ကာကွယ်ထားသည့် အဆောက်အအုံများတွင် အသုံးပြုရန်ခွင့်ပြုထားသည့် (ကြမ်းခင်းအမြင့်၏) ထိပ်ပိုင်း၊ အောက်ခြေပိုင်း၊ ဘေးဘက်အားလုံးနှင့် အစွန်းထွက်နေရာများ အားလုံးကို Class (0) နှင့် ကိုက်ညီသော မျက်နှာပြင်ဂုဏ်သတ္တိရှိသည့် ပစ္စည်းများဖြင့် ဖုံးအုပ်ထားပါက မီးလောင်လွယ်သောပစ္စည်းကို အဓိကပစ္စည်းအဖြစ် အသုံးပြုနိုင်သည်။ ကြမ်းခင်းအမြင့်ပေါ်တွင်ခင်းထားသောအချောထည်ပစ္စည်းများ မပါဝင်ပါ။

(၆) အဝင်အထွက်ပြုနိုင်သော နေရာများပါသည့် ကြမ်းခင်းအမြင့်များ ဖြစ်ပါက အဆောက်အအုံကြမ်းခင်းနှင့် ကြမ်းခင်းအမြင့်အကြားရှိ အလုံပိတ်နေရာများသည် အလွယ်တကူဝင်ထွက်သွားလာနိုင်ရမည်။

(၇) အလုံပိတ်နေရာများအတွင်းသို့ အခြားသော မီးလောင်လွယ်သည့် ပစ္စည်းများ သို့မဟုတ် အကျိုးအပ္ပဲအစများ ဝင်ရောက်မှုမှကာကွယ်ရန် ကြမ်းခင်းအမြင့်ရှိ လျှပ်စစ်ကေဘယ်လ်ကြိုးများ သွယ်တန်းဝင်ရောက်သည့် အပေါက်များကို စနစ်တကျပိတ်ထားရမည်။

(၈) ဘေးနံရံများအားလုံးကို စနစ်တကျအလုံပိတ်ထားရမည်။

(၉) အလုံပိတ်နေရာအတွင်းရှိ အတားအဆီးမရှိသောဧရိယာ၏ အများဆုံးအကျယ် အဝန်းသည် ၉၃၀ စတုရန်းမီတာထက်မပိုစေရန် အခေါင်းပေါက်/ ဂလိုင်ပေါက် အတားအဆီးများဖြင့် ထပ်မံပိုင်းခြားရမည်။

(၁၀) အလုံပိတ်နေရာများတွင် အခန်း(၇) ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသည့် အလိုအလျောက်ရေဖျန်းစနစ် တပ်ဆင်ထားပါက အခေါင်းပေါက်/ ဂလိုင်ပေါက် အတားအဆီးများ တပ်ဆင်ရန်မလိုအပ်ပါ။

(၁၁) ရေဖျန်းစနစ် တပ်ဆင်ထားခြင်းမရှိသော အဆောက်အအုံများတွင် ကြမ်းခင်း ထိပ်ပိုင်းနှင့် ကြမ်းခင်းအမြင့် အောက်ဘက်မျက်နှာပြင်ကြား အလုံပိတ်နေရာ အမြင့်သည် ၁၅၀ မီလီမီတာထက်ကျော်ပါက အလိုအလျောက် မီးခိုးအာရုံခံ စနစ်ကို အခန်း(၇)ပါ ပြဋ္ဌာန်းချက်နှင့်အညီ တပ်ဆင်ရမည်။ ရေဖျန်းစနစ် တပ်ဆင် ထားသော အဆောက်အအုံတစ်ခုတွင် ၎င်း၏အမြင့်သည် ၁၅၀ မီလီမီတာ နှင့် ၄၀၀ မီလီမီတာ အကြားတွင်ရှိလျှင် ထိုအလုံပိတ်နေရာတွင် အလိုအလျောက် မီးခိုးအာရုံခံစနစ်ကိုအထက်တွင်ဖော်ပြထားသကဲ့သို့တပ်ဆင်ရမည်။ အလုံပိတ် နေရာအမြင့်သည် ၄၀၀ မီလီမီတာထက် ကျော်လွန်နေပါက အလိုအလျောက် ရေဖျန်းစနစ်ကို တပ်ဆင်ရမည်။

(၁၂) ကြမ်းခင်းထိပ်ပိုင်းနှင့် ကြမ်းခင်းအမြင့်အောက်ဘက်မျက်နှာပြင်အကြား အလုံ ပိတ်နေရာအမြင့်သည် ၅၀မီလီမီတာ အောက်နည်းပါကအခေါင်းပေါက်/ဂလိုင် ပေါက်အတားအဆီးများ တပ်ဆင်ရန်မလိုပါ။

(စ၃) မီးသတ်ဦးစီးဌာနသည် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီလျှင် မျက်နှာကြက် ၏ အလုံပိတ်နေရာများအတွင်းရှိ အခေါင်းပေါက်/ ဂလိုင်ပေါက် အတားအဆီးဆိုင်ရာ ပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့်ပြုနိုင်သည်-

(၁) အလုံပိတ်နေရာကို သိုလှောင်ခြင်းများအတွက်အသုံးမပြုရ။

(၂) ထောက်မပေးထားသောပစ္စည်းများကို မီးလောင်မလွယ်သော ပစ္စည်းများဖြင့် တည်ဆောက်ထားရမည်။

(၃) အလုံပိတ်နေရာအတွင်းရှိ နံရံ၊ကြမ်းခင်းစသည့်မျက်နှာပြင်များသည် မီးတောက် ပျံ့နှံ့နှုန်း Class (0) ရှိရမည်။ (ပိုက်လိုင်း၊ ကေဘယ်လ်ကြိုး၊ လျှပ်စစ်ဝါယာ ကြိုးသွယ်တန်းသောကွန်ဂျူ့ပိုက်များ သို့မဟုတ် အခြားလျှပ်ကာပိုက်လိုင်းတို့ ၏ မျက်နှာပြင်များမပါဝင်ပါ) ။

(၄) အာရုံခံကိရိယာဖြင့် ကာကွယ်ထားသော အဆောက်အအုံတွင် အလုံပိတ်နေရာသည် ၈၀၀ မီလီမီတာထက်မပိုလျှင် သို့မဟုတ် အလုံပိတ်နေရာသည် အာရုံခံကိရိယာများကို အခန်း (၇)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တပ်ဆင်ထားလျှင်။

(၅) ရေဖျန်းစနစ်ဖြင့်ကာကွယ်ထားသောအဆောက်အအုံတစ်ခုဖြစ်လျှင်-

(က က) အလုံပိတ်နေရာအမြင့်သည် ၄၀၀ မီလီမီတာထက်မကျော်လျှင်။

(ခ ခ) အလုံပိတ်နေရာအမြင့်သည် ၄၀၀ မီလီမီတာ နှင့် ၈၀၀ မီလီမီတာ ကြားရှိပြီး အလုံပိတ်နေရာအတွင်းတွင် မီးလောင်လွယ်သောပစ္စည်းများကို အသုံးမပြုလျှင်။

(ဂ ဂ) အလုံပိတ်နေရာသည် အလိုအလျောက် ရေဖျန်းစနစ်ကို အခန်း(၇) ပါပြဋ္ဌာန်းချက်များနှင့်အညီ တပ်ဆင်ထားလျှင်။

(၆) အခြားအဆောက်အအုံများတွင် အလုံပိတ်နေရာအမြင့်သည် ၈၀၀ မီလီမီတာ ထက်မကျော်လျှင်။

(ည) ချိတ်ဆွဲထားသောမျက်နှာကြက်၏ အလုံပိတ်နေရာတွင် အခန်း(၇) ပါပြဋ္ဌာန်းချက်နှင့် ကိုက်ညီသော အလိုအလျောက်ရေဖျန်းစနစ်အား တပ်ဆင်ထားလျှင်-

(၁) အလုံပိတ်နေရာတွင် အခေါင်းပေါက်/ ဂလိုင်ပေါက်အတားအဆီးဆိုင်ရာ ပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

(၂) ထွက်ပေါက်လျှောက်လမ်း၊မီးခိုးတားခန်း သို့မဟုတ် အခြားသောလွတ်မြောက်ရာလမ်းကြောင်းဆိုင်ရာအစီအမံများ၏အပေါ်တွင်ရှိသည့်မျက်နှာကြက်၏အလုံပိတ်နေရာများမှလွဲ၍ အခြားအလုံပိတ်နေရာအတွင်းတွင် မီးတောက်ပျံ့နှံ့နှုန်းအဆင့် Class (0) အောက်ရှိ အခြားပစ္စည်းများ၊ မီးလောင်လွယ်သောပစ္စည်းများဖြင့် ထောက်မပေးသော အစိတ်အပိုင်းများနှင့် ၎င်းနှင့် ထိစပ်နေသည့်မျက်နှာပြင်ရှိ ပစ္စည်းများအဖြစ် အသုံးပြုနိုင်သည်။

(ဌ) **အကာအကွယ် ပြုလုပ်ထားသော ဧရိယာအပေါ်ရှိ ချိတ်ဆွဲထားသော မျက်နှာကြက် (Suspended Ceiling over Protected Areas) ။** ထွက်ပေါက်လျှောက်လမ်း၊ မီးခိုးတားခန်း၊ ထွက်ပေါက်လှေကား သို့မဟုတ် အခြားသော လွတ်မြောက်ရာလမ်းကြောင်းဆိုင်ရာအစီအမံများ၏ အပေါ်တွင်ရှိသည့် ချိတ်ဆွဲထားသော မျက်နှာကြက်၏အလုံပိတ်နေရာများသည် အောက်ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်-

(၁) မျက်နှာကြက်နှင့်၎င်း၏ထောက်မပေးထားသောအစိတ်အပိုင်းများကို မီးလောင်မလွယ်သောပစ္စည်းများဖြင့် တည်ဆောက်ထားရမည်။

(၂) အလုံပိတ်နေရာအတွင်းရှိမျက်နှာပြင်များသည် မီးတောက်ပျံ့နှံ့နှုန်း Class (0) ရှိသောပစ္စည်းဖြင့် တည်ဆောက်ထားရမည်။

(၃) မီးခိုးတားခန်း/ မီးငြိမ်းသတ်ရန် ပြင်ဆင်ခန်းများရှိ အလုံပိတ်နေရာများတွင် ရေဖျန်းစနစ်တပ်ဆင်ထားပါက မျက်နှာကြက်မျက်နှာပြင်နှင့် ၎င်း၏ ထောက်မ ပေးထားသော အစိတ်အပိုင်းများတွင် မီးတောက်ပျံ့နှံ့နှုန်း Class (2) ထက်မနိမ့်သောပစ္စည်းများ ကို သုံးနိုင်သည်။

(၆) အုပ်စု (၁) အမျိုးအစား အဆောက်အအုံများသည် အလုံပိတ်နေရာများ အတွင်းရှိ အခေါင်းပေါက်/ ဂလိုင်ပေါက် အတားအဆီးဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရန်မလိုပါ။ အုပ်စု (၂) အမျိုးအစား အဆောက်အအုံများအောက်ရှိ လူနေတိုက်ခန်းများတွင် အလုံပိတ်ကြမ်းခင်းနှင့် မျက်နှာကြက်နေရာများရှိ အခေါင်းပေါက်/ ဂလိုင်ပေါက် အတားအဆီးဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရန်မလိုပါ။

၂၆။ **မီးတားခြင်း (Fire Stopping)**

(က) အဆောက်အအုံ၏ အစိတ်အပိုင်း (မီးခံအတားအဆီးအဖြစ် အသုံးမပြုသည့်အပိုင်း) သို့မဟုတ် အခေါင်းပေါက်/ ဂလိုင်ပေါက် အတားအဆီးများအား ဖြတ်သန်းတပ်ဆင်ထားသော ပိုက်များ၊ ပြွန်များ၊ လျှပ်စစ်ဝါယာကြိုး သွယ်တန်းသောကွန်ဂျူ့ပိုက်များ သို့မဟုတ် ကေဘယ်လ်ကြိုးများအတွက် အပေါက်များသည် အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(၁) အရေအတွက်များကိုနည်းနိုင်သမျှနည်းရမည်။

(၂) အရွယ်အစားသေးနိုင်သမျှသေးငယ်ရမည်။

(၃) ဟနေသောအပိုင်းများ (Gaps) အားလုံးကို မီးတားပစ္စည်းများ (Fire Stopping Materials) ဖြင့် လုံအောင်ပိတ်ထားရမည်။

(ခ) **မီးတားပစ္စည်း (Fire stopping) ။** မီးတားပစ္စည်းများသည် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ကိုက်ညီသော မီးဒဏ်ခံနိုင်ရည်ရှိသည့်ပစ္စည်းများဖြစ်ရမည်။

(ဂ) **Materials for Fire-Stopping ဆိုင်ရာ သတ်မှတ်ချက်များ။** သင့်လျော်သော မီးတားပစ္စည်းများတွင် အောက်ပါတို့ပါဝင်သည်-

(၁) နံရံ သို့မဟုတ် အခြားအပိုင်းများအား မီးဒဏ်ခံနိုင်ရည်ရှိစေရန် အသုံးပြုသည့် မီးတားခြင်းနှင့် မီးပိတ်ဆို့ခြင်းဆိုင်ရာ အထူးထုတ်လုပ်ထားသည့်ပစ္စည်းများနှင့် စနစ်များသည် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ကိုက်ညီရမည်။

(၂) အခြားမီးတားပစ္စည်းများမှာ-

(ကက) အင်္ဂတေ (Cement Mortar) ။

(ခခ) ပလာစတာဖြင့်အခြေခံပြုလုပ်ထားသောဂျစ်ပ်ဆင်ဘုတ်ပြား (Gypsum Based Plaster) ။

(ဂဂ) ဘိလပ်မြေ သို့မဟုတ် vermiculite/perlite ကဲ့သို့သော မီးခံသုတ်ဆေး အရောအနှောများဖြင့် အခြေခံပြုလုပ်ထားသော ဂျစ်ပ်ဆင်ဘုတ်ပြား။

(ဃဃ) ဖန်မျှင်များ၊ ကျောက်ကွဲစများ၊ မီးဖိုထွက်ချော်ရည်မှ ရရှိသော ကျောက်များ၊ သို့မဟုတ် ကြွေထည်မြေထည်ဆိုင်ရာထုတ်ကုန်များ၊ (တွဲဆက်ပစ္စည်းများ ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ)။

(င) ထုထည်ပွလာစေသည့် သုတ်ဆေးများ။

(မှတ်ချက်။) မီးတားခြင်းနည်းလမ်းနှင့် အသုံးပြုမည့်ပစ္စည်းများ ရွေးချယ်ခြင်းသည် ၎င်းတို့ကို အသုံးပြုသည့်နေရာ၊ အသုံးချမှုများနှင့် သင့်လျော်ရမည်။

၂၇။ **နံရံနှင့်မျက်နှာကြက်များ၏ မျက်နှာပြင်များပေါ်သို့ မီးတောက်ပျံ့နှံ့မှုမှတားဆီးခြင်း (Restriction of Spread of Flame over Surfaces of Walls and Ceilings)**

(က) မီးတောက်ပျံ့နှံ့နှုန်း Class (0) ရှိသည့်မျက်နှာပြင်ကို အောက်ပါသတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ တည်ဆောက်ထားရမည်-

(၁) နံရံ သို့မဟုတ် မျက်နှာကြက်ကို ပြုလုပ်ထားသောပစ္စည်းများအားလုံးသည် မီးလောင်မလွယ်သောပစ္စည်းများဖြစ်ရမည်။

(၂) မျက်နှာပြင်ပစ္စည်းသည် မီးတောက်ပျံ့နှံ့နှုန်း Class (1) ရှိရမည်။

(ခ) မီးတောက်ပျံ့နှံ့နှုန်း Class (0) အောက်ရှိ နံရံ၊ မျက်နှာကြက်တို့၏ မျက်နှာပြင် လိုအပ်ချက်များသည် စံသတ်မှတ်ချက် BS 476: Part 7 တွင် သတ်မှတ်ထားသော မျက်နှာပြင်ပေါ်သို့ မီးတောက်ပျံ့နှံ့ခြင်းဆိုင်ရာပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသည့်ပစ္စည်းများဖြင့် တည်ဆောက်ထားရမည်။

(ဂ) အောက်တွင်ဖော်ပြထားသကဲ့သို့ မီးတောက်ပျံ့နှံ့နှုန်း Class (1, 2, 3 and 4) တို့သည် ငယ်စဉ်ကြီးလိုက်စဉ်ထားပြီး Class (0) ကို အမြင့်ဆုံးအဆင့်အဖြစ် မှတ်ယူရမည် -

(၁) **မီးတောက်ပျံ့နှံ့နှုန်း Class (0) မျက်နှာပြင်**- မီးတောက်ပျံ့နှံ့နှုန်းလုံးဝမရှိသော မျက်နှာပြင် (Surface of no Flame Spread) အပိုဒ် ၂၇(က) ပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီသည့် မျက်နှာပြင်များ။

(၂) **မီးတောက်ပျံ့နှုန်းနှုန်း Class (1) မျက်နှာပြင်**- မီးတောက်ပျံ့နှုန်းမှုအလွန်နိမ့်သော မျက်နှာပြင် (Surface of Very Low Flame Spread) ။ သက်ဆိုင်ရာစမ်းသပ်မှု အခြေအနေတွင် ပျမ်းမျှမီးတောက်ပျံ့နှုန်းမှု ၁၅၀ မီလီမီတာ ထက်မကျော်သော မျက်နှာပြင်များ။

(၃) **မီးတောက်ပျံ့နှုန်းနှုန်း Class (2) မျက်နှာပြင်**- မီးတောက်ပျံ့နှုန်းမှုနိမ့်သော မျက်နှာပြင် (Surface of Low Flame Spread)။ သက်ဆိုင်ရာစမ်းသပ်မှုအခြေအနေ၌ ပထမ ၁.၅ မိနစ်အတွင်း မီးတောက်ပျံ့နှုန်းနှုန်း ၃၇၅ မီလီမီတာထက် မကျော်လွန်ဘဲ နောက်ဆုံးအခြေအနေတွင် ၄၅၀ မီလီမီတာထက်မကျော်လွန်သည့် မျက်နှာပြင်။

(၄) **မီးတောက်ပျံ့နှုန်းနှုန်း Class (3) မျက်နှာပြင်**- မီးတောက်ပျံ့နှုန်းမှုအလယ်အလတ်ရှိသောမျက်နှာပြင် (Surface of Medium Flame Spread) ။ သက်ဆိုင်ရာစမ်းသပ်မှုအခြေအနေ၌ ပထမ ၁.၅ မိနစ်အတွင်း မီးတောက်ပျံ့နှုန်းနှုန်း ၃၇၅ မီလီမီတာထက်မကျော်လွန်ခြင်းနှင့် ပထမ ၁၀ မိနစ် အတွင်း ၈၂၅ မီလီမီတာ ထက် မကျော်လွန်သည့်မျက်နှာပြင်။

(၅) **မီးတောက်ပျံ့နှုန်းနှုန်း Class (4) မျက်နှာပြင်**- မီးတောက်ပျံ့နှုန်းမှုမြန်သောမျက်နှာပြင် (Surface of Rapid Flame Spread) ။ သက်ဆိုင်ရာစမ်းသပ်မှု အခြေအနေ၌ ပထမ ၁.၅ မိနစ်အတွင်း မီးတောက်ပျံ့နှုန်းနှုန်း ၃၇၅ မီလီမီတာထက် ကျော်လွန်ခြင်း နှင့် ပထမ ၁၀ မိနစ်အတွင်း ၈၂၅ မီလီမီတာ ထက်ကျော်လွန်သည့် မျက်နှာပြင်။

(ဃ) အခန်း/နေရာတစ်ခုထဲရှိနံရံ သို့မဟုတ် မျက်နှာကြက်၏မျက်နှာပြင်သည် ဇယား (၄.၇) တွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် မီးတောက်ပျံ့နှုန်းနှုန်းအဆင့်ထက်မနိမ့်သော အဆင့်ဖြစ်ရမည်။

(၁) အဆောက်အအုံတစ်ခုလုံးတွင် အလိုအလျောက်ရေဖျန်းစနစ်ကို အခန်း (၇) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တပ်ဆင်ထားပါက အောက်ပါနေထိုင်မှုများ/ အသုံးပြုမှုများမှလွဲ၍ အခန်း/နေရာတစ်ခုထဲရှိ နံရံ သို့မဟုတ် မျက်နှာကြက်၏ မျက်နှာပြင် မီးဒဏ်ခံနိုင်ရည်သတ်မှတ်ချက်ကို ဖြေလျှော့ပေးသည်-

(ကက) ဆေးရုံ၊မသန်စွမ်းသူများစောင့်ရှောက်ရေးဂေဟာ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ချို့တဲ့သူများ

အတွက် စောင့်ရှောက်ရေးဂေဟာအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အဆောက်အအုံများ။

(ခခ) ပြုပြင်ထိန်းသိမ်းရေးစခန်းများ (Detention Facilities) ။

(ဂဂ) ထွက်ပေါက်လှေကား၊ ထွက်ပေါက်လျှောက်လမ်းနှင့် မီးခိုးတားခန်း/ မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်းများ။

(၂) အဆောက်အအုံတစ်ခုသည် အလိုအလျောက် ရေဖျန်းစနစ်ဖြင့် ကာကွယ်ထားခြင်းမရှိပါက နံရံနှင့်မျက်နှာကြက်၏မျက်နှာပြင်များသည် အပိုဒ် ၂၇(c)(၁)နှင့် အပိုဒ် ၂၇ (c) (၂) များတွင် ခွင့်ပြုထားသည့် မီးတောက်ပျံ့နှံ့နှုန်း Class (3) ထက်မနိမ့်သော မျက်နှာပြင်ဖြစ်ရမည်။

(၃) ရေဖျန်းစနစ်တပ်ဆင်မထားသော ကဇာတ်ရုံ (Auditorium) နေရာရှိ ဝင်လမ်း/ ထွက်လမ်းတစ်လျှောက် နံရံများ၏ မျက်နှာပြင်ပစ္စည်းအဖြစ် သစ်သားကို အသုံးပြုပြီး ထိုအပိုင်း၏စုစုပေါင်းဧရိယာသည် အဆိုပါကဇာတ်ရုံ (Auditorium) ရှိ ဘေးနံရံမျက်နှာပြင် ဧရိယာတစ်ခုလုံး၏ ၅၀ % ထက်မကျော်လွန်ပါက လိုအပ်သော မီးတောက်ပျံ့နှံ့နှုန်းအဆင့်သတ်မှတ်ချက်များကို လျှော့ပေါ့ပေးနိုင်သည်။

(c) **အခန်း သို့မဟုတ် အကန့်တစ်ခုအတွင်းရှိနံရံနှင့်မျက်နှာကြက်မျက်နှာပြင်၏ မီးတောက်ပျံ့နှံ့နှုန်းဆိုင်ရာ ဧရိယာကန့်သတ်ချက်များ**

(၁) အခန်း သို့မဟုတ် အကန့်တစ်ခုအတွင်းရှိ နံရံ၏မျက်နှာပြင် (ထိုအပိုင်းသည် နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုပါက ၎င်းတို့၏စုစုပေါင်းဧရိယာ) သည် အောက်ပါ အကျယ်အဝန်းထက်မပိုပါက မီးတောက်ပျံ့နှံ့နှုန်း Class (3) ထက်မနိမ့်သောပစ္စည်းဖြစ်ရမည်-

(ကက) အုပ်စု(၃)အမျိုးအစား အဆောက်အအုံ သို့မဟုတ် အကန့်တစ်ခုတွင် ၂၀ စတုရန်းမီတာ။

(ခခ) အခြားသောအဆောက်အအုံများတွင် ၆၀ စတုရန်းမီတာ။

(၂) မျက်နှာကြက်၏မျက်နှာပြင်တစ်ခုသည် ပြင်ပလေနှင့်ထိတွေ့နေသော အခြားမျက်နှာပြင်တစ်ခု (ခေါင်မိုးရှိလသာပေါက်အပါအဝင်) ထိုမျက်နှာကြက်ရှိ မျက်နှာပြင် အား မီးတောက်ပျံ့နှံ့နှုန်း Class (3) ထက်မနိမ့်သောပစ္စည်းများဖြင့် ပြုလုပ် ရမည်။ ထို့ပြင်-

(ကက) မီးခိုးတားခန်း၊ ထွက်ပေါက်လှေကားနှင့် ထွက်ပေါက်လျှောက်လမ်းများမှလွဲ၍ အုပ်စု(၃၊၄၊ ၅ နှင့် ၇) အမျိုးအစားအောက်ရှိ အဆောက်

အအုံများ သို့မဟုတ် အကန့်များနှင့် အခြားအုပ်စု အမျိုးအစား အဆောက်အအုံ သို့မဟုတ် အကန့်များရှိလှည့်ပတ်သွားလာနိုင်သည့် နေရာများရှိ မျက်နှာကြက်။

(၁ ၁) ထိုမျက်နှာကြက်အပိုင်း၏ ဧရိယာသည် ၂.၅ စတုရန်းမီတာ ထက်မပိုရ။

(၂ ၂) ထိုမျက်နှာကြက်အပိုင်း တစ်ခုနှင့်တစ်ခုအကြား အကွာအဝေး မှာ အနည်းဆုံး ၃.၅ မီတာ ရှိရမည်။

(ခခ) အုပ်စု(ဖြန့်၈)အမျိုးအစားအောက်ရှိ အဆောက်အအုံများ သို့မဟုတ် အကန့်များ၏ အခန်းမျက်နှာကြက်။

(၁ ၁) ထိုမျက်နှာကြက်ဧရိယာသည် ၅ စတုရန်းမီတာထက်မပိုရ။

(၂ ၂) ထိုမျက်နှာကြက်များ၏တစ်ခုနှင့်တစ်ခုအကြား အကွာအဝေး သည် အနည်းဆုံး ၁.၈ မီတာ ရှိရမည်။

(ဂဂ) ထိုမျက်နှာကြက်အားလုံးသည် မျက်နှာကြက်ဧရိယာတစ်ခုလုံးပေါ်တွင် အညီအမျှဖြန့်ကြက်တည်ရှိနေရမည်ဖြစ်ပြီး ထိုအပိုင်းများ၏ စုစုပေါင်းဧရိယာသည် အခန်းကြမ်းခင်းဧရိယာ၏ ၂၀ % ထက် မကျော်လွှင်။

(ဃဃ) ဆင်ဝင်၊ ဝရန်တာ၊ မော်တော်ယာဉ်များထားရန် ဟင်းလင်းပွင့်အဖီ၊ အမိုးပါသောလမ်းကြောင်း သို့မဟုတ် အမိုးပါသောကုန်တင်ကုန်ချ လမ်းကြောင်းများ၏ မျက်နှာကြက်ဖြစ်ပြီး အနည်းဆုံး ၎င်း၏ပိုရှည် သော အနားတစ်ဖက်သည် အမြဲအပွင့်ဖြစ်နေခြင်း။

(ငင) ကြမ်းခင်းဧရိယာ ၄၀ စတုရန်းမီတာ ထက်မပိုသော ကားဂိုဒေါင် တစ်ခု သို့မဟုတ် ပင်မအဆောက်အအုံနှင့် တွဲလျက်ဆောက်ထား သော သီးခြားအဆောက်အအုံတစ်ခု၏မျက်နှာကြက်၊(၎င်းအဆောက် အအုံသည်အဆောက်အအုံတစ်ခု၏ အပိုင်းတစ်ခု သို့မဟုတ် အခြား အဆောက်အအုံနှင့် တွဲထားသည်ဖြစ်စေ၊ သီးခြားရပ်တည်သည် ဖြစ်စေ)။

(စ) မီးခိုးတားခန်း/ မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်း၊ထွက်ပေါက်လှေကားများနှင့် လျှောက်လမ်း များမှလွဲ၍ မီးလောင်မလွယ်သော အောက်ခံမျက်နှာပြင်ပေါ်တွင် အထူ ၁ မီလီမီတာ

ထက်မပိုသည့် အချပ်ပါးပုံစံဖြင့် နံရံနှင့်မျက်နှာကြက်များ၏ အချောထည် (Finishing) သည် မျက်နှာပြင်မီးတောက်ပျံ့နှံ့မှုဆိုင်ရာပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့်ပြုသည်။

၂၈။ **အမိုးများ (Roofs)**

(က) အုပ်စု (၁နှင့်၂) အမျိုးအစား အဆောက်အအုံများနှင့် အခန်း (၇)ပါ ပြဋ္ဌာန်းချက်များနှင့် အညီ အလိုအလျောက်ရေဖျန်းစနစ် တပ်ဆင်ထားသည့် အဆောက်အအုံများမှလွဲ၍ အခြားအဆောက်အအုံများ၌ အမိုးမိုးခြင်းနှင့် အမိုးတည်ဆောက်ခြင်းတို့အတွက် အသုံးပြုသော ပစ္စည်းများ၏မျက်နှာပြင်သည် အနည်းဆုံးမီးတောက်ပျံ့နှံ့နှုန်း Class (1) ရှိရမည်။

(ခ) မီးသတ်ဦးစီးဌာနသည် အုပ်စု(၃၊ ၄၊ ၅ နှင့်၇) အမျိုးအစားအဆောက်အအုံများ၏ အမိုးတည်ဆောက်ရာတွင် မီးလောင်လွယ်သောပစ္စည်းများ အသုံးပြုခြင်းအား အောက်ပါ အချက်များနှင့် ကိုက်ညီပါက ခွင့်ပြုနိုင်သည်-

(၁) လေးထပ်ထက်မပိုသောအဆောက်အအုံ။

(၂) အပိုဒ် ၂၅ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသော အခေါင်းပေါက်/ ဂလိုင်ပေါက် အတားအဆီးဖြင့် ထပ်မံပိုင်းခြားထားပြီး ၎င်းတို့၏အပွင့်နေရာကို အပိုဒ် ၂၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မီးတားထားသော အမိုးနှင့် မျက်နှာကြက်ကြားရှိ နေရာ။

(၃) အမိုးအောက်အတွင်းပိုင်းအား အခန်း သို့မဟုတ် နေရာတစ်ခုခု၏ မျက်နှာကြက် အဖြစ်အသုံးပြုပါက၊ ထိုအပိုင်းကိုပြုလုပ်ထားသော ပစ္စည်းများသည် မီးတောက်ပျံ့နှံ့မှုကို ကန့်သတ်ရန်အတွက် အပိုဒ် ၂၇ ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

(ဂ) ပိုင်းခြားသောနံရံ သို့မဟုတ် အကန့်နံရံဆုံသည့် နေရာများတွင် အမိုးတည်ဆောက်ခြင်း စည်းခြားနံရံ (အသုံးပြုမှုမတူသော နေရာနှစ်ခုကို ခွဲခြားထားသောနံရံ) သို့မဟုတ် အကန့်နံရံတို့ဆုံသည့်နေရာများတွင် အမိုးတည်ဆောက်ခြင်းသည် အပိုဒ် ၂၀(ဂ) နှင့် အပိုဒ် ၂၁(ဃ) ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

(ဃ) **Roof Terrace ဆိုင်ရာ သတ်မှတ်ချက်။** Roof Terrace များကို အမိုးမိုးထားခြင်းမပြုရ။ တစ်စိတ်တစ်ဒေသ သို့မဟုတ် တစ်ခုလုံးကို အမိုးမိုးထားပါက နေထိုင်အသုံးပြုနိုင်သည့် အထပ်အဖြစ် သတ်မှတ်ရမည်။

၂၉။ **တည်ဆောက်ရာတွင်သုံးသောပစ္စည်းများ (Materials for Construction)**

(က) တည်ဆောက်ရာတွင်သုံးသောပစ္စည်းများသည်အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်-

(၁) အဆောက်အအုံ၏ အစိတ်အပိုင်းများ တည်ဆောက်ရာတွင် ဤအပိုင်းရှိ သတ်မှတ်ထားသော ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသည့်ပစ္စည်းများကို အသုံးပြုရမည်ဖြစ်ပြီး သက်ဆိုင်ရာအပိုင်းများတွင် ပြဋ္ဌာန်းထားသည့် မီးဒဏ်ခံနိုင်ရည်နှင့် မီးတောက်ပျံ့နှံ့မှု ကန့်သတ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့်လည်း ကိုက်ညီမှုရှိရမည်။

(ဃ) မီးသတ်ဆေးဘူး၏ အညွှန်း၊ လုပ်ဆောင်မှုညွှန်ကြားချက်ကို မြန်မာ/အင်္ဂလိပ်ဘာသာ စကားနှစ်မျိုးလုံးဖြင့်ရေးသားထားရမည်ဖြစ်ပြီး ထိုလမ်းညွှန်ချက်သည် မီးသတ်ဆေးဘူး၏ အရှေ့ဘက်မျက်နှာပြင်တွင် ရှိနေရမည်။

(င) ကြမ်းပြင်၏မည်သည့်နေရာမှမဆို အနီးဆုံးမီးသတ်ဆေးဘူးသို့ ရောက်ရှိနိုင်သော အကွာအဝေးသည် ၁၅ မီတာထက်မပိုရ။ ထူးခြားသော/သာမန်မဟုတ်သော ဘေးအန္တရာယ်မြင့်နေရာများအနီးတွင် ထားရှိရမည်။

(စ) အကြမ်းဖျင်းအလေးချိန် ၄ ကီလိုဂရမ်ထက် မပိုသော မီးသတ်ဆေးဘူးများ တပ်ဆင်ရာတွင် လက်ကိုင်ကိုကြမ်းပြင်မှ ၁.၂ မီတာထက် မပိုသော အမြင့်တွင် တပ်ဆင်ရမည်။ ၄ ကီလိုဂရမ်ထက်ပိုသော မီးသတ်ဆေးဘူးများကို တပ်ဆင်လျှင် မီးသတ်ဆေးဘူးကို သယ်ယူသည့်လက်ကိုင်ကွင်းသည် ကြမ်းပြင်မှ ၁ မီတာထက် မပိုသောနေရာ ဖြစ်ရမည်။

(ဆ) မီးသတ်ဆေးဘူးများနှင့်ပတ်သက်၍ အသေးစိတ်လိုအပ်ချက်များအား မီးသတ်ဦးစီးဌာနမှ ရည်ညွှန်းသည့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ကိုက်ညီရမည်။

၄၀။ အဆောက်အအုံအမျိုးအစားအလိုက်ကိုက်ညီသည့် မီးသတ်ရေတင်ပိုက် (Rising Main) နှင့် အရေးပေါ်ရေပက်ပိုက်လိပ်ခွေ (Hose Reel) စနစ်များကို အောက်ပါအတိုင်းတပ်ဆင်ရမည်-

(က) အုပ်စု(၁)အမျိုးအစားမှအပ ကျန်အုပ်စုအမျိုးအစားအဆောက်အအုံများတွင် နေထိုင်အသုံးပြုနိုင်သည့် ကြမ်းခင်းအမြင့် ၁၀ မီတာထက်ကျော်ပြီး ၂၄ မီတာထက်မပိုပါက မီးသတ်ရေတင်ပိုက်(ရေမပါ) (Dry Rising Main) စနစ်ကို တပ်ဆင်ရမည်။ ၎င်းအပြင် တစ်ထပ် သို့မဟုတ် အထပ်များစွာရှိသော မြေအောက်ထပ်များတွင်လည်း မီးသတ်ရေတင်ပိုက် (ရေမပါ) (Dry Rising Main) စနစ်ကို SS 575 နှင့်အညီ တပ်ဆင်ထားရှိရမည်။

(ခ) နေထိုင်အသုံးပြုနိုင်သည့်ကြမ်းခင်းအမြင့် ၂၄ မီတာထက်ကျော်သော အဆောက်အအုံများတွင် မီးသတ်ရေတင်ပိုက်(ရေပါ) (Wet Rising Main) စနစ်ကို တပ်ဆင်ရမည်။

(ဂ) မြေညီထပ်တစ်ခုမှဖြစ်စေ၊ လမ်းမှဖြစ်စေအဆောက်အအုံအတွင်းသို့ ဝင်ထွက်နိုင်သည့် တစ်ခုထက်ပိုသောဝင်ပေါက်မှ နေထိုင်အသုံးပြုနိုင်သော ကြမ်းခင်းအမြင့်တိုင်းတာခြင်းကို ဤစံချိန်စံညွှန်းသတ်မှတ်ချက်များပါ ပြဋ္ဌာန်းချက်အရ ထားရှိသော မီးသတ်ယာဉ်ရပ်ရန်အလွှာမှဖြစ်စေ၊ မီးသတ်ယာဉ်ပတ်လမ်းမှဖြစ်စေ တိုင်းတာရမည်။ (အုပ်စု(၂)အမျိုးအစား အဆောက်အအုံ များအတွက် အသုံးပြုနိုင်သည်)

၄၁။ မီးသတ်ရေတင်ပိုက် (Rising Main) များနှင့် မီးသတ်ရေထုတ်ပေါက် (Landing Valve) များ၏ အရေအတွက်၊ တည်နေရာ၊ အရွယ်အစားတို့ကို SS 575 နှင့်အညီ အောက်ပါအတိုင်းထားရှိရမည်-

(က) အဆောက်အအုံအတွင်း နေထိုင်အသုံးပြု၍ရသောနေရာတိုင်းသည် မီးသတ်ရေထုတ်ပေါက် (Landing Valve) မှ ၃၈ မီတာ အကွာအဝေးအတွင်း ရှိရမည်။ အကယ်၍ ၃၈ မီတာထက် ကျော်လွန်ပါက နောက်ထပ် မီးသတ်ရေထုတ်ပေါက် (Landing Valve) တစ်ခု ထပ်မံထားရှိရမည်။ အဆိုပါ ၃၈ မီတာ အကွာအဝေးအား တိုင်းတာရာတွင် အတားအဆီးများအားလုံးကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

(ခ) မီးသတ်ရေတင်ပိုက် (Rising Main) နှင့် ပူးတွဲပါမီးသတ်ရေထုတ်ပေါက် (Landing Valves) များကို မြင်သာပြီးမည်သည့်အတားအဆီးမျှ မရှိစေရ။

(ဂ) မီးသတ်ရေထုတ်ပေါက် (Landing Valve) ကို မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်း (Fire Fighting Lobby)၊ မီးခိုးတားခန်း (Smoke Stop Lobby)၊ ထွက်ပေါက်လှေကား (Exit Staircase) နေရာတွင် ဖော်ပြပါဦးစားပေးအစီအစဉ်အတိုင်း ထားရှိရမည်။

(ဃ) မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်း (Fire Fighting Lobby)၊ မီးခိုးတားခန်း (Smoke Stop Lobby) သို့မဟုတ် ပြင်ပစင်္ကြံများ (External Corridors) မလိုအပ်သော အဆောက်အအုံ ဖြစ်ပါက ၎င်းကို ထွက်ပေါက်လှေကားခွင် (Exit Staircase) အတွင်းထားရှိရမည်။ ထွက်ပေါက်လှေကား၏ တံခါး (Door of Exit Staircase) နှင့်ကပ်လျက် အများသုံးနေရာ (Common Area) တွင် ထားရှိမည်ဆိုပါက မီးဘေးအန္တရာယ်မှ လုံခြုံသောအကာအကွယ် အတွင်းတွင်ထားရှိရမည်။

၄၂။ မီးသတ်ရေတင်ပိုက်စနစ်အတွက် ရေသွင်းပေါက် (Breeching Inlets) လိုအပ်ချက်များနှင့် သတ်မှတ်ချက်များသည် အောက်ဖော်ပြပါအချက်များအပြင် SS 575 နှင့်လည်း ကိုက်ညီရမည်-

(က) ရေသွင်းပေါက် (Breeching Inlet) သည် အဆောက်အအုံတစ်ခု၏ပြင်ပနံရံတစ်ခု သို့မဟုတ် နယ်နိမိတ်နံရံတစ်ခုအတွင်းရှိ မီးငြိမ်းသတ်ရေးယာဉ်/စက်ပစ္စည်းများ ရပ်ရန်နေရာမှ ၁၈ မီတာ အတွင်းရှိရမည်ဖြစ်ပြီး မီးသတ်ယာဉ်ရပ်ရန်နေရာမှဖြစ်စေ၊ မီးသတ်ယာဉ်ပတ်လမ်းမှဖြစ်စေမြင်နိုင်ရမည်။

(အုပ်စု(၂)အမျိုးအစားအဆောက်အအုံအတွက်သာ)

(ခ) အုပ်စု(၂)အမျိုးအစားအဆောက်အအုံများတွင် မီးသတ်ရေတင်ပိုက်(ရေမပါ) (Dry Rising Main) အတွက် ၎င်းပိုက်၏ အောက်ခြေတွင်ရေသွင်းပေါက် (Breeching Inlet) ကို တိုက်ရိုက် တပ်ဆင်ထားရမည်။ လုပ်ငန်းခွင်အတားအဆီးများ (site constraint) ကြောင့်မတပ်ဆင်နိုင်ပါက ရေသွင်းပေါက် (Breeching Inlet) နှင့် မီးသတ်ရေတင်ပိုက် (Rising Main) အကြားရေပြင်ညီအတိုင်း သွယ်တန်းရမည့်ပိုက်အလျားသည် အများဆုံး ၁၂ မီတာထက် မပိုရ။

(ဂ) ရေသွင်းပေါက်(Breeching Inlet)များနှင့် မီးသတ်ရေတင်ပိုက် (Rising Main) အကြား ဆက်သွယ်သည့်ပိုက်ကို မီးသတ်ရေတင်ပိုက် (Rising Main) နှင့် နီးနိုင်သမျှ နီးစေရန်

သွယ်တန်းထားရမည်ဖြစ်ပြီး ထိုပိုက်သည်ရေထုတ်ဗား (Drain Valve) ဆီသို့ နိမ့်ဆင်းသွားရမည်။

(ဃ) ပေါ်လွင်ထင်ရှား၍အလွယ်တကူမြင်တွေ့နိုင်ပြီး မီးသတ်သမားများ လက်လှမ်းမီနိုင်သည့် နေရာဖြစ်ရမည်။

(c) ရေသွင်းပေါက် (Breeching Inlet) သည် မြေပြင်အထက် ၇၆၀ မီလီမီတာ မှ ၁၀၀၀ မီလီမီတာခန့်တွင် ရှိရမည်။

(စ) မီးသတ်ယာဉ်တွင်ပါရှိသည့် အချင်း ၆၃.၅ မီလီမီတာရှိသော မီးသတ်ပိုက်လိပ် (Fire Hose) ကို ဆက်သွယ်နိုင်ရန်အတွက် အဖိုခေါင်းပါရှိသည့် ရေသွင်းပေါက် (Breeching Inlet) များကို မီးသတ်ရေတင်ပိုက်များတွင် အောက်ပါအတိုင်းတပ်ဆင်ရမည်-

(၁) ပိုက်ဝအကျယ် ၁၀၀ မီလီမီတာရှိသော မီးသတ်ရေတင်ပိုက်ကို အသုံးပြုမည်ဆိုပါက အပေါက် ၂ ခုပါသောရေသွင်းပေါက် (2-Way Breeching Inlet)။

(၂) ပိုက်ဝအကျယ် ၁၅၀ မီလီမီတာရှိသော မီးသတ်ရေတင်ပိုက်ကို အသုံးပြုမည်ဆိုပါက ၄ ခုပါသောရေသွင်းပေါက် (4-Way Breeching Inlet)။

(ဆ) မီးသတ်ရေတင်ပိုက်(ရေပါ) (Wet Rising Main) အတွက် ရေသွင်းပေါက်များကို ရေလှောင်ကန် သို့မဟုတ် ရေစုပ်ကန်သို့ ရေပြန်လည်ဖြည့်တင်းပေးရန် ချိတ်ဆက်ထားရမည်။ အဆိုပါရေကန်သည်အမြင့် ၂၄ မီတာထက် မပိုသောနေရာတွင်ရှိရမည်။

(ဇ) ရေသွင်းပေါက် (Breeching Inlet) အားလုံးကိုအန္တရာယ်မရှိစေသော မှန်မျက်နှာပြင်ဖြင့် ကာရံထားသောသေတ္တာဂယ် (Cabinet) အတွင်း ထားရှိရမည်ဖြစ်ပြီး ၎င်းသေတ္တာ (Cabinet) ပေါ်တွင် စာဖြင့်ညွှန်ပြထားရမည်။

(စျ) ရေသွင်းပေါက်များ (Breeching Inlets) ကို မီးသတ်ရေတင်ပိုက်(ရေပါ) (Wet Rising Main) အတွက် အနီရောင်သုတ်ထားရမည်ဖြစ်ပြီး မီးသတ်ရေတင်ပိုက်(ရေမပါ) (Dry Rising Main) အတွက် အဝါရောင်သုတ်ထားရမည်။

(ည) မီးသတ်ရေတင်ပိုက်(ရေမပါ) (Dry Rising Main) အသုံးပြုပြီးနောက် ရေပိုက်အတွင်းမှ ရေများ ထုတ်ပစ်နိုင်ရန် ရေသွင်းပေါက် (Breeching Inlet) တွင် ၂၅ မီလီမီတာရှိသော ရေထုတ်ဗား (drain valve) တပ်ဆင်ထားရမည့်အပြင် ပိုက်စနစ်၏ အနိမ့်ဆုံးနေရာတွင်လည်း တပ်ဆင်ထားရမည်။

၄၃။ **မီးသတ်ရေတင်ပိုက် (Wet Rising Main)** စနစ်အတွက် ရေရရှိမှု၊ သိုလှောင်ထားရှိရမည့် ရေပမာဏ၊ ရေသိုလှောင်ကန်တည်နေရာ၊ ရေစီးနှုန်း၊ ဖိအားနှင့် သတ်မှတ်ချက်များသည်SS 575 နှင့် ကိုက်ညီ ရမည်။

၄၄။ အုပ်စု(၁နှင့်၂)အမျိုးအစား အဆောက်အအုံများမှအပ ကျန်အဆောက်အအုံများတွင် မီးသတ်ရေတင်ပိုက်တိုင်းအတွက် အရန်သင့်မီးသတ်ပိုက်လိပ် (Standby Fire Hose) ထားရှိရမည်ဖြစ်ပြီး အမျိုးအစား၊ ပိုက်လိပ်နည်းနှင့် နေရာချထားမှုများမှာအောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်-

(က) လက်ရှိတွဲဆက်ထားသော အစွန်းထွက်အစိတ်အပိုင်းနှင့် တွဲဆက်ခြင်းကိုက်ညီရန် အရန်သင့် မီးသတ်ပိုက်လိပ် (Standby Fire Hose) သည် အတွင်းပိုက်ဝအချင်း ၆၃.၅ မီလီမီတာရှိရမည်။ ပိုက်သည် BS 6391 တွင် အသိအမှတ်ပြုထားသော အရည်အသွေးတူ မီးသတ်ပိုက်လိပ် ဖြစ်ရမည်။

(ခ) မီးသတ်ပိုက်ခေါင်းအဆက် (Fire Hose Couplings) ကို BS သတ်မှတ်ချက်များ အတိုင်း ပေါ့ပါးသောသတ္တုစပ် သို့မဟုတ် ကြေးနီ၊ သံဖြူ၊ သွပ်ရောစပ်သတ္တုတို့ဖြင့် ထုတ်လုပ်ထားရမည်။ အဆက်များသည် ၆၃.၅ မီလီမီတာအရွယ်အစားဖြစ်ရမည်ဖြစ်ပြီး (တစ်ပြိုင်နက်နှစ်ဖက်ဆွဲ) တင်းအားလျော့ပုံစံအမျိုးအစားဖြစ်ရမည်။ အဆက်သည် သွပ်ရည်စိမ်ပျော့ပြောင်းသော သံမဏိဝါယာဖြင့် ခိုင်မြဲစွာတုပ်နှောင်ထားပြီး မီးသတ်ပိုက်လိပ် (Fire Hose) (ဖိုင်ဘာအတု-Synthetic Fibre) အထိန်းကိရိယာဖြင့်ထားရှိရမည်။ အနည်းဆုံး အလုပ်လုပ်သော ဖိအား ၁၅ ဘားကို ခံနိုင်ရည်ရှိရမည်။

(ဂ) မီးသတ်ပိုက်လိပ် (Fire Hose) တစ်ခုစီသည် ၃၀ မီတာစံသတ်မှတ်ထားသည့် အရှည်ရှိရမည်ဖြစ်ပြီး မှန်မျက်နှာစာရှိသောသေတ္တာတွင် ဒတ်ချ်ရိုး (Dutch Roll) အလိပ်ပုံစံဖြင့် ကောင်းမွန်သေသပ်စွာ ထားသိုရမည်။ ဒတ်ချ်ရိုး (Dutch Roll) သည် ပုံ(၇.၁) တွင် ဖော်ပြထားသော ပိုက်လိပ်နည်း ဖြစ်သည်။



ပုံ (၇.၁)

(ဃ) မီးသတ်ပိုက်လိပ် (Fire Hose) ကို မီးသတ်ရေထုတ်ပေါက် (Landing Valve) ၏ဘေး ၂ မီတာထက် ပိုမဝေးသောနေရာတွင် တပ်ဆင်ထားရှိရမည်။

(c) မီးသတ်ပိုက်လိပ် (Fire Hose) နှင့် သေတ္တာ (Cabinet) တစ်ခုလုံးပေါ်တွင် နေရောင်ခြည် တိုက်ရိုက်ကျရောက်ခြင်းမရှိရ။

၄၅။ နံရံတွင်တပ်ဆင်ထားသော မီးသတ်ပိုက်လိပ် (Fire Hose)နှင့် သေတ္တာ (Cabinet) သည် အောက်ပါအတိုင်း ဖြစ်ရမည်-

(က) မီးသတ်ပိုက်လိပ်တစ်ခု သို့မဟုတ် နှစ်ခု၏အလေးချိန်ကိုခံနိုင်ရန် သေတ္တာ (Cabinet) အား နံရံ သို့မဟုတ် Free Standing Support ပုံစံဖြင့် ခိုင်ခံ့စွာ တပ်ဆင်ထားရမည်။

(ခ) သေတ္တာ (Cabinet) သည် ကြာရှည်ခံ၍ မီးလောင်မလွယ်သောပစ္စည်းများနှင့် တည်ဆောက်ထားရမည်။

(ဂ) သေတ္တာ (Cabinet) ကို သေ့ခတ်ထားလျှင် သေ့တံကိုအသုံးမပြုဘဲ မီးသတ်သမားမှ ရှေ့ပိုင်းမှန်/ ပလတ်စတစ် (အနည်းဆုံး ၃၀၀ မီလီမီတာ ၃၀၀မီလီမီတာ) ကို ရိုက်ခွဲ၍ အတွင်းမှရယူအသုံးပြုနိုင်သည့် အမျိုးအစားတစ်ခုခု ဖြစ်ရမည်။

(ဃ) မီးသတ်သမားများမှ မီးသတ်ပိုက်ကိုအလွယ်တကူ အသွင်း/အထုတ် ပြုလုပ်နိုင်ရန် သေတ္တာတံခါး (Cabinet Swing Door) သည် အတားအဆီးမဖြစ်စေရ။

(c) သေတ္တာ၏အနက်သည် (The Depth of Cabinet) မီးသတ်ပိုက်တစ်ခုအတွက် ၂၅၀ မီလီမီတာ နှင့် မီးသတ်ပိုက်နှစ်ခုအတွက် ၃၅၀ မီလီမီတာထက် မပိုရ။

(စ) သေတ္တာ (Cabinet) ကို အနီရောင်သုတ်ထားပြီး အလွယ်တကူမြင်သာသော နေရာတွင် ထားရှိရမည်။

(ဆ) စာလုံးအရွယ်အစား အနည်းဆုံးအမြင့် ၅၀ မီလီမီတာဖြင့် အဖြူရောင်သုံးကာ “Fire Hose” ဟု သေတ္တာရှေ့မျက်နှာစာတွင် ရေးသားထားရမည်။

(ဇ) သေတ္တာအစား၊ မီးသတ်ပိုက်အတွက် ရိုးရိုးနံရံကပ်ခွက်ဖြင့် ထားရှိနိုင်သည်။ သို့သော် ၎င်းကိုမီးဘေးအန္တရာယ်မှ လုံခြုံသော Landing Valves Closest အတွင်းတွင်သာ ထားရှိရမည်။ နံရံကပ်ခွက်သည် မီးသတ်သမားများမှ မီးသတ်ပိုက်ကို အလွယ်တကူ ထုတ်ယူ၊ ပြန်သိမ်းနိုင်ရန် တည်ဆောက်ထားရှိရမည်။

(စျ) နံရံကပ်ခွက် (သေတ္တာအစား) သည် ပြုပြင်ထိန်းသိမ်းမှု လွတ်ကင်းရမည်။ တပ်ဆင်ရမည့် မီးသတ်ပိုက်အမြင့်သည် သတ်မှတ်ချက်များအတိုင်း ဖြစ်ရမည်။

(ည) သန့်ရှင်း၊ ခြောက်သွေ့ပြီး ကျစ်လျစ်စွာလိပ်ထားသောမီးသတ်ပိုက်ကို နိုင်လွန်ကပ်ခွာ သိုင်းကြိုးဖြင့် သတ်မှတ်ချက်များအတိုင်း သေတ္တာထဲတွင် ထားရှိရမည်။

(ဋ) မီးသတ်ပိုက်အတွက် အရည်အသွေးစံနှုန်းဆိုင်ရာ နည်းပညာပြဋ္ဌာန်းချက်များသည် BS 6391 နှင့်အညီ ထားရှိရမည်။

၄၆။ **တည်ဆောက်ဆဲအဆောက်အအုံများ (Buildings Under Construction)** တွင် မီးသတ်ရေတင်ပိုက် (Rising Main) တပ်ဆင်ရန်လိုအပ်လျှင် ထိုမီးသတ်ရေတင်ပိုက် (Rising Main) များကို တည်ဆောက်ဆဲအဆောက်အအုံတွင် ပြီးစီးသည့်အထပ်များ၏ တိုးလာသည့်အမြင့်ကိုလိုက်၍ တပ်ဆင်ရမည်။ ရေထုတ်ပေါက်များ (outlets)၊ မီးသတ်ရေထုတ်ပေါက်များ (Landing Valve) ၊ ရေသွင်းပေါက်များ (inlets) ၊ ရေသိုလှောင်ကန်များ (tanks) ၊ ပန့်များ (pumps) နှင့် မီးသတ်

ရေငုတ်များ (Fire Hydrants) စသည့်စနစ်များအားလုံးကို မီးသတ်ဦးစီးဌာနမှ ညွှန်ကြားသည့်အတိုင်း ကောင်းစွာတပ်ဆင်ရမည်။ သို့မှသာ မီးလောင်မှုဖြစ်ပွားလျှင် လွယ်ကူစွာအသုံးပြုနိုင်မည်။

၄၇။ ဘွိုင်လာခန်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများ (Highly Combustible Materials) ရှိသည့် စတိုခန်းတို့သည် မြေအောက်ထပ်တွင်တည်ရှိနေလျှင် မီးသတ်သမားများ အလွယ်တကူလက်လှမ်းမမီပါကဝင်းအခန်းနှင့် နီးကပ်သောနေရာများသို့ အမြှုပ်များပေးပို့နိုင်ရန် အတွက် အမြှုပ်သွင်းပေါက်များ **(Foam Inlets)** နှင့်ပိုက်စနစ်များကို ထားရှိရမည်။ နှစ်ပေါက်ပါသော ရေသွင်းပေါက် (2-Way Breeching Inlet) ကို မြေညီထပ်တွင်တပ်ဆင်ပြီးအဆိုပါ အခန်းများ၏ အပြင်ဘက်တွင် အနည်းဆုံးပိုက်ဝ အကျယ် ၁၀၀ မီလီမီတာပိုက်ဖြင့်ဆက်၍ အဆုံးသတ်နေရာတွင် မီးသတ်ရေထုတ်ပေါက် (Landing Valve) နှင့်ရေသွင်းပေါက်များ (Breeching Inlets) ကို သတ်မှတ် ပြဋ္ဌာန်းချက်များအတိုင်း ထားရှိရမည်။ အဆိုပါအခန်းများသည် မီးသတ်ယာဉ်ရပ်ရန်နေရာ (Fire Engine Accessway) ဘေးကပ်လျက်တွင်ရှိ၍ မီးသတ်သမားသုံးဝင်ထွက်ပေါက်များ (Access Openings) လည်းရှိပါက အမြှုပ်သွင်းပေါက် **(Foam Inlet)** နှင့်မီးသတ်ရေထုတ်ပေါက်များထားရှိရန် မလိုအပ်ပါ။

၄၈။ အောက်ပါခြွင်းချက်များမှအပ ကျန်အဆောက်အအုံအမျိုးအစားအားလုံး၏ အထပ်တိုင်းတွင် အရေးပေါ်ရေပက်ပိုက်လိပ်ခွေ (Hose Reel) ကို SS 575 နှင့်အညီတပ်ဆင်ရမည်-

(က) အုပ်စု (၁) အမျိုးအစားအဆောက်အအုံများ။

(ခ) လူနေအိမ်အဆောက်အအုံများ၏ မြေညီထပ်တွင်လူနေထိုင်ရန်အသုံးပြုခြင်းမဟုတ်ဘဲ အောက်ပါအခြေအနေများနှင့် ကိုက်ညီလျှင်-

(၁) ဈေးဆိုင် သို့မဟုတ် ရုံးကြမ်းခင်းဧရိယာသည် ၁၅၀ စတုရန်းမီတာထက်မပို လျှင်။

(၂) လူနေထပ်နှင့်အဆောက်အအုံ၏ ကျန်အစိတ်အပိုင်းများအား ကန့်ထားလျှင် ။

(၃) စားသောက်ရေးအတွက် မီးတောက်လောင်နိုင်သောပစ္စည်းများသိုလှောင်ခြင်း ထားရှိခြင်း မပြုလျှင် ။

(၄) အများပြည်သူ ဖျော်ဖြေရေးဆိုင်များအဖြစ် အသုံးမပြုလျှင်။

(၅) စက်ရုံနှင့် သိုလှောင်ရုံ (ကုန်လှောင်ရုံ) အုပ်စုအမျိုးအစားများ မဟုတ်လျှင်။

(ဂ) အုပ်စု (၆ နှင့်၈) အမျိုးအစား အဆောက်အအုံများမှအပ သီးခြားတည်ရှိနေသော အသေးစားတစ်ထပ်လုံခြုံရေးဂိတ်၊ အမှိုက်သိမ်းဌာန၊ လျှပ်စစ်ဓာတ်အားခွဲရုံနှင့် ၂၀၀ စတုရန်းမီတာထက်မပိုသော ဘေးဘက်အပွင့်ဖြစ်နေသောနေရာများ။

၄၉။ အရေးပေါ်ရေပက်ပိုက်လိပ်ခွေ (Hose Reel) သည် အလျား ၃၀ မီတာထက်မပိုသည့် အရှည်ရှိရမည်ဖြစ်ပြီး အချင်း ၂၀ မီလီမီတာ သို့မဟုတ် ၂၅ မီလီမီတာ ဖြစ်ရမည်။ ရေပေးပို့ရာတွင် စီးဆင်းမှုနှင့် အနည်းဆုံးရေဖိအားတို့သည် SS 575 နှင့်ကိုက်ညီရမည်။ နော်ဇယ်ခေါင်းများသည် ၄ မီလီမီတာ သို့မဟုတ် ၆ မီလီမီတာ ရှိရမည်။

၅၀။ အဆောက်အအုံတွင် အသုံးပြုမည့် မီးဘေးလုံခြုံရေး ပစ္စည်းကိရိယာများ၏ သင်္ကေတကို ထင်ရှားစွာ ပုံဖော်ပြသထားရမည်။ ဇယား (၇.၁) တွင် သင်္ကေတဖြင့် အသေးစိတ်ပုံဖော်ထားမှုများကို မြင်နိုင်သောအကွာအဝေးအလိုက် ဖော်ပြထားသည်။

၅၁။ လျှပ်စစ်မီးလှန့်အချက်ပေးစနစ်များ (Electrical Fire Alarm Systems) ကို အောက်ပါ အတိုင်း တပ်ဆင်ရမည်-

(က) အုပ်စု (၁နှင့်၂) အမျိုးအစားအဆောက်အအုံများမှအပ အဆောက်အအုံတိုင်း သို့မဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်းတိုင်းတွင်ရှိသော ကြမ်းခင်းဧရိယာစုစုပေါင်းသည် ဇယား(၇.၂)တွင် အသေးစိတ်ဖော်ပြထားသည့် ကြမ်းခင်းဧရိယာထက်ပိုကြီးလျှင် မီးလှန့်အချက်ပေးစနစ် တပ်ဆင်ရမည်။ ထိုအချက်ပေးစနစ်သည် အလိုအလျောက် မီးလှန့် အချက်ပေးစနစ် (Automatic Fire Alarm System) ဖြစ်စေ၊ လူအားဖြင့် မီးလှန့် အချက်ပေးစနစ် (Manual Fire Alarm System) ဖြစ်စေ ဖြစ်ရမည်ဖြစ်ပြီး တပ်ဆင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်း ခြင်းအတွက် SS CP 10 နှင့်အညီ ဖြစ်စေရမည်။ အပိုဒ် ၅၆ အရ လိုအပ်လျှင် ထိုစနစ်ကို အတည်ပြုထားသော အချက်ပေးစောင့်ကြည့်ရေးဌာန မှတစ်ဆင့် မီးသတ်ဦးစီးဌာနသို့ ချိတ်ဆက်ထားရမည်။

(ခ) စီးပွားရေးလုပ်ငန်းနှင့် လူနေအိမ်ရောနှောအသုံးပြုသည့် အဆောက်အအုံများအတွက် အပေါ်ပိုင်းတွင်ရှိသော လူနေအိမ်အထပ်၏အများသွားလာသည့် နေရာများတွင် လူအား ဖြင့် မီးလှန့်အချက်ပေးစနစ် (Manual Fire Alarm System) တပ်ဆင်ထားရမည်။ အဆောက်အအုံများ၏ နေထိုင်အသုံးပြုနိုင်သည့် ကြမ်းခင်းအမြင့်သည် ၂၄ မီတာထက်မပိုခဲ့ပါက လူနေအိမ်အထပ်တိုင်းရှိ လူအများသွားလာသည့်

နေရာများတွင် မီးလှန့်အချက်ပေးစနစ်၏ အချက်ပေးခေါင်းလောင်း (Alarm Bell) ကိုသာ တိုးချဲ့တပ်ဆင်သွားရန် လိုအပ်သည်။

(ဂ) မော်တော်ယာဉ်ရပ်နားရန်နေရာ (မြေအောက်ထပ်တွင်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ) များ၏ အပေါ်တွင်ရှိသော လူနေအိမ်အထပ်များအတွက် ဇယား (၇.၂) ၏ ပြဋ္ဌာန်းချက်များအရ မီးလှန့်အချက်ပေးစနစ်ထားရှိရန်လိုအပ်လျှင် အဆောက်အအုံ၏အမြင့်ကို ထည့်သွင်းမစဉ်းစားဘဲ မီးလှန့်အချက်ပေးစနစ်၏ အချက်ပေးခေါင်းလောင်းများကို လူနေအိမ်အထပ်တိုင်းရှိ အများသွားလာသည့်နေရာများတွင် တိုးချဲ့တပ်ဆင်ထားရမည်။

(ဃ) အုပ်စု (၁နှင့်၂) အမျိုးအစားအဆောက်အအုံများမှအပ အထက်တွင်ဖော်ပြထားသည့် (က) အတိုင်းဖြစ်သော်ငြား အခြားအုပ်စုများ၏ ၂ ထပ်မှ ၄ ထပ်အထိရှိသော အဆောက်အအုံများရှိအထပ်တစ်ခုချင်းစီ၏ စုစုပေါင်းကြမ်းခင်းဧရိယာသည် ဇယား (၄.၁) တွင် သတ်မှတ်ထားသည့်အရွယ်အစားထက် ပိုကြီးနေလျှင် ၎င်းအဆောက်အအုံများတွင် အလိုအလျောက်မီးလှန့်အချက်ပေးစနစ် (Automatic Fire Alarm System) တပ်ဆင်ထားရမည်။

(c) အလုပ်သမားအိပ်ဆောင်များအပါအဝင် အိပ်ဆောင်များအားလုံးအတွက် လျှပ်စစ်မီးလှန့်အချက်ပေးစနစ်ကို SS CP 10 နှင့် အညီ အောက်ပါအတိုင်းထားရှိရမည်-

(၁) ၄ ထပ်ထက်မပိုသောအိပ်ဆောင်များအတွက် လူအားဖြင့် မီးလှန့်အချက်ပေးစနစ် (Manual Fire Alarm System)။

(၂) ၄ ထပ်ထက်ပိုသောအိပ်ဆောင်များအတွက် အလိုအလျောက်မီးလှန့်အချက်ပေးစနစ် (Automatic Fire Alarm System) ရှိရမည်။

၅၂။ မီးလှန့်အချက်ပြပုံး (Fire Alarm Panel) ကို အောက်ပါအတိုင်း တပ်ဆင်ထားရှိရမည်-

(က) လူအားဖြင့်မီးလှန့်အချက်ပေးစနစ် (Manual Fire Alarm System) သို့မဟုတ် အလိုအလျောက်မီးလှန့်အချက်ပေးစနစ် (Automatic Fire Alarm System) တွင် မီးလောင်မှုဖြစ်ပွားသည့် နေရာကိုဖော်ပြသော မီးလှန့်အချက်ပြပုံး (Fire Alarm Panel) သည် SS CP 10 နှင့်အညီ အသုံးပြုရမည်။

(ခ) မီးလှန့်အချက်ပြပုံး (Fire Alarm Panel) အတွက်ဆက်စပ်ကိရိယာများနှင့် ထိန်းချုပ်ကိရိယာများ၊ လမ်းညွှန်ကိရိယာများ၏ ဝါယာသွယ်တန်းမှုနှင့် ဓာတ်အားပေးပို့မှုအစီအမံများသည် SS CP 10 တွင် အသေးစိတ်ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များကို လိုက်နာရမည်။

(ဂ) အဆောက်အအုံ၏ မီးလှန့်အချက်ပေးခြင်း (Detectors/ Manual Call Points/ Flow Switches/ Others I/O Modules) မှတစ်ဆင့်စတင်လုပ်ဆောင်မည့် အလိုအလျောက်

စနစ်အားလုံးသည် မီးလှန့်အချက်ပြစနစ် (Fire Alarm system) ကိုသာ အသုံးပြုရမည်။

(ဃ) မီးလှန့်အချက်ပြပုံး (Fire Alarm Panel) ကိုအဆောက်အအုံ၏ ပင်မဝင်ပေါက်အနီး၊ မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်း (Fire Command Centre) ၊ လုံခြုံရေးဂိတ်၊ မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်း (Fire Fighting Lobby) တို့တွင် ထားရှိရမည်။

(c) တစ်ဆင့်ခံမီးလှန့်အချက်ပြပုံး (Sub Fire Alarm Panel) ထားရှိလျှင် SS CP 10 နှင့်အညီ မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်း (Fire Fighting Lobby)၊ မီးခိုးတားခန်း (Smoke Stop Lobby)၊ အကာအကွယ်ပြုလုပ်ထားသော လှေကားအိမ်တို့တွင် ဦးစားပေး အစီအစဉ်အတိုင်း ထားရှိရမည်။ သို့မဟုတ်ပါက အချက်ပေးနယ်မြေ/ဇုန် (Alarm Zone) လွှမ်းခြုံမှုရှိသည့် ဝင်ပေါက်၏ အဓိကနေရာတွင် ထားရှိရမည်။

၅၃။ လက်နှိပ်အချက်ပေးခလုတ် (Manual Call Point) ကို အောက်ပါအတိုင်းတပ်ဆင်ထားရှိရမည်-

(က) အပိုဒ် (၅၁) ပါပြဋ္ဌာန်းချက်များမှအပ လက်နှိပ်အချက်ပေးခလုတ် (Manual Call Point) များကို အဆောက်အအုံ၏အထပ်တိုင်း သို့မဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်းတိုင်းတွင်ထားရှိရမည်။ ထိုသို့ထားရှိရာတွင် အဆောက်အအုံ၏မည်သည့်နေရာမှမဆို အချက်ပေးခလုတ်ကိုဖွင့်ရန် သွားရောက်ရမည့်အကွာအဝေးသည် ၃၀ မီတာထက် မပိုရ။

(ခ) လက်နှိပ်အချက်ပေးခလုတ် (Manual Call Point) များကို ထွက်ပေါက်လမ်းကြောင်းရှိ အရေးပေါ်ရေပက်ပိုက်လိပ်ခွေ (HoseReel) နှင့်ကပ်လျက်တွင် ထားရှိရမည်။ အထူးသဖြင့် ထွက်ပေါက်လှေကား၏ တစ်ဆစ်ချိုးကြမ်းခင်းနေရာနှင့် အပြင်သို့ တိုက်ရိုက်ရောက်ရှိနိုင်သည့် ထွက်ပေါက်များတွင် ထားရှိရမည်။ အလိုအလျောက် မီးလှန့်အချက်ပေးစနစ် (Automatic Fire Alarm System) သို့မဟုတ် လူအားဖြင့်မီးလှန့် အချက်ပေးစနစ် (Manual Fire Alarm System) တစ်ခုရှိသည့် နေရာတွင် လက်နှိပ်အချက်ပေးခလုတ် (Manual Call Point) ၏ တည်နေရာ အညွှန်းများ ဖော်ပြထားခြင်းသည် SS CP 10 နှင့်အညီ လိုက်နာရမည်။

(ဂ) လက်နှိပ်အချက်ပေးခလုတ် (Manual Call Point) ကိုအတားအဆီးများမှ ကင်းလွတ်၍ အလွယ်တကူလက်လှမ်းမီပြီးမြင်သာသည့် ကြမ်းပြင်မှအထက် ၁.၄ မီတာတွင် ထားရှိရမည်။ အသံအချက်ပေးကိရိယာ (Sounding Device) တပ်ဆင်ခြင်းသည် SS CP 10 နှင့်အညီ ဖြစ်ရမည်။

(ဃ) စက်ရုံထပ်ခိုးအလွှာ (Mezzanine Floor) ၏နေရာတိုင်းမှ ပင်မထပ်ရှိအနီးဆုံး လက်နှိပ်အချက်ပေးခလုတ် (Manual Call Point) ရှိရာနေရာသို့ သွားရောက်ရမည့် အကွာအဝေးသည် ၃၀ မီတာထက်မပိုလျှင် စက်ရုံ၏ထပ်ခိုးအလွှာ (Mezzanine

Floor) တွင် လက်နှိပ်အချက်ပေးခလုတ် (Manual Call Point) ထားရှိရန် မလိုပါ။ ဖော်ပြပါ ထပ်ခိုးအလွှာများသည် အပိုဒ် ၁၀ (ခ) နှင့် ကိုက်ညီရမည်။

(c) ဤစံချိန်စံညွှန်းသတ်မှတ်ချက်အရ လိုအပ်သော အလိုအလျောက်မီး လှန့်အချက်ပေးစနစ်တွင် အာရုံခံကိရိယာများ (Detectors) ၏ အမျိုးအစား၊ တည်နေရာ၊ တစ်ခုနှင့်တစ်ခုကြား အကွာအဝေးနှင့်တပ်ဆင်ခြင်းတို့သည် SS CP 10 နှင့်အညီ လိုက်နာရမည်။

၅၄။ မီးလှန့်အချက်ပေးကိရိယာ (Alarm Device) များကို အောက်ပါအတိုင်း တပ်ဆင်ထားရှိရမည်-

(က) အချက်ပေးကိရိယာ၏အမျိုးအစား၊ အရေအတွက်နှင့် တည်နေရာတို့သည် SS CP 10 နှင့်အညီ ဖြစ်ရမည်။

(ခ) မီးလှန့်အချက်ပေး အသံထုတ်ကိရိယာ (Fire Alarm Sounder) သည် အခြားအချက်ပေးစနစ်များ၏ အသံနှင့် အလွယ်တကူခွဲခြားနိုင်သော အသံဖြစ်ရမည်။

(ဂ) အဆောက်အအုံအတွင်း မီးလှန့်အချက်ပေးစနစ် (Fire Alarm System) စတင် အချက်ပေးသည်နှင့်တစ်ပြိုင်နက် အသံထုတ်လွှင့်ကိရိယာများ (Fire Alarm Sounders) အားလုံးအသံမြည်ရမည်။ သို့သော် အချက်ပေးအသံထုတ်လွှင့်ကိရိယာများ အုပ်စုလိုက်သို့မဟုတ် အဆင့်လိုက်စတင်လည်ပတ်ခြင်းကို မီးသတ်ဦးစီးဌာနမှ ညွှန်ကြားချက်သို့မဟုတ် ခွင့်ပြုချက်ရှိလျှင် အစီအစဉ်အတိုင်း ထားရှိမှုသည် SS CP 10 နှင့်အညီ ဖြစ်ရမည်။

(ဃ) ဒစ်စကိုကပွဲ၊ နိုက်ကလပ်၊ အခြားဖျော်ဖြေရေးနေရာများ သို့မဟုတ် အသံဖြင့် မီးလှန့်အချက်ပေးစနစ် (Audible Alarm Signals) အကျိုးသက်ရောက်မှု မရှိနိုင်သော နေရာများ (နောက်ခံအသံများဆူညံလွန်းလျှင်)တွင် အသံဖြင့် မီးလှန့်အချက်ပေးစနစ် (Audible Alarm Signal) အပြင် အမြင်အားဖြင့် မီးလှန့်အချက်ပေးစနစ် (Visual Alarm Signals) လည်း ထားရှိရမည်။ ယေဘုယျအားဖြင့် အမြင်အားဖြင့် အချက်ပေးစနစ် (Visual Alarm Signals) ကို အသံဖြင့်အချက်ပေးစနစ် (Audible Alarm Signals) ထားရှိရမည့် နေရာများတွင် အသုံးမပြုရပါ။ အလင်းပြင်းအားသည် ပတ်ဝန်းကျင်ရှိ လူအများ၏အာရုံကို ဆွဲယူနိုင်လောက်သောအားရှိရမည်။ သို့မဟုတ်ပါက မီးလှန့်အချက်ပေးစနစ် (Fire Alarm System) စတင်အသက်

ဝင်သောအခါ အလိုအလျောက်ဖြတ်တောက်နိုင်စေရန်နှင့် မီးလှန့်အချက်ပေးသံ ထွက်ပေါ်စေရန်အတွက် အထက်ပါ နေရာများရှိ အခြားအသံစနစ်များအားလုံးနှင့် အသံဖြင့်မီးလှန့်အချက်ပေးစနစ် (Audible Alarm Signals)ကို လျှပ်စစ်ဓာတ် အားဖြင့် အပြန်အလှန်ချိတ်ဆက် (Electrically Interlocked) ထားရမည်။

၅၅။ ပြဇာတ်ရုံ သို့မဟုတ် ရုပ်ရှင်ရုံတွင် လူအားဖြင့် မီးလှန့်အချက်ပေးစနစ် (Manual Fire Alarm System)ထားရှိရမည်ဖြစ်ပြီး အောက်ပါတို့ကိုလိုက်နာရမည်-

(က) လူအားဖြင့်မီးလှန့်အချက်ပေးစနစ် (Manual Fire Alarm System) ကို အဝင်ခန်း (Lobbies) များနှင့် ခန်းမဖြင့်တွဲလျက်ရှိသော အခြားနေရာများတွင် ထားရှိရမည်။ အတည်ပြုပြီးသောအချက်ပေးစောင့်ကြည့်ရေးဌာနမှတစ်ဆင့် မီးသတ်ဦးစီးဌာနနှင့် ချိတ်ဆက်ထားရမည်။

(ခ) မီးလောင်မှုဖြစ်ပွားလျှင် ပရိသတ်အား အလွယ်တကူအချက်ပေးနိုင်စေရန် အမြင်ဖြင့် မီးလှန့်အချက်ပေး ညွှန်ပြကိရိယာနှင့် အသံဖြင့် မီးလှန့်အချက်ပေး ညွှန်ပြကိရိယာ (Visual and Audible Alarm Indicators) များကို ပြစက်ခန်းနှင့် တာဝန်ခံရှိသော အခြားအခန်းတွင် တပ်ဆင်ထားရမည်။

(ဂ) အဆောက်အအုံတွင် တစ်စိတ်တစ်ပိုင်းအဖြစ်ပါဝင်သည့် ရုပ်ရှင်ရုံအတွင်း မီးဘေး ကာကွယ်ရေးစနစ်များသည် ထိုအဆောက်အအုံ၏ ကာကွယ်ရေးစနစ်များနှင့် တူညီရမည်။

၅၆။ အောက်ဖော်ပြပါ အဆောက်အအုံတစ်ခု သို့မဟုတ် ပရိဝုဏ်တစ်ခုအတွင်း တပ်ဆင်ရန် လိုအပ်သော လျှပ်စစ်မီးလှန့်အချက်ပေးစနစ်သည် အတည်ပြုပြီးသော အချက်ပေးစောင့်ကြည့်ရေး ဌာနမှတစ်ဆင့် မီးသတ်ဦးစီးဌာနနှင့် ချိတ်ဆက်ထားရမည်-

(က) ကျန်းမာရေးစောင့်ရှောက်မှုအသုံးပြုမှု၊ ဟိုတယ် သို့မဟုတ် ထိုကဲ့သို့သော အခြား အလားတူအသုံးပြုမှု။

(ခ) ဆီသန့်စင်စက်ရုံ၊ ဆီဂိုဒေါင်၊ အထွေထွေသိုလှောင်ရုံ၊ ဓါတုပစ္စည်းစက်ရုံ သို့မဟုတ် အခြားဘေးအန္တရာယ်မြင့်မားသည့် စက်ရုံ သို့မဟုတ် ပရိဝုဏ်များ။

(ဂ) အပိုဒ် ၅၅ တွင် အသေးစိတ်ဖော်ပြထားသော ပြဇာတ်ရုံ၊ ရုပ်ရှင်ရုံ သို့မဟုတ် ကပွဲ ခန်းမ။

(ဃ) (၁) ဤစံချိန်စံညွှန်းသတ်မှတ်ချက်အရ အလိုအလျောက် လျှပ်စစ်မီးလှန့်အချက်ပေးစနစ် သို့မဟုတ် မီးငြိမ်းသတ်ရေးစနစ် ကာကွယ်ထားရန်လိုအပ်သော အဆောက်အအုံ

(၂) အဆောက်အအုံအတွင်းရှိ မော်တော်ယာဉ်ရပ်နားရန်နေရာတွင် သာမန်မီးလှန့်အချက်ပေးစနစ်နှင့် အလိုအလျောက် လျှပ်စစ်မီးလှန့်အချက်ပေးစနစ် နှစ်ခုစလုံး ထားရှိလျှင် သာမန်မီးလှန့်အချက်ပေးစနစ်ကို အတည်ပြုပြီးသော အချက်ပေးစောင့်ကြည့်ရေးဌာနမှတစ်ဆင့် မီးသတ်ဦးစီးဌာနနှင့် ချိတ်ဆက်ထားရန် မလိုအပ်ပါ။

၅၇။ အောက်ပါတို့တွင် အလိုအလျောက်ရေဖျန်းစနစ်တစ်ခု ထားရှိရမည်-

(က) ဤစံချိန်စံညွှန်းသတ်မှတ်ချက်အရ အခန်း-၄ (Structural Fire Precaution) တွင် ဖော်ပြထားသော အကန့်ကန့်ခြင်းဆိုင်ရာ (Compartmentation) သတ်မှတ်ချက်များကို မလိုက်နာနိုင်သောအခါတိုင်းတွင် တပ်ဆင်ရမည်။

(ခ) အုပ်စု (၁နှင့်၂) အမျိုးအစား အဆောက်အအုံများမှလွဲ၍ နေထိုင်အသုံးပြုနိုင်သော ကြမ်းခင်းအမြင့် ၂၄ မီတာထက်မြင့်သော အဆောက်အအုံ၏ အထပ်တိုင်းတွင် အကန့်ကန့်ခြင်းဆိုင်ရာ (Compartmentation) သတ်မှတ်ချက်များနှင့် ကိုက်ညီသည်ဖြစ်စေ မကိုက်ညီသည်ဖြစ်စေ တပ်ဆင်ရမည်။

(ဂ) နေထိုင်အသုံးပြုနိုင်သော ကြမ်းခင်းအမြင့် ၂၄ မီတာထက်မြင့်သော ရောနှောနေထိုင်အသုံးပြုသည့် (Mixed Occupancy) အဆောက်အအုံများတွင် လူနေအိမ်များ မဟုတ်သော အထပ်တိုင်းတွင် အလိုအလျောက်ရေဖျန်းစနစ် (Automatic Fire Alarm System) တပ်ဆင်ထားရမည်။

(ဃ) မြေအောက်ထပ်များအတွက် အလိုအလျောက်ရေဖျန်းစနစ် (Automatic Sprinkler System) ကို အောက်ပါအတိုင်း တပ်ဆင်ရမည်-

(၁) လူနေအိမ်အဖြစ်အသုံးပြုသော မြေအောက်ထပ်များမှအပ မြေအောက်ထပ်များအားလုံး၏ အကန့်အရွယ်အစားကို ထည့်သွင်းစဉ်းစားရန်မလိုဘဲ အလိုအလျောက်ရေဖျန်းစနစ်များ တပ်ဆင်ထားရမည်။ အဆောက်အအုံ၏ အပေါ်ပိုင်း အထပ်များသည် မြေအောက်ထပ်နှင့် ကန့်ထားလျှင် (the upper storeys of the building is fully compartmented from the

basement storey) မြေအောက်ထပ်၏ အထက်ရှိအထပ်များအတွက် ထားရှိရမည့် အလို အလျောက်ရေဖျန်းစနစ် ပြဋ္ဌာန်းချက်များကို သီးခြားစီ ထည့်သွင်းစဉ်းစား ရမည်ဖြစ်ပြီး အပိုဒ် ၅၇ (က)(ခ)(ဂ) တို့ကို လိုက်နာရမည်။

(၂) မြေအောက်ထပ်များသည် မီးခိုးများပိတ်မိနေခြင်းမဖြစ်ဘဲ သဘာဝအတိုင်း လေဝင်/လေထွက်ကောင်းမွန်စွာ ဖြတ်သန်းနိုင်ပါက အလိုအလျောက်ရေဖျန်း စနစ်တပ်ဆင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို မီးသတ်ဦးစီးဌာန၏ ဆုံးဖြတ် ချက်ဖြင့် ကင်းလွတ်ခွင့်ပြုနိုင်သည်။

(၃) မြေအောက်ထပ် မော်တော်ယာဉ်ရပ်နားရန်နေရာ၏ အပေါ်ထပ်ပိုင်းများတွင် လူနေအိမ်များရှိပါက ထိုမြေအောက်ထပ် မော်တော်ယာဉ်ရပ်နားရန်နေရာ၌ အောက်ပါအခြေအနေများနှင့် အပြည့်အဝကိုက်ညီမှုရှိလျှင် ရေဖျန်းစနစ်နှင့် မီးခိုးရှင်းစနစ်ထားရှိခြင်းကို ကင်းလွတ်ခွင့်ပေးနိုင်သည်-

(ကက) မြေအောက်ထပ် မော်တော်ယာဉ်ရပ်နားရန်နေရာသည် အထပ် တစ်ထပ်တည်းသာရှိလျှင်

(ခခ) သဘာဝအတိုင်း လေဝင်/လေထွက် ကောင်းစွာရရှိနိုင်ရန် ပြင်ပနံရံ တစ်လျှောက်မျှဝေဖောက်ထားသော ဒေါင်လိုက်အပေါက်များနှင့် မြေအောက်ထပ်အပေါ်တွင် ဟင်းလင်းပေါက်များအား အောက်ပါ အတိုင်း ထားရှိလျှင်

(၁ ၁) မြေအောက်ထပ်ရှိ ဒေါင်လိုက်အပေါက် သို့မဟုတ် ဟင်းလင်း ပေါက်နှစ်ခုအကြား မည်သည့်နေရာမှမဆို အဆိုပါအပေါက် များအကြားရှိ အကွာအဝေးသည် ၁၂ မီတာအတွင်း ရှိရ မည်။

(၂ ၂) မြေအောက်ထပ်တွင် အပေါက်များ သို့မဟုတ် ဟင်းလင်း ပေါက်များဖြင့် တစ်ဖက်တည်းမှ လေဝင်/လေထွက်ပေး ထားသော မည်သည့်နေရာမှမဆို အဆိုပါအပေါက်များ အကြားရှိ အကွာအဝေးသည် ၆ မီတာအတွင်း ရှိရမည်။

(၃ ၃) အဆိုပါဒေါင်လိုက်အပေါက်များ၏ အမြင့်သည် အနည်းဆုံး ၆၀၀ မီလီမီတာ ရှိရမည်။

(c) အဆိုပါဟင်းလင်းပေါက်များနှင့် ဒေါင်လိုက်အပေါက်များ၏ စုစုပေါင်းဧရိယာသည် မြေအောက်ထပ်စုစုပေါင်းဧရိယာ၏ ၂၀ % ထက် မနည်းစေရ။

(စ) အလိုအလျောက်မီးလှန့်အချက်ပေးစနစ် (Automatic Fire Alarm System)ကို မြေအောက်ထပ် မော်တော်ယာဉ်ရပ်နားရန်နေရာတွင် ထားရှိရမည်ဖြစ်ပြီး အပိုဒ် ၅၁(က) (၇) တို့နှင့်အညီ မီးလှန့်အချက်ပေးခေါင်းလောင်း (Alarm Bell) များကို အပေါ်ထပ်ရှိ အများသုံး/ဧည့်ခန်းနေရာများဆီသို့ တိုးချဲ့တပ်ဆင်ထားရမည်။

(ဆ) စက်ရုံ၊ သိုလှောင်ရုံနှင့် ဂိုဒေါင်များစသည့် စက်မှုလက်မှုလုပ်ငန်းသုံး အဆောက်အအုံများမှအပ အောက်ပါဧရိယာများတွင် ရေဖျန်းစနစ်ကာကွယ်ခြင်းကို ကင်းလွတ်ခွင့်ပြုသည်-

(၁) ပေါင်းမိုးများ/ကားဆင်ဝင်များ

(ကက) ခရီးသည်တင်/ချရန်အတွက်သာ အသုံးပြုသည့် အဆိုပါဧရိယာများ။

(ခခ) စီးပွားရေးလုပ်ငန်းသုံး မဟုတ်သော သို့မဟုတ် သိုလှောင်မှုမရှိသော အဆိုပါဧရိယာများ။

(ဂဂ) ရေဖျန်းစနစ်ရှိသော နေရာများနှင့် ရေဖျန်းစနစ်မရှိသော နေရာများ အကြား ပိုင်းခြားရန် ဖြတ်တောက်ရေဖျန်းစနစ် (Cut-off Sprinkler) များနှင့် မီးဒဏ်ခံနံရံများ (Fire Rated Walls) မလိုအပ်ပါ။

(၂) စီးပွားရေးလုပ်ငန်းသုံးနေရာမဟုတ်သော သို့မဟုတ် သိုလှောင်သိမ်းဆည်းမှုများမရှိသော အကျယ် ၄ မီတာထက် မပိုသည့် ပြင်ပစင်္ကြံဧရိယာများ၊

(၃) အမြင့် ၁၂ မီတာထက်မပိုသော အေထရီယမ် (Atrium) မျက်နှာကြက်များတွင် ရေဖျန်းစနစ် တပ်ဆင်ရမည်။ အေထရီယမ် (Atrium)၏ မျက်နှာကြက် တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ တစ်ခုလုံးဖြစ်စေ အမြင့် ၁၂ မီတာထက်ပိုပါက water monitor စနစ်၊ Deluge စနစ်၊ extended coverge sprinkler စနစ်နှင့် ထိရောက်သော အာရုံခံကိရိယာ (Detector) (မီးခိုး၊ အနီအောက်ရောင်ခြည် (infra-red)၊ Beam Detector)စသည့် စနစ်တို့ကို တပ်ဆင်ရမည်။ အေထရီယမ် (Atrium) အမိုးအောက်ရှိ ကြမ်းခင်းတွင် စီးပွားရေးဆိုင်ရာ လုပ်ငန်းများ သို့မဟုတ် သိုလှောင် သိမ်းဆည်းမှုများ မရှိရ။

(၄) စီးပွားရေးဆိုင်ရာလုပ်ငန်းများ သို့မဟုတ် သိုလှောင်သိမ်းဆည်းမှုများမရှိသည့် အကျယ် ၄ မီတာ ထက်မပိုသော အပြင်ဘက်ရှိ ဘေးဘက်ဖွင့်လျှောက်လမ်းဧရိယာများ။

၅၈။ ရေဖျန်းစနစ်တပ်ဆင်ခြင်းနှင့် ၎င်းတွင်ပါဝင်သော ရေပေးပို့မှု၊ ထိန်းချုပ်မှုနှင့် စမ်းသပ်မှုများသည် SS CP 52 နှင့်အညီ အလိုအလျောက်ရေဖျန်းစနစ်ဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များကို လိုက်နာရမည်။

၅၉။ မည်သည့်ရေဖျန်းခေါင်းမဆို စတင်ရေဖျန်းသည်နှင့်တစ်ပြိုင်နက် အချက်ပြမှုများကို ပင်မမီးလှန့်အချက်ပြပုံး(Fire Alarm System)သို့ အလိုအလျောက်ပို့လွှတ်နိုင်စေရန် ရေဖျန်းစနစ်ကို လျှပ်စစ်အသုံးပြုစောင့်ကြည့်မှု (Electrically Monitor)ပြုလုပ်ထားရမည်။

(က) ရေဖျန်းစနစ်အတွက် ပန့်တပ်ဆင်ခြင်းသည် SS CP 52 နှင့်ကိုက်ညီရမည်။ ရေဖျန်းစနစ်အတွက်ပန့်ကို ဇယား (၇.၃) နှင့်ကိုက်ညီသော မီးဒဏ်ခံအကန့်ကန့်ထားသည့် ပန့်ခန်းအတွင်းတပ်ဆင်ရမည်။ ရေဖျန်းစနစ်၏ ပန့် (Pump) ထားရှိသော ကြမ်းခင်းအမြင့် (Plinth of the Pump Room)သည် အခန်း၏ပင်မကြမ်းခင်း အမြင့် (main floor level)အောက် မနိမ့်ရ။ ရေဖျန်းစနစ်ထိန်းချုပ်ဗဟး (Sprinkler Control Valve)များကို အောက်ပါဦးစားပေးအစီအစဉ်အတိုင်း ထားရှိရမည်-

(၁) အပြင်ဘက်သို့ မျက်နှာမူထားပြီး မီးဘေးလုံခြုံရေး စီမံကွပ်ကဲခန်း (Fire Command Centre) နှင့် အနီးဆုံးကပ်လျက်ရှိသော နေရာအတွင်း။

(၂) မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်း (Fire Fighting Lobby)/ မီးခိုးတားခန်း (Smoke Stop Lobby) များအတွင်း။

(၃) ကောင်းစွာလက်လှမ်းမီနိုင်သော နေရာဖြစ်သည့် ရေဖျန်းစနစ်ပန့်ခန်းအတွင်း။

(၄) မီးသတ်လှေကားအနီးဖြစ်စေ၊ အများသွားလာသောဧရိယာမှ အလွယ်တကူ လက်လှမ်းမီသော နေရာများအတွင်းဖြစ်စေ။

၆၀။ အထူးရည်ရွယ်ချက်များအတွက် အသုံးပြုသောအခန်းများတွင် အလိုအလျောက်ရေဖျန်းစနစ်ကို အောက်ပါအတိုင်း တပ်ဆင်ထားရှိရမည်-

(က) ဤစံချိန်စံညွှန်းသတ်မှတ်ချက်ပါ သတ်မှတ်ပြဋ္ဌာန်းချက်အရ အလိုအလျောက်ရေဖျန်းစနစ် တပ်ဆင်ရန်လိုအပ်သော အဆောက်အအုံများ၌ အထူးရည်ရွယ်ချက်များအတွက် အသုံးပြုသော အဆောက်အအုံ အစိတ်အပိုင်းများကို ဇယား (၇.၃) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကန့်ကန့်ထားရမည်။ ထိုအခန်း/နေရာများအတွက် ရေဖျန်းစနစ် ကင်းလွတ်ချက်ကို ဇယား (၇.၃) တွင် ညွှန်ပြထားသည်။

(ခ) ဤစံချိန်စံညွှန်းသတ်မှတ်ချက်ပါ သတ်မှတ်ပြဋ္ဌာန်းချက်အရ အလိုအလျောက်ရေဖျန်းစနစ် ထားရှိရန်မလိုအပ်သော အဆောက်အအုံများတွင် အထူး ရည်ရွယ်ချက်များအတွက် အသုံးပြုသောအခန်းများကို ဇယား (၇.၃) နှင့်အညီ အကန့်ကာရံထားရမည်။

(ဂ) အထူးရည်ရွယ်ချက်များအတွက် အသုံးပြုသောအခန်းများကို ဆက်သွယ်ရေးဗဟို စင်တာ၊ အချက်အလက်လက်ခံသိမ်းဆည်းရေးဗဟိုစင်တာ၊ တန်ဖိုးမြင့်ကွန်ပျူတာများ သို့မဟုတ် တယ်လီဖုန်း ဆက်သွယ်ရေးကိရိယာများ ထားရှိရာအခန်းအဖြစ် အသုံးပြုပါက အလိုအလျောက်ရေဖျန်းစနစ်၏ နေရာတွင် အလိုအလျောက်မီးငြိမ်းသတ်စနစ် (Automatic Fire Extinguishing System) ဖြင့် အစားထိုးလဲလှယ်လျှင် ဘေးအန္တရာယ်များမှ အလုံပိတ်ကာကွယ်ထားခြင်း သို့မဟုတ် နေထိုင်အသုံးပြုမှုတို့သည် အောက်ပါတို့ကိုလိုက်နာရမည်-

(၁) အနည်းဆုံး ၁ နာရီမီးဒဏ်ခံနိုင်မှုရှိသော တည်ဆောက်မှုဖြစ်ရမည်။

(၂) တံခါးပေါက်များကို အနည်းဆုံး ၁ နာရီခံနိုင်မှုရှိသော မီးခံတံခါးဖြင့် ကာကွယ်ထားရမည်။

(၃) ထွက်ပေါက် ၂ ခုထက်ပို၍ မထားရှိရ။

(၄) အခန်းတွင်းမည်သည့်နေရာမှ အခန်းတွင်းထွက်ပေါက်တံခါး (Exit Access Door) သို့မဆို သွားရောက်ရမည့်တိုက်ရိုက်အကွာအဝေး (Direct Travel Distance) သည် ၁၅ မီတာ ထက်မပိုရ။

(၅) ဓာတ်ငွေ့သုံး မီးငြိမ်းသတ်စနစ်သည် အပိုဒ် ၆၃ နှင့် ကိုက်ညီရမည်။

၆၁။ ရေဖျန်းစနစ်ဖြင့် ကာကွယ်ထားသော အဆောက်အအုံများတွင် အောက်ပါပြဋ္ဌာန်းချက်များကို လိုက်နာလျှင် အလိုအလျောက်ရေဖျန်းစနစ်ကို ရေမှုန်ဖျန်းစနစ် (Water mist system) ဖြင့် အစားထိုးခွင့်ပြုနိုင်သည်-

(က) ရေမှုန်ဖျန်းစနစ်သည် သက်ဆိုင်ရာမီးသတ်ဦးစီးဌာနမှ လက်ခံနိုင်သော သတ်မှတ်ပြဋ္ဌာန်းချက်နှင့်ကိုက်ညီသည့် စံနှုန်းစမ်းသပ်ချက် သင့်တင့်လျောက်ပတ်သည့် ပုံစံရှိရမည်။

(ခ) ရေမှုန်ဖျန်းစနစ်ပုံစံထုတ်ခြင်းနှင့် တပ်ဆင်ခြင်းသည် NFPA 750 (ရေမှုန်ဖျန်းစနစ် တပ်ဆင်ခြင်းဆိုင်ရာစံနှုန်း) သို့မဟုတ် AS 4587 (ရေမှုန်ကာကွယ်ရေးစနစ်-စနစ်ပုံစံ ရေးဆွဲခြင်း၊တပ်ဆင်ခြင်းနှင့်စမ်းသပ်လည်ပတ်မှု) တို့နှင့် ကိုက်ညီရမည်။

(ဂ) ရေမှုန်ဖျန်းစနစ်အစိတ်ပိုင်းများသည် မီးသတ်ဦးစီးဌာနမှအသိအမှတ်ပြုထားသော ပစ္စည်းများဖြစ်ရမည်။

၆၂။ အုပ်စု(၁) အမျိုးအစားအဆောက်အအုံများမှအပ နေထိုင်အသုံးပြုနိုင်သည့်ကြမ်းခင်းအမြင့် ၂၄ မီတာထက်မပိုသော ကျန်အဆောက်အအုံများတွင် အပိုဒ် ၁၆ (စျ) နှင့်အညီမြေပြင်ပေါ်ရှိ မော်တော်ယာဉ်ရပ်နားရန်နေရာကို သဘာဝလေဝင်/လေထွက်စနစ်ထားရှိလျှင် ၎င်းနေရာများ အတွက် အလိုအလျောက်ရေဖျန်းစနစ်ထားရှိရန်မလိုအပ်ပါ။

(က) အုပ်စု (၃၊၄၊၅နှင့်၇) အမျိုးအစားအဆောက်အအုံတို့ရှိ မော်တော်ကားရပ်နားရန်နေရာများတွင် အလိုအလျောက်လျှပ်စစ်မီးလှန့်အချက်ပေးစနစ်ကို တပ်ဆင်ရမည်။

(ခ) အုပ်စု (၂) အမျိုးအစားအဆောက်အအုံရှိ မော်တော်ယာဉ်ရပ်နားရန်နေရာများတွင် လူအားဖြင့် မီးလှန့်အချက်ပေးစနစ်ကို ဧယား (၇.၂) အတိုင်းထားရှိရမည်။

၆၃။ ဤစံချိန်စံညွှန်းသတ်မှတ်ချက်ပါ သတ်မှတ်ပြဋ္ဌာန်းချက်များအရ တပ်ဆင်ရန် လိုအပ်သော စနစ်များနေရာတွင် အမြဲတပ်ဆင်ထားသော အလိုအလျောက်မီးငြိမ်းသတ်ရေးစနစ်များ (Fixed Automatic Fire Extinguishing Systems) မလိုအပ်ဘဲအစားထိုးတပ်ဆင်ခြင်းကို သက်ဆိုင်ရာ မီးသတ်ဦးစီးဌာန၏ အတည်ပြုချက်မပါရှိဘဲ လက်ခံမည်မဟုတ်။ အဆိုပါစနစ်အား ပိုင်ဆိုင်မှု ပစ္စည်းများ ဘေးကင်းလုံခြုံရေးအတွက် ထပ်တိုးတပ်ဆင်ထားသည့် မီးဘေးကာကွယ်ရေးစနစ် အဖြစ်မှတ်ယူမည်ဖြစ်ပြီး ၎င်းတပ်ဆင်ထားမှုသည် သတ်မှတ်ပြဋ္ဌာန်းထားသောစနစ်များ၏ လုပ်ဆောင်မှုကိုအနှောင့်အယှက်အဟန့်အတား မရှိစေရ။ ၎င်းစနစ်များ၏ ပုံစံရေးဆွဲခြင်းနှင့် တပ်ဆင်ခြင်းသည် ပြဋ္ဌာန်းထားသောသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်။

၆၄။ အရေးပေါ်အခြေအနေလိုအပ်ချက်များတွင် အဆောက်အအုံမှဘေးကင်းရာသို့ထွက်ခွာခြင်း အတွက် မီးသတ်သမားသုံးဓာတ်လှေကား (Fire Lift) အသုံးပြုခြင်းကို အဆောက်အအုံတိုင်း အတွက် အသုံးပြုနိုင်သည်။ ဓာတ်လှေကားပြွန် (Hoistway) သည် လေဝင်/လေထွက်ရှိရမည်။

(က) ဓာတ်လှေကားများအတွက် အရေးပေါ်လျှပ်စစ်ဓာတ်အားပေးပို့ခြင်းကို အောက်ပါအတိုင်း ထားရှိရမည်-

(၁) လူစီးဓာတ်လှေကားအားလုံးရှိ အလင်းပေးခြင်း၊ လေဝင်/လေထွက်ပေးခြင်းနှင့် အချက်ပြစနစ်များအတွက် အရေးပေါ်လျှပ်စစ်ဓာတ်အားပေးပို့ခြင်း ထားရှိရမည်ဖြစ်ပြီး SS 550 နှင့်ကိုက်ညီရမည်။

(ခ) အရေးပေါ်အခြေအနေအတွက် အရန်မီးစက်များထားရှိရန်လိုအပ်သော အောက်ဖော်ပြပါအဆောက်အအုံများ၌ အရေးပေါ်အခြေအနေတွင် ဓာတ်လှေကားအသုံးပြုရန်အတွက် အရန်မီးစက်များထားရှိခြင်းသည် SS 550 နှင့်ကိုက်ညီရမည်-

(၁) အများသုံးအဆောက်အအုံများ ။

(၂) နေထိုင်အသုံးပြုနိုင်သည့် နေထိုင်အသုံးပြုနိုင်သော ကြမ်းခင်းအမြင့် ၂၄ မီတာထက်ပိုသော အုပ်စု(၂) အမျိုးအစား အဆောက်အအုံများ ။

(၃) အပေါ်ထပ်ရှိလူနေအိမ်အထပ်များနှင့် လူနေအိမ်အဖြစ်မသုံးသော မြေအောက်ထပ်များအတွက်ထားရှိသော လူစီးဓာတ်လှေကားတပ်ဆင်ထားသည့် အုပ်စု(၂) အမျိုးအစားအောက်ရှိ အဆောက်အအုံများ ။

(၄) လူစီးဓာတ်လှေကားကိုလူနေအိမ်အဖြစ်သုံးသော အထပ်များနှင့်လူနေအိမ်အဖြစ်မသုံးသော အထပ်များနှစ်မျိုးလုံးအသုံးပြုရန် တပ်ဆင်ထားသည့် ရောနှောအသုံးပြုမှုရှိသည့်အဆောက်အအုံများ ။

(၅) အထပ်များစွာပါရှိသည့်အုပ်စု (၆နှင့်၇) အမျိုးအစားအဆောက်အအုံများကဲ့သို့ ကုန်ထုတ်အဆောက်အအုံများ ။

(၆) မြေအောက်ထပ်နေထိုင်အသုံးပြုမှုများအားလုံး ။

(ဂ) ဓာတ်လှေကားအတွက်လျှပ်စစ်ဓာတ်အားပေးပို့မှုကို သီးခြားလိုင်းဖြင့် ချိတ်ဆက်ထားရှိရမည်။ လျှပ်စစ်ဓာတ်ကြိုးများကို ဓါတ်လှေကားပြွန် (Lift Hoistway) အတွင်းသို့မဟုတ် မီးလောင်မှုအန္တရာယ်မှ အကာအကွယ်ပြုလုပ်ထားသောနေရာများ (Protected Shaft) တွင် တပ်ဆင်သွယ်တန်းရမည်။

၆၅။ မီးသတ်သမားသုံးဓာတ်လှေကား (Fire Lift) များကို အောက်ပါသတ်မှတ်ချက်များနှင့် အညီ တပ်ဆင်ထားရှိရမည်-

(က) အုပ်စု (၁) အမျိုးအစား အဆောက်အအုံများမှအပ နေထိုင်အသုံးပြုနိုင်သည့် ကြမ်းခင်းအမြင့် ၂၄ မီတာထက်ပိုသော အခြားအဆောက်အအုံများအားလုံးတွင် အနည်းဆုံး

မီးသတ်သမားသုံးဓာတ်လှေကား (Fire Lift) ၁ စင်း ထားရှိရမည်။ မြေပြင်ညီအောက်ရှိ အနက် ၉ မီတာထက်ပိုသော မြေအောက်ထပ်ပါရှိသည့် အဆောက်အအုံများတွင် မီးသတ်သမားသုံးဓာတ်လှေကား (Fire Lift) အနည်းဆုံး ၁ စင်း ထားရှိရမည်။ မီးသတ်သမားသုံးဓာတ်လှေကား (Fire Lift) များသည် သီးသန့် အကာအကွယ်ပြုလုပ်ထားသော ဒေါင်လိုက်လမ်းကြောင်း (Separate Protected Shaft) တွင်ဖြစ်စေ၊ အခြားဓာတ်လှေကားများနှင့် တွဲထားပါက အဆိုပါ ဓာတ်လှေကားအားလုံး၏ ဓာတ်လှေကားပြွန် (Lift Shaft) သည် မီးဒဏ်ခံနိုင်သော ဒေါင်လိုက်လမ်းကြောင်းတွင်ဖြစ်စေ ရှိရမည်။ တွဲသုံးထားသော Lift Lobby သည် အပိုဒ် ၆ (၃) (၂) ပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီသော မီးငြိမ်းသတ်ရန် ပြင်ဆင်ခန်း (Fire Fighting Lobby) ဖြစ်ရမည်။ ထိုမှတစ်ဆင့် အဆောက်အအုံ၏ အထပ်တိုင်းသို့ ရောက်ရှိနိုင်ရမည်။

(ခ) မီးသတ်သမားသုံးဓာတ်လှေကား (Fire Lift) တစ်ခုသည် ထွက်ပေါက်လှေကားနှင့် ကပ်လျက် နေရာတွင်ရှိ၍ အထပ်တိုင်းသို့ အဝင်အထွက်ပြုလုပ်နိုင်ရမည်။

(ဂ) အရေးပေါ်အခြေအနေတွင် မီးသတ်သမားသုံးဓာတ်လှေကား (Fire Lift) ၏ အစောပိုင်းခေါ်ဆိုမှုများကို မီးသတ်သမားများက ပယ်ဖျက်နိုင်စေရန် အစီအမံများကို ထည့်သွင်းထားရမည်။ အဆိုပါအစီအမံကို မီးသတ်သမားသုံးဓာတ်လှေကား (Fire Lift) ထိန်းချုပ်စနစ် သို့မဟုတ် သီးခြားဘေးဘက်ခလုတ် (By-Pass Switch) တို့ဖြင့် ထည့်သွင်း တည်ဆောက်ထားရမည်။ ဓာတ်လှေကားထိန်းချုပ်စနစ်တွင် ထည့်သွင်းတည်ဆောက်ထားပါက သီးခြားဘေးဘက်ခလုတ်ကို မဖြစ်မနေ တပ်ဆင်ရန် မလိုအပ်ပါ။

(ဃ) ကုန်ပစ္စည်းများသယ်ပို့ရန်အတွက် ရည်ရွယ်တပ်ဆင်ထားသည့် ဓာတ်လှေကားကို မီးသတ်သမားသုံးဓာတ်လှေကား (Fire Lift) အဖြစ်မသတ်မှတ်ရ။

(c) မီးသတ်သမားသုံးဓာတ်လှေကား (Fire Lift) တပ်ဆင်ခြင်းသည် လူစီးဓာတ်လှေကားနှင့် ကုန်ပစ္စည်းတင်ဓာတ်လှေကားများ (Electric Passenger and Goods Lifts) တပ်ဆင်ခြင်း၊ လည်ပတ်ခြင်းနှင့်ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက် SS 550 နှင့် ကိုက်ညီရမည်။

(စ) မီးသတ်သမားသုံးဓာတ်လှေကား (Fire Lift) ကို အဆောက်အအုံအထပ်တိုင်းရှိ နေရာတိုင်းသို့မီးသတ်သမားများ ဝင်ထွက်သွားလာနိုင်စေရန် တပ်ဆင်ထားရမည်။

(ဆ) အဆောက်အအုံသည် အလိုအလျောက်ရေဖျန်းစနစ် တပ်ဆင်ထားသည်ဖြစ်စေ၊ မတပ်ဆင်ထားသည်ဖြစ်စေ မီးသတ်သမားသုံးဓာတ်လှေကား (Fire Lift) အနည်းဆုံး ၁ စင်း ထားရှိရမည်။ အဆောက်အအုံအထပ်တိုင်းရှိ မည်သည့်နေရာမှမဆို မီးသတ်

သမားသုံးဓာတ်လှေကားတံခါးအထိအကွာအဝေးသည် ၆၀ မီတာအကွာအဝေး အတွင်း ထားရှိရမည်။

၆၆။ မီးလောင်မှုဖြစ်ပွားသောအခြေအနေများတွင် ဓာတ်လှေကားများအောက်သို့ဆင်းစေခြင်း (Homing of Lift) ကို အောက်ပါအချက်များနှင့်အညီ ပြုလုပ်ရမည်-

(က) မီးလှန့်အချက်ပေးစနစ်တပ်ဆင်ထားသည့် အဆောက်အအုံများ၌ မီးလောင်မှုဖြစ်ပွားသော အရေးပေါ်အခြေအနေတွင် မီးအာရုံခံစနစ်များ သို့မဟုတ် မီးလှန့်အချက်ပေးစနစ်များ အလုပ်လုပ်သောအခါ လူစီးဓာတ်လှေကားများအားလုံးကို ထွက်ပေါက်အဆုံးထားရှိသောအထပ် (Exit Discharge Floor) (ပုံမှန်အားဖြင့်မြေညီထပ်) သို့ ရောက်ရှိရပ်နားထားစေပြီး တံခါးများကို ဖွင့်လျက်ထားရှိရမည်။

(ခ) အရန်မီးစက်ထားရှိရန် လိုအပ်သောအဆောက်အအုံများ၌ လျှပ်စစ်ဓာတ်အားချို့ယွင်းမှု သို့မဟုတ် ပြတ်တောက်မှုဖြစ်ပေါ်သောအခါ ဓာတ်လှေကားများသို့ အရန်မီးစက်၏ အရေးပေါ်လျှပ်စစ် ဓာတ်အားပေးပို့မှုကို အလိုအလျောက်ပြောင်းလဲပေးရမည်ဖြစ်ပြီး အဆိုပါဓာတ်လှေကားများသည် အခြားဓာတ်လှေကားများအားလုံး သတ်မှတ်ထားသောအထပ်သို့ ရောက်ရှိသည့်တိုင်အောင် တံခါးများအားလုံးကို ဖွင့်လျက်အနေအထားဖြင့် ရပ်နားထားရမည်။ ထို့နောက် မီးသတ်သမားသုံးဓာတ်လှေကားအပြင် အရေးပေါ်အရန်မီးစက်၏ စွမ်းရည်ပေါ် မူတည်ပြီး ဓာတ်လှေကားတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ဆက်လက် လည်ပတ်စေနိုင်သည်။ ပုံမှန်လျှပ်စစ်ဓာတ်အားပြန်လည်ရရှိသောအခါ ဓာတ်လှေကား လည်ပတ်မှုသည် ပုံမှန်အခြေအနေသို့ အလိုအလျောက် ပြန်ဖြစ်စေရမည်။

(ဂ) အရန်မီးစက်ထားရှိရန်မလိုအပ်သော အဆောက်အအုံများအတွက် ဓာတ်လှေကားများအောက်သို့ဆင်းစေခြင်းတွင် အရည်ဖိအားသုံးဓာတ်လှေကား(Hydraulic Lift) အပါအဝင် လူစီးဓာတ်လှေကားအားလုံး၌ အလိုအလျောက်ကယ်ဆယ်ရေးကိရိယာ (Automatic Rescue Device-ARD) ထားရှိရမည်။ ARDသည် လျှပ်စစ်ဓာတ်အားချို့ယွင်းမှုဖြစ်စဉ်တွင် ဓာတ်လှေကားကိုရွှေ့လျားစေပြီး အနီးဆုံးအထပ်တွင် ရပ်နားစေကာ ဓာတ်လှေကားတံခါးအားဖွင့်လျက်ထားရှိစေရမည်။ မြေအောက်ထပ်တွင် ဓာတ်လှေကားရပ်နားထားခြင်းကို ခွင့်မပြု။

(ဃ) လူနေအိမ်များပါဝင်သောအုပ်စုနှောအဆောက်အအုံများနှင့် လူနေအိမ်မဟုတ်သော အဆောက်အအုံများအတွက် ဓာတ်လှေကားများအောက်သို့ဆင်းစေခြင်း (Homing of Lifts) သည် အောက်ပါအချက်များအတိုင်းဖြစ်ရမည်-

(၁) လူနေအိမ်များနှင့် လူနေအိမ်မဟုတ်သော အထပ်များအတွက်အသုံးပြုသည့် လူစီးဓာတ်လှေကားများအားလုံးသည် လျှပ်စစ်ဓာတ်အားချို့ယွင်းသည့်ဖြစ်စဉ် သို့မဟုတ် မီးလောင်သည့်ဖြစ်စဉ်များဖြစ်ပွားသည့်အခါ သတ်မှတ်ထားသော သို့မဟုတ် အခြားအစားထိုးသတ်မှတ်ထားသော အလွှာများတွင် ရပ်နားရန်လိုအပ်သည်။ ဓာတ်လှေကားများကို စွမ်းရည်အလုံအလောက်ရှိသောအရန်မီးစက်မှ အရန်လျှပ်စစ်ဓာတ်အားနှင့်ချိတ်ဆက်ထားရမည်။

(၂) လူစီးဓာတ်လှေကားများကိုအပေါ်ပိုင်းအထပ် လူနေအိမ်များနှင့် မြေအောက်ထပ်မော်တော်ယာဉ်ရပ်နားရန်နေရာအပါအဝင် လူနေအိမ်မဟုတ်သော အထပ်များအတွက်အသုံးပြုလျှင် ဓာတ်လှေကားများကို အရန်မီးစက်မှ အရေးပေါ်လျှပ်စစ်ဓာတ်အားပေးပို့မှုနှင့် ချိတ်ဆက်ထားရမည်။ သို့မှသာ လျှပ်စစ်ဓာတ်အားချို့ယွင်းမှု ဖြစ်ပေါ်သောအခါ ဓာတ်လှေကားသည် သတ်မှတ်ထားသော အထပ်သို့ နေရာချရပ်နားနိုင်မည်။ မီးလောင်မှုဖြစ်ပွားသော အရေးပေါ်အခြေအနေတွင် မြေအောက်ထပ်ရှိ လူနေအိမ်မဟုတ်သောအထပ်များမှ မီးလှန့်အချက်ပေး စနစ်များစတင်လည်ပတ်သောအခါ လူစီးဓာတ်လှေကားများသည် သတ်မှတ်ထားသောအလွှာသို့ ရောက်ရှိနိုင်ရမည်။

(c) ဒုတိယဦးစားပေးသတ်မှတ်ထားသောအထပ်ကို အောက်ပါအတိုင်းစီစဉ်ထားရှိရမည်-

(၁) ပထမဦးစားပေးအဆင့် သတ်မှတ်ထားသောအထပ် (ဥပမာ-မြေညီထပ်) တွင် (ဥပမာ-ဈေးဝယ်စင်တာ/ရုံးခန်း) တိုက်ရိုက်ရောက်ရှိနေလျှင် ဒုတိယဦးစားပေးအထပ် (ဥပမာ-ပထမထပ်) ကို ရွေးချယ်သတ်မှတ်ထားရမည်။ ပထမဦးစားပေး သတ်မှတ်ထားသောအထပ်ရှိ ဓာတ်လှေကားထွက်ပေါက်အနီးဝန်းကျင်တွင် မီးလောင်မှုဖြစ်ပွားပါက ဓာတ်လှေကားများကို ဒုတိယဦးစားပေးသတ်မှတ်ထားသော အထပ်သို့ခေါ်ယူနိုင်ရမည်။

(၂) ဒုတိယဦးစားပေး သတ်မှတ်ထားသောအထပ်သည် မီးလောင်နိုင်သော အန္တရာယ်အနည်းဆုံးဖြစ်ရမည်။ ထိုနေရာရှိလူများသည် ဓာတ်လှေကားထွက်ပေါက်မှတစ်ဆင့် ထွက်ပေါက်လှေကားများ သို့မဟုတ် အခြားထွက်ပေါက်များသို့ ဘေးကင်းလုံခြုံစွာသွားရောက်နိုင်ရမည်။

(၃) အပိုဒ် ၆၆ (c) (၁) အရ ရေဖျန်းစနစ် သို့မဟုတ် အလိုအလျောက် မီးလှန့်အချက်ပေးစနစ် (Automatic Fire Alarm System) တပ်ဆင်ထားခြင်းမရှိသည့် အဆောက်အအုံများတွင် ဓာတ်လှေကားအထွက်နေရာကို လွှမ်းခြုံရန်

သင့်လျော်သောအာရုံခံစနစ်များ (Detection Systems) ကို မျက်နှာကြက်နေရာတွင် ထားရှိရမည်။ အာရုံခံကိရိယာ စတင်အလုပ်လုပ်သည့်အခါ ဓာတ်လှေကားများကို ဒုတိယဦးစားပေး သတ်မှတ်ထားသောအထပ်ဆီသို့ ခေါ်ဆောင်နိုင်ရမည်။

(၄) သီးခြားတည်ရှိသော ဘေးဘက်အပွင့် မော်တော်ယာဉ်ရပ်နားရန်နေရာ (Open-Sided Car Park) အဆောက်အအုံများနှင့် အုပ်စု(၁)အမျိုးအစား အဆောက်အအုံများတွင် ဓာတ်လှေကားများကို ဒုတိယဦးစားပေး သတ်မှတ်ထားသောအထပ် သို့ဆင်းစေခြင်းနှင့်ပတ်သက်သည့် အထက်ပါ သတ်မှတ်ပြဋ္ဌာန်းချက်များကို လိုက်နာရန်မလိုအပ်ပါ။

ဇယား (၇.၁) အသေးစိတ် ပုံဖော်ထားသော သင်္ကေတများကို မြင်နိုင်သောအကွာအဝေး

မြင်နိုင်သော အကွာအဝေး	**၀ မှ ၆ အထိ (မီတာ)**	**၆(အထက်) မှ ၉ အထိ (မီတာ)**	**၉(အထက်) မှ ၁၂ အထိ (မီတာ)**	**၁၂(မီတာ) အထက်**
Z=၁၀၀	အနည်းဆုံး ၆၀ (မီလီမီတာ)	အနည်းဆုံး ၉၀ (မီလီမီတာ)	အနည်းဆုံး ၁၂၀ (မီလီမီတာ)	အနည်းဆုံး ၁၅၀ (မီလီမီတာ)

မီးဘေးလုံခြုံရေးပစ္စည်းကိရိယာများအတွက် ပုံဖော်ပြသထားမှုများသည် အမြင့်၊အကျယ်၊ အရွယ်အစားအားလုံး တူရမည်။ သင်္ကေတများ၏ အရွယ်အစားသည် အနားစွန်းထိ ထည့်တွက်ရန်မလိုပါ။

ဇယား (၇.၂) အဆောက်အအုံ အမျိုးအစား၊ အရွယ်အစားနှင့် အမြင့်ပေါ်မူတည်၍ မီးလှန့်အချက်ပေးစနစ်သတ်မှတ်ပြဋ္ဌာန်းချက်

(က) အဆောက်အအုံအမျိုးအစားနှင့် အထပ်အရေအတွက်	(ခ) စုစုပေါင်းကြမ်းခင်းဧရိယာ(တစ်ထပ်ရှိ စတုရန်းမီတာ) ထက်ပိုပါက မီးလှန့်အချက်ပေးစနစ်တပ်ဆင်ရန်	(ဂ) မီးလှန့်အချက်ပေးစနစ်အမျိုးအစား
အုပ်စု(၃) အဖွဲ့အစည်း (၁) စာသင်ကျောင်းနှင့်အခြား (က) တစ်ထပ်အဆောက်အအုံ	NL	-
(ခ) နှစ်ထပ်မှလေးထပ်အထိ အဆောက်အအုံ	400.‡	(m)+
(ဂ) လေးထပ်ထက်ပိုသော အဆောက်အအုံ	400**	(a)
(၂) ကျန်းမာရေးစောင့်ရှောက်မှုသုံး အဆောက်အအုံများ(လူနေထိုင်) (က) တစ်ထပ်အဆောက်အအုံ	NR	(m)
(ခ) နှစ်ထပ်မှလေးထပ်အထိ အဆောက်အအုံ	NR	(a)
(ဂ) လေးထပ်ထက်ပိုသော အဆောက်အအုံ	NR	(a)
(၃) ကျန်းမာရေးစောင့်ရှောက်မှုသုံး အဆောက်အအုံများ(လူမနေထိုင်) (က)တစ်ထပ်အဆောက်အအုံ	NL	-
(ခ) နှစ်ထပ်မှလေးထပ်အထိ အဆောက်အအုံ	200.‡	(m)
(ဂ) လေးထပ်ထက်ပိုသော အဆောက်အအုံ	NR	(a)

(က) **အဆောက်အအုံအမျိုးအစားနှင့် အထပ်အရေအတွက်**	(ခ) **စုစုပေါင်းကြမ်းခင်းဧရိယာ(တစ်ထပ်ရှိ စတုရန်းမီတာ) ထက်ပိုပါက မီးလှန့်အချက်ပေးစနစ်တပ်ဆင်ရန်**	(ဂ) **မီးလှန့်အချက်ပေးစနစ်အမျိုးအစား**
(၄) အိပ်ဆောင်များ (က)တစ်ထပ်အဆောက်အအုံ	NR	(m)
(ခ) နှစ်ထပ်မှလေးထပ်အထိ အဆောက်အအုံ	NR	(m)
(ဂ) လေးထပ်ထက်ပိုသော အဆောက်အအုံ	NR	(a)
အုပ်စု(၄) ရုံး (က) တစ်ထပ်အဆောက်အအုံ	400*	(m)
(ခ) နှစ်ထပ်မှလေးထပ်အထိ အဆောက်အအုံ	200.‡	(m)
(ဂ) လေးထပ်ထက်ပိုသော အဆောက်အအုံ	NR	(a)
အုပ်စု(၅) ဈေးဆိုင် (က) တစ်ထပ်အဆောက်အအုံ	400*	(m)
(ခ) နှစ်ထပ်မှလေးထပ်အထိ အဆောက်အအုံ	200.‡	(m)
(ဂ) လေးထပ်ထက်ပိုသော အဆောက်အအုံ	NR	(a)
အုပ်စု(၆) စက်ရုံ (က) တစ်ထပ်အဆောက်အအုံ	400*	(m)
(ခ) နှစ်ထပ်မှလေးထပ်အထိ အဆောက်အအုံ	200.‡	(m)
(က)	**(ခ)**	**(ဂ)**

အဆောက်အအုံအမျိုးအစားနှင့် အထပ်အရေအတွက်	**စုစုပေါင်းကြမ်းခင်း ဧရိယာ(တစ်ထပ်ရှိ စတုရန်းမီတာ) ထက်ပိုပါက မီးလှန့်အချက်ပေးစနစ်တပ်ဆင်ရန်**	**မီးလှန့်အချက်ပေး စနစ်အမျိုးအစား**
(ဂ) လေးထပ်ထက်ပိုသော အဆောက်အအုံ	NR	(a)
အုပ်စု(၇)လူအများအပန်းဖြေသွားလာရာ နေရာ (၁) လူနေထိုင်အဆောက်အအုံ (ဟိုတယ်၊ ဘော်ဒါဆောင်၊ ဝန်ဆောင်မှုအခန်းများ၊ အဆောင်များ၊ ဘက်ပက်ကာစ် ဟိုတယ်(backpackers hotel): (က) တစ်ထပ်အဆောက်အအုံ	NR	(m)
(ခ) နှစ်ထပ်မှလေးထပ်အထိ အဆောက်အအုံ	NR	(a)
(ဂ) လေးထပ်ထက်ပိုသော အဆောက်အအုံ	NR	(a)
(၂) လူမနေထိုင်သောအဆောက်အအုံ (က) တစ်ထပ်အဆောက်အအုံ	400*	(m)
(ခ) နှစ်ထပ်မှလေးထပ်အထိ အဆောက်အအုံ	200.‡	(m)
(ဂ) လေးထပ်ထက်ပိုသော အဆောက်အအုံ	NR	(a)
အုပ်စု(၈) သိုလှောင်ရုံ (က) တစ်ထပ်အဆောက်အအုံ	2000*	(m)
(ခ) နှစ်ထပ်မှလေးထပ်အထိ အဆောက်အအုံ	1000.‡	(m)
(က)	**(ခ)**	**(ဂ)**

အဆောက်အအုံအမျိုးအစားနှင့် အထပ်အရေအတွက်	**စုစုပေါင်းကြမ်းခင်းဧရိယာ(တစ်ထပ်ရှိ စတုရန်းမီတာ) ထက်ပိုပါက မီးလှန့်အချက်ပေးစနစ်တပ်ဆင်ရန်**	**မီးလှန့်အချက်ပေးစနစ်အမျိုးအစား**
(ဂ) လေးထပ်ထက်ပိုသော အဆောက်အအုံ	NR	(a)

* သက်ဆိုင်ရာအာဏာပိုင်(မီးသတ်ဦးစီးဌာန)မှသီးခြားပြဋ္ဌာန်းချက်မရှိလျှင် အထက်ပါတစ်ထပ် အဆောက်အအုံ၏ စုစုပေါင်းကြမ်းခင်းဧရိယာအောက် လျော့နည်းပါက မီးလှန့်အချက်ပေး စနစ် တပ်ဆင်ရန်မလိုပါ။

** စုစုပေါင်းကြမ်းခင်းဧရိယာ စတုရန်းမီတာ ၄၀၀ အောက်လျော့နည်း၍ လေးထပ် ထက် ပိုသော အဆောက်အအုံများတွင် သာမန်မီးလှန့်အချက်ပေးစနစ်တပ်ဆင်ရန်လိုအပ်သည်။

\+ သက်ဆိုင်ရာအာဏာပိုင်(မီးသတ်ဦးစီးဌာန)သည် ညအိပ်လူနေထိုင်သော အဆောက်အအုံ များတွင် အလိုအလျောက်မီးလှန့်အချက်ပေးစနစ် တပ်ဆင်ရန်လိုအပ်ပါက ညွှန်ကြား နိုင်သည်။

.‡ အထပ်တစ်ထပ်တွင်ရှိသော အဆောက်အအုံများ၏ စုစုပေါင်းကြမ်းခင်းဧရိယာသည် အပိုဒ် ၅၁ (ဃ) ပါအရ ပိုမကြီးရ။

NL = မကန့်သတ်ပါ(no limit)

NR = ကြမ်းခင်းဧရိယာနှင့်မသက်ဆိုင်ပါ (not relevant)

(m) = သာမန်မီးလှန့်အချက်ပေးစနစ် (manual type)

(a) = အလိုအလျောက်နှင့် သာမန်မီးလှန့်အချက်ပေးစနစ်

မှတ်ချက်။ (၁) အဆောက်အအုံတစ်ခုတွင် အုပ်စု(၂)မျိုး သို့မဟုတ် (၂)မျိုးထက်ပို၍ အသုံးပြုလျှင် မည်သည့်အုပ်စုအမျိုးအစားအတွက်မဆို မီးလှန့်အချက်ပေး စနစ် တပ်ဆင်ခြင်းသည် အဆောက်အအုံတစ်ခုလုံးနှင့် သက်ဆိုင်သည်။

(၂) အုပ်စု(၂)အဆောက်အအုံအမျိုးအစားများတွင် ရောနှောနေထိုင်အသုံးပြုပါက အပိုဒ် ၅၁(ခ)ပါပြဋ္ဌာန်းချက်များအတိုင်း လိုက်နာရမည်။

ဇယား (၇.၃) အဆောက်အအုံများတွင် အထူးအသုံးပြုရန်ရည်ရွယ်သော အခန်းများအတွက် အကန့်ကန့်ခြင်းဆိုင်ရာ လိုအပ်ချက်များ

အသုံးပြုမှု (၁)	ရေဖျန်းစနစ် တပ်ဆင်မထားသော အဆောက်အအုံ (၂)		ရေဖျန်းစနစ် တပ်ဆင်ထားသော အဆောက်အအုံ (၃)		
	အကန့် ကန့်ခြင်း (၂-က)	မီးဒဏ်ခံ တံခါး (၂-ခ)	အကန့် ကန့်ခြင်း (၃-က)	မီးဒဏ်ခံ တံခါး (၃-ခ)	ရေဖျန်း စနစ် (၃-ဂ)
စတိုခန်း[1]	1 hr	1 hr	N	N	S
လေမောင်းနှင်ခန်း[2]	N	N	N	N	S
မီးဖိုခန်း[4]	1 hr	1/2 hr	1 hr	1/2 hr	S
ဘွိုင်လာခန်း (oil fired)	2 hr	2 hr	1 hr	1 hr	S
ဗို့အားနိမ့်လျှပ်စစ်ခန်း	B	B	B	B	Ex
ဗို့အားမြင့်လျှပ်စစ်ခန်း	B	B	B	B	Ex
ထရန်စဖော်မာခန်း (oil type)	B	B	B	B	Ex
ဆီသိုလှောင်ခန်း	2 hr	2 hr	1 hr	1 hr	S
ဂျင်နရေတာခန်း	2 hr	2 hr	1 hr	1 hr	S
လေအေးပေးခန်း	2 hr	2 hr	1 hr	1 hr	S
လျှပ်စစ်ဓာတ်လှေကား မော်တာခန်း	2 hr	2 hr	2 hr	2 hr	Ex
အရည်ဖိအားသုံး ဓာတ်လှေကား မော်တာခန်း	2 hr	2 hr	1 hr	1 hr	S
ပန်ကာခန်း	2 hr	2 hr	1 hr	1 hr	S
လျှပ်စစ်ခန်း	2 hr	2 hr	2 hr	2 hr	Ex
အသုံးပြုမှု (၁)	ရေဖျန်းစနစ် တပ်ဆင်မထားသော အဆောက်အအုံ (၂)		ရေဖျန်းစနစ် တပ်ဆင်ထားသော အဆောက်အအုံ (၃)		

	အကန့်ကန့်ခြင်း (၂-က)	မီးဒဏ်ခံတံခါး (၂-ခ)	အကန့်ကန့်ခြင်း (၃-က)	မီးဒဏ်ခံတံခါး (၃-ခ)	ရေဖျန်းစနစ် (၃-ဂ)
ဘက်ထရီခန်း	2 hr	2 hr	2 hr	2 hr	Ex
ရေတိုင်ကီခန်း(ရေဖျန်းစနစ်/မီးသတ်ရေတင်ပိုက်(ရေပါ))	B	B	B	B	S
မီးငြိမ်းသတ်ရေးပန့်ထားရှိသောခန်း	B	B	B	B	S
မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်း	2 hr	2 hr	2 hr	2 hr	S
ပင်မဖြန့်ဖြူးရေးခန်း (MDF room)	N	N	B	B	Ex
			N	N	S
PABX room	N	N	B	B	Ex
			N	N	S

ဇယားတွင် အကန့်ကန့်ခြင်းနှင့် တံခါး၏ မီးဒဏ်ခံနိုင်ရည်ကို အောက်ပါနည်းလမ်းများဖြင့် သတ်မှတ်ထားသည်။

N = အကန့်ကန့်ခြင်းအတွက် တိကျသောလိုအပ်ချက်မရှိ။

B = အထူးအသုံးပြုရန်ရည်ရွယ်သော အခန်းများအတွက် အကန့်ကန့်ခြင်းနှင့် တံခါး၏ မီးဒဏ်ခံနိုင်မှုသည် အဆောက်အအုံရှိ အခြားအစိတ်အပိုင်းများ၏ မီးဒဏ်ခံနိုင်မှုထက်မနည်းရ။

ဇယားတွင်ဖော်ပြထားသော မီးဒဏ်ခံနိုင်ရည် သတ်မှတ်တောင်းဆိုချက်သည် အနည်းဆုံးလိုအပ်ချက်ဖြစ်သည်။

အထူးအသုံးပြုရန်ရည်ရွယ်သော အခန်းများအတွက် ရေဖျန်းစနစ်လိုအပ်ချက်သည် အောက်ပါအတိုင်း ဖြစ်သည်။

S = ၎င်းအခန်းများတွင် ရေဖျန်းစနစ် အပြည့်အဝ တပ်ဆင်ရမည်။

Ex = သက်ဆိုင်ရာနေရာများတွင် SS CP 10 အရ အလိုအလျောက် မီးလှန့်အချက်ပေး စနစ်အား တပ်ဆင်ထားလျှင် ရေဖျန်းစနစ်ကင်းလွတ်ခွင့်ပြုသည်။

- ၁ အကန့်ကန့်ရန်လိုအပ်သော စတိုခန်းများသည် ဖော်ပြပါသတ်မှတ်ချက်များကို လိုက်နာရမည်။

- ၂ ဟိုတယ်၏မီးဖိုခန်း၊ စားသောက်ဆိုင်၊ ကော်ဖီဆိုင် သို့မဟုတ် အစားအစာပြင်ဆင်ချက်ပြုတ်သော အခြားအလားတူနေရာများတွင် ဖော်ပြပါသတ်မှတ်ချက်များကို လိုက်နာရမည်။ သို့ရာတွင် အလေးထား ထည့်သွင်းစဉ်းစားရမည့် အချက်များကို အောက်တွင်ဖော်ပြထားသည်-

  (က) မီးတောက်မီးလျှံ(open flame)သုံး၍ ချက်ပြုတ်ခြင်းမရှိသော မီးဖိုခန်းများ သို့မဟုတ်

  (ခ) မီးငြိမ်းသတ်ရေးစနစ် တပ်ဆင်ထားသော ချက်ပြုတ်ရေးပစ္စည်းမျိုးစုံရှိသည့် မီးဖိုခန်းများ

- ၃ ဒေါင်လိုက်တည်ရှိသည့် လေမောင်းနှင်ခန်းများတွင် လေမောင်းနှင်ခန်းအသီးသီးကို အထပ်တိုင်းတွင်အကန့်ကန့်ထားသော ကြမ်းခင်းဖြင့်ပိုင်းခြားထားရမည်။ လေမောင်းနှင်စနစ်သည် အကန့်တစ်ခုထက်ပို၍ ထောက်ပံ့ပေးလျှင် အကန့်နံရံနှင့် ကြမ်းခင်းများကို ဖြတ်သန်းသွားသောလေပြွန်များတွင် မီးတားကိရိယာတပ်ဆင်ရမည်။ အပိုဒ် ၆၈ တွင် ကြည့်ပါ။

အခန်း(၈)

စက်စွမ်းအားသုံးလေဝင်လေထွက်စနစ်နှင့် မီးခိုးထိန်းချုပ်မှုစနစ်များ

၆၇။ လေအေးပေးစနစ်နှင့် စက်စွမ်းအားသုံးလေဝင်/ လေထွက်စနစ် (Air Conditioning and Mechanical Ventilation System) များမှာ အောက်ပါပြဋ္ဌာန်းချက်များအတိုင်း ဖြစ်သည်။

(က) အရေးပေါ်အခြေအနေတွင် စက်စွမ်းအားသုံး လေဝင်/ လေထွက်စနစ် (Mechanical Ventilation System) အစားလေအေးပေးစနစ် (Air Conditioning System) တပ်ဆင်ထားလျှင်ယင်းစနစ်သည် ဤစံချိန်စံညွှန်း သတ်မှတ်ချက်များပါ ပြဋ္ဌာန်းချက်များတွင် သတ်မှတ်ထားသည့် စက်စွမ်းအားသုံး လေဝင်/ လေထွက်စနစ် (Mechanical Ventilation System) ဆိုင်ရာလိုအပ်ချက်များအားလုံးနှင့် ကိုက်ညီရမည်။

(ခ) လေအေးပေးစနစ် (Air Conditioning System) နှင့် စက်စွမ်းအားသုံး လေဝင်/ လေထွက်စနစ် (Mechanical Ventilation System) ၏ လေပြွန် (Ducts) များအား အောက်ပါပြဋ္ဌာန်းချက်များအတိုင်း တည်ဆောက်ရမည်။

(၁) လေအေးပေးပြွန် (Air Conditioning Duct)၊ လေဝင်/ လေထွက်ပြွန် (Ventilation ducts) နှင့် ပြွန်ဘောင်အပါအဝင်ဖြစ်သော ပြွန်များသည် သံ၊ အလူမီနီယံ၊ ဖန်မျှင်ပြားဖြစ်စေ (Glass Fiber batt) ၊ သတ္တုမျှင်ပြားဖြစ်စေ (Mineral Wool batt)၊ အခြားအတည်ပြုထားသောပစ္စည်းဖြင့်ဖြစ်စေ တည်ဆောက်ရမည်။

(၂) လေအေးပေးပြွန် (Air Conditioning Duct)၊ လေဝင်/လေထွက်ပြွန် (Ventilation ducts) များအား ခိုင်ခံ့စွာတပ်ဆင်ထားရမည်။

(၃) လေပြွန်များ၏အတွင်းအပြင်တွဲဆက်အသုံးပြုသောပစ္စည်းများသည် မီးလောင်ရန် ခက်ခဲသော ပစ္စည်းအမျိုးအစားဖြစ်ရမည်။ အကယ်၍ မီးလောင်နိုင်သော ပစ္စည်းများအားသုံးရန် လိုအပ်လာပါက ၎င်းတို့သည် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်-

(ကက) လေပြွန်များ၏ အတွင်းအပြင် တွဲဆက်အသုံးပြုသော ပစ္စည်းများသည် မီးတောက်ပျံ့နှံ့နှုန်း Class (0) ရှိရမည်။

(ခခ) မီးလောင်မှုဖြစ်ပွားပါက မီးခိုးနှင့်အဆိပ်ငွေ့ပမာဏ အနည်းဆုံးသာ ထုတ်လွှတ်သည့်ပစ္စည်းဖြစ်ရမည်။

(ဂဂ) မီးတားကိရိယာ (Fire Damper) မှ အနည်းဆုံး ၁ မိတာအကွာတွင် ရှိရမည်။

(၄) အဆက်နှင့်အဆက်ရှင်များ (Flexible Joint And Connection) ။ တာမီနယ်ယူနစ် (Terminal Unit)၊ လေထုတ်ယူနစ်များ (Extract Unit)၊ လေဝေပေါက်

များ (Ventilatiion Grills) နှင့်ချိတ်ဆက်ထားသည့် လေပြွန်အဆုံးရှိ ပျော့ပျောင်းသော လေပြွန်အဆက်ရှင်များသည် ၄ မီတာထက်မပိုရ။ လေပြွန်စနစ်တွင် တပ်ဆင်ထားသည့် အဆက်ရှင်များသည် အရှည် ၂၅၀ မီလီမီတာ ထက်မပိုရ။ ၎င်းအဆက်ရှင်များသည် အပူစီးကူးမှုကို လျော့နည်းသက်သာစေပြီး မီးလောင်ရန်မလွယ်ကူသည့် ပစ္စည်းဖြင့်ပြုလုပ်ရမည်။

(၈) လေအေးပေးစနစ် (Air Condition) နှင့် စက်စွမ်းအားသုံးလေဝင်/ လေထွက်စနစ်များ (Mechanical Ventilation Systems) နှင့် ဆက်စပ်နေသောပိုက်များကို အပူကာခြင်းအတွက် အောက်ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

(၁) ရေငွေ့တားအနားကွပ်များ (vapour barrier lining) ၊ ကော်များနှင့်အတူ ပိုက်အပူကာပစ္စည်းများသည် မျက်နှာပြင်မီးတောက်ပျံ့နှုန်းနှုန်း Class (1) ထက်မနည်းရ။ ဤစံချိန်စံညွှန်းသတ်မှတ်ချက်များပါ ပြဋ္ဌာန်းချက်အရမီးတောက်ပျံ့နှုန်းနှုန်း Class (0) ရှိသည့် မျက်နှာကြက်တည်ဆောက်ရန်လိုအပ်ပါက လေပြွန်များ၏အတွင်းအပြင်တွဲဆက်အသုံးပြုသောပစ္စည်းများ၏ မီးတောက်ပျံ့နှုန်းမှုနှုန်းသည် Class (0) ဖြစ်ရန် လိုအပ်သည်။

(၂) ပိုက်အပူကာခြင်းအတွက် အထက်ပါအချက်များနှင့် ကိုက်ညီရန် လိုသော်ငြားလည်းအဆင့်နိမ့်သောပလတ်စတစ်နှင့်ရာဘာအမြှုပ်သုံးအပူကာပစ္စည်းများကို အောက်ပါအချက်များနှင့်ကိုက်ညီပါက အသုံးပြုခွင့်ရှိသည်-

(က က) မီးသတ်ဦးစီးဌာနမှ လက်ခံသော အလိုအလျောက် မီးငြိမ်းသတ် နိုင်သည့်ပစ္စည်း (Automatic Fire Extinguishing) အမျိုးအစား။

(ခ ခ) အပူကာပစ္စည်းများကို ဖုံးအုပ်ထားသော သို့မဟုတ် ငုံထားသော သတ္တုအကာ (Metal Sheath) သို့မဟုတ် ပေါင်းစပ်ပလာစတာ (Hybrid Plaster) သို့မဟုတ် အခြားမီးလောင်ရန် ခက်ခဲသော အကာပစ္စည်းများသည် မီးသတ်ဦးစီးဌာနမှ လက်ခံနိုင်သော အမျိုးအစား ဖြစ်ရမည်ဖြစ်ပြီး ပိုက်လိုင်းများထိုးဖောက်ဖြတ်သန်းသွားသော အဆောက်အအုံ၏ အခြားနေရာများ၊ ဝန်အားခံနိုင်သော အပိုင်း၏ တစ်စိတ်တစ်ဒေသရှိ အပေါက်ဆက်ကြောင်း အစွန်းနေရာတွင် ဖြတ်သန်းသွားသောနေရာ၏ မီးလောင်ဒဏ်ခံနိုင်အား တူညီသော အပူကာပစ္စည်းဖြင့် ထိရောက်စွာ မီးတားထားရမည်။

(ဃ) လေပြွန်ကာ (Duct Enclosure) သည် အပိုဒ် ၂၂(စျ) ကိုလိုက်နာရမည်။

(c) လေဝင်/လေထွက်ပြွန်များ (Ventilation Ducts) သည် မီးခိုးတားခန်း (Smoke Stop Lobby)ကိုဖြစ်စေ၊ မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်း (Fire Fighting Lobby) ကိုဖြစ်စေ ဖြတ်သန်းမသွားရ။ ရှောင်ကွင်း၍မရနိုင်သော အခြေအနေတွင် အဆောက်အအုံ၏ မီးဒဏ်ခံနိုင်ရည်နှင့် ညီမျှသော အကာအရံအတွင်းတွင် ထိုလေဝင်/ လေထွက်ပြွန် (Ventilation Ducts) အစိတ်အပိုင်းကို ထည့်သွင်းတပ်ဆင်ထားရမည်။ ထိုအကာအရံကို အင်္ဂတေဖြင့်သာ တည်ဆောက်သင့်သည်။ အခြားမီးလောင်ဒဏ်ခံနိုင်သော ပုံစံကို အသုံးပြုပါက လေပြွန်ဖြတ်သွားသောအခန်း၏နံရံတွင် မီးတားကိရိယာ (Fire Damper) အားတပ်ဆင်ထားရမည်။

(စ) အဆောက်အအုံတစ်ခု၏ မျက်နှာကြက်နှင့် အပေါ်ထပ်ကြမ်းခင်းအကြား၊ မျက်နှာကြက်နှင့်အမိုးအကြား၊ မူလကြမ်းပြင်နှင့် မြှင့်ထားသော ကြမ်းပြင်အကြားအလုံပိတ်နေရာ (Concealed Space) ကို ပလီနမ် (Plenum) အဖြစ် အောက်ပါအခြေအနေများတွင် အသုံးပြုနိုင်သည်။

(၁) အလုံပိတ်နေရာ (Concealed Space) တွင် အောက်ဖော်ပြပါ ပစ္စည်းများသာ ပါဝင်လျှင်-

(ကက) သတ္တုလျှပ်ကာပြားကွပ်ထားသော ကေဘယ်လ်ကြိုးများ (Mineral Insulated Metal Sheathed Cable) ၊ အလူမီနီယံ ကွပ်ထားသော ကေဘယ်ကြိုးများ (Aluminium Sheathed Cable) ၊ ကြေးကွပ်ထားသောကေဘယ်ကြိုးများ (Copper Sheathed Cable) ၊ သတ္တုကွန်ဂျူပိုက်အမာ (Rigid Metal Conduit) ၊ ကေဘယ်ကြိုးအိမ်အရှည် ၂ မီတာ ထက်မပိုသောရေလုံ သတ္တုကွန်ဂျူပိုက်ပျော့ သို့မဟုတ် သတ္တုကာကေဘယ်ကြိုးများ။

(ခခ) အလုံပိတ်နေရာများအတွင်း ခွင့်ပြုထားသည့် အသုံးအဆောင် ပစ္စည်းများအပါအဝင် ဝါယာသွယ်တန်းသော ပစ္စည်းများသည် ၎င်းတို့အပေါ် သက်ရောက်နိုင်သောပတ်ဝန်းကျင်အပူဒဏ်အတွက် သင့်လျော်သော လျှပ်စစ်ပစ္စည်းကိရိယာများ။

(ဂဂ) အပိုဒ်ခွဲ(ခ)နှင့်ကိုက်ညီသည့် အခြားလေဝင်လေထွက်ပြွန်များ။

(ဃဃ) ကွန်ပျူတာ၊ ရုပ်မြင်သံကြား ၊ တယ်လီဖုန်းနှင့် အင်တာကွန်းစနစ်များ၏ ဆက်သွယ်ရေးကြိုးများ။

(င) မီးဘေးကာကွယ်ရေးတပ်ဆင်မှုများ။

(စစ) မီးတောက်နိုင်ခြေမရှိသော အရည်များကို သယ်ပို့ပေးသည့် မီးလောင်ရန် ခက်ခဲသောပစ္စည်းဖြင့် ပြုလုပ်ထားသောပိုက်များ။

(၂) မျက်နှာကြက်ပြားအတွက်ထောက်တိုင်သည် မီးလောင်ရန်မလွယ်သော ပစ္စည်းများ ဖြစ်ရမည်။

(၃) ခြွင်းချက်အနေဖြင့် မီးခိုးထွက်မှုနှင့်၊ မီးလောင်ရန်မလွယ်ကူသော မီးဒဏ်ခံနိုင်သည့် ကေဘယ်ကြိုးများကို အောက်ပါ အခြေအနေများတွင်သာ Plenum အတွင်းတွင် အလွတ်သွယ်တန်းရန် ခွင့်ပြုထားသည်။

(က) Plenum သည် ရေဖျန်းစနစ်ဖြင့်ဖြစ်စေ၊ ဓာတ်ငွေ့စနစ်ဖြင့်ဖြစ်စေ ကာကွယ်ထားရမည်။

(ခ) Fan Coil Unit(FCU) (သို့မဟုတ်) Air Handling Unit(AHU) တို့တွင် လေလှည့်ပတ်သည့်စနစ်အဖြစ် Plenum အား အသုံးပြုရာတွင် အခန်းတစ်ခန်းထက်ပိုခဲ့လျှင် ၎င်းအတွင်းတွင် မီးခိုးအားအာရုံခံမပါက FCU နှင့် AHU ကို ပိတ်ချနိုင်ရန် မီးခိုးအာရုံခံကိရိယာ (smoke detector) တပ်ဆင်ထားရမည်။

(ဆ) စည်းခြားနံရံများ (Seperating walls) (အသုံးပြုမှုမတူသောနေရာ (၂) ခုကို ခွဲခြားထားသော) နံရံများကို မည်သည့်လေအေးပေးပြွန် (သို့မဟုတ်) လေဝင်/လေထွက်ပြွန်မျှ ဖောက်ထွင်းဖြတ်သန်းမသွားရ။

(ဇ) မီးတားကိရိယာများ (Fire Dampers) သည် လေပြွန်ဖြတ်သန်းသွားသော အကန့်နံရံများ (Compartment Wall) သို့မဟုတ် အကန့်ကြမ်းပြင်များ (Compartment Floor) ၏ မီးဒဏ်ခံနိုင်ရည်ထက်မနည်းသော မီးဒဏ်ခံနိုင်ရည်ရှိရမည်။ မီးတားကိရိယာများ (Fire Dampers) သည် သက်ဆိုင်ရာအာဏာပိုင် (မီးသတ်ဦးစီးဌာန)မှ အသိအမှတ်ပြုထားသောအမျိုးအစား ဖြစ်ရမည်။

(၁) အကန့်နံရံ (Compartment wall) သို့မဟုတ် အကန့်ကြမ်းပြင် (Compartment Floor) တို့ကို တိုက်ရိုက်ဖြတ်သွားသော လေဝင်/ လေထွက်ပြွန်များ (Ventilation Ducts) သည် အောက်ပါတို့ကိုလိုက်နာရမည်-

(က) ပြွန်သည်အကန့်နံရံ (Compartment wall) သို့မဟုတ် အကန့် ကြမ်းပြင် (Compartment Floor) ကို ဖြတ်သွားသည့်အခါတွင် လေဝင်/ လေထွက်ပြွန် (Ventilation Duct) သည် လုံခြုံသော အင်္ဂတေပြွန် (Protected Shaft) မဟုတ်လျှင်ဖြစ်စေ၊ မီးဘေးလုံခြုံမှုရှိသော

အပိုင်းအတွင်းတည်ရှိခြင်း မဟုတ်လျှင်ဖြစ်စေ ဖြတ်သန်းသွားသော နေရာ၌ မီးတားကိရိယာ (Fire Damper) တပ်ဆင်ထားရမည်။

(ခခ) လေဝင်/ လေထွက်ပြွန် (Ventilation Duct) သည် လုံခြုံသော အင်္ဂတေပြွန် (Protected Shaft) အဖြစ် ဖွဲ့စည်းထားလျှင်ဖြစ်စေ၊ မီးဘေးလုံခြုံမှုရှိသော အပိုင်းအတွင်းတည်ရှိလျှင်ဖြစ်စေ၊ အင်္ဂတေပြွန်အတွင်း အဝင်အထွက်နေရာတို့တွင် မီးတားကိရိယာ (Fire Damper) တပ်ဆင်ထားရမည်။

(၂) မီးတားကိရိယာ (Fire Damper) များကို အောက်ပါအတိုင်း တပ်ဆင်ထားရှိရမည်-

(ကက) မီးတားကိရိယာ (Fire Damper) ကို တပ်ဆင်ရာတွင် ၎င်း၏အိမ်သည် အကန့်နံရံ (Compartment wall) သို့မဟုတ် အကန့် ကြမ်းပြင် (Compartment Floor) ကို လုံးဝထိုးဖောက်တပ်ဆင် ထားရမည်။ ၎င်းအိမ်အား တပ်ဆင်ထားရှိပုံမှာ အောက်ပါအချက် တစ်ခုခုနှင့် ကိုက်ညီရမည်-

(၁ ၁) မီးလောင်နေသောအချိန်တွင် ပိတ်နေသော အနေအထားတွင်ရှိမည့် အချပ် (Blades) များသည် အပူကြောင့်ပြန့်ကားလာနိုင်ပြီးပုံပျက်ယိုယွင်းခြင်းမရှိစေရန်အချပ်များ (Blades) ၏ အစွန်းနှစ်ဖက်လုံးတွင် ဖလန်းပြားဖြင့် ကွပ်ထားခြင်းဖြင့် ဖြစ်စေ။

(၂ ၂) လက်လှမ်းမီနိုင်သော အစွန်းဘက်တွင် မီးတားကိရိယာ (Fire Damper) နှင့် ချိတ်ဆက်နိုင်သော ဖလန်းပြားတစ်ခု ထား၍ နံရံပေါ်တွင်ထွင်းထားသော အပေါက်မှတစ်ဆင့်တပ်ဆင်သောနည်းလမ်းအားဖြင့်ဖြစ်စေ ပြန့်ကားမှု (Expansion) အတွက် စီမံထားရှိခြင်း။

(ခခ) ဖလန်းပြားများကို အကန့်နံရံ (Compartment wall) သို့မဟုတ် ကြမ်းခင်း (Compartment Floor) မျက်နှာပြင်တွင် ကပ်ထားပြီး မီးတားကိရိယာ (Fire Damper) အိမ်တွင် တပ်ဆင်ထားရမည်။

(ဂဂ) မီးတားကိရိယာ (Fire Damper) နှင့်လေပြွန်စနစ်တို့ချိတ်ဆက်တပ်ဆင်ရာတွင် လေပြွန်စနစ်ပျက်စီးသွားသည့် အခြေအနေသို့ရောက်ရှိ

သည့်တိုင်အောင် ၎င်းမီးတားကိရိယာ (Fire Damper) သည် နေရာတကျကျန်ရှိနေပြီး စွမ်းအားပြည့် အလုပ်လုပ်နိုင်စေရန် သေချာစွာ တွဲထားရမည်။

(ဃဃ) မီးတားကိရိယာ (Fire Damper) ကိုယ်ထည်နှင့် ထိုးဖောက်ဝင်ရောက်သည့်အစွန်းတို့ အကြားလွတ်နေသောနေရာသည် စမ်းသပ်ထားသော ရှေ့ပြေးပုံစံ (Prototype) ထက်မနည်းရ။ ပြွန်ခေါင်းဆက်ထောင့်အပိုင်း၏ အကျယ်ထက်ဝက်ထက်မပိုရ။

(cc) မီးတားကိရိယာ (Fire Damper) ကိုယ်ထည်နှင့်နံရံ သို့မဟုတ် ကြမ်းခင်းရှိ လွတ်နေသောနေရာအား မီးကာပစ္စည်းဖြင့် ပိတ်ထားရမည်။

(စစ) ဒေါင်လိုက် မီးတားကိရိယာ (Fire Damper) အား တပ်ဆင်ထားရှိသည့်ပုံစံမှာ လေစီးကြောင်းလားရာသည် ကိရိယာ၏အပိတ်ကို အထောက်အကူပြုသောပုံစံ ဖြစ်ရမည်။

(ဆဆ) ပိတ်ထားသော မီးတားကိရိယာ (Fire Damper) တစ်ခုနှင့် ပြွန် (Ducting)၊ ပိုက်အဆက်ရှင်များ (Flexible Connection) ၊ ပိုက်ဖုံးများ (Duct Covering)၊ အတွင်းပိုင်း အနားကွပ်များ (Internal Lining) နှင့် အလားတူတို့အကြား ဖြတ်သွားသော ပြင်ညီအကွာအဝေး (Horizontal Distance) သည် အောက်ပါအတိုင်းဖြစ်ရမည်-

(၁ ၁) ထိုအစိတ်အပိုင်းများသည် ၁၀၀၀ ဒီဂရီဆဲလ်စီးယပ် ထက်နည်းသောအပူချိန်ဒဏ်ကိုခံနိုင်သော ပစ္စည်းဖြင့်ပြုလုပ်ထားသည့်အခါ ၁ မီတာထက် မနည်းရ။

(၂ ၂) အပူကာပစ္စည်း သို့မဟုတ် ရေနွေးငွေ့အတားအဆီး (Vapour Barrier) မှအပ ထိုအစိတ်အပိုင်းများသည် မီးလောင်လွယ်သော ပစ္စည်းများဖြင့်ပြုလုပ်ထားလျှင် မီးတားကိရိယာ (Fire Damper) အချင်း သို့မဟုတ် ထောင့်ဖြတ်၏ သုံးဆထက် မနည်းစေရ၊ ၂ မီတာထက် မနည်းစေရ။

(ဇဇ) မီးတားကိရိယာ (Fire Damper) တစ်ခု၏ အထက်တွင်ဖြစ်စေ၊ အောက်တွင်ဖြစ်စေ စစ်ဆေးရန် အပေါက်/ တံခါး (Inspection

Access Door) ရှိရမည်။ စစ်ဆေးရန်အပေါက်/ တံခါး (Inspection Access Door) ၏ အတိုင်းအတာမှာ အလျား ၄၅၀ မီလီမီတာ၊ အကျယ် ၄၅၀ မီလီမီတာရှိသင့်သည်။ ပိုမိုသေးငယ်သောပြွန်များ အတွက် တံခါးအကျယ် အတိုင်းအတာသည် ပြွန်၏အကျယ် သို့မဟုတ် အမြင့်အတိုင်း လျှော့ချနိုင်သည်။ စစ်ဆေးရန် အပေါက်/ တံခါးများ (Inspection Access Door) သည် ဖွင့်ပိတ်နိုင်ရမည်။ စစ်ဆေးရန်အပေါက်/ တံခါး (Inspection Access Door) သည် အနည်းဆုံး ၁.၂၅ မီလီမီတာ အထူရှိသည့် သံပြားဖြင့် ပြုလုပ်ပြီး ခိုင်ခံ့စွာ တပ်ဆင်ထားရမည်။

(၃) အောက်ပါနေရာများတွင် မီးတားကိရိယာ (Fire Damper) များကိုမတပ်ဆင်ရ-

(ကက) မီးခိုးထုတ်ပြွန် (Smoke Extract Duct) အဖြစ်အသုံးပြုသော မီးခိုးထုတ် အင်္ဂတေပြွန်ရှိနံရံပေါက်များဖြစ်စေ၊ လေလှည့်ပတ်သည့်စနစ် (Air Return System) ၏ အင်္ဂတေပြွန်ရှိ နံရံပေါက်များတွင်ဖြစ်စေ။

(ခခ) မီးဖိုလေထုတ်ပြွန် (Kitchen Exhaust Duct) တွင်ဖြတ်သွားသော အကာအကွယ် ပြုလုပ်ထားသည့် အင်္ဂတေပြွန် (Protected Shaft) ရှိ နံရံပေါက်များ။

(ဂဂ) လေဖိအားပေးစနစ်(Pressurization System) ရှိသောနေရာတိုင်း။

(ဃဃ) ဤစံချိန်စံညွှန်း သတ်မှတ်ချက်များပါ ပြဋ္ဌာန်းချက်အရ တိကျစွာ တားမြစ်ထားသောနေရာတွင်။

(၄) ဤ စံချိန်စံညွှန်းသတ်မှတ်ချက်များပါ ပြဋ္ဌာန်းချက်အရ လေအေးပေးစနစ်နှင့် စက်စွမ်းအားသုံး လေဝင်/လေထွက်စနစ် (Air Conditioning and Mechanical Ventilation System) တို့တွင် မီးတားကိရိယာ (Fire Damper) တပ်ဆင်ပုံ အသေးစိတ် စသည့်ပစ္စည်းကိရိယာများ၊ စစ်ဆေးရန်အပေါက်/ တံခါး (Inspection Access Door) စသည်တို့သည် လိုအပ်ပါက ၎င်း၏အမျိုးအစားတပ်ဆင်ပုံမှာ မီးသတ်ဦးစီးဌာနမှ အသိအမှတ်ပြုထားသော သတ်မှတ်ချက်နှင့်အညီ ဖြစ်ရမည်။

(စျ) မီးဒဏ်ခံနိုင်သော ကြမ်းခင်းမျက်နှာကြက်နှင့်အမိုးမျက်နှာကြက်ကို အောက်ပါအတိုင်း စီမံထားရှိရမည်။

(၁) မီးဒဏ်ခံနိုင်သော ကြမ်းခင်းအောက် မျက်နှာကြက် (Floor Ceiling) (သို့မဟုတ်) အမိုးအောက်မျက်နှာကြက် (Roof Ceiling) တို့တွင် ပြွန်စနစ် (Ducting) မပါရှိရ။ အကယ်၍ပါရှိပါက စမ်းသပ်အတည်ပြုထားသော မီးဒဏ်ခံနိုင်သည့် ပြွန်စနစ် (Ducting) ဖြစ်ရမည်။

(၂) မျက်နှာကြက်ရှိ အပေါက်များ သို့မဟုတ် ပလီနမ် အဖြစ် အသုံးပြုနိုင်သည့် မျက်နှာကြက် အပါအဝင် မျက်နှာကြက်ရှိ အပေါက်များကို မီးတားကိရိယာ (Fire Damper) ဖြင့် ကာကွယ်ထားရမည်။ မျက်နှာကြက်ရှိ အပေါက်များကို အောက်ပါအတိုင်း စီမံထားရှိရမည်-

(ကက) ၎င်းဧရိယာအတွင်းရှိ မည်သည့်အပေါက်မှ စမ်းသပ်အတည်ပြုထားသောပုံစံအပေါက် (prototype test panel) ထက်ပိုမကြီးရ။

(ခခ) မျက်နှာကြက်တွင်ပါရှိသော အပေါက်များ၏ စုစုပေါင်းဧရိယာသည် စမ်းသပ်အတည်ပြုထားသော အပေါက်ဧရိယာထက်မများရ။

(ဂဂ) မျက်နှာကြက်တွင်ပါရှိသော အပေါက်များခိုင်ခံ့ရန် တည်ဆောက်ပုံသည် စမ်းသပ်အတည်ပြုထားသော တည်ဆောက်ပုံစနစ် ထက်မလျော့နည်းစေရ။

(ည) မီးခံပြွန် (Fire Rated Duct) ကို အောက်ပါအတိုင်းတပ်ဆင်တည်ဆောက်ရမည်။

(၁) မီးဒဏ်ခံနိုင်သောပစ္စည်းများကို မီးဒဏ်ခံနိုင်သော ပြွန်တည်ဆောက်ရာတွင် အသုံးပြုပါက ပြွန်၏ မီးဒဏ်ခံနိုင်ရည်သည် ၎င်းဖောက်ထွင်းသောနံရံ သို့မဟုတ် ကြမ်းပြင်၏မီးဒဏ်ခံနိုင်ရည်နှင့် တူညီသောကာလဖြစ်ရမည်။

(၂) သက်ဆိုင်ရာအာဏာပိုင် (မီးသတ်ဦးစီးဌာန) မှခွင့်ပြုနိုင်ရန် မီးလောင်ဒဏ်ခံနိုင်သောပြွန်များကို BS 476-Pt 24 အတိုင်း စမ်းသပ်စစ်ဆေးရမည်။

(၃) မီးဒဏ်ခံလေပြွန် (Fire rated Ducts)များ အပေါ်မှ မီးလောင်ဒဏ်ခံနိုင်မှု မပါရှိသောလေပြွန်များနှင့်အခြားအဆောက်အအုံသုံးစနစ်များ သွယ်တန်းခြင်းများကို ရှောင်ကြဉ်ရမည်။ လက်တွေ့အခက်အခဲများအရ မရှောင်နိုင်ပါက ထိုမီးဒဏ်ခံနိုင်ရည် မပါရှိသော ပြွန်များ သို့မဟုတ် အခြားအဆောက်အအုံသုံးစနစ်များ၏ ထောက်တိုင်များအား ကြံ့ခိုင်စေရန် အားဖြည့်ပေးရမည်။ ထိုသို့အား

ဖြည့်ရာတွင် ထောက်တိုင်များအား ခိုင်မာစေရန်နှင့် ကျရောက်မည့် ဝန်အား (Tensile Stress)သည် ၁ စတုရန်းမီလီမီတာတွင် ၁၀ နယူတန် ထက်မပိုရ။ မီးဒဏ်မခံနိုင်သော ပြွန်များဖြစ်စေ၊ အခြားအဆောက်အအုံသုံး စနစ်များဖြစ်စေ သို့မဟုတ် ထိုနှစ်မျိုးလုံးကိုဖြစ်စေအောက်ဘက်တွင်ရှိသောမီးဒဏ်ခံပြွန်အပေါ် ပြိုကျမည့်အန္တရာယ်မှ တားဆီးရန်လုံလောက်စွာ စီမံထားရမည်။

(၄) မီးဒဏ်ခံနိုင်ပြွန်၏ အစိတ်အပိုင်းဖြစ်နေသော ပန်ကာများ (Ventilation Fans) သည် မီးဒဏ်ခံနိုင်ရည်ရှိသည့်အကာအရံတစ်ခုအတွင်းတွင်အတူထားရှိရမည်။

(၆) လေဝင်ပေါက်များ (Intakes of Outdoor Air Openings)နှင့် လေပြန်ပေါက်များ (Return Air Openings) ၏တည်နေရာများကို အောက်ပါအတိုင်းထားရှိရမည်-

(၁) လေမောင်းနှင်စနစ်များ (AHU)၊ စက်စွမ်းအားသုံး လေဝင်/ လေထွက်စနစ် (Mechanical Ventilation System) များ၊ ထွက်ပေါက်လှေကား (Exit Staircases) နှင့် အတွင်းစကြီး (Internal Cooridor) တို့အတွက် လေဖိအား ထိန်းစနစ် (Pressurization System) များနှင့် မီးခိုးထိန်းချုပ်စနစ်များ (Smoke Control System) ၏ အပြင်လေဝင်ပေါက်များ (Intakes of Outdoor Air Openings) အတွက် အပေါက်များသည် အိတ်ဇောလေထုတ်ပေါက်များ (Exhaust Discharge Openings) မှ ၅ မီတာထက်မနီးရ။

(၂) လေပြန်ပေါက်များ (Return Air Openings) နှင့် အပြင်လေဝင်ပေါက်များ (Outdoor Air Intakes) အားလုံး စီစဉ်နေရာချထားရာတွင် မီးတောက်သည့် ရင်းမြစ်များ (Source of Ignition) ဖြစ်သော မီးတောက်နေဆဲ မီးခြစ်ဆံများ နှင့် ဆေးလိပ်တိုစများသည် လေဝင်ပေါက်များအတွင်းသို့ မတော်တဆ ဝင်ရောက်ခြင်းဖြင့် လေစစ်ကိရိယာ (Air Filter) တွင်းသို့ ဝင်ရောက်ခြင်းနှင့် စုပုံ ပိတ်ဆို့ခြင်းမရှိစေရန် စီမံထားရှိရမည်။

၆၈။ လေမောင်းစနစ်စက်ခန်း (Air Handling Unit Room) ထားရှိမှုမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) လေမောင်းစနစ် (Air Handling System) အဖြစ် အလုံပိတ်နေရာ (Concealed Space) များအပါအဝင် အလုံပိတ်ထားသောလှေကားများ၊ မီးခိုးတားခန်းများ (Smoke Stop Lobies) အားအသုံးမပြုရ။ ၎င်းအခန်းများနှင့် ဆက်စပ်နေသော အစိတ်အပိုင်း ဖြစ်သော လေသွင်းခြင်း (Supply Air)၊ လေထွက်ခြင်း (Exhaust Air)၊ လေလှည့်ပတ် ခြင်း (Return Air) ပလီနမ် (Plenum) စသည်တို့ကိုပါ အသုံးမပြုရ။ လေမောင်းပစ္စည်း

ကိရိယာများ (Air Handling Equipments) သို့မဟုတ် အစုံလိုက်ယူနစ်များ (Package Units)နှင့် ၎င်းတို့၏လျှပ်စစ်ထိန်းချုပ်စနစ် (Electrical Control System) တို့ပါဝင်သောအခန်းသည် အန္တရာယ်များသော နေရာများမဟုတ်ပါ။ သို့သော်လည်း လေမောင်းကိရိယာများ (Air Handling Equipments) သည် အကန့် (Compartment) တစ်ခုထက်ပို၍ အသုံးပြုရပါက အကန့်နံရံများ (Compartment Walls) ကို လေပြွန်များ ထိုးဖောက်ဖြတ်သန်းသည့် နေရာများတွင် အပိုဒ် ၆၇(၉) ရှိ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်ဖြစ်ပြီး မီးတားကိရိယာ (Fire Damper) များကို တပ်ဆင်ထားရမည်။ AHU အခန်းများသည် ဒေါင်လိုက်ဆင့် (Vertically Stacked) ထားသောအနေအထားတွင်ရှိပါက AHU ခန်းတစ်ခုစီကို အထပ်တိုင်းရှိ အကန့်ကြမ်းပြင် (Compartment Floor) ဖြင့် ပိုင်းခြားထားရမည်။

(ခ) AHU စနစ်အတွက် ခွင့်ပြုထားသော မီးခိုးအာရုံခံကိရိယာ (Approved Type Smoke Detector) ကို လေလှည့်ပတ်ရာလမ်းကြောင်း (Return Air Stream) တွင် အောက်ပါအခြေအနေတို့တွင် AHU နှင့် ကပ်လျှက် ပူးတွဲတပ်ဆင်ထားရမည်-

(၁) အထပ်တစ်ထပ် သို့မဟုတ် အကန့်တစ်ခုထက်ပို၍ လေပေးရသော လေမောင်းယူနစ်များ (Air Handling Units) ။

(၂) ၁ နာရီလျှင် ၁၅၀၀၀ ကုဗမီတာထက်ပိုသော တစ်ခုတည်းသောယူနစ်။

(၃) သက်ဆိုင်ရာအာဏာပိုင် (မီးသတ်ဦးစီးဌာန) ၏ လိုအပ်ချက်အရ AHU တစ်ခုခုတွင်။

(ဂ) မီးခိုးအာရုံခံကိရိယာ၏လုပ်ငန်း (Functions of Smoke Detector) သည် လေလှည့်ပတ်စနစ် (return air system) အတွင်း မီးခိုးသိပ်သည်းဆများကို လက်ခံနိုင်သည့် ပမာဏထက်များပြားလာပါက လေမောင်းစနစ် (AHU) ကို အလိုအလျောက် ပိတ်ပစ်နိုင်ရန်အတွက် တပ်ဆင်ထားခြင်းဖြစ်သည်။ အသေးစိတ် ပြဋ္ဌာန်းချက်များသည် အဆောက်အအုံအတွက် စက်စွမ်းအားသုံးလေဝင်/ လေထွက် (Mechanical Ventilation) ပေးခြင်းစနစ်နှင့် လေအေးပေးစနစ် (Air Conditioning) ပြဋ္ဌာန်းချက်များအတိုင်းဖြစ်ရမည်။

(ဃ) အဆောက်အအုံတစ်ခုအတွင်းရှိ လေမောင်းယူနစ်များ (Air Handling Units) သည် ဗဟိုထိန်းချုပ်မှုစနစ်မဟုတ်လျှင် သီးခြားတပ်ဆင်ထားသော လေမောင်းယူနစ် (AHU) တစ်ခုစီတွင် ၁ နာရီလျှင် ၈၅၀၀ ကုဗမီတာထက်ပိုပါက မီးလောင်သော အခြေအနေ၌ ပန်ကာကို အမြန်ပိတ်နိုင်ရန် သာမန်အပိတ်ခလုတ် (manual stop switch) တစ်ခုစီ

ကို လက်လှမ်းမီနိုင်သောနေရာတွင် တပ်ဆင်ပေးထားရမည်။ ထိုခလုတ်ကို လေမောင်းစက်ခန်း၏ တံခါးဘေးနေရာနံရံပေါ်တွင် ဦးစားပေး တပ်ဆင်ထားရှိရမည်။

၆၉။ ထွက်ပေါက်များကို အောက်ပါပြဋ္ဌာန်းချက်များနှင့် အညီထားရှိရမည်-

(က) ထွက်ပေါက်များ (Exits)၊ မီးခိုးတားခန်းများ (Smoke Stop Lobbies) ၏ အကာအကွယ်ပြုလုပ်ထားသည့် ဒေါင်လိုက်အလုံပိတ်လမ်းကြောင်း (Protected Shaft) နှင့် ၎င်း၏အလုံပိတ်နေရာ (Concealed Space) များ အပါအဝင်နေရာတို့ကို လေမောင်းစနစ် (Air Handling System) များရှိ လေသွင်းခြင်း (Supply Air)၊ လေထုတ်ခြင်း (Exhaust Air) သို့မဟုတ် လေလှည့်ပတ်ခြင်း (Return Air) တို့၏ plenum များ အဖြစ် အသုံးမပြုရပါ။

(ခ) စက်စွမ်းအားသုံး လေဝင်/ လေထွက်စနစ် (Mechanical Ventilation System) ကို ထွက်ပေါက်လှေကားများ (Exit Staircases) နှင့် အတွင်းလျှောက်လမ်းများ (Internal Corridors) တွင် တပ်ဆင်မည်ဆိုပါက သီးသန့်လေပေးသောစနစ်တစ်ခုအဖြစ် ထားရှိရမည်။ အဆိုပါစနစ်သည် အောက်ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်-

(၁) စနစ်အတွက် ဖြည့်သွင်းသောလေ (Supply Air for the System) အားအဆောက်အအုံပြင်ပမှ တိုက်ရိုက်ရယူရမည်ဖြစ်ပြီးထိုလေဝင်ပေါက်သည် လေထုတ်ပေါက်များ (Exhaust Discharge Openings) မှ အနည်းဆုံး ၅ မီတာ အကွာအဝေးတွင်ရှိရမည်။

(၂) ၄ ထပ် ထက်ပို၍အသုံးပြုသော ထွက်ပေါက်လှေကား (Exit Staircase) အတွက် ဖြည့်သွင်းသောလေကိုလှေကားအမြင့်တစ်လျှောက်လုံးတွင် တပ်ထားသော ဒေါင်လိုက်ပြွန် (Vertical Duct) မှတစ်ဆင့် ရယူရမည်ဖြစ်ပြီး လေဖြန့်ဝေမည့် လေပေါက်များကို အထပ်တစ်ထပ်ခြားစီတွင်ထားရှိ ဖြည့်သွင်းရမည်။

(၃) ထွက်ပေါက်လှေကား (Exit Staircase) သို့ပေးမည့် လေဖြည့်သွင်းပြွန် (Supply Air Duct) သည် လှေကားနံရံကို ဖောက်ထွက်ရမည်ဆိုပါက လှေကားအပြင်ဘက်ရှိ ပြွန်ပိုင်းကို အင်္ဂတေ သို့မဟုတ် အပိုဒ် ၂၂(ဆ) နှင့်ကိုက်ညီသော အပေါ့စားနံရံ (Dry Wall) ဖြင့် ကာကွယ်ထားရမည်ဖြစ်ပြီး အဆိုပါနံရံတွင် မီးတားကိရိယာ (Fire Damper) မတပ်ဆင်ရပါ။

(၄) လေဝင်/ လေထွက်စနစ် (Ventilation System) သည် လေဖြည့်သွင်းခြင်းသာ ဖြစ်ရမည်ဖြစ်ပြီး လေလှည့်လည်နှုန်း (Air Change) မှာ တစ်နာရီလျှင် ၄ ကြိမ် ထက်မနည်းစေရ။

(၅) စက်စွမ်းအားသုံးလေဝင်/ လေထွက်စနစ် (Mechanical Ventilation System) သည် အဆောက်အအုံ၏ မီးလှန့်စနစ် (Fire Alarm Sysem) စတင်အချက်ပေးသည်နှင့်တစ်ပြိုင်နက် အလိုအလျောက် စတင်လည်ပတ်စေရမည်။ ထို့ပြင် မီးသတ်သမားများ အသုံးပြုရန် အဝေးထိန်းဖွင့်ပိတ်ခလုတ် (Remote Manual Start/Stop Switch) ကို မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်း (Fire Command Center) တွင်ဖြစ်စေ၊ မီးဘေးလုံခြုံရေး စီမံကွပ်ကဲခန်း (Fire Command Center) မရှိလျှင် မီးလှန့်အချက်ပြပုံး (Fire Alarm Panel) အနားတွင်ဖြစ်စေ ထားရှိရမည်။ စက်စွမ်းအားသုံးလေဝင်/ လေထွက်စနစ် (Mechanical Ventilation System) လည်ပတ်အလုပ်လုပ်နေပုံကို မြင်တွေ့နိုင်သော အချက်ပြစနစ်ထားရှိရမည်။

၇၀။ မီးခိုးတားခန်း (Smoke Stop Looby) နှင့် မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်း (Fire Fighting Looby) တို့အတွက် တပ်ဆင်ထားသော စက်စွမ်းအားသုံး လေဝင်/ လေထွက်စနစ် (Mechanical Ventilation System) သည် ထိုနေရာများအတွက် သီးခြားစနစ်ဖြစ်ရမည်ဖြစ်ပြီး အောက်ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်-

(က) လေဝင်/ လေထွက်စနစ် (Ventilation System) သည် လေဖြည့်သွင်းခြင်းသာ ဖြစ်ရမည်ဖြစ်ပြီး လေလှည့်လည်နှုန်း (Air Change) မှာ တစ်နာရီလျှင် ၁၀ ကြိမ်ထက် မနည်းစေရ။

(ခ) စနစ်အတွက်ဖြည့်သွင်းသောလေ (Supply Air for the System) သည် အဆောက်အအုံပြင်ပမှ တိုက်ရိုက်ရယူရမည်ဖြစ်ပြီး ထိုလေဝင်ပေါက် (Intake Point) သည် လေထုတ်ပေါက်များ (Exhaust Discharges) မှ သို့မဟုတ် သဘာဝလေဝင်ပေါက်များမှအနည်းဆုံး ၅ မီတာ အကွာအဝေးတွင်ရှိရမည်။

(ဂ) မီးခိုးတားခန်း (Smoke Stop Looby) သို့မဟုတ် မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်း (Fire Fighting Looby) ၏ အပြင်ဘက်တွင် သွယ်တန်းထားသော လေဖြည့်သွင်းပြွန်သည် အနည်းဆုံး ၁ နာရီမီးဒဏ်ခံနိုင်သော အကာအရံဖြင့် ကာရံထားရမည်။ အကယ်၍ မီးအန္တရာယ်မြင့်မားသော နေရာများကို ဖြတ်သန်းသွားသည့်ပြွန်ကို မီးဒဏ်ပိုခံနိုင်သည့် ပစ္စည်းများဖြင့် တည်ဆောက်ရန်လိုအပ်ပါက မီးသတ်ဦးစီးဌာနမှ ညွှန်ကြားနိုင်သည်။

(ဃ) စက်စွမ်းအားသုံးလေဝင်/ လေထွက်စနစ် (Mechanical Ventilation System) သည် အဆောက်အအုံ၏ မီးလှန့်စနစ် (Fire Alarm Sysem) စတင်အချက်ပေးသည်နှင့် တစ်ပြိုင်နက်အလိုအလျောက် စတင်လည်ပတ်စေရမည်။ ထို့ပြင် မီးသတ်သမားများ အသုံးပြုရန် အဝေးထိန်းဖွင့်ပိတ်ခလုတ် (Remote Manual Start Stop Switch) ကို

မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်း (Fire Command Center) တွင်ဖြစ်စေ၊ မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်း (Fire Command Center) မရှိလျှင် မီးလှန့်အချက်ပြပုံး (Fire Alarm Panel) အနားတွင်ဖြစ်စေ ထားရှိရမည်။ စက်စွမ်းအားသုံး လေဝင်/ လေထွက်စနစ် (Mechanical Ventilation System) လည်ပတ် အလုပ်လုပ်နေပုံကို မြင်တွေ့နိုင်သော အချက်ပြ စနစ်ထားရှိရမည်။

၇၁။ စက်စွမ်းအားသုံး လေဝင်/ လေထွက်စနစ် (Mechanical Ventilation System) အား အင်ဂျင်စွမ်းအားသုံးမီးသတ်ရေပန့် (Engine Driven Fire Pump) အခန်းနှင့် အရေးပေါ်မီးစက် (Emergency Generator) အခန်းများအတွက် မီးခိုးကင်းစင်သည့် နေရာဖြစ်စေရန် တပ်ဆင်အသုံးပြုပါက ထိုစနစ်သည် အဆောက်အအုံ၏ အခြားအစိတ်အပိုင်းများအတွက် ထားရှိသောစနစ်များနှင့် တစ်ပေါင်းတည်းမဟုတ်သော သီးခြားစနစ်ဖြစ်ရမည်-

(က) စနစ်အတွက်ဖြည့်သွင်းသောလေ (Supply Air for the System) သည် အဆောက်အအုံပြင်ပမှ တိုက်ရိုက်ရယူရမည်ဖြစ်ပြီး ထိုလေဝင်ပေါက် (Intake Point) သည် လေထုတ်ပေါက်များ (Exhaust Discharge Openings) မှ သို့မဟုတ် သဘာဝလေဝင်ပေါက်များမှ အနည်းဆုံး ၅ မီတာအကွာအဝေးတွင် ရှိရမည်။ လေထုတ်ပေါက်သည် အဆောက်အအုံပြင်ပသို့ တိုက်ရိုက်ထုတ်ရမည်ဖြစ်ပြီး လေဝင်ပေါက်များမှ အနည်းဆုံး ၅ မီတာအကွာအဝေးတွင် ရှိရမည်။

(ခ) အခန်းပြင်ပတွင် သွယ်တန်းထားသောလေပြွန်များသည် ၎င်းတို့ ဖြတ်သန်းသွားသော သက်ဆိုင်ရာအခန်းများ၏ အနည်းဆုံးမီးဒဏ်ခံနိုင်ရည်နှင့်တူညီသော သို့မဟုတ် ပိုမိုမြင့်မားသောအကာအရံများဖြင့်တည်ဆောက်ထားရမည်။ မီးဒဏ်ခံနိုင်ရည်နှင့်စပ်လျဉ်း၍ မီးနှင့်ထိတွေ့နိုင်သော ပြွန်၏ အတွင်းအပြင် မျက်နှာပြင်နှစ်ဖက်လုံးအတွက် ထည့်သွင်းစဉ်းစားရမည်။ အပိုဒ် ၂၂(စျ) အရ လေပြွန်အား အကာအကွယ် ပြုလုပ်ထားသော ဒေါင်လိုင်လမ်းကြောင်း (Protected Shaft) သို့မဟုတ် အပေါ့စားနံရံ (Dry Wall) များအတွင်း တပ်ဆင်ရန်လိုအပ်ပါက အခြားတပ်ဆင်ထားသော စနစ်များနှင့် သီးခြားထားရှိရမည်။

(ဂ) အပိုဒ် ၇၁ အရ လေဖြည့်သွင်းပြွန် (Supply Duct) သို့မဟုတ် လေထုတ်ပြွန် (Exhaust Duct) တွင် မီးတားကိရိယာ (Fire Damper) ကိုတပ်ဆင်ရန်မလိုပါ။

(ဃ) အခြားနေရာများအတွက်အသုံးပြုသောပြွန်များသည် အပိုဒ် ၇၁ တွင် ဖော်ပြထား သော အခန်းများကို ဖြတ်သန်းမသွားရ။

၇၂။ မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်း (Fire Command Center) အား လေအေးပေးစနစ် (Air Conditioning) သို့မဟုတ် သဘာဝလေ သို့မဟုတ် စက်စွမ်းအားသုံး လေဝင်/ လေထွက်စနစ် (Mechanical Ventilation System) ဖြင့်ပေးထားနိုင်သည်။ လေအေးပေးစနစ် (Air Conditioning) သို့မဟုတ် စက်စွမ်းအားသုံး လေဝင်/ လေထွက်စနစ် (Mechanical Ventilation System) သည် အဆောက်အအုံ၏ အခြားအစိတ်အပိုင်းများသို့ ပေးသောစနစ်များနှင့်တစ်ပေါင်းတည်း မဟုတ်သော သီးခြားစနစ်ဖြစ်ရမည်။ စက်စွမ်းအားသုံးလေဝင်/လေထွက်စနစ် (Mechanical Ventilation System) လိုအပ်ပါက အောက်ပါပြဋ္ဌာန်းချက်များနှင့်ကိုက်ညီရမည်-

(က) စနစ်အတွက်ဖြည့်သွင်းသောလေ (Supply Air for the System) သည် အဆောက်အအုံ ပြင်ပမှ တိုက်ရိုက်ရယူရမည်ဖြစ်ပြီး ထိုလေဝင်ပေါက်သည် လေထုတ်ပေါက်များ (Exhaust Discharge Openings) မှ သို့မဟုတ် သဘာဝ လေဝင်ပေါက်များမှ အနည်းဆုံး ၅ မီတာအကွာအဝေးတွင်ရှိရမည်။ လေထုတ်ပေါက် (Exhaust Discharge Openings) သည် အဆောက်အအုံပြင်ပသို့ တိုက်ရိုက်ထုတ်ရမည်ဖြစ်ပြီး လေဝင်ပေါက်များ (Intake Points) မှ အနည်းဆုံး ၅ မီတာ အကွာအဝေးတွင်ရှိရမည်။

(ခ) အခန်းပြင်ပတွင် သွယ်တန်းထားသော လေပြွန်များသည် ၎င်းတို့ဖြတ်သန်းသွားသော သက်ဆိုင်ရာအခန်းများ၏ အနည်းဆုံးမီးဒဏ်ခံနိုင်ရည်နှင့် တူညီသော သို့မဟုတ် ပိုမို မြင့်မားသောအကာအရံများဖြင့် တည်ဆောက်ထားရမည်။ မီးဒဏ်ခံနိုင်ရည် နှင့်စပ်လျဉ်း၍ မီးနှင့်ထိတွေ့နိုင်သော ပြွန်၏ အတွင်းအပြင် မျက်နှာပြင်နှစ်ဖက်လုံးအတွက် ထည့်သွင်းစဉ်းစားရမည်။ အပိုဒ် ၂၂(စျ) အရ လေပြွန်အား အကာအကွယ်ပြုလုပ်ထားသော ဒေါင်လိုက်လမ်းကြောင်း (Protected Shaft) သို့မဟုတ် အပေါ့စားနံရံ (Dry Wall) များအတွင်း တပ်ဆင်ရန် လိုအပ်ပါက အခြားတပ်ဆင်ထားသော စနစ်များနှင့် သီးခြားထားရှိရမည်။

(ဂ) အပိုဒ် ၇၂ အရ လေဖြည့်သွင်းပြွန် (Supply Duct) သို့မဟုတ် လေထုတ်ပြွန် (Exhaust Duct) တွင် မီးတားကိရိယာ (Fire Damper) ကို တပ်ဆင်ရန်မလိုအပ်ပါ။

(ဃ) မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်း (Fire Command Center) များ မှအပ အခြားနေရာများအတွက် အသုံးပြုသောပြွန်များသည် မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်း (Fire Command Center) အား ဖြတ်သန်းမသွားရ။

၇၃။ မီးဖိုခန်းလေထုတ်စနစ်များ (Kitchen Mechanical Exhaust Systems) သည် အောက်ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်-

(က) ဟိုတယ်၊ စားသောက်ဆိုင်၊ ကော်ဖီဆိုင်အစရှိသည့်နေရာများ၏ မီးဖိုခန်းများရှိ ချက်ပြုတ်ရာနေရာများအတွက် စက်စွမ်းအားသုံးလေထုတ်စနစ် (Mechanical Exhaust System) သည် အဆောက်အအုံ၏ အခြားလေထုတ်စနစ်များနှင့် တစ်ပေါင်းတည်းမဟုတ်သောသီးခြားစနစ်ဖြစ်ရမည်။ ထိုလေထုတ်စနစ်သည် အောက်ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်-

(၁) လေထုတ်ရန်မီးခိုး/ အညှော်စုပ်အုပ်ဆောင်း (Hood) နှင့်ပြွန်များသည် အကာအကွယ်မဲ့ မီးလောင်လွယ်သော ပစ္စည်းများမှ ၀.၅ မီတာ အကွာအဝေး တွင်ရှိရမည်။

(၂) လေထုတ်ပေါက် (Exhaust Discharge Opening) သည် အဆောက်အအုံ ပြင်ပသို့ တိုက်ရိုက်ထုတ်ရမည်ဖြစ်ပြီး လေဝင်ပေါက် (Intake Points) များမှ အနည်းဆုံး ၅ မီတာ အကွာအဝေးတွင်ရှိရမည်။

(၃) မီးဖိုခန်းပြင်ပတွင် သွယ်တန်းထားသော လေထုတ်ပြွန် (Exhaust Duct) များသည် ၎င်းတို့ဖြတ်သန်းသွားသောသက်ဆိုင်ရာအခန်းများ၏ အနည်းဆုံးမီးဒဏ်ခံနိုင်ရည်နှင့်တူညီသော သို့မဟုတ် ပိုမိုမြင့်မားသော အကာအရံများဖြင့် တည်ဆောက်ထားရမည်။ မီးဒဏ်ခံနိုင်ရည်နှင့်စပ်လျဉ်း၍ မီးနှင့်ထိတွေ့နိုင်သော ပြွန်၏ အတွင်းအပြင် မျက်နှာပြင်နှစ်ဖက်လုံး အတွက် ထည့်သွင်းစဉ်းစားရမည်။ အပိုဒ် ၂၂(စျ) အရ လေပြွန်အားအကာအကွယ် ပြုလုပ်ထားသည့် အင်္ဂတေပြွန် (Protected Shaft) သို့မဟုတ် အပေါ့စားနံရံ (Dry Wall) များအတွင်း တပ်ဆင်ရန်လိုအပ်ပါက အခြားတပ်ဆင်ထားသော စနစ်များနှင့် သီးခြားထားရှိရမည်။

(၄) မီးဖိုလေထုတ်ပြွန် (Kitchen Exhaust Duct) များတွင် မည်သည့် မီးတားကိရိယာ (Fire Damper) ကိုမျှ မတပ်ဆင်ရ။

(ခ) စားသောက်ရုံ (Food court) အတွက် မီးဖိုလေထုတ်စနစ် (Kitchen Exhaust Duct) များအား အောက်ပါအချက်များနှင့်ကိုက်ညီပါက စုပေါင်းအသုံးပြုခြင်းအားခွင့်ပြုသည်-

(၁) စားသောက်ရုံ (Food court) သည် တစ်ဦးတည်းပိုင် သို့မဟုတ် အော်ပရေတာတစ်ဦးတည်းသာ ဖြစ်ရမည်။

(၂) လေထုတ်စနစ် (Exhaust System) အား သန့်ရှင်းခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများအတွက် ကြိုတင်စီမံထားရှိရမည်။

(၃) စားသောက်ရုံပိုင်ရှင် သို့မဟုတ် အော်ပရေတာသည် မီးဖိုလေထုတ်စနစ် (Kitchen Exhaust Duct) များတွင် ကပ်နေသောအဆီများ ရှင်းလင်းခြင်းနှင့် ပုံမှန်သန့်ရှင်းရေးလုပ် ဆောင်ရန်ဂရုပြုရမည်။

(၄) စားသောက်ရုံအပြင်ဘက်ရှိမီးဖိုလေထုတ်ပြွန် (Kitchen Exhaust Duct) သည် မီးဒဏ်ခံနိုင်ရည် အနည်းဆုံး ၁ နာရီ ရှိရမည်။

(၈) စားသောက်ဆိုင်များ (Restaurants) အတွက် မီးဖိုလေထုတ်စနစ် (Kitchen Exhaust System) များအား အောက်ပါအချက်များနှင့်ကိုက်ညီပါက စုပေါင်းအသုံးပြုခြင်း အား ခွင့်ပြုသည်-

(၁) မီးဖိုလေထုတ်စနစ် (Kitchen Exhaust System) တစ်ခုတည်းသာ စုပေါင်း အသုံးပြုသော စားသောက်ဆိုင်များသည် အထပ်တစ်ခုတည်းတွင် တစ်ဆိုင်နှင့် တစ်ဆိုင် ကပ်လျက်တည်ရှိရမည်။

(၂) စားသောက်ဆိုင်များ၏ စုစုပေါင်း ကြမ်းခင်းဧရိယာသည် ၁,၀၀၀ စတုရန်း မီတာထက်မပိုရ။

(၃) စုပေါင်းအသုံးပြုသောပြွန် (Common Duct) နှင့်အတူ စုပေါင်းအသုံးပြုသော လေထုတ်ပန်ကာ (Common Exhaust Fan) တပ်ဆင်ထားရမည်။

(၄) စုပေါင်းအသုံးပြုသောလေထုတ်စနစ် (Common Exhaust System) အား သန့်ရှင်းခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများအတွက် ကြိုတင်စီမံထားရှိရမည်။

(၅) စုပေါင်းအသုံးပြုသော လေထုတ်စနစ် (Common Exhaust System) များတွင် ကပ်နေသောဆီချေးများရှင်းလင်းခြင်းနှင့်ပုံမှန်သန့်ရှင်းရေး လုပ်ဆောင်ရမည်။

(၆) အဆောက်အအုံသည် အလိုအလျောက် ရေဖျန်းစနစ် (Sprinkler System) ဖြင့် ကာကွယ်ထားရမည်။

(၇) လေထုတ်ပေါက်မီးခိုး/ အညှော်စုပ်အုပ်ဆောင်း (Exhaust Hood) တွင် ဓာတု ဗေဒဆေးရည်သုံး မီးငြှိမ်းသတ်ရေးစနစ် (Wet Chemical Fire Extinguishing System) တပ်ဆင်ထားရမည်။

(၈) စားသောက်ဆိုင် ပြင်ပတွင် သွယ်တန်းထားသော လေထုတ်ပြွန် (Exhaust Duct) များသည် အနည်းဆုံးမီးဒဏ်ခံနိုင်ရည် ၁ နာရီရှိရမည်။

(ဃ) Snack bars နှင့်မုန့်ဆိုင်တန်းများပါဝင်သော အခြားအစားအသောက်နှင့် အဖျော်ယမကာဆိုင်အသေးများအတွက် မီးဖိုလေထုတ်စနစ် (Kitchen Exhaust System) များအား အောက်ပါအချက်များနှင့်ကိုက်ညီပါက စုပေါင်းအသုံးပြုခြင်းအားခွင့်ပြုသည်-

(၁) တစ်ဆိုင်နှင့်တစ်ဆိုင်ကပ်လျက်တည်ရှိရမည်။

(၂) ၁၀၀၀ စတုရန်းမီတာ ရှိသောဧုန်အတွင်း ဖြစ်ရမည်။

(၃) မီးခိုး/အညှော်စုပ်အုပ်ဆောင်း တစ်ခုနှင့်တစ်ခုအကွာအဝေး (Hood-to-Hood distance) မှာ ၁၀ မီတာထက် မပိုရ။

(၄) အထပ်တစ်ခုတည်းတွင်ရှိရမည်။

(၅) အစားအသောက်နှင့်အဖျော်ယမကာဆိုင်အပြင်ဘက်ရှိ မီးဖိုခန်း လေထုတ်ပြွန် (Exhaust Duct) သည် အနည်းဆုံး ၁ နာရီမီးဒဏ်ခံနိုင်ရည်ရှိရမည်။

(ဇ) အထက်ပါအပိုဒ် ၇၃ (ဂ) (၃)မှ(၇)ရှိ အခြားပြဋ္ဌာန်းချက်များနှင့်ကိုက်ညီရမည်။

(မှတ်ချက်- မီးဖိုလေထုတ်ပြွန် (Kitchen Exhaust Duct) များတွင် အလျားလိုက်နှင့် ဒေါင်လိုက် အနေအထားရှိ ပြွန်များအားလုံးအကျုံးဝင်သည်။)

၇၄။ မီးတောက်လောင်ပေါက်ကွဲနိုင်သောပစ္စည်းများ (Flammable and Explosive Substances) ပါဝင်အသုံးပြုသည့် အခန်းများအတွက် အသုံးပြုသောစက်စွမ်းအားသုံး လေဝင်/ လေထွက်စနစ် (Mechanical Ventilation System) သည် အဆောက်အအုံ၏ အခြားသောနေရာများအတွက် အသုံးပြုသည့်စနစ်နှင့် တစ်ပေါင်းတည်းမဟုတ်ဘဲ သီးခြားစနစ်ဖြစ်ရမည်။ ၎င်းစနစ်သည် အောက်ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်-

(က) လေဝင်/လေထွက်စနစ် (Ventilation System) တွင် လေထုတ်ခြင်းနှင့် လေသွင်းခြင်း အပိုင်းနှစ်ပိုင်း ပါရှိရမည်ဖြစ်ပြီး လေလှည့်လည်နှုန်း (Air Change) မှာ တစ်နာရီလျှင် အကြိမ် ၂၀ သို့မဟုတ် သက်ဆိုင်ရာအာဏာပိုင် (မီးသတ်ဦးစီးဌာန) မှ ခွင့်ပြုနိုင်သော နှုန်းရှိရမည်။ လေထုတ်ပေါက် (Exhaust Discharge Openings) သည် အဆောက်အအုံ ပြင်ပသို့ တိုက်ရိုက်ထုတ်ရမည်ဖြစ်ပြီး လေဝင်ပေါက်များ (Intake Points) မှ အနည်းဆုံး ၅ မီတာ အကွာအဝေးတွင် ရှိရမည်။

(ခ) မီးဖိုခန်းပြင်ပတွင် သွယ်တန်းထားသော လေပြွန်များသည် ၎င်းတို့ဖြတ်သန်းသွားသော သက်ဆိုင်ရာအခန်းများ၏ အနည်းဆုံး မီးဒဏ်ခံနိုင်ရည်နှင့် တူညီသော သို့မဟုတ် ပိုမို မြင့်မားသော အကာအရံများဖြင့် တည်ဆောက်ထားရမည်။ မီးဒဏ်ခံနိုင်ရည် နှင့်စပ်လျဉ်း၍ မီးနှင့်ထိတွေ့နိုင်သော ပြွန်၏ အတွင်းအပြင် မျက်နှာပြင်နှစ်ဖက်လုံးအတွက် ထည့်သွင်းစဉ်းစားရမည်။ အပိုဒ် ၂၂(စျ) အရ လေပြွန်အား အကာအကွယ် ပြုလုပ်ထား

သောဒေါင်လိုက်လမ်းကြောင်း (Protected shaft) သို့မဟုတ် အပေါ့စားနံရံ (Dry Wall) များအတွင်း တပ်ဆင်ရန်လိုအပ်ပါက အခြားတပ်ဆင်ထားသော စနစ်များနှင့် သီးခြားထားရှိရမည်။

(ဂ) လေသွင်းပြွန် (Supply Duct) သို့မဟုတ် လေထုတ်ပြွန် (Exhaust Duct) တွင် မည်သည့်မီးတားကိရိယာ (Fire Dumper) မျှ မတပ်ဆင်ရ။

(ဃ) အခြားနေရာများအတွက် အသုံးပြုသောပြွန်များသည် မီးတောက်လောင် ပေါက်ကွဲနိုင်သော အရာဝတ္ထုပစ္စည်းများ (Flammable and Explosive Substances) ထားရှိ အသုံးပြုသည့်အခန်းများအား ဖြတ်သန်းမသွားရ။

၇၅။ စုစုပေါင်းကြမ်းခင်းဧရိယာ ၂၀၀၀ စတုရန်းမီတာထက်ပိုသော မြေအောက်ထပ်ရှိ မော်တော်ယာဉ်ရပ်နားရန်နေရာများတွင် စက်စွမ်းအားသုံးလေဝင်/ လေထွက်စနစ် (Mechanical Ventilation System) ကို တပ်ဆင်ရန်လိုအပ်ပါက အဆောက်အအုံ၏ အခြားနေရာများအတွက် အသုံးပြုသော စနစ်များနှင့် စုပေါင်းအသုံးမပြုသည့် သီးခြား မီးခိုးရှင်းစနစ် (Smoke Purging System) ဖြစ်ရမည်။ မီးခိုးရှင်းစနစ်၏ လေလှည့်လည်နှုန်း (Air Change) သည်တစ်နာရီလျှင် ၉ ကြိမ်ထက် မနည်းသော နှုန်း ဖြစ်ရမည်။

(က) မီးခိုးရှင်းစနစ် (Smoke Purging System) သည် အဆောက်အအုံ၏ မီးလှန့်စနစ် (Fire Alarm System) စတင်အချက်ပေးသည်နှင့် တစ်ပြိုင်နက်အလိုအလျောက် စတင်လည်ပတ်စေရမည်။ ထို့ပြင်မီးသတ်သမားများ အသုံးပြုရန်အဝေးထိန်း ဖွင့်ပိတ်ခလုတ် (Remote Manual Start Stop Switch) ကို မီးဘေးလုံခြုံရေး စီမံကွပ်ကဲခန်း (Fire Command Center) တွင်ဖြစ်စေ၊ မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်း (Fire Command Center) မရှိလျှင် မီးလှန့်အချက်ပြပုံး (Fire Alarm Panel) အနားတွင်ဖြစ်စေ ထားရှိရမည်။ စက်စွမ်းအားသုံးလေဝင်/လေထွက်စနစ် (Mechanical Ventilation System) လည်ပတ်အလုပ်လုပ်နေပုံကို မြင်တွေ့နိုင်သော အချက်ပြစနစ်ထားရှိရမည်။

(ခ) စနစ်အတွက်ဖြည့်သွင်းသောလေ (Supply Air for the System) သည် အဆောက်အအုံပြင်ပမှ တိုက်ရိုက်ရယူရမည်ဖြစ်ပြီး ထိုလေဝင်ပေါက် (Intake Points) သည် လေထုတ်ပေါက်များ (Exhaust Discharge Openigs) မှ သို့မဟုတ် သဘာဝလေဝင်ပေါက်များမှအနည်းဆုံး ၅ မီတာအကွာအဝေး တွင်ရှိရမည်။ လေသွင်းခြင်းအတွက် လေထုတ်ပေါက်များသည် ကားပါကင်ဧရိယာအနှံ့ သေချာစွာဖြန့်ဝေထားရှိရမည်။

(ဂ) မြေအောက်ထပ် မော်တော်ယာဉ်ရပ်နားရန်နေရာများတွင် သဘာဝလေဝင်/ လေထွက်ပေးထားသော လေဝင်ပေါက်များသည် ထိုအထပ်ကြမ်းခင်းဧရိယာ၏ ၂.၅ % ထက်

မနည်းရှိပါက မီးခိုးရှင်းစနစ် (Smoke Purging System ၏ လေဖြည့်သွင်းခြင်းအတွက် အစားထိုးအသုံးပြုနိုင်သည်။ ထိုလေဝင်ပေါက်များသည် မော်တော်ယာဉ်ရပ်နားရန် နေရာဧရိယာတစ်ခုလုံးတွင် ဖြန့်ကြက်ထားရှိရမည်။

(ဃ) လေထုတ်ပေါက် (Exhaust Discharge Openings) သည် အဆောက်အအုံပြင်ပသို့ တိုက်ရိုက်ထုတ်ရမည်ဖြစ်ပြီး လေဝင်ပေါက်များ (Intake Points) မှ အနည်းဆုံး ၅ မီတာ အကွာအဝေးတွင်ရှိရမည်။

(c) မြေအောက်ထပ် မော်တော်ယာဉ်ရပ်နားရန်နေရာ မီးခိုးရှင်းစနစ် (Smoke Purging System) အတွက် လေထုတ်ပြွန်များ (Exhaust Ducts) သည် အနည်းဆုံး ၁.၂ မီလီမီတာ ထူသောသံပြားဖြင့် ပြုလုပ်ထားရမည်။

(စ) မြေအောက်ထပ် မော်တော်ယာဉ်ရပ်နားရန်နေရာရှိ မီးခိုးရှင်းစနစ် (Smoke Purging System) အတွက် လေထုတ်ပန်ကာများ (Exhaust Fans) သည် အပူချိန် ၂၅၀ ဒီဂရီ စင်တီဂရိတ်တွင် ၂ နာရီကြာ ထိရောက်စွာလည်ပတ်နိုင်စွမ်းရှိရမည်။ (Fan Motor Class H)

၇ဖ။ ထွက်ပေါက်လှေကား (Exit Staircases) အတွက် လေဖိအားပေးခြင်းစနစ် (Pressurization System) များမှာ အောက်ပါပြဋ္ဌာန်းချက်များနှင့်ကိုက်ညီရမည်-

(က) နေထိုင်အသုံးပြုနိုင်သည့်ကြမ်းခင်းအမြင့် (Habitable Height) ၂၄ မီတာထက် ကျော်သော အဆောက်အအုံများအတွက် သဘာဝလေလုံလောက်စွာမရသော အတွင်းထွက်ပေါက်လှေကား (Internal Exit Staircases) များအား လေဖိအားပေးထားရမည်။ လှေကား၏အထက်ပိုင်းတွင် သဘာဝလေရရှိနိုင်ပါက နိမ့်သောအပိုင်းကို စက်စွမ်းအားသုံးလေဝင်/ လေထွက် (Mechanical Ventilation) ပေးခြင်းဖြင့်ဖြစ်စေ လေဖိအားပေးခြင်း (Pressurization) ဖြင့်ဖြစ်စေ၊ အပိုဒ် ၇(ဃ)(၈) နှင့်အညီ သင့်လျော်ရာတစ်ခုခု ထားရှိနိုင်သည်။

(ခ) မြေအောက်ထပ် ၄ ထပ် ထက်ပိုသော အဆောက်အအုံများတွင် မြေအောက်ထပ်ရှိ မီးငြိမ်းသတ်ရန် ပြင်ဆင်ခန်း (Fire Fighting Lobby) နှင့် ဆက်သွယ်ထားရှိသော ထွက်ပေါက်လှေကားကို လေဖိအားပေးထားရမည်။

(ဂ) အုပ်စု(၂)အမျိုးအစားအောက်ရှိ ထွက်ပေါက်လှေကား (Exit Staircases) အတွက် စက်စွမ်းအားသုံးလေဝင်/ လေထွက်စနစ် (Mechanical Ventilation System) သို့မဟုတ် လေဖိအားပေးစနစ် (Pressurization System) ပါရှိသော လှေကားအမိုး အကာ (Staircase Storey Shelter) တွင် သာမန်မီးလှန့်အချက်ပေးစနစ် (Manual Fire

Alarm System) တပ်ဆင်ထားရှိရမည်။ လက်နှိပ်အချက်ပေးခလုတ် (Manual Call Point) သည် အထပ်တိုင်းရှိ ထွက်ပေါက်လှေကားဏ၀ ဝင်ပေါက်များတွင် ထားရှိရမည်။ လက်နှိပ်အချက်ပေးခလုတ် (Manual Call Point) မှ စတင်အချက်ပေးသည်နှင့် တစ်ပြိုင်နက် စက်စွမ်းအားသုံးလေ၀င်/လေထွက်စနစ် (Mechanical Ventilation System) သို့မဟုတ် လေဖိအားပေးစနစ် (Pressurization System) များစတင် လည်ပတ်စေရမည်။

၇၇။ လေဖိအားပေးခြင်းအတွက် အဆင့်သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လေဖိအားပေးစနစ် (Pressurization System) လုပ်ငန်းစတင်ဆောင်ရွက်ချိန်တွင် တံခါးများအားလုံး အပိတ်အနေအထား၌ ဖိအားပေးထားသော ထွက်ပေါက်လှေကားနှင့် နေထိုင်အသုံးပြုသောနေရာ (Occupied Area) အကြားရှိ ဖိအားကွာခြားချက်မှာ 50Pa ထက် မနည်းစေရန် ထိန်းထားရမည်။

(ခ) ထွက်ပေါက်လှေကားရှိလေဖိအားသည် မီးခိုးတားခန်း (Smoke Stop Lobby) ၏ လေဖိအားထက် အမြဲပိုမြင့်နေရမည်။

(ဂ) အလိုအလျောက်တံခါးပိတ်စနစ် (Automatic Door Closing Mechanism) နှင့် ဖိအားပေးထားသောလေ၏ စုပေါင်းခုခံအားတို့ကိုဆန့်ကျင်၍ တံခါးဖွင့်ရန်လိုအပ်သည့် အားသည် တံခါးလက်ကိုင်တွင် ၁၁၀ နယူတန် ထက်မပိုရ။

၇၈။ လေဖိအားပေးစနစ် (Pressurization System) လုပ်ငန်းဆောင်ရွက်ချိန်တွင် လေဖိအားပေးထားသောနေရာသို့ ပွင့်နေသောတံခါးပေါက်များမှ မီးခိုးများဝင်ရောက်လာမှုအား ဟန့်တားရန် လုံလောက်သောအလျင်ရှိသည့် လေစီးနှုန်းကိုထိန်းထားရမည်။ ကပ်လျက်အထပ်နှစ်ထပ်မှ တံခါးနှစ်ခုနှင့် နောက်ဆုံးပင်မထွက်ပေါက်တံခါးများသည် အပြည့်အဖွင့်အနေအထားတွင် ရှိနေပါကလည်း မီးခိုးမ၀င်ရောက်နိုင်စေရန် လေစီးဆင်းမှု အလျင်ရှိနေရမည်။ ပွင့်နေသော တံခါးပေါက်ဧရိယာတစ်ခုလုံးတွင် ပျံ့နှံ့နေသည့် ပျမ်းမျှအလျင်ပမာဏသည် တစ်စက္ကန့်လျှင် ၁ မီတာ နှုန်းထက်မနည်းစေရ။

၇၉။ လေဖိအားယိုစိမ့်မှု (Leakage) နှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လေဖိအားပေးထားသည့် နေရာသို့ပေးသည့် လေဖိအားနှုန်းသည် ဖိအားမပေးထားသော ဝန်းကျင်သို့ယိုစိမ့်ခြင်းကြောင့် ဆုံးရှုံးသွားသည့်ပမာဏအား ကာမိစေရန် လုံလောက်သောလေဖြည့်သွင်းမှုရှိရမည်။

(ခ) ဖိအားလွန်စွာဖြစ်ပေါ်မှုကို ရှောင်ရှားရန် အဆိုပါဧရိယာအတွင်း လေဖိအားလျှော့ချနိုင်ရေးအတွက် လေယိုစိမ့်စေသောနည်းဖြင့် စီမံထားရမည်။ လျှော့ခြင်းသည် ထိုဧရိယာ

၏ ပတ်လည်အနားများမှ ယိုစိမ့်မှုပုံစံဖြင့် သို့မဟုတ် ရည်ရွယ်တည်ဆောက်ထားသော လေထုတ်စနစ်များဖြင့်လည်း လေလျှော့ခြင်းပြုလုပ်နိုင်ပါသည်။

၈၀။ လေဖိအားဖြန့်ကြက်ခြင်း (Distribution of Pressurising Air) နှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) ထွက်ပေါက်လှေကား (Exit Staircase) သို့ လေဖိအားများဖြည့်သွင်းရန် လေထုတ်ပေါက် (Injection Points) အရေအတွက်နှင့် ဖြန့်ကြက်ထားမှုပုံစံသည် အပိုဒ် ၇၇ နှင့် ကိုက်ညီသော အညီအမျှဖိအားပေးပုံစံဖြင့် သေချာစွာ ပြုလုပ်ရမည်။

(ခ) လေဖြည့်သွင်းပေါက် (Injection Points) အစီအမံနှင့်လေဖိအားပေးစနစ် (Pressurization System) ထိန်းချုပ်သည့်တံခါးများ ဖွင့်ထားသောအခါတွင်ဖြစ်စေ၊ လေဖိအား ကွာဟချက်ကို အလွန်အမင်းပြောင်းလဲသည့်အခါတွင်ဖြစ်စေ မူလအခြေအနေသို့ လက်တွေ့ကျကျ လျင်မြန်စွာပြန်လည်ရရှိရန် အပိုဒ် ၇၇ ရှိ လိုအပ်ချက်များအတိုင်း လုပ်ဆောင်ရမည်။

၈၁။ လေဖိအားပေးစနစ် (Pressurization System) နှင့် ဆက်စပ်ထိန်းချုပ်ပစ္စည်းကိရိယာများကို အောက်ပါအတိုင်း တပ်ဆင်ထားရှိရမည်-

(က) လေဖိအားပေးစနစ် (Pressurization System) နှင့် ဆက်စပ်ထိန်းချုပ်ပစ္စည်း ကိရိယာများအားလုံးကို မီးလောင်မှုဖြစ်ပွားသည့်အခါတွင်လည်း သေချာစွာလည်ပတ် အလုပ်လုပ်နိုင်စေရန် တိကျစွာဒီဇိုင်းပြုလုပ် တပ်ဆင်ထားရမည်။

(ခ) လေဖိအားပေးစနစ် (Pressurization System) အတွက် ဖြည့်သွင်းသောလေသည် အဆောက်အအုံပြင်ပမှ တိုက်ရိုက်ရယူရမည်ဖြစ်ပြီး ထိုလေဝင်ပေါက် (Intake Points) သည် လေထုတ်ပေါက်များ (Exhaust Discharge Openings) သို့မဟုတ် သဘာဝလေဝင်ပေါက်များမှ အနည်းဆုံး ၅ မီတာအကွာအဝေးတွင်ရှိရမည်။

(ဂ) လေဖိအားပေးစနစ် (Pressurization System) သည် အဆောက်အအုံ၏ မီးလှန့်အချက်ပေးစနစ် (Fire Alarm System) စတင်အလုပ်လုပ်သည်နှင့်တစ်ပြိုင်နက် အလိုအလျောက် စတင်လည်ပတ်စေရမည်။ ထို့ပြင်မီးသတ်သမားများ အသုံးပြုရန် အဝေးထိန်းဖွင့်ပိတ်ခလုတ် (Remote Manual Start Stop Switch) ကို မီးဘေးလုံခြုံရေး စီမံကွပ်ကဲခန်း (Fire Command Center) တွင်ဖြစ်စေ၊ မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်း (Fire Command Center) မရှိလျှင် မီးလှန့်အချက်ပြပုံး (Fire Alarm Panel) အနားတွင်ဖြစ်စေ ထားရှိရမည်။ စက်စွမ်းအားသုံး လေဝင်/ လေထွက်စနစ် (Mechanical Ventilation System) လည်ပတ်အလုပ်လုပ်နေပုံကို မြင်တွေ့နိုင်သော အချက်ပြစနစ် (Visual Indication of the operation Status) ထားရှိရမည်။

၈၂။ ဟိုတယ်အတွင်းစကြီးများ အားလေဖိအားပေးခြင်း။ အပိုဒ် ၁၁(က)(၃) နှင့်အညီ ဟိုတယ်အတွင်းစကြီးများ (Internal Corridors) ကို လေဖိအားပေးရန် လိုအပ်လျှင် ထိုစကြီးများအတွင်းရှိ ဖိအားသည် ဟိုတယ်အိပ်ခန်းများရှိ ဖိအားထက်ပိုမြင့်ရမည်ဖြစ်ပြီး အတွင်းထွက်ပေါက်လှေကားရှိ ဖိအားသည် စကြီးရှိဖိအားထက်မြင့်မားရမည်။

၈၃။ မြေအောက်ထပ် မီးခိုးထိန်းချုပ်မှုစနစ် (Basement Smoke Control System) ကို အောက်ပါအတိုင်းစီမံထားရှိရမည်-

(က) မြေအောက်ထပ်များ၏ စုစုပေါင်းကြမ်းခင်းဧရိယာ ၂၀၀၀ စတုရန်းမီတာ ထက်မပိုပါက အပိုဒ် ၈၄ ပါ အတိုင်းမီးခိုးထုတ်ပေါက်များ (Smoke Vents) ကို ထားရှိရမည်။

(ခ) မြေအောက်ထပ်များ၏ စုစုပေါင်းကြမ်းခင်းဧရိယာသည် ၂၀၀၀ စတုရန်းမီတာ ထက်ကျော်လွန်ပါက အပိုဒ် ၈၅ ရှိ ပြဋ္ဌာန်းချက်များနှင့်အညီ မီးခိုးထိန်းချုပ်စနစ် (Smoke Control System) များကို မြေအောက်ထပ် အစိတ်အပိုင်းအားလုံး တပ်ဆင်ရမည်။ ခြွင်းချက်အနေဖြင့် အောက်ပါတို့ကိုသတ်မှတ်ထားသည်-

(၁) မြေအောက်ထပ်တစ်ထပ်လုံးဖြစ်စေ၊ မြေအောက်ထပ်၏ အစိတ်အပိုင်းတစ်ခုကိုဖြစ်စေ မော်တော်ယာဉ် ရပ်နားရန်နေရာအဖြစ် အသုံးပြုလျှင် အပိုဒ် ၇၅ ရှိ ပြဋ္ဌာန်းချက်ပါအတိုင်း မော်တော်ယာဉ် ရပ်နားရန်နေရာအတွက် အသုံးပြုနိုင်သည်။ သို့သော်လည်း မော်တော်ယာဉ် ရပ်နားရန်နေရာသည် အခြားကျန်ရှိသော မြေအောက်ထပ်နေရာများမှ သီးခြားခွဲထုတ်ကန့်ထားရမည်။

(၂) ၂၅၀ စတုရန်းမီတာ ထက်မပိုသော ကြမ်းခင်းဧရိယာရှိပြီး၊ အခြားကျန်ရှိသော မြေအောက်ထပ်နေရာများမှ သီးခြားခွဲထုတ်ကန့်ထားသည့်မီးငြိမ်းသတ်ရာတွင် အလွယ်တကူ လက်လှမ်းမီနိုင်ရန် တံခါးပေါက်နှစ်နေရာရှိသော စက်/ပစ္စည်းကိရိယာခန်း။

(၃) ကြမ်းခင်းဧရိယာ ၂၅၀ စတုရန်းမီတာ ထက်ကျော်ပြီး ၂၀၀၀ စတုရန်းမီတာ အောက်ရှိသော စက်/ပစ္စည်းကိရိယာခန်းတွင် အပိုဒ် ၈၄ ပါ အတိုင်း မီးခိုးထုတ်ပေါက် (Smoke Vents) သို့မဟုတ် လေလှည့်လည်နှုန်း (Air Change) အနည်းဆုံးတစ်နာရီလျှင် ၉ ကြိမ်ရှိသည့် မီးခိုးရှင်းစနစ် (System Purging System) ထားရှိရမည်။

(၄) သီးခြားခွဲထုတ်ကန့်ထားသည့် အလုပ်လုပ်ရာနေရာများဖြစ်သော စတိုခန်းနှင့် ဝပ်ရှော့များ (ဝန်ထမ်းသီးသန့်ဟုကန့်သတ်ထားသော) အတွက် မီးခိုးထိန်းချုပ်စနစ် (Smoke Control System) အစား၊ တစ်နာရီလျှင်အနည်းဆုံး လေလှည့်လည်နှုန်း ၉ ကြိမ်ရှိသည့် မီးခိုးရှင်းစနစ် (System Purging System) သို့မဟုတ် မီးခိုးထုတ်စနစ် (Smoke Venting) ကို အသုံးပြုနိုင်သည်။ လိုအပ်ပါက အလိုအလျောက်မီးအချက်ပေးစနစ် (Automatic Fire Alarm)/ မီးငြိမ်းသတ်ရေးစနစ် (Extinguishing System) ကို တပ်ဆင်ထားရမည်။

၈၄။ မီးခိုးထုတ်ပေါက် (Smoke Vent) များကို အောက်ပါအတိုင်းစီမံထားရှိရမည်-

(က) မီးခိုးထုတ်ပေါက် (Smoke Vent) များသည် မြေအောက်ထပ်၏ ပတ်လည်နံရံတစ်လျှောက်တွင် လုံလောက်စွာဖြန့်ကြက်ထားရမည်။ ၎င်းတို့၏ လေထွက်ပေါက်များသည် မီးငြိမ်းသတ်နေစဉ်နှင့် အသက်ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေစဉ် အလွယ်တကူအသုံးပြုနိုင်ရမည်။ ထိုစနစ်ကိုအောက်ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီစွာ တပ်ဆင်ရမည်-

(၁) ထိုမီးခိုးထုတ်ပေါက် (Smoke Vent) များ၏အရေအတွက်၊ အရွယ်အစားများနှင့် လေထုတ်ပေါက်များ၏ စုစုပေါင်းဧရိယာသည် မြေအောက်ထပ်ဧရိယာ၏ ၂.၅% ထက် မနည်းရ။

(၂) မီးခိုးထုတ်ပေါက် (Smoke Vent) များသည် ပုံမှန်အခြေအနေတွင် ပိတ်ထားပါက မီးလောင်မှုဖြစ်ပွားချိန်တွင် ပွင့်သွားသည့်အနေအထားတွင်ရှိရမည်။

(၃) ပြွန်များအားမီးခိုးထုတ်ပေါက် (Smoke Vent) နှင့် ဆက်ရန်လိုအပ်ပါက အင်္ဂီတေဖြင့်ကာရံထား၍ သော်လည်းကောင်း၊ မီးဒဏ်ခံနိုင်မှုအနည်းဆုံး ၁ နာရီရှိသော အကာအရံဖြင့် သော်လည်းကောင်းတည်ဆောက်ထားရမည်။

(၄) မြေအောက်ထပ်တစ်လွှာခြင်းအတွက် သီးခြားလေပြွန်များ (Separate Ducts) နှင့် မီးခိုးထုတ်ပေါက်များ ထားရှိရမည်။

၈၅။ အင်ဂျင်နီယာမီးခိုးထိန်းချုပ်စနစ် (Engineered Smoke Control System) လိုအပ်ပါက အပိုဒ် ၈၈ ပြဋ္ဌာန်းချက်အတိုင်း ဖြစ်ရမည်။

၈၆။ ဤစံချိန်စံညွှန်း သတ်မှတ်ချက်များပါ ပြဋ္ဌာန်းချက်အရ ခွင့်ပြုထားသော မြေအောက်ထပ်ရှိ အလုပ်လုပ်ရာနေရာများ ဖြစ်သောစတိုခန်းနှင့် ဝပ်ရှော့များ၏ မီးခိုးရှင်းစနစ်များ (Smoke Purge System) သည် အောက်ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်-

(က) မီးခိုးရှင်းစနစ် (Smoke Purge System) ၏ လေလှည့်လည်နှုန်း (Air Change) သည် တစ်နာရီလျှင်အနည်းဆုံး ၉ ကြိမ်ရှိရမည်။

(ခ) မီးခိုးရှင်းစနစ်(Smoke Purge System) အား အဆောက်အအုံ၏ မီးလှန့်စနစ် (Fire Alarm System) စတင်အချက်ပေးသည်နှင့်တစ်ပြိုင်နက် အလိုအလျောက်စတင်လည်ပတ်စေရမည်။ ထို့ပြင် မီးသတ်သမားများ အသုံးပြုရန် အဝေးထိန်းဖွင့်ပိတ်ခလုတ် (Remote Manual Start Stop Switch) ကို မီးဘေးလုံခြုံရေး စီမံကွပ်ကဲခန်း (Fire Command Center) တွင်ဖြစ်စေ၊ မီးဘေးလုံခြုံရေး စီမံကွပ်ကဲခန်း (Fire Command Center) မရှိလျှင် မီးလှန့်အချက်ပြပုံး (Fire Alarm Panel) အနားတွင်ဖြစ်စေ ထားရှိရမည်။ စက်စွမ်းအားသုံး လေဝင်/ လေထွက်စနစ် (Mechanical Ventilation System) လည်ပတ်အလုပ်လုပ်နေပုံကို မြင်တွေ့နိုင်သော အချက်ပြစနစ် (Visual Indication of the operation Status)ထားရှိရမည်။

(ဂ) အလျားလိုက် တပ်ဆင်ထားသောပြွန် (Horizontal Duct) များကို အနည်းဆုံး ၁.၂ မီလီမီတာ ထူသောသံပြားဖြင့် ပြု လုပ်ရမည်။

(ဃ) လေထုတ်ပန်ကာ (Exhaust Fan) များသည်အပူချိန် ၂၅၀ ဒီဂရီဆဲလ်စီးယပ်တွင် ၂ နာရီကြာ ထိရောက်စွာလည်ပတ်နိုင်စွမ်းရှိရမည်။ အရန်လျှပ်စစ်ဓာတ်အားပေးစနစ် (Secondary Source of Power Supply) ရှိရမည်။

(င) လေသန့်ဖလှယ်ခြင်း (Replacement air) အား သီးခြားစက်စွမ်းအားသုံး လေဖလှယ်စနစ် အသုံးပြုထားပါက ထိုစနစ်ကို အရန်လျှပ်စစ်ဓာတ်အားပေးစနစ်ဖြင့် ချိတ်ဆက်ထားရမည်။

၈၇။ မီးခိုးထိန်းချုပ်စနစ် (Smoke Control System) ကို အောက်ပါအတိုင်းစီမံထားရှိရမည်-

(က) အပိုဒ် ၈၈ တွင်ဖော်ပြထားသော မီးခိုးထိန်းချုပ်စနစ် (Smoke Control System) အား အောက်ပါနေရာများတွင် စီမံထားရှိရမည်-

(၁) အပိုဒ် ၁၆(က) နှင့် ၁၆(င) ရှိသီးခြားခွဲထုတ်ကန့်ထားခြင်းအတွက် ပြဋ္ဌာန်းချက်များကို အပိုဒ် ၁၆(ဆ) ပါ အခြေအနေများအရ အဆောက်အအုံတစ်ခု၏ "အေထရီယမ်နေရာများ"(Atrium Spaces) အတွက်လျှော့ပေါ့ပေးထားသည်။

(၂) အဆောက်အအုံတစ်ခုအတွင်းရှိ သီးခြားအကန့် သို့မဟုတ် အဆောက်အအုံ အစိတ်အပိုင်းတစ်ခု၏ စုစုပေါင်းဧရိယာ ၅၀၀၀ စတုရန်းမီတာထက် ပိုသော နေရာ။

၈၈။ (အင်ဂျင်နီယာ) မီးခိုးထိန်းချုပ်စနစ် (Engineered Smoke Control System) ကို အောက်ပါ အတိုင်း စီမံထားရှိရမည်-

(က) မီးခိုးဖလှယ်သည့်စနစ် (Smoke Ventilation System) အနေဖြင့် (အင်ဂျင်နီယာ) မီးခိုး ထိန်းချုပ်စနစ် (Engineered Smoke Control System) အား သဘာဝ (သို့မဟုတ်) စက်စွမ်းအားသုံးလေထုတ်သည့်စနစ် (Mechanical Extraction) အဖြစ် ဒီဇိုင်းပြုလုပ် ထားပြီး အောက်ပါအချက်များနှင့်အညီဖြစ်ရမည်-

(၁) BR 186-Design principles for smoke ventilation in enclosed shopping centres; နှင့်

(၂) BR 258- Design approaches for smoke control in atrium buildings; သို့မဟုတ်

(၃) BR 368 - Design methodologies for smoke and heat exhaust ventilation (BR 368 is published by Construction Research Communications Ltd by permission of Building Research Establishment Ltd); သို့မဟုတ်

(၄) **အခြားလက်ခံနိုင်သောစံများ။** (မှတ်စု-BR 186 နှင့် BR 258 တို့သည် Fire Research Station, Building Research Establishment, Borehamwood, Herts WD62BL မှထုတ်ပြန်ထားသော စံနှုန်းအစီရင်ခံစာများဖြစ်သည်။

(ခ) (အင်ဂျင်နီယာ) မီးခိုးထိန်းချုပ်စနစ် (Engineered Smoke Control System) တပ်ဆင်မည့်အဆောက်အအုံသည် ရေဖျန်းစနစ် (Sprinkler System) ဖြင့် ကာကွယ်ထား ရမည်။

(ဂ) (အင်ဂျင်နီယာ) မီးခိုးထိန်းချုပ်စနစ် (Engineered Smoke Control System) ၏ ပမာဏသည် ရေဖျန်းစနစ် (Sprinkler System) ဖြင့် ထိန်းချုပ်ထားသော အမြင့်ဆုံး မီးပမာဏ (Maximum Fire Size) ပေါ် အခြေခံ၍တွက်ချက်ရမည်။ ထိုမီးအရွယ် အစားကို ဇယား (၈-၁) တွင် အကြံပြုထားသည့်အတိုင်း တွက်ချက်ရမည်။

(ဃ) (အင်ဂျင်နီယာ) မီးခိုးထိန်းချုပ်စနစ် (Engineered Smoke Control System) ၏ စွမ်းရည်သည် အဆိုးဆုံးအခြေအနေမှထွက်ပေါ်လာသော အကြီးမားဆုံးမီးခိုးပမာဏအား ထုတ်ပစ်နိုင်စွမ်းရှိရမည်။

(c) မီးခိုးလွှာ (Smoke Layer) ၏အောက်ခြေသည် ၎င်း၏အောက်မှ ပြေးထွက်မည့်သူများ၏ ဦးခေါင်းအထက်တွင်ရှိစေရန် (အင်ဂျင်နီယာ)မီးခိုးထိန်းချုပ်စနစ် (Engineered Smoke Control System) ဒီဇိုင်းပြုလုပ်ထားရမည်။ ကြမ်းပြင်မှ အနည်းဆုံး ၂.၅ မီတာ ရှိရမည်။

(စ) မီးခိုးများ ဘေးတိုက်ပျံ့နှံ့သွားခြင်းကို တားဆီးရန်နှင့်ဖယ်ထုတ်ရန် စုစည်းထားသည့် မီးခိုးထိန်းကန့် (smoke reservoir) သည် မီးခိုးအပူချိန်ကိုခံနိုင်သည့် မီးလောင်မလွယ်သော တည်ဆောက်မှုဖြစ်ရမည်။

(ဆ) မီးခိုးထွက်ရာ မူလနေရာမှဖယ်ထုတ်လိုက်သော အခြေအနေများတွင် မီးခိုးဖလှယ်စနစ် (Smoke Ventilation System) ၏ မီးခိုးထိန်းကန့် (Smoke Reservoir) များသည် အောက်ပါအရွယ်အစားများထက်မပိုရ-

(၁) သဘာဝအားဖြင့်မီးခိုးဖလှယ်စနစ် (Natural Smoke Ventilation System) အတွက် ၂၀၀၀ စတုရန်းမီတာ။

(၂) စက်စွမ်းအားသုံး မီးခိုးဖလှယ်စနစ် (Mechanical Smoke Ventilation System) အတွက် ၂၆၀၀ စတုရန်းမီတာ။

(ဇ) အဆောက်အအုံအတွင်း လှည့်ပတ်သွားလာရန်နေရာ (Circulation Space) သို့မဟုတ် အေထရီယမ်နေရာ (Atrium Space) များမှ မီးခိုးဖယ်ထုတ်ရမည့် အခြေအနေများတွင် မီးခိုးဖလှယ်စနစ်၏ မီးခိုးထိန်းကန့် (Smoke Reservoir) များသည် အောက်ပါအရွယ်အစားများထက် မပိုရ-

(၁) သဘာဝအားဖြင့်မီးခိုးဖလှယ်စနစ် (Natural Smoke Ventilation System) အတွက် ၁၀၀၀ စတုရန်းမီတာ။

(၂) စက်စွမ်းအားသုံးမီးခိုးဖလှယ်စနစ် (Mechanical Smoke Ventilation System) အတွက် ၁၃၀၀ စတုရန်းမီတာ။

(ဈ) အဆောက်အအုံအတွင်းလှည့်ပတ်သွားလာရန်နေရာ (Circulation Space) သို့မဟုတ် အေထရီယမ် နေရာ (Atrium Space) များမှ မီးခိုးဖယ်ထုတ်ရမည့်အခြေအနေများတွင် အဆောက်အအုံအတွင်းလှည့်ပတ်သွားလာရန်နေရာ (Circulation Space)/ အေထရီ

ယမ်နေရာ (Atrium) များအတွင်းသို့ မီးခိုးများထုတ်လွှတ်မည့်အခန်းများသည် အောက်ပါအချက်များမှ တစ်ချက်ချက်နှင့်ကိုက်ညီရမည်-

(၁) (သဘာဝလေဝင်/ လေထွက်စနစ်အတွက်) ကြမ်းခင်းဧရိယာ ၁၀၀၀ စတုရန်းမီတာ ထက်မပိုရ။ (စက်စွမ်းအားသုံး လေဝင်/ လေထွက်စနစ် (Mechanical Ventilation System) အတွက် ၁၃၀၀ စတုရန်းမီတာ ထက်မပိုရ။

(၂) အဆောက်အအုံအတွင်း လှည့်ပတ်သွားလာရန်နေရာ (Circulation Space) သို့မဟုတ် အေထရီယမ်နေရာ (Atrium Space) များနှင့် ကပ်လျက်ရှိသည့် မီးခိုးထုတ်လွှတ်မည့်နေရာများ၏ ကြမ်းခင်းဧရိယာအား (သဘာဝလေဝင်/လေထွက် စနစ်အတွက်) ၁၀၀၀ စတုရန်းမီတာ၊ သို့မဟုတ် (စက်စွမ်းအားသုံးလေဝင်/ လေထွက်စနစ်အတွက်) ၁၃၀၀ စတုရန်းမီတာထက် မပိုစေဘဲ ထပ်မံ ပိုင်းခြားနိုင်သည်။ သို့သော် အခန်း၏ ကျန်ရှိသောနေရာများအတွက် သီးခြားမီးခိုးဖလှယ်စနစ်တပ်ဆင်ထားရမည်။

(ည) မီးခိုးထိန်းကန့် (Smoke Reservoir) ၏ အရှည်ဆုံးအလျားသည် ၆၀ မီတာထက် မပိုရ။

(ဋ) မီးခိုးထိန်းကန့် (Smoke Reservoir) တစ်ခုစီအတွင်း မီးခိုးအောင်းနေနိုင်သော နေရာများ ဖြစ်ပေါ်ခြင်းမှ တားဆီးရန်အလို့ငှာ မီးခိုးများကို ဖယ်ရှားနိုင်ရန် သေချာစွာ စီမံထားရှိရမည်။

(ဌ) လက်တွေ့အခြေအနေတွင် ဖြစ်ပွားတတ်သော ကန့်သတ်မှုများကြောင့် မီးခိုးဖလှယ်စနစ် (Smoke Ventilation System) တွင် အောက်ပါတို့ပါရှိရမည်-

(၁) တစ်စက္ကန့်လျှင် ၁၇၅ ကီလိုဂရမ်ထက်မပိုသော အများဆုံးမီးခိုးပမာဏ စီးဆင်းမှု။

(၂) ပတ်ဝန်းကျင်အပူချိန်ထက် ၁၈ ဒီဂရီဆဲလ်စီးယပ်စ်ရှိသည့် အနိမ့်ဆုံး မီးခိုးလွှာ (Smoke Layer) ၏ အပူချိန်။

(ဍ) အစားထိုး (ဖလှယ်) လေ (Replacement Air) သည် သဘာဝအားဖြင့် ပြင်ပမှတိုက်ရိုက်ရရှိသောလေများဖြစ်ရမည်။

(၁) အစားထိုး (ဖလှယ်) လေ၏အလျင် (Replacement Air Velocity) သည် ပြေးထွက်သူများအား လေစီးကြောင်းဟန့်တားခြင်းမှ ကင်းလွတ်ရန်အတွက် တစ်စက္ကန့်လျှင် ၅ မီတာ ထက်မပိုရန် ဒီဇိုင်းပြုလုပ်ထားရမည်။

(၂) အစားထိုး (ဖလှယ်) လေ (Replacement Air) ဝင်ပေါက်များသည် လေထုတ်ပေါက် (Exhaust air Discharge) မှ အနည်းဆုံး ၅ မီတာ အကွာအဝေးတွင် ရှိရမည်။

(၃) အနိမ့်ပိုင်းရှိရှင်းလင်းသောနေရာတွင် မြူဖြစ်ပေါ်ခြင်းကိုတားဆီးရန် အစားထိုး (ဖလှယ်) လေ (Replacement Air) သည် မီးခိုးလွှာမှအနည်းဆုံး ၁.၅ မီတာ အောက်ရှိ အနိမ့်ပိုင်းတွင် ထုတ်လွှတ်ရန် ဒီဇိုင်းပြုလုပ်ထားရမည်။

(၄) လေထုတ်ပေါက်များကိုမီးခိုးလွှာ၏အောက်ဘက် ၁.၅ မီတာ အကွာတွင် ထားရှိရန် မဖြစ်နိုင်ပါကအစားထိုး(ဖလှယ်)လေ (Replacement Air) ကြောင့် မီးခိုးလွှာ ပုံပျက်ခြင်းအား ကာကွယ်ရန် မီးခိုးကန့်လန့်ကာ (Smoke Curtain) သို့မဟုတ် အတားအဆီးများ (Barriers) ကို အသုံးပြုရမည်။

(၅) အစားထိုး (ဖလှယ်) လေကို လေသွင်းပေါက်များမှတစ်ဆင့် သို့မဟုတ် တံခါးပေါက်များမှရယူလျှင် ထိုလေသွင်းပေါက်များနှင့် တံခါးများကို မီးခိုးဖလှယ်စနစ် လည်ပတ်ချိန်တွင် အစားထိုး (ဖလှယ်) လေဝင်ရောက်စေနိုင်ရန် အလိုအလျောက်ပွင့်စေသည့် ကိရိယာများနှင့်အတူတပ်ဆင်ထားရမည်။

(၆) လေသွင်းပေါက်အတွက် အလိုအလျောက်ယင်းလိပ်တံခါးများ (Roller shutters) အသုံးပြုပြီး (အင်ဂျင်နီယာ) မီးခိုးထိန်းချုပ်စနစ် (Engineered Smoke Control System) အား ဒီဇိုင်းပြုလုပ်တပ်ဆင်ထားပါက လိုအပ်သော လေပမာဏရရှိစေရန် အပေါက်များပါရှိသော မီးတားယင်းလိပ်တံခါး (Roller Shutter) အမျိုးအစားဖြစ်ရမည်။

(ဃ) မီးခိုးထိန်းကန့် (Smoke Reservoir) သည် မျက်နှာကြက်ပေါ်တွင်ရှိပါက ယင်းမျက်နှာကြက်သည် အနည်းဆုံး ၂၅% ဖောက်ထားသော အပေါက်များ ပါဝင်သည့် အမျိုးအစား ဖြစ်ရမည်။

(ဏ) မီးခိုးဖလှယ်စနစ် (Smoke Ventilation System) သည် အရန်ဓာတ်အားပေးခြင်းစနစ် (Secondary Source of Power Supply) ပါရှိရမည်။

(တ) မီးခိုးဖလှယ်စနစ် (Smoke Ventilation System)သည် မီးခိုးထိန်းချုပ်ဇုန် (Smoke Control Zone) အတွင်းရှိ မီးခိုးအာရုံခံကိရိယာ (Smoke Detector) စတင်အချက်ပေးသည်နှင့်တစ်ပြိုင်နက် စတင်လုပ်ငန်း ဆောင်ရွက်စေရမည်။ မီးမလောင်သောဇုန်တွင် မီးခိုးစီးကူးမှုကြောင့်မတော်တဆ သို့မဟုတ် စောရ် မီးခိုးအာရုံခံမိခြင်းကြောင့် မီးခိုးဖလှယ်စနစ် (Smoke Ventilation System) စတင်လည်ပတ်ခြင်းကို ရှောင်ရှားနိုင်ရန်

မီးခိုးအာရုံခံကိရိယာ (Smoke Detector)အား အသုံးပြု၍ စတင်လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် သေချာစွာ ဒီဇိုင်းပြုလုပ်ထားရန်လိုအပ်သည်။

(ထ) မီးခိုးအာရုံခံကိရိယာ (Smoke Detector) ဖြင့်စတင်လည်ပတ်ခြင်း အစီအမံများသည် သတ်မှတ်စံနှုန်းများ နှင့် ကိုက်ညီရမည်။

(ဒ) မီးခိုးဖလှယ်စနစ် (Smoke Ventilation System) ၏ အဝေးထိန်းဖွင့်ပိတ် ခလုတ် (Remote Manual Start Stop Switch) နှင့် မီးခိုးဖလှယ်စနစ် လည်ပတ်အလုပ်လုပ်နေပုံကို မြင်တွေ့နိုင်သော အချက်ပြစနစ်အား မီးဘေးလုံခြုံရေး စီမံကွပ်ကဲခန်း (Fire Command Center) သို့မဟုတ် မီးဘေးလုံခြုံရေး စီမံကွပ်ကဲခန်း (Fire Command Center) မရှိလျှင် မီးလှန့်စနစ်ထိန်းချုပ်ပုံး (Fire Alarm Panel) အနီးတွင်ထားရှိရမည်။

(ဓ) အခြားလေအေးပေးစနစ် နှင့် လေဝင်လေထွက်စနစ် (Other Air Conditioning and Ventilation System) များအားရပ်တန့်ခြင်း။ အပိုဒ် ၃၆(ဃ) ရှိလေဝင်/ လေထွက်စနစ်များမှအပ၊ ဧရိယာအတွင်းရှိ အခြားလေအေးပေးစက်များနှင့် လေဝင်/ လေထွက်စနစ်များ (Other Air Conditioning and Ventilation System) အားလုံးသည် မီးခိုးဖလှယ်စနစ် (Smoke Ventilation System) စတင်လည်ပတ်သည်နှင့် အလိုအလျောက် ပိတ်ရမည်။

(နဝ) စက်စွမ်းအားသုံး မီးခိုးဖလှယ်စနစ် (Mechanical Smoke Ventilation System) တစ်ခုစီအတွက်အရန်ပန်ကာ (Standby Fan) သို့မဟုတ် စွမ်းဆောင်ရည်ပိုသာသော ပန်ကာများ (Multiple Fans) တပ်ဆင်ထားရမည်။ အကြောင်းမှာ ပင်မပန်ကာ (Duty Fan) သို့မဟုတ် စွမ်းရည်အကြီးဆုံး ပန်ကာချွတ်ယွင်းခဲ့ပါက ဒီဇိုင်းပြုလုပ်ထားသော မီးခိုးထုတ်နှုန်းပမာဏအတိုင်း ဆက်လက်လုပ်ဆောင်နိုင်ရန်ဖြစ်သည်။ ပင်မပန်ကာ (Duty Fan) ချွတ်ယွင်းပါက အရန်ပန်ကာ (Standby Fan) သည် အလိုအလျောက် စတင်လည်ပတ်ရမည်။

(ပ) ပန်ကာများသည် အပူချိန် ၂၅၀ ဒီဂရီဆဲလ်စီးယပ်စ်တွင် ၂ နာရီကြာ ထိရောက်စွာ လည်ပတ်နိုင်စွမ်းရှိရမည်။ (Fan Motor Class H)

(ဖ) ပန်ကာများနှင့် ဆက်စပ်မီးခိုးထိန်းချုပ် ပစ္စည်းကိရိယာများသည် မီးလောင်နေချိန်တွင် စဉ်ဆက်မပြတ် လည်ပတ်နိုင်စေရန် ဒီဇိုင်းပြုလုပ်ထားသည့် အကာအကွယ် ပြုလုပ်ထားသောဆားကစ် (Protected Circuit) ဖြင့်သွယ်တန်းထားရမည်။

(ဗ) ပန်ကာများအတွက် လျှပ်စစ်ဓါတ်အားပေးပို့ခြင်းသည် မိန်းလိုင်းမှ တိုက်ရိုက်ခွဲထားသည့် အဆောက်အအုံ၏ပင်မ Isolatorနှင့် ကပ်လျက်အကာအကွယ်ပြုလုပ်ထားသော

ဆားကစ်မှ ရယူရမည်။ ကေဘယ်လ်ကြိုးများသည်အနည်းဆုံး ၁ နာရီ မီးဒဏ်ခံနိုင်ရည် ရှိရမည်။

(ဘ) မီးခိုးဖလှယ်ပြွန်များ (လေထုတ်ခြင်း နှင့်အစားထိုး(ဖလှယ်) လေပြွန်နှစ်ခုစလုံး) သည် မီးဒဏ်ခံနိုင်မှုအနည်းဆုံး ၁ နာရီရှိရမည်။ မီးဒဏ်ခံနိုင်ရည် ပိုမိုမြင့်မားသော အကန့်ကို ပြွန်များ ဖြတ်သွားလျှင် ပြွန်များ၏ မီးဒဏ်ခံနိုင်ရည်မှာ ထိုအကန့်၏ မီးဒဏ်ခံနိုင်ရည် နှင့်တူညီရမည်။ ပြွန် သို့မဟုတ် ၎င်းတည်ဆောက်ပုံ၏ မီးဒဏ်ခံနိုင်ရည်သည် အတွင်း အပြင်နှစ်ခုလုံးအတွက် အသုံးပြုရမည်ဖြစ်ပြီး အပိုဒ် ၆၇ (ည) ကိုလိုက်နာရမည်။

(မ) မီးတားကိရိယာများ (Fire Dumpers) ကို မီးခိုးဖလှယ်စနစ် (Smoke Ventilation System) တွင်တပ်ဆင်ခြင်းမပြုရ။

(ယ) မီးခိုးဇုန်အတွင်းရှိ မီးခိုးဖလှယ်စနစ် (Smoke Ventilation System) အပြည့်အဝ လည်ပတ်ရန်အတွက် လိုအပ်ချိန်သည် စတင်လည်ပတ်ချိန်မှစက္ကန့် ၆၀ ထက်မပိုရ။

(ရ) သဘာဝမီးခိုးဖလှယ်စနစ် (Natural Smoke Ventilation System) အတွက် သဘာဝ လေဝင်/ လေထွက်ကိရိယာသည်-

(၁) လျှပ်စစ်ဓာတ်အားပြတ်တောက်ချိန်တွင် အဖွင့်အနေအထားတွင်ရှိရမည်။

(၂) ပြင်ပလေဖိအားကြောင့် ပြောင်းပြန်သက်ရောက်မှုမဖြစ်နိုင်သော အနေအထား တွင် ရှိရမည်။

(လ) သဘာဝအားဖြင့် လေထုတ်ခြင်း (Natural exhaust ventilation) ကို စက်စွမ်းအားသုံး မီးခိုးဖလှယ်ထုတ်ခြင်း (Natural Smoke Ventilation System) နှင့်အတူ တွဲလျက် အသုံးမပြုရ။

(ဝ) အမြဲအသေတပ်ဆင်ထားသည့် မီးခိုးကန့်လန့်ကာ (Smoke Curtain) များမှလွဲ၍ မီးခိုး ကန့်လန့်ကာအားလုံးသည် လိုအပ်သောမီးခိုးပမာဏနှင့် မီးခိုးထုရရှိရန် အလို အလျောက် ကန့်သတ်နိုင်သည့် အနေအထားသို့ရောက်ရှိရန် ဆောင်ရွက်ထားရမည်။

(သ) ထွက်ပေါက်သို့ဦးတည်သည့် ထွက်ပြေးလမ်းကြောင်းများ (Leading to a Means of Escape) တွင်ရှိသည့် မီးခိုးကန့်လန့်ကာ (Smoke Curtain) သို့မဟုတ် အခြား မီးခိုး အတားအဆီးများသည် ထိုလမ်းကြောင်းများရှိ လူများအား တားဆီးပိတ်ဆို့နိုင်သည့် အနေအထားတွင်မရှိစေရ။

(ဟ) မီးခိုးထိန်းကန့် (Smoke Reservoir) သို့မဟုတ် မီးခိုးလမ်းဘောင် (Channelling Screens) များအဖြစ် မှန်နံရံများ (Glass Walls) သို့မဟုတ် မှန်ကွက်များ (Glass

Panels) ကို မီးခိုးလိုက်ကာများ အသွင်အသုံးပြုရာတွင် ၎င်းတို့သည် အမြင့်ဆုံး အပူချိန်ကို ခံနိုင်ရည်ရှိရန် ဒီဇိုင်းပြုလုပ်ထားရမည်။

(ဌ) မီးခိုးထိန်းချုပ်ပစ္စည်း ကိရိယာအားလုံး (မီးခိုးကန့်လန့်ကာ (Smoke Curtain) အပါအဝင်) သည် လက်ခံနိုင်သောစံနှုန်းနှင့်အညီ တပ်ဆင်ထားရှိရမည်။

၈၉။ ကဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ ကပွဲခန်းမ၊ ဖျော်ဖြေရေးဇာတ်ရုံ၊ ညီလာခံခန်းမ၊ အားကစားရုံ ကဲ့သို့သော အဆောက်အအုံများတွင် မီးခိုးထိန်းချုပ်စနစ်ကို အောက်ပါအတိုင်းစီမံထားရှိရမည်-

(က) ရေဖျန်းစနစ် ကာကွယ်ထားခြင်းမရှိသော ကဇာတ်ရုံများနှင့်၊ ရေဖျန်းစနစ် ပါရှိသော်လည်း ကြမ်းခင်းဧရိယာ ၅၀၀ စတုရန်းမီတာထက်ပိုသောကဇာတ်ရုံများတွင်ကြမ်းခင်းဧရိယာ၏ ၂.၅% ရှိသော မီးခိုးထုတ်ပေါက်များ (Smoke Vents) စီမံထားရှိရမည်။ မီးခိုးထုတ်ပေါက်များ (Smoke Vents) အား အလိုအလျောက်ကိရိယာများဖြင့် အဖွင့်အပိတ်ပြုလုပ်ရမည်။

(ခ) မီးခိုးထုတ်ပေါက်များ (Smoke Vents) နေရာတွင် (အင်ဂျင်နီယာ) မီးခိုးထိန်းချုပ်စနစ် (Engineered Smoke Control System) ကို လက်ခံအသုံးပြုနိုင်သည်။

ဇယား (၈-၁) မီးအရှယ်အစား

ရေဖျန်း ထားသော နေရာ	မီးအရှယ်အစား	
	အပူထွက်ရှိမှု (မီဂါဝပ်)	မီးဇ၏ပတ်လည် အနား (မီတာ)
စျေးဆိုင်များ	၅	၁၂
ရုံးများ	၁	၁၄
ဟိုတယ် ဧည့်သည်ခန်း	၀.၅	၆
အများပြည်သူ ဆိုင်ရာနေရာများ	၂.၅	၁၂
ထိုင်ခုံများအသေတပ်ထားသော စုဝေး အသုံးပြုရာနေရာ	၂.၅	၁၂

အခန်း (၉)

အခြားစနစ်များ

၉၀။ ထွက်ပေါက်ပြအလင်းပေးခြင်း (Exit lighting) နှင့် ထွက်ပေါက် အမှတ်အသားများကို အောက်ပါ ပြဋ္ဌာန်းချက်များအတိုင်းထားရှိရမည်-

(က) ထွက်ပေါက်ပြ အလင်းပေးခြင်း (Exit lighting) ဆိုင်ရာပြဋ္ဌာန်းချက်များမှာ အောက်ပါ အတိုင်းဖြစ်သည်။

(၁) အုပ်စု (၁) အမျိုးအစားတွင် ပါဝင်သော အဆောက်အအုံများမှအပ ကျန် အဆောက်အအုံအားလုံး၏ ထွက်ပေါက်များကို မီးအလင်းပေးခြင်း စနစ်များ တပ်ဆင်ထားရမည်။

(၂) ထွက်ပေါက်အားလုံးနှင့် အလင်းပေးရန်နေရာများ၏ အနိမ့်ဆုံး မီးလင်းအား သည် အောက်ပါပြဋ္ဌာန်းချက်များအတိုင်း ဖြစ်ရမည်-

(ကက) လွတ်မြောက်မှုဆိုင်ရာလမ်းကြောင်း (Escape Route) ၏ အလယ် ဗဟိုတစ်လျှောက်တွင်ရှိသော အလင်းအား (Horizontal Illuminance) သည် ကြမ်းခင်းမှရေပြင်ညီတိုင်းတာလျှင် အနည်းဆုံး ၀.၅ လပ်စ် (lux) ထက်မနည်းဘဲ အချိန် ၁ နာရီကြာ လင်းနိုင်ရမည်။ ထိုမီးများ တပ်ဆင်ထားရှိရာတွင် မီးအလင်းပေးယူနစ်တစ်ခု မီးမလင်းသည် ဖြစ်စေ၊ မီးလုံးကျွမ်းခဲ့သည်ဖြစ်စေ မည်သည့်နေရာမဆို မှောင်မနေစေ ရန် စီစဉ်တပ်ဆင်ရမည်။

(ခခ) လျှောက်လမ်းအတွင်း/အပြင်၊ လှေကားခွင်ကဲ့သို့သော ထွက်ပေါက် ဧရိယာများသည် အရေးပါသော နေရာများဖြစ်သဖြင့် လျှပ်စစ်ဓာတ် အား ပေးပို့ခြင်း ပြတ်တောက်ခဲ့လျှင်ပင် အလင်းရောင် ပြတ်တောက် မှု ၁ စက္ကန့်ထက် မပိုစေရန် အခြားဓာတ်အားပေး စနစ်များဖြင့် စီမံ ထားရှိရမည်။

(ဂဂ) မီးပျက်ခဲ့လျှင် ပုံမှန်အလင်းပေးစနစ်နှင့် ထွက်ပေါက် အလင်းပေး စနစ်အကြား ဓာတ်အားပေးအပြောင်းအလဲ ကြန့်ကြာချိန်သည် (၁) စက္ကန့်ထက်မပိုရ။

(ခ) စင်္ကြံ၊လူအများ စုဝေးရာနေရာများ (Lobbies) အား အရေးပေါ်အလင်းပေးခြင်းသည် အောက်ပါအတိုင်းဖြစ်သည်-

(၁) အုပ်စု (၁) အဆောက်အအုံမှလွဲ၍ ကျန်အဆောက်အအုံများ၏စင်္ကြံ၊ လူအများ စုဝေးရာနေရာများ (Lobbies) အား အရေးပေါ်အလင်းပေးရမည်။

(၂) အနိမ့်ဆုံး မီးအလင်းအား/ မီးအလင်းပေးစနစ် (မီးလုံး/ မီးချောင်း) တို့၏ အကွာအဝေး မီးလင်းရန် ကြန့်ကြာချိန်သည် အရေးပေါ်အလင်းပေးခြင်း၏ လိုအပ်ချက်အတိုင်းဖြစ်သည်။

(ဂ) နေထိုင်အသုံးပြုသည့် ဧရိယာများတွင် အရေးပေါ်အလင်းပေးခြင်းမှာ အောက်ပါ အတိုင်းဖြစ်သည်-

(၁) အုပ်စု (၁ နှင့် ၂) အမျိုးအစားမှလွဲ၍ ကျန်အဆောက်အအုံအမျိုးအစားရှိ နေထိုင် အသုံးပြုသည့်ဧရိယာများတွင်အောက်ပါလမ်းညွှန်ချက်များနှင့်အညီ အရေးပေါ် အလင်းပေးရမည်-

(ကက) ထိုနေထိုင် အသုံးပြုသည့်ဧရိယာမှ စင်္ကြံ၊ မီးခိုးတားခန်းနှင့် မီး ငြိမ်းသတ်ရန်ပြင်ဆင်ခန်းများ၏အဝင်ဝအထိ သို့မဟုတ် ထွက်ပေါက် အထိ ပြေးလမ်းတစ်လျှောက် အကွာအဝေး ၁၃ မီတာ ထက်ပိုလျှင်။

(ခခ) စင်္ကြံ၊ မီးခိုးတားခန်းနှင့် မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်းများသို့ ဦးတည် သတ်မှတ်လမ်းကြောင်းများမရှိသည့် ဧရိယာတစ်ခုလုံး။

(၂) အပိုဒ် ၉၀ (ဂ) (၁) တွင် ပါရှိသော နေရာများအပြင် အောက်ပါနေရာများတွင် အရေးပေါ်အလင်းပေးရမည်-

(ကက) ဓာတ်လှေကားအိမ်များ (Lift Cars) ။

(ခခ) မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်းများ (Fire Command Center)။

(ဂဂ) မီးစက်ခန်းများ (Generator Rooms)။

(ဃဃ) မြေအောက်ထပ် မော်တော်ယာဉ်ရပ်နားရန်နေရာ (Basement Carpark) ။

(cc) မီးသတ်ရေတင်စက်ခန်း (Fire Pump Room)။

(စစ) အဆောက်အအုံတစ်ခုအတွင်းရှိခေတ္တခိုလှုံရာဧရိယာများ (Area of refuge within the same building)။

(၃) အနိမ့်ဆုံးမီးအလင်းအား/ မီးအလင်းပေးစနစ်သည် သတ်မှတ်ပြဋ္ဌာန်းချက်များ နှင့်အညီဖြစ်ရမည်။

(၄) မီးပျက်ခဲ့လျှင် ပုံမှန်အလင်းပေးစနစ်နှင့် နေထိုင်အသုံးပြုသည့် ဧရိယာရှိ အရေးပေါ် အလင်းပေးစနစ်အကြား ဓာတ်အားအပြောင်းအလဲ ကြန့်ကြာချိန် သည် ၁၅ စက္ကန့် ထက်မပိုရ။

(ဃ) မီးငြိမ်းသတ်ရေး အထောက်အကူပြုပစ္စည်းများအတွက် အရေးပေါ် အလင်းပေးခြင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) မီးလှန့်အချက်ပြပုံး (Fire alarm panels) ၊ လက်နှိပ်(အချက်ပေး)ခလုတ် (fire alarm call points) နှင့် မီးသတ်ပစ္စည်းကိရိယာများတပ်ဆင်ထားသော နေရာ များတွင် အမြဲတမ်းလုံလောက်သော အလင်းရောင်ရရှိစေရန်စီမံထားရှိရမည်။

(၂) အနိမ့်ဆုံးမီးအလင်းအား/မီးအလင်းပေးစနစ်သည် SS563 နှင့်အညီ ဖြစ်ရမည်။

(၃) လျှပ်စစ်ဓာတ်အားပေးပို့ခြင်း ပြတ်တောက်ခဲ့လျှင် ပုံမှန်အလင်းပေးစနစ်နှင့် အရေးပေါ် အလင်းပေးစနစ်အကြား ဓာတ်အားပေးအပြောင်းအလဲ ကြန့်ကြာ ချိန်သည် ၁၅ စက္ကန့်ထက်မပိုရ။

(c) အရန်လျှပ်စစ်ဓာတ်အားပေးပို့မှုကို အောက်ပါအတိုင်းစီမံထားရှိရမည်-

(၁) ထွက်ပေါက်ပြအလင်းပေးစနစ်နှင့် အရေးပေါ်အလင်းပေးစနစ်သို့ ပုံမှန် လျှပ် စစ်ဓာတ်အားပေးပို့ခြင်းနှင့်အရန်လျှပ်စစ်ဓာတ်အားပေးပို့ခြင်းတို့အကြား ကြန့် ကြာချိန်သည် အထက်ဖော်ပြပါ အပိုဒ်များတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ် ရမည်။

(၂) အရန်လျှပ်စစ်ဓာတ်အားပေးခြင်းသည် SS-563 တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်ရမည်။

(၃) အရန်လျှပ်စစ်ဓာတ်အားပေးစနစ်များဖြစ်သော ဘက်ထရီ (Battery)၊ အရန် မီးစက် (Standby Generator) ၊ အင်ဗာတာ (Inverter)နှင့် အခြားလက်ခံနိုင် သော အလားတူပစ္စည်းကိရိယာများ၏တည်နေရာ၊ စီစဉ်ထားရှိမှု၊ လျှပ်စစ် ဝါယာကြိုးများတပ်ဆင်ခြင်း၊ ထိန်းချုပ်ခြင်းတို့သည် SS-563 တွင် ပြဋ္ဌာန်း ထားသည့်အတိုင်းဖြစ်ရမည်။

(စ) မီးအလင်းပေးခြင်းသတ်မှတ်ချက်(Luminaire)။ ထွက်ပေါက်နှင့်အရေးပေါ်မီးအလင်း ပေးခြင်းစနစ်တွင် အသုံးပြုမည့်အလင်းထုတ်လွှတ်သောပစ္စည်းကိရိယာသည် SS-563 တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ခွင့်ပြုထားသောအမျိုးအစားဖြစ်ရမည်။

(ဆ) ထွက်ပေါက်ပြသင်္ကေတနှင့် လမ်းညွှန် သင်္ကေတများဆိုင်ရာ ပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) အုပ်စု (၁) အမျိုးအစား အဆောက်အအုံများမှအပ ကျန်အဆောက်အအုံများ၏ အထပ်တိုင်းရှိထွက်ပေါက်တံခါးအပေါ်ဘက်တွင် ထွက်ပေါက်ပြသင်္ကေတများ (Exit Signs) ကို တပ်ဆင်ထားရှိရမည်ဖြစ်ပြီး အချိန်တိုင်းရှင်းလင်းစွာ မြင် နိုင်ရမည်။ ထို့အတူ ထွက်ပေါက်ပြသင်္ကေတများ (Exit Signs) အား အခန်း

များအတွင်းတွင် တပ်ဆင်ရန်လိုအပ်ပါက တပ်ဆင်ထားရမည်။ (နောက်ဆက်တွဲ ၁၄ တွင်ကြည့်ပါ။)

(၂) ရှည်လျားသော စကြီးများ၊ ကျယ်ပြန့်သော ခန်းမဧရိယာများ၊ ထွက်ပေါက်ကို အလွယ်တကူ မမြင်နိုင်သည့်နေရာများတွင် လမ်းညွှန်သင်္ကေတများကို စကြီးများတွင် ဖြစ်စေ၊ ကြမ်းပြင်များတွင်ဖြစ်စေ ထားရှိရမည်။

(၃) ဘော်ဒါဆောင်များအပါအဝင် ဟိုတယ်များ၏ ကြမ်းပြင်တွင် လမ်းညွှန်သင်္ကေတများ (Directional signs) ၊ ထွက်ပေါက်သင်္ကေတများ (Exit signs) ကို တပ်ဆင်ထားရှိရမည်။

(၄) အပေါ်ထပ်လှေကားသည် မြေအောက်ထပ်လှေကားနှင့် တစ်ဆက်တည်း ဖြစ်နေပါက အရေးပေါ်အခြေအနေတွင် အဆောက်အအုံအပြင်ဘက်သို့ ထွက်နိုင်ရန် ရုပ်ပုံဖြင့်ပြထားသော လမ်းညွှန်အပါအဝင် သင့်လျော်သော လမ်းညွှန်သင်္ကေတများ (Directional signs) ကို လှေကား၏အတွင်းဘက် မြင်သာသောနေရာတွင် ထားရှိရမည်။

(၅) ထွက်ပေါက်ပြ သင်္ကေတများ (Exit signs) နှင့် လမ်းညွှန် သင်္ကေတများ (Directional signs) ကို အရွယ်အစား သတ်မှတ်ခြင်း၊ ဒီဇိုင်းရေးဆွဲခြင်းနှင့် တပ်ဆင်ခြင်းတို့အတွက် SS-563 တွင် ပြဋ္ဌာန်းထားသည့်အတိုင်း တပ်ဆင်ရမည်။

(၆) အဆောက်အအုံများတွင် တပ်ဆင်အသုံးပြုသော အလိုအလျောက် ရောင်ပြန် ထွက်ပေါက်သင်္ကေတ (Exit signs) နှင့် လမ်းညွှန်သင်္ကေတများ (Directional signs) ကို အစိမ်းရောင်ဖြင့် ရေးသားအသုံးပြုရမည်။ သင်္ကေတ၏ပုံစံနှင့် စပ်လျဉ်း၍ ရုပ်ပြပုံဖြင့်ဖြစ်စေ၊ စာလုံးဖြင့်ဖြစ်စေ အသုံးပြုနိုင်သည်။

(၇) အကယ်၍ ထွက်ပေါက်သည် အပေါ်ထပ်တွင်ရှိလျှင် အပိုဒ် ၇(ခ) နှင့် ကိုက်ညီသည့် လှေကားခွင်နှင့်ဆိုင်သော လမ်းညွှန်သင်္ကေတများလိုအပ်သည်။ (ထိုလမ်းညွှန် သင်္ကေတများသည် SS-508 နှင့်ကိုက်ညီရမည်)

၉၁။ အသံဆက်သွယ်ရေးစနစ်နှင့် မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်းအတွက် စနစ်လိုအပ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တစ်ဖက်တည်းမှ ဆက်သွယ်၍ရသော အရေးပေါ် ဆက်သွယ်ရေးစနစ် (One-way emergency communication system) နှင့် မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်း (Fire Command Centre) ကို အောက်ပါ အချက်များနှင့်အညီ ထားရှိရမည်-

(၁) အုပ်စု (၃) (မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အင်ယ်တန်း ကောလိပ်ကျောင်းများမှအပ) နှင့် အုပ်စု (၄)၊ (၅)၊ (၆)၊ (၇) နှင့် (၈) အမျိုးအစား

အောက်ရှိ ကြီးမားသော အဆောက်အအုံများ၊ ကြမ်းခင်းဧရိယာ ၅၀၀၀ စတုရန်းမီတာထက်ကြီးသော အဆောက်အအုံများ၊ စုစုပေါင်းနေထိုင် အသုံးပြုသူဦးရေ ၁၀၀၀ ထက်ပိုသော အဆောက်အအုံ ။(သို့မဟုတ်)

(၂) နေထိုင်အသုံးပြုနိုင်သည့်ကြမ်းခင်းအမြင့် (habitable height) သည် မြေပြင်မှ ၂၄ မီတာ ထက် ပိုသော အုပ်စု (၃)၊ (၄)၊ (၅)၊ (၆)၊ (၇) နှင့် (၈) အမျိုးအစားရှိ အဆောက်အအုံများ။

မှတ်ချက်- အထက်ပါ အဆောက်အအုံများတွင် စီးပွားရေးလုပ်ငန်းသုံးနှင့် လူနေအိမ်များရောနှောနေပါက နေထိုင်အသုံးပြုနိုင်သည့် ကြမ်းခင်းအမြင့် (habitable height) ကို အောက်ပါအတိုင်း တိုင်းတာရမည်-

(ကက) စီးပွားရေးလုပ်ငန်းသုံးအပိုင်း (Commercial Component) သည် အဆောက်အအုံ၏ အောက်ထပ်အပိုင်းတွင်သာရှိပြီး အိမ်ရာအထပ်များ (Residential Components) နှင့်သီးခြားရှိနေပါက နေထိုင်အသုံးပြုနိုင်သည့် ကြမ်းခင်းအမြင့် (Habitable Height) ကို တိုင်းတာရာတွင် စီးပွားဖြစ်အသုံးပြုသည့်အလွှာ (Commercial Component) အထိ ထည့်သွင်းတွက်ချက်ရမည်။

(ခခ) စီးပွားရေးလုပ်ငန်းသုံးအပိုင်း (Commercial Components) သည် လူနေအိမ်အထပ်၏အထက်ပိုင်းတွင်တည်ရှိနေလျှင် နေထိုင်အသုံးပြုနိုင်သည့် ကြမ်းခင်းအမြင့် (Habitable Height) ကို တိုင်းတာရာတွင် စီးပွားဖြစ်အသုံးပြုသည့်အလွှာ (Commercial Component) အထိ ထည့်သွင်းတွက်ချက်ရမည်။

(၃) ခြွင်းချက်အနေဖြင့်နေထိုင်အသုံးပြုနိုင်သည့် အမြင့်ဆုံးအထပ်အထိ ကြမ်းခင်းအမြင့်သည် မြေပြင်မှ ၂၄ မီတာအောက်ဖြစ်သော၊ ကြမ်းခင်းဧရိယာ ၅၀၀၀ စတုရန်းမီတာထက် မပိုသော၊ စုစုပေါင်းနေထိုင်အသုံးပြုသူဦးရေ ၁၀၀၀ ထက် မပိုသော ဟိုတယ်နှင့်ကျန်းမာရေးစောင့်ရှောက်မှု အဆောက်အအုံများအတွက် သာမန်လူထုသတင်းပြန်ကြားရေးစနစ် (Ordinary Public Address System) သာ ထားရှိရန်လိုသည်။ သို့သော် မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်း (Fire Command Centre) မလိုအပ်ပါ။ ဓာတ်လှေကားအဝင်ခန်းများ၊လှေကားခွင်များနှင့် အခြားအဓိကကျသောနေရာများတွင် သာမန်လူထု သတင်းပြန်ကြားရေး စနစ်စပီကာ (Ordinary Public Address System) ကို ကြားနိုင်သော အကွာအဝေးအတွင်း

တိုင်း၌ တပ်ဆင်ထားရှိရမည်။ အဆောက်အအုံတစ်ခုလုံးရှိ အထပ်နှင့် အစိတ်အပိုင်းတိုင်းမှ ကြားနိုင်စေရန် တပ်ဆင်ထားရမည်။

(ခ) အပြန်အလှန် ဆက်သွယ်နိုင်သော အရေးပေါ် ဆက်သွယ်ရေးစနစ် (Two-way emergency communication system) ကို မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်း (Fire Command Centre) နှင့် အောက်ပါနေရာတို့အကြား ဆက်သွယ်ရန်ထားရှိရမည်-

(၁) မီးငြိမ်းသတ်ရန် ပြင်ဆင်သည့်အခန်းများ (Fire Fighting Lobbies) အားလုံး (ပထမထပ်အပါအဝင်)။

(၂) ရေဖျန်းစနစ် (Sprinkler System)၊ မီးသတ်ရေတင်ပိုက် (ရေပါ)စနစ် (Wet Riser System)၊ အရေးပေါ်ရေပက်ပိုက်လိပ်ခွေစနစ်တို့အတွက် ပန့်များထားရှိ သည့်အခန်း၊ လျှပ်စစ်ထိန်းချုပ်ခန်းများနှင့် မီးစက်ခန်းများ။

(၃) မီးခိုးထိန်းကိရိယာများထားရှိသည့် အခန်းများအားလုံး။

(၄) ဓာတ်လှေကားစက်ခန်းအားလုံး။

(၅) မီးသတ်သမားသုံး ဓာတ်လှေကားအတွင်း စကားပြောစက် တပ်ဆင်ထားပါက အပြန်အလှန် ဆက်သွယ်နိုင်သော အရေးပေါ်ဆက်သွယ်ရေးစနစ် (Two-way emergency communication system) တပ်ဆင်ရန် မလိုပါ။

(၆) ခေတ္တခိုလှုံရာနေရာ။

(၇) လေမောင်းနှင်သည့်စက်ခန်း (AHU-Air-handling control rooms) ။ အောက်ပါ အချက်အလက်များ ပြည့်စုံလျှင် လေမောင်းနှင်သည့်စက်ခန်း (AHU-Air-handling control rooms) တွင် အပြန်အလှန်ဆက်သွယ်နိုင်သော အရေးပေါ် ဆက်သွယ်ရေးစနစ် (Two-way emergency communication system) ထားရှိရန် ကင်းလွတ်ခွင့်ပြုသည်။

(ကက) လေမောင်းနှင်သည့်စက်ခန်း (Air-handling control rooms) ကို AHU စက်ခန်းအတွင်းမှလူအားဖြင့် (Manually) မောင်းနှင်ခြင်း မပြုနိုင်စေရန် မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်း (Fire Command Centre) မှ အဝေးထိန်းစနစ်ဖြင့် ထိန်းချုပ်နိုင်ခြင်း။

(ခခ) AHU အခန်းများနှင့် မီးဘေးလုံခြုံရေး စီမံကွပ်ကဲခန်း (Fire Command Centre) တို့ အကြားရှိ ဝါယာကြိုးသည် မီးလောင်ဒဏ် ခံနိုင်သည့် ကြိုးများဖြစ်ခြင်း။

(ဂ) တစ်ဖက်တည်းမှ ဆက်သွယ်၍ရသောစနစ် (One-way emergency communication system) သို့မဟုတ် အပြန်အလှန် ဆက်သွယ်နိုင်သောစနစ် (Two-way emergency communication system) တပ်ဆင်ခဲ့လျှင် ၎င်းသည် အဆောက်အအုံအတွင်း လိုက်နာကျင့်သုံးရမည့် အရေးပေါ်အသံဖြင့် ဆက်သွယ်ရေးစနစ် (Emergency Voice

Communication System) ၏ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။ (ဥပမာ - SS 546)

(ဃ) အဆောက်အအုံတိုင်းတွင် အောက်ပါစနစ်တစ်ခုခုတပ်ဆင်ထားလျှင် မီးဘေးလုံခြုံရေး စီမံကွပ်ကဲခန်းကို ထားရှိရမည်-

(၁) မီးသတ်သမားသုံး ဓာတ်လှေကား (Fire Lift)။

(၂) အရေးပေါ်အသံဖြင့် ဆက်သွယ်ရေးစနစ် (Emergency Voice Communication System) ။

(၃) မီးခိုးထိန်းချုပ်ရေးစနစ် (Engineered Smoke Control System)

(အုပ်စု (၁) အဆောက်အအုံများ၊ မော်တော်ယာဉ်ရပ်နားရန် နေရာအတွက်သာ အသုံးပြုသည့်မြေအောက်ထပ် ၂ ထပ်ထက် မပိုသောအုပ်စု (၂) အမျိုးအစား အဆောက်အအုံများမှလွဲ၍)

(င) မီးဘေးလုံခြုံရေး စီမံကွပ်ကဲခန်းသည် မီးကာကွယ်ရေးစနစ်များနှင့် မီးအာရုံခံစနစ် ဗဟိုထိန်းချုပ်ရေး ခလုတ်ခုံများ အားလုံးထားရှိရန်နှင့် ကြီးကြပ်ရေး/ ထိန်းချုပ်ရေး ပစ္စည်းကိရိယာများ ထားရှိရန် လုံလောက်သော အရွယ်အစားရှိပြီး အလုပ်လုပ်ရန် နေရာလွတ် (Free Working Space) အနည်းဆုံး ၆ စတုရန်းမီတာကျန်ရှိရမည်။

(စ) မီးဘေးလုံခြုံရေး စီမံကွပ်ကဲခန်း နေရာချထားခြင်း (Location) ကို အောက်ပါအတိုင်း စီမံထားရှိရမည်-

(၁) မီးဘေးလုံခြုံရေး စီမံကွပ်ကဲခန်းသည် မီးသတ်ယာဉ်ရပ်ရန်နေရာ သို့မဟုတ် မီးသတ်ယာဉ်ပတ်လမ်းနှင့် တစ်ပြေးညီတည်း (Same level) တွင် ရှိရမည်ဖြစ်ပြီး အောက်ပါဦးစားပေးအစဉ်အတိုင်း ထားရှိရမည်-

(ကက) အဆောက်အအုံ၏ သတ်မှတ်ထားသော အထပ်ရှိ မီးငြိမ်းသတ်ရန် ပြင်ဆင်ခန်း (Firefighting Lobby) နှင့် နီးကပ်စွာရှိသောနေရာ။

(ခခ) မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်း (Firefighting Lobby) မရှိပါက မီးသတ်ယာဉ်ပတ်လမ်းနှင့် မီးသတ်ယာဉ်ရပ်ရန်နေရာ၏ အနီးဝန်းကျင်နှင့် အဆောက်အအုံ၏ အထပ်တိုင်းသို့ ရောက်ရှိနိုင်သည့် အကာအကွယ်ပေးထားသောလှေကား (Protected Stair) တစ်ခုခုနှင့် နီးစပ်သောနေရာ။

(ဂဂ) မီးသတ်ဦးစီးဌာနမှ လျှာထားသတ်မှတ်ပေးသည့် အခြားနေရာ။

(၂) အဆောက်အအုံ တစ်ခုထက်ပို၍ပါဝင်သော စီမံကိန်းဧရိယာအတွင်းတွင် မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်းထားရှိမှုနှင့်စပ်လျဉ်း၍ မီးသတ်ဦးစီးဌာန၏ အကြံပြုချက်ရယူရမည်။

(ဆ) မီးဘေးလုံခြုံရေး စီမံကွပ်ကဲခန်းတစ်ခု၏ အကာအရံများ (Enclosure) တည်ဆောက်ခြင်း၊ အထောက်အကူပြုစနစ်များ (Facilities) နှင့် အလင်းပေးစနစ်များ (Lighting) သည် SS-546 အဆောက်အအုံအတွင်း အရေးပေါ်အသံဖြင့် ဆက်သွယ်ရေးစနစ် (Emergency Voice Communication Systems) သတ်မှတ်ချက်များကိုလိုက်နာရမည်။

(ဇ) မီးဘေးလုံခြုံရေး စီမံကွပ်ကဲခန်းအတွက် လိုအပ်သော လေအေးပေးစနစ် (Air Conditioning System) သို့မဟုတ် စက်စွမ်းအားသုံးလေဝင်/ လေထွက်စနစ် (Mechanical Ventilation System) အား ပင်မလျှပ်စစ်ဓာတ်အားအပြင် အရန်လျှပ်စစ်ဓာတ်အားလည်း စီမံထားရှိရမည်။ အထက်ပါစနစ်များ၏ လေပြွန်များ (Ductworks) သည် အဆောက်အအုံ၏ အခြားနေရာများအတွက် အသုံးပြုသောလေပြွန်များ (Ductworks) မှ ဆင့်ပွားအသုံးပြုခြင်းမဟုတ်ပဲ သီးခြားစနစ်ဖြစ်ရမည်။

(စျ) မြေအောက်ထပ်တစ်ထပ်ထက်ပို၍ပါဝင်သော အုပ်စု(၂)မှ(၈) အမျိုးအစားအဆောက်အအုံများတွင် အပြန်အလှန် ဆက်သွယ်ရေးစနစ် (Two-way Communication System) ကို မီးဘေးလုံခြုံရေး စီမံကွပ်ကဲခန်းနှင့် အောက်ပါနေရာများအကြားထားရှိရန်လိုအပ်သည်-

(၁) မြေညီထပ်အပါအဝင် အထပ်တိုင်းရှိ မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်း (Fire fighting Lobby) ၊ အဆောက်အအုံအတွင်းတွင် မြေအောက်ထပ် ၂ ထပ်၊ ၃ ထပ် သို့မဟုတ် ၄ ထပ် ပါဝင်ပါက အဆိုပါ အထပ်တိုင်းတွင် မီးခိုးတားခန်းများ (Smoke Stop Lobby) ပါရှိရမည်။ ၎င်းအခန်းများအနက်မှ မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်း (Firefighting Lobby) အဖြစ် သတ်မှတ်ထားသောအခန်း။

(၂) ရေဖျန်းစနစ် (sprinkler system)၊ မီးသတ်ရေတင်ပိုက် (ရေပါ) စနစ် (wet riser system)၊ အရေးပေါ်ရေပက်ပိုက်လိပ်ခွေစနစ်တို့အတွက် ပန့်များထားရှိသည့်အခန်း (hose pump room)၊ လျှပ်စစ်ထိန်းချုပ်ခန်းများနှင့် မီးစက်ခန်းများ။

(၃) မီးခိုးထိန်းကိရိယာများထားရှိသည့် အခန်းများအားလုံး။

(၄) ဓာတ်လှေကားစက်ခန်းအားလုံး။

(၅) မီးသတ်သမားသုံး ဓာတ်လှေကားအတွင်း စကားပြောစက် တပ်ဆင်ထားပါက အပြန်အလှန် ဆက်သွယ်နိုင်သော အရေးပေါ်ဆက်သွယ်ရေးစနစ် (Two-way emergency communication system) တပ်ဆင်ရန် မလိုပါ။

(၆) ခေတ္တခိုလှုံရာနေရာ (Area of Refuge) ။

(၇) လေမောင်းနှင်သည့်စက်ခန်း (AHU-Air-handling control rooms)။ အောက်ပါ အချက်အလက်များ ပြည့်စုံလျှင် လေမောင်းနှင်သည့်စက်ခန်း (AHU-Air-handling control rooms) တွင် အပြန်အလှန်ဆက်သွယ်နိုင်သော အရေးပေါ်ဆက်သွယ်ရေးစနစ် (Two-way emergency communication system) ထားရှိရန် ကင်းလွတ်ခွင့်ပြုသည်။

(ကက) လေမောင်းနှင်သည့်စက်ခန်း (Air-handling control rooms) AHU ကို လူအားဖြင့် (Manually) မောင်းနှင်ခြင်း မပြုနိုင်စေရန် မီးဘေးလုံခြုံရေး စီမံကွပ်ကဲခန်း (Fire Command Centre) မှ အဝေးထိန်းစနစ်ဖြင့် ထိန်းချုပ်နိုင်ခြင်း။

(ခခ) AHU အခန်းများနှင့် မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်း (Fire Command Centre) တို့အကြားရှိ ဝါယာကြိုးသည် မီးလောင်ဒဏ်ခံနိုင်သည့် ကြိုးများဖြစ်ခြင်း။

(၈) အောက်ပါအခြေအနေများတွင် မြေအောက်ထပ်များ၌ အပြန်အလှန်ဆက်သွယ်ရေးစနစ် (Two-Way Communication System) ထားရှိရန် ကင်းလွတ်ခွင့်ပြုနိုင်သည်-

(ကက) မြေအောက်ထပ် ၁ ထပ်တည်းရှိသော အုပ်စု (၂) မှ (၈) ထိ အမျိုးအစားအဆောက်အအုံများနှင့် အုပ်စု (၁) အမျိုးအစား အဆောက်အအုံရှိ မြေအောက်ထပ်များ။

(ခခ) အုပ်စု (၂) အမျိုးအစားရှိ မြေအောက်ထပ်များသည် ၂ ထပ်ထက် မပိုဘဲ မော်တော်ယာဉ်ရပ်နားရန်နေရာ အဖြစ်သာအသုံးပြုခဲ့လျှင်။

အခန်း (၁၀)
မီးဘေးလုံခြုံရေးစစ်ဆေးဆောင်ရွက်ခြင်း

၉၂။ သက်ဆိုင်ရာပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူသည် မီးသတ်ဥပဒေပုဒ်မ ၁၇ ပါ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များကို လိုက်နာရမည့်အပြင် မီးဘေးလုံခြုံရေးဆိုင်ရာစနစ်များ တပ်ဆင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် စမ်းသပ်ခြင်းများကို အောက်ဖော်ပြပါ Code နှင့် Standards များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရမည်-

ဇယား(၁၀.၁) အသိအမှတ်ပြု Code နှင့် Standard များ

Code and Standards		
အမည်	**ဖော်ပြချက်**	**မှတ်ချက်**
Singapore Standards		
SS CP 5	CoP for Electrical Installation	
SS CP 10	CoP for Installation and Servicing of Electrical Fire Alarm System	
SS CP 16	CoP for Earthing	
SS CP 51	CoP for Manufactured gas Pipe Installation	
SS CP 52	CoP for Automatic Fire Sprinkler	
SS 299	Specification For Fire Resistance Cables	
SS 550	CoP for Installation, Operation and Maintenance of Electric Passenger and Good Lifts	
SS 535	CoP for Installation, Operation, Maintenance, Performance and Construction Requirements of Mains Failure Standby Generating Systems	
SS 546	CoP for Emergency Voice Communication System in Building	
SS 563	CoP for the Design, Installation and Maintenance of Emergency Lighting and Power Supply Systems in Buildings	

Code and Standards		
အမည်	**ဖော်ပြချက်**	**မှတ်ချက်**
Singapore Standards		
SS 575	CoP for Fire Hydrant, Rising Mains and Hose Reel System	
SS 578	CoP for Use and Maintennce of Portable Fire Extinguisher	
SS 489	Specification for Fire Shutters	
SS 547	Cop For Temporary Housing Quarters On Construction Sites	
SS 572	CoP for the use of timber in buildings	
SS 508	Graphical symbols – safety colours & safety singns	
SS 553	CoP for air-conditioning and mechanical ventilation in buildings	
SS 333	Specification for fire dampers	
SS EN 3 - 7	Portable Fire Extinguishers - Part 7 : Characteristics, performance requirements and test methods	
SS EN 3 - 8	Portable Fire Extinguishers - Part 8 : Additional requirements to SS EN 3-7 for the construction, resistance to pressure and mechanical tests for extinguishers with a maximum allowable pressure equal to or lower than 30 bar	
SS EN 3 - 9	Portable Fire Extinguishers - Part 9 : Additional requirements to SS EN 3-7 for pressure resistance if CO_2 extinguishers	
SS EN 3 - 10	Portable Fire Extinguishers - Part 10 : Provisions for evaluating the conformity of a portable fire extinguisher to SS EN 3-7	
British standards		
BS 476	Fire tests on building materials and structures	
Pt 4	Non-combustibility test for materials	
Pt 5	Method of test for ignitability	

Code and Standards		
အမည်	**ဖော်ပြချက်**	**မှတ်ချက်**
British standards		
Pt 6	Method of test for fire propagation for products	
Pt 7	Method of test to determine the classification of the surface spread of flame of products	
Pt 11	Fire tests for assessing the heat emission from building materials	
Pt 20	Method for determination of the fire resistance of elements of construction (general principles)	
Pt 21	Methods for determination of the fire resistance of load-bearing elements of construction	
Pt 22	Method for determination of the fire resistance of non-load-bearing elements of construction	
Pt 23	Method for determination of the contribution of componens to the fire resistance of a structure	
Pt 24	Method for determination of the fire resistance of ventilation ducts	
BS 1105	Specification for wood wool cement slabs up to 125mm thick	
BS 4514	Specificaton for unplasticized PVC soil and ventilatin pipes, fittings and accessories	
BS 5234 Pt 2	Partitions (including matching linings)-Specification for performance requirements for strength and robustness including methods of test	
BS 5499 Pt 2	Fire safety signs, notices and graphic symbols-Specification for self-luminous fire safety sings	
BS 5588 Pt 5	Fire precautions in the design, construction and use of buildings-access and facilities for fire-fighting	
BS 5950 Pt 8	CoP for fire resistant design	

Code and Standards		
အမည်	**ဖော်ပြချက်**	**မှတ်ချက်**
British standards		
BS 6206	Specification for impact performance requirements for flat safety glass and safety plastic for use in buildings	
BS 6391	Specification for non-percolating layflat delivery hoses and hose assemblies for fire-fighting purposes	
BS 7346	Components for smoke and heat control systems	
BS 8202 Pt 2	Coatings for fire protection of building elements- CoP for the use of intumescent coating systems to metallic substrates for providing fire resistance	
BS EN 520	Gypsum plasterboards- definitions, requirements and test methods	
BS EN 694	Fire-fighting hoses. semi-rigid hoses for fixed systems	
BS EN 13501	Fire classification of construction products and building elements	
American standards		
NFPA 33	Standard for spray application using flammable or combustible materials	
NFPA 45	Standard on fire protectin for laboratories using chemicals	
NFPA 750	Standard on water mist fire protection systems	
NFPA 262	Standard methods of tests for flame travel and smoke of wires and cables for use in air-handling spaces	
Australian standards		
AS 2208	Safety glazing materials in buildings	
AS 4587	Water mist fire protection systems- system design, installation and commissioning	

အခန်း (၁၁)

အရေးယူဆောင်ရွက်ခြင်း

၉၃။ မြို့နယ်မီးသတ်ဦးစီးမှူးသည် မြို့နယ်အတွင်းရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ၊ ပုဒ်မ ၁၇ တွင် ပြဋ္ဌာန်းထားသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ မီးဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုမဖြစ်ပွားစေရေးအတွက် ယင်းလုပ်ငန်းများမှ လိုက်နာဆောင်ရွက်စေရန် ဤအမိန့်ပါ စံချိန်စံညွှန်း သတ်မှတ်ချက်များကို ညွှန်ကြားချက်အဖြစ်ထုတ်ပြန်ရမည်။

၉၄။ မီးသတ်ဦးစီးဌာနသည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ၊ ပုဒ်မ ၂၅ တွင် ပြဋ္ဌာန်းထားသည့် လုပ်ငန်းများ၊ နေရာများ၊ ပိုင်ရှင်များနှင့်စီမံခန့်ခွဲသူများသို့ ဤအမိန့်ပါ စံချိန်စံညွှန်းသတ်မှတ်ချက်များတွင် ဖော်ပြထားသောမီးဘေးလုံခြုံရေးဆိုင်ရာပစ္စည်းကိရိယာများကိုထားရှိရန် ပျက်ကွက်ခြင်းမရှိစေရကြောင်း ညွှန်ကြားချက်ထုတ်ပြန်ရမည်။

၉၅။ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများသည် မီးလောင်မှုဖြစ်စဉ်များလျော့နည်းစေရေးနှင့် မီးလောင်မှုကြောင့် ထိခိုက်သေဆုံးမှုမဖြစ်စေရေးအတွက် လူနေထိုင်ခွင့်၊ အသုံးပြုခွင့် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ချထားပေးရာတွင် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ခုနှစ်၊ဧပြီလ ၂၅ ရက်စွဲပါ စာအမှတ်၊ ၅၀ဖ(၁ဖ၅)/ ၁၂/သမ္မတရုံး အရညွှန်ကြားထားသော မီးသတ်ဦးစီးဌာန၏မီးဘေးလုံခြုံရေးစစ်ဆေးထောက်ခံချက် (Fire Safety Certificate) ရယူရေး ဆောင်ရွက်သွားရန် ညွှန်ကြားချက်အား လိုက်နာရမည်။

၉၆။ စက်ရုံ သို့မဟုတ် အဆောက်အအုံများသည် မီးဘေးလုံခြုံရေးစစ်ဆေးထောက်ခံချက် (Fire Safety Certificate) ရယူရန်လျှောက်ထားချိန်တွင် တပ်ဆင်ဆောင်ရွက်ထားရှိသောမီးဘေးလုံခြုံရေးစနစ်များသည် ဤစံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိကြောင်း သက်ဆိုင်ရာအင်ဂျင်နီယာကိုယ်တိုင်တာဝန်ခံလက်မှတ်ရေးထိုး၍ မီးသတ်ဦးစီးဌာနသို့တင်ပြရမည်။

၉၇။ မည်သူမျှ အပိုဒ် ၉၃၊ ၉၄၊ ၉၅ နှင့် ၉၆ အရထုတ်ပေးထားသော ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၉၈။ မီးဘေးလုံခြုံရေးဆိုင်ရာစစ်ဆေးသော သက်ဆိုင်ရာအရာရှိသည် သက်ဆိုင်ရာပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူမှ ညွှန်ကြားချက်အပေါ် လိုက်နာရန်ပျက်ကွက်ကြောင်းစိစစ်တွေ့ရှိပါက မီးသတ်ဦးစီးဌာနသို့ တင်ပြရမည်။

၉၉။ မီးသတ်ဦးစီးဌာနသည် အပိုဒ် ၉၈ အရ တင်ပြချက်ကို လက်ခံရရှိပါက သက်ဆိုင်ရာပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူအား စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူဆောင်ရွက်ပေးရန်နှင့် အရေးယူဆောင်ရွက်ချက်များကို ပြန်ကြားပေးရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများသို့ အကြောင်းကြားရမည်။

၁၀၀။ မီးသတ်ဦးစီးဌာနသည် ဤစံချိန်စံညွှန်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် ပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူအား ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာနှင့် ဤစံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ အရေးယူဆောင်ရွက်ရမည်။

အခန်း (၁၂)

အထွေထွေ

၁၀၁။ သက်ဆိုင်ရာပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူသည် ဤစံချိန်စံညွှန်းသတ်မှတ်ချက်များပါ ပြဋ္ဌာန်းချက်များနှင့်အညီ အဆောက်အအုံ ဆောက်လုပ်ရာတွင်လည်းကောင်း၊ လိုင်စင်လျှောက်ထားရာတွင်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင်လည်းကောင်း သက်ဆိုင်ရာစည်ပင်သာယာရေးဥပဒေများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ အခြားတည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ ညွှန်ကြားချက်များစသည်တို့ကိုလိုက်နာရမည်။

၁၀၂။ ဤစံချိန်စံညွှန်းသတ်မှတ်ချက်များအရ ပေးအပ်ထားသော မီးဘေးလုံခြုံရေးအဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် သက်ဆိုင်ရာမီးသတ်အရာရှိ သို့မဟုတ် မီးဘေးလုံခြုံရေးစစ်ဆေးရေးအဖွဲ့ဝင်တစ်ဦးဦးသည် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သဘောရိုးဖြင့်ဆောင်ရွက်ခြင်းမဟုတ်ကြောင်းစိစစ်တွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်။

၁၀၃။ မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ အထူးစီးပွားရေးဇုန်များနှင့် အခန်း(၁)၊ ဇယား(၁.၄)ပါ အဆောက်အအုံအုပ်စု အမျိုးအစားများတွင် မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ဆောင်ရွက်ရာ၌ ဤစံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီသာ ဆောင်ရွက်ရမည်။

၁၀၄။ မီးဘေးလုံခြုံရေးတာဝန်ခံများ ထားရှိရန်လိုအပ်သည့် အဆောက်အအုံများ၊ လုပ်ငန်းများတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနမှ ဖွင့်လှစ်ထားသော မီးဘေးလုံခြုံရေးတာဝန်ခံ (Fire Safety Manager) သင်တန်းဆင်းလက်မှတ်ရရှိပြီးသူအား တာဝန်ပေးခန့်အပ်ရမည်။

၁၀၅။ ဤစံချိန်စံညွှန်းသတ်မှတ်ချက်များပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဦးစီးဌာနသည် လိုအပ်သောအမိန့်နှင့် ညွှန်ကြားချက်များကို အခါအားလျော်စွာ ထုတ်ပြန်နိုင်သည်။

မြတ်သူ
ညွှန်ကြားရေးမှူးချုပ်
မီးသတ်ဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထဲရေးဝန်ကြီးဌာန
မီးသတ်ဦးစီးဌာန

မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များ (၂၀၂၀)

နောက်ဆက်တွဲများ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ	
		မှ	ထိ
၁	၂	၃(က)	၃(ခ)
၁	နောက်ဆက်တွဲ(၁) ဘေးအန္တရာယ်အတန်းအစားခွဲခြားမှုစနစ်	၁	၁၂
၂	နောက်ဆက်တွဲ(၂) အထွေထွေကုန်လှောင်ရုံများဆိုင်ရာမီးဘေးအန္တရာယ်ကင်းရှင်းစေရေးပြဋ္ဌာန်းချက်များ	၁၃	၁၉
၃	နောက်ဆက်တွဲ(၃) စက်ယန္တရားအဓိကအသုံးပြုသောမော်တော်ယာဉ်ရပ်နားသည့်နေရာအတွက်မီးဘေးလုံခြုံရေးပြဋ္ဌာန်းချက်	၂၀	၃၁
၄	နောက်ဆက်တွဲ(၄) Steel Structure အဆောက်အဦအစိတ်အပိုင်းများကိုကာကွယ်ရန် မီးခံသုတ်ဆေး (Intumescent paint)အသုံးပြုခြင်းဆိုင်ရာပြဋ္ဌာန်းချက်များ	၃၂	၃၆
၅	နောက်ဆက်တွဲ(၅) မီးသတ်ယာဉ်ရပ်ရန်နေရာ၏ဝန်အားခံနိုင်ခြင်း	၃၇	၃၈
၆	နောက်ဆက်တွဲ(၆) လောင်စာဆီအရောင်းဆိုင်များဆိုင်ရာမီးဘေးအန္တရာယ်ကင်းရှင်းစေရေးပြဋ္ဌာန်းချက်များ	၃၉	၅၁
၇	နောက်ဆက်တွဲ(၇) ကန့်သတ်ထိန်းချုပ်မှုမြင့်မားသောပစ္စည်းများအတွက်မီးဘေးလုံခြုံရေးပြဋ္ဌာန်းချက်များ (ဇီဝပစ္စည်း - အန္တရာယ်ကင်းရေး အဆင့် ၃/၄)	၅၂	၅၃
၈	နောက်ဆက်တွဲ(၈) ဓာတ်ငွေ့ရည် (LPG) အိုးတပ်ဆင်ခြင်းအတွက်မီးဘေးလုံခြုံရေးပြဋ္ဌာန်းချက်များ	၅၄	၇၇

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ	
		မှ	ထိ
၁	၂	၃(က)	၃(ခ)
၉	နောက်ဆက်တွဲ(၉) ဆောက်လုပ်ရေးလုပ်ငန်းခွင်များရှိ တည်ဆောက်ဆဲအဆောက်အဦများမှ ယာယီအလုပ်သမားတန်းလျားများအတွက် မီးဘေးလုံခြုံရေးပြဋ္ဌာန်းချက်များ	၇၈	၈၃
၁၀	နောက်ဆက်တွဲ(၁၀) မော်တော်ယာဉ်ရပ်နားရန်နေရာများရှိ သာမန်လေမှုတ်ပန်ကာ စနစ်	၈၄	၉၀
၁၁	နောက်ဆက်တွဲ(၁၁) ဓာတ်လှေကားသုံးကယ်ဆယ်ရေးလုပ်ငန်းအတွက် မီးဘေးလုံခြုံရေးပြဋ္ဌာန်းချက်များ	၉၁	၉၆
၁၂	နောက်ဆက်တွဲ(၁၂) ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် မီးဘေးအန္တရာယ်အကာအကွယ်ပစ္စည်းများ	၉၇	၁၀၃
၁၃	နောက်ဆက်တွဲ(၁၃) အရေးပေါ်အခြေအနေတွင်နေထိုင်သူများ ဓာတ်လှေကားအားအသုံးပြု၍ ဘေးကင်းရာသို့ထွက်ခွာခြင်းအတွက်မီးဘေးလုံခြုံရေးပြဋ္ဌာန်းချက်များ	၁၀၄	၁၀၇
၁၄	နောက်ဆက်တွဲ(၁၄) အခန်းအတွက်ထွက်ပေါက်သင်္ကေတပြဋ္ဌာန်းချက်	၁၀၈	၁၀၉
၁၅	နောက်ဆက်တွဲ(၁၅) ထရမ်စဖော်မာတပ်ဆင်ခြင်းလုပ်ငန်းအတွက်မီးဘေးလုံခြုံရေးအချက်များ	၁၁၀	၁၂၂

နောက်ဆက်တွဲ (၁)
ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများသိုလှောင်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်များ

၁။ ဓာတုပစ္စည်းအမျိုးအစားအလိုက် ဘေးအန္တရာယ်ရှိမှုအတန်းအစား ခွဲခြားထားခြင်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

ဇယား (၁.၁) ဘေးအန္တရာယ်အတန်းအစားများ

အမျိုးအစား	ဘေးအန္တရာယ်အတန်းအစား	
၁	ပေါက်ကွဲစေတတ်သောပစ္စည်းများ	
၂	ဓာတ်ငွေ့များ	
	၂.၁	မီးတောက်လောင်လွယ်သောဓာတ်ငွေ့များ
	၂.၂	မီးတောက်လောင်မလွယ်သော၊အဆိပ်မပါရှိသောဓာတ်ငွေ့များ
	၂.၃	အဆိပ်ပါရှိသောဓာတ်ငွေ့များ
၃	မီးတောက်လောင်လွယ်သောအရည်များ	
၄	အစိုင်အခဲများ	
	၄.၁	မီးတောက်လောင်လွယ်သောအစိုင်အခဲများ
	၄.၂	အလိုအလျောက်မီးလောင်ကျွမ်းနိုင်သောဒြပ်ပစ္စည်းများ
	၄.၃	ရေနှင့်ဓာတ်ပြုနိုင်သောဒြပ်ပစ္စည်း/စိုစွတ်သောအခါအန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းများ
၅	အောက်ဆီဂျင်ဓာတ်တိုးဒြပ်ပစ္စည်းများနှင့် အော်ဂဲနစ်ပါအောက်ဆိုဒ်များ	
	၅.၁	အောက်ဆီဂျင်ဓာတ်တိုးဒြပ်ပစ္စည်းများ
	၅.၂	အော်ဂဲနစ်ပါအောက်ဆိုဒ်များ
၆	အဆိပ်ရှိသောဒြပ်ပစ္စည်းများ	
	၆.၁	အဆိပ်ရှိသောဒြပ်ပစ္စည်းများ
	၆.၂	ရောဂါကူးစက်လွယ်သောဒြပ်ပစ္စည်း
၇	ရေဒီယိုသတ္တိကြွပစ္စည်း	
	၇.၁	ရေဒီယိုသတ္တိကြွပစ္စည်း အုပ်စု(၁)
	၇.၂	ရေဒီယိုသတ္တိကြွပစ္စည်း အုပ်စု(၂)
	၇.၃	ရေဒီယိုသတ္တိကြွပစ္စည်း အုပ်စု(၃)
၈	တိုက်စားတတ်သောဒြပ်ပစ္စည်းများ	
၉	ရောနှောနေသောအန္တရာယ်ရှိပစ္စည်းများ	

၂။ အရွယ်အစားကန့်သတ်ခြင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဘေးအန္တရာယ်ရှိပစ္စည်းအမျိုးအစား ၃ ၊၄ နှင့် ၅ ကို သိုလှောင်သိမ်းဆည်းသော ဓါတုဗေဒနှင့်ဆက်စပ်ပစ္စည်း/ ဘေးအန္တရာယ်ရှိ ပစ္စည်းကုန်လှောင်ရုံများအတွက် အကန့်ဧရိယာတစ်ခုတွင်ရှိရမည့် မီးကာကွယ်ရေးစနစ်အတွက် အများဆုံးကြာမြင့်ခင်းဧရိယာ အရွယ်အစားများမှာအောက်ပါအတိုင်းဖြစ်သည်-

ဧယား (၁.၂) အကန့်အရွယ်အစား

ဘေးအန္တရာယ် အတန်းအစား	အများဆုံးထားရှိရမည့် အကန့်အရွယ်အစား (စတုရန်းမီတာ)			
	K1	K2	K3	K4
၃ နှင့် ၄	≤ ၅၀	≤ ၂၀၀	≤ ၆၀၀	≤ ၉၀၀
၂	≤ ၁၀၀	≤ ၄၀၀	≤ ၂၄၀၀	≤ ၃၆၀၀
၁	≤ ၄၀၀	≤ ၂၀၀၀		

ဧယား (၁.၃) K1, K2, K3, K4 သတ်မှတ်ချက်များ

အမျိုးအစား	**မီးဘေးအန္တရာယ်ကာကွယ်ရေးစနစ်များ**	
K1	မီးဘေးအန္တရာယ်နိမ့်သော လုပ်ငန်းများ	လက်နှိပ်အချက်ပေးစနစ်
K2	အလိုအလျောက်အာရုံခံခြင်း	အလိုအလျောက်မီးအာရုံခံစနစ်
K3	အလိုအလျောက်မီးငြိမ်းသတ် ရေးစနစ်များ	အလိုအလျောက်ရေဖျန်းစနစ်
K4	အလိုအလျောက်မီးငြိမ်းသတ် ရေးစနစ်များ (အမြှုပ်ဆေးရည်စနစ်)	အလိုအလျောက်အမြှုပ်ရေဖျန်းစနစ်

(ခ) ဘေးအန္တရာယ်အဆင့်ခွဲခြားသတ်မှတ်ခြင်းအတွက် ဧယား (၁.၁) ကို ကိုးကားပါ။

(ဂ) မီးကာကွယ်ရေးစနစ်နှင့်မသက်ဆိုင်ဘဲ မီးတားအကန့်နံရံများသည် အနည်းဆုံး ၂ နာရီ မီးဒဏ်ခံနိုင်ရည်ရှိရမည်။ ဘေးအန္တရာယ်ရှိ ပစ္စည်းအမျိုးအစား (၃) သိုလှောင် ထားရှိ ခြင်းအတွက်မျက်နှာကြက်မှအပ အဆောက်အအုံကိုအင်္ဂတေဖြင့်တည်ဆောက်ရမည်။ (ကြမ်းခင်း အစိတ်အပိုင်းအားလုံးသည် အနည်းဆုံး ၂နာရီ မီးဒဏ်ခံနိုင်ရည် ရှိသော အင်္ဂတေဖြင့် တည်ဆောက်ရမည်) မျက်နှာကြက်ကို မီးဒဏ်ခံနိုင်သော ဘုတ်ပြားများ အသုံးပြုနိုင်သော်လည်း အကာအကွယ်ပြုလုပ်ထားသောဒေါင်လိုက်လမ်းကြောင်းများ ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်ကိုက်ညီရမည်။

(ဃ) အမျိုးအစားမတူညီသော ဘေးအန္တရာယ်ရှိပစ္စည်းများကို အနည်းဆုံး ၂ နာရီမီးဒဏ် ခံနိုင်ရည်ရှိသည့် မီးတားအကန့်ဧရိယာများတွင် သိုလှောင်ထားရှိရမည်။

(င) ဘေးအန္တရာယ်ရှိပစ္စည်းများအား မြေအောက်ထပ်များတွင် သိုလှောင်ထားခြင်းမပြုရ။

(စ) ဘေးအန္တရာယ်ရှိ ပစ္စည်းအမျိုးအစား (၂) ၏ မီးကာကွယ်ရေးစနစ်အတွက် အကန့် အရွယ်အစားသည် ဘေးအန္တရာယ်ရှိပစ္စည်းအဆင့်(၁) ၏မီးကာကွယ်ရေးစနစ်အတွက် ပြဋ္ဌာန်းချက်များအတိုင်းဖြစ်ရမည်။

(ဆ) မီးဒဏ်ခံနိုင်ရည်ရှိသော ယင်းလိပ်တံခါးကို အကန့်အရွယ်အစား ထိန်းချုပ်ရန်အတွက် အသုံးမပြုရ။ အဆောက်အအုံအတွင်းပိုင်းရှိ မီးခိုးအာရုံခံစနစ်နှင့် မီးလှန့်အချက်ပေး စနစ်တစ်ခုခု သို့မဟုတ် စနစ်နှစ်ခုလုံးစတင်လည်ပတ်သည်နှင့်တစ်ပြိုင်နက် ဝင်ထွက် နိုင်သောအပေါက်ရှိ မီးဒဏ်ခံနိုင်ရည်ရှိသော ယင်းလိပ်တံခါးများကို အလုပ်လုပ်စေရ မည်။

၃။ ဖိသိပ်ထားသောဓာတ်ငွေ့များ (အမျိုးအစား၂)၊ မီးတောက်နိုင်သောအရည်(အမျိုးအစား ၃)၊ မီးတောက်နိုင်သော အစိုင်အခဲ (အမျိုးအစား ၄.၂ နှင့် ၄.၃)၊ ဓာတ်တိုးစေနိုင်သော ပစ္စည်းများ (အမျိုးအစား ၅.၁)နှင့် အော်ဂဲနစ် ပါအောက်ဆိုဒ် (အမျိုးအစား၅.၂) တို့ကို သိုလှောင်ထားရှိရာတွင် အနည်းဆုံးဘေးဘက်နံရံတစ်ခုသည် ဘေးကင်းလုံခြုံသော ပြင်ပအမိုးပွင့်နေရာသို့ မျက်နှာမူထား သည့် မြေညီထပ်တွင်သာ ထားရှိရမည်။

၄။ အစိုင်အခဲပစ္စည်းများ (အမျိုးအစား၄.၁) ကို နေထိုင်အသုံးပြုနိုင်သည့် ကြမ်းခင်းအမြင့် ၂၄ မီတာထက်မပိုသည့် အထပ်များတွင် သိုလှောင်ခွင့်ပြုပြီး ကြမ်းခင်းဧရိယာ တစ်စတုရန်းမီတာလျှင် ၁၂၀၀ ကီလိုဂရမ်အထိသာ သိုလှောင်ခွင့်ပြုသည်။

၅။ ဖိသိပ်ထားသောဓာတ်ငွေ့ဆလင်ဒါအိုးများ(အမျိုးအစား၂) ကိုနေထိုင်အသုံးပြုနိုင်သည့် ကြမ်းခင်းအမြင့် ၂၄ မီတာထက်မပိုသော အထပ်များတွင် သိုလှောင်ခွင့်ပြုသည်။ အဆိုပါသိုလှောင်သည့် နေရာသို့ ၂၄ တန်အလေးချိန်ရှိ မီးသတ်ယာဉ်တိုက်ရိုက်ရောက်ရှိနိုင်ရေးအတွက် သင့်လျော်သည့် (Turning Facility) ဆင်ခြေလျှောလမ်းပါရှိရမည်။

၆။ ဘေးအန္တရာယ်ရှိ ပစ္စည်းအမျိုးအစား (၂)ကိုဆင့်၍ပုံထားခြင်းခွင့်မပြု။ ဘေးအန္တရာယ်ရှိပစ္စည်းများကို ကြမ်းပြင်ပေါ်တွင် တိုက်ရိုက်ချထားရမည်။

၇။ ဖိသိပ်ထားသောဓာတ်ငွေ့များ(အမျိုးအစား ၂) ကို သိုလှောင်ခြင်း၊ အသုံးပြုခြင်းနှင့်ထိန်းသိမ်းခြင်းသည် NFPA 55 နှင့်ကိုက်ညီရမည်။ မြေညီထပ်အထက်ရှိအထပ်များတွင် ထားရှိခွင့်ပြုသည်။

၈။ ရေဖျန်းစနစ်ဖြင့်ကာကွယ်ထားသော ကုန်လှောင်ရုံများတွင် ပစ္စည်းသိုလှောင်နိုင်သောအမြင့်ကို တစ်ထပ်ကုန်လှောင်ရုံအတွက် ၁၈ မီတာနှင့် အထပ်များစွာပါရှိသော အဆောက်အအုံ၏ မြေညီထပ်ရှိကုန်လှောင်ရုံအတွက် ၁၅ မီတာ ထားရှိရမည်။ ရေဖျန်းစနစ်ကာကွယ်ထားခြင်းမရှိသော ဘေးအန္တရာယ်ရှိပစ္စည်းအမျိုးအစား ၃ကုန်လှောင်ရုံများအတွက် ပစ္စည်းသိုလှောင်နိုင်သောအမြင့်မှာ NFPA 30 နှင့် ကိုက်ညီရမည်ဖြစ်ပြီး အများဆုံးအမြင့်မှာ ၃.၆ မီတာရှိရမည်။

၉။ ဓာတ်တိုးစေသောပစ္စည်းများသိုလှောင်ခြင်း (အမျိုးအစား၅.၁၊ အစိုင်အခဲ သို့မဟုတ် အရည်) သည် NFPA 430 သို့မဟုတ် AS 4326 နှင့်ကိုက်ညီရမည်။

၁၀။ အော်ဂဲနစ်ပါအောက်ဆိုဒ်များသိုလှောင်ခြင်း (အမျိုးအစား ၅.၂) သည် NFPA 432 သို့မဟုတ် AS 2714 နှင့်ကိုက်ညီရမည်။

၁၁။ ဓာတုဗေဒနှင့်ဆက်စပ်ပစ္စည်း/ ဘေးအန္တရာယ်ရှိ ပစ္စည်းကုန်လှောင်ရုံများတွင် ပိုင်းခြားထားသောဧရိယာများ ဖွဲ့စည်းရာတွင် အများဆုံးတစ်ထပ်သာရှိရမည်။

၁၂။ စစ်ဆေးရန်နှင့်အရေးပေါ်လုပ်ငန်းစဉ်များ လုပ်ဆောင်နိုင်ရန် ထိုဘေးအန္တရာယ်ရှိ ကုန်လှောင်ရုံ/ သိုလှောင်ရုံတို့၏ တည်နေရာပြုပုံကို ရှင်းလင်းထင်ရှားစွာ မြင်နိုင်စေရန် ကုန်လှောင်ရုံပရိဝုဏ်အတွင်းထားရှိရမည်။

၁၃။ မီးငြိမ်းသတ်ရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် မီးသတ်ယာဉ်ရပ်ရန်နေရာထားရှိရမည်။ ကုန်လှောင်ရုံနေရာတစ်ခုလုံး၏ အခန်းထုထည်ပမာဏပေါ်မူတည်၍ မီးသတ်ယာဉ် ရပ်ရန်နေရာ အရှည်သည် အောက်ပါအတိုင်းဖြစ်ရမည်-

ဇယား (၁.၄) ရေဖျန်းစနစ်တပ်ဆင်ထားခြင်းမရှိပါက

ထုထည်ပမာဏ (ကုဗမီတာ)	ထားရှိရမည့်မီးသတ်ယာဉ်ရပ်နားရန်အရည်
< ၇၀၀၀	ပတ်လည်အနား၏ 1/6
< ၁၄၂၀၀	ပတ်လည်အနား၏ 1/4
< ၂၈၄၀၀	ပတ်လည်အနား၏ 1/2
< ၄၂၄၀၀	ပတ်လည်အနား၏ 3/4
> ၄၂၄၀၀	ပတ်လည်အနားအပြည့်

ဇယား (၁.၅) ရေဖျန်းစနစ်တပ်ဆင်ထားပါက

ထုထည်ပမာဏ (ကုဗမီတာ)	ထားရှိရမည့်မီးသတ်ယာဉ်ရပ်နားရန်အရည်
< ၁၄၂၀၀	ပတ်လည်အနား၏ 1/6
< ၂၈၄၀၀	ပတ်လည်အနား၏ 1/4
< ၄၂၄၀၀	ပတ်လည်အနား၏ 1/2
< ၅၆၈၀၀	ပတ်လည်အနား၏ 3/4
> ၅၆၈၀၀	ပတ်လည်အနားအပြည့်

(က) ကုန်လှောင်ရုံအပြင်နံရံတစ်ဖက်သည် အနည်းဆုံးအကျယ် ၂ မီတာရှိသော (မြက်ခင်းပြင်ကဲ့သို့သော) နေရာလွတ်တစ်ခုသို့ တိုက်ရိုက်မျက်နှာမူထားရမည်။ မီးသတ်သမားများ အလွယ်တကူဝင်ထွက် မီးငြိမ်းသတ်နိုင်ရေးအတွက် အပြင်နံရံတစ်လျှောက်ရှိ မီးသတ်သမားသုံးဝင်ထွက်ပေါက်များအနက်တံခါးတစ်ခုသည် မီးသတ်ယာဉ်ပတ်လမ်းသို့မဟုတ် မီးသတ်ယာဉ်ရပ်ရန်နေရာမှ (အမျိုးအစား K1 အတွက်) အများဆုံး ၃၀ မီတာ၊ (အမျိုးအစား K2 အတွက်) အများဆုံး ၁၅မီတာ ကွာဝေးရမည်။

(ခ) K3 နှင့် K4 ပိုင်းခြားထားသောဧရိယာများအတွက် အနည်းဆုံးအပြင်နံရံတစ်ဖက်သည် မီးသတ်ယာဉ်ပတ်လမ်း သို့မဟုတ် မီးသတ်ယာဉ်ရပ်ရန်နေရာသို့ မျက်နှာမူထားရမည်။ မီးသတ်သမားများ အလွယ်တကူဝင်ထွက် မီးငြိမ်းသတ်နိုင်ရေးအတွက် အနည်းဆုံးထွက်ပေါက်သို့ရောက်ရှိနိုင်သောတံခါးနှစ်ခု (တစ်ခုနှင့်တစ်ခု ၁၅ မီတာကွာဝေးသော) အား ထိုအပြင်နံရံတွင် ထားရှိရမည်။

၁၄။ အမျိုးအစား K2, K3 နှင့် K4 ပိုင်းခြားထားသောဧရိယာများအတွက် အတင်အချပြုလုပ်ခြင်းကို ပြင်ပအမိုးပွင့်နေရာတွင်ပြုလုပ်ရမည် (အတင်အချပြုလုပ်သည့်ဧရိယာကိုအမိုးမိုးထားနိုင်သည်)။

၁၅။ K1 အမျိုးအစားပိုင်းခြားထားသောဧရိယာအတွက် အပြင်ဘက်အတင်အချပြုလုပ်သောနေရာ (အမိုးမိုးထားနိုင်သည်)မှ ဝင်ထွက်နိုင်သောတံခါးအထိအကွာအဝေးသည် ရေဖျန်းစနစ်ကာကွယ်ထားခြင်းမရှိသည့် အဆောက်အအုံများအတွက် ၁၀ မီတာ ထက်မပိုရ။ ရေဖျန်းစနစ်ကာကွယ်ထားသည့် အဆောက်အအုံများအတွက် ၁၅ မီတာထက်မပိုရ။ ဘေးအန္တရာယ်ရှိ ပစ္စည်းအမျိုးအစား ၃ အတွက် ဘေးအန္တရာယ်ရှိအရည်များအား ရေဖျန်းစနစ်ကာကွယ်ထားခြင်းမရှိသောနေရာတွင် ၃၀၀၀ လီတာ နှင့် ရေဖျန်းစနစ်ကာကွယ်ထားသောနေရာတွင် ၅၀၀၀ လီတာအထိသာ အများဆုံးသိုလှောင်ထားရှိရမည်။

၁၆။ ဘေးအန္တရာယ်ရှိပစ္စည်းအမျိုးအစား ၄.၁ အား မြေညီထပ်၏ အပေါ်အထပ်တွင် သိုလှောင်ခြင်းအတွက် မီးသတ်ယာဉ်ရပ်ရန်နေရာနှင့် မီးသတ်သမားသုံးဝင်ထွက်ပေါက် (Fireman Access Openings) ကို သိုလှောင်ဧရိယာ၏ အပြင်နံရံတစ်လျှောက်လုံးတွင်ထားရှိရမည်။

၁၇။ ဓာတုပစ္စည်း သိုလှောင်ခြင်းများနှင့်ပတ်သက်၍ ပုဂ္ဂလိက မီးသတ်ရေငုတ်အတွက် ရေပေးပို့မှုနှင့် ရေရရှိမှုများမှာ မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များ၏ အခန်း(၅) ပါ ဇယား ၅.၁ နှင့် ကိုက်ညီရမည်ဖြစ်ပြီး အနည်းဆုံးရေပေးပို့မှုဖိအား ၃.၅ ဘား ရှိရမည်။

၁၈။ ဓာတုပစ္စည်းသိုလှောင်ရုံများ၌ စက်စွမ်းအားသုံးလေဝင်/ လေထွက်စနစ် တပ်ဆင်ထားရှိမှုမှာ အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(က) ဘေးအန္တရာယ်ရှိပစ္စည်း အမျိုးအစား ၃ သိုလှောင်ထားရှိသော ကုန်လှောင်ရုံများအတွက် စက်စွမ်းအားသုံးလေဝင်/ လေထွက်စနစ်များသည် မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာစံချိန်စံညွှန်း သတ်မှတ်ချက်များ၏ အခန်း (၈) နှင့် ကိုက်ညီရမည်ဖြစ်ပြီး မီးခိုးထိန်းချုပ်စနစ်သည် အထွေထွေ ကုန်လှောင်ရုံများအတွက် ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

(ခ) ဘေးအန္တရာယ်ရှိပစ္စည်းအမျိုးအစား ၂ အတွက်လေဝင်/လေထွက်စနစ်သည် NFPA 55 နှင့်ကိုက်ညီရမည်။

(ဂ) စက်စွမ်းအားသုံးလေဝင်/ လေထွက်စနစ်နှင့် မီးခိုးထိန်းချုပ်စနစ်နှစ်ခုစလုံး တစ်ခုနှင့် တစ်ခုထိခိုက်ခြင်းမရှိစေရန် အပြန်အလှန်ချိတ်ဆက်ထားရမည်။

(ဃ) အခိုးအငွေ့များတစ်နေရာတည်းတွင် စုဝေးနေမှုကိုတားဆီးရန်နှင့် အခန်း၏အစိတ်အပိုင်းများအားလုံးသို့ လေများရွှေ့လျားသွားလာနိုင်စေရန် လေဝင်/ လေထွက်စနစ်အား ဒီဇိုင်းပြုလုပ်ထားရမည်။ စက်စွမ်းအားသုံးလေဝင်/ လေထွက်စနစ်အတွက် လျှပ်စီးပတ်လမ်းပြတ်တောက်ခြင်းမရှိစေရေးစီမံထားရမည်။

(င) ဓာတ်ငွေ့များနှင့် အခိုးအငွေ့များ၏ အမျိုးအစားကိုလိုက်၍ လေဝင်ပေါက်များနှင့် လေထုတ်ပေါက်များကို သင့်လျော်စွာနေရာချထားရမည်။

(စ) ဘေးအန္တရာယ်ရှိ ပစ္စည်းသိုလှောင်ဧရိယာအတွက် ထားရှိသည့် လေအေးပေးစနစ်နှင့် စက်စွမ်းအားသုံး လေဝင်/ လေထွက်စနစ်များကို အခြားနေရာများနှင့် မျှဝေသုံးစွဲခြင်း မပြုရ။

၁၉။ ဓာတုပစ္စည်းသိုလှောင်ရုံများ၌ မီးသတ်ဆေးဘူးများ တပ်ဆင်ထားရှိမှုမှာ အောက်ပါအတိုင်း ဖြစ်ရမည်-

(က) မီးသတ်ဆေးဘူးကို မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များ၏ အခန်း(၇)ပါ အချက်များနှင့် အခြားသက်ဆိုင်ရာစံနှုန်းများနှင့် ကိုက်ညီစေရန် ထားရှိရမည်။

(ခ) ဘေးအန္တရာယ်အဆင့် (၂၊၃၊နှင့်၄) ရှိ K2, K3 နှင့် K4 အကန့်ဧရိယာများအတွက် ထားရှိသည့် အခြားနေရာသို့ရွှေ့ပြောင်းသယ်ယူ၍ရသော ၅၀ ကီလိုဂရမ် (အမြုပ် သို့မဟုတ် ဓာတုဗေဒဆေးအမှုန့်) အမျိုးအစားမီးသတ်ဆေးဘူးများထားရှိရမည်။ အဆိုပါမီးသတ်ဆေးဘူးသည် အနည်းဆုံးပစ်အား ၆ မီတာ နှင့်အနည်းဆုံးထုတ်ပေါက်အရှည် ၆ မီတာ ရှိရမည်။ အတင်အချပြုလုပ်သောနေရာ အဝေးဆုံးအမှတ်မှ (မော်တော်ယာဉ် ရပ်နားသည့်နေရာအပါအဝင်) ၅၀ကီလိုဂရမ် မီးသတ်ဆေးဘူးများဆီသို့ သွားရောက်ရမည့် အကွာအဝေးသည် အများဆုံး ၁၅ မီတာ သာရှိရမည်။

(ဂ) K1 အမျိုးအစား အကန့်ဧရိယာအတွက် ၁၀၀ စတုရန်းမီတာထက် ပိုသော ဘေးအန္တရာယ်ရှိ ပစ္စည်းသိုလှောင်ထားရှိရာ နေရာတွင်သာ ရွှေ့ပြောင်းသယ်ယူနိုင်သော မီးသတ်ဆေးဘူးထားရှိရမည်။

၂၀။ ဓာတုဗေဒနှင့် ဆက်စပ်ပစ္စည်း/ဘေးအန္တရာယ်ရှိ ပစ္စည်းကုန် လှောင်ရုံများ၏ထွက်ပေါက်သို့ ပြေးလမ်းကြောင်း အကွာအဝေးသတ်မှတ်ခြင်းသည် မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာစံချိန်စံညွှန်း

သတ်မှတ်ချက်များ၏ ဘေးအန္တရာယ်မြင့်မားသော အသုံးပြုမှုဆိုင်ရာ အခန်း(၃)ပါ ဇယား ၃.၅ နှင့် ကိုက်ညီရမည်။ ရေဖျန်းစနစ်ကာကွယ်ထားခြင်းမရှိသော အဆောက်အအုံများအတွက် ထွက်ပေါက် သို့ပြေးလမ်းကြောင်းအကွာအဝေးသည် တစ်လမ်းသွားလမ်းကြောင်းအတွက် ၁၀မီတာ/နှစ်လမ်းသွား လမ်းကြောင်းအတွက် ၂၀မီတာဖြစ်ပြီး ရေဖျန်းစနစ်ဖြင့်ကာကွယ်ထားသော အဆောက်အအုံအတွက် ပြေးလမ်းကြောင်း အကွာအဝေးသည် တစ်လမ်းသွားလမ်းကြောင်းအတွက် ၂၀မီတာ/ နှစ်လမ်းသွား လမ်းကြောင်းအတွက် ၃၅ မီတာ ဖြစ်သည်။

၂၁။ ထွက်ပေါက်နှင့် ဝင်ထွက်နိုင်သော တံခါးများအားလုံးတွင် သင့်လျော်သော ဘေးအန္တရာယ် သတိပေးသင်္ကေတများအား တံခါးများ၏ အတွင်းအပြင်နှစ်ဖက်လုံးတွင်ထားရှိရမည်။

၂၂။ ဓာတုဗေဒနှင့်ဆက်စပ်ပစ္စည်း/ ဘေးအန္တရာယ်ရှိပစ္စည်း ကုန်လှောင်ရုံများသည် အောက်ပါ စံနှုန်းများ၊ မီးဘေးလုံခြုံရေးဆိုင်ရာပြဋ္ဌာန်းချက်များနှင့်ကိုက်ညီရမည်-

(က) အခန်း(၇)-လျှပ်စစ်ဓာတ်အားသုံးမီးလှန့်အချက်ပေးစနစ်များတပ်ဆင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ လိုက်နာရမည့်ပြဋ္ဌာန်းချက်များ။

(ခ) အခန်း(၅)-မီးသတ်ရေငုတ်စနစ်များ နှင့် အရေးပေါ်ရေပက်ပိုက်လိပ်ခွေများဆိုင်ရာ လိုက်နာရမည့်ပြဋ္ဌာန်းချက်များ။

(ဂ) အခန်း(၇)-အလိုအလျောက်ရေဖျန်းစနစ်ဆိုင်ရာ လိုက်နာရမည့်ပြဋ္ဌာန်းချက်များ။

(ဃ) အခန်း(၇)-အပေါ့စားမီးသတ်ဆေးဘူးများအသုံးပြုခြင်း နှင့် ထိန်းသိမ်းခြင်းဆိုင်ရာ လိုက်နာရမည့်ပြဋ္ဌာန်းချက်များ။

(င) SS 98-ပစ္စည်းများဘေးကင်းလုံခြုံရေး အချက်အလက်များပြင်ဆင်ခြင်း နှင့် အသုံးပြုခြင်း။

(စ) SS 254-ပေါက်ကွဲစေတတ်သောဓာတ်ငွေ့လွှာအတွက်လျှပ်စစ်ပစ္စည်းများ။

(ဆ) SS 286-ဘေးအန္တရာယ်ရှိပစ္စည်းများအတွက် အမျိုးအစားခွဲခြားခြင်းနှင့် အမျိုးအစား အညွှန်းများ။

(ဇ) SS 532-မီးတောက်တတ်ပြီး မီးလောင်လွယ်သောအရည်များ သိုလှောင်သိမ်းဆည်းခြင်း။

(စျ) NFPA 16 A-အမြှုပ်ရေဖျန်းစနစ်။

(ည) NFPA45-ဓာတုဗေဒနှင့်ဆက်စပ်ပစ္စည်းများ အသုံးပြုသောဓာတ်ခွဲခန်းများအတွက် မီးဘေးအန္တရာယ်ကာကွယ်ရေးစနစ်။

(ဋ) NFPA 55-ဖိသိပ်ထားသောဓာတ်ငွေ့များနှင့်အအေးလွန်အရည်များ။

(ဌ) NFPA 70- လျှပ်စစ်ဆိုင်ရာပြဋ္ဌာန်းချက်။

(ဍ) NFPA 430 - ဓာတ်တိုးစေနိုင်သော အရည်နှင့်အစိုင်အခဲများ။

(ဎ) NFPA432- အော်ဂဲနစ်ပါအောက်ဆိုဒ်များသိုလှောင်ထားရှိခြင်း။

(ဏ) NFPA 495- ပေါက်ကွဲစေတတ်သောပစ္စည်းများဆိုင်ရာပြဋ္ဌာန်းချက်။

(တ) NFPA 704 - ဘေးအန္တရာယ်ရှိပစ္စည်းများကို သတ်မှတ်ခြင်း။

(ထ) AS 2714-ဘေးအန္တရာယ်ရှိသောဓာတုဗေဒနှင့် ဆက်စပ်ပစ္စည်းများသိုလှောင်သိမ်းဆည်းခြင်းနှင့်ကိုင်တွယ်ခြင်း။ (အမျိုးအစား ၅.၂ ပစ္စည်း (အော်ဂဲနစ်ပါရောက်ဆိုဒ်))

(ဒ) AS 4326- အောက်ဆီဂျင်နှင့် ဓာတ်ပြုသော (ဓာတ်တိုးတတ်သော) ပစ္စည်းများကို သိုလှောင်သိမ်းဆည်းခြင်းနှင့်ကိုင်တွယ်ခြင်း။

ဇယား (၁.၆) Hazard Grade Classification

Hazard Classification		Hazard Grade				
		4	3	2	1	0
Liquids	Class3	Category I & 2 Flash point <23°C	Category 3 Flash point 23-60°C	Category 3 Flash point Between 60-150°C	Flash point >150°C	Only burns with supporting fire
Solid Materials	Class4	Ignities very easily and burns rapidly	Ignities and burns rapidly	Readily combustible	Moderately combustible	Combustible only with supporting fire
Oxidizing Agent	Class5.1	Class4 Vary strong oxidizing agent(may classified under explosive substance)	Class3 Strong oxidizing agent	Class2 Weak oxidizing agent	-	-
Oxidizing Peroxide	Class5.2	Class I	Class II	Class III	Class IV	Class V

မှတ်ချက်။ (၁) မီးတောက်နိုင်သောဓာတ်ငွေ့များ (အမျိုးအစား ၂)အတွက်၊ LFL သို့မဟုတ် LELသည် ၁၃% ပိုနည်းသည် သို့မဟုတ် မီးတောက်နိုင်သောအတိုင်းအတာသည် ၁၂% ထက်ပိုသည်။

(၂) ဘေးအန္တရာယ်အဆင့်အသီးသီးကို ခွဲခြားသတ်မှတ်ခြင်းသည် နိုင်ငံတကာစံနှုန်းများဖြစ်သော ISO, UN or GHS (ဓာတုပစ္စည်းများကို အမျိုးအစားသတ်မှတ်ခြင်းနှင့် အညွှန်းရေးထိုးခြင်းအတွက်ကမ္ဘာလုံးဆိုင်ရာ သဟဇာတဖြစ်ရေးစနစ်) စသည်တို့အပေါ်မူတည်၍ ပြောင်းလဲနိုင်သည်။

ဇယား (၁.၇) Maximum Allowable Quantities (MAQ) in Laboratory for Liquid

Lab Unit	Excluding Qty in Cabinet	Including Qty in Cabinet
	Max Qty (L,litres per Lab Unit floor area)	Max Qty (L,litres per Lab Unit floor area)
Laboratory	(i) 50L or (ii) 1.6L/m^2 and not more than 350L {500L} Should portion of liquid stored/ used is cat 1&2, it shall be limited to (i) 20L or (ii) 0.8L/m^2 and not more than 250L {350L}	(i) - (ii) 3.2L/m^2 and not more than 750L {1000L} Should portion of liquid stored/ used is cat 1&2, it shall be limited to (i) - (ii) 1.6L/m^2 and not more than 500L {750L}
Laboratory (in hospital and health care occupancy)	(i) 10L or (ii) 0.4L/m^2 and not more than 150L (250L) Should portion of liquid stored/ used is cat 1&2, it shall be limited to (i) 5L or (ii) 0.4L/m^2 and not more than 150L (250L)	(i) - (ii) 0.8L/m^2 and not more than 250L {500L} Should portion of liquid stored/ used is cat 1&2, it shall be limited to (i) - (ii) 0.8L/m^2 and not more than 250L {500L}

မှတ်ချက်။ (၁) ဓာတ်ခွဲခန်းယူနစ်ကိုမီးတားအကန့်ဖြင့်သာပိုင်းခြားရမည်။

(၂) စည်းရိုးခတ်အခန်းတစ်ခုစီသည် အများဆုံး ၂၅၀ လီတာအထိသာ ကန့်သတ်ထားဆဲဖြစ်သည်။

(၃) { }သည် ရေဖျန်းကာကွယ်ရေးစနစ်ပါရှိသော အဆောက်အအုံများတွင် ခွင့်ပြုနိုင်သော အများဆုံးပမာဏကို ရည်ညွှန်းသည်။

(၄) ဓာတ်ခွဲခန်းကိုင်တွယ်သူများကို ခုံတန်းပေါ်တွင် မီးတောက်နိုင်သော အရည်ပမာဏတတ်နိုင်သမျှ အနည်းဆုံးထားရှိရန်နှင့်ထပ်မံအသုံးပြုရန်မလိုအပ်လျှင် ထိုအရည်များကို စည်းရိုးခတ်အခန်းအတွင်း ပြန်လည်သိုလှောင်ထားရှိရန် အကြံပြုထားသည်။ ဓာတ်ခွဲခန်းယူနစ်တစ်ခုပေါ်တွင်ရှိနေသော ထိုအရည်ပမာဏနှင့် အခိုးအငွေ့ စည်းရိုးခတ်အခန်းများသည် ခွင့်ပြုထားသောစုစုပေါင်းသိုလှောင်ပမာဏ၏ ၁၀% ထက်မပိုရ။

ဇယား (၁.၈) Maximum Allowable Quantities (MAQ) in Laboratory for Gases

Item	Types of Gases	MAQ (L,litres per Lab Work Floor Area with sprinkler protection)
1	Flammable gases	(i) 170 L or (ii) 3.4 L/m^2 per cluster
2	Oxidizing gases	(i) 170 L or (ii) 3.4 L/m^2 per cluster
3	Liquefied flammable gases	(i) 30 L or (ii) 0.6 L/m^2 per cluster
4	Toxic gases	(i) 8 L or (ii) 0.16 L/m^2 per cluster

မှတ်ချက်။ (၁) ထုထည်လီတာ (L) သည် ဓာတ်ငွေ့အိုးထဲရှိ အတွင်းပိုင်းထုထည် (ရေဝင်ဆုံနိုင်မှု)ကို ဆိုလိုသည်။

(၂) ဓာတ်ခွဲခန်းဇရိယာသည် သီးခြားမီးတားအကန့်များ မလိုအပ်သော်လည်း ဓာတ်ခွဲခန်းယူနစ်တစ်ခုအတွင်းတွင်ရှိရမည်။

(၃) အထက်ဖော်ပြပါဇယားရှိ အမျိုးအစား (၁ မှ ၃) အထိ ရေဖျန်းစနစ်ကာကွယ်ထားခြင်းမရှိသော အဆောက်အအုံများတွင် အများဆုံးခွင့်ပြုနိုင်သောပမာဏသည် တစ်ဝက်ဖြစ်ရမည်။

(၄) အထက်ဖော်ပြပါဇယားရှိအမျိုးအစား (၁ မှ ၄) အထိကို အစုတစ်ခုတည်းတွင် ထားရှိနိုင်ပြီး အစုတစ်ခုစီကို အနည်းဆုံး ၃ မီတာ ခြားထားနိုင်သည်။ (ရေဖျန်းစနစ်ကာကွယ်ထားခြင်းမရှိသောအဆောက်အအုံများတွင် ၆ မီတာ)

(၅) ရေဖျန်းစနစ်ထားရှိခြင်းကို Ordinary Hazard Group 3 အခန်း (၇) အရ ဒီဇိုင်းပြုလုပ်ထားရမည်။

(၆) ဓာတ်ငွေ့အိုးများမှ ၃ မီတာ အကွာအဝေးအတွင်း မီးလောင်လွယ်သောပစ္စည်းများ မထားရှိရ။

(၇) ဓာတ်ငွေ့အိုးများမှ ဖိမီတာအကွာအဝေးအတွင်းမီးတောက်နိုင်သော သို့မဟုတ် မီးလောင်လွယ်သောအရည်များမထားရှိရ။

(၈) ဓာတ်ခွဲခန်းများအတွက် အသုံးပြုသော လေအေးပေးစနစ်နှင့် စက်စွမ်းအားသုံး လေဝင်/ လေထွက်စနစ်ကို အခြားနေထိုင်အသုံးပြုသော နေရာများအတွက် မျှဝေအသုံးမပြုရ။ LPG ဆလင်ဒါများအား ဓါတ်ခွဲခန်းယူနစ်တစ်ခုစီတွင် ၄.၅ ကီလိုဂရမ်ဆလင်ဒါနှစ်လုံးသာထားရှိရမည်။

နောက်ဆက်တွဲ (၂)
အထွေထွေကုန်လှောင်ရုံများဆိုင်ရာ မီးဘေးအန္တရာယ်ကင်းရှင်းစေရေး ပြဋ္ဌာန်းချက်များ

၁။ တစ်ဦးပိုင် သို့မဟုတ် အများပိုင်တစ်ထပ်ကုန်လှောင်ရုံများ၊ မြေအောက်ကုန်လှောင်ရုံများ၊ အထပ်များစွာပါရှိသော ကုန်လှောင်ရုံများ၊ မြေအောက်ထပ်ပါရှိသော/ မပါရှိသော ကုန်လှောင်ရုံများ၊ စက်မှုလက်မှုလုပ်ငန်းများမလုပ်ကိုင်သည့် အဆောက်အအုံများအတွင်းရှိကုန်လှောင်ရုံများအပါအဝင် အထွေထွေကုန်လှောင်ရုံများအတွက် မီးဘေးလုံခြုံရေးဆိုင်ရာပြဋ္ဌာန်းချက်များဖြစ်သည်။

၂။ အမျိုးမျိုးသောကုန်စည်များနှင့် ပစ္စည်းများသိုလှောင်ထားရှိခြင်းအတွက် အသုံးပြုသောနေရာကို အထွေထွေကုန်လှောင်ရုံအဖြစ်သတ်မှတ်သည်။ ဓာတုဗေဒပစ္စည်းကုန်လှောင်ရုံများ၊ လတ်ဆတ်သော/ ပုပ်သိုးလွယ်သော (အအေးခန်း) အစားအစာများထားရှိသည့် ကုန်လှောင်ရုံများလည်း ပါဝင်သည်။ ကုန်တိုက်များ၊ စူပါမားကက်များနှင့် (ရေဖျန်းစနစ်ဖြင့်ကာကွယ်ထားပါက) အမြင့် ၄ မီတာထက်ပိုသော သိုလှောင်ထားရှိမှု သို့မဟုတ် (ရေဖျန်းစနစ်ဖြင့်ကာကွယ်မထားပါက) အမြင့် ၂.၅ မီတာထက်ပိုသော သိုလှောင်ထားရှိမှုများအား အုပ်စု(၅)အမျိုးအစားအောက်ရှိ(လက်လီအရောင်းဆိုင်များ) အဖြစ်သတ်မှတ်ပြီး မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီစေရန်ဆောင်ရွက်ထားရှိရမည်။ သိုလှောင်ထားရှိမှုကြမ်းခင်းဧရိယာသည် ၁၀၀စတုရန်းမီတာထက် ပိုပါက အုပ်စု(၈)အမျိုးအစားအဆောက်အအုံ (ကုန်လှောင်ရုံ) အဖြစ်သတ်မှတ်ပြီး ဤနောက်ဆက်တွဲ (၂)ပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီစေရန် ဆောင်ရွက်ထားရှိရမည်။

၃။ အထွေထွေကုန်လှောင်ရုံများအတွက် အကန့်ကန့်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အကန့်အရွယ်အစားသည် မီးဘေးကာကွယ်ရေးအမျိုးအစားနှင့် ကုန်လှောင်ရုံတည်ရှိမှုအပေါ်မူတည်၍ ဤနောက်ဆက်တွဲ (၂)ပါ ပြဋ္ဌာန်းချက်၏ ဇယား(၂.၁) တွင်ဖော်ပြထားသည့် ခွင့်ပြုနိုင်သော အများဆုံးပမာဏထက်မပိုရ။

(ခ) အရွယ်အစားကန့်သတ်ချက်နှင့်စပ်လျဉ်း၍ အကန့်ဧရိယာသတ်မှတ်ရာတွင် မီးဒဏ်ခံနိုင်ရည်ရှိသော ယင်းလိပ်တံခါးအားအသုံးပြုနိုင်သည်။ အဆိုပါယင်းလိပ်တံခါးအလုပ်လုပ်ရန်အတွက် သီးခြားမီးခိုးအာရုံခံကိရိယာ တပ်ဆင်ထားရမည့်အပြင် အဆောက်အအုံ၌ တပ်ဆင်ထားသည့် အလိုအလျောက် မီးလှန့်အချက်ပေးစနစ်နှင့်လည်း ချိတ်ဆက်ထားရမည်။

(ဂ) ကုန်လှောင်ရုံနှင့် အတင်/ အချပြုလုပ်သော နေရာများအကြားတွင် အောက်ပါနေရာများမှအပ (မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များ၏ အပိုဒ် ၁၆ ပါ ပြဋ္ဌာန်းချက်များအရ) ပိုင်းခြားထားရမည်-

(၁) တစ်ဦးပိုင်တစ်ထပ်သိုလှောင်ရုံ သို့မဟုတ် တစ်ထပ်လျှင် တစ်ဦးနှုန်းပိုင်ဆိုင်သည့် အထပ်များစွာပါရှိသောသိုလှောင်ရုံဖြစ်ပြီး အတင်/ အချပြုလုပ်သည့် နေရာသည် ပြင်ပနေရာနှင့်ထိစပ်နေသော နေရာ။

(၂) ပြင်ပနှင့်ထိစပ်နေပြီး ၃ မီတာ ထက်မပိုသော အမိုးရှိသည့် အတင်အချပြုလုပ်သောနေရာ။

(၃) အတင်အချ ပြုလုပ်သည့်နေရာနှင့် ပစ္စည်းသိုလှောင်သည့် ကုန်လှောင်ရုံကြားတွင် မျက်နှာကြက်မှအနည်းဆုံး ၁ မီတာ အမြင့်ရှိသည့် မီးတားနံရံထားရှိရမည်။ (မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များ၏ အပိုဒ် ၁၇(က)(၂)မှအပ)

(ဃ) သိုလှောင်ရုံဧရိယာနှင့် သီးခြားအကန့်ကန့်ထားမှုမရှိခြင်း၊ ကုန်တင်/ ကုန်ချနေရာနှင့် ယာဉ်အဝင်အထွက် လမ်းကြောင်းများအပါအဝင် သိုလှောင်ရုံဧရိယာတစ်ခုလုံးအား အလိုအလျောက် ရေဖျန်းစနစ်၊ မီးခိုးထိန်းချုပ်စနစ်များ တပ်ဆင်ထားခြင်းမရှိပါက ဇယား(၂.၁) တွင်ဖော်ပြထားသော အကန့်အရွယ်အစားသတ်မှတ်ချက်သည်ကုန်တင်/ ချနေရာများအတွက်ပါ အကျုံးဝင်သည်။ ဤအပိုဒ်ခွဲသည် ပြင်ပနှင့်ထိစပ်နေပြီး ၃ မီတာထက်မပိုသောအမိုးရှိသည့် အတင်အချပြုလုပ်သောနေရာရှိသည့် ကုန်လှောင်ရုံများအတွက် အသုံးမပြုနိုင်ပါ။

၄။ အထွေထွေကုန်လှောင်ရုံများအတွက် အလိုအလျောက်ရေဖျန်းစနစ် တပ်ဆင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကုန်လှောင်ရုံ၏ အကန့်ဧရိယာအရွယ်အစားသည် ဤနောက်ဆက်တွဲပါ ဇယား (၂.၁) တွင် ဖော်ပြထားသည့်ခွင့်ပြုနိုင်သော အများဆုံးပမာဏထက်ပိုပါက အလိုအလျောက်ရေဖျန်းစနစ်ကိုတပ်ဆင်ရမည်။

(ခ) ရေဖျန်းစနစ်၏ကာကွယ်နိုင်မှုအားအဝင်အထွက်ပြုလုပ်နိုင်ပြီး မြင့်မားသောသိုလှောင်စင်များ ထားရှိရာနေရာများအထိ တိုးချဲ့ထားရမည်။ အဆိုပါသိုလှောင်စင်များသည်

ကုန်လှောင်ရုံအဆောက်အအုံ အစိတ်အပိုင်းများကဲ့သို့ တူညီသည့်မီးဒဏ်ခံနိုင်ရည်ရှိရမည်။

၅။ အထွေထွေကုန်လှောင်ရုံများအတွက် သိုလှောင်နိုင်သည့်အမြင့် ထိန်းချုပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခွင့်ပြုနိုင်သော အများဆုံးသိုလှောင်နိုင်သည့်အမြင့်ကို ထိန်းချုပ်ရန်နှင့် အခန်း(၇)နှင့် အညီတပ်ဆင်ထားသည့် ရေဖျန်းပိုက်ခေါင်းများ၏အောက်ဘက်တွင် အနည်းဆုံးလုံလောက်သည့်နေရာလွတ်ထားရှိစေခြင်းအား ထိန်းသိမ်းနိုင်ရန်အတွက်(ပစ္စည်းအတင်အချပြုလုပ်ရာနေရာအပါအဝင်) ကုန်လှောင်ရုံ၏ နံရံများပေါ်တွင် အမှတ်အသားများ ထားရှိရမည်။

(ခ) နံရံတစ်လျှောက်တွင် ၅၀ မီလီမီတာအကျယ်ရှိသော အနီရောင်မျဉ်းဖြင့် "ဤမျဉ်း ထက်ကျော်လွန်၍ ပစ္စည်းမထားရှိရ" ဟု ရေးသားထားသော အမှတ်အသားနှင့်အတူ ရေးဆွဲထားရမည်။ မျဉ်းတစ်လျှောက်တွင်ထားရှိသော အမှတ်အသားသည်တစ်ခုနှင့် တစ်ခု ၃၀ မီတာ ထက်ပိုမ၍မဝေးရ။

(ဂ) အမှတ်အသားရှိစာလုံးများသည် ၁၀၀ မီလီမီတာထက် မသေးရ။

(ဃ) သိုလှောင်နိုင်သည့် အမြင့်သတ်မှတ်ချက်များကိုမြင်သာအောင် ဖော်ပြထားရမည်။

(c) ရေဖျန်းစနစ်မပါရှိသော ကုန်လှောင်ရုံများအတွက် သိုလှောင်ခန်း၏ အမြင့်ကန့်သတ်ချက်မှာ ၂.၅ မီတာ ဖြစ်သည်။

၆။ မီးခိုးထိန်းချုပ်ခြင်း ပြဋ္ဌာန်းချက်များသည် မီးခိုးထုတ်ပေါက်ဖြင့်သော်လည်းကောင်း၊ မီးခိုးရှင်းစနစ် သို့မဟုတ် အင်ဂျင်နီယာမီးခိုးထိန်းချုပ်စနစ်ဖြင့်သော်လည်းကောင်း၊မီးတားအကန့်အရွယ်အစားနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေးစနစ် အမျိုးအစားအပေါ်မူတည်၍ ဤနောက်ဆက်တွဲပါ ဇယား (၂.၂) နှင့် ကိုက်ညီရမည်။

၇။ အထွေထွေကုန်လှောင်ရုံများအတွက် မီးခိုးထုတ်ပေါက်များ တပ်ဆင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မီးခိုးထုတ်ပေါက်များသည် အမြဲတမ်း အပွင့်အနေအထားတွင် ရှိရမည်ဖြစ်ပြီး ၄င်းအပေါက်များသည် ဇယား(၂.၂) သို့မဟုတ် ဇယား (၂.၅) နှင့်ကိုက်ညီရမည်။ မှန်ပေါက်

များ သို့မဟုတ် မှန်ကွက်များ အလိုအလျောက်အလုပ်လုပ်စေရန် ဒီဇိုင်းပြုလုပ်မထား ပါက ၄င်းတို့ကိုမီးခိုးထုတ်ပေါက်များအဖြစ် ထည့်သွင်းမစဉ်းစားရ။

(ခ) ဒေါင်လိုက်မီးခိုးထုတ်ပေါက်သည် အနည်းဆုံး အလျား ၄၀၀ မီလီမီတာ၊ အမြင့် ၆၀၀ မီလီမီတာရှိရမည်ဖြစ်ပြီး အမိုး သို့မဟုတ် မျက်နှာကြက်များတွင် တပ်ဆင်ထားသည့် ရေပြင်ညီမီးခိုးထုတ်ပေါက်များသည် ၀.၂၅ စတုရန်းမီတာ ရှိရမည်။

(ဂ) ကုန်လှောင်ရုံ၏ မည်သည့်နေရာမှမဆို ဒေါင်လိုက်မီးခိုး ထုတ်ပေါက် သို့မဟုတ် ရေ ပြင်ညီမီးခိုး ထုတ်ပေါက်မှ အလျားလိုက်တိုင်းထွာလျှင် ၉ယား (၂.၂) သို့မဟုတ် ၉ယား (၂.၅) အရ သတ်မှတ်ထားသော အကွာအဝေးထက်ပိုမဝေးရ။

(ဃ) မီးခိုးထုတ်ပေါက်အားလုံးသည် ကုန်လှောင်ရုံ၏ ပတ်လည်နံရံတစ်လျှောက် အတား အဆီးမရှိသော အမြင့်ဆုံးနေရာတွင် ရှိရမည်။

၈။ ကုန်လှောင်ရုံအား ရေဖျန်းစနစ်ဖြင့်ကာကွယ်ထားရှိပါက မီးခိုးထုတ်ပေါက်များအစားမီးခိုးရှင်း စနစ် တပ်ဆင်ခွင့်ပြုသည်။ အဆိုပါ မီးခိုးရှင်းစနစ်သည် မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန် စံညွှန်း သတ်မှတ်ချက်များပါ အခန်း (၈)၊ အပိုဒ် ၇၅ နှင့် ကိုက်ညီရမည်။

၉။ ပိုင်းခြားထားသော ကြမ်းခင်းဧရိယာသည် မြေပေါ်ကုန်လှောင်ရုံအတွက် ၅၀၀၀ စတုရန်း မီတာ သို့မဟုတ် မြေအောက်ကုန်လှောင်ရုံအတွက် ၂၀၀၀ စတုရန်းမီတာထက်ပိုလျှင် (အင်ဂျင်နီ ယာ) မီးခိုးထိန်းချုပ်စနစ်တပ်ဆင်ထားရှိရမည်။ ၄င်းစနစ်အား မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များပါ ပြဋ္ဌာန်းချက်နှင့်အညီ ဒီဇိုင်း ပြုလုပ်တပ်ဆင်ရမည်။

၁၀။ အထွေထွေကုန်လှောင်ရုံများတွင် မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ် ချက်များပါ အခန်း(၇)နှင့်အညီ မီးသတ်ဆေးဘူးများကို ထားရှိရမည်။

၁၁။ လွတ်မြောက်ရာလမ်းကြောင်း၊ အဆောက်အအုံတည်ဆောက်မှုဆိုင်ရာ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်း၊ အဆောက်အအုံပြင်ပမှ မီးငြိမ်းသတ်ရေးဆိုင်ရာ အစီအမံများ နေရာချထား ခြင်း၊ မီးသတ်ရေတင်ပိုက်များ၊ အရေးပေါ်ရေပက်ပိုက်လိပ်ခွေစနစ်၊ လျှပ်စစ်မီးလှန့်အချက်ပေး ကိရိ ယာ၊ ထွက်ပေါက်အလင်းပေးခြင်း၊ ထွက်ပေါက်ပြသကေ်တများ၊ အရေးပေါ်အသံဖြင့်ဆက်သွယ်ရေး စနစ်၊ မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်း၊ မီးသတ်သမားသုံးဓာတ်လှေကားနှင့် အရေးပေါ်လျှပ်စစ်ဓာတ် အားပေးပို့မှုစနစ်စသည့် မီးဘေးလုံခြုံရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို မြန်မာနိုင်ငံ မီးဘေးလုံခြုံရေး ဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များပါ ပြဋ္ဌာန်းချက်အတိုင်းထားရှိရမည်။

ဇယား (၂.၁) Compartment Size & Storage Height for General Warehouse

Location of Warehouse	Item	With Sprinkler Protection	Without Sprinkler Protection*	
		Storage Hazard	Storage Hazard	
		All	Normal	High
Single storey warehouse	Max;Floor Area per Compartment	12000 m^2	3000 m^2	2000 m^2
	Max;Cubical Extent per compertment	NC	12000 m^3	7500 m^3
	Max;Storage Height	18 m	*Ref Table 21(A)&(B) of CP 52	12 m
Warehouse located on 1* storey of multi-storey warehouse	Max;Floor Area per Compartment	12000 m^2	3000 m^2	2000 m^2
	Max;Cubical Extent per compertment	NC	12000 m^3	7500 m^3
	Max;Storage Height	15 m	*Ref Table 21(A)&(B) of CP 52	12 m
Multi-storey warehouse with vehicle ramp(min, loading 24 tons with dry rising mains)	Max;Floor Area per Com- partment	9000 m^2	3000 m^2	2000 m^2
	Max;Cubical Extent per com pertment	NC	12000 m^3	7500 m^3
	Max;Storage Height	15 m	*Ref Table 21(A)&(B) of CP 52	12 m
Multi-storey warehouse without vehicular ramp	Max;Floor Area per Compart -ment	6000 m^2	3000 m^2	2000 m^2
	Max;Cubical Extent per compertment	NC	12000 m^3	7500 m^3
	Max;Storage Height	15 m	*Ref Table 21(A)&(B) of CP 52	12 m
Warehouse located in basement	Max;Floor Area per Compartment	3000 m^2	NP	NP
	Max;Cubical Extent per com partment	12000 m^3	NP	NP
	Max;Storage Height	12 m	NP	NP

ဇယား (၂.၂) Smoke Control Requirements for General Warehouse

Location of Warehouse	Compartment Size	Provision of Sprinkler System	Smoke Control Requirement
Above ground level	<= 100m^2	No	NR
	>100m^2 and <= 400m^2	No	[a]Smoke vent (min % openings follow Table 2A)
	>400m^2 to size limit of Table1	No	[b]Smoke vent (20% /12m)
	<= 700m^2	Yes	NR
	>700m^2 and <= 5000m^2	Yes	[c]Smoke vent or [+]purging system
	> 5000 m^2	Yes	Engineered smoke control system
Below ground level (*Basement)	<= 2000m^2	Yes	[c]Smoke vent or [+]purging system
	>2000m^2	Yes	Engineered smoke control system

ဇယား (၂.၃) [Extract from Table 21(A) of CP52]

Category of storage	Overall stack height (m)	
	Non-encapsulated storage	Encapsulated storage
1	4.0	3.00
2	3.0	2.25
3	2.1	1.60
4	1.2	0.90
The term “store” or “storage” includes the warehousing or the temporary depositing of goods or materials while undergoing process		

ဇယား (၂.၄) [Extract from Table 21(B) of CP52]

Category of storage	Overall stack height (m)	
	Non-encapsulated storage	Encapsulated storage
1	3.5	2.7
2	2.6	2.0
3	1.7	1.3
4	1.2	0.9
The term “store” or “storage” includes the warehousing or the temporary depositing of goods or materials while undergoing process		

ဇယား (၂.၅) (Smoke vent requirements for non-sprinkler protected building)

Min opening of smoke vent based on the floor area	No area in the warehouse shall be more than the following distance measured horizontally away from any veticle or horizontal smoke vent
2.5%	12 m
5.0%	15 m
10.0%	18 m
15.0%	21 m
20.0%	24 m

နောက်ဆက်တွဲ (၃)
စက်ယန္တရားအဓိကအသုံးပြုသောမော်တော်ယာဉ်ရပ်နားသည့်နေရာအတွက် မီးဘေးလုံခြုံရေးပြဋ္ဌာန်းချက်

၁။ ဤနောက်ဆက်တွဲ၏ရည်ရွယ်ချက်မှာ စက်ယန္တရားကိုအဓိကအသုံးပြု၍ မော်တော်ယာဉ် ရပ်နားသည့်နေရာအတွက်ဖြစ်ပြီး အသိအမှတ်ပြုလက်မှတ် ရရှိထားသောပုဂ္ဂိုလ်မှ မီးဘေးလုံခြုံရေးအစီအမံများ ဒီဇိုင်းရေးဆွဲခြင်း၊ တည်ဆောက်ခြင်း၊ ကာကွယ်ရေးစနစ်များတပ်ဆင်ခြင်း၊ တည်နေရာဖော်ပြခြင်း၊ အစီအစဉ်ချခြင်းတို့ ပြုလုပ်ရာတွင် အထောက်အကူပြုရန်ဖြစ်သည်။

၂။ စက်ယန္တရားကို အဓိကအသုံးပြု၍ မော်တော်ယာဉ်ရပ်နားသည့်နေရာဆိုသည်မှာ မော်တော်ယာဉ်အား ဝင်ပေါက်နေရာမှရပ်နားသည့်နေရာသို့ အသွားအပြန်ရွှေ့ပြောင်းခြင်းကို အလိုအလျောက်စက်များအသုံးပြု၍ လူစီးမော်တော်ယာဉ်များ ရပ်နားသိမ်းဆည်းရန် ရည်ရွယ်ထားသော အဆောက်အအုံတစ်ခု သို့မဟုတ် အဆောက်အအုံ၏တစိတ်အပိုင်းတစ်ခုဖြစ်သည်။ မော်တော်ယာဉ်ရပ်နားသည့်နေရာကို ထိန်းသိမ်းရေးပြုလုပ်ရာတွင် လေ့ကျင့်သင်ကြားထားသောဝန်ထမ်းများကသာ ဝင်ထွက်ခွင့်ရှိသည်။ ထိန်းသိမ်းမှုလုပ်ငန်းများပြုလုပ်နေစဉ်အတွင်းမော်တော်ယာဉ်ရပ်နားသည့်စနစ်အားရပ်တန့်ထားရမည်ဖြစ်သည်။

၃။ မော်တော်ယာဉ်ရပ်နားရန်နေရာ၏ အမြင့်ဆိုသည်မှာ အဆောက်အအုံပြင်ပနံရံ၏ မြေပြင်နှင့် ထိစပ်နေသောနေရာမှ မော်တော်ယာဉ်ရပ်နားနိုင်သည့် အမြင့်ဆုံး သို့မဟုတ် အနိမ့်ဆုံး အထပ်ထိတိုင်းတာရရှိသည့်အမြင့်ဖြစ်သည်။

၄။ မော်တော်ယာဉ်ရပ်နားရန်နေရာ အမျိုးအစားအားလုံးအတွက် အခန်း၏ထုထည်ပမာဏအားတွက်ချက်ရာတွင် မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များတွင် ဖော်ပြထားသည့် အဆောက်အအုံ၏အမြင့်ကို အသုံးပြုရမည်။

၅။ စက်ယန္တရားကို အဓိကအသုံးပြု၍ မော်တော်ယာဉ်ရပ်နားသည့် နေရာများအားလုံးသည် အောက်ပါစံနှုန်းများနှင့် စည်းမျဉ်းများကို လိုက်နာရမည်။

(က) SSEN 3-အပေါ့စားမီးသတ်ဆေးဘူးများအတွက် အသေးစိတ်ဖော်ပြချက်များ။

(ခ) အခန်း(ဖ)-လျှပ်စစ်လူစီးဓာတ်လှေကားနှင့် ကုန်ပစ္စည်းတင်ဓာတ်လှေကားများ တပ်ဆင်မှု၊ မောင်းနှင်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုများဆိုင်ရာ လိုက်နာကျင့်သုံးရမည့် ပြဋ္ဌာန်းချက်များ။

(ဂ) အခန်း(၆)-လျှပ်စစ်ဓာတ်အားပေးပို့မှု။

(ဃ) အခန်း(၇)-လျှပ်စစ်မီးလှန့်အချက်ပေးစနစ်များ တပ်ဆင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ လိုက်နာကျင့်သုံးရမည့် ပြဋ္ဌာန်းချက်များ။

(c) အခန်း(၈)-အဆောက်အအုံရှိ စက်စွမ်းအားသုံးလေဝင်/ လေထွက်စနစ်နှင့် လေအေးပေးစနစ်များဆိုင်ရာ လိုက်နာကျင့်သုံးရမည့် ပြဋ္ဌာန်းချက်များ။

(စ) အခန်း(၉)-အဆောက်အအုံရှိ အရေးပေါ်ထွက်ခွာရန် အလင်းပေးခြင်းနှင့် အရေးပေါ်လျှပ်စစ်ဓာတ်အားစနစ်များ တပ်ဆင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း။

(ဆ) အခန်း(၉)-အဆောက်အအုံရှိ အရေးပေါ်အသံဖြင့်ဆက်သွယ်ရေးစနစ်။

(ဇ) အခန်း(၇)-မီးသတ်ရေငုတ်နှင့် အရေးပေါ်ရေပက်ပိုက်လိပ်ခွေဆိုင်ရာလိုက်နာကျင့်သုံးရမည့်ပြဋ္ဌာန်းချက်များ။

(စျ) အခန်း(၇)-အလိုအလျောက် ရေဖျန်းစနစ်ဆိုင်ရာ လိုက်နာကျင့်သုံးရမည့် ပြဋ္ဌာန်းချက်များ။

(ည) အခန်း(၇)-အပေါ့စားမီးသတ်ဆေးဘူးများ အသုံးပြုခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း ဆိုင်ရာ လိုက်နာကျင့်သုံးရမည့် ပြဋ္ဌာန်းချက်များ။

၆။ စက်ယန္တရား အဓိကအသုံးပြုသော မော်တော်ယာဉ်ရပ်နားသည့်နေရာများအား အောက်ပါအတိုင်းအမျိုးအစားသုံးမျိုးသတ်မှတ်ခွဲခြားနိုင်သည်-

(က) အမျိုးအစား၁ (က)။ မြေပြင်အထက်မော်တော်ယာဉ်ရပ်နားရန်နေရာငယ် အောက်ပါအရွယ်အစားရှိပြီး မြေပြင်အထပ်တွင် တည်ရှိသည့် သေးငယ်သောစက်ယန္တရား အဓိကအသုံးပြုသော မော်တော်ယာဉ် ရပ်နားသည့်နေရာများကို ရည်ညွှန်းသည်-

-အများဆုံးကြမ်းခင်းဧရိယာ-၂၀၀စတုရန်းမီတာ
-အများဆုံးအခန်းထုထည်ပမာဏ-၁၄၀၀ကုဗမီတာ
-အများဆုံးယာဉ်ရပ်နားရန်နေရာအမြင့်-၁၀မီတာ
-အနည်းဆုံးဘေးဘက်အပေါက်များအရွယ်အစား-ပတ်လည်နံရံများ၏ ၅၀%

(ခ) အမျိုးအစား၁(ခ)။ မြေပြင်အောက်နှိမ့်ထားသောမြေပေါ်မော်တော်ယာဉ်ရပ်နားရန်နေရာငယ်

အောက်ပါအရွယ်အစားရှိပြီး မြေပေါ်အဆောက်အအုံရှိသည့် မြေအောက်ထက်နိမ့်သောနေရာတွင် မော်တော်ယာဉ် ရပ်နားရန်နေရာ (၂)ထပ်ထက်မပိုသော သေးငယ်သည့် စက်ယန္တရားကို အဓိကအသုံးပြု၍ မော်တော်ယာဉ်ရပ်နားသည့် နေရာများကို ရည်ညွှန်းသည်-

-အများဆုံးကြမ်းခင်းဧရိယာ-၂၀၀စတုရန်းမီတာ
-အများဆုံးအခန်းထုထည်ပမာဏ-၁၄၀၀ကုဗမီတာ
-အများဆုံးယာဉ်ရပ်နားရန်နေရာအမြင့်- ၁၄မီတာ (မြေပြင်အထက်တွင်ရှိသောယာဉ်ရပ်နားရန်နေရာအမြင့် ၁၀ မီတာ)
-အနည်းဆုံး ဘေးဘက်အပေါက်များအရွယ်အစား-ပတ်လည်နံရံများ၏ ၅၀%

(ဂ) အမျိုးအစား(၂)။ မြေပြင်အထက်ရှိ အမျိုးအစား ၁ နှင့်မကိုက်ညီသော မြေပေါ်စက်ယန္တရားအဓိကအသုံးပြုသည့် မော်တော်ယာဉ်ရပ်နားသည့်နေရာများ။

(ဃ) အမျိုးအစား(၃)။ မြေအောက်ရှိအမျိုးအစား ၁ နှင့်မကိုက်ညီသည့် စက်ယန္တရားအဓိကအသုံးပြုသောမော်တော်ယာဉ်ရပ်နားသည့်နေရာများ။

၇။ အမျိုးအစားသုံးခုလုံးအတွက် အသုံးပြုနိုင်သည့် မီးဘေးလုံခြုံရေးပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဝင်ထွက်သွားလာမှု
မော်တော်ယာဉ်ရပ်နားသည့် အဆောက်အအုံဧရိယာအတွင်းသို့ လူအများ ဝင်ထွက်သွားလာမှုမရှိစေရ။

(ခ) အုပ်စုအမျိုးအစားသတ်မှတ်ခြင်း
မော်တော်ယာဉ်ရပ်နားရန် အဆောက်အအုံများကို အုပ်စု(၈) အမျိုးအစားအောက်ရှိ (ကုန်လှောင်ရုံ) အဖြစ် မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များပါ ဇယား ၁.၄ အရ သတ်မှတ်ရမည်။

(ဂ) လွတ်မြောက်ရေးဆိုင်ရာနည်းလမ်းများ
အုပ်စု(၈) အမျိုးအစားအောက်ရှိ ကုန်လှောင်ရုံများအတွက် လူအများ ဝင်ထွက်သွားလာနိုင်သောနေရာများ၌ လွတ်မြောက်ရာလမ်းကြောင်းများ ထားရှိရမည်။

(ဃ) အခြားအသုံးပြုမှုများမှ ပိုင်းခြားထားခြင်း

နံရံ သို့မဟုတ် ကြမ်းခင်းများအားပိုင်းခြားရန်လိုအပ်ပါက အဆောက်အအုံ၏ဝန်အားခံနိုင်သော အစိတ်အပိုင်းများအား(အုပ်စု(၈)အမျိုးအစားအောက်ရှိကုန်လှောင်ရုံအတွက် ပိုင်းခြားထားရမည့် ပြဋ္ဌာန်းချက်များအရ) အနည်းဆုံး မီးဒဏ်ခံနိုင်ရည် ၂ နာရီရှိသော နံရံ သို့မဟုတ် ကြမ်းခင်းများဖြင့်ပိုင်းခြားထားရမည်။

(c) အပြင်နံရံ

အုပ်စု(၈)အမျိုးအစားအောက်ရှိ ကုန်လှောင်ရုံအတွက် အပြင်နံရံများထားရှိရန် လိုအပ်ပါက မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များပါ အပိုဒ် (၁၉)၊ အဆောက်အအုံ၏ ဝန်အားခံနိုင်သော အစိတ်အပိုင်း ပြဋ္ဌာန်းချက်နှင့်အညီ အနည်းဆုံး ၁ နာရီ မီးဒဏ်ခံနိုင်ရည်ရှိသော ကြမ်းခင်းကို အသုံးပြုရမည်။

(စ) အပေါ့စားမီးသတ်ဆေးဘူး

မီးငြိမ်းသတ်နိုင်သည့်နှုန်း ၇၀ ဘီ (Fire Rating 70B) ရှိသော မီးသတ်ဆေးဗူးများကို မော်တော်ယာဉ်ရပ်နားရန်နေရာ၏ ထွက်ပေါက်တိုင်းတွင်ထားရှိရမည်။

(ဆ) အရေးပေါ်ရေပက်ပိုက်လိပ်ခွေများ

အရေးပေါ် ရေပက်ပိုက်လိပ်ခွေကို မော်တော်ယာဉ် ရပ်နားရန်နေရာ၏ ဝင်ပေါက်/ထွက်ပေါက်တိုင်းတွင်ထားရှိရမည်။

(ဇ) လျှပ်စစ်ဓာတ်အားပေးပို့မှု

ထိုတပ်ဆင်မှုများ လိုအပ်သည့် နေရာတိုင်းတွင် လျှပ်စစ်ဓာတ်အားပေးမှုအတွက် ပင်မနှင့် အရန်လျှပ်စစ်ဓာတ်အားအရင်းအမြစ်တို့ကို မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များပါ အခန်း(၆)နှင့် အညီတပ်ဆင်ရမည်။

(ဈ) မီးသတ်ယာဉ်ရပ်ရန်နေရာ

စက်ယန္တရားကို အဓိကအသုံးပြု၍ မော်တော်ယာဉ်ရပ်နားသည့် နေရာများအားလုံးအတွက် မီးသတ်ယာဉ်ရပ်ရန်နေရာသည် မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များပါ အပိုဒ် ၃၀ နှင့်ကိုက်ညီရမည်။

၈။ (အမျိုးအစား ၁) စက်ယန္တရား အဓိကအသုံးပြုသော မြေပေါ်မော်တော်ယာဉ်ရပ်နားသည့် နေရာများအတွက် သီးခြားမီးဘေးလုံခြုံရေးပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စက်ယန္တရား အဓိကအသုံးပြုသော မြေပေါ်မော်တော်ယာဉ် ရပ်နားသည့်နေရာငယ်သည် အောက်ပါဧယားတွင် ဖော်ပြထားသည့် အကန့်ဧရိယာသတ်မှတ်ချက်များထက်မပိုရ-

အကန့်	အများဆုံးကြမ်းခင်းဧရိယာ	အများဆုံးထုထည်ပမာဏ
မြေပြင်မှ အမြင့် ၁၀ မီတာ ပျမ်းမျှအတွင်းရှိသည့်အကန့်	၂၀၀စတုရန်းမီတာ	၁၄၀၀ကုဗမီတာ

(ခ) အဆောက်အအုံပုံစံ

စက်ယန္တရားအဓိကအသုံးပြုသော မြေပေါ်မော်တော်ယာဉ် ရပ်နားသည့်နေရာငယ်ကို သံမဏိသံဘောင်ဖြင့် တည်ဆောက်ရမည်။

(ဂ) အထက်အောက်ယာဉ်ရပ်ရန်နေရာပိုင်းခြားခြင်း

အပေါ်ထပ်နှင့် အောက်ထပ်ကြမ်းခင်းများအကြား မီးလောင်မလွယ်သည့် ပစ္စည်းများကို အသုံးပြု၍ပြုလုပ်ထားသော အပေါက်ဖောက်ထားခြင်းမရှိသည့် ဒေါင်လိုက်မီးတားနံရံများ (သံမဏိသံပြား) ဖြင့်ပိုင်းခြားထားရမည်ဖြစ်ပြီး အဆိုပါနံရံသည်အပေါ်လွှာရှိ မော်တော်ယာဉ်အား မီးတောက်နှင့် တိုက်ရိုက်ထိတွေ့နိုင်မှုမှ လျှော့ချပေးရန်နှင့် အောက်အလွှာသို့ လောင်စာများယိုစိမ့်မှုကို တားဆီးပေးရန်အတွက်ဖြစ်သည်။

(ဃ) မီးသတ်ယာဉ်ရပ်ရန်နေရာ

မော်တော်ယာဉ်ရပ်နားရန်နေရာရှိ ဝင်ပေါက်နှင့် ထွက်ပေါက်တွင် မီးသတ်ယာဉ်ရပ်ရန်နေရာထားရှိရမည်။

(င) ပုဂ္ဂလိက မီးသတ်ရေငုတ်

ပုဂ္ဂလိကမီးသတ်ရေငုတ်ကို မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များပါ အခန်း(၅)၊ အပိုဒ် ၃၃ နှင့်အညီ လိုအပ်သလို ထားရှိရမည်။

(စ) သဘာဝလေဝင်/ လေထွက်ပေးခြင်း

မော်တော်ယာဉ် ရပ်နားသည့်အလွှာတစ်ခုစီတွင် သဘာဝလေဝင်/ လေထွက်ပေးနိုင်သောအပေါက်များသည်မော်တော်ယာဉ်ရပ်နားသည့်ပတ်လည်နံရံ၏အနည်းဆုံး ၅၀% ရှိစေရန် ညီညွတ်မျှတစွာထားရှိရမည်။

၉။ (အမျိုးအစား၂) စက်ယန္တရားအဓိကအသုံးပြုသော မြေပေါ်မော်တော်ယာဉ်ရပ်နားသည့်နေရာအတွက် မီးဘေးလုံခြုံရေးပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အကန့်ကန့်ခြင်း

မော်တော်ယာဉ်ရပ်နားရန်နေရာသည် အောက်ပါအတိုင်းအတာများထက်မပိုရ။ ပိုခဲ့လျှင်ရေဖျန်းစနစ်ကာကွယ်ထားရှိရမည်။

အမြင့်ဆုံးမော်တော်ယာဉ်ရပ်နားရန် နေရာ၏အမြင့်	**အများဆုံး ကြမ်းခင်းဧရိယာ**	**အများဆုံး ထုထည်ပမာဏ**
၂၄မီတာ	၁၀၀၀စတုရန်းမီတာ	၃၅၀၀ ကုဗမီတာ

(ခ) အဆောက်အအုံ၏ဝန်အားခံနိုင်သောအစိတ်အပိုင်းများ

အဆောက်အအုံ၏ ဝန်အားခံနိုင်သောအစိတ်အပိုင်းများ၏ အနည်းဆုံးမီးဒဏ်ခံနိုင်ရည်မှာ အောက်ပါဇယားအတိုင်းဖြစ်ရမည်-

အများဆုံးအတိုင်းအတာ			**အနည်းဆုံးမီးဒဏ်ခံနိုင်ရည်နာရီ**
အမြင့်(မီတာ)	ကြမ်းခင်းဧရိယာ (စတုရန်းမီတာ)	အခန်းငယ် ပမာဏ (ထုထည်) (ကုဗမီတာ)	မြေပေါ်အထပ်
၇.၅	၁၅၀	NL	၁/၂
၁၅	NL	၁၇၀၀	၁
၂၈	NL	၇၀၀၀	၂
၂၈	NL	၂၁၀၀၀	၄
၂၈အထက်	၁၀၀၀	NL	၄

(ဂ) ဒေါင်လိုက်မီးတားခြင်း

မော်တော်ယာဉ်ရပ်နားသည့်အလွှာတစ်ခုစီအား အနည်းဆုံး ၁ နာရီ မီးဒဏ်ခံနိုင်ရည်ရှိရန်တည်ဆောက်ရမည်။ အဆိုပါအဆောက်အအုံ သို့မဟုတ် အကန့်တွင် အလိုအလျောက် ရေဖျန်းစနစ် တပ်ဆင်ထားရမည်ဖြစ်ပြီး အပေါက်ဖောက်ထားခြင်း မရှိသော မီးလောင်မလွယ်သည့် အခင်းပြားများဖြင့် တည်ဆောက်ထားရမည်။

၁၀။ (အမျိုးအစား ၂) စက်ယန္တရားအဓိကအသုံးပြုသောမြေပေါ်မော်တော်ယာဉ်ရပ်နားသည့် နေရာတွင်ထားရှိရမည့် မီးဘေးလုံခြုံရေးပစ္စည်းကိရိယာနှင့်စနစ်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) မော်တော်ယာဉ်ရပ်နားရန်နေရာ၏အမြင့်သည် ၁၀မီတာ ထက်ပိုပါက မီးသတ်သမားသုံးလှေကားအား အောက်ပါပြဋ္ဌာန်းချက်များနှင့်အညီထားရှိရမည်-

(၁) မီးသတ်သမားသုံးလှေကားအားလုံးသည် မြန်မာနိုင်ငံ မီးဘေးလုံခြုံရေး ဆိုင်ရာစံချိန်စံညွှန်းသတ်မှတ်ချက်များပါ အခန်း(၃)၊အပိုဒ်၇(ဃ)နှင့်ကိုက်ညီရမည်။

(၂) မီးခိုးကင်းလွတ်မှုအစီအမံသည် မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များ၏ အခန်း(၃)၊ အပိုဒ် ၆(ခ)နှင့် ၆(ဃ) ပါ ပြဋ္ဌာန်းချက် အတိုင်းဖြစ်ရမည်။

(၃) မီးသတ်သမားများလေ့ကားမှတစ်ဆင့် မော်တော်ယာဉ်ရပ်နားသည့်နေရာ သို့အဝင်အထွက်ပြုလုပ်နိုင်ရန် ၁ နာရီမီးဒဏ်ခံနိုင်ရည်ရှိသောတံခါးများ ထားရှိရမည်။ အဆိုပါတံခါးသည် အနည်းဆုံး အကျယ် ၈၅၀ မီလီမီတာနှင့် အမြင့် ၁၀၀၀ မီလီမီတာ ရှိရမည်ဖြစ်ပြီး ထွင်းဖောက်မြင်နိုင်သော မှန်ကူကွက်ပါဝင်ရမည်။ "မီးခိုးထုတ်ရန်၊ မဝင်ရ" ဟူသောစာတမ်းကို တံခါးအပြင်ဘက်တွင် ကပ်ထားရမည်။ စာလုံးအရွယ်အစားသည် အနည်းဆုံး ၂၅ မီလီမီတာအမြင့် ရှိရမည်။

(၄) မီးသတ်ရေတင်ပိုက် အရေအတွက်ပေါ်မူတည်၍ လေ့ကားအရေအတွက်ကို ထားရှိရမည်။ မော်တော်ယာဉ်ရပ်နားရန်နေရာ အထပ်တိုင်းအတွက်ထားရှိသော မီးသတ်ရေတင်ပိုက်များသည် လေ့ကားတံခါးမှအဝေးဆုံး မော်တော်ယာဉ်ရပ်နားသည့်နေရာအထိ တိုင်းထွာလျှင် ၈ မီတာအတွင်း လက်လှမ်းမီရမည်။

(၅) မီးသတ်ရေတင်ပိုက်များအတွက် ရေသွင်းပေါက်သည် မီးသတ်ယာဉ်ရပ်ရန်နေရာမှ ၁၈ မီတာ အတွင်းတွင်ရှိရမည်။

(၆) ၁၀မီတာထက်ပိုပြီး ၂၄ မီတာအထိမြင့်သော မော်တော်ယာဉ်ရပ်နားရန်နေရာများအတွက် မီးသတ်ရေတင်ပိုက်(ရေမပါ) အားထားရှိရမည်။ ၂၄ မီတာ ထက်ပိုပါကမီးသတ်ရေတင်ပိုက်(ရေပါ) အားထားရှိရမည်။ ရေသွင်းပေါက်သည် မီးသတ်ရေတင်ပိုက်၏ အခြေတွင်ရှိရမည်။ ၁၅ မီတာအရှည်ရှိသော အရန်မီးသတ်ပိုက်ပျော့တစ်ခုစီကို မြေညီထပ်ရှိလေ့ကားတစ်ခုစီတွင်ထားရှိရမည်။

(၇) အမြင့်၂၄ မီတာ ထက်ပိုပါက မီးသတ်သမားသုံးဓာတ်လေ့ကားထားရှိရမည်။

(၈) မီးသတ်သမားသုံးဓာတ်လေ့ကားလိုအပ်လျှင် မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်းနှင့်အောက်ပါနေရာတို့အကြား အရေးပေါ်အသံဖြင့် အပြန်အလှန် ဆက်သွယ်ရေးစနစ်ထားရှိရမည်-

(က) မြေညီထပ်အပါအဝင် မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်းများ။

(ခခ) ရေဖျန်းစနစ်ပန့်ခန်း၊ မီးသတ်ရေတင်ပိုက် (ရေပါ) ပန့်ခန်းများ စသည်တို့အပါအဝင် မီးငြိမ်းသတ်ခြင်းနှင့် ဆက်စပ်နေသည့် စက်ပစ္စည်းကိရိယာများထားရှိသော အခန်းများအားလုံး။

(ဂ) မီးဘေးလုံခြုံရေး စီမံကွပ်ကဲခန်းသည် မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များပါ အပိုဒ် ၉၁ နှင့်အညီ ထားရှိရမည်။

(ခ) မီးသတ်သမားသုံးဝင်ထွက်ပေါက်များအား အောက်ပါအတိုင်းထားရှိရမည်-

(၁) မော်တော်ယာဉ်ရပ်နားရန်နေရာ၏အမြင့်သည် ၄၀မီတာ ထက်မပိုရ။

(၂) မီးသတ်သမားသုံးဝင်ထွက်ပေါက်များအား မော်တော်ယာဉ်ရပ်နားရန်နေရာ၏ အထပ်တိုင်းတွင် ထားရှိရမည်။

(၃) မီးသတ်သမားသုံးဝင်ထွက်ပေါက်များသည် အနည်းဆုံးအကျယ် ၈၅၀ မီလီမီတာ နှင့် အမြင့် ၁၀၀၀မီလီမီတာ ရှိရမည်။

(၄) မော်တော်ယာဉ်ရပ်နားရန်အထပ်များ၏ နံရံတိုင်းတွင် သို့မဟုတ် စုစုပေါင်း ကြမ်းခင်းဧရိယာ ၁၀၀ စတုရန်းမီတာတိုင်းတွင် မီးသတ်သမားသုံးဝင်ထွက်ပေါက်တစ်ခုရှိရမည်။

(၅) မီးသတ်သမားသုံး ဝင်ထွက်ပေါက်များသည် တစ်ခုနှင့်တစ်ခုဝေးကွာရမည်ဖြစ်ပြီး အဆောက်အအုံ၏ ဘေးတစ်ဖက်တည်းတွင်သာမကရှိရမည်။ ထို မီးသတ်သမားသုံးဝင်ထွက်ပေါက်များသည် ပြင်ပနံရံတစ်လျှောက်ရှိ အပေါက်တစ်ခု၏ အလယ်အမှတ်မှ အခြားအပေါက်တစ်ခု၏အလယ်အမှတ်အထိ တိုင်းတာလျှင် ၁၀ မီတာထက်ပိုမဝေးသောနေရာတွင်ရှိရမည်။

(၆) မီးသတ်ယာဉ်ရပ်ရန်နေရာကို မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များပါ အခန်း(၅)၊ အပိုဒ် ၃၀ နှင့်အညီ ထားရှိရမည်ဖြစ်ပြီး အဆိုပါနေရာသို့ ဝင်ရောက်နိုင်သည့် အစီအမံထားရှိရမည်။

(ဂ) ပုဂ္ဂလိက မီးသတ်ရေငုတ်

ပုဂ္ဂလိကမီးသတ်ရေငုတ်ကို မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များပါ အခန်း(၅)၊ အပိုဒ် ၃၃ နှင့်အညီထားရှိရမည်။

(ဃ) ရေဖျန်းစနစ်

ရေဖျန်းစနစ်ဖြင့် ကာကွယ်ထားရှိရန် လိုအပ်သောနေရာများတွင် မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များပါ အခန်း (၇)နှင့်အညီ ထားရှိရမည်။

(c) မီးခိုးထုတ်ပေါက်များ

မော်တော်ယာဉ်ရပ်နားရန်နေရာ အထပ်တိုင်း၌ အများဆုံးကြမ်းခင်းဧရိယာ၏အနည်းဆုံး ၂.၅% ရှိသောလေဝင်/ လေထွက်ပေါက်များ (မြင့်သောနေရာတွင်မှုတ်ထုတ်သော လေထွက်ပေါက်များထားရှိပြီး နိမ့်သောနေရာတွင် လေသန့်ဝင်သည့် လေဝင်ပေါက်များ)ထားရှိရမည်။ ထိုလေဝင်/လေထွက်ပေါက်များသည် သဘာဝလေဝင်/ လေထွက်စနစ်မဟုတ်ပါက မီးခိုးအာရုံခံကိရိယာ စတင်လည်ပတ်သည်နှင့်တစ်ပြိုင်နက် အလိုအလျောက်အလုပ်လုပ်သောစနစ်ဖြစ်ရမည်။

၁၁။ (အမျိုးအစား၃) မြေအောက်စက်ယန္တရားအဓိကအသုံးပြုသောမြေပေါ်မော်တော်ယာဉ်ရပ်နားသည့်နေရာအတွက် ထားရှိရမည့် မီးဘေးလုံခြုံရေးပစ္စည်းကိရိယာနှင့်စနစ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အကန့်ကန့်ခြင်း

မြေအောက်စက်ယန္တရား အဓိကအသုံးပြုသော မြေပေါ်မော်တော်ယာဉ်ရပ်နားသည့်နေရာငယ်သည် အောက်ပါအရွယ်အစားထက်မပိုရ-

မော်တော်ယာဉ်ရပ်နားရန်နေရာ၏အများဆုံးရှိရမည့်အနက်	**အများဆုံးကြမ်းခင်းဧရိယာ**	**အများဆုံးဝင်ဆန့်သည့်အခန်းငယ် ပမာဏ (ထုထည်)**
၂၈ မီတာ	၂၀၀၀စတုရန်းမီတာ	၇၀၀၀ကုဗမီတာ

(ခ) အဆောက်အအုံ၏ဝန်အားခံနိုင်သောအစိတ်အပိုင်းများ

အဆောက်အအုံ၏ဝန်အားခံနိုင်သော အစိတ်အပိုင်းများအတွက် အနည်းဆုံးမီးဒဏ်ခံနိုင်ရည်မှာ အောက်ပါဇယားအတိုင်းဖြစ်ရမည်-

အများဆုံးအတိုင်းအတာ			**အနည်းဆုံးမီးဒဏ်ခံနိုင်ရည်နာရီ**
အမြင့် (မီတာ)	ကြမ်းခင်းဧရိယာ (စတုရန်းမီတာ)	အခန်းငယ် ပမာဏ (ထုထည်) (ကုဗမီတာ)	မြေအောက်ထပ်
၇.၅	၁၅၀	NL	၁
၁၅	NL	၁၇၀၀	၁

အများဆုံးအတိုင်းအတာ			အနည်းဆုံးမီးဒဏ်ခံနိုင်ရည်နာရီ
၁၅	NL	၃၅၀၀	၂
၂၈	၂၀၀၀	၇၀၀၀	၄

(ဂ) ဒေါင်လိုက်မီးတားခြင်း

မော်တော်ယာဉ်ရပ်နားသည့်နေရာအထပ်တစ်ခုစီကို အနည်းဆုံး ၁ နာရီ မီးဒဏ်ခံနိုင်ရည်ရှိရန်တည်ဆောက်ထားရမည်။

(ဃ) မီးသတ်သမားသုံးလှေကား

(၁) မီးသတ်သမားသုံးလှေကားအားလုံးသည် မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များပါ အခန်း (၃)၊ အပိုဒ်၇(ဃ)ပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီရမည်။

(၂) မီးခိုးကင်းလွတ်မှုအစီအမံသည် မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များပါ အခန်း(၃)၊ အပိုဒ်၆(၃)နှင့် ၆(ဃ) ပါ ပြဋ္ဌာန်းချက် အတိုင်းဖြစ်ရမည်။

(၃) မီးသတ်သမားများ လှေကားမှတစ်ဆင့် မော်တော်ယာဉ်ရပ်နားသည့်နေရာသို့ အဝင်အထွက်ပြုလုပ်နိုင်ရန် ၁ နာရီ မီးဒဏ်ခံနိုင်ရည်ရှိသောတံခါးများရှိရမည်။

(၄) မီးသတ်ရေတင်ပိုက် အရေအတွက်ပေါ်မူတည်၍ လှေကားအရေအတွက်ကို ထားရှိရမည်။ မော်တော်ယာဉ်ရပ်နားရန်နေရာ အထပ်တိုင်းအတွက်ထားရှိသော မီးသတ်ရေတင်ပိုက်များသည်အောက်ပါအခြေအနေများအားလက်လှမ်းမီရမည်-

(ကက) မော်တော်ယာဉ်ရပ်နားသည့်နေရာတိုင်းသို့ အတွင်းပိုင်းဝင်ထွက်လမ်းကြောင်းရှိလျှင်

(၁၁) ဝင်ထွက်လမ်းကြောင်းသည်အနည်းဆုံး ၀.၉ မီတာကျယ်ရမည်။

(၂၂) မော်တော်ယာဉ်ရပ်နားသည့်နေရာအထိ အကွာအဝေးသည် ၂၈ မီတာ ထက်မပိုရ။

(ခခ) အတွင်းပိုင်းအဝင်အထွက်လမ်းကြောင်းမရှိလျှင်

(၁၁) လှေကားတံခါးမှ အဝေးဆုံးမော်တော်ယာဉ်ရပ်နားသည့်နေရာသို့ အကွာအဝေးသည် ၈ မီတာ ထက်မပိုရ။

(၅) မီးသတ်ရေတင်ပိုက်များအတွက်ရေသွင်းပေါက်သည် မီးသတ်ယာဉ်ရပ်ရန်နေရာမှ ၁၈ မီတာ အတွင်းတွင်ရှိရမည်။

(၆) မြေအောက်ထပ်အားလုံးအတွက် မီးသတ်ရေတင်ပိုက် (ရေမပါ) ထားရှိရမည်ဖြစ်ပြီး ရေသွင်းပေါက်သည် မီးသတ်ရေတင်ပိုက်အနီးတွင်ရှိရမည်။ ၁၅မီတာ အရှည်ရှိသော အရန်မီးသတ်ပိုက်ပျော့တစ်ခုစီကို မြေညီထပ်ရှိလှေကားတစ်ခုစီတွင်ထားရှိရမည်။

(၇) အမြင့် ၉ မီတာထက်ပိုသော မြေအောက်ထပ်အတွက် မီးသတ်သမားသုံး ဓာတ်လှေကားထားရှိရမည်။

(၈) မီးသတ်သမားသုံး ဓာတ်လှေကားလိုအပ်လျှင် မီးဘေးလုံခြုံရေး စီမံကွပ်ကဲခန်းနှင့် အောက်ပါနေရာတို့အကြား အရေးပေါ်အသံဖြင့် အပြန်အလှန် ဆက်သွယ်ရေးစနစ်ထားရှိရမည်-

(ကက) မြေညီထပ်အပါအဝင်မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်းများ။

(ခခ) ရေဖျန်းစနစ်ပန့်ခန်း၊ မီးသတ်ရေတင်ပိုက်(ရေပါ) ပန့်ခန်းများစသည်တို့အပါအဝင် မီးငြိမ်းသတ်ခြင်းနှင့်ဆက်စပ်နေသည့် စက်ပစ္စည်းကိရိယာများ ထားရှိသော အခန်းများအားလုံး။

(၉) မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်းသည် မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာစံချိန်စံညွှန်းသတ်မှတ်ချက်များပါ အပိုဒ် ၉၁ နှင့်ကိုက်ညီရမည်။

(၁၀) မြေအောက်ထပ်များတွင် မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များပါ အပိုဒ် ၉၁ နှင့်အညီထားရှိသည့် အသံဖြင့် အရေးပေါ်အပြန်အလှန်ဆက်သွယ်ရေးစနစ် တပ်ဆင်ထားရမည်။

(c) မီးသတ်ယာဉ်ရပ်ရန်နေရာ

မီးသတ်သမားသုံးလှေကားများဆီသို့ ဝင်ထွက်နိုင်စေရန် မီးသတ်ယာဉ်ရပ်ရန်နေရာ ထားရှိရမည်။

(စ) ပုဂ္ဂလိက မီးသတ်ရေငုတ်

ပုဂ္ဂလိကမီးသတ်ရေငုတ်ကို မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များပါ အခန်း(၅)၊အပိုဒ် ၃၃ နှင့်အညီထားရှိရမည်။

(ဆ) ရေဖျန်းစနစ်

ရေဖျန်းစနစ်ဖြင့် ကာကွယ်ခြင်းကို မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များပါ အခန်း(၇) နှင့်အညီ ထားရှိရမည်။

(ဇ) မီးခိုးထုတ်ပေါက်များ

မော်တော်ယာဉ်ရပ်နားရန်နေရာ အထပ်တိုင်း၌ အများဆုံးကြမ်းခင်းဧရိယာ၏အနည်းဆုံး ၂.၅% ရှိသောလေဝင်/ လေထွက်ပေါက်များအား မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာလုပ်ထုံးလုပ်နည်းပါ အခန်း(၈)၊ အပိုဒ် ၈၄ နှင့် အညီထားရှိရမည်ဖြစ်ပြီး အဆိုပါ ပြဋ္ဌာန်းချက်ကို ကြမ်းခင်းဧရိယာ ၁၀၀၀ စတုရန်းမီတာနှင့် မြေပြင်မှအနိမ့်ဆုံးကြမ်းခင်းအမြင့် ၅ မီတာထက်မပိုသော မြေအောက်ထပ်များအတွက်သာ အသုံးပြုရမည်။ အဆိုပါကန့်သတ်ချက်ထက်ကျော်လွန်ပါက မီးခိုးရှင်းစနစ်အား ထားရှိရမည်။

(ဈ) အမြှုပ်စနစ်တပ်ဆင်ခြင်း

မီးသတ်သမားသုံးဓာတ်လှေကား တပ်ဆင်ထားရှိရန်လိုအပ်လျှင် အမြှုပ်သွင်းပေါက်များကို မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များပါ အခန်း(၇)၊ အပိုဒ် ၄၇ နှင့်အညီ ထားရှိရမည်။

နောက်ဆက်တွဲ (၄)

Steel Structure အဆောက်အအုံအစိတ်အပိုင်းများကို ကာကွယ်ရန် မီးခံသုတ်ဆေး (Fire Rated Paint) အသုံးပြုခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ

၁။ သံမဏိသံဘောင်အမျိုးအစား အဆောက်အအုံ အစိတ်အပိုင်းများကို ကာကွယ်ရန်အတွက် နိုင်ငံတကာ အဖွဲ့အစည်းများမှ အသိအမှတ်ပြုထားသည့် မီးခံသုတ်ဆေးများ (Fire Rated Paint) ကို အသုံးပြုရမည်။

မီးခံသုတ်ဆေး (Intumescent Paint)၏စံနှုန်းများ

၂။ ဤနောက်ဆက်တွဲတွင် အသေးစိတ်ဖော်ပြထားသော မီးဒဏ်ခံနိုင်ရည် သို့မဟုတ် ၎င်းနှင့် ညီမျှသော မီးဒဏ်ခံနိုင်ရည်ရှိသည့် BS 476 Part 20/21 နှင့်ကိုက်ညီရမည်။

၃။ မီးခံသုတ်ဆေး (Intumescent paint) သည် BS 8202 Part 2 နှင့် ကိုက်ညီသည့်ရာသီဥတု ဒဏ်ခံနိုင်ရမည်။

၄။ မီးခံသုတ်ဆေး (Intumescent paint) သည် နိုင်ငံတကာအသိအမှတ်ပြု အဖွဲ့အစည်းတစ်ခုခု၏ ထောက်ခံချက်နှင့် မီးသတ်ဦးစီးဌာန၏ ထောက်ခံချက်ရရှိထားကြောင်း ဖော်ပြထားရမည်။

၅။ မီးခံသုတ်ဆေး (Intumescent Paint) အား အသုံးပြုမည်ဆိုပါက အောက်ပါအချက်များကို လိုက်နာရမည်-

(က) မီးခံကြာချိန် (Fire Rated Hour) သည် မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များပါ အခန်း(၄)၊ ဇယား(၄.၂)ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

(ခ) Steel Member အရွယ်အစားအလိုက် မီးခံသုတ်ဆေး(Intumescent Paint) ၏ ဆေးသားအထူကို BS 476 Pt 20/21 ဖြင့် တွက်ချက်ဖော်ပြထားသောဇယား (Design Temperature) တင်ပြရမည်။

(ဂ) Steel Member အရွယ်အစားအလိုက် မီးခံသုတ်ဆေး(Intumescent Paint) ၏ ဆေးသားအထူကို အရောင်ကွဲများဖြင့် တိကျစွာခွဲခြား၍ ရေးဆွဲဖော်ပြထားသော Drawing များ တင်ပြရမည်။

(ဃ) မီးခံသုတ်ဆေး (Intumescent Paint) Indoor/ Outdoor ဆေးသုတ်မည့် နည်းစနစ် အဆင့်ဆင့်ကို တင်ပြရမည်။

(c) မီးခံသုတ်ဆေး (Intumescent Paint) ၏ ဆေးသားအထူ စစ်ဆေးမှုမှတ်တမ်းစာရွက်ပုံစံအား တင်ပြရမည်။

၆။ မီးခံသုတ်ဆေး (Intumescent Paint) ထုတ်လုပ်သည့် ကုမ္ပဏီ၊ လုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီတို့နှင့် သက်ဆိုင်သည့်အချက်အလက်များအား အောက်ပါအတိုင်းတင်ပြရမည်-

(က) အသုံးပြုမည့် မီးခံသုတ်ဆေးတံဆိပ်၊ အမျိုးအစားနှင့် ထုတ်လုပ်သည့်နိုင်ငံ (Material Catalog/ Data Sheet များ)။

(ခ) မီးခံသုတ်ဆေးထုတ်လုပ်သည့်ကုမ္ပဏီ၏ နိုင်ငံတကာအသိအမှတ်ပြု ISO လက်မှတ် ။

(ဂ) မီးသတ်ဦးစီးဌာန၏ အသိအမှတ်ပြုလက်မှတ်။

(ဃ) လုပ်ငန်းဆောင်ရွက်မည့် Company ၏ Company မှတ်ပုံတင်လက်မှတ်။

(c) ဆေးထုတ်လုပ်သည့် Company မှ လုပ်ငန်းဆောင်ရွက်မည့် Company အား မီးခံဆေးသုတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်ခွင့်ပြုသည့် အသိအမှတ်ပြုလက်မှတ်။

(စ) မီးခံသုတ်ဆေးထုတ်လုပ်သည့်ကုမ္ပဏီမှစက်ရုံထုတ်ပစ္စည်းဖြစ်ကြောင်း ထောက်ခံစာ။

၇။ အသုံးပြုမည့် မီးခံသုတ်ဆေး (Intumescent Paint) ၏ စစ်ဆေးစမ်းသပ်မှု အစီရင်ခံစာအား အောက်ပါအချက်များဖြင့် တင်ပြရမည်-

(က) မီးလောင်ဒဏ်ခံနိုင်ရည် စစ်ဆေးစမ်းသပ်မှု (BS 476 Part 20/21) အစီရင်ခံစာ။

(ခ) ရာသီဥတုဒဏ်ခံနိုင်ရည် (အဆောက်အအုံအတွင်း/ အပြင်) စစ်ဆေးစမ်းသပ်မှု (BS 8202 Part 2) အစီရင်ခံစာ။

(ဂ) ဘေးအန္တရာယ်ဖြစ်စေနိုင်မည့် ဓာတုပစ္စည်းများမပါရှိကြောင်း စစ်ဆေးစမ်းသပ်မှုအစီရင်ခံစာ(ဥပမာ-ကျောက်ဂွမ်း)။

မီးခံသုတ်ဆေး (Vermiculite)၏စံနှုန်းများ

၈။ မီးခံသုတ်ဆေး (Vermiculite) အား အသုံးပြုမည်ဆိုပါက အောက်ပါအချက်များကိုလိုက်နာရမည်-

(က) မီးခံကြာချိန် (Fire Rated Hour) သည် မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များပါ အခန်း(၄)၊ ဇယား(၄.၂)ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

(ခ) Steel Member အရွယ်အစားအလိုက် မီးခံသုတ်ဆေး (Vermiculite)၏ ဆေးသားအထူကို BS 476 Pt 20/ 21 ဖြင့် တွက်ချက်ဖော်ပြထားသောဇယား (Design Temperature) အားတင်ပြရမည်။

(ဂ) Steel Member အရွယ်အစားအလိုက် မီးခံသုတ်ဆေး (Vermiculite) ၏ ဆေးသားအထူကို အရောင်ကွဲများဖြင့် တိကျစွာခွဲခြားရေးဆွဲဖော်ပြထားသော Drawing များ တင်ပြရမည်။

(ဃ) မီးခံသုတ်ဆေး (Vermiculite) အားအသုံးပြုရန် ရေဖြင့်ဖျော်ချိန်တွင် ဓာတုပစ္စည်းများ (Accelerator, Quick Setting Admixture) တွဲဖက်၍ အသုံးမပြုထားကြောင်း စာ တင်ပြရမည်။

(င) မီးခံသုတ်ဆေး (Vermiculite)၏ ဆေးသားအထူစစ်ဆေးမှု မှတ်တမ်းစာရွက်ပုံစံအား တင်ပြရမည်။

၉။ မီးခံသုတ်ဆေး (Vermiculite) ထုတ်လုပ်သည့်ကုမ္ပဏီ၊ လုပ်ငန်းဆောင်ရွက်မည့်ကုမ္ပဏီ တို့နှင့် သက်ဆိုင်သည့် အချက်အလက်များအားတင်ပြရာတွင် ဤနောက်ဆက်တွဲ(၄)၊ အပိုဒ်(၆)ပါပြ ဌာန်းချက်များနှင့် ကိုက်ညီရမည်။

၁၀။ အသုံးပြုမည့်မီးခံသုတ်ဆေး (Vermiculite) ၏ စစ်ဆေးစမ်းသပ်မှုအစီရင်ခံစာအား အောက်ပါ အချက်များဖြင့် တင်ပြရမည်-

(က) မီးလောင်ဒဏ်ခံနိုင်ရည် စစ်ဆေးစမ်းသပ်မှု (BS 476 Part 20/21) အစီရင်ခံစာ။

(ခ) မီးခံသုတ်ဆေး(Vermiculite) ၏သိပ်သည်းဆအား စစ်ဆေးစမ်းသပ်ထားမှုအစီရင် ခံစာ။

(ဂ) မီးခံသုတ်ဆေး (Vermiculite) ၏ ဆေးသားစွဲကပ်မှုအား စစ်ဆေးစမ်းသပ်ထားမှု အစီရင်ခံစာ။

(ဃ) မီးခံသုတ်ဆေး (Vermiculite) ၏ Compressive Strength စစ်ဆေးစမ်းသပ်မှု အစီရင်ခံစာ။

(င) ဘေးအန္တရာယ်ဖြစ်စေနိုင်မည့်ဓာတုပစ္စည်းများမပါရှိကြောင်း စစ်ဆေးစမ်းသပ်မှု အစီရင်ခံစာ(ဥပမာ-ကျောက်ဂွမ်း)။

၁၁။ မီးခံသုတ်ဆေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မည့်ကုမ္ပဏီသည် မီးခံသုတ်ဆေး (Intumescent paint and Vermiculite) များဖြင့် သုတ်ထားသော/ သုတ်ရန်ရှိသော သံမဏိသံဘောင်အမျိုးအစား အဆောက်အအုံများရှိသည့်နေရာကို ညွှန်ပြထားသည့် အစီအမံကိုသီးခြားတင်ပြရမည်။

၁၂။ နေထိုင်အသုံးပြုနိုင်သည့် ကြမ်းခင်းအမြင့် ၂၄ မီတာထက်ပိုသော အဆောက်အအုံများတွင် မီးဘေးလုံခြုံစေရေးအစီရင်ခံစာကို အစီအမံနှင့်တကွ တင်ပြရမည်။

၁၃။ မီးခံသုတ်ဆေးလုပ်ငန်းဆောင်ရွက်ပြီးစီးပါကအောက်ပါစာရွက်စာတမ်းများကိုတင်ပြရမည်-

(က) တင်ပြထားသည့် မီးခံသုတ်ဆေးသုတ်/မှုတ်နည်း နည်းစနစ်များအတိုင်း ဆေးသုတ်ဆောင်ရွက်ထားမှုအဆင့်ဆင့်အားမှတ်တမ်းရယူထားသည့် ဓာတ်ပုံများ။

(ခ) မီးခံသုတ်ဆေးသားအထူအား တင်ပြထားသည့် Drawing များအတိုင်း ဆေးသုတ်/မှုတ်၍ အထူစစ်ဆေးထားပုံများအားမှတ်တမ်းရယူထားသည့်ဓာတ်ပုံများ။

(ဂ) မီးခံသုတ်ဆေးလုပ်ငန်းများအား တင်ပြထားသည့် Drawing များအတိုင်း ဆောင်ရွက်ပြီးစီးကြောင်းဆေးသုတ်လုပ်ငန်းဆောင်ရွက်သည့်ကုမ္ပဏီမှ လုပ်ငန်းလွှဲအပ်မှတ်တမ်းစာရွက်များ။

(ဃ) မီးခံသုတ်ဆေး ထုတ်လုပ်သည့်ကုမ္ပဏီမှ ထုတ်ပေးသော Fire Proof Certificate စာရွက်။

၁၄။ မြင်သာသောနေရာများတွင် အနည်းဆုံး အောက်ပါသတင်းအချက်အလက်များ ပါဝင်သည့် သရုပ်ဖော်ထားသော အမှတ်အသားများကို ထားရှိရမည်-

(က) ပေးသွင်းသူ၏ အမည်။

(ခ) မီးခံသုတ်ဆေး(Intumescent paint and Vermiculite) ၏ မီးဒဏ်ခံနိုင်ရည်။

(ဂ) ဆေးသုတ်သည့်ရက်စွဲ။

(ဃ) နောက်တစ်ကြိမ်ဆေးသုတ်ရမည့်ခန့်မှန်းရက်စွဲ။

(c) သတိပေးချက် “သတိ၊မီးခံသုတ်ဆေး (Intumescent paint and Vermiculite) စနစ်ဖြင့်ကာကွယ်ထားသော သံမဏိသံဘောင်အမျိုးအစားအဆောက်အအုံများပေါ်တွင် အခြားသုတ်ဆေးများမသုတ်ရ”။

၁၅။ မီးဘေးလုံခြုံရေးမန်နေဂျာသည် မီးခံသုတ်ဆေး (Intumescent paint and Vermiculite) အားထိခိုက်မှုရှိ/မရှိ၊ မီးလောင်ထားမှုရှိ/ မရှိသေချာစေရန် ပုံမှန်စစ်ဆေးမှုများပြုလုပ်ရမည်။ စစ်ဆေးမှုမှတ်တမ်းများကို ကောင်းစွာထိန်းသိမ်းထားရမည်။

၁၆။ မီးသတ်ဦးစီးဌာနမှထုတ်ပေးသည့် မီးဘေးလုံခြုံရေးထောက်ခံချက်လက်မှတ်အား သက်တမ်းတိုးရာတွင် မီးခံသုတ်ဆေး (Intumescent paint and Vermiculite) သုတ်ထားသောတိုင်များ၊ ယက်မများကိုစစ်ဆေးခြင်းလည်းပါဝင်ရမည်။

၁၇။ မီးခံသုတ်ဆေး(Intumescent paint and Vermiculite) ဖြင့် ကာကွယ်ထားသော သံမဏိ သံဘောင်အမျိုးအစားအဆောက်အအုံတွင် ထပ်တိုးပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ပါက အောက်ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်-

(က) ပိုင်ရှင် သို့မဟုတ် ငှားရမ်းသူမှ ခန့်အပ်ထားသည့် မီးဘေးလုံခြုံရေးတာဝန်ခံ (Fire Safety Manager) သည် ပြင်ဆင်ဆောင်ရွက်မည့်အဆောက်အအုံ၏ပုံများကို မီးသတ်ဦးစီးဌာနသို့ တင်ပြရမည်။ အဆောက်အအုံ၏ ပုံများတွင်ပါရှိသော မီးခံသုတ်ဆေး (Intumescent Paint and Vermiculite) သုတ်ထားသည့် လက်ရှိတိုင်များနှင့် ယက်မများထိခိုက်နေခြင်းရှိ/ မရှိ စသည့်ဖော်ပြချက်များနှင့် အတူတင်ပြရမည်။

(ခ) မီးဘေးလုံခြုံရေးဆိုင်ရာအစီရင်ခံစာကို သင့်လျော်သလိုအချိန်နှင့်တပြေးညီ တင်ပြရမည်။

၁၈။ မီးခံသုတ်ဆေး (Intumescent paint and Vermiculite) ဖြင့် ကာကွယ်ထားသော သံမဏိ သံဘောင်အမျိုးအစား အဆောက်အအုံ၏ အနီးဝန်းကျင်အတွင်း မီးတောက်နိုင်မှု/ မီးလောင်နိုင်မှု မြင့်မားသောပစ္စည်းများ သိုလှောင်ထားရှိခြင်းမပြုရ။

နောက်ဆက်တွဲ (၅)
မီးသတ်ယာဉ်ရပ်ရန်နေရာ၏ဝန်အားခံနိုင်ခြင်း

၁။ အနည်းဆုံးရှိရမည့် မီးသတ်ယာဉ်ရပ်ရန် နေရာအကျယ်မှာ ၆ မီတာနှင့်အရှည်မှာ ၁၅ မီတာ ဖြစ်သည်။ ယာဉ်အရွေ့နှင့်အနောက်တွင် ဂျိုက်များဖြင့်ထောက်မ၍ မီးသတ်ယာဉ်ရပ်နားထားသည့် ပုံအားအောက်တွင်ပြထားသည်-

ပုံ (၅.၁) ဘီးနှင့်ဂျိုက်များ ထောက်မ,ထားသော မီးသတ်ယာဉ်ရပ်နားထားပုံ



၂။ မီးသတ်ယာဉ်ရပ်ရန်နေရာသည်-

(က) ဆိုင်းထားသောခင်းပြားများ။

(ခ) သတ္တုပြား သို့မဟုတ် မြေကြီးပေါ်တွင်ခင်းထားခြင်း။

(ဂ) အပေါက်ပါရှိသောအခင်းပြားများ မြေကြီးပေါ်တွင်ခင်းထားခြင်း။

(ဃ) မီးသတ်ယာဉ်၏ဝန်ကိုခံနိုင်ရည်ရှိသည့်ပစ္စည်းဖြစ်ရမည်။

၃။ မီးသတ်ယာဉ်ရပ်ရန်နေရာသည် တန် ၄၀ အလေးချိန်ရှိသော မီးသတ်ယာဉ်၏ဝန်ကိုခံနိုင်ရည် ရှိရန် တည်ဆောက်ထားရမည်။ ဘေးပတ်ဝန်းကျင်သက်ရောက်မှုများအတွက် ဘီးနှင့်ဂျိုက်၏ဝန်ကို သီးခြားစဉ်းစားရမည်။

၄။ မီးသတ်ယာဉ်ရပ်ရန်နေရာအတွက်ဝင်ရိုးဝန်မှာ အောက်ပါအတိုင်းဖြစ်သည်-

ရှေ့ဝင်ရိုး	**၇၅၀၀ ကီလိုဂရမ်**	**၂ဘီး**
နောက်ဝင်ရိုး	၂၁၀၀၀ ကီလိုဂရမ်	၈ဘီး

၅။ ဘေးပတ်ဝန်းကျင်သက်ရောက်မှုများအတွက် ဂျိုက်၏ဝန်သည် ၉၂၃ စတုရန်းစင်တီမီတာ ရှိသော ထောင့်မှန်ကျဧရိယာတစ်ခုတွင် ညီမျှစွာကျရောက်သည်ဟု ယူဆရမည်။

၆။ ဂျိုက်တစ်ခုတွင် အများဆုံးကျရောက်သည့်ဖိအားသည် တစ်စတုရန်းစင်တီမီတာတွင် ၈၀ နယူတန် ထက်မပိုရ။

၇။ သင့်လျော်သည့်ပစ္စည်းများဖြင့်သာ ခံနိုင်ရည်ရှိစေရန်ပြုလုပ်ထားသည့် မီးသတ်ယာဉ်ရပ်ရန်နေရာအတွက် အပိုသက်ရောက်နိုင်ရမည့်ဝန်မှာ (တိကျသောတွက်ချက်မှုများမရှိပါက) အနည်းဆုံး တစ်စတုရန်းမီတာတွင် ၁၀ ကီလိုနယူတန်ရှိရမည်။

နောက်ဆက်တွဲ (၆)

လောင်စာဆီအရောင်းဆိုင်များဆိုင်ရာ မီးဘေးအန္တရာယ်ကင်းရှင်းစေရေးပြဋ္ဌာန်းချက်များ

၁။ ဓာတ်ဆီ(လောင်စာဆီ)ဆိုင်များသည် လူနေထူထပ်သည့်နေရာများဖြစ်သော မြို့တွင်းနေရာများ၊ ရပ်ကွက်များ၊ အရေးကြီးအဆောက်အအုံများနှင့် အခြားအရေးပါသော လုပ်ငန်းအဆောက်အအုံများနှင့် ဝေးသောနေရာတွင်ရှိရမည်။ လူနေထူထပ်သည့်နေရာများအား အောက်ပါဇယားတွင် ဖော်ပြထားသည်-

ဇယား (၆.၁) လူနေထူထပ်သည့်နေရာများ

စဉ်	လူနေထူထပ်သည့်နေရာများ
(၁)	ဝတ်ပြုဆုတောင်းရာနေရာများ
(၂)	စာသင်ကျောင်းများ
(၃)	ဆေးရုံများ
(၄)	စျေးဝယ်စင်တာ/အရောင်းဆိုင်များ
(၅)	ဟိုတယ်များ
(၆)	ရုံးများ
(၇)	မြို့တွင်းနေရာများ
(၈)	ရပ်ကွက် ခန်းမ၊(သို့မဟုတ်)ရိပ်သာ
(၉)	ရုပ်ရှင်ရုံ/ဇာတ်ရုံများ
(၁၀)	ဘတ်စ်ကားကူးပြောင်းရာနေရာများ
(၁၁)	မြို့ပတ်ရထားဘူတာရုံများ
(၁၂)	ရပ်ရွာဓမ္မာရုံ/ရိပ်သာများ
(၁၃)	အဝေးပြေးကားဂိတ်များ
(၁၄)	လေဆိပ်
(၁၅)	ကွန်ဗင်းရှင်းစင်တာ
(၁၆)	ခင်းကျင်းပြသရာနေရာများ
(၁၇)	စားသောက်ဆိုင်/ အသင့်စားစားသောက်ဆိုင်များ/ ဒစ်စကို ကလပ်များ/ နိုက်ကလပ်များ
(၁၈)	ပန်းချီပြခန်း/ ပြတိုက်
(၁၉)	အားကစားရုံ၊ အားကစားကွင်း
(၂၀)	ရေကူးကန်များ

စဉ်	လူနေထူထပ်သည့်နေရာများ
(၂၁)	အကောက်ခွန်စစ်ဆေးရာနေရာများ
(၂၂)	ကစားကွင်းများ၊ ပန်းခြံများ
(၂၃)	အပန်းဖြေနားနေစခန်းပရိဝုဏ်များ
(၂၄)	လက်မှတ်ဖြင့်ဝင်ရသော လူနေထူထပ်သည့်နေရာများ (ဥပမာ- ကစားကွင်း၊ ပန်းခြံ စသည်)

၂။ လောင်စာဆီအရောင်းဆိုင်နယ်နိမိတ်မျဉ်းမှ အခြားလူနေအဆောက်အအုံများနှင့် လူနေထူထပ်သည့်နေရာများအထိ အကွာအဝေးသည် အောက်ပါအတိုင်းအတာများအတိုင်းဖြစ်ရမည်-

(က) လူနေအဆောက်အဦများ -၅၀မီတာ

(ခ) လူနေထူထပ်သည့်နေရာများ - ၉၀မီတာ

၃။ လောင်စာဆီ အရောင်းဆိုင်များသို့ ဦးတည်သွားရောက်မည့် လောင်စာဆီတင်ယာဉ်များ အတွက်လမ်းကြောင်းသည် ဇယား (၆.၁) တွင် ဖော်ပြထားသောနေရာများအနီးမှ ဖြတ်၍မသွားရ။

၄။ အရောင်းဆိုင်သည် သီးခြားတည်ရှိရမည်ဖြစ်ပြီး ဓာတ်ဆီ (လောင်စာဆီ) ထုတ်ပေးခြင်းသည် မြေညီထပ်တွင်သာ ပြုလုပ်ရမည်။

၅။ လောင်စာဆီအရောင်းဆိုင်နှင့်တွဲ၍ဖွင့်လှစ်ထားရှိသော အချိန်မရွေးဝယ်ယူနိုင်သည့်စတိုးဆိုင်များ၏ဧရိယာအား ၁၅၀ စတုရန်းမီတာအထိသာခွင့်ပြုသည်။

၆။ လောင်စာဆီအရောင်းဆိုင်များ ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ မီးသတ်ဦးစီးဌာနနှင့် ဆွေးနွေးတိုင်ပင်ပြီး အတည်ပြုချက်ရယူရမည်။

၇။ လောင်စာဆီအရောင်းဆိုင်များတွင်ထားရှိသော ဓာတ်ဆီ(လောင်စာဆီ)အမျိုးအစားအားလုံး အတွက် သိုလှောင်ကန်များကို မြေအောက်တွင်ထားရှိရမည်။

၈။ မြေအောက်ဆီသိုလှောင်ကန်အားလုံး၏သိုလှောင်နိုင်သည့်ပမာဏသည် ၁၂၀၀၀၀လီတာထက် မပိုရ။

၉။ သိုလှောင်ကန်ဒီဇိုင်းရေးဆွဲခြင်း၊ တည်ဆောက်ခြင်း၊ တပ်ဆင်ခြင်းနှင့် စမ်းသပ်ခြင်းများ ပြုလုပ်ရာတွင် အောက်ပါစံနှုန်းများ သို့မဟုတ် ၎င်းနှင့်အရည်အသွေးတူညီသော စံနှုန်းများနှင့် ကိုက်ညီရမည်-

(က) BS 2594 - ကာဗွန်စတီးဂဟေဆက်ထားသော ရေပြင်ညီ ဆလင်ဒါပုံ သိုလှောင်ကန်များ။

(ခ) အာမခံသူဓာတ်ခွဲခန်းများ (UL 58)- မီးတောက်နိုင်သော၊ မီးလောင်လွယ်သော အရည်များအတွက် သံမဏိမြေအောက်သိုလှောင်ကန်များ။

(ဂ) သြစတြေးလျစံနှုန်းအဖွဲ့(၁၉၆၂)-မီးတောက်နိုင်သော၊ မီးလောင်လွယ်သောအရည်များအတွက် သံမဏိမြေအောက်သိုလှောင်ကန်များ။

(ဃ) NFPA 30- မီးတောက်နိုင်သော၊ မီးလောင်လွယ်သောအရည်များဆိုင်ရာ စံချိန်၊ စံနှုန်းများ။

၁၀။ မြေအောက်သိုလှောင်ကန်များအားလုံးသည်အောက်ပါပြဋ္ဌာန်းချက်များနှင့်အညီဖြစ်ရမည်-

(က) မြေအောက်သိုလှောင်ကန်အပေါ်ရှိ လမ်းမျက်နှာပြင်သည် သက်ရောက်မှုမြင့်သော ဝန်အားများကိုခံနိုင်ရည်ရှိရန်နှင့် ၎င်းသိုလှောင်ကန်အား မထိခိုက်စေရန် ၁၅၀ မီလီမီတာထက်မနည်းသော သတ်မှတ်အထူရှိသည့် သံကူကွန်ကရစ်အမျိုးအစားဖြစ်ရမည်။

(ခ) လမ်းမျက်နှာပြင်မှ သိုလှောင်ကန်အပေါ်အထိရှိရမည့် အနက်မှာ ၄၅၀ မီလီမီတာထက်မနည်းရ။

(ဂ) လမ်းမျက်နှာပြင်မှ ရေဝင်ရောက်မှုများအား တားဆီးရန်နှင့် သက်ရောက်မှုမြင့်သော ဝန်အားများကိုခံနိုင်ရည်အလုံအလောက်ရှိစေရန် ဝင်ထွက်ပေါက်တစ်ခုစီအား မြေပြင်အထက်သို့မြှင့်၍ ရေလုံသောအဖုံးအကာတစ်ခုဖြင့် တပ်ဆင်ထားရမည်။

၁၁။ မြေအောက်သိုလှောင်ကန်မှ အဆောက်အအုံ၏ခြံစည်းရိုးအထိ အနည်းဆုံး ၂.၅ မီတာ၊ အဆောက်အအုံအုတ်မြစ်အထိ အနည်းဆုံး ၁ မီတာ အသီးသီးကွာဝေးရမည်။



ပုံ (၆.၁)

၁၂။ မြေအောက်သိုလှောင်ကန်များနှင့် ဆက်စပ်လျက်ရှိသော ပိုက်စနစ်များအား တိုက်စားမှုဒဏ်မှကာကွယ်ရန် အောက်ပါနည်းလမ်းများအနက်မှ အနည်းဆုံးတစ်ခုအား အသုံးပြုရမည်-

(က) အကာအကွယ်ဖြင့် ဖုံးအုပ်ခြင်း သို့မဟုတ် ထုပ်ပိုးခြင်း။

(ခ) ဓာတ်မတိုင် ကာကွယ်ခြင်း။

(ဂ) တိုက်စားမှုဒဏ်ခံနိုင်ရည်ရှိသောပစ္စည်းများဖြင့် ဆောက်လုပ်ခြင်း။

၁၃။ သိုလှောင်ကန်တစ်ခုစီတွင် လောင်စာအရည်၏အထက်တွင်ရှိသော အငွေ့လွှာအတွက် အငွေ့ထုတ်ပေါက်တစ်ခုအား ပူးတွဲတပ်ဆင်ထားရှိရမည်။

၁၄။ အငွေ့ထုတ်ပေါက်၏အတွင်းပိုင်းအချင်းသည် အနည်းဆုံး ၃၈ မီလီမီတာ ရှိရမည်။

၁၅။ သိုလှောင်ကန်အငွေ့ထုတ်ပေါက်အဆက်နှင့်အပြင်သို့အငွေ့ထုတ်သောနေရာအကြားရှိ အငွေ့ထုတ်ပိုက်သည် အောက်ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

(က) အငွေ့ထုတ်ပိုက်သည် သိုလှောင်ကန်ဆီသို့ တစ်သမတ်တည်းနိမ့်ဆင်းသွားရမည်ဖြစ်ပြီး လျှောစောက်သည် ၁:၄၀ ထက်မနည်းရ။

(ခ) အငွေ့ထုတ်ပိုက်သည် အဆောက်အအုံ၏အုတ်မြစ်များကို ဖြတ်သွားခြင်းမရှိရ။ သို့သော် အဆောက်အအုံ၏ အခြားသောကွန်ကရစ် အစိတ်အပိုင်းများအတွင်း မြှုပ်ထားနိုင်သည်။

(ဂ) အင်္ဂေ့ထုတ်ပိုက်အားကွန်ကရစ်အတွင်းမြှုပ်၍သော်လည်းကောင်း၊ မြေမြှုပ်သွယ်တန်း၍သော်လည်းကောင်း ထားရှိနိုင်သည်။ မြေမြှုပ်သွယ်တန်းထားလျှင်အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(၁) မြေပြင်အောက် အနက် ၃၀၀ မီလီမီတာထက်မနည်းသောနေရာတွင် ထားရှိရမည်။

(၂) သန့်စင်သောသဲများ သို့မဟုတ် တိုက်စားမှုဒဏ်ကိုကာကွယ်ပေးနိုင်သောပစ္စည်းများဖြင့် ဖုံးအုပ်ထားပါသည်။

(၃) ယာဉ်သွားလာရာလမ်းကြောင်းများတွင်ထားရှိမည်ဆိုပါက သင့်လျော်သော အကာအကွယ်ပြုလုပ်ထားရမည်။

(ဃ) အင်္ဂေ့ထုတ်ပိုက်နှင့် ပိုက်အဆုံးသတ်နေရာများအား ပုံမှန်လုပ်ငန်းများကြောင့် အန္တရာယ်မဖြစ်စေရန် အကာအကွယ်ပြုလုပ်ထားရမည်။

(င) အင်္ဂေ့ထုတ်ပိုက်တစ်လျှောက်လုံး ယိုစိမ့်မှုမရှိစေရ။

(စ) မြေအောက်သိုလှောင်ကန်အားလုံး သို့မဟုတ် သိုလှောင်ကန်အတွင်းရှိအကန့်အားလုံး၌ သီးခြားအင်္ဂေ့ထုတ်ပေါက်တစ်ခုစီ ရှိရမည်။



ပုံ (၆.၂)

၁၆။ အင်္ဂေ့ထုတ်ပေါက်တည်နေရာသည် အောက်ပါပြဋ္ဌာန်းချက်များနှင့်ကိုက်ညီရမည်-

(က) ထုတ်လွှတ်သည့်အလျင်၊ ဦးတည်ရာနှင့်တည်နေရာတို့သည် အင်္ဂေ့များကြောင့် ပတ်ဝန်းကျင်အား အန္တရာယ်မဖြစ်စေနိုင်သောအနေအထားတွင်ရှိရမည်။

(ခ) အင်္ဂေ့ထုတ်ပေါက်သည် အဆောက်အအုံတစ်ခု၏ နယ်နိမိတ်နှင့် ပြတင်းပေါက်၊ တံခါးပေါက်၊ လေဝင်လေထွက်ပေါက်၊လေအေးပေးစက်နှင့်လေသွင်းပေါက်စသည့်အပေါက်များနှင့် အနည်းဆုံး ၅ မီတာ ကွာဝေးရမည်။

(ဂ) အင်္ဂေ့ထုတ်ပေါက်သည် လေထုအတွင်းသို့ ထုတ်လွှတ်ရမည်ဖြစ်ပြီး မြေပြင်အထက် အနည်းဆုံး ၄ မီတာ အမြင့်တွင်ရှိရမည်။



ပုံ (၆.၃)

၁၇။ အခြားပြင်ပအရာဝတ္ထုများ ဝင်ရောက်ခြင်းမှကာကွယ်နိုင်ရန်အတွက် အင်္ဂေ့ထုတ်ပေါက်၏ အဝတွင် ဆန်ကာကွက်များ တပ်ဆင်ထားရမည်ဖြစ်ပြီး အင်္ဂေ့များထွက်သွားနိုင်စေရန် အပေါ်ဘက်သို့တည့်မတ်စွာ ထောင်ထားရမည်။ အင်္ဂေ့ထုတ်ပေါက်အား အင်္ဂေ့ပြန်လည်စုဆောင်းသည့်စနစ်ဖြင့် ချိတ်ဆက်ထားရမည်။

၁၈။ လောင်စာဆီသယ်ယာဉ်မှ သိုလှောင်ကန်သို့ ဆီဖြည့်တင်းရန် ချိတ်ဆက်သောအခါ အင်္ဂေ့လုံသော အဆက်ဖြင့်ဆက်ထားရမည်။ ဆီဖြည့်ပေါက်တွင် သော့ပိတ်၍ရသောအဖုံးတစ်ခုဖြင့် ကာကွယ်ထားရမည်။

၁၉။ ဆီသယ်ယာဉ်များမှ သိုလှောင်ကန်များသို့ဆီဖြည့်ပေးရန်အတွက် ထားရှိသည့်ဆီဖြည့်ပေါက်များ၏ တည်နေရာသည် အောက်ပါပြဋ္ဌာန်းချက်များနှင့်ကိုက်ညီရမည်-

(က) ဆီသယ်ယာဉ်မှဆီဖြည့်ရာနေရာသို့ ဆက်သွယ်မည့်ပိုက်များ၏အရှည်သည် ၅ မီတာ ထက် မပိုရ။

(ခ) ဆီဖြည့်ပေါက်များအား မတော်တဆထိခိုက်မှု၊ပျက်စီးမှုများမှ ကာကွယ်ရန်အတွက် အရံအတား သို့မဟုတ် အခြားလိုအပ်သော အကာအကွယ်များတပ်ဆင်ထားရမည်။

(ဂ) ဆီအမျိုးအစား (၁၊၂၊၃) သိုလှောင်သည့် သိုလှောင်ကန်၏ ဆီဖြည့်ပေါက်သည် အခြား အဆောက်အအုံများ၏ နယ်နိမိတ်၊ အပေါက်များမှ အနည်းဆုံး ၃ မီတာကွာဝေးသော လေဟာပြင်အတွင်းဖြစ်ရမည်။ အကွာအဝေး ၃ မီတာ ထားရှိရန်မဖြစ်နိုင်ပါက မီးလောင်မလွယ်သော အရာဝတ္ထုဖြင့်ပြုလုပ်ထားသည့်အင့်တားကိရိယာထားရှိ အသုံးပြုရမည်။ ထိုအင့်တားကိရိယာသည် ဆီဖြည့်ပေါက်၏ အလယ်မှအထက် ၅၀၀ မီလီမီတာ ထက်မနည်းရ။ အင့်တားကိရိယာသည် နယ်နိမိတ်မျဉ်းမှ အနည်းဆုံး ၁ မီတာကွာဝေးရမည်။ အင့်တားကိရိယာအား ရေပြင်ညီတိုင်းတာလျှင် အပြင်ဘက်ဆုံးဆီဖြည့်ပေါက်၏အလယ်မှ အဆောက်အအုံ၏ နယ်နိမိတ်အထိ အကွာအဝေးမှာ ၃ မီတာရှိရမည်။

(ဃ) လောင်စာဆီတင်ယာဉ်ရပ်နား၍ ဆီဖြည့်ရန်သတ်မှတ်ထားသောနေရာ၏အစွန်းသည် အဆောက်အအုံများ၏နယ်နိမိတ်၊ အပေါက်များမှ အနည်းဆုံး ၃ မီတာ အကွာတွင် ရှိရမည်။

(င) မြေအောက်ဆီလှောင်ကန်အတွက်ဆီဖြည့်ပေါက်အားဆီသယ်ယာဉ်များအဝင်အထွက် ပြုလုပ်သည့်လမ်းကြောင်း၊ (ဆီဆိုင်၏ဝင်ပေါက်မှထွက်ပေါက်အထိ)မည်သည့်အတား အဆီးမျှမရှိသောနေရာတွင်ထားရှိရမည်။



ပုံ (၆.၄)

၂၀။ သင့်လျော်သောပိုက် ဒီဇိုင်းရေးဆွဲခြင်း၊ တပ်ဆင်ခြင်း၊ တည်ဆောက်ခြင်း၊ စမ်းသပ်ခြင်းနှင့် စစ်ဆေးခြင်းတို့ ပြုလုပ်ရာတွင် အလုပ်လုပ်ချိန်ရှိခန့်မှန်းဖိအားအပူချိန်၊ အဆောက်အအုံ၏ဖိအားများနှင့် ကိုက်ညီရမည်ဖြစ်ပြီး သက်ဆိုင်ရာနိုင်ငံတကာစံနှုန်းများအတိုင်း ထားရှိရမည်။

၂၁။ ပိုက်ဆက်သွယ်တန်းခြင်း၊ တပ်ဆင်ခြင်းတို့တွင် အသုံးပြုသည့်ပစ္စည်းများသည် အောက်ပါအသုံးပြုမှုအခြေအနေများအတွက် သင့်လျော်မှုရှိရမည်-

(က) လောင်စာဆီအမျိုးအစားအလိုက် သို့မဟုတ် ဆက်သွယ်မည့်အခြားအစိတ်အပိုင်းများ၏အမျိုးအစားများနှင့် ကိုက်ညီမှုရှိရမည်။

(ခ) ထိတွေ့နိုင်သည့် အပူဒဏ်ကို ခံနိုင်ရည်ရှိရမည်။

(ဂ) တိုက်စားမှုဒဏ်ခံနိုင်ရည်သည် လုံလောက်သောသက်တမ်းတစ်ခုရှိရမည်။

၂၂။ ပြွန်အရှင်များ၊ ပိုက် သို့မဟုတ် ပိုက်ပျော့ကို အောက်ပါအခြေအနေများတွင်သာ အသုံးပြုနိုင်သည်-

(က) ရွှေလျားမှုများအတွက်ဖြစ်စေ၊ တုန်ခါမှုသက်ရောက်ခြင်းများအား လျှော့ချရန်အတွက်ဖြစ်စေ ရှောင်လွှဲ၍မရနိုင်သည့်အခြေအနေများတွင် အသုံးပြုနိုင်သည်။

(ခ) ပြွန်များအား ကွေးနိုင်ဆန့်နိုင်သော သတ္တု၊ သတ္တုအားဖြည့်၊ သံအကာ သို့မဟုတ် လုပ်ငန်းဆောင်ရွက်စဉ်ဖိအား၊အပူချိန်နှင့်ကိုင်တွယ်နိုင်သောအရည်များနှင့် သင့်လျော်သော အခြားဆောက်လုပ်ရေးသုံးပစ္စည်းများနှင့်တည်ဆောက်ရမည်။

၂၃။ အောက်ပါဒီဇိုင်းသတ်မှတ်ချက်များကို ပိုက်သွယ်တန်းခြင်းနှင့်တပ်ဆင်ခြင်းပြုလုပ်လျှင် ထည့်သွင်းစဉ်းစားရမည်-

(က) တပ်ဆင်ရာတွင် အဝင်အထွက် လမ်းကြောင်းအားလုံးအတွက် လိုအပ်ချက်များအား ထည့်သွင်း တွက်ချက်ရမည်ဖြစ်ပြီး မီးသတ်ယာဉ်ရပ်ရန်နေရာအား အဟန့်အတားမဖြစ်စေရ။

(ခ) ပိုက်များ၏ကျုံ့ခြင်း၊ ဆန့်ခြင်းများနှင့် ပိုက်စနစ်တွင်ပါဝင်သည့် အခြားသောပစ္စည်းများအတွက် လိုအပ်သည့်နေရာတိုင်းတွင် ကြိုတင်စီမံထားရှိရမည်။

(ဂ) မြေအောက်တွင်မြှုပ်ထားသောပိုက်များကို ဝန်အားအလွန်အမင်းပိမိခြင်း၊ မြေပြိုခြင်းစသည်တို့မှ ကာကွယ်ထားရမည်။

(ဃ) လျှပ်စစ်အန္တရာယ်မှ အကာအကွယ်ပြုလုပ်ခြင်းနှင့် မိုးကြိုးလွှဲများအား တပ်ဆင်ထားရှိရန်လိုအပ်သည်။

၂၄။ ပန့်အားမောင်းနှင်သည့်မော်တာ သို့မဟုတ် အင်ဂျင်တွင်အသုံးပြုမည့်လောင်စာဆီအမျိုးအစား သည် ခွင့်ပြုထားသည့် လောင်စာဆီအမျိုးအစားဖြစ်ရမည်။

၂၅။ လောင်စာဆီအရောင်းဆိုင်များရှိ လောင်စာဆီဖြည့်တင်းသောနေရာသည် လေဝင်/လေထွက် ရရှိနိုင်မည့်လေဟာပြင်တွင်ရှိရမည်။ လောင်စာဆီဖြည့်တင်းမည့်ယာဉ်များ၏ အစိတ်အပိုင်းအားလုံး သည် အရောင်းဆိုင်ပရိဝုဏ်အတွင်း၌ရှိရမည်ဖြစ်ပြီး ဆီဖြည့်တင်းသောနေရာအား အဆောက်အအုံ များ၊ အများပြည်သူသွားလာရာလမ်း သို့မဟုတ် နယ်နိမိတ်များမှ အနည်းဆုံး ၆ မီတာ အကွာအဝေး တွင် ထားရှိရမည်။



ပုံ (၆.၅)

၂၆။ အရေးပေါ်အခြေအနေတွင် လောင်စာဆီဖြည့်တင်းပေးသောကိရိယာသို့ အဝေးထိန်းပန့်စနစ် အပါအဝင် လျှပ်စစ်ဓာတ်အားပေးပို့မှုကို ဖြတ်တောက်ပေးသောခလုတ် သို့မဟုတ် လျှပ်စီးပတ်လမ်း ဖြတ်တောက်ကိရိယာကို လောင်စာဆီဖြည့်တင်းပေးသောနေရာမှ ၆ မီတာ ထက်မနည်း၊ ၁၅ မီတာ ထက်မပိုသော အကွာအဝေးတွင် ထားရှိရမည်။ ဖြတ်တောက်ခလုတ်အနီးတွင် "အရေးပေါ် ဖြတ် တောက်ရန်" ဟူသောစာသားပါရှိသည့် သင်္ကေတတစ်ခုထားရှိရမည်။



ပုံ (၆.၆)

၂၇။ လောင်စာဆီအား မြေအောက်ကန်မှထုတ်ယူရာတွင် စီးနှုန်းကိုထိန်းချုပ်ထားပြီး ယိုစိမ့်မှု သို့မဟုတ် အပြင်သို့မတော်တဆထုတ်လွှတ်မှုကို ကာကွယ်ထားသည့် အသေတပ်ဆင်ဒီဇိုင်း ပြုလုပ်ထားသော ပန့်ဖြင့်ရွှေ့ပြောင်းရမည်။

၂၈။ လောင်စာဆီဖြည့်တင်းပေးသောနေရာနှင့်ပတ်သက်၍ပန့်ခေါင်းအား ၎င်း၏ချိတ်ကွင်းမှထုတ်ခြင်းဖြင့်သော်လည်းကောင်း၊ပုံမှန်အနေအထားမှရွှေ့ပြောင်းခြင်းဖြင့်သော်လည်းကောင်း၊ လူအားဖြင့်ဖွင့်ပေးသောအခါမှတွင်လည်းကောင်း ပန့်စတင်လည်ပတ်နိုင်ရန် ထိန်းချုပ်မှုတစ်ခုထားရှိရမည်။ ပန့်ခေါင်းအားမူလအခြေအနေသို့ ပြန်လည်ထားရှိချိန်တွင်လည်းကောင်း၊ ချိတ်ကွင်းအတွင်းသို့ ပြန်လည်ထည့်သွင်းချိန်တွင်လည်းကောင်း ပန့်လည်ပတ်မှုအားရပ်တန့်ရန်ထိန်းချုပ်နိုင်ရမည်။

၂၉။ လောင်စာဆီထုတ်ပေးသောနေရာနှင့် ၎င်း၏ပိုက်များအား ကွန်ကရစ်ခုံအမြင့်ပေါ်၌တပ်ဆင်ထားရမည်။ အဆိုပါခုံအား မြေပြင်အထက်အနည်းဆုံး ၁၅၀မီလီမီတာ မြှင့်ထားရမည်ဖြစ်ပြီး ဘေးနှစ်ဖက်လုံးတွင်အနည်းဆုံး ၃၀၀ မီလီမီတာ ချဲ့ထုတ်ထားရမည်။ လောင်စာဆီထုတ်ပေးသော နေရာမှ ဘေးဘက်ခုံအစွန်းအထိ ရေပြင်ညီတိုင်းလျှင် အနည်းဆုံး ၅၀၀ မီလီမီတာ ရှိရမည်။



ပုံ (၆.၇)

၃၀။ လောင်စာဆီအရောင်းဆိုင်ရှိ ပိုက်ပျော့အရှည်သည် အများဆုံး ၅ မီတာရှိရမည်။ ပိုက်အား ထိခိုက်မှုမရှိစေရန် လုံခြုံစွာထားရှိရမည်။

၃၁။ လောင်စာဆီထုတ်ပေးရာတွင် အသုံးပြုသောပိုက်ခေါင်းသည် ယာဉ်၏ဆီကန်ပြည့်လျှင် အလိုအလျောက်ပိတ်သော အမျိုးအစားဖြစ်ရမည်။

၂၂။ လောင်စာဆီထုတ်ပေးသော ယူနစ်တစ်ခုချင်းစီသည် အရေးပေါ် ဖြတ်တောက်ကိရိယာ တပ်ဆင်ထားရမည်။

၂၃။ မီးနှင့်ထိတွေ့လျှင် အလိုအလျောက်ပိတ်သွားစေရန်အတွက် ဒီဇိုင်းပြုလုပ်ထားသော အရေးပေါ်ဖြတ်တောက်ဗားတစ်ခုအား ဆီပေးပို့သောလိုင်း၏ အောက်ခြေတွင်လည်းကောင်း၊ လောင်စာဆီထုတ်ပေးသည့်စက်တစ်ခုစီ၏ ဆီသွင်းပေါက်တွင်လည်းကောင်း တပ်ဆင်ထားရမည်။ အဆိုပါဗားအား အလိုအလျောက် ပိတ်စေရမည်ဖြစ်ပြီး တစ်နှစ်လျှင်တစ်ကြိမ်စစ်ဆေးရမည်။

၂၄။ အဝေးထိန်းပန့်စနစ်သည် လောင်စာဆီများအား သိုလှောင်ကန်မှ ယူနစ်တစ်ခု သို့မဟုတ် ယူနစ်အများအပြားသို့ ထုတ်ပေးရာတွင် ယူနစ်ရှိပန့်ဖြင့်မဟုတ်ဘဲ အခြားနေရာတွင်ထားရှိသောပန့်များဖြင့် ရွှေ့ပြောင်းရာတွင် အသုံးပြုရမည်။

၂၅။ အလုပ်လုပ်နေစဉ် ခွင့်ပြုနိုင်သည့် ဖိအားထက်ကျော်လွန်သောဖိအားကို လက်မခံနိုင်သည့်ပုံစံဖြင့် ပန့်များအားဒီဇိုင်းပြုလုပ်ထားရမည်။

၂၆။ ပန့်များအား အဆောက်အအုံနယ်နိမိတ် သို့မဟုတ် အပေါက်များမှ ၃ မီတာ ထက်မနည်းသော အကွာအဝေးတွင် တပ်ဆင်ထားရှိရမည်။

၂၇။ ပန့်များ၏ မျက်နှာပြင်တစ်စိတ်တစ်ပိုင်းအတွက် ကျင်းအဖုံး သို့မဟုတ် အဖုံးအကာ သို့မဟုတ် တစ်စိတ်တစ်ပိုင်းမြှုပ်ထားနိုင်သော ပန့်များ၏ အင်ဂျင်စုထွက်ပေါက်များသည် ဤနောက်ဆက်တွဲပါ အပိုဒ် ၁၀နှင့်အညီဖြစ်ရမည်။

၂၈။ ကိုယ်တိုင်ထည့်စနစ်ဖြင့်ရောင်းချသော လောင်စာဆီအရောင်းဆိုင်များသည် အောက်ပါအချက်များနှင့်ကိုက်ညီရမည်-

(က) ကိုယ်တိုင်ထည့်စနစ် အရောင်းဆိုင်များတွင် ဆိုင်ဖွင့်ချိန်၌ အနည်းဆုံးတာဝန်ကျ အစောင့်တစ်ယောက်ရှိရမည်။ အစောင့်၏အဓိကတာဝန်မှာကြီးကြပ်ရန်၊ စောင့်ကြည့်ရန်နှင့် လောင်စာဆီထုတ်ခြင်းအားထိန်းချုပ်ရန်ဖြစ်သည်။ အစောင့်သည် အသက် ၁၈ နှစ်အထက်ဖြစ်ရမည်ဖြစ်ပြီးလောင်စာဆီများအားထိန်းချုပ်ရေးနှင့်ပတ်သက်၍ တရားဝင်သင်တန်း တက်ရောက်ပြီးသူဖြစ်ရမည်။

(ခ) လောင်စာဆီထုတ်ပေးသောစက်တိုင်းတွင် လုပ်ဆောင်ရမည့်အချက်များကို ရှင်းလင်းစွာကပ်ထားရမည်။

(ဂ) လောင်စာဆီထုတ်သောနေရာအား ငွေရှင်းကောင်တာနေရာမှ အချိန်တိုင်းတွင် ရှင်းလင်းစွာမြင်နိုင်ရမည်။ (အဝေးပန့်စနစ်အပါအဝင် လောင်စာဆီထုတ်ယူနစ်တစ်ခု ချင်းနှင့် အားလုံးအတွက် အရေးပေါ်ဖြတ်တောက်ကိရိယာထားရှိသည့်နေရာ)

(ဃ) ငွေရှင်းကောင်တာ၌ တာဝန်ရှိသူသည် လောင်စာဆီထုတ်ပေးသော နေရာရှိပုဂ္ဂိုလ်နှင့် အချိန်တိုင်းတွင် ဆက်သွယ်နိုင်ရန်အသံဖြင့်ဆက်သွယ်ရေးစနစ်ထားရှိရမည်။

(င) လောင်စာဆီအရောင်းဆိုင်များ၏ မျက်နှာစာ၊ အနောက်ဘက်နေရာ၊ လောင်စာဆီ ထုတ်ပေးသောနေရာနှင့် အခြားအရေးကြီးသော နေရာများအား မြင်နိုင်စေရန် လုံလောက်သော ကင်မရာအရေအတွက် တပ်ဆင်ထားရမည်။

(စ) လောင်စာဆီသယ်ယာဉ်မှ သိုလှောင်ကန်အတွင်းသို့ဆီဖြည့်ပေးနေသည့် အခြေအနေ များတွင် စက်သုံးဆီအရောင်းဆိုင်၏ ထွက်ပေါက်နှင့်ဝင်ပေါက်များ၌ လမ်းပိတ်ဝုတ် တိုင်များ၊ တားကြိုးများထားရှိရမည်။

(ဆ) လောင်စာဆီထုတ်ပေးသောနေရာ၏ အမိုးစွန်းမှ အခြားနယ်နိမိတ်မျဉ်းများသို့ပိုင်းခြား ထားသောအကွာအဝေးသည် မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်း သတ် မှတ်ချက်များ၏ အပိုဒ် ၁၉(ဂ)ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည် သို့မဟုတ် ၃ မီတာရှိရမည်ဖြစ်ပြီး ပိုဝေးသော အကွာအဝေးအားယူရမည်။



ပုံ (၆.၈)

၃၉။ အရေးပေါ်သတင်းအချက်အလက်အား ဖော်ပြပေးသောကားချပ်ကို လောင်စာဆီဖြည့်သော နေရာတွင် ထားရှိရမည်။

၄၀။ သတိပေးသင်္ကေတများအား အောက်ပါအတိုင်းထားရှိရမည်-

(က) "သတိ-စက်ရုပ်ထားပါ"၊ "ဖမိတာ အတွင်းဆေးလိပ်မသောက်ရ၊ မီးခြစ်အသုံးမပြုရ"၊ ဟူသော သတိပေးသင်္ကေတများကို လောင်စာဆီထုတ်ပေးသော နေရာတစ်ခုချင်းစီတွင်ကပ်ထားရမည်။ စာသားများကို ရှင်းလင်းမြင်သာအောင် ရေးသားဖော်ပြရမည်။

(ခ) သတိပေးစာသားများကို မြေပြင်မှအမြင့် ၁.၈ မီတာထက်မနည်း၊ ၂.၅ မီတာထက်မပိုသောနေရာတွင် ထားရှိရမည်။

၄၁။ ဆီဖြည့်တင်းပေးသော နေရာတစ်ခုစီတွင် အသိအမှတ်ပြုထားသော ၉ ကီလိုဂရမ် မီးသတ်ဆေးဘူးတစ်လုံး သို့မဟုတ် ၄.၅ ကီလိုဂရမ် မီးသတ်ဆေးဘူးနှစ်လုံး ထားရှိရမည်ဖြစ်ပြီး ၎င်းတို့ကို ရာသီဥတုဒဏ်မှ ကာကွယ်ထားရမည်။

၄၂။ စက်သုံးဆီ အရောင်းဆိုင်များအတွက် ထားရှိရမည့် အရေးပေါ်ရေပက်ပိုက်လိပ်ခွေသည် မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း၏ အခန်း(၇)ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

၄၃။ ယိုဖိတ်မှုများအား ရှင်းလင်းနိုင်ရန်အတွက် စုပ်ယူပစ္စည်း သို့မဟုတ် ၄၀လီတာ အနည်းဆုံး ဆန့်သောပုံးတစ်ပုံးအပြည့်ရှိသော သဲအနည်းငယ်ကို လောင်စာဆီအရောင်းဆိုင်တွင် ထားရှိရမည်။ ထိုစုပ်ယူပစ္စည်းများကို အဖုံးပါရှိသည့်ပိတ်ထားသော ပုံးအတွင်းထည့်ထားရမည်ဖြစ်ပြီး လက်လှမ်းမီသောနေရာတွင် ထားရှိရမည်။

၄၄။ မီးသတ်ရေငုတ်သည် မီးသတ်ယာဉ်ပတ်လမ်းမှ ၅၀ မီတာ အကွာအဝေးအတွင်းရှိရမည်။ မီးသတ်ယာဉ်ပတ်လမ်းအစွန်းမှ စက်သုံးဆီအရောင်းဆိုင်အဖြစ် အသုံးပြုနိုင်သောနေရာ၏ အဝေးဆုံးနေရာအထိ အမှန်တကယ်သွားရောက်ရမည့် အကွာအဝေးမှာ ၅၀ မီတာထက်မပိုရ။

နောက်ဆက်တွဲ (၇)
ကန့်သတ်ထိန်းချုပ်မှုမြင့်မားသောပစ္စည်းများအတွက် မီးဘေးလုံခြုံရေးပြဋ္ဌာန်းချက်များ
(ဇီဝပစ္စည်း - အန္တရာယ်ကင်းရေးအဆင့် ၃/၄)

၁။ ဤနောက်ဆက်တွဲအား ဇီဝဘေးအန္တရာယ်ကင်းရှင်းရေး အဆင့် ၃ နှင့် အထက်ရှိ ကန့်သတ်ထိန်းချုပ်မှု မြင့်မားသောနေရာများ သို့မဟုတ် ဇီဝပစ္စည်းများ သို့မဟုတ် အဆိပ်အတောက် ဖြစ်စေသော ပစ္စည်းများကိုကိုင်တွယ်အသုံးပြုရသည့် ဓာတ်ခွဲခန်းများအတွက် ဘေးအန္တရာယ်ကင်းရှင်းစေရန် ရေးဆွဲထားခြင်းဖြစ်သည်။

၂။ ကန့်သတ်ထိန်းချုပ်မှု မြင့်မားသောနေရာများဆိုသည်မှာ ဇီဝပစ္စည်းဘေးအန္တရာယ်ကင်းရှင်းရေးအဆင့် ၃ နှင့် ကန့်သတ်ထိန်းချုပ်မှု အမြင့်ဆုံးအဆင့် ၄ ဓာတ်ခွဲခန်း (ဓာတ်ခွဲခန်းများတွင် ထားရှိရသည့် သီးခြားနေရာလွတ်၊ စွန့်ပစ်ပစ္စည်းသန့်စင်ရေးနေရာနှင့် အဝင်ခန်း စသည်တို့အပါအဝင်) ကိုဆိုလိုသည်။

၃။ အဝင်ခန်းဆိုသည်မှာ ဇီဝပစ္စည်းဘေးအန္တရာယ်ကင်းရှင်းရေး အဆင့် ၃ နှင့် ကန့်သတ်ထိန်းချုပ်မှု အမြင့်ဆုံးအဆင့် ၄ ဓာတ်ခွဲခန်းများသို့မဝင်ရောက်မီ ရေချိုးသန့်စင်ခြင်းနှင့် အဝတ်လဲခြင်းများ ပြုလုပ်နိုင်သော အခန်းကိုဆိုလိုသည်။

၄။ ဇီဝပစ္စည်းဘေးအန္တရာယ် ကင်းရှင်းရေး အဆင့် ၃ နှင့်ကန့်သတ်ထိန်းချုပ်မှု အမြင့်ဆုံးအဆင့် ၄ ဓာတ်ခွဲခန်းအား မြေညီထပ်တွင်ထားရှိရမည်ဖြစ်ပြီး အဆောက်အအုံအတွင်းရှိ ပွင့်နေသော အခြားနေရာများနှင့် သီးခြားခွဲထားရမည်။

၅။ ဇီဝပစ္စည်းအန္တရာယ်ကင်းရှင်းရေးအဆင့်၃ သို့မဟုတ် အဆင့် ၄ ဟု သတ်မှတ်ထားသော စာလုံးများအား စီမံကိန်းခေါင်းစဉ်တွင် ရှင်းလင်းစွာဖော်ပြထားရမည်။ ၎င်းအပြင် ကန့်သတ်ထိန်းချုပ်ရေးနေရာများအတွက် တပ်ဆင်ထားသော မီးဘေးလုံခြုံရေးအစီအမံများအားလုံး၏ ညာဘက်ထိပ်စွန်းတွင် အနည်းဆုံး ၁၅ မီလီမီတာ အရွယ်အစားရှိသောအနီရောင်စာလုံးဖြင့် ရေးသားထားရမည်။

၆။ ရေဖျန်းစနစ်တပ်ဆင်ထားသော အဆောက်အအုံများရှိ ကန့်သတ်ထိန်းချုပ်မှု မြင့်မားသော နေရာများ (ဓာတ်ခွဲခန်းများတွင် ထားရှိရသည့် သီးခြားနေရာလွတ်၊ စွန့်ပစ်ပစ္စည်းသန့်စင်ရေးနေရာနှင့် အဝင်ခန်းစသည် တို့အပါအဝင်)နှင့် အခြားနေထိုင်အသုံးပြုသည့် နေရာများအကြား၌အနည်းဆုံး ၁ နာရီ မီးဒဏ်ခံနိုင်ရည်ရှိသော နံရံ၊ ကြမ်းခင်း၊ မျက်နှာကြက်တို့ဖြင့် အကန့်ကန့်ထားရမည်ဖြစ်ပြီး ရေဖျန်းစနစ်မတပ်ဆင်ထားပါက အနည်းဆုံး ၂ နာရီ မီးဒဏ်ခံအကန့်ကန့်ထားရမည်။

၇။ အကာအကွယ်ပေးထားသော အစိတ်အပိုင်းများအား အင်္ဂတေဖြင့် တည်ဆောက်နိုင်သကဲ့သို့ အပေါ့စားနံရံဖြင့်လည်းပြုလုပ်နိုင်သည်။ အပေါ့စားနံရံဖြင့် တည်ဆောက်မည်ဆိုပါက မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်ပါ အခန်း(၄)၊အပိုဒ် ၂၂(ဆ)(၂)နှင့် ကိုက်ညီရမည်။

၈။ ထိန်းချုပ်မှုမြင့်မားသောနေရာများသို့ မီးတားထားသော အခန်း သို့မဟုတ် ၁ နာရီ မီးဒဏ်ခံနိုင်ရည်ရှိသော အဝင်ခန်းမှတစ်ဆင့်ဝင်ရောက်ရမည်။ အဝင်ခန်းနှင့်အတူ မီးသတ်သမားဝင်ရောက်ရန်အခန်းငယ်အား ထားရှိနိုင်ပြီး အခန်းနှစ်ခုလုံးသည် အလုပ်လုပ်ရန်နေရာအကျယ် အနည်းဆုံး ၆ စတုရန်းမီတာ ရှိရမည်။ ဤမီးသတ်သမား ဝင်ရောက်ရန် အပိုအခန်းငယ်သည် ဧဝပစ္စည်းအန္တရာယ်ကင်းရှင်းရေးအဆင့် ၃ နှင့် အဆင့် ၄ တို့အတွက်သာဖြစ်ပြီး မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်ပါ အခန်း(၃)၊ အပိုဒ်၆(၃)(၂) နှင့်ကိုက်ညီရမည်။ မီးသတ်ရေထုတ်ပေါက် (Landing Valve) တွင် အရန်သင့်မီးသတ်ပိုက်လိပ်နှင့် အရေးပေါ်ရေပက်ပိုက်လိပ်ခွေကို မီးသတ်သမား ဝင်ရောက်ရန်အခန်းငယ်တွင် တပ်ဆင်ထားရမည်။

၉။ ဧဝဆေးဝါးပစ္စည်းများနှင့် ဆက်စပ်သည့်နေရာ သို့မဟုတ် အဆောက်အအုံတွင် အပြန်အလှန် အရေးပေါ်ဆက်သွယ်ရေးစနစ်အား တပ်ဆင်ထားပါက အဆိုပါစနစ်ကို မီးသတ်သမားဝင်ရောက်ရန် အခန်းငယ်အထိ တိုးချဲ့တပ်ဆင်ထားရမည်။

၁၀။ ထိန်းချုပ်မှု မြင့်မားသောနေရာများအား ရေဖျန်းစနစ်ဖြင့်ကာကွယ်ထားရမည်။ ရေဖျန်းစနစ်ဖြင့် ကာကွယ်ထားခြင်းမရှိသော အဆောက်အအုံများ၏ အပြင်နံရံ၏ အပြင်ဘက်တစ်လျှောက်တွင် မီးခိုးအာရုံခံကိရိယာများကိုတပ်ဆင်ထားရမည်။ဧဝပစ္စည်းအန္တရာယ်ကင်းရှင်းရေးအဆင့်၃ သို့မဟုတ် အဆင့် ၄ တို့အတွက် မီးဘေးကာကွယ်ရေးလမ်းကြောင်းများအား အလွယ်တကူမြင်နိုင်စေရန် ဇုန်တစ်ခုစီခွဲခြားထားရမည်။ မီးဘေးကာကွယ်ရေးစနစ်များကို အဆောက်အအုံ၏ မီးလှန့်အချက်ပေးစနစ်နှင့် ချိတ်ဆက်ထားရမည်ဖြစ်ပြီး ကန့်သတ်မှုမြင့်မားသောအခန်းများအတွင်း ရေဖြင့်မီးငြိမ်းသတ်ခြင်းအား လက်မခံနိုင်ပါက ရေဖျန်းစနစ်အစားခွင့်ပြုထားသော မီးငြိမ်းသတ်ရေးစနစ်ဖြင့် အစားထိုးနိုင်သည်။

၁၁။ သတိပေးလမ်းညွှန်သင်္ကေတများကို ဓာတ်ခွဲခန်းဝင်ပေါက်များနှင့် ထွက်ပေါက်များအားလုံးတွင် တပ်ဆင်ထားရှိရမည်။

၁၂။ “မီးလောင်ကျွမ်းခြင်း သို့မဟုတ် ရေယိုစိမ့်ခြင်းဖြစ်ပါက ညစ်ညမ်းရေစီးဆင်းခြင်းအား ထိန်းချုပ်နိုင်ရန် သက်ဆိုင်ရာဌာနသို့အသိပေးကြပါရန်”ဟူသောစာတမ်းကို ထိန်းချုပ်မှုမြင့်မားသောနေရာများအားလုံး၏ဝင်ပေါက်များတွင် ရေးသားထားရမည်။

နောက်ဆက်တွဲ (၈)
ဓာတ်ငွေ့ရည် (LPG) အိုးတပ်ဆင်ခြင်းအတွက် မီးဘေးလုံခြုံရေးပြဋ္ဌာန်းချက်များ

၁။ ဤနောက်ဆက်တွဲသည် ဓာတ်ငွေ့ရည်အိုးများအား အဆောက်အအုံအတွင်းနှင့် အပြင်နှစ်နေရာလုံးတွင် တပ်ဆင်ခြင်းအတွက်ဖြစ်သည်။ စီးပွားရေးဆိုင်ရာပရိဝုဏ်များ၊ စက်မှုလုပ်ငန်းပရိဝုဏ်များ၊ အိမ်ရာဝင်းများရှိ အစားအသောက် ရောင်းချသည့်နေရာများ၊ စားသောက်ဆိုင်တန်းများ၊ စားသောက်ဆိုင်များနှင့် ချက်ပြုတ်ရန် ဓာတ်ငွေ့ရည်အသုံးပြုသော အခြားစားသောက်ဆိုင်များ အားလုံးအတွက် ရည်ရွယ်သည်။ မီးအပူသုံးရသော လုပ်ငန်းများပါဝင်သည့် စက်မှုလက်မှုလုပ်ငန်းသုံးများအတွက်လည်းရည်ရွယ်သည်။

၂။ ကုန်သွယ်မှုလုပ်ငန်းနှင့် စက်မှုလုပ်ငန်းဆိုင်ရာ အဆောက်အအုံများအတွက် အပြင်ဘက်နှင့် မြေညီထပ်များတွင်သာဓာတ်ငွေ့ရည်အိုးများတပ်ဆင်အသုံးပြုရမည်။ မီးသတ်ဦးစီးဌာန၏ခွင့်ပြုချက်မရှိဘဲ ဓာတ်ငွေ့ရည်အိုးများကို အဆောက်အအုံအတွင်းထားရှိအသုံးမပြုရ။

၃။ လူနေတိုက်ခန်းများ၏ အိမ်အတွင်းတွင် အိမ်သုံးရန်ဓာတ်ငွေ့ရည် သိုလှောင်ထားရှိခြင်းအား အများဆုံး ၃၀ ကီလိုဂရမ် (၁၅ ကီလိုဂရမ်နှစ်အိုး) ကိုသာ ခွင့်ပြုသည်။ ဤမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များအပြင် NFPA 54 နှင့် NFPA 58 တို့ကိုကိုးကားရမည်။

၄။ ကုန်သွယ်မှုလုပ်ငန်းနှင့် စက်မှုလုပ်ငန်းပရိဝုဏ်များတွင် လောင်စာစနစ်နှင့် ပိုက်ဆက်သွယ်တန်းခြင်းတို့ အပါအဝင် ဓာတ်ငွေ့ရည်အိုးများ တပ်ဆင်ခြင်းအားလုံးကို မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနမှ ခွင့်ပြုချက်ရယူရမည်။ ဓာတ်ငွေ့ရည်အိုး တပ်ဆင်ခြင်းအတွက် ခွင့်ပြုချက်တောင်းခံရာတွင် အောက်ပါအချက်များ ပါဝင်ရမည်-

(က) အသုံးပြုမည့် ရေနံဓာတ်ငွေ့ရည်သိုလှောင်မှုနှင့် Manifold System အတွက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှအသိအမှတ်ပြုလက်မှတ်။

(ခ) တည်နေရာနှင့် ပတ်ဝန်းကျင်အနေအထားပြပုံ

(ဂ) Change-over valve၊ Vaporizer, Regulator, Emergency shut-off valve, Remote cut-off device, Knockout pot, Pipe entry နှင့် အခြားလုံခြုံရေးကိရိယာများ ပါဝင်ပြီး ရေနံဓာတ်ငွေ့ရည် အသုံးပြုမှုစနစ်အားလုံးကို ခြုံငုံပြသသောကားချပ်။

(ဃ) အောက်ပါတို့ကိုအသေးစိတ်ပြသသောအပေါ်စီးမှမြင်ရသောပုံနှင့် အဆောက်အအုံအား အပြင်ဘက်မှ မြင်ရသောပုံ-

(၁) ဓာတ်ငွေ့ရည်အိုး၏ တည်နေရာ၊ အရေအတွက်နှင့် ပမာဏ (ကီလိုဂရမ်)

(၂) အထောက်အကူပြုပစ္စည်း အသုံးအဆောင်များ၏ တည်နေရာများ (ဥပမာ- Vaporizer, Regulators,Emergency shut-off valve, Change-over valves, Remote cut-off device, Knock-out pot, Pipe entries)။

(၃) ရေနံဓာတ်ငွေ့ရည်အိုးများထားရှိရန်အခန်း(ဥပမာ-ပုံး၊ အကာအရံ၊ အကန့်နံရံ)

(၄) စည်းရိုးခတ်အခန်း အပွင့်နေရာများအားလုံး (တံခါးများ၊ လေဝင်ပေါက်များ၊ ပြတင်းပေါက်များ၊ ရေနုတ်မြောင်းများ၊လူဝင်ပေါက်များစသည်)နှင့် ရေနံဓာတ်ငွေ့ရည်အိုး တပ်ဆင်ထားသောနေရာနှင့်နီးသောထွက်ပေါက်များ။

(၅) မီးသတ်ရေငုတ်၊ မီးသတ်ယာဉ်ရပ်ရန်နေရာ၊ မီးသတ်ယာဉ်ပတ်လမ်း၊ မော်တော်ယာဉ်ရပ်ရန်နေရာ၊ အဆောက်အအုံနှင့်နယ်နိမိတ်မျဉ်းများ၊ မီးလောင်စေနိုင်သောရင်းမြစ်နေရာများ။

(၆) မီးဘေးလုံခြုံရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ (ဥပမာ-အရေးပေါ် ရေပက်ပိုက်လိပ်ခွေ၊ မီးသတ်ဆေးဗူး၊ ရေဖျန်းစနစ်၊ ဓာတ်ငွေ့ယိုစိမ့်မှုအာရုံခံကိရိယာ) ။

၅။ ရေနံဓာတ်ငွေ့ရည်အိုးများ တပ်ဆင်ခြင်းအတွက် စက်စွမ်းအားသုံး လေဝင်လေထွက်စနစ်သို့မဟုတ် မီးငြိမ်းသတ်ရေးစနစ်တစ်ခုခုအားအသုံးပြုထားသည်ဖြစ်စေ၊ထိုစနစ်နှစ်မျိုးလုံးအား အသုံးပြုထားသည်ဖြစ်စေ ၎င်းစနစ်များအား သီးခြားဖော်ပြထားသောပုံကို မီးသတ်ဦးစီးဌာနတွင် တင်ပြပြီး အတည်ပြုချက်ရယူရမည်။

၆။ ရေနံဓာတ်ငွေ့ရည်အားအသုံးပြုပြီးလုပ်ကိုင်သောလုပ်ငန်းများအတွက် ကျိုးကြောင်းဆီလျော်မှုနှင့် လက်တွေ့ကျမှုကိုအခြေခံပြီးအောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည်-

(က) လေဝင်လေထွက်လုံလောက်မှု။
(ခ) အခန်းတစ်ခန်းချင်းစီ၏အသုံးပြုမှုပမာဏ။
(ဂ) လွတ်မြောက်ရာလမ်းကြောင်းနှင့် သင့်လျော်သော နည်းလမ်းများ။
(ဃ) မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများထားရှိမှု။

၇။ ဆလင်ဒါနှင့် ၎င်းတို့၏ အထောက်အကူကိရိယာများအားလုံးကို ဤနောက်ဆက်တွဲ (က) တွင် ဖော်ပြထားသည့် သတ်မှတ်ပြဋ္ဌာန်းချက် သို့မဟုတ် စံနှုန်းများနှင့်အညီ တည်ဆောက်ပြုလုပ်စမ်းသပ်ရမည်။

၈။ မီးတားနံရံ သို့မဟုတ် ကြမ်းခင်းများကို ဖောက်ထားသော ပိုက်များအားလုံးကို မီးကူးစက်ခြင်း မရှိစေရန် ပြုလုပ်ထားရမည်။

၉။ တစ်စတုရန်းလက်မလျှင် ၂၀ ပေါင် (ခန့်မှန်းခြေ ၁၃၈ ကီလိုပါစကယ်) ထက် ကျော်လွန်သော ရေနံဓာတ်ငွေ့အရည် သို့မဟုတ် ရေနံဓာတ်ငွေ့များကို မည်သည့်အဆောက်အအုံတွင်းသို့မဆို ပိုက်ဖြင့်သွယ်တန်းခြင်းမပြုရ။

၁၀။ ရေနံဓာတ်ငွေ့ရည်အိုးတပ်ဆင်ရာတွင် အနည်းဆုံး B:C အဆင့်ရှိပြီး ၉ ကီလိုဂရမ် အနည်းဆုံးရှိသော ဓာတုဗေဒဆေးမှုန့် မီးသတ်ဆေးဘူးတစ်ဗူးထားရှိရမည်။

၁၁။ အရွယ်အစားအားဖြင့် ၈၀၀မီလီမီတာx၆၀၀မီလီမီတာရှိသော သတိပေးသင်္ကေတ သို့မဟုတ် ကြေညာဆိုင်းဘုတ်တစ်ခုအား ရေနံဓာတ်ငွေ့ရည်အိုးများတပ်ဆင်ထားရှိသည့် အခန်းရှေ့တွင် ထားရှိရမည်။ အဖြူရောင်အောက်ခံပေါ်တွင် အနီရောင်ဖြင့် စာလုံးအရွယ်အစား ၄၀ မီလီမီတာရှိသည့် ''ရေနံဓာတ်ငွေ့ရည်၊ မီးလောင်လွယ်သည်၊ ဆေးလိပ်မသောက်ရ၊ မီးခြစ်အသုံးမပြုရ" ဟူသော စာတန်းအား သတိပေးသင်္ကေတဆိုင်းဘုတ်၏ ဘယ်ဘက်ဘေးတွင် လူအများမြင်သာ သတိပြုနိုင်စေရန် ကပ်ထားရမည်။

၁၂။ ရေနံဓာတ်ငွေ့ရည်အိုးများအား အပြင်ဘက်တွင် တပ်ဆင်ခြင်းအတွက် ပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ရေနံဓာတ်ငွေ့ရည်အိုးများကို ခြောက်သွေ့သန့်ရှင်းပြီး ခိုင်ခံ့၍ ရေပြင်ညီသောနေရာတွင်ထားရမည်။ ဓာတ်ငွေ့ယိုစိမ့်မှုဘေးအန္တရာယ်ကင်းစေရန်နှင့် ဓာတ်ငွေ့လျင်မြန်စွာ ပျံ့နှံ့စေနိုင်ရန်လေဝင်/လေထွက်ကောင်းသောမြေညီထပ်တွင်ထားရမည်။ လျှောက်လမ်းများ၊ ထွက်ပေါက်များနှင့် နီးကပ်သောနေရာတွင်မထားရ။

(ခ) ထွက်ပေါက်တစ်ခုသာရှိသော အဆောက်အအုံများတွင် ရေနံဓာတ်ငွေ့ရည်အိုးများကို အဆောက်အအုံ လွတ်မြောက်ပေါက်လမ်းကြောင်းမှ ၃ မီတာ အတွင်းတွင် ထားရှိခြင်းမပြုရ။ ၃ မီတာအတွင်းထားရှိမည်ဆိုပါက လွတ်မြောက်ပေါက်လမ်းကြောင်းနှင့် ရေနံဓာတ်ငွေ့ရည်အိုးတပ်ဆင်မှုတို့အကြား ၂ နာရီ မီးဒဏ်ခံနိုင်သော အနည်းဆုံးအမြင့် ၁.၈ မီတာရှိအုတ်နံရံဖြင့် ကာရံထားရှိရမည်။

(ဂ) ထွက်ပေါက် တစ်ခုထက်ပိုသော အဆောက်အအုံများတွင် ရေနံဓာတ်ငွေ့ရည်အိုးများသည် ထွက်ပေါက်များအပါအဝင် အပွင့်နေရာများ (ပြတင်းပေါက်များ၊ တံခါးများ၊ လေဝင်/ လေထွက်ပေါက်များ၊ အခိုးထုတ်ပေါက်များစသည်) တို့နှင့်အနည်းဆုံး ၁

မီတာ ကွာဝေးရမည်။ ၁ မီတာ အကွာအဝေးအတွင်း ထားရှိမည်ဆိုပါက လွတ်မြောက်ပေါက်လမ်းကြောင်းနှင့် ရေနံဓာတ်ငွေ့ရည်အိုး တပ်ဆင်မှုတို့အကြား ၂ နာရီ မီးဒဏ်ခံနိုင်သော အနည်းဆုံးအမြင့် ၁.၈ မီတာရှိအုတ်နံရံဖြင့် ကာရံထားရှိရမည်။

(ဃ) ယာဉ်ရပ်နားရန်နေရာနှင့် အနည်းဆုံး ၃ မီတာကွာဝေးရမည်။

(c) ရေနံဓာတ်ငွေ့ရည်အိုးများကို Manifold System အစိတ်အပိုင်းအောက်ဘက်ရှိ လေဝင်ပေါက်မှ အနည်းဆုံး ၅ မီတာခန့် နှင့် အပေါ်ဘက်ရှိလေဝင်ပေါက်မှ ၁.၅ မီတာခန့်တွင် ရေပြင်ညီအတိုင်းထားရှိရမည်။

(စ) ပြတင်းပေါက်များနှင့် လေဝင်ပေါက်များ၏ အောက်ခြေနှင့် Manifold System သို့မဟုတ် ရေနံဓာတ်ငွေ့ရည်အိုး၏ အပေါ်ဘက်ထိပ်အကြားတွင် အနည်းဆုံး ၁၅၀ မီလီမီတာ အကွာအဝေးရှိစေရန် တပ်ဆင်ထားရှိရမည်။

(ဆ) စုစုပေါင်း ၆၀၀ ကီလိုဂရမ်ရှိသော ရေနံဓာတ်ငွေ့ရည်အိုးများကို ရေမြောင်းများ၊ ကျင်းများ၊ မြေအောက်ထပ်ရှိဝင်ပေါက်များကဲ့သို့သော ဖုံးအုပ်ထားခြင်းမရှိသည့်အပွင့်နေရာများ၏ အပေါ်ဘက်မှ အနည်းဆုံး ၁ မီတာ အကွာအဝေးတွင် ထားရှိရမည်။ စုစုပေါင်း ၆၀၀ ကီလိုဂရမ် အထက်ရှိသော ဓာတ်ငွေ့ရည်အိုးများအတွက် မဖုံးအုပ်ထားသည့် အပေါက်များမှ အနည်းဆုံး ၃ မီတာ အကွာအဝေးတွင်ရှိရမည်။

(ဇ) ရေနံဓာတ်ငွေ့ရည်အိုးများကို မီးသတ်ယာဉ်ရပ်ရန်နေရာနှင့် နယ်နိမိတ်မျဉ်းအတွင်း အနည်းဆုံး ၃ မီတာ အကွာအဝေးတွင် ထားရှိရမည်။

(စျ) ရေနံဓာတ်ငွေ့ရည်အိုးများကို မီးသတ်ရေငုတ်မှ အနည်းဆုံး ၁၅ မီတာအကွာအဝေးတွင် ထားရှိရမည်။

၁၃။ ရေနံဓာတ်ငွေ့ရည်အိုး တပ်ဆင်ထားခြင်းအား အောက်ပါအချက်များနှင့်အညီ ကာကွယ်ထားရမည်-

(က) အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင်ရှိသည့် ရေနံဓာတ်ငွေ့ရည်အိုးများအား မတော်တဆထိခိုက်ခြင်းနှင့် သွားရောက်ကိုင်တွယ်ခြင်းတို့မှ ကာကွယ်ရန် အနည်းဆုံး ၁.၈ မီတာအမြင့်ရှိသည့် သင့်လျော်သောအတားအဆီး သို့မဟုတ် မီးလောင်မလွယ်သောအရာများဖြင့် အကန့်ကန့်ထားရှိရမည်ဖြစ်ပြီး သေ့ခတ်ထားရမည်။

(ခ) ရေနံဓာတ်ငွေ့ရည်အိုးထားရှိသောနေရာမှ ၆ မီတာ အတွင်း မီးလောင်လွယ်သော၊ အဆိပ်ဖြစ်စေသော သို့မဟုတ် အောက်ဆီဂျင်နှင့်ဓာတ်တိုးစေသောပစ္စည်းများ မထားရှိရ။

၁၄။ ဓာတ်ငွေ့ရည်အိုး တပ်ဆင်ခြင်းအတွက် လုံခြုံရေးဆိုင်ရာပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လေအေးပေးစက် တပ်ဆင်ထားသောနေရာများအတွက် ရေနံဓာတ်ငွေ့ရည်ပိုက်များနှင့် အကူပစ္စည်းများထားရှိသည့် အဆောက်အအုံများ သို့မဟုတ် နေရာများတွင် ဓာတ်ငွေ့ယိုစိမ့်မှုအာရုံခံစနစ်အား ပင်မမီးလှန့်အချက်ပေးစနစ်ထိန်းချုပ်ပုံးနှင့် ချိတ်ဆက်ထားရမည်။ အဆိုပါစနစ်ကို လေထုတ်ပန်ကာစနစ်နှင့် Emergency shut-off valve ဖြင့် ချိတ်ဆက်ထားရမည်။

(ခ) မီးဖိုဆောင်တွင် တပ်ဆင်ထားသော မီးခြွမ်းသတ်ရေးစနစ် စတင်အချက်ပေးသည်နှင့် တစ်ပြိုင်နက်မီးဖိုဆောင်ရှိ ဓာတ်ငွေ့ရည်အသုံးပြုခြင်းကို အလိုအလျောက်ရပ်တန့်စေရမည်။

(ဂ) အဝေးထိန်း Emergency Shut-off Valve ကို ရေနံဓာတ်ငွေ့ရည်အိုးနှင့် ၁ မီတာအကွာတွင် တပ်ဆင်ထားရှိရမည်။ အရေးပေါ်အခြေအနေတွင် အလွယ်တကူ ဝင်ရောက်နိုင်ရန် သင့်လျော်သောအမြင့်တွင် ရှင်းလင်းစွာ အမှတ်အသားပြု၍ တပ်ဆင်ထားရှိရမည်။

(ဃ) ဆလင်ဒါ ထားရှိသည့်နေရာမှ ၃ မီတာအတွင်း မီးလောင်နိုင်စေသော ရင်းမြစ်များ (ignition source) မရှိရ။

(င) ဆလင်ဒါထားရှိသည့်နေရာမှ ၃ မီတာ အကွာအဝေးအတွင်း တပ်ဆင်ထားသော လျှပ်စစ်ကိရိယာများသည် မီးပွားပွင့်ထွက်ခြင်းမရှိသောပစ္စည်းများဖြစ်ရမည်။

(စ) Vaporizer များကို မီးဒဏ်ခံနိုင်သောသေတ္တာများနှင့် သီးခြားထားရှိသွယ်တန်းရမည်။ နံရံတွင် တပ်ဆင်ထားသော Vaporizer များကို ဓာတ်ငွေ့ရည်အိုးမှ ၆၀၀ မီလီမီတာ အကွာ၊ မြေပြင်မှအနည်းဆုံး ၁.၈ မီတာအမြင့်တွင် ထားရှိရမည်။

(ဆ) သီးခြားဖြစ်နေသော Manifold Systems နှစ်ခုကြားရှိ အကွာအဝေးသည် အနည်းဆုံး ၃ မီတာ ရှိရမည်ဖြစ်ပြီး ၂ နာရီ မီးဒဏ်ခံနိုင်သောနံရံဖြစ်ပါက အနီးဆုံးဆလင်ဒါ ၂ ခုကြား အကွာအဝေးသည်ၦင်းၧါတစ်ဝက်အထိ ထားရှိနိုင်သည်။

၁၅။ အစားအသောက်ဆိုင်တန်းများအတွက် အသုံးပြုမည့်အများဆုံး ၆၀၀ ကီလိုဂရမ် ရေနံဓာတ်ငွေ့ရည်အိုးများကိုအဆောက်အအုံနှင့်ကပ်လျက်ရှိ Manifold System တစ်ခုတည်းရှိသောနေရာတွင် တပ်ဆင်ထားရှိပါက အောက်ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်-

(က) ရေနံဓာတ်ငွေ့ရည်အိုး တပ်ဆင်မှုတစ်ခုစီအတွက် အကန့်နှစ်ကန့် ထားရှိခွင့်ပြုပြီး အကန့်တစ်ခုစီတွင် အများဆုံး ၅၀ ကီလိုဂရမ် ၆ လုံး ထားခွင့်ပြုသည်။

(ခ) အကန့်နှစ်ခုကြားရှိ အကွာအဝေးသည် အနည်းဆုံး ၆၀၀ မီလီမီတာရှိရမည်။

(ဂ) အဆောက်အအုံသည် မီးလောင်မလွယ်သောပစ္စည်းများဖြင့် တည်ဆောက်ရမည်ဖြစ်ပြီး နံရံသည် အနည်းဆုံး ၂ နာရီ မီးဒဏ်ခံနိုင်ရမည်။

(ဃ) အဆောက်အအုံတစ်ခုတွင် အများဆုံးရေနံဓာတ်ငွေ့ရည်အိုး ထားရှိသည့် Manifold System နှစ်ခုထက် မပိုရ။

၁၆။ စက်မှုလက်မှုလုပ်ငန်းအတွက် ၆၀၀ ကီလိုဂရမ်ထက်ပိုပြီး အများဆုံး ၁၀၀၀ ကီလိုဂရမ် ရှိသည့် ရေနံဓာတ်ငွေ့ရည်အိုးကို အဆောက်အအုံနှင့်ကပ်လျက်ရှိ Manifold System တစ်ခုတည်းရှိသောနေရာတွင်တပ်ဆင်ထားရှိပါက အောက်ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်-

(က) ရေနံဓာတ်ငွေ့ရည်အိုးထားရှိမှုတစ်ခုစီအတွက် အကန့်နှစ်ကန့်ထားရှိခွင့်ပြုပြီး အကန့်တစ်ခုစီတွင် အများဆုံး ၅၀ ကီလိုဂရမ် ၁၀ လုံး ထားခွင့်ပြုသည်။

(ခ) အများဆုံး ၅၀ ကီလိုဂရမ် ၁၀ လုံး ပါ ဓာတ်ငွေ့ရည်အိုးအကန့်နှစ်ခုကြားတွင် ၂ နာရီ မီးဒဏ်ခံနိုင်သောနံရံ သို့မဟုတ် ၃မီတာ နေရာလွတ်ထားရှိရမည်။

၁၇။ အိမ်တွင်းဓာတ်ငွေ့ရည်အိုး ထားရှိခြင်းအတွက် ပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရေနံဓာတ်ငွေ့ရည်အိုးအား အများပြည်သူဘေးကင်းစေရန် နှင့် လွတ်မြောက်ရာလမ်းကြောင်းကို အတားအဆီးမရှိစေရန်နှင့် အရေးပေါ်ကိစ္စရပ်များအတွက် ဆလင်ဒါများ ဆီသို့ ဝင်ရောက်နိုင်ရန် သင့်လျော်သောလမ်းကြောင်းထားရှိရမည်။

(ခ) ဆလင်ဒါထားရှိရာတွင် ၎င်းအစွန်းသည် မီးသတ်ယာဉ်ရပ်ရန်နေရာ သို့မဟုတ် နယ်နိမိတ်မျဉ်းမှ အနည်းဆုံး ၃ မီတာ ကွာဝေးရမည်။

၁၈။ အိမ်တွင်း ရေနံဓာတ်ငွေ့ရည်အိုး တပ်ဆင်ထားရာတွင် အောက်ပါအချက်များနှင့်အညီ ကာကွယ်ထားရမည်-

(က) ရေနံဓာတ်ငွေ့ရည်အိုးများ၊ ပိုက်သွယ်တန်းမှုများနှင့် အပိုပစ္စည်းများ တပ်ဆင်ထားသော ပိုင်းခြားထားသည့်အကန့် သို့မဟုတ် ဧရိယာတို့တွင် ရေဖျန်းစနစ်ဖြင့် ကာကွယ်ထားရမည်။ ရေဖျန်းစနစ်မရှိပါက သို့မဟုတ် လေအေးပေးစက် တပ်ဆင်ထားပါက အဆိုပါတပ်ဆင်ထားသောအခန်း (ပိုင်းခြားထားသောအခန်း၊ မီးဖိုဆောင်နှင့် ထမင်း

စားခန်း)တို့တွင် အသိအမှတ်ပြုထားသော ဓာတ်ငွေ့ယိုစိမ့်မှု အာရုံခံကိရိယာကို တပ်ဆင်ထားရမည်ဖြစ်ပြီး ပင်မမီးလှန့်အချက်ပေးစနစ် ထိန်းချုပ်ပုံးနှင့် ချိတ်ဆက်ထားရမည်။ ယိုစိမ့်မှုအာရုံခံကိရိယာသည် လေထုတ်ပန်ကာစနစ်ထိန်းချုပ်ပုံးနှင့် Emergency Shut-off Valve များဖြင့် ချိတ်ဆက်ထားရမည်။

(ခ) ဓာတ်ငွေ့ယိုစိမ့်မှုအာရုံခံကိရိယာသည် မြေပြင်အထက် ၃၀ စင်တီမီတာနှင့် ရေနံဓာတ်ငွေ့ရည်သုံးစွဲသောနေရာမှ ၄ မီတာ ထက်မပိုသော အကွာအဝေးတွင်တပ်ဆင်ရမည်။

(ဂ) အဝေးထိန်း Emergency Shut-off Valve ကို ပိုင်းခြားထားသောအကန့်၏ အပြင်ဘက် ရေနံဓာတ်ငွေ့ရည်အိုး တပ်ဆင်ထားသောနေရာနှင့် အနည်းဆုံး ၁.၅ မီတာ အကွာအဝေးတွင် တပ်ဆင်ထားရှိရမည်။ အရေးပေါ်အခြေအနေ၌ အလွယ်တကူ ဝင်ရောက်နိုင်ရန် သင့်လျော်သောအမြင့်တွင်ထားရှိပြီး ရှင်းလင်းစွာ အမှတ်အသားပြုရမည်။

(ဃ) မီးဖိုဆောင်တွင်တပ်ဆင်ထားသော မီးငြိမ်းသတ်ရေးစနစ် စတင်အချက်ပေးသည်နှင့် တစ်ပြိုင်နက် မီးဖိုဆောင်ရှိ ဓာတ်ငွေ့ရည်အသုံးပြုခြင်းကို အလိုအလျောက်ရပ်တန့်စေရန် မီးငြိမ်းသတ်ရေးစနစ်ကို ရေနံဓာတ်ငွေ့ရည်အိုးထားရှိမှုနှင့် ချိတ်ဆက်ထားရမည်။

(c) Vaporizers ကို ပိုင်းခြားထားသောအကန့် သို့မဟုတ် ရေနံဓာတ်ငွေ့ရည်အိုးထားရှိသော အခန်းအတွင်း မတပ်ဆင်ရ။

(စ) ပိုင်းခြားထားသောအကန့်ကို ရေနံဓာတ်ငွေ့ရည်အိုး ထားရှိရန်အတွက်သာ အသုံးပြုနိုင်ပြီး အခြားအသုံးပြုမှုအဖြစ် ခွင့်မပြု။

(ဆ) အကန့်ကြမ်းခင်းဧရိယာသည် လေဝင်/လေထွက်ကောင်းသော အပြင်နံရံနှင့်တစ်တန်းတည်း သို့မဟုတ် လျှောစောက်ရှိနေသည့်နေရာများတွင် အငွေ့များမစုစေရန် အပွင့်နေရာများ သို့မဟုတ် မြောင်းများပါဝင်သည့်ချောမွေ့သောကွန်ကရစ်အခင်းဖြစ်ရမည်။ (ကြမ်းတမ်းသော မျက်နှာပြင်သည် ဆလင်ဒါအိုးများကို အတင်/ အချပြုလုပ်ရာတွင် မီးပွားစင်ခြင်းကိုဖြစ်စေနိုင်သည်။)

(ဇ) ရေနံဓာတ်ငွေ့ရည်အိုးများ တပ်ဆင်ထားသည့် အကန့်ဧရိယာအတွင်း ရေနံဓာတ်ငွေ့ရည်အငွေ့များ အခန်းတွင်းလုံနေစေရန် အခန်းတွင်းရှိတံခါးဝင်လမ်းကိုဖြတ်၍ ၂၅၀ မီလီမီတာမြင့်သော ဆင်ခြေလျှော သို့မဟုတ် တံခါးအောက်ခံဘောင်အမြင့် ထားရှိရမည်။

(စျ) လျှပ်စစ်ကိရိယာများအားလုံးသည် မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များ၏ အခန်း (၆) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တပ်ဆင်ထားရှိရမည်။

၁၉။ မြေညီထပ်ရှိ သီးခြားအကန့်အတွင်း ရေနံဓာတ်ငွေ့ရည်အိုးများ ထားရှိရာတွင် အောက်ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်-

(က) ခွင့်ပြုရေနံဓာတ်ငွေ့ရည်ပမာဏ

(၁) Manifold system တစ်ခုတည်းအသုံးပြုသည့် အကန့်အတွင်း ရေနံဓာတ်ငွေ့ရည်အိုးများကို အများဆုံး ၄၀၀ ကီလိုဂရမ်ထိ ထားရှိရမည်။ ဆလင်ဒါအရေအတွက်မှာ ၈ လုံးထိ ကန့်သတ်ထားပြီး ဆလင်ဒါတစ်လုံးစီ၏ ပါဝင်မှုကို မကန့်သတ်ထားပါ (ဥပမာ- ၅၀ ကီလိုဂရမ် ၄လုံးပါ အုပ်စုနှစ်စု သို့မဟုတ် ၁၅ ကီလိုဂရမ် ၄လုံးပါ အုပ်စုနှစ်စု)

(၂) ရေနံဓာတ်ငွေ့ရည်အိုးထားရှိသောအခန်း သို့မဟုတ် နေရာသည် ရေဖျန်းစနစ်ကာကွယ်ထားရမည်။ ရေဖျန်းစနစ်မရှိပါက သိုလှောင်ထားသောဓာတ်ငွေ့ရည်ပမာဏကို တစ်ဝက်လျှော့ချမည်။ (ဥပမာ - ၂၀၀ ကီလိုဂရမ်)

(၃) စီးပွားရေးလုပ်ငန်း ပရိဝုဏ်များတွင် အများဆုံး ရေနံဓာတ်ငွေ့ရည်အိုး ထားရှိသည့် Manifold System နှစ်ခုထက်မပိုရ။

(ခ) အကန့်ဧရိယာ

(၁) အကန့်ဧရိယာတွင် အနည်းဆုံးအပြင်နံရံတစ်ခု ရှိရမည်ဖြစ်ပြီး ထိုဧရိယာမှ အဆောက်အအုံအတွင်းသို့ ဝင်ပေါက်မရှိရ။

(၂) အကန့်ဧရိယာနံရံများနှင့် အဆောက်အအုံ၏ အတွင်းနေရာများသည် ၂ နာရီကြာ မီးဒဏ်ခံနိုင်ရမည်ဖြစ်ပြီး အင်္ဂတေဖြင့်တည်ဆောက်ထားရမည်။

(၃) အကန့်ဧရိယာ တစ်ခုစီတွင် ရေနံဓာတ်ငွေ့ရည်အိုး ထားရှိသည့် Manifold System တစ်ခုသာရှိရမည်။

(ဂ) လေဝင်/လေထွက်

(၁) တံခါးများ၏ အပေါ်၊ အောက်နှစ်နေရာလုံးတွင် Louvre များ ပါရှိရမည်ဖြစ်ပြီး အပြင်ဖွင့်တံခါးမျိုးဖြစ်ရမည်။

(၂) အကန့်ဧရိယာအပြင်နံရံ၏ အရှည်သည် ၆ မီတာထက်မနည်းရှိပြီး ၎င်းအပြင်နံရံနှင့် မျက်နှာချင်းဆိုင်နံရံကြား အကွာအဝေးသည် ၃ မီတာထက်မပိုပါက

သဘာဝလေဝင်/ လေထွက် စနစ်ထားရှိရမည်။ သို့မဟုတ်ပါက စက်စွမ်းအား သုံး လေဝင်/ လေထွက်စနစ်ထားရှိရမည်။

(၃) အပြင်နံရံ၏ အပေါ်ဘက်နှင့်အောက်ဘက်တွင် လေဝင်/ လေထွက်ပေါက်ရှိရမည် ဖြစ်သည်။ အဆိုပါလေဝင်/လေထွက်ပေါက်များသည် ကြမ်းခင်းဧရိယာ ၁ စတုရန်းမီတာလျှင် ၃၀၀ စတုရန်းစင်တီမီတာ အနည်းဆုံးရှိရမည်။

(၄) လေဝင်/ လေထွက်ပေါက်များကို အတားအဆီးမရှိအောင် ထားရမည်ဖြစ်ပြီး အများပြည်သူသွားလာရာနေရာ (ဥပမာ- လူသွားလမ်း သို့မဟုတ် လမ်းသွယ်ထဲသို့ တိုက်ရိုက်မရောက်စေရ) ။ အခြားလေဝင်ပေါက်များမှ အနည်းဆုံး ၅ မီတာ ကွာဝေးပြီး လေဝင်/ လေထွက်ပေါက်အောက်တွင်ရှိသော အဆောက်အအုံအပေါက်မှရေပြင်ညီတိုင်းတာလျှင်အနည်းဆုံး ၁.၅ မီတာကွာဝေးရမည်။

(၅) စက်စွမ်းအားသုံး လေဝင်/လေထွက်စနစ် အသုံးပြုပါက လေလှည့်လည်နှုန်းသည် ကြမ်းခင်းဧရိယာ ၁ စတုရန်းမီတာလျှင် ၀.၃ ကုဗမီတာ/မိနစ် အနည်းဆုံးရှိရမည်။ အဆိုပါအပေါက်များသည် အောက်တွင်ရှိသော အဆောက်အအုံအပေါက်မှ ရေပြင်ညီတိုင်းတာလျှင် အနည်းဆုံး ၁.၅ မီတာ ကွာဝေးရမည်။

၂၀။ ရေနံဓာတ်ငွေ့ရည်အိုး ထားရှိရန် နံရံအားလှိုက်၍ ဖောက်ထားသော အကန့်ပါရှိသည့် အဆောက်အအုံများသည် အောက်ပါပြဋ္ဌာန်း ချက်များနှင့်ကိုက်ညီရမည်-

(က) ဒီဇိုင်း

(၁) နံရံအားလှိုက်၍ဖောက်ထားသောအကန့်၏ အများဆုံးအနက်သည် ၁ မီတာ ထက်မပိုရ။

(၂) နံရံအားလှိုက်၍ ဖောက်ထားသောအကန့်နှင့် အဆောက်အအုံ၏အတွင်းနေရာများကို ပိုင်းခြားသော ကြမ်းပြင်၊ မျက်နှာကြက်နှင့် နံရံများသည် မီးလောင်မလွယ်သည့် အုတ် သို့မဟုတ် ကွန်ကရစ်ဖြစ်ရမည်ဖြစ်ပြီး အနည်းဆုံး ၂ နာရီ မီးဒဏ်ခံနိုင်ရမည်။

(၃) နံရံအား လှိုက်၍ဖောက်ထားသော အကန့်သို့ ဝင်ရောက်နိုင်သော လမ်းသည် အဆောက်အအုံ၏အပြင်ဘက်တွင်သာ ထားရှိရမည်။

(ခ) တည်နေရာ

(၁) နံရံအား လှိုက်၍ဖောက်ထားသော အကန့်သည် မြေညီထပ်တွင်ထားရှိရမည် ဖြစ်ပြီး ရေနံဓာတ်ငွေ့ရည်အိုးများထားရှိအသုံးပြုရန်အတွက်ဖြစ်ရမည်။

(၂) ထွက်ပေါက်တစ်ခုသာရှိသော အဆောက်အအုံများ၏ လွတ်မြောက်ရာလမ်းကြောင်းမှ ၃မီတာအတွင်း နံရံအား လှိုက်၍ဖောက်ထားသော အကန့်မထားရှိရ။ ၃ မီတာ အကွာအဝေးနှင့်မကိုက်ညီပါက ထွက်ပေါက်နှင့် ရေနံဓာတ်ငွေ့ရည်အိုးထားရှိမှုတို့အကြား ၂ နာရီ မီးဒဏ်ခံနိုင်သော အုတ်နံရံထားရှိရမည်။

(၃) ထွက်ပေါက် တစ်ခုထက်ပိုသော အဆောက်အအုံများတွင် နံရံအားလှိုက်၍ဖောက်ထားသော အကန့်သည် ထွက်ပေါက်များအပါအဝင် အပွင့်နေရာများ (ပြတင်းပေါက်များ၊ တံခါးများ၊ လေဝင်/ လေထွက်ပေါက်များ၊ အခိုးထုတ်ပေါက်များ စသည်) တို့နှင့် ရေပြင်ညီအနည်းဆုံး ၁.၅ မီတာ ကွာဝေးရမည်။ ၁.၅ မီတာ အကွာအဝေးအတွင်း ထားရှိမည်ဆိုပါက လွတ်မြောက်ပေါက် လမ်းကြောင်း နှင့် နံရံအားလှိုက်၍ဖောက်ထားသော အကန့်တို့အကြား ၂ နာရီ မီးဒဏ်ခံနိုင်သော အုတ်နံရံဖြင့် ထားရှိရမည်။

(၄) နံရံကိုလှိုက်၍ ဖောက်ထားသောအကန့်သည် မီးလောင်နိုင်စေသော ရင်းမြစ်များ (Ignition source) မှ အနည်းဆုံး ၃ မီတာကွာဝေးရမည်။

(၅) မော်တော်ယာဉ်ရပ်နားရန် အနီးဆုံးနေရာနှင့် နံရံကို လှိုက်၍ဖောက်ထားသော အကန့်အကြား ရေပြင်ညီအကွာအဝေးသည် အနည်းဆုံး ၃ မီတာ ရှိရမည်။

(၆) ရေနံဓာတ်ငွေ့ရည်အိုးများကို Manifold System အောက်ဘက်ရှိစက်စွမ်းအားသုံးလေဝင်ပေါက်မှရေပြင်ညီတိုင်းလျှင် အနည်းဆုံး ၅ မီတာကွာဝေးရမည် ဖြစ်ပြီး အပေါ်ဘက်အပေါက်မှ အနည်းဆုံး ၁.၅ မီတာ ကွာဝေးရမည်။

(ဂ) ခွင့်ပြုရေနံဓာတ်ငွေ့ရည်ပမာဏ

(၁) Manifold System တစ်ခုတည်းအသုံးပြုသည့် နံရံအား လှိုက်၍ဖောက်ထားသော အကန့်အတွင်းတွင် အများဆုံး ၄၀၀ ကီလိုဂရမ် ရေနံဓာတ်ငွေ့ရည်အိုးထားရှိရမည်။ ဆလင်ဒါအရေအတွက်မှာ ၈ လုံးထိထားရှိနိုင်ပြီး ဆလင်ဒါတစ်လုံးစီ၏ ပါဝင်မှုကို ကန့်သတ်ထားခြင်းမရှိပါ (ဥပမာ - ၅၀ ကီလိုဂရမ် ၄ လုံး အုပ်စုနှစ်စု သို့မဟုတ် ၁၅ ကီလိုဂရမ် ၄လုံး အုပ်စုနှစ်စု)

(၂) ရေနံဓာတ်ငွေ့ရည်အိုးထားရှိသောအခန်း သို့မဟုတ် နေရာသည် ရေဖျန်းစနစ်ကာကွယ်ထားရမည်။ ရေဖျန်းစနစ်ကာကွယ်ထားခြင်းမရှိပါက သိုလှောင်ထားသော ဓာတ်ငွေ့ရည်ပမာဏကို တစ်ဝက်လျှော့ချမည်။ (ဥပမာ- ၂၀၀ ကီလို ဂရမ်)

(၃) စီးပွားရေးလုပ်ငန်း ပရိဝုဏ်များတွင် အများဆုံး ရေနံဓာတ်ငွေ့ရည်အိုး ထားရှိသည့် Manifold System နှစ်ခုထက်မပိုရ။

(ဃ) လုံခြုံရေး

(၁) နံရံကို လှိုက်၍ဖောက်ထားသောအကန့်နံရံတွင်းသို့ ပိုက်လိုင်းများ သွယ်တန်းထားပါက ၂ နာရီ မီးဒဏ်ခံနိုင်သည့် မီးတားပစ္စည်းများဖြင့် ပိတ်ဆို့ထားရမည်။

(၂) လေအေးပေးစက် တပ်ဆင်ထားသောနေရာများအတွက် ရေနံဓာတ်ငွေ့ရည်ပိုက်များ ဖြတ်သွားသော အကန့်နေရာများတွင် ဓာတ်ငွေ့ယိုစိမ့်မှုအာရုံခံစနစ်အား ပင်မမီးလှန့်အချက်ပေးစနစ်ထိန်းချုပ်ပုံးနှင့် ချိတ်ဆက်ထားရမည်။ အဆိုပါစနစ်ကို လေထုတ်ပန်ကာစနစ်နှင့် Emergency Shut-off Valve ဖြင့် ချိတ်ဆက်ထားရမည်။

(c) နံရံကို လှိုက်၍ဖောက်ထားသောအကန့်၏ အပြင်ဘက်နံရံတွင် ကြမ်းခင်းဧရိယာ ၁ စတုရန်းမီတာလျှင် ၃၀၀ စတုရန်းစင်တီမီတာရှိသော လေဝင်/ လေထွက်အပေါက်များအား အပေါ်နှင့်အောက်ဘက်တွင် အတားအဆီးမရှိစေဘဲ တပ်ဆင်ထားရှိရမည်။



ပုံ (၈.၁) နံရံကိုလှိုက်၍ဖောက်ထားသောအကန့်တွင် ရေနံဓာတ်ငွေ့ရည်အိုးများ
တပ်ဆင်ထားရှိခြင်းပြပုံ

နောက်ဆက်တွဲ(က)
ဓာတ်ငွေ့ရည်အိုးထားရှိခြင်းအတွက် စံနှုန်းသတ်မှတ်ချက်များ

၁။ စံနှုန်းများ

ဓာတ်ငွေ့ရည်အိုးနှင့်ဆက်စပ်ပစ္စည်းတပ်ဆင်ခြင်းတို့အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်-

စဉ်	ပစ္စည်း		သတ်မှတ်ချက်များ	စာရင်း
၁။	ဓာတ်ငွေ့ရည်အိုး		SS 99	ရှိ
၂။	ဓာတ်ငွေ့ရည်အိုးနှင့် ဆက်စပ်ပစ္စည်းများ	(က)ကျုံ့နိုင်ဆန့်နိုင်သောမီးသတ်ပိုက်ခေါင်း	SS 233	ရှိ
		(ခ)ထိန်းညှိကိရိယာ	SS281,BS3016, UL144	ရှိ
		(ဂ)ဆလင်ဒါဗား	SS 294	ရှိ
၃။	ဓာတ်ငွေ့ယိုစိမ့်မှုအာရုံခံစနစ်		BSEN50054၊ BS EN 50057နှင့် BS5345 အပိုင်း ၁ နှင့် အပိုင်း ၂	ရှိ

မှတ်ချက်။

(၁) SS 99 - ဖိအားနည်းသော ဓာတ်ငွေ့ရည်များကို သိမ်းဆည်းသယ်ယူရန် ကာဗွန်နည်းသော သံမဏိဓာတ်ငွေ့ရည်အိုးများ ဂဟေဆော်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်များ။

(၂) SS 233 - အိမ်သုံးနှင့် လုပ်ငန်းသုံးပစ္စည်းများအတွက် ရာဘာအစွပ်များပြုလုပ်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်များ။

(၃) SS 281 - ဓာတ်ငွေ့ရည်များအတွက် ဖိအားထိန်းညှိကိရိယာများဆိုင်ရာပြဋ္ဌာန်းချက်များ။

(၄) BS 3016 - ဓာတ်ငွေ့ရည်အတွက် အလိုအလျောက်ပြောင်း ကိရိယာများနှင့် ဖိအားထိန်းညှိကိရိယာများအတွက် စည်းကမ်းချက်များ။

(၅) SS 294 - အိမ်သုံးနှင့် လုပ်ငန်းသုံးပစ္စည်းများအတွက် ဓာတ်ငွေ့ရည် (LPG) အိုးများတွင် အဆို့ရှင်များသုံးရာတွင် စည်းကမ်းချက်များ။

(၆) BS 5345 Pt 1 & 3 - ပေါက်ကွဲစေနိုင်သော လေထုများတွင် သုံးစွဲသည့် လျှပ်စစ်ပစ္စည်းများ ရွေးချယ်ခြင်း၊ တပ်ဆင်ခြင်းနှင့် ထိန်းသိမ်းခြင်း။

၂။ ရေနံဓာတ်ငွေ့ရည်ထည့်ရာတွင် အသုံးပြုသည့် ကျုံ့နိုင်ဆန့်နိုင်သော ရေပိုက်ခေါင်းများ သို့မဟုတ် ပိုက်ဆက်များကို သွယ်တန်းသည့်ပစ္စည်းကိရိယာများ တပ်ဆင်ရာတွင် NFPA 54 နှင့် NFPA 58 တွင် ပါရှိသော သက်ဆိုင်ရာအပိုဒ်များနှင့် ကိုက်ညီရမည်။ ဓာတ်ငွေ့ရည်အိုးပိုက်ခေါင်းကို အဆိုပါပစ္စည်းကိရိယာများနှင့် သေချာစွာချိတ်ဆက်ထားရမည်။ အိမ်သုံးဓာတ်ငွေ့ရည်အိုးများတွင် ဓာတ်ငွေ့ရည်အိုးပိုက်ခေါင်း ကလစ်မပါသည့်သားရေပတ်များ အသုံးမပြုရ။

၃။ Over pressure protection device (OPD)

(က) Over pressure protection device (OPD) သည် Down Stream Installation ကို ကာကွယ်ပေးသည့်အပြင် ချိတ်ဆက်ထားသော ဖိအားသတ်မှတ်ချက်ထက် ကျော်လွန်လျှင် ဓာတ်ငွေ့စီးဆင်းမှုကို ဖြတ်တောက်ပေးသည့်ကိရိယာဖြစ်သည်။

(ခ) ယေဘုယျအားဖြင့် OPD ပါသည့် ထိန်းညှိကိရိယာကို အောက်ပါအချက်များအတိုင်း ဒီဇိုင်းပြုလုပ်ရမည်-

(၁)ရေနံဓာတ်ငွေ့ရည် ပေးပို့မှုအဆက်မပြတ်စေရန်ပြုလုပ်ပေးခြင်း။

(၂)အောက်ဘက်သို့သွယ်တန်းပေးပို့သောစနစ်၏ ဖိအားလွန်ကဲမှုကိုကာကွယ်ခြင်း။

(၃)ထိန်းညှိကိရိယာပျက်စီးခြင်းမှကာကွယ်ခြင်း။

(ဂ) OPD တွင် အမြင့်ဆုံးဖိအားထိန်းချုပ်မှုသည် ၃၀% ထက်မပိုရ။

၄။ Valves

(က) Cylinder Valve များသည် SS-294 တွင်ဖော်ပြထားသည့်သတ်မှတ်ချက်များနှင့် ကိုက်ညီရမည်။

(ခ) Isolating valve ၂ခု ကြားရှိ ပိုက်ဆက်နေရာတွင် Hydrostatic relief valves များကို တပ်ဆင်ရန်လိုအပ်ပြီး UL Certificate ရှိသော Valve ဖြစ်ရမည်။

(ဂ) Emergency shut-off valve (ESV) ကို Knockout pot နောက်၌တပ်ဆင်ရမည် ဖြစ်ပြီး အရေးပေါ်အခြေအနေတွင် valve ကို ပိတ်နိုင်ရန် ရေနံဓာတ်ငွေ့ရည်အိုးနှင့် ၃ပေ အကွာတွင် တပ်ဆင်ရမည်။ အပူချိန် ၂၅၀ ဒီဂရီစင်တီဂရိတ်ထက်ပိုသော မီးနှင့်ထိတွေ့ပါက (ESV) ကို အလိုအလျောက်ပိတ်စေနိုင်ရန် အရည်ပျော်နိုင်သော Fuse တစ်ခုတပ်ဆင်ထားရမည်။

(ဃ) Gas shut off valve ကို Gas Pressure Regulator ၏ အပေါ်ဘက်တွင် တပ်ဆင်ရမည်။ Gas Pressure Regulator နှစ်ခုကို ပိုက်လိုင်းတစ်လိုင်းတည်းတွင် တပ်ဆင်ရမည်။

(c) ဓာတ်ငွေ့ပိုက်လိုင်းများစွာကိုထိန်းချုပ်ထားသော အဓိက Gas Shut-off Valves သည် သိသာထင်ရှားရမည်ဖြစ်ပြီး လုပ်ဆောင်မှုအတွက် အသင့်ဖြစ်နေစေရန်နှင့် မထိခိုက်စေရန် စနစ်တကျ တပ်ဆင်ထားရမည်။ ဓာတ်ငွေ့ပိုက်လိုင်းစနစ် တပ်ဆင်ပေးသူကို အလွယ်တကူသိနိုင်ရန်ယင်းအေဂျင်စီမှတွဲထည့်ပေးသည့် သတ္တုနံပါတ်ပြား သို့မဟုတ် အခြားမပျက်နိုင်သောနည်းဖြင့် အမှတ်အသားပြုလုပ်ရမည်။

(စ) အရေးပေါ်အခြေအနေတွင် အဆောက်အအုံတစ်ခုရှိ ဓာတ်ငွေ့ပေးပို့မှုကို ပိတ်နိုင်သည့် အပြင်ဘက်ရှိ shut-off valveကို တပ်ဆင်ရမည်ဖြစ်ပြီး ၎င်းကိုရှင်းလင်းစွာ အမှတ်အသား ပြုလုပ်ထားရမည်။

၅။ ပိုက်လိုင်းသွယ်တန်းခြင်း

(က) ပိုက်လိုင်းများ တပ်ဆင်သွယ်တန်းရာတွင် NFPA 54 နှင့် NFPA 58 မှ ထုတ်ပြန်ထားသော အချက်အလက်များနှင့် ကိုက်ညီသည့်ပိုက်အမျိုးအစားသာဖြစ်ရမည်။ စက်မှုလုပ်ငန်းများအတွက် အသုံးပြုသော ပိုက်သွယ်တန်းခြင်းစနစ်မှလွဲ၍ ပိုလီအီသိုင်းပစ္စည်းများကို အသုံးမပြုရ။

(ခ) ASTM သို့မဟုတ် BS အရ သတ်မှတ်ထားသော ပိုက်အမျိုးအစားကို စစ်ဆေးပြီး မှန်ကန်ကြောင်း အတည်ပြုရမည်။ ပိုက်တင်သွင်းသူသည် စက်ရုံလက်မှတ်များကို လည်းတင်ပြရမည်။

(ဂ) Manifold နှင့် အဓိကရေနံဓာတ်ငွေ့ရည်ပိုက်လိုင်းကို တွဲ၍ဂဟေဆော်ရမည်။

(ဃ) ပိုက်လိုင်းများ၏ဖိအားစစ်ဆေးမှုကိုကျွမ်းကျင်သောအင်ဂျင်နီယာတစ်ဦးမှ ကိုယ်တိုင်စစ်ဆေးအတည်ပြုပြီးလက်မှတ်ထုတ်ပေးရမည်။

(c) ဓာတ်ငွေ့ရည်ပိုက်လိုင်းများကို အပြာရောင်နှင့် ဓာတ်ငွေ့ပိုက်လိုင်းများကို အဝါရောင်ဆေးသုတ်ရမည်ဖြစ်ပြီး အနည်းဆုံးအကွာအဝေး ၃မီတာ စီခြား၍ "ရေနံဓာတ်ငွေ့ရည် (LP-Gas)" ဟု ရေးပါ။

(စ) ဓာတ်ငွေ့ပိုက်လိုင်းစနစ်တစ်ခုတွင် ဓာတ်ငွေ့အသုံးပြုသောကိရိယာများကို ထပ်တိုးချိတ်ဆက်သောအခါ နဂိုရှိပြီးပိုက်လိုင်းကို လုံလောက်သောပမာဏရှိမရှိ စစ်ဆေးရမည်။ မလုံလောက်ပါကနဂိုရှိပြီး ပိုက်လိုင်းကိုလိုအပ်သည့်အတိုင်းချဲ့ခြင်း သို့မဟုတ် လုံလောက်သောပမာဏရှိရန် သီးသန့် ဓာတ်ငွေ့ပိုက်လိုင်းကို တပ်ဆင်ရမည်။

၆။ Pigtail

(က) Pigtailတွင် ၆မီလီမီတာ ရှိသော ကျုံ့နိုင်ဆန့်နိုင်သောပိုက်ခေါင်း သို့မဟုတ် ပိုက်တံနှင့် ၆မီလီမီတာရှိသော Tee-check Valve သို့မဟုတ် Excess Flow Valve နှင့် ၆ မီလီမီတာရှိသော Ball Valve ပါရှိရမည်။

(ခ) ကျုံ့နိုင်ဆန့်နိုင်သော ပိုက်ခေါင်းကို ရေနံဓာတ်ငွေ့ရည်နှင့် ဓာတ်ငွေ့တိုက်စားမှုဒဏ်ကို ခံနိုင်သောပစ္စည်းဖြင့် ပြုလုပ်ထားရမည်။ အနည်းဆုံးပေါက်ကွဲမှုဖိအား 1,750Psi (၁၂၁ ဘား) နှင့် အလုပ်လုပ်နိုင်သော ဖိအား 350Psi (၂၄ဘား) ရှိစေရန် ဒီဇိုင်းပြုလုပ်ရမည်။ ပိုက်ခေါင်းကို အနည်းဆုံးအကွာအဝေး ၃ မီတာ စီခြားရ “ရေနံဓာတ်ငွေ့ရည် (LPG)” ဟုရေးပါ။

(ဂ) Tee-check valve သည် Underwriters Laboratories Inc. (UL) တွင်စာရင်းသွင်းပြီးသားဖြစ်ရမည် သို့မဟုတ် အခြားအသိအမှတ်ပြု/ အတည်ပြုသတ်မှတ်ချက်နှင့် ကိုက်ညီရမည်။

(ဃ) Ball valve သည် အနည်းဆုံး 600 PSI (၄၁ ဘား) အဆင့်ရှိရမည်။

၇။ Pressure Gauge များအား အောက်ပါအချက်များနှင့်အညီ တပ်ဆင်ရမည်-

(က) Pressure Gauge များကို ရေနံဓာတ်ငွေ့ရည်စနစ်၏ manifold တစ်ခုချင်းစီတွင် ထည့်သွင်းတပ်ဆင်ရမည်။

(ခ) High Pressure အသုံးပြုသောအပိုင်းတွင် Pressure Gauge သည် ၀-၃၀၀ psi (၀ မှ ၂၀.၁ ဘား) အဆင့် ရှိရမည်။

(ဂ) Low Pressure အသုံးပြုသောအပိုင်းတွင် Pressure Gauge သည် ၀-၅၀ psi (၀ မှ ၃.၄၅ ဘား) အဆင့် ရှိရမည်။

၈။ Vaporizer များအား အောက်ပါအချက်များနှင့်အညီ တပ်ဆင်ရမည်-

(က) Vaporizerများကို NFPA 58, ASME code သို့မဟုတ် အခြားအသိအမှတ်ပြု pressure vessel code များနှင့် ဖိအား 250 Psi (17.24 ဘား) ရှိရန် ဒီဇိုင်းပြုလုပ်ထားသော သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီရမည်ဖြစ်ပြီး အောက်ပါအတိုင်းမြင်သာအောင် အမှတ်အသားပြုရမည်-

(၁) codeအရ လိုအပ်သော အမှတ်အသားများ။

(၂) အမှန်တကယ်အလုပ်လုပ်နိုင်ရန် ဒီဇိုင်းပြုလုပ်ထားသော ဖိအား နှင့် အပူချိန်။

(၃) ထုတ်လုပ်သူ၏ အမှတ်အသား သို့မဟုတ် အမည်။

(ခ) Vaporizer မှ Vapor Discharge Piping သို့ အရည်များ ဖြတ်သန်းသွားခြင်းကို ကာကွယ်ရန် အလိုအလျောက်ထိန်းချုပ်နည်းလမ်းပါရှိသော Vaporizers ကို တပ်ဆင်ရမည်။ ဤလုပ်ဆောင်ချက်ကို vaporizer နှင့်အတူ ပြင်ပပိုက်ဆက်သွယ်တန်းမှုတွင် တွဲဖက်တပ်ဆင်ရမည်။

(ဂ) Vaporizers တွင် လျှပ်စစ်ပြတ်တောက်ခြင်း သို့မဟုတ် လျှပ်စစ်ဓာတ်အားလွန်ကဲခြင်းဖြစ်စဉ်တို့တွင် Manual Shut-off Valve နှင့် အလိုအလျောက် ပိတ်နိုင်ဖွင့်နိုင်သော Valve (ဥပမာ - အပူချိန်ညှိကိရိယာ၊ သံလိုက် သို့မဟုတ် ရေတွင်ပေါ်သော ပစ္စည်း) တပ်ဆင်ရမည်။

(ဃ) Vaporizers တွင် သက်ဆိုင်ရာ အပူချိန်ထိန်းညှိမှုနှင့် လိုအပ်သောလုံခြုံရေးအချက်များ ပါရှိရမည်။

(c) Vaporizers တွင် ဖိအား 250Psi (17.24ဘား) ၌ အပေါ်သို့တိုက်ရိုက်ပေးပို့သော စနစ်ပါရှိသည့် Pressure relief valve တစ်စုံရှိရမည်။

၉။ Knock-out pot တွင် အနည်းဆုံး Drain Valve နှစ်ဆင့်ဖြင့် စနစ်တကျ တပ်ဆင်ရမည်။

၁၀။ Gas Meters များအား အောက်ပါအချက်များနှင့်အညီ တပ်ဆင်ရမည်-

(က) Gas Meter များ တပ်ဆင်ခြင်းနှင့် အသုံးပြုခြင်းကို NFPA 54 မှ သက်ဆိုင်ရာပြဋ္ဌာန်းချက်နှင့်အညီ စိစစ်ရွေးချယ်ပြီး တပ်ဆင်ရမည်ဖြစ်ပြီး ဖိအား 20 Psi (1Psi=6.895 KPa) ထိ ခံနိုင်ရည်ရှိရမည်။

(ခ) Gas Meter များကို အများဆုံးသုံးနိုင်သောဖိအားနှင့် ဖိအားလျော့ကျမှုအပေါ် မူတည်၍ ရွေးချယ်ရမည်။

(ဂ) သံဖြူ သို့မဟုတ် ကြေးဝါဖြင့် ဂဟေဆော်ထားသည့် Vapour meter များကို ဖိအား 1 Psi (7 KPa) ထက် ပို၍ အသုံးမပြုရ။

(ဃ) ပုံသွင်းထားသော သို့မဟုတ် သံသေတ္တာပုံရှိသော vapour meter များကို အလုပ်လုပ်နိုင်သော ဖိအားအောက်နည်းသော သို့မဟုတ် ညီမျှသောဖိအားတွင် အသုံးပြုနိုင်ရန် ဒီဇိုင်းပြုလုပ်ထားရမည်။

(c) Gas meter များကို စစ်ဆေးရန်၊ ဖတ်ရှုရန်၊ အစားထိုးတပ်ဆင်ရန် သို့မဟုတ် လိုအပ်သောထိန်းသိမ်းမှု ပြုလုပ်ရန်အတွက် လေဝင်/ လေထွက်ကောင်းမွန်သောနေရာများတွင် ထားရှိရမည်။

(စ) Gas meter များကို ကားလမ်းနှင့်နီးပြီး ထိခိုက်ပျက်စီးလွယ်သည့်နေရာ၊ လွတ်မြောက်ပေါက်၊ အများပြည်သူသုံးလမ်းများ၊ ခန်းမကျယ်များ၊ တိုက်စားလွယ်သောနေရာနှင့် တုန်ခါမှုများသောနေရာတို့တွင်မထားရ။

(ဆ) Gas meter များကို လျှပ်စစ်နှင့်ဆက်စပ်သောအရာများ၊မီးလောင်နိုင်စေသောရင်းမြစ်များ (source of ignition) နှင့် အနည်းဆုံး ၁ မီတာ အကွာအဝေးတွင် ထားရှိရမည်။

(ဇ) Gas meter များကို အပူချိန်များသောနေရာ သို့မဟုတ် ရုတ်တရက် အပူချိန်အပြောင်းအလဲဖြစ်နိုင်သော နေရာများတွင်မထားရ။ အဆိုပါမီတာများကို ထုတ်လုပ်သည့် စက်ရုံမှသတ်မှတ်ပေးထားသော အပူချိန်ထက်ပိုသောနေရာများတွင်မထားရ။

(စျ) Gas meter များကို ဆွဲအားသက်ရောက်မှု မဖြစ်စေရန် ခိုင်ခံ့တောင့်တင်းသော ပိုက်လိုင်းနှင့် ချိတ်ဆက်သွယ်တန်းထားရမည်။

(ည) Gas meter များအား Over Pressure၊ Backpressure နှင့် လေဟာနယ် ကဲ့သို့သော အခြေအနေများကို တွက်ဆပြီး ကာကွယ်ထားရှိရမည်။

၁၁။ Strainers များကို ပိုက်လိုင်းအတွင်း၌ အမှုန်အမွှားများ ပိတ်ဆို့စေခြင်းမှကာကွယ်ရန်အပြင် Meter များနှင့် Regulator များကို အလွယ်တကူထိခိုက်ပျက်စီးမှုမဖြစ်ပေါ်စေရန် ထည့်သွင်း တပ်ဆင်ရမည်။

၁၂။ လျှပ်စစ်ပစ္စည်းကိရိယာများအား အောက်ပါအတိုင်း သွယ်တန်းထားရမည်-

(က) ဓာတ်ငွေ့ပိုက်လိုင်း သို့မဟုတ် လျှပ်ကူးပစ္စည်းများကို လျှပ်စီးပတ်လမ်းများတွင် အသုံးမပြုရ။

(ခ) ပိုက်စနစ်အတွင်း ဝါယာကြိုးသွယ်တန်းခြင်းနှင့် လျှပ်စစ်အသုံးပြုထိန်းချုပ်ကိရိယာများ ကြားရှိ လျှပ်စီးပတ်လမ်းများအားလုံးသည် SS-254 ပါ သတ်မှတ်ချက်များနှင့်ကိုက်ညီ ရမည်။

(ဂ) (vaporizerရှိ) လုံခြုံရေးထိန်းချုပ်မှုသည် လျှပ်စစ်စီးနေသောကြားခံပစ္စည်းပေါ်မူတည်၍ လျှပ်စစ်စီးကြောင်းပြတ်တောက်သွားပါက ဓာတ်ငွေ့စီးဆင်းမှုကို ပိတ်နိုင်ရန် (fail safe) အမျိုးအစားဖြစ်ရမည်။

၁၃။ ဓာတ်ငွေ့ယိုစိမ့်မှုအာရုံခံခြင်းအား အောက်ပါအတိုင်းထားရှိရမည်-

(က) ဓာတ်ငွေ့ယိုစိမ့်မှုအာရုံခံစနစ်ကို (ထမင်းစားခန်းနှင့် မီးဖိုဆောင်အပါအဝင်) လေအေးပေး စက်တပ်ထားသောနေရာ သို့မဟုတ် မြေအောက်ထပ်အတွင်း သွယ်တန်းထားသော ရေနံဓာတ်ငွေ့ရည်ပိုက်များအတွက် ထားရှိရမည်။

(ခ) ဓာတ်ငွေ့ယိုစိမ့်မှု အာရုံခံကိရိယာများကို မီးဖိုဆောင်လေထုတ်စနစ်နှင့် Emergency Shut-off Valve၊ မီးလှန့်အချက်ပေးကိရိယာနှင့် ချိတ်ဆက်ထားရမည်။ Gas Supply Safety Shut-off Valve System ကို မီးဖိုဆောင် အလိုအလျောက် မီးငြိမ်းသတ်ရေးစနစ်နှင့် ဖော်ပြပါပုံအတိုင်း ချိတ်ဆက်ထားရမည်။



(ဂ) အောက်ပါနေရာများတွင် ရေနံဓာတ်ငွေ့ရည်ပိုက်လိုင်း တပ်ဆင်ခြင်းမပြုရ-

(၁) အဆောက်အအုံကွန်ကရစ်ကြမ်းခင်းအောက်ရှိနေရာ။

(၂) အဆောက်အအုံအုတ်မြစ်များအောက်ရှိနေရာ။

(၃) ဓာတ်လှေကားလမ်းကြောင်းနှင့် နံရံအခေါင်းပေါက် အတွင်းနေရာ (cavity wall)။

(၄) လျှပ်စစ်မိန်းခလုတ်များ၊ ထရန်စဖော်မာ သို့မဟုတ် မီးစက်များရှိသည့် အကန့်များ သို့မဟုတ် အလုံပိတ်လမ်းကြောင်းနေရာ။

(၅) ရေခဲခန်းများ၊ အအေးခန်းများ၊ လေမောင်းစနစ်စက်ခန်းများနှင့် လေဝင်/ လေထွက် သို့မဟုတ် လေအေးပေးသောလမ်းကြောင်းများ။

(၆) မီးလောင်လွယ်သော၊ အောက်ဆီဂျင်နှင့် ဓာတ်တိုးစေသော၊ တိုက်စားလွယ်သော၊ အခြားအန္တရာယ်ရှိသော ပစ္စည်းများပါဝင်သည့် ပိုက်ဆက်ပစ္စည်းများနှင့် နီးကပ်သောနေရာ။

(၇) မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်းများ၊ မီဘေးလုံခြုံရေး စီမံကွပ်ကဲခန်း၊ မီးခိုးတားခန်း၊ ပန့်ခန်းများ မီးသတ်ရေလှောင်ကန်အခန်းများ၊ ရေဖျန်းစနစ် ထိန်းချုပ်ခန်းများ၊ အမြင့်တင်မီးသတ်ရေပိုက်များ၊ ခေတ္တခိုလှုံရာနေရာ၊ အကာအကွယ်ပြုလုပ်ထားသော စကြီ်ုံများ၊ အကာအကွယ် ပြုလုပ်ထားသောလှေကားများ၊ အိပ်ခန်းများနှင့် အခြားအသုံးပြုသောနေရာများ။

(ဃ) လေဝင်/လေထွက်မရနိုင်သောနေရာများ သို့မဟုတ် မြေအောက်ထပ်ကဲ့သို့သောအပိတ်နေရာများ၌ ဓာတ်ငွေ့ပိုက်များ တပ်ဆင်ရာတွင် သင့်လျော်သော သတ္တုပိုက်စွပ်များကို တပ်ဆင်ရမည်ဖြစ်ပြီး ၎င်း၏အစွန်းသည် ဘေးကင်းလုံခြုံသော ပြင်ပအမိုးပွင့်နေရာသို့ တိုက်ရိုက်ထုတ်ထားရမည်။

(c) အကာအကွယ်ပြုလုပ်ထားသော အမြင့်တင်ရေပိုက်နှင့် အခြားသော M&E risers အတွင်း၌ ဓာတ်ငွေ့ပိုက်လိုင်းများ ဒေါင်လိုက်အနေအထား သွယ်တန်းရာတွင် LPG riser သီးသန့်ထားရှိရမည်ဖြစ်ပြီး လေဝင်/ လေထွက်ပေါက်များလည်း ထားရှိရမည်။

၁၄။ တင်ပြရာတွင် အောက်ပါလိုအပ်ချက်များပါရှိရမည်-

(က) NFPA 58၊ NFPA 54 နှင့် မီးသတ်ဦးစီးဌာနမှ အတည်ပြုထားသော သတ်မှတ်စံနှုန်းများနှင့် မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ ပြုလုပ်ထားကြောင်းတင်ပြချက်။

(ခ) ရေနံဓာတ်ငွေ့ရည်တပ်ဆင်မည့် တည်နေရာနှင့် ပတ်ဝန်းကျင်အနေအထားပြပုံ (Location and site plans)။

(၈) ရေနံဓာတ်ငွေ့ရည်တပ်ဆင်မည့် အသေးစိတ်အချက်အလက်ပြပုံ၊ အဆောက်အအုံ အပြင်ဘက်ရှုထောင့်ပြပုံနှင့်အတူအောက်ပါတို့ပါရှိရမည်-

(၁) ရေနံဓာတ်ငွေ့ရည်အိုး၏ တည်နေရာ၊ အရေအတွက်နှင့်ပမာဏ (ကီလိုဂရမ်)။

(၂) ရေနံဓာတ်ငွေ့ရည်အိုးများထားရှိရာနေရာ (ဥပမာ-စည်းရိုးခတ်အခန်း)။

(၃) အထောက်အကူပြုပစ္စည်းများ (ဥပမာ - vaporizer၊ 1st stage regulator, emergency shut off valves, change over valve, remote cable pulls, knock out pot and pipe entry) တည်နေရာ၊

(၄) မီးသတ်ရေငုတ်၊ မီးသတ်ယာဉ်ရပ်ရန်နေရာ၊ မီးလောင်စေနိုင်သောရင်းမြစ်များ (source of ignition)၊ နယ်နိမိတ်မျဉ်း၊ အဆောက်အအုံအနားသတ်မျဉ်း၊ အတွင်းလမ်းနှင့် ယာဉ်ရပ်ရန်နေရာများ၏တည်နေရာ။

(၅) လွတ်မြောက်ပေါက်များ၊ လှေကားများ၊ ရေပြင်ညီအနေအထားအပွင့်နေရာများ၏အသေးစိတ် (ဥပမာ-တံခါး၊လေဝင်ပေါက်များနှင့် ပြတင်းပေါက်များ)နှင့် မြေအောက်ရှိအပေါက်များ (ဥပမာ-မြောင်း၊ လူဝင်ပေါက်နှင့် မြေအောက်ထပ်ဝင်ပေါက်များ)၏ တည်နေရာ။

(၆) မီးဘေးလုံခြုံရေးဆိုင်ရာပြဋ္ဌာန်းချက်များ (ဥပမာ-အရေးပေါ်ရေပက်ပိုက်လိပ်ခွေ၊ မီးသတ် ဆေးဘူး၊ ရေဖျန်းစနစ်အကာအကွယ်၊ ဓာတ်ငွေ့ ယိုစိမ့်မှုအာရုံခံကိရိယာ၊ စက်စွမ်းအားသုံးလေဝင်လေထွက်စနစ်၊ လေထုတ်စနစ်၊ မီးငြိမ်းသတ်ရေးစနစ်များ စသည်ဖြင့် (မီးငြိမ်းသတ်ရေးအစီအမံနှင့် စက်စွမ်းအားသုံးလေဝင် လေထွက် စနစ်အစီအမံများပူးတွဲတင်ပြရမည်။)

VARIOUS DISTANCES FOR OUTDOOR LPG INSTALLATIONS

LPG quantity	Distance from boundary	No.of cabinet per manifold	No.of cylinder per cabinet/ cluster	No.of cylinders per manifold	Distance between cabinet/ cluster	Distance from drains,pit, manhole,oil tank bund wall,basement opening etc.	Distance from fire exit route	Horizontal distance from windows,doors ,vents,balance flue outlets,etc.	Distance from mechanical air intake	Distance between manifold systems	Distance from vehicle parking lot
kg	m	No.	No.	No.	m	m	m	m	m	m	m
Not more than 600kg	3 min.	2 max.	6 max.	12 max.	0.6 min.	1.5 min.	3 min. (one exit Only) 1.5 min.	1.5 min.	5 min (intakes below manifold system) 1.5 min.	3 min. (no fire ratedwall) 1.5 min.	3.0 min.

LPG quantity	Distance from boundary	No.of cabinet per manifold	No.of cylinder per cabinet/ cluster	No.of cylinders per manifold	Distance between cabinet/ cluster	Distance from drains,pit, manhole,oil tank bund wall,basement opening etc.	Distance from fire exit route	Horizontal distance from windows,doors ,vents,balance flue outlets,etc.	Distance from mechanical air intake	Distance between manifold systems	Distance from vehicle parking lot
							(more than one exit)		(intakes above manifold system)	(with 2-hr fire rated wall)	
S600kg to 1000kg (Industrial applications only)	3 min.	2 max.	10 max.	20 max.	3m min. or 2-hr fire rated wall	2 min.	3 min. (one exit Only) 1.5 min. (more than one exit)	1.5 min.	5 min (intakes below manifold system) 1.5 min. (intakes above manifold system)	6 min. (no fire ratedwall) 1.5 min. (with 2-hr fire rated wall)	3.0 min.

TECHNICAL DETAILS FOR INDOOR LPG INSTALLATIONS

Location of LPG	Quantity Allowed	Fire rating of compart-ment	Distance from Open flame, ignition source	Sprinkler / Gas Leak detector	Natural Ventilation	Mechanical Ventilation	Distance from exits	Min.Dist. Of discharge from mech.air intake
	kg	hr	m			m^3 / min	m	m
Separate Compart-ment	400 max. (8 x 50kg or 8 x 15 kg) Maximum 8 cylinders	2	Not applicable	Sprinkler required else only max.200 kg of LPG is allowed If no sprinkler or if air-conditioned,gas leak detector is required	a) 300cm^2 opening per m^2 of compartment floor area b) high and low vents shall be provided	0.3 Per meter square of compart-ment floor area	1.5	1.5 min. (intakes above manifold system) 5 min. (intakes below manifold system)

Location of LPG	Quantity Allowed	Fire rating of compart-ment	Distance from Open flame, ignition source	Sprinkler / Gas Leak detector	Natural Ventilation	Mechanical Ventilation	Distance from exits	Min.Dist. Of discharge from mech.air intake
					c) min.length of external wall:6m			
Recessed Area	400 max. (8 x 50kg or 8 x 15 kg) Maximum 8 cylinders	2	3	Sprinkler required (excluding recessed area)else only max.200kg of LPG is allowed If no sprinkler or if air-conditioned,gas leak detector is required (excluding recessed area)	a) 300cm^2 opening per m^2 of compartment floor area b) high and low vents shall be provided	Not applicable	3m if only one exit, otherwise 1.5m	1.5 min. (intakes above manifold system) 5 min. (intakes below manifold system)

၁၅။ စားသောက်ဆိုင်တန်းများ၌ အဆောက်အအုံအတွင်း ရေနံဓာတ်ငွေ့ရည်အသုံးပြု/ သိုလှောင်ခြင်းဆိုင်ရာ သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အဓိပ္ပာယ်သတ်မှတ်ချက်

စားသောက်ဆိုင်တန်း၊ အစားအသောက်တန်း၊အစားအသောက်ဆိုင်ငယ်၊ စားသောက်ရန်နေရာ၊ စားသောက်ဆိုင်၊မုန့်ဈေးတန်းစင်တာ သို့မဟုတ် ကော်ဖီဆိုင်၊ မုန့်ဈေးတန်း၊ စားသောက်ဆိုင်တန်းတွင် ပိုင်ရှင်တစ်ဦးချင်းစီမှဖွင့်ထားသောသီးသန့်ဆိုင်။

(ခ) အထွေထွေပြဋ္ဌာန်းချက်များ

စားသောက်ဆိုင်တန်းများအားလုံးသည်အောက်ပါအချက်များနှင့်မကိုက်ညီပါက ရေနံဓာတ်ငွေ့ရည်အိုးများကို အဆောက်အအုံအတွင်း မသုံးရ/ မသိုလှောင်ရ-

(၁) စားသောက်ဆိုင်တန်းသည် မြေညီထပ်တွင်ရှိခြင်း။

(၂) သဘာဝ လေဝင်/လေထွက်ရရှိခြင်း။

(ဂ) ခွင့်ပြုရေနံဓာတ်ငွေ့ရည်ပမာဏ

(၁) Food stall ဆိုင်ခန်းတစ်ခန်းလျှင်အများဆုံး ဆလင်ဒါ အရေအတွက်မှာ (အသင့်ဆောင်ထားသော ရေနံဓာတ်ငွေ့ရည်အိုး အပါအဝင်) ၁၅ ကီလိုဂရမ် ၂ လုံး ထားရှိနိုင်သည်။

(၂) Eating outlet ဆိုင်ခန်းတစ်ခန်းစီအတွက် စုစုပေါင်း ၂၀၀ ကီလိုဂရမ် ထက်မပိုရ။

(ဃ) မီးဘေးလုံခြုံရေးပြဋ္ဌာန်းချက်များ

(၁) စားသောက်ဆိုင်တန်းများကို အခြားနေရာများမှ (ရေဖျန်းစနစ်ပါရှိသော အဆောက်အအုံအတွက် ၁ နာရီ နှင့် ရေဖျန်းစနစ်မပါရှိသော အဆောက်အအုံအတွက် ၂ နာရီ) မီးဒဏ်ခံနိုင်သောနံရံများဖြင့် ပိုင်းခြားထားရမည်။

(၂) စားသောက်ဆိုင်တန်းအတွင်းရှိဆိုင်ခန်းများ သို့မဟုတ် ကော်ဖီဆိုင်များအား ၁ နာရီမီးဒဏ်ခံနိုင်သော ဘေးနံရံများဖြင့်ပိုင်းခြားထားရမည်။

(၃) ဆလင်ဒါတစ်အိုးစီတွင် ကျုံ့နိုင်ဆန့်နိုင်သော ပိုက်ခေါင်းပါရှိသော ဟင်းချက်ဖိုခွင်/ မီးဖိုဖြင့် ချိတ်ဆက်ထားရမည်။ ရေနံဓာတ်ငွေ့ရည်အိုးများကို Manifold System နှင့် ချိတ်ဆက်မထားရ။

(c) ဓာတ်ငွေ့ရည်အိုးထားရှိသည့် စည်းရိုးခတ်အခန်း

(၁) ရေနံဓာတ်ငွေ့ရည်အိုးများကို ၂.၅ မီလီမီတာ အထူရှိသော စည်းရိုးခတ်အခန်းတွင် ထည့်ထားရမည်။ ၎င်းအခန်းတစ်ခန်းချင်းစီတွင် ၁၅ ကီလိုဂရမ် ၂ လုံးထက် ပိုပြီးမထားရ။

(၂) စည်းရိုးခတ်အခန်းကို ခိုင်ခံ့သောကြမ်းပြင်တွင်ထားရှိရမည်။

(၃) စည်းရိုးခတ်အခန်းသည် လုံလောက်သော လေဝင်လေထွက် ရရှိစေရန် အောက်ခြေ တွင် အပေါက်များ ပါရှိရမည်။

(၄) စည်းရိုးခတ်အခန်းကို မီးလောင်လွယ်သော ပစ္စည်းများမရှိသည့်နေရာတွင် ထားရှိရမည်။

(စ) ဓာတ်ငွေ့ယိုစိမ့်မှုအာရုံခံစနစ်

(၁) ဓာတ်ငွေ့ယိုစိမ့်မှုအာရုံခံစနစ် (PSB, UL သို့မဟုတ် FM မှ အသိအမှတ်ပြုလက်မှတ် ရရှိထားသော) ကိုထားရှိရမည်ဖြစ်ပြီး (အဆောက်အအုံ၏ လျှပ်စစ်ဓာတ်အားစနစ်မှ တိုက်ရိုက်ဓာတ်အားရယူရမည်) ၎င်းစနစ်ကိုဓာတ်ငွေ့ရည်ပို့လွှတ်မှုကို အလိုအလျောက်ပိတ်နိုင်စေရန်နှင့်အချက်ပေးကိရိယာကို ပွင့်သွားစေရန်ချိတ်ဆက်ထားရမည်။ ဓာတ်ငွေ့ယိုစိမ့်မှုအာရုံခံကိရိယာကို အနိမ့်ပိုင်းနေရာများနှင့်ပိုက်ခေါင်းအဆက်များ၊ ဓာတ်ငွေ့ရည်အိုးထားသော စည်းရိုးခတ်အခန်းများကဲ့သို့ ယိုစိမ့်နိုင်ခြေရှိသောနေရာများတွင် ထားရှိရမည်။

(၂) မီးဖိုဆောင်တွင်း အလိုအလျောက်မီးငြိမ်းသတ်ရေးစနစ် တပ်ဆင်ထားရှိပါက ဓာတ်ငွေ့ရည်ပို့လွှတ်မှုကို အလိုအလျောက်ပိတ်နိုင်စေရန် ချိတ်ဆက်ထားရမည်။

(ဆ) စီမံချက်အတည်ပြုခြင်း

(၁) ထိုစနစ်သည် မီးဖိုဆောင်တွင်း အလိုအလျောက် မီးငြိမ်းသတ်ရေးစနစ်နှင့် ချိတ်ဆက်ထားခြင်းမရှိပါက စီမံချက်တင်ပြရန်မလိုပါ။ သို့သော်ဓာတ်ငွေ့ရည် တင်ပို့သူ/ ရောင်းဝယ်သူနှင့် သုံးစွဲသူအနေဖြင့် ဓာတ်ငွေ့စနစ်တပ်ဆင်ခြင်းကို ကျွမ်းကျင်သူဖြင့်သာ လုပ်ဆောင်ရမည်။

(၂) ၁၅ ကီလိုဂရမ် ဓာတ်ငွေ့ရည်အိုးများကို အဆောက်အအုံအတွင်း သိုလှောင်ရာတွင် အထက်ဖော်ပြပါ အချက်များနှင့်အညီ ဓာတ်ငွေ့ရည်တင်ပို့သူ၊ ရောင်းဝယ်သူ၊ သုံးစွဲသူနှင့် မီးဘေးလုံခြုံရေးတာဝန်ခံ (Fire Safety Manager) တို့က တင်းကြပ်စွာ စစ်ဆေးရမည်။

(၃) စားသောက်ဆိုင်တန်း သို့မဟုတ် စားသောက်ဆိုင်ခန်းငယ်ပိုင်ရှင်များအနေဖြင့် ဓာတ်ငွေ့ရည်တင်ပို့သူ/ ရောင်းဝယ်သူတို့နှင့်အတူ automatic shut off system တပ်ဆင်ထားကြောင်း၊ ဓာတ်ငွေ့ရည်ယိုစိမ့်မှု အာရုံခံစနစ် တပ်ဆင်ထားကြောင်းနှင့် ကျွမ်းကျင်သူမှ ထောက်ခံချက်ပေးထားသောစံနှုန်းနှင့် ကိုက်ညီကြောင်း တာဝန်ယူရမည်။

(၄) အဆောက်အအုံ၏ မီးဘေးလုံခြုံရေးလက်မှတ်ရရှိရန် စစ်ဆေးရေးအစီအမံတွင် အလိုအလျောက် အာရုံခံစနစ်နှင့် Automatic Shut off System ပါရှိရမည်။

နောက်ဆက်တွဲ (၉)
ဆောက်လုပ်ရေးလုပ်ငန်းခွင်များရှိ တည်ဆောက်ဆဲအဆောက်အအုံများမှ ယာယီအလုပ်သမားတန်းလျားများအတွက် မီးဘေးလုံခြုံရေးပြဋ္ဌာန်းချက်များ

၁။ ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၌ မပြီးမြောက်သေးသော အဆောက်အုံများတွင် ယာယီအလုပ်သမားတန်းလျားများ၏ ဒီဇိုင်း၊ တည်ဆောက်ရေး၊ တပ်ဆင်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးတို့သည် ဤမီးဘေးလုံခြုံရေး ဆိုင်ရာစံချိန်စံညွှန်း သတ်မှတ်ချက်များတွင် ပါဝင်သည်။

၂။ ဆောက်လုပ်ရေးလုပ်ငန်းခွင်ရှိ ယာယီအလုပ်သမားတန်းလျားများတွင်နေထိုင်သည့် အလုပ်သမားဦးရေ ၄၀ ထက်မပိုလျှင် ဤမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များကို အသုံးမပြုရ။

၃။ ယာယီအလုပ်သမားတန်းလျားများသည် ဆောက်လုပ်ရေးလုပ်ငန်းခွင်၏ နယ်နိမိတ်အတွင်း တည်ရှိရမည်။

၄။ ယာယီအလုပ်သမားတန်းလျားများသည် တည်ဆောက်ဆဲအဆောက်အုံ၏ မီးသတ်ယာဉ် ဝင်ထွက်လမ်းကြောင်းအထက် အမြင့် ၁၀ မီတာထက် မပိုသည့်အပြင် ဒုတိယမြေအောက်ထပ်ထက် မနိမ့်ရ။

၅။ ယာယီအလုပ်သမားတန်းလျားများကို ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်းရှိ အလုပ်သမားများ ထားရှိရန်အတွက်သာအသုံးပြုရမည်။

၆။ ယာယီအလုပ်သမားတန်းလျားများအတွက် နေထိုင်ခွင့်ပြုသည့်ကာလသည် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှထုတ်ပေးသည့် ယာယီနေထိုင်ခွင့်လျှောက်လွှာပါအချိန်ကာလအထိ ဖြစ်ရမည်။

၇။ ယာယီအလုပ်သမားတန်းလျား ဆောက်လုပ်ခြင်းအတွက် မီးဘေးလုံခြုံရေးအစီအမံများအား အောက်ပါအတိုင်းတင်ပြရမည်-

(က) ယာယီအလုပ်သမားတန်းလျားဆောက်လုပ်ခြင်းအတွက် ဒီဇိုင်းပြုလုပ်ရန်နှင့် ကြီးကြပ်ရန်အတွက် စီမံကိန်း၏အဓိကကန်ထရိုက်တာသည် အရည်အချင်းပြည့်မီသော ပုဂ္ဂိုလ်ခန့်အပ်ထားရမည်။

(ခ) အရည်အချင်းပြည့်မီသောပုဂ္ဂိုလ်သည် တည်ဆောက်မည့် ယာယီအလုပ်သမားတန်းလျားများအတွက် မီးဘေးလုံခြုံရေးအစီအမံများကို မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနသို့ လုပ်ငန်းမစတင်မီတင်ပြရမည်။ အဆိုပါမီးဘေးလုံခြုံရေးအစီအမံများကို အရည်အချင်းပြည့်မီသော ပုဂ္ဂိုလ်မှစစ်ဆေးရမည်။

၈။ ယာယီအလုပ်သမားတန်းလျားများအတွက် နေထိုင်သူဦးရေပမာဏနှင့် ထွက်ပေါက်ဆိုင်ရာ ပြဋ္ဌာန်းချက်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) ရေအိမ်များ၊ မီးဖိုဆောင်များစသည့် တစ်ပြိုင်တည်းအသုံးမပြုသောနေရာများမှအပ ယာယီအလုပ်သမားတန်းလျား၏ ကြမ်းခင်းဧရိယာ ၃ စတုရန်းမီတာလျှင် လူတစ်ယောက်နှုန်း သို့မဟုတ် စနစ်ပုံတွင်ပြထားသည့် နေထိုင်အသုံးပြုသောနေရာတစ်ခုစီအတွက် အမှန်တကယ်နေထိုင်သူဦးရေပမာဏများအနက် ပိုများသောပမာဏကို နေထိုင်သူပမာဏဟုမှတ်ယူရမည်။

(ခ) တန်းလျားများ၏ အဝေးဆုံးနေရာမှ အနီးဆုံးထွက်ပေါက်လှေကား သို့မဟုတ် ထွက်ပေါက်များသို့ သွားရမည့်ပြေးလမ်းကြောင်းအကွာအဝေးသည် အောက်ပါဇယား(၉.၁)တွင် ခွင့်ပြုထားသော အများဆုံးသွားရမည့်ပြေးလမ်းကြောင်း အကွာအဝေးထက် မကျော်လွန်ရ။

ဇယား (၉.၁) ထွက်ပြေးလမ်းကြောင်းအကွာအဝေး

အများဆုံးသွားရမည့် ပြေးလမ်းကြောင်း အကွာအဝေး(မီတာ) (တစ်လမ်းသွား)		**အများဆုံးသွားရမည့် ပြေးလမ်းကြောင်း အကွာအဝေး(မီတာ) (နှစ်လမ်းသွားလွတ်လမ်း)**	
ရေဖျန်းစနစ်မပါ	ရေဖျန်းစနစ်ပါ	ရေဖျန်းစနစ်မပါ	ရေဖျန်းစနစ်ပါ
၁၅	၃၀	၄၅	၇၅

(ဂ) အထပ်တိုင်းတွင် ၎င်း၏နေထိုင်သူပမာဏအတွက် ထွက်ပေါက်အစီအမံများထားရှိပေးရမည်။ အလုပ်သမားများ လွတ်မြောက်ရာလမ်းကြောင်းအတွက် ဒီဇိုင်းပြုလုပ်ထားသော ထွက်ပေါက်များကိုသာလျှင် ထွက်ပေါက်တွင်ဝင်ဆံ့သောပမာဏအဖြစ် ထည့်သွင်းတွက်ချက်ရမည်။

၉။ ယာယီအလုပ်သမားတန်းလျားများအတွက် အကန့်ကန့်ခြင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ယာယီအလုပ်သမားတန်းလျားများ ဆောက်လုပ်ခြင်းအတွက် မီးလောင်ရန်ခက်ခဲသော ပစ္စည်းများကိုသာ အသုံးပြုရမည်။

(ခ) အလုပ်သမားအိပ်ခန်းတစ်ခန်းစီ၏ အရွယ်အစားအား အများဆုံး ၁၂၀ စတုရန်းမီတာ ကန့်ထားပြီး အိပ်ခန်းများကိုပိုင်းခြားရန် အနည်းဆုံး ၁ နာရီ မီးဒဏ်ခံနိုင်သော အခန်း နံရံကိုသုံးရမည်။

(ဂ) အလုပ်သမားအိပ်ခန်း အတွင်းပိုင်း နှင့် အပြင်စကြံ့ကို အနည်းဆုံးမီးဒဏ် ၁ နာရီ ခံနိုင်ရည်ရှိသောနံရံဖြင့် ပိုင်းခြားထားရမည်။ အတွင်းစကြံ့ရှိတံခါးပေါက်များသည် အနည်း ဆုံး မိနစ် ၃၀ မီးဒဏ် ခံနိုင်ရည်ရှိရမည်။

(ဃ) ချက်ပြုတ်ခြင်းကို မြေအောက်ခန်း(များ) အပါအဝင် သတ်မှတ်ထားသော မီးဖို ဆောင်ဧရိယာတွင်သာ ခွင့်ပြုသည်။ အကယ်၍ထိုသို့သောမီးဖိုဆောင်သည် ယာယီ အလုပ်သမားတန်းလျားများမှ လုံလောက်သောအကွာအဝေးခွာထားမှုမရှိလျှင် ၎င်း မီးဖိုဆောင်ကို အနည်းဆုံး ၁ နာရီ မီးဒဏ်ခံနိုင်ရည်ရှိသောနံရံနှင့် မိနစ် ၃၀ မီးဒဏ် ခံနိုင်ရည်ရှိသောတံခါးတို့ဖြင့် ပိတ်ထားရမည်။

(င) ယာယီအလုပ်သမားတန်းလျားများရှိသော မြေအောက်ထပ်(များ)တွင် ရုံးခန်းနှင့် သိုလှောင်ရုံတို့ကို ခွင့်ပြုထားသည်။ ၎င်းတို့ကို လူနေဧရိယာများမှ အနည်းဆုံး မီးဒဏ် ၁ နာရီခံနိုင်ရည်ရှိသော အခန်းနံရံဖြင့် ကန့်ထားပြီး မိနစ်၃၀ မီးဒဏ်ခံနိုင်ရည်ရှိသော တံခါးများ တပ်ဆင်ထားရမည်။

(စ) ယာယီအလုပ်သမားတန်းလျားများတည်ရှိသော မြေအောက်ခန်း(များ)တွင် မီးပွား၊ အပူ စသည်တို့ ထွက်ပေါ်စေသောအလုပ် (Hot work) ကို ခွင့်မပြု။

၁၀။ ယာယီအလုပ်သမားတန်းလျားများအတွက် ထွက်ပေါက်လှေကားအား အောက်ပါအတိုင်း ထားရှိရမည်–

(က) မြေညီထပ်များရှိ ယာယီအလုပ်သမားတန်းလျားများတွင် အထက်ပါဧယား(၉.၁)တွင် ဖော်ပြထားသော အများဆုံးသွားရမည့် ပြေးလမ်းကြောင်းအကွာအဝေး (တစ်လမ်း သွား)နှင့် ကိုက်ညီပါက ထွက်ပေါက်လှေကားတစ်ခုတည်းထားခွင့်ပြုသည်။

(ခ) မြေအောက်ထပ်များတွင်တည်ရှိသော ယာယီအလုပ်သမားတန်းလျားများအတွက် အနည်းဆုံး သီးခြားထွက်ပေါက်လှေကား နှစ်ခုရှိရမည်။

၁၁။ ယာယီအလုပ်သမားတန်းလျားများတွင် အသုံးပြုသောအရေးပေါ်အလင်းရောင်များ နှင့် ထွက်ပေါက်သင်္ကေတများသည် မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

၁၂။ မီးသတ်ရေတင်ပိုက်(ရေပါ/ရေမပါ)စနစ်အား အောက်ပါအတိုင်းထားရှိရမည်-

(က) ပင်မအဆောက်အအုံတွက်မီးသတ်ရေတင်ပိုက် (ရေပါ/ရေမပါ) စနစ် လိုအပ်ပါကတပ်ဆင်ထားပြီး ယာယီအလုပ်သမားတန်းလျားများအတွက် အသုံးပြုနိုင်အောင် ပြုလုပ်ထားရမည်။ လူနေထိုင်စဉ်ကာလအတွင်း ၎င်းကဲ့သို့သော ယာယီအလုပ်သမားတန်းလျားများ ထားရှိခြင်းအတွက် မီးသတ်ရေတင်ပိုက် (ရေပါ) စနစ်မလိုပါ။

(ခ) ယာယီအလုပ်သမားတန်းလျားများတွင် မီးသတ်ရေတင်ပိုက် (ရေမပါ) စနစ်အစားအရေးပေါ်ရေပက်ပိုက်လိပ်ခွေများအသင့်တပ်ဆင်ထားရမည်။

၁၃။ တည်ဆောက်ဆဲအဆောက်အအုံဆိုင်ရာပြဋ္ဌာန်းချက်များအရ မီးသတ်ယာဉ်ပတ်လမ်းကိုထားရှိရမည်။ ယာယီအလုပ်သမားတန်းလျားများကို အထောက်အကူပြုသော မီးသတ်ယာဉ်ပတ်လမ်း၏ အစိတ်အပိုင်းတစ်ခုတည်းကို အသုံးပြုနိုင်အောင် ပြုလုပ်ထားရမည်။

၁၄။ မီးသတ်ယာဉ်ပတ်လမ်းသည် အနီးဆုံးမီးသတ်ရေငုတ်မှ ၅၀ မီတာ အတားအဆီးမရှိသည့် အကွာအဝေးအတွင်းရှိရမည်။ အဝေးဆုံးယာယီအလုပ်သမားတန်းလျားသည် လူသွားလမ်းရှိ လုပ်ငန်းခွင်ဝင်ပေါက်မှ ၁၀၀ မီတာ ထက်မဝေးဘဲတည်ရှိလျှင် ပုဂ္ဂလိကမီးသတ်ရေငုတ် ပြဋ္ဌာန်းချက်ကို ကင်းလွတ်ခွင့်ပြုသည်။

၁၅။ မီးသတ်ဆေးဘူးများနှင့် အရေးပေါ်ရေပက်ပိုက်လိပ်ခွေများအား မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီစွာ ထားရှိရမည်။

၁၆။ မီးဘေးကာကွယ်ရေးစနစ်များမှာ အောက်ပါအတိုင်းထားရှိရမည်-

(က) မြေအောက်ထပ်များတွင်တည်ရှိသော ယာယီအလုပ်သမားတန်းလျားများကို မည်သည့်အခန်းအရွယ်အစားမဆို အလိုအလျောက်ရေဖျန်းစနစ်ဖြင့် ကာကွယ်ရမည်။ မြေအောက်ထပ်တွင် မီးခိုးပိတ်လှောင်မှုမရှိဘဲ လေဝင်/လေထွက်ကောင်းမွန်ပါက အလိုအလျောက်ရေဖျန်းစနစ်ပြဋ္ဌာန်းချက်ကို ကင်းလွတ်ခွင့်ပြုသည်။

(ခ) လေဝင်/လေထွက်ကောင်းမွန်စေရန်အတွက် ပတ်လည်နံရံများတစ်လျှောက် ဒေါင်လိုက်အပေါက်များနှင့် မြေအောက်ထပ်များအပေါ်ရှိ ဟင်းလင်းပြင်များကိုအောက်ပါအတိုင်းညီမျှစွာဖြန့်ကြက်ထားရှိရမည်-

(၁) အပေါက်နှစ်ခု သို့မဟုတ် ဟင်းလင်းပြင်နှစ်ခုကြားရှိ နေရာလွတ်များအတွက် မြေအောက်ထပ်ရှိ မည်သည့်နေရာမှမဆို ဒေါင်လိုက်အပေါက် သို့မဟုတ် ဟင်းလင်းပြင်တစ်ခုခုမှအများဆုံး ၁၂ မီတာ ရှိရမည်။

(၂) လေဝင်/လေထွက်ပေါက် သို့မဟုတ် ဟင်းလင်းပြင်များသည် မျက်နှာပြင် တစ်ဖက်တည်းတွင်ရှိပါက တစ်ခုနှင့်တစ်ခု အများဆုံး ၆ မီတာ ကွာဝေးရမည်။

(၃) အဆိုပါဒေါင်လိုက်အပေါက်များသည် အနည်းဆုံးအမြင့် ၆၀၀ မီလီမီတာရှိရမည်။

(ဂ) မြေအောက်ထပ်ရှိဟင်းလင်းပြင်များနှင့် ဒေါင်လိုက်အပေါက်များ၏ စုစုပေါင်းဧရိယာသည် အဆိုပါအထပ်စုစုပေါင်းကြမ်းခင်းဧရိယာ၏ ၂၀% ထက် မနည်းရ။

(ဃ) မြေအောက်ထပ်တွင်တည်ရှိသော ယာယီအလုပ်သမားတန်းလျားများအတွက် အလိုအလျောက်ရေဖျန်းစနစ် ကင်းလွတ်ခွင့်ပြုထားလျှင်အလိုအလျောက် မီးလှန့်အချက်ပေးစနစ်ထားရှိရမည်။

(င) မြေညီထပ်တွင်တည်ရှိသော ယာယီအလုပ်သမားတန်းလျားများအတွက် သာမန်မီးလှန့်အချက်ပေးစနစ်ထားရှိရမည်။

၁၇။ (အင်ဂျင်နီယာ)မီးခိုးထိန်းချုပ်စနစ်အား အောက်ပါအတိုင်းထားရှိရမည်-

(က) အလုပ်သမားတန်းလျားများတည်ရှိသော မြေအောက်အထပ်များအတွက် အပိုဒ်(၁၆)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း လေဝင်/လေထွက်ကောင်းမွန်စွာမရရှိပါက (အင်ဂျင်နီယာ) မီးခိုးထိန်းချုပ်စနစ်ထားရှိရမည်။

(ခ) မြေအောက်ထပ် ယာယီအလုပ်သမားတန်းလျားရှိ နေထိုင်သူဦးရေပမာဏကို အပိုဒ် ၈ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ၃ စတုရန်းမီတာလျှင် တစ်ယောက်နှုန်းအစား ၆ စတုရန်း မီတာလျှင် တစ်ယောက်နှုန်းထား၍ တွက်ချက်လျှင် (အပိုဒ် ၁၆ (ဃ) မှအပ) အပိုဒ် ၁၆ နှင့် အပိုဒ် ၁၇ ရှိ ပြဋ္ဌာန်းချက်များကို ကင်းလွတ်ခွင့်ပြုသည်။

၁၈။ အရန်လျှပ်စစ်ဓာတ်အားရင်းမြစ်အား အောက်ပါအတိုင်းထားရှိရမည်-

(က) ယာယီအလုပ်သမားတန်းလျားများတွင် အသုံးပြုသော မီးသတ်စနစ်အားလုံးအတွက် အရန်လျှပ်စစ်ဓာတ်အားရင်းမြစ်ကို ထားရှိရမည်။

(ခ) ဘက်ထရီ၊ အရန်မီးစက်၊ အင်ဗာတာ (inverter) သို့မဟုတ် အခြားလက်ခံနိုင်သော ကိရိယာပုံစံဖြင့်ရှိသော အရန်လျှပ်စစ်ဓာတ်အားရင်းမြစ်၏ တည်နေရာ၊ အစီအစဉ်၊ ထိန်းချုပ်မှုနှင့် လျှပ်စစ်ဝါယာသွယ်တန်းခြင်းတို့သည် မီးဘေးလုံခြုံရေးဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

(ဂ) အရန်လျှပ်စစ်ဓာတ်အားရင်းမြစ်သည် အနည်းဆုံး ၂ နာရီ အသုံးပြုနိုင်ရမည်။

၁၉။ ယာယီအလုပ်သမားတန်းလျားများရှိ အန္တရာယ်ရှိသောပစ္စည်းများအား အောက်ပါအတိုင်း သိုလှောင်ထားရှိရမည်-

(က) မီးတောက်နိုင်ခြေမြင့်မားသော အရာဝတ္ထုများအားလုံးကို ယာယီအလုပ်သမားတန်းလျား တည်ရှိသော အဆောက်အအုံမှ အနည်းဆုံး ၅ မီတာကွာဝေးသော ကွင်းပြင်နေရာတွင် ထားရမည်။

(ခ) ယာယီအလုပ်သမားတန်းလျားတွင်အသုံးပြုသော ရေနံဓာတ်ငွေ့ရည်အိုး (LPG) တပ်ဆင် ထားရှိမှုအတွက် မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်။

၂၀။ ယာယီအလုပ်သမားတန်းလျားအားလုံးကို ကောင်းမွန်စွာထိန်းသိမ်းထားရမည်ဖြစ်ပြီး ၎င်း တို့ကိုခွင့်ပြုချက်မရဘဲ တိုးချဲ့ခြင်းနှင့် လူနေထူထပ်ခြင်းကြောင့် ဆင်းရဲသားရပ်ကွက်ကဲ့သို့ ယိုယွင်းပျက်စီးရန်ခွင့်မပြု။ ယာယီအလုပ်သမားတန်းလျားအနီးတွင် မလိုအပ်သော အရာ ဝတ္ထုများမထားရ။ ထွက်ပေါက်များ၊ လွတ်မြောက်လမ်းကြောင်းများနှင့် စက်ကြီးများအားလုံးကို အချိန်မရွေးအတားအဆီးကင်းအောင်ထားရမည်။

နောက်ဆက်တွဲ (၁၀)
မော်တော်ယာဉ်ရပ်နားရန်နေရာများရှိ ပြွန်မပါသောလေမှုတ်ပန်ကာစနစ်

၁။ ဤနောက်ဆက်တွဲပါပြဋ္ဌာန်းချက်များသည်မီးလောင်မှုဖြစ်ပွားစဉ်တွင် မော်တော်ယာဉ်ရပ်ရန်နေရာမှ အပူနှင့်မီးခိုးများ အပြင်သို့ထွက်စေရန်နှင့် မီးသတ်သမားများမှ မီးလောင်သည့်နေရာအား ရှာဖွေခြင်းနှင့် မီးငြိမ်းသတ်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ဘေးကင်းလုံခြုံမှုရှိစေရန်တို့ အတွက် ရေးဆွဲထားခြင်းဖြစ်သည်။

၂။ ဤပြဋ္ဌာန်းချက်များသည် ခရီးသည်ယာဉ်များ/ အပေါ့စားယာဉ်ငယ်များ အများသုံးမော်တော်ယာဉ်လမ်းများမှတစ်ဆင့် တစ်စီးနှင့်တစ်စီးဘေးချင်းယှဉ်၍ရပ်ရသည့် မော်တော်ယာဉ်ရပ်နားရန်နေရာများအတွက်သာ အကျုံးဝင်ပြီး စက်ယန္တရားသုံးမော်တော်ယာဉ်ရပ်နားရန်နေရာ သို့မဟုတ် အခြားသောမော်တော်ယာဉ်ရပ်နားရန်နေရာများအတွက် အကျုံးမဝင်ပါ။

၃။ မြေအောက်ထပ်ရှိ မော်တော်ယာဉ်ရပ်နားရန်နေရာသည် မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်ပါ အခန်း(၇)နှင့်အညီ တပ်ဆင်ထားသောရေဖျန်းစနစ်ဖြင့် ကာကွယ်ထားရမည်ဖြစ်ပြီး လေမှုတ်ပန်ကာများ အလုပ်လုပ်ချိန်တွင် ရေဖျန်းခေါင်းများ၏ရေဖျန်းပုံစံအပေါ် သက်ရောက်မှုအနည်းဆုံးဖြစ်စေရန် ရေဖျန်းခေါင်းများနှင့် လေမှုတ်ပန်ကာများအား စီမံထားရှိရမည်။

၄။ မော်တော်ယာဉ်ရပ်နားရန်နေရာအတွက် ဇုန်ခွဲခြားသတ်မှတ်ခြင်းသည် အောက်ပါအတိုင်းဖြစ်ရမည်-

(က) မီးခိုးထိန်းချုပ်ရေးနှင့် မီးလောင်သည့်တည်နေရာကို လျင်မြန်စွာသိရှိနိုင်ရေးအတွက် မော်တော်ယာဉ်ရပ်နားရန်နေရာအား ဇုန်တစ်ခုလျှင် ၂၀၀၀ စတုရန်းမီတာထက်မပိုသော (စက်ခန်းများနှင့် မော်တော်ယာဉ်ပတ်လမ်းများမပါဝင်ဘဲ) မီးခိုးထိန်းဇုန်များ အဖြစ်ပိုင်းခြား ထားရမည်။

(ခ) မီးလောင်နေသောဇုန်မှ မီးခိုးများကိုရှင်းထုတ်ရန် မီးခိုးထိန်းဇုန်တစ်ခုစီတွင် သီးသန့် လေမှုတ်ပန်ကာစနစ် (လေသန့်ပန်ကာများ၊ လေထုတ်ပန်ကာများနှင့် လေမှုတ်ပန်ကာများ) ထားရှိရမည်။ ပန်ကာများ၊ ဝါယာကြိုးသွယ်တန်းခြင်းနှင့် ထိန်းချုပ်ပုံးတို့ကို အနည်းဆုံး ၁ နာရီ မီးဒဏ်ခံနိုင်မှုဖြင့် ကာကွယ်ထားလျှင် လေသန့်ပန်ကာများနှင့် လေထုတ်ပန်ကာများ မျှဝေသုံးစွဲခြင်းအား ခွင့်ပြုသည်။ အရေးပေါ်အခြေအနေတွင် လေထုတ်ပန်ကာစနစ်ချို့ယွင်းမှုဖြစ်ခဲ့လျှင် ၎င်းစနစ်၏ စုစုပေါင်းစွန့်ထုတ်နိုင်သော ပမာဏသည် စွန့်ထုတ်ရန်လိုအပ်သောမီးခိုးပမာဏ၏ ၁၀၀%အောက် လျော့နည်းသွားခြင်းမရှိစေရန် လေထုတ်ပန်ကာစနစ်ကို အနည်းဆုံးနှစ်ပိုင်းခွဲ၍ ဒီဇိုင်းပြုလုပ်

ထားရမည်။ စက်ယန္တရားသုံးလေအေးပေးပန်ကာစနစ်ကို အသုံးပြုလျှင်လည်း ဤလို အပ်ချက်များအတိုင်း လိုက်နာရမည်။

၅။ မြေအောက်ယာဉ်ရပ်နားရာအထပ် သို့မဟုတ် အထပ်တစ်ထပ်တည်းတွင်ရှိသော နေရာများတွင် တပ်ဆင်ထားသော ရေဖျန်းစနစ်စတင်အလုပ်လုပ်သည်နှင့်တစ်ပြိုင်နက် လေမှုတ်ပန်ကာစနစ် စတင်လည်ပတ်ရမည်။ လေမှုတ်ပန်ကာစနစ် စတင်အလုပ်လုပ်ခြင်းသည် မီးလောင်နေသည့်နေရာရှိ မီးခိုးထိန်းဇုန်နှင့် ကပ်လျက်ဇုန်များအား ကန့်သတ်ထားခြင်းဖြစ်သည်။ လေမှုတ်ပန်ကာစနစ်အား ထိန်းချုပ်ရန်အတွက် မီးသတ်သမားများ အသုံးပြုနိုင်သောခလုတ်ကို မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်းတွင်ထားရှိရမည်။ ပန်ကာများစတင်လည်ပတ်စေရန် အခြားသောနည်းလမ်းတစ်ခုဖြစ်သည့် မီးခိုးအာရုံခံကိရိယာများဖြင့် ချိတ်ဆက်အသုံးပြုခြင်းကို အောက်ပါအခြေအနေများပေါ်မူတည်၍ ခွင့်ပြုသည်-

(က) အာရုံခံကိရိယာများကို လေမှုတ်ပန်ကာများ၏ အလယ်ထိရောက်သောနေရာတွင် ထားရှိရမည်။

(ခ) လေထုတ်ပြွန်၏ အစနေရာတွင် အဆိုပါမီးခိုးအာရုံခံကိရိယာအား ထားရှိရမည်။

(ဂ) မီးခိုးအာရုံခံကိရိယာနှစ်ခု စတင်အလုပ်လုပ်ချိန်မှသာ လေမှုတ်ပန်ကာစနစ် စတင်လည်ပတ်ရမည်။ ဤသို့ထားရှိခြင်းသည် မှားယွင်းသောအချက်ပေးခြင်းကို နည်းနိုင်သမျှနည်းစေရန် ဖြစ်သည်။

၆။ ပင်မလျှပ်စစ်ဓာတ်အားရင်းမြစ် ပြတ်တောက်သွားချိန်တွင် အရန်လျှပ်စစ်ဓာတ်အားဖြင့် လေမှုတ်ပန်ကာစနစ်အလုပ်လုပ်စေရန် အလိုအလျောက်စတင်လည်ပတ်နိုင်သော အရေးပေါ်မီးစက် ထားရှိရမည်။

၇။ လေမှုတ်ပန်ကာများအား စမ်းသပ်အတည်ပြုထားသည့် ထိရောက်မှုရှိသောအကွာအဝေး၏ သုံးပုံနှစ်ပုံတွင် ဖြန့်ကြက်ထားရှိရမည်။ ထိရောက်မှုရှိသောအကွာအဝေးဆိုသည်မှာ လေအလျင်နှုန်း တစ်စက္ကန့်လျှင် ၀.၂ မီတာ နှုန်း ရှိသောနေရာကိုဆိုလိုသည်။

၈။ လေမှုတ်ပန်ကာစနစ်အား အနည်းဆုံး ကင်းလွတ်အမြင့် ၃ မီတာ တွင် တပ်ဆင်ရမည်။

၉။ လေမှုတ်ပန်ကာစနစ်နှင့်ချိတ်ဆက်ထားသည့် ဆက်စပ်ပစ္စည်းများမှာ အောက်ပါအတိုင်းဖြစ်ရမည်-

(က) မီးခိုးထိန်းဇုန်တစ်ခုစီအတွက်တပ်ဆင်ထားသော လေထုတ်ပန်ကာအုပ်စုတစ်ခုစီသည် ၎င်းဇုန်ရှိ သက်ဆိုင်ရာလေမှုတ်ပန်ကာများနှင့် တွဲလျက်ချိတ်ဆက်ထားရမည်။

(ခ) မည်သည့်မီးခိုးထိန်းဇုန်တွင်မဆိုတွဲလျက် ချိတ်ဆက်ထားသောလေထုတ်ပန်ကာများ ရပ်တန့်/ချွတ်ယွင်းလျှင် ၎င်းဇုန်ရှိသက်ဆိုင်ရာလေမှုတ်ပန်ကာများလည်း ရပ်တန့်ရမည်။ မီးခိုးထိန်းဇုန်ရှိ လေထုတ်ပန်ကာတစ်ခုခု လည်ပတ်နေဆဲဖြစ်လျှင် ၎င်းဇုန်ရှိ လေမှုတ်ပန်ကာအားလုံး ဆက်လက်လည်ပတ်စေရမည်။

(ဂ) တွဲလျက်ချိတ်ဆက်ထားသော လေမှုတ်ပန်ကာများချွတ်ယွင်းသွားလျှင် လေထုတ်ပန်ကာ ဆက်လက်လည်ပတ်စေရမည်။

(ဃ) တွဲလျက်ချိတ်ဆက်ထားသောလေမှုတ်ပန်ကာတစ်ခုခု ချွတ်ယွင်းသွားလျှင် အခြားတွဲလျက်ချိတ်ဆက်ထားသော လေမှုတ်ပန်ကာများသည် ဆက်လက်လည်ပတ်နေရမည်။

(c) မီးလှန့်အချက်ပေးခြင်းများမရရှိပါကလည်း လေထုတ်ပန်ကာများနှင့် လေမှုတ်ပန်ကာများသည် မြင့်မားသောမြန်နှုန်းဖြင့် ဆက်လက်လည်ပတ်နေရမည်။ ၎င်းအပြင် မီးသတ်သမားများမှ အဆိုပါပန်ကာများအား ရပ်တန့်ပြီးပြန်လည်စတင်လည်ပတ်စေလျှင်လည်း မြင့်မားသောမြန်နှုန်းဖြင့် ဆက်လက်လည်ပတ်စေရမည်။ ထိန်းချုပ်သည့်နေရာမှ ၎င်းပန်ကာများအား မြန်နှုန်းအနိမ့်သို့ ပြောင်းလဲချိန်အထိတိုင်အောင် ဤသို့ဆက်လက်လည်ပတ်စေရမည်။

၁၀။ လေမှုတ်ပန်ကာစနစ်သည် အဆောက်အအုံ၏ အခြားအစိတ်အပိုင်းများအတွက် အသုံးပြုသော စနစ်များနှင့် သီးခြားစီဖြစ်ရမည်။

၁၁။ လေမှုတ်ပန်ကာစနစ်အလုပ်လုပ်စေသည့် လေထုအလျှင်သည် ၎င်းလေစီးကြောင်း၏ ဆန့်ကျင်ဘက်အရပ်တွင်ရှိသော မီးလောင်မှုဖြစ်ပွားနေသည့်နေရာမှ ၅ မီတာအတွင်းရှိ မျက်နှာကြက်လေမှုတ်စက်၏ပြန့်ပွားစေမှုကိုရပ်တန့်စေရန် လုံလောက်သော လေမှုတ်ပန်ကာစနစ်ကို ဒီဇိုင်းပြုလုပ်ထားရမည်။

၁၂။ မီးသတ်သမားများအတွက် အနည်းဆုံးမီးငြိမ်းသတ်နိုင်သော ချဉ်းကပ်လမ်းကြောင်းတစ်ခုအား မီးလောင်သည့်နေရာမှ ၅ မီတာ အကွာအဝေးအတွင်းထားရှိရမည်ဖြစ်ပြီး အဆိုပါလမ်းကြောင်းနှင့်သက်ဆိုင်သည့်အချက်အလက်များအား ပင်မမီးလှန့်အချက်ပေးပုံးတွင် ဖော်ပြထားရမည်။ မီးခိုးထိန်းဇုန်/ ရေဖျန်းစနစ်ဇုန်တစ်ခုအတွင်း မီးအာရုံခံမိပါက ၎င်းမီးခိုးထိန်းဇုန်သို့ ချဉ်းကပ်လမ်းကြောင်းပြပုံကို မြေပုံအညွှန်းဖြင့် ရယူနိုင်ရမည်။

၁၃။ မီးခိုးထိန်းဇုန်တစ်ခုစီတွင် ဗို့အားအလတ်စားတစ်ဆင့်ခံပုံးအား ထားရှိရမည်ဖြစ်ပြီး ပင်မထိန်းချုပ်ပုံးနှင့် ချိတ်ဆက်ထားရမည်။ ထိုသို့ချိတ်ဆက်ထားခြင်းသည် သီးခြားတပ်ဆင်ထားရှိသော လေမှုတ်ပန်ကာစနစ်၏ အလုပ်လုပ်ပုံအားပင်မထိန်းချုပ်ပုံးမှ အလိုအလျောက်ပြသစေရန် ဖြစ်သည်။

၁၄။ မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်းရှိ မော်တော်ယာဉ်ရပ်နားရန်နေရာအတွက် ပင်မဗို့အား အလတ်စားပုံးနှင့် အဝေးထိန်းချုပ်ပုံးတို့တွင် လေပေးပန်ကာများနှင့် လေထုတ်ပန်ကာများအတွက် ပန်ကာမြန်နှုန်းပြမီးများ (အမြန်နှုန်းအနိမ့်၊အမြင့်) ထားရှိရမည်။ သက်ဆိုင်ရာမီးခိုးထိန်းဇုန်များတွင် ပင်မလေထုတ်ပန်ကာများနှင့် ချိတ်ဆက်ထားသော လေမှုတ်ပန်ကာသီးခြားအုပ်စုများ၏ အမှတ်အသားပြမီးများကိုလည်း ပုံးများတွင်ဖော်ပြထားရမည်။

၁၅။ ပင်မလျှပ်စစ်ဓာတ်အားပြတ်တောက်ပြီး အရန်လျှပ်စစ်ဓာတ်အားရင်းမြစ်ဖြင့် ဆက်လက်လည်ပတ်ချိန်တွင် လေမှုတ်ပန်ကာစနစ်သည် ပင်မလျှပ်စစ်ဓာတ်အားမပြတ်တောက်မီ လည်ပတ်သည့်ပုံစံအတိုင်း အလားတူဖြစ်ရမည်။

၁၆။ မျက်နှာကြက်အောက်ရှိယက်မနှင့် အခြားအတားအဆီးများသည် မော်တော်ယာဉ်ရပ်နားရာကြမ်းပြင်မှ မျက်နှာကြက်ထိအမြင့်ဆယ်ပုံတစ်ပုံထက်ပိုသည့်အခြေအနေ၌ လေဖြတ်သန်းဝင်ရောက်ရန်အတွက် အဟန့်အတားဖြစ်နိုင်ကြောင်း လေမှုတ်ပန်ကာစနစ်ဒီဇိုင်းပြုလုပ်ချိန်တွင် ထည့်သွင်းစဉ်းစားရမည်။

၁၇။ လေမှုတ်ပန်ကာစနစ်၏ မီးခိုးထုတ်ပေါက်မှ ထုတ်လွှတ်လိုက်သည့်မီးခိုးများသည် ထွက်ပြေးလွတ်မြောက်လမ်းကြောင်းများ၊ လူသွားစင်္ကြံ သို့မဟုတ် ထွက်ပေါက်လှေကားများအတွင်းသို့ မရောက်ရှိစေရ။

၁၈။ လေမှုတ်ပန်ကာစနစ်သည် မီးလောင်မှုဖြစ်ပွားနေချိန်တွင် မီးခိုးများစုပြုံပိတ်လှောင်မှုမရှိစေရန်ဖြစ်သည်။

၁၉။ လေမှုတ်ပန်ကာစနစ်အလုပ်လုပ်ချိန်တွင် ရွှေ့လျားနေသောလေထုထည်သည် ပင်မလေထုတ်ပန်ကာများမှ စုပ်ထုတ်သော ထုထည်ပမာဏထက်မပိုရ။

၂၀။ လေမှုတ်ပန်ကာများအတွက်ဝါယာကြိုးသွယ်တန်းခြင်းမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) လေမှုတ်ပန်ကာများအား လေမှုတ်ပန်ကာထိန်းချုပ်ပုံးနှင့် ချိတ်ဆက်ထားရမည်ဖြစ်ပြီး အုပ်စုတစ်ခုလျှင် အများဆုံး ၃ ခုနှုန်း သာ မဖြစ်မနေချိတ်ဆက်ထားရမည်။

(ခ) လေမှုတ်ပန်ကာအုပ်စုတစ်ခုချင်းစီအား မီးဒဏ်ခံနိုင်ရည်ရှိသောဝါယာကြိုးဖြင့် ချိတ်ဆက်ထားရမည်။

(ဂ) လေမှုတ်ပန်ကာအုပ်စုတစ်ခုချင်းစီအား လျှပ်စစ်ပတ်လမ်း ဖြတ်တောက်ကိရိယာ တစ်ခုဖြင့် ကာကွယ်ထားရမည်။ ၎င်းမှာ လေမှုတ်ပန်ကာအုပ်စုတစ်ခုအတွင်း ဝန်ပိုသုံးစွဲမှုကြောင့် အုပ်စုအားလုံး၏လျှပ်စစ်ပတ်လမ်းဖြတ်တောက်ကိရိယာအား မထိခိုက်စေရန်ဖြစ်သည်။

(ဃ) လေမှုတ်ပန်ကာထိန်းချုပ်ပုံးအတွက် အဝင်လျှပ်စစ်ဓာတ်အားသည် မြန်မာနိုင်ငံမီးဘေး လုံခြုံရေးဆိုင်ရာစံချိန်စံညွှန်း သတ်မှတ်ချက်ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။ လေမှုတ်ပန်ကာတစ်ခုရှုတ်ယွင်းခဲ့လျှင် ၎င်းနှင့်ချိတ်ဆက်ထားသော လေမှုတ်ပန်ကာ အုပ်စုတစ်ခုသာလျှင် လျှပ်စစ်ပတ်လမ်းဖြတ်တောက်ကိရိယာမှ ပိတ်စေရမည်ဖြစ်ပြီး အခြားသောအုပ်စုများအား ကာကွယ်ပေးထားသည့် လျှပ်စစ်ပတ်လမ်းဖြတ်တောက်ကိရိယာအားမပိတ်စေရ။

(c) လေမှုတ်ပန်ကာများ၏ ဝါယာကြိုးများကို မြွေလိမ်မြွေကောက်ပုံသဏ္ဌာန်ဖြင့် ချိတ်ဆက်ရမည်။ တစ်တန်းတည်းကပ်လျက်ရှိသော လေမှုတ်ပန်ကာ ၂ ခုအား အုပ်စုတစ်ခုအတွင်းတွဲလျက် ဝါယာကြိုးဖြင့်မချိတ်ဆက်ရ။ တွဲလျက်ချိတ်ဆက်ထားသော လေမှုတ်ပန်ကာ ၁ ခု ပြတ်တောက်လျှင် အခြားတွဲလျက်ချိတ်ဆက်ထားသော လေမှုတ်ပန်ကာအုပ်စုအားလုံး ဆက်လက်လည်ပတ်စေရမည်။

(စ) ဧုန်တစ်ခုစီအတွင်း လေမှုတ်ပန်ကာများအားထိန်းချုပ်ရန်အတွက် ဧုန်ထိန်းချုပ်ပုံး၏ တည်နေရာသည် ဧုန်အတွင်းလုံခြုံသောနေရာတွင်ရှိရမည်ဖြစ်ပြီး ကပ်လျက်ရှိသော ဧုန်များ၏ထိန်းချုပ်ပုံးများမှ အနည်းဆုံး ၅ မီတာ ကွာဝေးရမည်။

၂၁။ လေအေးပေးခြင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မော်တော်ယာဉ်ရပ်နားရန်နေရာအား လေသန့်သွင်းပေးရန်အတွက် စက်တပ်လေသန့်သွင်းပန်ကာများ သို့မဟုတ် ကြမ်းခင်းဧရိယာ၏အနည်းဆုံး ၂.၅% ရှိပြီး အမြဲပွင့်နေသော အပေါက်များထားရှိခြင်းဖြင့် လေပေးသွင်းနိုင်သည်။ ထိုသို့လေပေးသွင်းရာတွင် မီးခိုးပြန်လည်လည်ပတ်ခြင်းကို ကာကွယ်ရန် အဝင်လေအေးပေးနှုန်းသည် အများဆုံး တစ်စက္ကန့်လျှင် ၂ မီတာ ဖြစ်ရမည်။

(ခ) လွတ်မြောက်လမ်းကြောင်းများနှင့် လွတ်မြောက်ဆင်ခြေလျှောများအတွင်း ထွက်ခွာလာသူများအား လေစီးကြောင်းဟန့်တားခြင်းမှကာကွယ်ရန် အဆိုပါလမ်းကြောင်းများအတွင်းရှိ လေစီးနှုန်းသည် တစ်စက္ကန့်လျှင် ၅ မီတာထက်မပိုရ။

(ဂ) မီးခိုးပြန်လည်လည်ပတ်ခြင်းအားကာကွယ်ရန် အစားထိုးလေဝင်ပေါက်များ (လေဖလှယ်ပေါက်) ကို မီးခိုးထုတ်သောနေရာများမှဝေးရာသို့ မျက်နှာမူထားရမည်ဖြစ်ပြီး အနည်းဆုံး ၅ မီတာအကွာတွင်ထားရမည်။ လေပေးရန်နှင့် လေထုတ်ရန်အတွက် ထားရှိသော Louvre များသည် တူညီသောအဆောက်အအုံမျက်နှာစာတွင် တည်ရှိလျှင် ၎င်းတို့သည် အနည်းဆုံး ၅ မီတာ ကွာဝေးရမည်။

(ဃ) ဖြည့်သွင်းသောလေနှင့် လေထုတ်ပန်ကာမှစုပ်ယူသောမီးခိုးတို့အကြား လေများဆန့်ကျင် စီးဆင်းခြင်းမရှိစေရန် အစားထိုးလေဝင်ပေါက်ကို မီးခိုးထုတ်ပေါက်၏ ဆန့်ကျင်ဘက်တွင် ထားရှိရမည်။

၂၂။ လေထုတ်ပန်ကာဒီဇိုင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မီးလောင်နေစဉ်တွင် မော်တော်ယာဉ်ရပ်နားရန်နေရာ၌ လေလှည့်လည်နှုန်းသည် ၁ နာရီလျှင် အနည်းဆုံး ၁၂ ကြိမ် ရှိရမည်။

(ခ) မော်တော်ယာဉ်ရပ်နားရန်နေရာရှိ စုပ်ထုတ်သောနေရာများအနီးလေဖိအားသည်ပြင်ပ လေထုဖိအားနှင့် ညီမျှနေခြင်းအပေါ်အခြေခံ၍ လေထုတ်ပန်ကာ၏ လုပ်ဆောင်နိုင်မှုနှင့် ဆက်စပ်သောပိုက်စနစ်တို့ကို တွက်ချက်ရမည်။

(ဂ) မော်တော်ယာဉ်ရပ်နားရန်နေရာ၏ မီးခိုးထိန်းဇုန်တစ်ခုစီတွင် သီးသန့်လေထုတ် ပန်ကာစနစ်ရှိရမည်။ အဆိုပါလေထုတ်ပန်ကာစနစ်၏ အစိတ်အပိုင်းတစ်ခုပြတ်တောက်နေသည့် အခြေအနေ၌ စုစုပေါင်းလေထုတ်အားသည် လိုအပ်သောလေထုတ်နှုန်း၏ ၅၀% အောက်မလျော့ကျစေရန်နှင့် အခြားဇုန်များရှိ လေထုတ်ပန်ကာစနစ်လည်ပတ်မှုကို မထိခိုက်စေရန် လေထုတ်ပန်ကာစနစ်အား အနည်းဆုံး ၂ ပိုင်းခွဲ၍ ဒီဇိုင်းပြုလုပ်ထားရမည်။

(ဃ) မီးခိုးထုတ်ပန်ကာများမှ စွန့်ထုတ်လိုက်သောမီးခိုးများအား လူအများနေထိုင်အသုံးပြုသောဧရိယာ သို့မဟုတ် လွတ်မြောက်ရာလမ်းကြောင်းများသို့ မရောက်ရှိစေရန် အတွက် မီးခိုးစွန့်ထုတ်ရာနေရာများကို စနစ်တကျထားရှိရမည်။

၂၃။ စက်တပ်လေသန့်သွင်းပန်ကာများ၊ မီးခိုးထုတ်ပန်ကာများ၊ လေမှုတ်ပန်ကာများ၊ ပိုက်လိုင်းများနှင့် ဝါယာကြိုးသွယ်တန်းခြင်းစသော အစိတ်အပိုင်းများသည် ၂၅၀ ဒီဂရီစင်တီဂရိတ်အတွင်း ၂ နာရီ ထိရောက်စွာအလုပ်လုပ်နိုင်သော မီးဒဏ်ခံနိုင်ရည်ရှိရမည်။

၂၄။ မီးခိုးမှုတ်စနစ်ဖြင့်စမ်းသပ်ခြင်းကိုအသုံးပြု၍ ထိရောက်မှုရှိသောလေမှုတ်ပန်ကာစနစ်ဒီဇိုင်းကို လက်တွေ့ပြသရမည်။ အပူနှင့်မီးခိုးစနစ်ဖြင့်စမ်းသပ်ခြင်းအတွက် အသုံးပြုသောလောင်စာ၏ အပူထုတ်နှုန်းသည် အနည်းဆုံး ၁ မီဂါဝပ် ရှိရမည်။ အပူနှင့်မီးခိုးစနစ်ဖြင့်စမ်းသပ်ခြင်းသည် အောက်ပါအခြေအနေများတွင်လိုအပ်သည်-

(က) လေလှည့်လည်နှုန်းသည် တစ်နာရီလျှင် ၁၂ ကြိမ်ထက်နည်းပါက။

(ခ) မီးအရွယ်အစား ၄ မီဂါဝပ်ထက်ကြီးသော မီးလောင်နိုင်သည့် အထွေထွေကုန်ပစ္စည်းတင်ယာဉ်သို့မဟုတ်အဝေးပြေးဘတ်စ်များရှိနေသည့်နေရာတွင် (ကားမီးလောင်ခြင်း)။

(ဂ) ဖြည့်သွင်းသောလေသည် သဘာဝနှင့်စက်စွမ်းအားသုံးလေတို့ပေါင်းစပ်မှုဖြစ်လျှင်။

(ဃ) လေမှုတ်ပန်ကာများ၏ကြားနေရာသည် စမ်းသပ်ထားသော ထိရောက်သည့်အကွာအဝေး၏ သုံးပုံနှစ်ပုံထက်ပိုလျှင်။

၂၅။ မီးလောင်မှုဖြစ်ပွားသည့်နေရာသည် မီးခိုးထိန်းဇုန်အတွင်း သို့မဟုတ် ဇုန်နယ်နိမိတ်၏မည်သည့်နေရာ၌မဆို မီးခိုးသည် ၁၀၀၀ စတုရန်းမီတာထက်မပိုသည့် မော်တော်ယာဉ်ရပ်နားရန် နေရာတွင် အနည်းဆုံးမိနစ် ၂၀ ခိုအောင်းနိုင်သည့်အတွက် အဆိုပါမီးခိုးအောင်းဧရိယာအတွင်း အောက်ပါ အခြေအနေများရှိပါက မီးသတ်သမားများဝင်ထွက်နိုင်သော အနည်းဆုံးလမ်းကြောင်း ၁ ခု ရှိရမည်-

(က) ကြမ်းပြင်မှ ၁.၇ မီတာအမြင့်တွင် မီးခိုးအပူချိန်သည် ၂၅၀ ဒီဂရီဆဲစီးရပ်စ်ထက် မပိုရ။

(ခ) ကြမ်းပြင်မှ ၁.၇ မီတာအမြင့်တွင် မြင်နိုင်စွမ်းသည် ၅ မီတာထက် မနည်းရ။

၂၆။ လေမှုတ်ပန်ကာများ၏လေစီးကြောင်းသည် မီးလောင်ရာနေရာ၏ ဆန့်ကျင်ဘက် ၅ မီတာအကွာအဝေးမှ စတင်ရမည်။ မီးခိုးအောင်းဧရိယာပြင်ပရှိ အခြားဧရိယာအားလုံးကို မီးခိုးကင်းစင်အောင်ထားရမည်။ အများဆုံးမီးခိုးအပူချိန် ၆၀ ဒီဂရီဆဲစီးရပ်စ် နှင့် အနည်းဆုံးမြင်နိုင်စွမ်း ၂၅ မီတာရှိရမည်။ အပူနှင့်မီးခိုးစနစ်ဖြင့်စမ်းသပ်ခြင်းကိုလုပ်ဆောင်လျှင် လေမှုတ်ပန်ကာစနစ်၏ လည်ပတ်မှု၊ စုပ်ထုတ်မည့်နေရာများဆီသို့ မီးခိုးရွှေ့လျားခြင်း၊အပူနှင့်မီးခိုးစနစ်ပျံ့နှံ့ခြင်းတို့အရ အကဲဖြတ်ခြင်းကို ပြုလုပ်ရန်ဖြစ်သည်။ စစ်ဆေးခြင်း ၂ ခုအား အထက်တွင်ဖော်ပြထားသည့် မြင်နိုင်စွမ်းစံနှုန်းကို အသုံးပြု၍အတည်ပြုနိုင်သည်။

၂၇။ လည်ပတ်မှုများနှင့် ပြုပြင်ထိန်းသိမ်းမှုများပါဝင်သည့် လက်စွဲစာစောင်တစ်ခုအား ပူးတွဲထားရှိပေးရမည်။ လက်စွဲစာစောင်တွင် အဆောက်အအုံပိုင်ရှင်/လုပ်ငန်းရှင် အခန်းကဏ္ဍနှင့်တာဝန်ဝတ္တရားများ၊ အဆောက်အအုံရှိကန့်သတ်နေရာများ၊ အခြားစနစ်များ၊ ပြုပြင်ထိန်းသိမ်းခြင်းအစီအမံများနှင့် ချွတ်ယွင်းမှုအားဖော်ပြခြင်းစသည်တို့ပါဝင်ရမည်။ လက်စွဲစာစောင်ကို အနာဂတ်ကာလတွင် အဆောက်အအုံအား အသစ်ပြုပြင်ခြင်းများနှင့် ပြောင်းလဲခြင်းများပြုလုပ်ရာတွင် လမ်းညွှန်အဖြစ် အသုံးပြုနိုင်ရမည်။

နောက်ဆက်တွဲ (၁၁)

ဓာတ်လှေကားသုံးကယ်ဆယ်ရေးလုပ်ငန်းအတွက် မီးဘေးလုံခြုံရေးပြဋ္ဌာန်းချက်များ

၁။ ဤနောက်ဆက်တွဲသည် ၁၁ မီတာထက်ပိုသော တစ်ဖက်ပိတ်ဓာတ်လှေ ကားလမ်းကြောင်းများ ပါသော အဆောက်အအုံများတွင် ဓာတ်လှေကားအတွင်းအသက်ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ရန် အတွက်ဖြစ်ပြီး အုပ်စု(၁)အမျိုးအစားအဆောက်အအုံမှလွဲ၍ ကျန်အုပ်စု အမျိုးအစား အဆောက်အအုံ အားလုံးအတွက် အကျုံးဝင်သည်။

၂။ ကယ်ဆယ်ရေးချိတ်များအား အောက်ပါအချက်များနှင့်အညီ တပ်ဆင်ထားရမည်-

(က) ဓာတ်လှေကားတံခါးခုံများအကြား အကွာအဝေးသည် ၁၁ မီတာထက်ပိုပြီး ၁၈ မီတာ ထက် မပိုပါက ဤနောက်ဆက်တွဲပါအပိုဒ် ၂(ဂ)နှင့် ကိုက်ညီသော ကယ်ဆယ်ရေး လုပ်ငန်းသုံးချိတ်များကို ဓာတ်လှေကားအပေါ်ဘက်ရှိ တံခါးထိပ်၏အောက်ဘက်တွင် တပ်ဆင်ရမည်။

ပုံ (၁၁.၁) ဓာတ်လှေကားတံခါးခုံမှ တံခါးခုံသို့ အကွာအဝေး> ၁၁ မီတာ < ၁၈ မီတာ



ပုံ (၁၁.၂) ဓာတ်လှေကားဆိုက်ရောက်ရာရှိ ကယ်ဆယ်ရေးချိတ်များတည်နေရာ



(ခ) တစ်နည်းအားဖြင့် အဆိုပါချိတ်များကို ဓာတ်လှေကားဆိုက်ရောက်ရာ တံခါးအပေါ်ဘက်ရှိ မျက်နှာကြက်တွင် တိုက်ရိုက်တပ်ဆင်နိုင်ပြီး ထိုသို့တပ်ဆင်ရာတွင် ချိတ်၏အမြင့်သည် ဓာတ်လှေကားဆိုက်ရောက်ရာ၏ ကြမ်းခင်းအထက် ၃ မီတာ ထက်မပိုဘဲ ဓာတ်လှေကားနံရံမှ ၁ မီတာအကွာတွင် ရှိရမည်။ မျက်နှာကြက်နေရာကို လွယ်ကူစွာ လက်လှမ်းမီနိုင်ရမည်ဖြစ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းသုံးချိတ်များ၏တည်နေရာကို ပြသရန်မြင်သာသောအမှတ်အသားတစ်ခုကို ထားရှိရမည်။

ပုံ (၁၁.၃) ဓာတ်လှေကားဆိုက်ရောက်ရာမျက်နှာကြက်နေရာများရှိ ကယ်ဆယ်ရေးသုံးချိတ်များ တည်နေရာ





(ဂ) ကယ်ဆယ်ရေးလုပ်ငန်းသုံးချိတ်တစ်ခုစီသည် ၁၀၀၀ ကီလိုဂရမ်ထက်မနည်းသော ဆွဲထုတ်အားနှင့် အထူအချင်း ၁၄ မီလီမီတာထက်မနည်းရှိရမည်။ ချိတ်နှင့် အရေးပေါ်တံခါး၏ဘောင်တို့အကြားရှိနေရာလွတ်သည် ၁၀၀ မီလီမီတာ ထက်မနည်းရှိရမည်ဖြစ်ပြီး ချိတ်နှစ်ခုကြားအကွာအဝေးသည် ၅၀၀ မီလီမီတာနှင့် ၇၀၀ မီလီမီတာအကြားတွင်ရှိရမည်။

ပုံ (၁၁.၄) ကယ်ဆယ်ရေးချိတ်



Note: Pull down capacity = 10KN

၃။ ဓာတ်လှေကားဆိုက်ရောက်ရာနေရာရှိ တံခါးခုံများအကြားအကွာအဝေးသည် ၁၈ မီတာ ထက်ပိုပါက အဆိုပါကြားနေရာတွင် အရေးပေါ်တံခါးများထားရှိရမည်ဖြစ်ပြီး အောက်ပါပြဋ္ဌာန်းချက်များနှင့်ကိုက်ညီရမည်-

(က) အပွင့်ဖွင့်ထားချိန်တွင် အနည်းဆုံး ၇၆၀ မီလီမီတာအကျယ်နှင့် ၂ မီတာအမြင့်ရှိရမည်။

(ခ) အလွယ်တကူလက်လှမ်းမီသောနေရာတွင်ရှိရမည်ဖြစ်ပြီး တပ်ဆင်ထားသောနေရာတွင် မည်သည့်အတားအဆီးမျှမရှိရ။

(ဂ) ပုံမှန်ဆိုက်ရောက်ရာအထပ်များတွင် မည့်သည့်တံခါး ပုံစံမဆိုတပ်ဆင်ထားသည်ဖြစ်စေ အရေးပေါ်တံခါးများသည် ဘေးထိုးတံခါးပုံစံ သို့မဟုတ် တစ်ချပ်ပွင့်ဆွဲတံခါးပုံစံတစ်ခုခု ဖြစ်ရမည်။

(ဃ) အလိုအလျောက်ပိတ်နိုင်/သော့ခတ်နိုင်ရမည်ဖြစ်ပြီး အနည်းဆုံး ၅၀ မီလီမီတာရှိသော "ဓာတ်လှေကားခွင်၊ အန္တရာယ်ရှိသည်၊" ဟူသော စာသားဖြင့်အမှတ်အသားပြုလုပ်ထား ရမည်။

(c) အရေးပေါ်တံခါးအတွက် သော့တစ်ခုထားရှိရမည်ဖြစ်ပြီး အခြားသော့ သို့မဟုတ် အဆောက်အအုံအတွင်းရှိ အခြားရည်ရွယ်ချက်အတွက် အသုံးပြုသောကိရိယာများ၏ သော့ဖြင့် အဆိုပါသော့အားဖွင့်၍မရစေရန် ပြုလုပ်ထားရမည်။ အဆိုပါသော့အား တာဝန်ရှိသူမှ လက်လှမ်းမီသောနေရာ၌ ထိန်းသိမ်းထားရမည်။

(စ) အရေးပေါ်တံခါးဖွင့်လိုက်သည့်အခါ ဓာတ်လှေကားအားရပ်တန့်သွားစေရန် လျှပ်စစ် ချိတ်ဆက်မှုတစ်ခု ထည့်သွင်းထားရှိရမည်။

(ဆ) ဤနောက်ဆက်တွဲ၏ အပိုဒ် ၂(ဂ)ပါပြဋ္ဌာန်းချက်များနှင့်ကိုက်ညီသည့် ကယ်ဆယ်ရေး လုပ်ငန်းသုံးချိတ်နှစ်ခုကို အရေးပေါ်တံခါးထိပ်တစ်ခုစီ၏ အောက်ဘက်တွင် ထားရှိရမည်။

တစ်နည်းအားဖြင့် ၎င်းချိတ်များကို အပိုဒ် ၂(ခ)၌ပြဋ္ဌာန်းထားသည့်အတိုင်း မျက်နှာကြက်နေရာတွင်လည်း တပ်ဆင်နိုင်သည်။

ပုံ (၁၁.၅) ဆိုက်ရောက်ရာနေရာရှိကယ်ဆယ်ရေးတံခါး



၄။ ဓာတ်လှေကားဖြင့်စီးနင်းလိုက်ပါသူများအား ဘေးကင်းရာသို့ရွှေ့ပြောင်းရာတွင် အဆင်ပြေစေရန်အတွက် ကပ်လျက်ရှိသောဓာတ်လှေကားအိမ်များမှတစ်ဆင့် ထွက်ပြေးလွတ်မြောက်နိုင်ရန် ဓာတ်လှေကားအိမ်အရေးပေါ်တံခါးများ တပ်ဆင်ထားရှိရမည်ဖြစ်ပြီး အဆိုပါတံခါးများ တပ်ဆင်ထားခြင်းသည် တစ်ဖက်ပိတ်ဓာတ်လှေကားလမ်းကြောင်း၏ အများဆုံးလက်ခံနိုင်သောအရှည်အား ထည့်သွင်းစဉ်းစားရန်မလိုပါ။ ဓာတ်လှေကားအိမ်အရေးပေါ်တံခါးများထားရှိရာတွင် အောက်ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်-

(က) ဓာတ်လှေကားအိမ်များအကြား ရေပြင်ညီအကွာအဝေးသည် ၇၅၀ မီလီမီတာထက် မပိုရ။

(ခ) ဓာတ်လှေကားအိမ် အရေးပေါ်တံခါးများသည် အတိုင်းအတာအားဖြင့် အနည်းဆုံး အမြင့် ၁၈၀၀ မီလီမီတာနှင့် အကျယ် ၃၅၀ မီလီမီတာ ရှိရမည်။

(ဂ) ဓာတ်လှေကားအိမ်အရေးပေါ်တံခါးများကို ဓာတ်လှေကားအိမ်အပြင်မှ သော့မပါဘဲ ဖွင့်နိုင်ရမည်ပြီး ဓာတ်လှေကားအိမ်အတွင်းမှ သော့အသုံးပြု၍ဖွင့်နိုင်ရမည်။

(ဃ) ဓာတ်လှေကားအိမ်အရေးပေါ်တံခါးသည် အတွင်းဖွင့် ဖြစ်ရမည်။

(c) ဓာတ်လှေကားအိမ်အရေးပေါ်တံခါးများအား ဓာတ်လှေကားအိမ်ထိန်းအလေးတုံး၏ လမ်းကြောင်း သို့မဟုတ် ဓာတ်လှေကားအိမ်တစ်ခုမှ အခြားတစ်ခုသို့ ဖြတ်သန်းသွားရာတွင် အတားအဆီးဖြစ်စေသောလမ်းကြောင်းများ၌ မရှိစေရ။

(စ) အရေးပေါ်တံခါးတစ်ခုစီတွင် ဆေးအဝါရောင်သုတ်ထားပြီး ဖြုတ်လွယ်/တပ်လွယ်သော ပေါင်းကူးအပြားနှင့်လက်ရန်းတစ်စုံထားရှိရမည်။ ဓာတ်လှေကားခွင်ထဲသို့ မတော်တဆ ပြုတ်ကျခြင်းမှ ကာကွယ်ရန်အတွက် ပေါင်းကူးအပြားမျက်နှာပြင်နှင့် လက်ရန်းတို့အား မချော်စေရန် ပြုလုပ်ထားရမည်။

(ဆ) ဖြုတ်လွယ်/တပ်လွယ်သောပေါင်းကူးအပြားသည် အနည်းဆုံးခံနိုင်ဝန်အား ၂၀၀ ကီလိုဂရမ်၊ အလေးချိန်သည် အများဆုံး ၁၀ ကီလိုဂရမ် ရှိရမည်။ အများဆုံးခံနိုင်ဝန်အားကို ပေါင်းကူးအပြား၏ အပေါ်ဘက်မျက်နှာပြင်တွင် ထင်ရှားစွာအမှတ် အသားပြုလုပ်ထားရမည်။

(ဇ) ဓာတ်လှေကားအိမ်အရေးပေါ်တံခါးအားဖွင့်လိုက်သည့်အခါဓာတ်လှေကားကိုရပ်တန့်စေရန်လျှပ်စစ်ချိတ်ဆက်မှုတစ်ခု ထည့်သွင်းထားရှိရမည်။ ပေါင်းကူးအပြား သို့မဟုတ် လက်ရန်းကိုအသုံးပြုသောအခါ ဓာတ်လှေကားရွှေ့လျားခြင်းမှကာကွယ်ရန်လုံခြုံရေးစနစ်ထည့်သွင်းထားရှိရမည်။

ပုံ (၁၁.၆) ကယ်ဆယ်ရေးလုပ်ငန်းသုံး ဓာတ်လှေကားအတွက် ဓာတ်လှေကားအိမ်အရေးပေါ်တံခါးများ



ပုံ (၁၁.၇) ဓာတ်လှေကားအိမ် အရေးပေါ်တံခါးများ၊ ပေါင်းကူးအပြားကို အသုံးပြုပုံ



နောက်ဆက်တွဲ (၁၂)
ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက်မီးဘေးအန္တရာယ်အကာအကွယ်ပစ္စည်းများ

၁။ ဤနောက်ဆက်တွဲသည် အရေးပေါ်အခြေအနေ၌ မသန်စွမ်းသူများ အတွက် ကယ်ဆယ်ရေး အစီအမံများရေးဆွဲရာတွင် အထောက်အကူပြုရန်နှင့်အသုံးပြုရန်ဖြစ်သည်။ အုပ်စု(၁နှင့်၂) အမျိုးအစား အဆောက်အအုံများ (လူနေအိမ်များ) နှင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် အသုံးပြုသည့် အဆောက်အအုံများ (ဆေးရုံ၊ ဘိုးဘွားရိပ်သာ၊ ကျန်းမာရေးစောင့်ရှောက်မှု စင်တာ၊ အုပ်ထိန်းမှုနှင့် လမ်းညွှန်မှု လိုအပ်သူများအား စောင့်ရှောက်သောနေရာဌာနများ) မှလွဲ၍ အခြားသော အဆောက်အအုံအားလုံး အတွက်အကျုံးဝင်သည်။ လူနေအိမ်မဟုတ်သော အိမ်ရာဝင်း အတွင်းရှိယာဉ်ရပ်နားသည့်နေရာနှင့် အသင်းတိုက်စသည့် သီးခြားအဆောက်အအုံများ၊ အထောက်အကူပြုအဆောက်အအုံအဖြစ်အသုံးပြုရန် ရည်ရွယ်သည့် အဆောက်အအုံများသည် ဤနောက်ဆက် တွဲပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရန် မလိုအပ်ပေ။

၂။ မီးလောင်မှုဖြစ်ပွားချိန်တွင် မသန်စွမ်းသူများအားကယ်ဆယ်ရန်အတွက် လေ့ကားအား အသုံးပြု၍မရပါ။ ဓာတ်လေ့ကားများသည် မီးလောင်မှုဖြစ်ပွားချိန်တွင်ရပ်ဆိုင်းသွားသဖြင့် အသုံးပြု သူများအား ကာကွယ်ရန်ထပ်တိုးလုပ်ဆောင်ချက်များမရှိပါက ကယ်ဆယ်ရေးလုပ်ငန်းအတွက် ဓာတ်လေ့ကားအသုံးပြု၍မရပါ။

၃။ ဆင်ခြေလျှော၊ ကယ်ဆယ်ရေးဓာတ်လေ့ကားနှင့် ဘီးတပ်ကုလားထိုင်သမားများ အသုံးပြု နိုင်သောလေ့ကားများသည် ထွက်ပေါက်လေ့ကားအစား အခြားထွက်ပြေးလွတ်မြောက်ရေးလမ်း ကြောင်းအဖြစ်အသုံးပြုနိုင်သည်။ မသန်စွမ်းသူများအားကယ်ဆယ်ရာတွင်ဆင်ခြေလျှောအား အသုံး ပြုပါက သင့်လျော်သောလျှောစောက်ထားရှိရမည်။

၄။ ထွက်ပြေးလွတ်မြောက်ရေးလမ်းကြောင်းသည် မသန်စွမ်းသူများအားကယ်ဆယ်ရာတွင် မလို အပ်ဘဲ အခုံးနေရာများ၊ အထစ်များကဲ့သို့ အနှောင့်အယှက်ဖြစ်စေသည့် အတားအဆီးများမရှိရ။

၅။ မသန်စွမ်းသူများအတွက် စုရုပ်နေရာအားအောက်ပါအချက်များနှင့်အညီထားရှိရမည်-

(က) မသန်စွမ်းသူများအတွက်စုရုပ်နေရာသည် မြေညီထပ်နှင့်အဆင့်သတ်မှတ်ချက်ရှိသော အထပ်များမှလွဲ၍မြေအောက်ထပ်အပါအဝင် အထပ်တိုင်းတွင်ထားရှိရမည်။

(ခ) မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များပါ အခန်း(၃)၊ အပိုဒ် ၈(ဃ)၊ ၈(c)၊ ၁၀(က) တို့တွင် ခွင့်ပြုထားသည့် ထွက်ပေါက်လေ့ကား တစ်ခုတည်း ရှိသော အဆောက်အအုံများမှလွဲ၍ ကျန်အဆောက်အအုံများ၏ အထပ်တိုင်းတွင် မသန်စွမ်းသူများအတွက် ခိုလှုံရာနေရာများကို အနည်းဆုံးနှစ်နေရာထားရှိရမည်။

စကြီးလမ်းအား လွတ်မြောက်လမ်းကြောင်းအဖြစ် အသုံးပြုလျှင် အကျယ်သည် အနည်းဆုံး ၁.၂ မီတာ ရှိရမည်။

(ဂ) မသန်စွမ်းသူများစုရုပ်နေရာများသည် အတားအဆီးများမှ ကင်းလွတ်ရမည့်အပြင် အောက်ဖော်ပြပါဦးစားပေးနေရာများအတိုင်းထားရှိရမည်-

(၁) အပြင်စကြီးရှိမသန်စွမ်းသူများခိုလှုံရာနေရာကို ထွက်ပေါက်လှေကား အစွန်းမှ အနည်းဆုံး ၂ မီတာ ကွာဝေးရမည်။ မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်း၊ မီးခိုးတားခန်းအတွင်းရှိ မသန်စွမ်းသူများခိုလှုံရာနေရာကို ထွက်ပေါက်လှေကားအစွန်းမှ အနည်းဆုံး ၀.၅ မီတာ ကွာဝေးရမည်။

(၂) မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်း၊ မီးခိုးတားခန်း သို့မဟုတ် အပြင်စကြီးများ မရှိပါက ထွက်ပေါက်လှေကားအတွင်း၌ ထားရှိရမည်။ (ပုံအမှတ် ၁၂.၁၊ ၁၂.၂၊ ၁၂.၃ နှင့် ၁၂.၄ တွင်ကြည့်ပါ)

(ဃ) အကာအကွယ်ပြုလုပ်ထားသောအခန်း သို့မဟုတ် လှေကားအတွင်းရှိမသန်စွမ်းသူများ ခိုလှုံရာနေရာကို "မသန်စွမ်းသူများခိုလှုံရာနေရာ" ဟူသော အမှတ်အသားစာသားကို ရှင်းလင်းမြင်သာစွာ ရေးသားဖော်ပြထားရမည်။

(c) မသန်စွမ်းသူများခိုလှုံရာနေရာကို (အဆောက်အအုံအပြင်နံရံ၏ အခြားအစိတ်အပိုင်းများမှလွဲ၍) မီးဒဏ်ခံနိုင်သောအရာများဖြင့် ကာရံထားရမည်ဖြစ်ပြီး ပြေးလမ်းကြောင်းမှထွက်ပေါက်၊ အရေးပေါ်ဓာတ်လှေကား သို့မဟုတ် နောက်ဆုံးထွက်ပေါက်သို့ တိုက်ရိုက်ရောက်ရှိနိုင်ရန် စီမံထားရမည်။

၆။ အရေးပေါ်အခြေအနေတွင် မသန်စွမ်းသူများအားအကူအညီပေးနိုင်ရန်အတွက် မသန်စွမ်းသူများခိုလှုံရာနေရာနှင့် မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်း သို့မဟုတ် အချိန်ပြည့်လူစောင့်ထားရှိသော အခန်းများအကြားတွင် သင့်လျော်သောဆက်သွယ်ရေးစနစ်ထားရှိရမည်ဖြစ်ပြီး အောက်ပါအတိုင်း ဖြစ်ရမည်-

(က) မြေညီထပ်အထက် ၈၀၀ မီလီမီတာနှင့် ၁၂၀၀ မီလီမီတာ အကြားတွင်ထားရှိရမည်။

(ခ) သင့်လျော်သောအမှတ်အသား ချိတ်ဆွဲထားရမည်။

(ဂ) လုပ်ငန်းဆောင်ရွက်ရမည့် လမ်းညွှန်ချက်သင်္ကေတများကို ရှင်းလင်းတိကျစွာလိုက်နာရမည်။

(ဃ) အရေးပေါ်ဆယ်သွယ်ရေးကိရိယာများ စတင်အသက်ဝင်ချိန်တွင် ရှင်းလင်းပြတ်သားသောအမြင်ဖြင့်အချက်ပြမှုအားထားရှိရမည်။ စုရုပ်နေရာတွင်ရောက်ရှိနေသည့် မသန်

စွမ်းသူများမှ မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်းနှင့် ဆက်သွယ်၍လိုအပ်သော အကူအညီများတောင်းခံနိုင်ရန်အတွက် ရည်ရွယ်သည်။

၇။ မသန်စွမ်းသူများစုရပ်နေရာသည် ဘီးတပ်ကုလားထိုင်အသုံးပြုသူများ အလွယ်တကူအသုံးပြုနိုင်ရန်အတွက် လုံလောက်သောအရွယ်အစားရှိရမည်ဖြစ်ပြီး အောက်ပါအချက်များနှင့်ကိုက်ညီရမည်-

(က) မသန်စွမ်းသူများစုရပ်နေရာရှိ ဘီးတပ်ကုလားထိုင်များ သွားလာနိုင်ရန်အတွက်နေရာသည် အနည်းဆုံး ၉၀၀ မီလီမီတာ x ၁၄၀၀ မီလီမီတာ ရှိရမည်။

(ခ) ဘီးတပ်ကုလားထိုင်အသုံးပြုသူများမှ အကူအညီစောင့်ဆိုင်းနိုင်ရန် မသန်စွမ်းသူများစုရပ်နေရာတိုင်းတွင် ဘီးတပ်ကုလားထိုင်နေရာရှိရမည်။

(ဂ) မသန်စွမ်းသူများစုရပ်နေရာများသည် အကာအကွယ်ပြုလုပ်ထားသော ထွက်ပေါက်လှေကား၊ မီးခိုးတားခန်း သို့မဟုတ် မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်းများအတွင်း၌ တည်ရှိပါက ဘီးတပ်ကုလားထိုင်နေရာများကြောင့် အဆိုပါအခန်းများ၏ သတ်မှတ်ဧရိယာအောက်မလျော့နည်းစေရ၊ လွတ်မြောက်ရေးလမ်းကြောင်းအား တားဆီးမှုမရှိစေရ။

(ဃ) မသန်စွမ်းသူများ အကူအညီစောင့်ဆိုင်းရန် သတ်မှတ်ထားသောစုရပ်နေရာနှင့် လမ်းကြောင်းအားသင်္ကေတဖြင့် အောက်ခံအစိမ်းရောင်ပေါ်တွင် ဆေးအဖြူရောင်ဖြင့် ကြမ်းခင်းပေါ်၌ ထောင့်မှန်စတုဂံပုံ (အစက်အပြောက်) လိုင်းများနှင့် အမှတ်အသားပြုလုပ်ရေးဆွဲထားရမည်။

ပုံ (၁၂.၁) မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်းအတွင်းရှိ မသန်စွမ်းသူများစုရပ်နေရာပြပုံ



လှေကား သို့မဟုတ် ကယ်ဆယ်ရေးလုပ်ငန်းသုံးမာတ်လှေကားအားအသုံးပြု၍ လာရောက်ကယ်ဆယ်မည့် အကူအညီအားစောင့်ဆိုင်းရန်အတွက် အကာအကွယ်ပြုလုပ်ထားသောအခန်း (မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်း) အား မသန်စွမ်းသူများစုရပ်နေရာအဖြစ် အသုံးပြုနိုင်သည်။ ဘီးတပ်ကုလား

ထိုင်နေရာအဖြစ်အသုံးပြုသော မသန်စွမ်းသူများစုရပ်နေရာအား ထွက်ပေါက်လှေကားနှင့် လူအများ ထွက်ပြေးလမ်းကြောင်းမှ အနည်းဆုံး ၅၀၀ မီလီမီတာ အကွာအဝေးတွင် ထားရှိရမည်။

ပုံ (၁၂.၂) ပြင်ပစကြီးရှိ မသန်စွမ်းသူများစုရပ်နေရာပြပုံ



ပုံ (၁၂.၃) မီးခိုးတားခန်းအတွင်းရှိ မသန်စွမ်းသူများစုရပ်နေရာပြပုံ



ထွက်ပေါက်သို့ရောက်ရှိနိုင်မည့် ပြေးလမ်းကြောင်းအကွာအဝေးလိုအပ်ချက်သည် မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာစံချိန်စံညွှန်းသတ်မှတ်ချက်ပါ အခန်း(၃)၊ဇယား၃.၅နှင့် ကိုက်ညီရမည်။ မီးခိုးတားခန်းအတွင်းရှိ ဘီးတပ်ကုလားထိုင်နေရာအကျယ်အဝန်းကြောင့် မီးခိုးတားခန်း၏ဧရိယာ အကျယ်အဝန်းအား မလျှော့ချရ။

ပုံ (၁၂.၄) မီးခိုးတားခန်း သို့မဟုတ် မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်းမပါရှိသော အဆောက်အအုံတွင် မသန်စွမ်းသူများစုရပ်နေရာထားရှိပုံ



မြေပြင်အထက်မှ ၅ထပ်ထက်မပိုသော အဆောက်အအုံအတွက်သာ မသန်စွမ်းသူများစုရပ်နေရာအား လှေကားအတွင်းတွင်ထားခွင့်ပြုသည်။ မသန်စွမ်းသူများစုရပ်နေရာသည်လှေကားအတွင်းရှိ လွတ်မြောက်လမ်းကြောင်းအား အတားအဆီးမဖြစ်စေရ။

၈။ အကာအကွယ်ပြုလုပ်ထားသောလှေကားအတွင်းတွင် လှေကားလက်ရန်းသည် တစ်ဆက်တည်း ရှိနေရမည်။

၉။ လှေကားရှိဘီးတပ်ကုလားထိုင်အသုံးပြုသူများအတွက် ဓာတ်လှေကားအား ၂ ထပ်နှင့် အထက်အလွှာအကြား၌အသုံးပြုရမည်။ ဘီးတပ်ကုလားထိုင်ဓာတ်လှေကားထားရှိခြင်းသည် မဖြစ်မနေထားရှိရမည်မဟုတ်သော်လည်း ၎င်းကို အကာအကွယ်ပြုလုပ်ထားသော လှေကားအတွင်း၌ တပ်ဆင်ထားရမည်ဖြစ်ပြီး မသန်စွမ်းသူများအတွက် လွတ်မြောက်ရေးလမ်းကြောင်းအဖြစ် အသုံးပြုနိုင်ရမည်။ ဓာတ်လှေကားထားရှိသောပုံစံသည် အဆောက်အအုံအတွင်းရှိလူများ၏ လွတ်မြောက်ရာလမ်းကြောင်းအတွင်း မည်သည့်အတား အဆီးမျှမရှိစေရ။

၁၀။ ကယ်ဆယ်ရေးလုပ်ငန်းသုံးဓာတ်လှေကားသည် အရေးပေါ်အခြေအနေတွင် အဆောက်အအုံ ပိုင်ရှင်က ခွင့်ပြုထားသည့်သူများမှ မသန်စွမ်းသူများအားကယ်ဆယ်ရန်အတွက် ထားရှိသော ဓာတ်လှေကားဖြစ်သည်။ ကယ်ဆယ်ရေးလုပ်ငန်းသုံးဓာတ်လှေကားကို အကာအကွယ်ပြုလုပ်ထားသော မီးခိုးတားခန်း၊ အပြင်ဘက်လျှောက်လမ်း သို့မဟုတ် အပြင်စကြံ့အတွင်းထားရှိရမည်။ ကယ်ဆယ်ရေးလုပ်ငန်းသုံးဓာတ်လှေကား တပ်ဆင်ခြင်းသည် မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

၁၁။ ဓာတ်လှေကားတပ်ဆင်ထားသောအဆောက်အအုံများတွင် ကိုယ်အင်္ဂါမသန်စွမ်းသူများ အတွက် ကယ်ဆယ်ရေးလုပ်ငန်းသုံးဓာတ်လှေကားအား အောက်ပါအချက်များနှင့်အညီထားရှိရမည်-

(က) အနည်းဆုံးဓာတ်လှေကားတစ်စီးအား ကယ်ဆယ်ရေးလုပ်ငန်းသုံးဓာတ်လှေကားအဖြစ် ထားရှိရမည်။

(ခ) မီးသတ်သမားသုံးဓာတ်လှေကားတစ်စင်းသာပါရှိသော အဆောက်အအုံ၌ အဆိုပါဓာတ်လှေကားအား ကယ်ဆယ်ရေးသုံးဓာတ်လှေကားအဖြစ် အသုံးမပြုရ။ အကယ်၍ အသုံးပြုမည်ဆိုပါက ၎င်းဒီဇိုင်းသည် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

(ဂ) အလွယ်တကူမြင်နိုင်သော "မသန်စွမ်းသူများအတွက် ကယ်ဆယ်ရေးလုပ်ငန်းသုံးဓာတ်လှေကား" ဟူသော အမှတ်အသားဆိုင်းဘုတ်ကို ကယ်ဆယ်ရေးဓာတ်လှေကားရှိသောအထပ်တိုင်းရှိ ဓာတ်လှေကားတံခါးပေါက်အနီး နံရံပေါ်တွင်တပ်ဆင်ထားရမည်။

(ဃ) ကယ်ဆယ်ရေးလုပ်ငန်းသုံးဓာတ်လှေကားခွင်သည် အနည်းဆုံး အကျယ် ၁၂၀၀ မီလီမီတာ နှင့် အမြင့် ၁၄၀၀ မီလီမီတာ ရှိရမည်။

(င) ကယ်ဆယ်ရေးလုပ်ငန်းသုံးဓာတ်လှေကားကို လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်းနှင့် အရေးပေါ်အခြေအနေ၌ စဉ်ဆက်မပြတ် လည်ပတ်နိုင်ရန် အရန်လျှပ်စစ်ဓာတ်

အားပေးစနစ်ထားရှိရမည်။ ကယ်ဆယ်ရေးလုပ်ငန်းသုံးဓာတ်လှေကားနှင့် မီးသတ်သမားသုံးဓာတ်လှေကားတွင်အသုံးပြုသော လျှပ်စစ်ဝါယာကြိုးလမ်းကြောင်း တူညီရမည်။

(စ) လျှပ်စစ်ဓာတ်အားပြတ်တောက်ချိန်နှင့် မီးလောင်မှုဖြစ်ပွားချိန်တွင် ကယ်ဆယ်ရေးလုပ်ငန်းသုံးဓာတ်လှေကားသည် သတ်မှတ်ထားသောအလွှာသို့ ရောက်ရှိရမည်။

(ဆ) အရေးပေါ်အခြေအနေတွင်ဓာတ်လှေကားအားထိန်းချုပ်မှုပြုလုပ်နိုင်သည့် "Fireman Switch" ကဲ့သို့သောခလုတ်တစ်ခုကို သတ်မှတ်ထားသောအလွှာရှိ ကယ်ဆယ်ရေးလုပ်ငန်းသုံး ဓာတ်လှေကားတံခါးဘေးတွင် အဆောက်အအုံပိုင်ရှင် သို့မဟုတ် မီးသတ်သမားများမှ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် တပ်ဆင်ထားရှိရမည်။

၁၂။ အကြားအာရုံချို့တဲ့သည့်သူများအတွက် မြင်နိုင်သော မီးလှန့်အချက်ပေးစနစ်ဖြင့် အသိပေးသည့် နည်းစနစ်များအား အောက်ပါအချက်များနှင့်အညီ တပ်ဆင်ရမည်-

(က) ဧည့်သည်အိပ်ခန်း သို့မဟုတ် လူနေထိုင်သောအခန်းများ (နေရာများ)၏အနည်းဆုံး ၁၀ ရာခိုင်နှုန်း၌ မြင်နိုင်သည့်မီးလှန့်အချက်ပြကိရိယာအား တပ်ဆင်ထားရှိရမည်။

(ခ) မြင်နိုင်သောမီးလှန့်အချက်ပြကိရိယာသည် အဆောက်အအုံရှိ အခြားမြင်နိုင်သော အချက်ပြမီးများနှင့် သိသိသာသာ ကွဲပြားရမည်။

(ဂ) မြင်နိုင်သောမီးလှန့်အချက်ပြကိရိယာသည် တစ်မိနစ်တွင် မီးရောင်ဖြင့်အချက်ပြသော အကြိမ်ရေ ၃၀ မှ ၁၃၀ အတွင်း ရှိရမည်။

(ဃ) မြင်နိုင်သောမီးလှန့်အချက်ပြကိရိယာများအား အလုံအလောက်ထားရှိရမည်ဖြစ်ပြီး အလွယ်တကူမြင်နိုင်သောနေရာများတွင် ဖြန့်ကြက်တပ်ဆင်ထားရမည်။

(c) အလင်းပြင်းအားသည် အနီးဝန်းကျင်ရှိလူများ သတိပြုအာရုံစိုက်နိုင်သည့် အနေအထားရှိနေရမည်။

၁၃။ အဆောက်အအုံပိုင်ရှင်မှ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ရန် နည်းလမ်းများ၊ အစီအမံများ အားထားရှိရမည်။ ၎င်းအစီအမံ၌ အရေးပေါ်အခြေအနေတွင် အကူအညီပေးရန်အတွက် မသန်စွမ်းသူများ၏ လိုအပ်ချက်များနှင့် အစီအမံများအား သတ်မှတ်ထားရှိရမည့်အပြင် အောက်ပါအချက်များ ကိုပါပြုစုထားရမည်-

(က) မသန်စွမ်းသူဦးရေ။

(ခ) မသန်စွမ်းသူများထားရှိရာနေရာ။

(ဂ) ၎င်းတို့၏မသန်စွမ်းသည့်ပုံစံ။

(ဃ) ၎င်းတို့အတွက်သတ်မှတ်ထားသော ခိုလှုံရာနေရာ။

၁၄။ ကယ်ဆယ်ရေးလုပ်ငန်းသုံး ဓာတ်လှေကားပါဝင်သော အဆောက်အအုံများတွင် အကူအညီလိုအပ်နေသော မသန်စွမ်းသူများအား ခိုလှုံရာနေရာဖြစ်သော ဓာတ်လှေကားခန်းအတွင်းသို့ ရွှေ့ပြောင်းပေးရမည်။ လေ့ကျင့်ထားသောဝန်ထမ်းများသည် မသန်စွမ်းသူများခိုလှုံရာနေရာရှိ မသန်စွမ်းသူများအား နောက်ဆုံးထွက်ပေါက်သို့ ရောက်ရှိအောင် ကူညီဆောင်ရွက်ပေးရမည်။

၁၅။ ကယ်ဆယ်ရေးလုပ်ငန်းသုံးဓာတ်လှေကားမရှိသော အဆောက်အအုံများတွင် မီးလှန့်အချက်ပေးသံကြားသည့်အခါ အကူအညီလိုအပ်နေသော မသန်စွမ်းသူများအား ထွက်ပေါက်လှေကားအတွင်းရှိ အနီးဆုံးမသန်စွမ်းသူများခိုလှုံရာနေရာသို့ ရွှေ့ပြောင်းပေးရမည်။ လေ့ကျင့်ထားသော ဝန်ထမ်းများသည် မသန်စွမ်းသူများခိုလှုံရာနေရာရှိ မသန်စွမ်းသူများအား လှေကားမှတစ်ဆင့် နောက်ဆုံးထွက်ပေါက်သို့ရောက်ရှိအောင် ကူညီဆောင်ရွက်ပေးရမည်။

နောက်ဆက်တွဲ (၁၃)

အရေးပေါ်အခြေအနေတွင် နေထိုင်သူများ ဓာတ်လှေကားအားအသုံးပြု၍ ဘေးကင်းရာသို့ ထွက်ခွာခြင်းအတွက် မီးဘေးလုံခြုံရေးဆိုင်ရာပြဋ္ဌာန်းချက်များ

၁။ ဤပြဋ္ဌာန်းချက်များသည် အရေးပေါ်အခြေအနေ၌ အဆောက်အုံတွင်နေထိုင်သည့် အကူအညီလိုအပ်နေသူများ အဆောက်အအုံမှထွက်ခွာနိုင်ရန်အတွက် အသုံးပြုမည့် ဓာတ်လှေကားဆိုင်ရာပြဋ္ဌာန်းချက်များပါဝင်သည်။ အုပ်စု(၁နှင့်၂)ရှိအမျိုးအစားအဆောက်အအုံများ (လူနေအိမ်အဆောက်အအုံများ) မှလွဲ၍ ၂၄ မီတာထက်ပိုသော ကျန်အဆောက်အအုံများအားလုံးအတွက် အကျုံးဝင်သည်။

၂။ အဆောက်အအုံတွင်နေထိုင်သူများအား အရေးပေါ်အခြေအနေတွင် တစ်ချိန်တည်းထွက်ပြေးလွတ်မြောက်ရန် လိုအပ်သည့်အခြေအနေမဟုတ်ခဲ့လျှင် (အဆိုပါအဆောက်အအုံ၌မီးလှန့်အချက်ပေးစနစ်၊ ရေဖျန်းစနစ်နှင့် မီးဒဏ်ခံနိုင်ရေးစနစ်များထားရှိခြင်း (ဥပမာ–မီးတားအကန့်များပြုလုပ်ခြင်းသို့မဟုတ် မီးဒဏ်ခံအကာအကွယ်များ ထားရှိခြင်း) များထည့်သွင်းတည်ဆောက်ထားပါက) ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား သတ်မှတ်အဆင့်အလိုက် ဆောင်ရွက်နိုင်သည်။

(က) မီးလောင်မှုဖြစ်ပွားချိန်တွင် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မီးသတ်သမားများမှ ဓာတ်လှေကားကို အသုံးပြုနိုင်သည်။ အထူးသဖြင့် အကူအညီလိုအပ်နေသည့် သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များနှင့် ကလေးသူငယ်များပိုမိုလျင်မြန်စွာ ထွက်ပြေးလွတ်မြောက်နိုင်ရန်အတွက် ဓာတ်လှေကားနှင့် ထွက်ပေါက်လှေကားကို ပူးတွဲအသုံးပြုရမည်။

(ခ) ထွက်ပေါက်လှေကားကို အရေးပေါ်အခြေအနေတွင်နေထိုင်သူများ ထွက်ပြေးလွတ်မြောက်နိုင်ရန် အဓိကအသုံးပြုရမည်။ ဓာတ်လှေကားမှတစ်ဆင့်ထွက်ပြေးလွတ်မြောက်ခြင်းကို ဒုတိယနည်းလမ်းတစ်ခုအဖြစ် အသုံးပြုရမည်။ ဓာတ်လှေကားအား အဓိကအကူအညီလိုအပ်နေသူများအတွက်သာ အသုံးပြုရမည်။ ကျန်းမာသန်စွမ်းသော နေထိုင်သူများအနေဖြင့် ထွက်ပြေးလွတ်မြောက်ရေးအတွက် ထွက်ပေါက်လှေကားကိုသာအသုံးပြုရမည်။

၃။ အုပ်စု (၁နှင့်၂) အမျိုးအစားအဆောက်အအုံမှလွဲ၍ မြေပြင်မှနေထိုင်အသုံးပြု၍ရသော အမြင့်ဆုံးကြမ်းခင်းထိအမြင့် ၂၄ မီတာထက်ပိုသောအဆောက်အအုံများ၌ ဓာတ်လှေကားဖြင့် ထွက်ခွာခြင်းဆိုင်ရာပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) အုပ်စု(၁နှင့်၂) အမျိုးအစား အဆောက်အအုံမှလွဲ၍ မြေပြင်မှနေထိုင်အသုံးပြု၍ရသော အမြင့်ဆုံးကြမ်းခင်းထိအမြင့် ၂၄ မီတာထက်ပိုသော အဆောက်အအုံ၌ မီးသတ်သမားသုံးဓာတ်လှေကားထားရှိရမည်။ ထိုဓာတ်လှေကားကို အကူအညီလိုအပ်နေသော

နေထိုင်သူများ ထွက်ပြေးလွတ်မြောက်နိုင်ရန်နှင့် မီးသတ်သမားများမှမီးငြိမ်းသတ်ရေး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် မြန်မာနိုင်ငံမီးဘေးလုံခြုံရေး ဆိုင်ရာစံချိန်စံညွှန်းသတ်မှတ်ချက်ပါ (လျှပ်စစ်လူစီးဓါတ်လှေကားနှင့် ကုန်တင်ဓာတ်လှေ ကားတပ်ဆင်ခြင်း၊ လည်ပတ်ခြင်း၊ ထိန်းသိမ်းခြင်း) ပြဋ္ဌာန်းချက်များနှင့်အညီ တပ်ဆင် ထားရှိရမည်။ မီးသတ်သမားသုံးဓာတ်လှေကားထားရှိလျှင် မီးငြိမ်းသတ်ရန် ပြင်ဆင်ခန်း၊ မီးသတ်သမားသုံးဓာတ်လှေကားနှင့် ကပ်လျက်နေရာတွင် ထွက်ပေါက်လှေကားထားရှိခြင်း စသည့် အခြားမီးဘေးလုံခြုံရေးဆိုင်ရာလိုအပ်ချက်များအား မြန်မာနိုင်ငံမီးဘေးလုံခြုံရေး ဆိုင်ရာစံချိန်စံညွှန်းသတ်မှတ်ချက်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဒီဇိုင်းပြုလုပ်ထားရမည်။

(ခ) မီးသတ်သမားသုံးဓာတ်လှေကားထားရှိပါက အဆိုပါဓာတ်လှေကားအား မသန်စွမ်း သူများ ထွက်ပြေးလွတ်မြောက် အသုံးပြုနိုင်ရန်အတွက်လည်း စီစဉ်ထားရှိရမည်။ မသန်စွမ်းသူများ ထွက်ပြေးလွတ်မြောက်ရန်အတွက် သီးခြားဓာတ်လှေကားထား ရှိရန်မလိုအပ်ပါ။ မီးသတ်သမားသုံးဓာတ်လှေကား ဒီဇိုင်းထည့်သွင်းတည်ဆောက် ရာတွင် မသန်စွမ်းသူများထွက်ပြေးလွတ်မြောက်နိုင်ရန်အတွက်ပါ ဒီဇိုင်းရေးဆွဲထား ရမည်။

၄။ အရေးပေါ်အခြေအနေတွင် နေထိုင်သူများ ဓာတ်လှေကားအားအသုံးပြု၍ ဘေးကင်းရာ သို့ထွက်ခွာခြင်းအတွက် အရေးပေါ်ဆက်သွယ်ရေးစနစ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဓာတ်လှေကားစောင့်ကြည့်ရေးစနစ်အား မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်းတွင် ထားရှိ ရမည်။ ဓာတ်လှေကားရောက်ရှိနေသည့်အထပ်၊ သွားမည့်ဦးတည်ရာလမ်းကြောင်း၊ လိုက်ပါစီးနင်းသူများ၏အခြေအနေ၊ ပုံမှန်နှင့်အရေးပေါ်အခြေအနေများတွင် ဓာတ် လှေကားများသို့ဓာတ်အားပေးပို့မှု၊ ဓာတ်လှေကားအလုံပိတ်လမ်းကြောင်း သို့မဟုတ် ဓာတ်လှေကားစက်ခန်း သို့မဟုတ် ဓာတ်လှေကားခန်းအတွင်းရှိ မီးလှန့်အချက်ပေး စနစ်၏ လုပ်ဆောင်မှုများ စသည့် အချက်များအား မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်းမှ စောင့်ကြည့်ရမည်။ မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်းတွင် မီးသတ်သမားများ အသုံးပြု နိုင်ရန် အရေးပေါ်ထိန်းချုပ်စနစ် တပ်ဆင်ထားရှိရမည်။

(ခ) အသံဖြင့်အရေးပေါ်ဆက်သွယ်ရေးစနစ်အား အဆောက်အအုံတွင်ထားရှိရမည်။

(ဂ) ဓာတ်လှေကားခန်းအတွင်း ဓာတ်လှေကားမောင်းနှင်သူနှင့် မီးဘေးလုံခြုံရေးစီမံကွပ် ကဲခန်းတို့အကြား အပြန်အလှန်အရေးပေါ်ဆက်သွယ်ရေးစနစ် ထားရှိရမည်။

(ဃ) ဓာတ်လှေကားခန်းအတွင်းရှိ CCTV မှထုတ်ခြားဖြစ်စဉ်များကို သတိပြု၍ထွက်ပြေး လွတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မီးဘေးလုံခြုံရေးစီမံကွပ်

ကဲခန်းရှိ တာဝန်ရှိသူများမှ စောင့်ကြည့်နေရမည်။ အရေးပေါ်အခြေအနေတွင် အကူအညီလိုအပ်သူမှ အကူအညီတောင်းခံလာပါကပေးနိုင်ရန် အကာအကွယ်ပြုလုပ်ထားသောအခန်းနှင့် မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်းတို့အကြား သင့်လျော်သည့် အရေးပေါ်ဆက်သွယ်ရေးစနစ်ထားရှိရမည်။ အရေးပေါ်ခလုတ် (Distress Button) သို့မဟုတ် အသံဖြင့်အရေးပေါ်ဆက်သွယ်ရေးစနစ်ထားရှိရမည်ဖြစ်ပြီး အောက်ပါတို့နှင့်ကိုက်ညီရမည်-

(၁) ကြမ်းပြင်အထက် ၀.၈ မီတာနှင့် ၁.၂ မီတာကြားတွင် ထားရှိရမည်။

(၂) သင့်လျော်သောအမှတ်အသားထားရှိရမည်။

(၃) လုပ်ဆောင်ရမည့်ညွှန်ကြားချက် အမှတ်အသားများကို ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

(၄) အရေးပေါ်ဆယ်သွယ်ရေးကိရိယာများ စတင်အသက်ဝင်ချိန်တွင် ရှင်းလင်းပြတ်သားသောအမြင်ဖြင့်အချက်ပြမှုကို ထားရှိရမည်။

၅။ မီးသတ်သမားသုံးဓာတ်လှေကားကို နေထိုင်သူများထွက်ပြေးလွတ်မြောက်ရန်အတွက် အသုံးပြုပါက တိုးလာသောထွက်ခွာရမည့်လူဦးရေကို ဓာတ်လှေကား၏လူတင်ဆောင်နိုင်သောပမာဏအတိုင်း ထည့်သွင်းတွက်ချက်ထားရှိရမည်ဖြစ်ပြီး နေထိုင်သူများ ထွက်ပြေးလွတ်မြောက်နိုင်ရန်အတွက် လူစီးဓာတ်လှေကားများအား ဒီဇိုင်းပြုလုပ်ရာတွင် မီးသတ်သမားသုံးဓာတ်လှေကားများနှင့်အညီ ဒီဇိုင်းပြုလုပ်ထားရမည်။ လူစီးဓာတ်လှေကားကို အောက်ပါအချက်များနှင့်အညီ တပ်ဆင်ထားရမည်-

(က) တာဝန်ရှိသူများ သို့မဟုတ် မီးသတ်သမားများမှ လူစီးဓာတ်လှေကားများအား မီးဘေးလုံခြုံရေးစီမံကွပ်ကဲခန်းမှနေ၍ ထိန်းချုပ်နိုင်သောအခြေအနေတွင် မီးသတ်သမားသုံးဓာတ်လှေကားခလုတ် (Fire Lift Switch) တပ်ဆင်ရန်မလိုပါ။

(ခ) ကေဘယ်ကြိုးများသွယ်တန်းရာတွင် မီးဘေးအန္တရာယ်မဖြစ်စေနိုင်သောနေရာတွင် ထားရှိရမည်။

(ဂ) ဓာတ်လှေကားခန်းအတွင်းတွင် CCTV တပ်ဆင်ရမည်။

၆။ မီးသတ်သမားများသည် အဆောက်အအုံမှထွက်ပြေးလွတ်မြောက်နိုင်ရန်အတွက် မီးသတ်သမားသုံးဓာတ်လှေကားကို အသုံးပြုရမည်ဖြစ်ပြီး နေထိုင်သူများထွက်ပြေးလွတ်မြောက်ရန်အတွက်မူ ထွက်ပေါက်လှေကားများကိုသာ အသုံးပြုရမည်။ ဓာတ်လှေကားမှတစ်ဆင့်ထွက်ခွာခြင်းကို မီးသတ်သမားများ/မီးဘေးလုံခြုံရေးတာဝန်ခံများ၏ ကြီးကြပ်ညွှန်ကြားမှုအောက်တွင်သာ ဆောင်ရွက်

ရမည်။ မီးသတ်သမားများ မီးလောင်ပြင်သို့ရောက်ရှိချိန်တွင် မီးဘေးလုံခြုံရေးတာဝန်ခံသည် မီးလောင်မှုအခြေအနေ၊ ထွက်ပြေးလွတ်မြောက်နိုင်ရေးအစီအမံများနှင့်လုပ်ငန်းများ၏ တိုးတက်မှု အခြေအနေကို မီးသတ်အရာရှိအားတင်ပြရမည်။ မီးသတ်အရာရှိမှထွက်ခွာရေးလုပ်ငန်း များအတွက် ကြီးကြပ်ညွှန်ကြားမှုကိုစတင်ဆောင်ရွက်ရမည်။

နောက်ဆက်တွဲ (၁၄)
အခန်းအတွက်ထွက်ပေါက်သင်္ကေတပြဋ္ဌာန်းချက်

၁။ အထပ်တိုင်းရှိထွက်ပေါက်အဝင်နေရာများ၏တံခါးအပေါ်တွင် ထွက်ပေါက်ပြသင်္ကေတ (Exit Sign) များကို ရှင်းလင်းစွာညွှန်ပြတပ်ဆင်ထားရမည်။ ရှည်လျားသော စင်္ကြံများ၊ အခန်းကျယ်များနှင့် ထွက်ပေါက်ရှိရာသို့ အလွယ်တကူမမြင်နိုင်သည့်နေရာများတွင် လမ်းညွှန်သင်္ကေတများ (Directional Signs) ကို အထပ် သို့မဟုတ် စင်္ကြံများ၏အစိတ်အပိုင်းအားလုံးတွင် တပ်ဆင်ထားရမည်။

၂။ အခန်းများအတွက် ထွက်ပေါက်ပြသင်္ကေတဆိုင်ရာပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အခန်းတစ်ခန်းတွင် တံခါးပေါက်တစ်ခုထက်ပိုပါက လွတ်မြောက်ရာလမ်းကြောင်း အဖြစ်အသုံးပြုသော ထွက်ပေါက်တံခါးတိုင်း၏အပေါ်ဘက်တွင်ထွက်ပေါက်ပြသင်္ကေတ ထားရှိရမည်။

(ခ) အရေးပေါ်အလင်းပေးစနစ်ပါရှိသောအခန်းတွင် ထွက်ပေါက်တံခါးသို့ ရောက်ရှိနိုင်သည့် လမ်းကြောင်း၌ အတားအဆီးရှိနေပါက လမ်းညွှန်သင်္ကေတထားရှိရမည်။

(ဂ) အရေးပေါ်အလင်းပေးစနစ်ပါရှိသောအခန်းတွင် ထွက်ပေါက်တံခါးတစ်ခုတည်းရှိလျှင် ထွက်ပေါက်ပြသင်္ကေတမလိုပါ။

(ဃ) အရေးပေါ်အလင်းပေးစနစ်မပါရှိသောအခန်းတွင်-

(၁) ထွက်ပေါက်တံခါးတစ်ခုတည်းရှိသည့်အခန်း၏ အဝေးဆုံးအမှတ်မှ တိုက်ရိုက်အကွာအဝေး ၇ မီတာထက်မပိုလျှင်ထွက်ပေါက်ပြသင်္ကေတထားရှိရန်မလိုပါ။

(၂) ထွက်ပေါက်တံခါးတစ်ခုတည်းရှိသည့်အခန်း၏ အဝေးဆုံးအမှတ်မှ တိုက်ရိုက်အကွာအဝေး ၇ မီတာထက်ပိုပြီး ၁၃ မီတာ အောက်ရှိလျှင် တံခါး၏အပေါ်ဘက်တွင် ထွက်ပေါက်ပြသင်္ကေတထားရှိရမည်။ သို့မဟုတ်ပါကအခန်းကို အရေးပေါ်အလင်းပေးစနစ်ထားရှိရမည်။

(င) အောက်ပါအချက်များအားလုံးနှင့်ကိုက်ညီသည့် အခန်းတစ်ခုတွင် ထွက်ပေါက်တစ်ခုသာရှိပါကအဆိုပါတံခါး၏အပေါ်ဘက်တွင်ထွက်ပေါက်ပြသင်္ကေတထားရှိရန်မလိုပါ-

(၁) အရေးပေါ်အလင်းပေးစနစ်မပါရှိသော အခန်း၏နံရံဧရိယာအား အနည်းဆုံး ၅၀% မှန်တပ်ဆင်ထားခြင်း။

(၂) စကြီ(အရေးပေါ်အလင်းပေးစနစ်ပါရှိသော) သို့မဟုတ် အဆောက်အအုံအပြင် ဘက်သို့မျက်နှာမူထားခြင်း။

(၃) အခန်းအတွင်းရှိအဝေးဆုံးနေရာမှ ထွက်ပေါက်တံခါးသို့ ၁၃ မီတာထက် မပို ခြင်း။

နောက်ဆက်တွဲ (၁၅)
ထရမ်စဖော်မာတပ်ဆင်ခြင်းလုပ်ငန်းအတွက်မီးဘေးလုံခြုံရေးအချက်များ

၁။ ဤအခန်းတွင်လိုက်နာရမည့်အချက်များကို ဖော်ပြရာတွင် မီးဘေးလုံခြုံရေးအတွက်ကိုသာ ရည်ရွယ်ပြီး လျှပ်စစ်ဓာတ်အားပေးရေးအာဏာပိုင်တို့၏ ညွှန်ကြားထားသော လိုက်နာရမည့်အချက်များကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ ၆၆ ကေဗွီအထိရှိသော ထရမ်စဖော်မာအိုးခြောက်များကို လည်းကောင်း၊ သဘာဝအလျောက် သို့မဟုတ် တွန်းအားဖြင့်အအေးခံဆီအား လှည့်ပတ်ခြင်းဖြင့် အပူထုတ်သော ထရမ်စဖော်မာတို့၏ လိုအပ်ချက်နှင့်သက်ဆိုင်သည်။ ထရမ်စဖော်မာတွင်အသုံးပြုသောဆီကို အသိအမှတ်ပြုသောဆီနှင့် အသိအမှတ်မပြုသောဆီများကို အသုံးပြုနိုင်သည်။ အသိအမှတ်အပြုသောဆီများကိုအသုံးပြုရာ၌ ဤအခန်းတွင် သတ်မှတ်ထားသော မီးဘေးကာကွယ်ရေးစနစ်များကိုလည်းကောင်း၊ သတ်မှတ်ထားသော ဆောက်လုပ်ရေးစံချိန်စံညွှန်း အတိုင်းလိုက်နာ၍ ထရမ်စဖော်မာထားရှိမည့် အဆောက်အအုံကိုလည်းကောင်း၊ အခန်းကိုလည်းကောင်းလိုက်နာ၍ ဆောက်လုပ်ရန်လိုအပ်သည်။ သို့ရာတွင် အသိအမှတ်မပြုသောဆီကို လူနေသောအောက်ထပ်ရှိ ထရမ်စဖော်မာများတွင် အသုံးပြုခွင့်မရှိပါ။ ဤအခန်းတွင်သဘာဝအလျောက်လှည့်ပတ်၍ ဆီဖြင့် အအေးခံသောထရမ်စဖော်မာ(ဆီစိမ်ထရမ်စဖော်မာ) အသုံးပြုခြင်းနှင့်ပတ်သက်၍ အနည်းဆုံး ၅၀ ကေဗွီအေ မှ အများဆုံး ၁၀,၀၀၀ ကေဗွီအေရှိသော ထရမ်စဖော်မာများ နှင့် ၎င်းတို့၏ အများဆုံးဗို့အားကို ၃၅ ကေဗွီ နှင့်အောက် (ဥပမာ - ၃၃ ကေဗွီ) ဗို့အားရှိသော ထရမ်စဖော်မာများကို အဆောက်အအုံများနှင့် စက်ရုံ သုံးများအတွက်သာဖြစ်သည်။ အကယ်၍ဂင်းပမာဏ သို့မဟုတ် ဂင်းဗို့အားထက်မြင့်သောထရမ်စဖော်မာများဖြစ်ပါက အဆောက်အုံ၏ပြင်ပတွင်တပ်ဆင်သော ထရမ်စဖော်မာ သို့မဟုတ် သီးသန့်အဆောက်အအုံနှင့် တပ်ဆင်ရမည်ဖြစ်ပြီး လိုအပ်သောမီးဘေးကာကွယ်ရေးဆိုင်ရာစနစ်များကို မီးသတ်ဦးစီးဌာနမှ ခွင့်ပြုချက်ရယူ၍ တပ်ဆင်အသုံးပြုရမည်။

၂။ စီးပွားရေးတွက်ချေကိုက်မှုအရ ဆီစိမ်ထရမ်စဖော်မာများတွင် ဓာတ်သတ္တုပျော်ဝင်ဆီ (mineral oil) ကဲ့သို့သောထရမ်စဖော်မာဆီများသည် မီးလောင်တတ်သောဆီများဖြစ်သော်လည်း များသောအားဖြင့်အသုံးပြုကြသည်။ မီးဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေးတို့အတွက်၊ ဇယား (၁) တွင်ဖော်ပြထားသောအချက်များနှင့်ကိုက်ညီသည့် မီးလောင်ခဲသော သို့မဟုတ် မီးမလောင်နိုင်သော ထရမ်စဖော်မာဆီကို အသိအမှတ်ပြုသောဆီဟု ဖွင့်ဆိုပြီး ကျန်ရှိသောဆီများကို အသိအမှတ်မပြုသောဆီဟုအဓိပ္ပာယ်ဖွင့်ဆိုသည်။

ဇယား (၁) အသိအမှတ်အပြုအရည်များ၏ ဂုဏ်သတ္တိများ

စဉ်	ဂုဏ်သတ္တိများ
၁	ထရမ်စဖော်မာဆီသည် ပဲပိစပ်အခြေခံသောသဘာဝ အက်စတာဆီ အမျိုးအစား Envirotemp FR3 သို့မဟုတ် ၎င်းကဲ့သို့အရည်အချင်း ပြည့်ဝသောဆီဖြစ်၍ မီးလောင်မှတ် အပူချိန် ၃၅၀ ဒီဂရီစင်တီ ဂရိတ်နှင့် အထက်ရှိ၍လည်းကောင်း၊ မီးဟပ်ကူးအမှတ်အပူချိန် (Flash Point – Cleveland Open Cup) ၃၀၀ ဒီဂရီစင်တီဂရိတ် နှင့်အထက်ရှိခြင်းကို ASTM D92/ISO2592 နည်းစနစ်များဖြင့် အတည်ပြုရမည်ဖြစ်သည်။ ထို့အတူ မီးဟပ်ကူး အမှတ် အပူချိန်ကို (Flash Point–Pensky–Marten Close Cup) ၂၅၀ ဒီဂရီစင်တီ ဂရိတ် နှင့်အထက်ရှိခြင်းကို ASTM D93/ISO2719 နည်းစနစ်များဖြင့်အတည်ပြုထား ရမည် ဖြစ်သည်။
၂	ထရမ်စဖော်မာဆီသည် UL နှင့် FM Global မီးလောင်ရန်ခဲယဉ်းသော ထရမ်စဖော်မာဆီ EOVK.MH10678 UL Product Category အဖြစ်လည်းကောင်း၊ လျှပ်စစ်မစီးကူးသော ကြားခံအရည်ကို EOUV. MH10678 UL Product Category အဖြစ်လည်းကောင်း စမ်းသပ်၍ ထောက်ခံချက်လက်မှတ်ရထားပြီး ဖြစ်ရမည်။

၃။ လူနေသောအထပ်အောက်တွင် ထရမ်စဖော်မာတပ်ဆင်ခြင်းသည် အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(က) ဖြစ်နိုင်ချေရှိသော မီးလောင်ခြင်းများကို တားဆီးနိုင်ရန်အတွက် လူနေသောအထပ် အောက်တွင်တပ်ဆင်ထားသော မည်သည့်ထရမ်စဖော်မာကိုမဆို အိုးခြောက်ထရမ် စဖော်မာအား လုံလောက်သောလေအေးပေးစနစ် သို့မဟုတ် စက်မှုလေဝင်လေထွက် စနစ်ဖြင့်အအေးခံ၍ဖြစ်စေ၊ အသိအမှတ်ပြုသောဆီ (မီးလောင်ခဲသော သို့မဟုတ် မီး မလောင်နိုင်သော သဘာဝအက်စတာဆီ) ကိုထည့်သွင်းအသုံးပြုသော ထရမ်စဖော် မာကိုဖြစ်စေ ၊ အပိုဒ် ၃.၃၊ ၃.၄၊ ၃.၅ တို့တွင် သတ်မှတ်ထားသည့်အချက်များအတိုင်း တစ်သွေမသိမ်းလိုက်နာ၍ တပ်ဆင်အသုံးပြုရမည်။ အသိအမှတ်ပြုသောဆီကို အသုံး ပြုရာတွင် ထရမ်စဖော်မာအပြင် ဗို့အားအတက်အကျည့်ထိန်းကိရိယာ (tap changer) နှင့် အခြားဆီဖြည့်သုံးသောကိရိယာများအပါအဝင် ဖြည့်သွင်းအသုံးပြုရ မည်။

(ခ) အကယ်၍ အိုးခြောက်ထရမ်စဖော်မာအားတပ်ဆင်အသုံးပြုပါက လေအေးပေးစနစ် သို့မဟုတ် စက်မှုလေဝင်လေထွက်စနစ်များအား သေချာစွာအသုံးပြုနိုင်ရန်အတွက်

အရန်စနစ်များ အားထားရှိရမည်ဖြစ်ပြီး လိုအပ်သော မီးဘေးအချက်ပြစနစ်ဖြင့်ပါ ချိတ်ဆက်ထားရမည်ဖြစ်သည်။

(ဂ) ထရမ်စဖော်မာသည်လည်း ဆီဖိအားမြင့်တပ်လှန့်အချက်ပြခြင်းနှင့် ဖြတ်တောက်ခြင်း ကိရိယာဖြစ်သော Buchholz relay ကိုတပ်ဆင်ထားရမည်။ ထို့အပြင်ဆီအပူချိန်မြင့် တပ်လှန့်အချက်ပြခြင်းနှင့် ဖြတ်တောက်ခြင်းကိရိယာတို့ကို တပ်ဆင်ထားရမည်။ ကျန်ရှိသော လျှပ်စစ်ကာကွယ်ရေးကိရိယာများကို သက်ဆိုင်ရာလျှပ်စစ်ဓာတ်အား ပေးရေး အာဏာပိုင်များ၏ လိုအပ်ချက်များအတိုင်းတပ်ဆင်ပေးရမည်။

(ဃ) ထရမ်စဖော်မာဆီ ဖိအားလွန်ဘား (pressure relief valve) ပါရှိရမည်ဖြစ်ပြီး ၎င်းဘားအထွက်ကို ပိုက်လိုင်းတပ်ဆင်၍ ထရမ်စဖော်မာအောက်ခြေရှိ ဆီထိန်းသောကန် အထိသွယ်တန်း (pipe down extension) ၍ထားရမည်ဖြစ်သည်။ ၎င်းဆီထိန်းသောကန် သို့မဟုတ် ဗန်းသည် တပ်ဆင်ထားသောထရမ်စဖော်မာတွင်ပါရှိသော ဆီပမာဏ၏ ၁၁၀ ရာခိုင်နှုန်းဝင်ဆံ့ရမည် ဖြစ်ပြီး ထရမ်စဖော်မာ၏အောက်ခြေတွင် တည်ဆောက်ရမည်။

(c) ထရမ်စဖော်မာအခန်းအားသီးသန့်အခန်းကာရံ၍ထားရှိရမည်ဖြစ်ပြီး ၎င်းအခန်းသည် ဧယား ၂ တွင် ဖော်ပြထားသည့်အတိုင်း မီးခံနိုင်စွမ်းရှိအောင်တည်ဆောက်ထားပြီး လိုအပ်သည့် မီးဘေးကာကွယ်ရေးစနစ်များ တပ်ဆင်ထားရမည်။

၄။ ထရမ်စဖော်မာအခန်းများ နှင့် ထရမ်စဖော်မာ တည်ဆောက်ခြင်းများတွင် ဆီလျှံကျပျံ့နှံ့ခြင်းအား ထိန်းသိမ်းကာကွယ်ခြင်း၊ ဆီပါဝင်သောထရမ်စဖော်မာများထားရှိသည့်အခန်းများအတွက် ဆီထိန်းကန်များတည်ဆောက်ခြင်းမှာ အောက်ပါအတိုင်းဖြစ်ရမည်-

(က) ထရမ်စဖော်မာများထားရှိသည့် အခန်းများတွင်အောက်ခြေအထိ ဆီလုံသောနံရံများ တည်ဆောက်ရမည်။

(ခ) အကယ်၍ ထရမ်စဖော်မာအခန်းများတွင် အဝင်အထွက်တံခါးပေါက်များကိုမဖြစ်မနေ အဆောက်အအုံအတွင်းနံရံ၌ ထားရှိရမည်ဆိုလျှင် လျှံကျစီးထွက်သောဆီများအား ထိန်းရန်အတွက် အပိုဒ် (၄) (ဂ) တွင်ဖော်ပြထားသည့်အတိုင်း ထားရှိရမည်။ ဆီတားအမြင့်အထက်မှစ၍သာ တံခါးပေါက်ကိုဖောက်ရမည်။

(ဂ) ဆီတားအမြင့် သို့မဟုတ် ဆီထိန်းကန်အနက်ကို အကြီးဆုံးထရမ်စဖော်မာတွင် ပါရှိသောဆီပမာဏရှိသော အရွယ်အစားကိုမူတည်၍ တွက်ချက်ပြီး နောက်ထပ် ၅၀ မီလီမီတာ ထပ်ပေါင်း၍ထားရှိရမည်ဖြစ်ပြီး အနည်းဆုံး ၁၀၀ မီလီမီတာထက် မနည်း ထားရှိရမည်။

(ဃ) အသိအမှတ်မပြုသောဆီသုံးထားသော ထရမ်စဖော်မာများအတွက် လျှံကျစီးထွက်သောဆီများအား အခန်းတွင်းရှိအခြားထရမ်ဖော်မာများနှင့် အရေးကြီးသောစက်ကိရိယာများသို့ မပျံ့နှံ့စေရန်အတွက် ဆီထိန်းကန်ကို ထရမ်စဖော်မာတစ်ခုခြင်းစီအတွက် တည်ဆောက်ထားရမည်။ သို့ရာတွင် အသိအမှတ်ပြုသောဆီသုံးထားသော ထရမ်စဖော်မာများအတွက် ဆီထိန်းကန်ကို တစ်ဆက်တစ်စပ်တစ်ခုတည်း ထားရှိနိုင်သည်။

(c) အကယ်၍ မီးသတ်ရေဖျန်းစနစ်ထားရှိမည်ဆိုပါကလျှံကျစီးထွက်ဆီများနှင့် ဖျန်းထားသော ရေများအားအပြင်ဘက်ခွင့်ပြုသောနေရာအထိ အရေးပေါ်ဖောက်ချနိုင်သော စနစ်ကိုပါတည်ဆောက်ထားရမည်။

(စ) အကယ်၍ အမြှပ်ရေဖျန်းစနစ်ထားရှိမည်ဆိုပါက ဆီတားအမြင့် သို့မဟုတ် ဆီထိန်းကန်အရွယ်အစားကို ထရမ်စဖော်မာတွင်ပါရှိသော ဆီပမာဏ နှင့် အမြှပ်ရေဖျန်းစနစ်မှ အနည်းဆုံးမိနစ် ၃၀ ဖျန်းချသောပမာဏတို့ကို အပြင်ဘက်ခွင့်ပြုသောနေရာအထိ အရေးပေါ်ဖောက်ချနိုင်သောစနစ်သို့ မဖောက်ချမီအထိဝင်ဆံ့နိုင်အောင်ထားရှိရမည်။

(ဆ) လေဝင်လေထွက်ကောင်းရန်နှင့် ပြုပြင်ထိန်းသိမ်းရေးအတွက် ထရမ်စဖော်မာများကို နံရံမှ အနည်းဆုံး ၀.၉ မီတာထက်မနည်း သို့မဟုတ် လိုအပ်သောအကွာအဝေး ထားရှိပေးရမည်။

၅။ ထရမ်စဖော်မာများကိုအဆောက်အုံ၏ပြင်ပတွင်မတပ်ဆင်နိုင်ပါက သီးခြားအဆောက်အအုံ ဆောက်၍ဖြစ်စေ၊ အဆောက်အအုံနှင့်တွဲ၍ ပုံ ၁ (က) နှင့် ဇယား ၂ တို့တွင်ဖော်ပြထားသည့်နေရာများတွင် လုံခြုံစိတ်ချရစေရန် အခန်းတည်ဆောက်အသုံးပြုရမည်။ အဆောက်အုံအတွင်း တပ်ဆင်ထားသောထရမ်စဖော်မာများအတွက် မီးဘေးလုံခြုံရေးအချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အထက်ဖော်ပြပါ ထရမ်စဖော်မာအခန်းများ၌ ပြင်ပမှသာဝင်ထွက်နိုင်သည့် တံခါးပေါက်ကို ပေးထားရမည်။ အကယ်၍ အဝင်အထွက်တံခါးပေါက်ကို အဆောက်အအုံအတွင်းမှပေးထားရပါက အပိုဒ် ၄(ခ) နှင့် (ဂ) တို့တွင်ဖော်ပြထားသည့်အတိုင်း ထရမ်စဖော်မာဆီများ ပင်မအဆောက်အအုံအတွင်းသို့မဝင်ရောက်နိုင်ရန် တည်ဆောက်ထားရမည်။

(ခ) ထရမ်စဖော်မာအခန်းများနှင့်သီးသန့်ထရမ်စဖော်မာ အဆောက်အအုံတို့ကို အောက်ပါအတိုင်း ဆောက်လုပ်ရမည်။ (လူနေသော အထပ်အောက်ရှိ ထရမ်စဖော်မာတပ်ဆင်ခြင်းကို အပိုဒ် ၃ အားဖတ်ရှုပါ။)

(၁) အိုးခြောက်နှင့်ဓာတ်ငွေ့ဖြည့် ထရမ်စဖော်မာများအတွက် မီးလောင်ရန်မလွယ်ကူသော ပစ္စည်းများဖြင့် တည်ဆောက်ရမည်။

(၂) အသိအမှတ်ပြုသော ဆီဖြည့်ထားသည့် ထရမ်စဖော်မာများအတွက် အကယ်၍ မီးသတ်စနစ် မထားရှိပါက အနည်းဆုံး ၁ နာရီ မီးလောင်ဒဏ်ခံနိုင်သော အဆောက်အအုံ ဖြစ်ရမည်။

(၃) အကယ်၍ အလိုအလျောက် မီးငြိမ်းသတ်သောစနစ် (automatic sprinklers, foam–water sprinklers, approved water mist or gas/ aerosol fire suppression system) တပ်ဆင်ထားပါကမီးလောင်ရန်မလွယ်ကူသောပစ္စည်းများဖြင့် တည်ဆောက်ရမည်။

(၄) အသိအမှတ်မပြုသောဆီ ဖြည့်ထားသော ထရမ်စဖော်မာတွင် ဆီပမာဏ ၃၈၀ လီတာထက် နည်းပြီး မီးသတ်စနစ် တပ်ဆင်ထားပါက ၁ နာရီ မီးလောင်ဒဏ်ခံနိုင်သောပစ္စည်းများဖြင့် တည်ဆောက်ရမည်။

၆။ အသိအမှတ်မပြုသောဆီ ဖြည့်ထားသော ထရမ်စဖော်မာတွင် ဆီပမာဏ ၃၈၀ လီတာထက်များပါက ၃ နာရီ မီးလောင်ဒဏ်ခံနိုင်သော ပစ္စည်းများဖြင့် တည်ဆောက်ရမည်။ သို့ရာတွင် ထရမ်စဖော်မာတစ်လုံးထက် ပိုပါဝင်ပါက အောက်ဖော်ပြပါတစ်ခုခုကို လည်းထည့်သွင်းတပ်ဆင်အသုံးပြုရမည်။

(က) ထရမ်ဖော်မာ နှစ်လုံးကြားတွင် ၃ နာရီ မီးလောင်ဒဏ်ခံနိုင်သော ကြားနံရံတပ်ဆင်၍ လည်းကောင်း အလိုအလျောက် မီးငြိမ်းသတ်သောစနစ်ကိုတပ်ဆင်၍လည်းကောင်း အသုံးပြုရမည်။

(ခ) အထက်ဖော်ပြပါ ၃ နာရီ မီးလောင်ဒဏ်ခံနိုင်သော အဆောက်အအုံ ဆောက်လုပ်ထားရှိပါက ပေါ်ထွက်နေသော သံမဏိဘောင်တန်းများကိုပါ ၃ နာရီ မီးလောင်ဒဏ်ခံနိုင်ရန်တည်ဆောက်ထားရမည်။

၇။ ဇယား ၂ တွင်ပြထားသော ထရမ်စဖော်မာဆီများအသုံးပြုခြင်းအတွက် မီးငြိမ်းသတ်စနစ်လိုအပ်ပါက အလိုအလျောက် မီးငြိမ်းသတ်သောစနစ်ကို ထရမ်စဖော်မာထားရှိသော အဆောက်အအုံ သို့မဟုတ် အခန်းအတွက် အောက်ဖော်ပြပါဒီဇိုင်းနှင့် တပ်ဆင်အသုံးပြုရမည်။

(က) အသိအမှတ်ပြုသောဆီအသုံးပြုထားသော ထရမ်စဖော်မာ အတွက် အလိုအလျောက် မီးသတ်ရေဖျန်းစနစ်အားအခန်း တစ်ခုလုံးအတွက် သိပ်သည်းဆ ၈ မီလီမီတာ/မိနစ် ထား၍ တွက်ချက်တပ်ဆင်ရမည်။

(ခ) အသိအမှတ်မပြုသောဆီအသုံးပြုထားသော ထရမ်စဖော်မာအတွက် အလိုအလျောက် မီးသတ်ရေဖျန်းစနစ်အား အခန်းတစ်ခုလုံးအတွက် သိပ်သည်းဆ ၁၂ မီလီ မီတာ/မိနစ် ထား၍ တွက်ချက်တပ်ဆင်ရမည်။

(ဂ) မီးသတ်ရေဖျန်းစနစ်တပ်ဆင်ထားပါက ဆီထိန်းကန် နှင့် ဆီ/ရေဖောက်ထုတ်ခြင်း တို့ကို အပိုဒ် ၄ အတိုင်း ဒီဇိုင်းလုပ်တပ်ဆင်ရမည်။ ထို့အတူ ၎င်းထရမ်စဖော်မာ ဆီ/ရေ တို့ကို အဆောက်အအုံ ပြင်ပလွတ်ကင်းရာဧရိယာသို့ အရေးပေါ်ဖောက်ချနိုင်သော စနစ်ကိုလည်း တပ်ဆင်ထားရမည်။

(ဃ) မီးသတ်ဦးစီးဌာနမှ ခွင့်ပြုထားသော အမြှပ်ရေဖြင့် မီးငြိမ်းသတ်သောစနစ်ကို မီးသတ်ရေဖျန်းစနစ်အစား မီးလောင်နိုင်သော ထရမ်စဖော်မာဆီများအတွက် အသုံးပြုရန် ခွင့်ပြုနိုင်သည်။ ဆီထိန်းကန်ကို အမြှပ်ရေ မိနစ် ၃၀ ထုတ်လွှတ်သော ပမာဏကို ပါပေါင်း၍ဝင်ဆံ့နိုင်ရန် တည်ဆောက် ထားရမည်။

(c) မီးသတ်ဦးစီးဌာနမှ ခွင့်ပြုထားသော ရေမှုန်ဖျန်းစနစ် သို့မဟုတ် ဓာတ်ငွေ့/အေရိုဆိုလ် (aerosol) ဖြင့်အခန်းဖြည့် မီးငြိမ်းသတ်စနစ်ကို မီးသတ်ရေဖျန်းစနစ်အစား အသုံးပြုရန် ခွင့်ပြုနိုင်သည်။

(စ) ထရမ်စဖော်မာအခန်းနှင့်အဆောက်အအုံတွင် အခြားမီးလောင်နိုင်သော လျှပ်စစ်ကြိုးများနှင့် လျှပ်စီးဓာတ်ချောင်း (bus bar) များပါရှိပါကလည်း မီးငြိမ်းသတ်စနစ်ကို တပ်ဆင်အသုံးပြုရမည်။



ပုံ ၁(ဂ) ထရမ်စဖောမာအတွက် အဆောက်အအုံနှင့် အခန်းများတည်နေရာ

<table>
<tr><td colspan="6">ဇယား ၂ - ထရမ်ဖော်မာ အဆောက်အအုံနှင့် အခန်းများ ဆောက်လုပ်ခြင်း</td></tr>
<tr><td>ထရမ်စဖော်မာ အမျိုးအစား</td><td>ဆီအမျိုးအစား</td><td>အကြီးဆုံး ထရမ်စဖော်မာ၏ ဆီပမာဏ</td><td>အခန်းနှင့် အဆောက် အအုံတို့၏မီးလောင် ဒဏ်ခံနိုင်ရည်</td><td colspan="2">ထရမ်စဖော်မာ ဆီအတွက် မီးဘေးကာကွယ်ရေးစနစ်</td></tr>
<tr><td>အိုးခြောက်နှင့် ဓာတ်ငွေ့ ဖြည့် အမျိုးအစား[1]</td><td colspan="2">မသက်ဆိုင်ပါ။</td><td>မီးလောင်ရန်မလွယ်ကူ သောပစ္စည်း</td><td colspan="2">မလိုအပ်ပါ။[2]</td></tr>
<tr><td colspan="2" rowspan="4">ဆီဖြည့်အမျိုးအစား</td><td rowspan="2">အသိအမှတ်ပြု သောဆီ</td><td rowspan="2">မည်သည့် အရွယ်အစား မဆို[3]</td><td>၁ နာရီ မီးလောင်ဒဏ်ခံနိုင် ရည်ရှိသောပစ္စည်း</td><td>မလိုအပ်ပါ။[2]</td></tr>
<tr><td>မီးလောင်ရန်မလွယ်ကူသောပစ္စည်း</td><td>အပိုဒ် ၅.၄ (က) အားဖတ်ရှုပါ။[4]</td></tr>
<tr><td rowspan="3">အသိအမှတ်မပြု သောဆီ</td><td>၃၈၀လီတာ ထက်နည်းသော[3]</td><td>၁ နာရီ မီးလောင်ဒဏ်ခံနိုင်ရည်ရှိသော ပစ္စည်း</td><td>မလိုအပ်ပါ။[2]</td></tr>
<tr><td rowspan="2">၃၈၀ လီတာ ထက်များသော[3]</td><td>တစ်လုံးထက်ပိုသောထရမ်စဖော်မာများရှိ ပါက ၃ နာရီ မီးလောင်ဒဏ်ခံ နိုင်ရည်ရှိ အဆောက်အအုံနှင့် ကြားခံနံရံ [5]</td><td>မလိုအပ်ပါ။[2]</td></tr>
<tr><td>ထရမ်စဖော်မာ တစ်လုံးတည်း အတွက် ၁ နာရီ မီးလောင်ဒဏ်ခံနိုင်ရည်</td><td></td></tr>
<tr><td colspan="6">[1] ထရမ်စဖော်မာ tap changers နှင့် အခြား ကိရိယာများတွင်မီးလောင်နိုင်သော ဆီမပါရှိသည့် ထရမ်စဖော်မာ အိုးများ
[2] ထရမ်စဖော်မာဆီအပြင် အခြားမီးလောင်နိုင်သော ပစ္စည်းများကို ကာကွယ်ရေးအတွက် အပိုဒ်၅.၄ (စ) ကိုဖတ်ရှုပါ။
[3] လျှံကျ စီးထွက် ဆီထိန်းကန် ကို အပိုဒ် ၄ အရ ထားရှိရန်။
[4] အလိုအလျောက်မီးသတ် ရေဖျန်းစနစ်ဖြင့်လည်းကောင်း၊ ရေမြှပ်မီးသတ်စနစ် ဖြင့်လည်းကောင်း၊ ရေမှုန်ဖျန်း မီးသတ်စနစ်ဖြင့်လည်းကောင်း ဒ္ဒြမ်းသတ်ရာတွင် အရေးပေါ် အရည်ထုတ်နိုင်သည့်စနစ် ကိုအပိုဒ် ၄.၅ အရ ထားရှိရန်။
[5] တစ်လုံးထက်ပိုသောထရမ်စဖော်မာများရှိပါက ၃ နာရီ မီးလောင်ဒဏ်ခံ နိုင်ရည်ရှိ အဆောက်အအုံနှင့်ထရမ်စဖော်မာ ၁လုံးနှင့်တစ်လုံးကြား ၃ နာရီ မီးလောင်ဒဏ်ခံ နိုင်ရည်ရှိ ကြားခံနံရံတည်ဆောက်ရန်။</td></tr>
</table>

၈။ အရေးကြီးသောပင်မအဆောက်အအုံများနှင့် စက်ကိရိယာများကို ပြင်ပတွင်တပ်ဆင်ထားသော ထရမ်စဖော်မာများ မီးလောင်ခြင်းမှကာကွယ်ရန် ၎င်းတို့၏တည်နေရာနှင့် တည်ဆောက်ခြင်းကို အောက်ပါအတိုင်းလိုက်နာရန်လိုအပ်သည်-

(က) နေရာလွတ်အကွာအဝေးနှင့် တည်ဆောက်ခြင်းကို လျှံကျစီးထွက်ဆီထိန်းကန် အပါအဝင် ပုံ ၁ (ခ)/ ဇယား ၃၊ ပုံ ၁ (ဂ)/ဇယား ၄ နှင့် ပုံ ၁ (ဃ)/ဇယား ၅ တို့တွင် ပြထားသောအင်္ဂါရပ်များအတိုင်းလိုက်နာ၍တည်ဆောက်ရန်လိုအပ်သည်။ အကယ်၍ ထရမ်စဖော်မာတစ်လုံးထက်ပိုသော တပ်ဆင်ခြင်းဖြစ်ပါက အကာအကွယ်မဲ့ (ပြင်ပ) ထရမ်စဖော်မာ နှင့် အရေးကြီးသောအခြားစက်ကိရိယာများကြားတွင် ကြားခံအကွာအဝေးကိုဇယား ၃ တွင် ပြထားသည့်အတိုင်း ထားရှိပေးရမည်။ ကြားခံအကွာအဝေးမှာ ဆီထိန်းကန် နှင့် အနီးဆုံးအကွာအဝေးကိုဆိုလိုသည်။

(ခ) အကယ်၍ ဇယား ၃ တွင်ဖော်ပြထားသော ကြားခံအကွာအဝေးကို ထားရှိနိုင်ခြင်းမရှိပါက ၂ နာရီ မီးလောင်ဒဏ်ခံနိုင်သော ကြားခံနံရံကို ထရမ်စဖော်မာတစ်ခုနှင့်တစ်ခု အကြားတွင် ပုံ ၁ (c) တွင်ပြထားသည့် အတိုင်းထားရှိပေးရမည်။ ကြားခံနံရံကို

လည်း ထရမ်စဖော်မာ၏ အမြင့်ဆုံး အစိတ်အပိုင်းအထက် ၁ ပေ နှင့် ဘေးဘက်သို့ ၂ ပေ ရှည်ထွက်ပေးရမည်။ ထရမ်စဖောမာ၏ အစိတ်အပိုင်းများ (ဥပမာ – bushing, ဖိအားလွန်ဘား, ထရမ်စဖော်မာ၏ အပူထုတ် အစိတ်အပိုင်း နှင့် ဗို့အားအနိမ့်အမြင့် ချိန်ခလုတ်အိမ် စသည်တို့ဖြစ်သည်။) သည်လျှပ်စစ်မှားယွင်းမှုများကြောင့် အတွင်း ဖိအားများလာနိုင် သောကြောင့်ဖြစ်သည်။

(ဂ) မီးလောင်ဒဏ်ကို ၂ နာရီခံနိုင်သည့် ကြားခံနံရံကို အုတ် သို့မဟုတ် ဘိလပ်မြေအုတ် သို့မဟုတ် ကွန်ကရစ်နှင့် တည်ဆောက်ရမည်။

(ဃ) အကယ်၍ ဧယား ၃ တွင်ဖော်ပြထားသော ကြားခံအကွာအဝေးကို ထားရှိနိုင်ခြင်း လည်းမရှိ၊ ထရမ်စဖော်မာ တစ်ခုနှင့် တစ်ခုအကြားတွင်လည်း ၂ နာရီ မီးလောင်ဒဏ် ခံနိုင်သော ကြားခံနံရံလည်းမရှိပါက ထရမ်စဖော်မာတိုင်းတွင် အသေတပ်ရေဖျန်း စနစ်ကို အောက်ပါအတိုင်း တပ်ဆင်ပေး ရမည်။

(၁) ရေဖျန်းသိပ်သည်းဆ ၁၂ မီလီမီတာ/မိနစ် ရှိသောအသေတပ်ရေဖျန်းစနစ်ကို ထရမ်စဖော်မာ၏ မျက်နှာပြင်အားလုံးနှင့် ဆီထိန်းကန်ဘောင်အတွင်းအထိ အပါအဝင်ကိုဖျန်းနိုင်ရန် တွက်ချက်၍ တပ်ဆင်ရမည်။

(၂) အသေတပ်ရေဖျန်းစနစ်ကိုတပ်ဆင်ရာတွင် ၎င်း၏ရေပိုက်၊ ရေဖျန်းခေါင်း စသည်တို့ကို အနည်းဆုံး ထရမ်စဖော်မာမှ ၄၅ စင်တီမီတာ ကွာဝေးရမည် ဖြစ်ပြီး ရေပိုက်များကို ထရမ်စဖော်မာ၏ အပေါ်နှင့် ထရမ်စဖော်မာဆီအိုး၏ ဖိအားလွန်ဘားတို့အပေါ်မှ ဖြတ်သန်း၍မတပ်ဆင်ရပါ။ ရေဖျန်းခေါင်းများကို လည်းထရမ်စဖော်မာ၏ လျှပ်စစ်ဓာတ်ကြိုးဆက်ဝုတ်များသို့ချိန်ရွယ်၍ မဖျန်း မိစေရန်တပ်ဆင်ရမည်။

(၃) တစ်ခုထက်ပိုသော ထရမ်စဖော်မာများတပ်ဆင်ခြင်းအတွက် ရေဖျန်းစနစ်ကို ထရမ်စဖော်မာအားလုံးနှင့် ဆီထိန်းကန်ဘောင်အတွင်းဧရိယာအားလုံးတို့ အပါအဝင်ကို တပြိုင်တည်း ရေဖျန်းနိုင်ရန် တွက်ချက်၍တပ်ဆင်ရမည်။

(၄) အကယ်၍ ပင်မအဆောက်အအုံ၏ နံရံကို ကာကွယ်ရန် ရေဖျန်းစနစ်တပ်ဆင် မည်ဆိုပါက ရေဖျန်းသိပ်သည်းဆ ၈ မီလီမီတာ/မိနစ် ထား၍တွက်ချက်၍ တပ်ဆင်ရမည်။



ပုံ ၁ (ခ) ပင်မအဆောက်အအုံ၏ အကာအကွယ်မဲ့ နံရံနှင့်အဆောက်အုံ ပြင်ပတွင် တပ်ဆင်ထားသည့် ဆီပါရှိသောထရမ်စဖော်မာ တို့ကြားရှိ အနည်းဆုံး အကွာအဝေး

ဇယား ၃ – ပင်မအဆောက်အအုံ၏နံရံနှင့်အခြားစက်ကိရိယာတို့အကြား အကာ အကွယ်မဲ့ခြင်းကို တားဆီးကာကွယ်ခြင်းအတွက် အနည်းဆုံးအကွာအဝေး				
ထရမ်စဖော်မာဆီ	ဆီပမာဏ (လီတာ)	ပင်မအဆောက်အအုံ၏ အကာအကွယ်မဲ့ နံရံနှင့် ဆီထိန်းကန်တို့အကြား အကွာအဝေး		ကပ်လျက်ရှိသော ထရမ်စဖော်မာများ အကြား အနည်းဆုံး အကွာအဝေး (မီတာ) (တစ်ခုထက် ပိုသော ထရမ်စဖော်မာများ တပ်ဆင်ခြင်း)
		၂ နာရီမီးလောင် ဒဏ်ခံနိုင်သော နံရံ (မီတာ)	မီးလောင်ရန် မလွယ်ကူသော နံရံ (မီတာ)	
အသိမှတ်ပြု ထရမ်စဖော်မာ ဆီ	≤၃၈,၀၀၀	၁.၅	၁.၅	၁.၅
	> ၃၈,၀၀၀	၄.၆	၄.၆	၇.၆
အသိမှတ်မပြု ထရမ်စဖော်မာ ဆီ	< ၁,၉၀၀	၁.၅	၄.၆	၁.၅
	≤၁,၉၀၀ – ၁၉,၀၀၀	၄.၆	၇.၆	၇.၆
	>၁၉,၀၀၀	၇.၆	၁၅.၂	၁၅.၂



X, Y, Z = အနည်းဆုံး အကွာအဝေး
P = အမိုးအထက် အနည်းဆုံး ၀.၇၅ မီတာ အမြင့်

ပုံ ၁ (ဂ) ၂နာရီ မီးလောင်ဒဏ်ခံ နိုင်ရည်ရှိ ထပ်ပိုးလွှာ အသုံးပြု၍
ပင်မအဆောက်အအုံနံရံနှင့် ဆီထိန်းကန်တို့အကြား အကွာအဝေး

ဇယား ၄ - ၂နာရီ မီးလောင်ဒဏ်ခံနိုင်ရည်ရှိ ထပ်ပိုးလွှာအသုံးပြု၍ ပင်မအဆောက်အအုံနံရံနှင့် ဆီထိန်းကန်တို့အကြားထားရှိရမည့်အကွာအဝေးများ (အတိုင်းအတာကို ပုံ ၁(ဂ) တွင် ကြည့်ပါ)

ဆီအမျိုးအစား	ဆီပမာဏ (လီတာ)	၂နာရီ မီးလောင်ဒဏ်ခံ နိုင်ရည်ရှိ ထပ်ပိုး လွှာ၏ အကွာအဝေးနှင့် အတိုင်းအတာ		
		အတိုင်းအတာကို၁,၂ (ပုံ ၁(ဂ) ကိုကြည့်ပါ)	မီးလောင်ရန် ခက်ခဲသောနံရံ(မီတာ)	မီးလောင်ရန် လွယ်ကူသောနံရံ
အသိမှတ်ပြုသော ထရမ်စဖော်မာဆီ	≤၃၈,၀၀၀	X	၁.၅	၁.၅
		Y	၁.၅	၇.၆
		Z	၇.၆	၇.၆
	> ၃၈,၀၀၀	x	၄.၆	၄.၆
		Y	၄.၆	၁၅.၂
		Z	၁၅.၂	၁၅.၂
အသိမှတ်မပြုသော ထရမ်စဖော်မာဆီ	<၁,၉၀၀	X	၁.၅	၁.၅
		Y	၄.၆	၇.၆
		Z	၇.၆	၇.၆
	≤၁၉,၀၀၀	X	၄.၆	၄.၆
		Y	၇.၆	၁၅.၂
		Z	၁၅.၂	၁၅.၂
	> ၁၉,၀၀၀	X	၇.၆	၇.၆
		Y	၁၅.၂	၃၀.၅
		Z	၃၀.၅	၃၀.၅

[၁]အကွာအဝေး Y သည် ထရမ်စဖော်မာ ဆီထိန်းကန်၏အစွန်းအထိရှိသော အကျယ်အပြင်နောက် ထပ်တိုးချဲ့၍ ထရမ်စဖော်မာ၏ တစ်ဖက်တစ်ချက်တွင်တည်ဆောက်ရမည့် ထပ်ပိုးလွှာ၏ အတိုင်းအတာကိုဆိုလိုသည်။

[၂]ဇယားတွင်ပေးထားသော ဒေါင်လိုက်အတိုင်းအတာ Z သို့မဟုတ် အဆောက်အအုံအမြင့် အပေါင်း ၀.၇၅ မီတာရှိသော အတိုင်းအတာကိုယူရာတွင် နည်းသောအတိုင်းအတာကို ယူနိုင်သည်။



ပုံ ၁ (ဃ) အဆောက်အအုံ အမိုး၏ အကာအကွယ်မဲ့ဧရိယာကို သတ်မှတ်ပုံ

ဇယား ၅ – ထရမ်စဖော်မာတစ်ခုနှင့် တစ်ခုအကြား ၃နာရီ မီးလောင်ဒဏ်ခံကြားနံရံ တပ်ဆင်ထားသော(သို့မဟုတ်)ရေဖျန်းစနစ်များတပ်ဆင်ထား၍ မီးလောင်ရန်မလွယ်ကူသော ပင်မအဆောက်အအုံ အမိုး၏ထရမ်စဖော်မာမီးအန္တရာယ်၏ အကာအကွယ်မဲ့ဧရိယာအထိအကွာအဝေးများ

ဆီအမျိုးအစား	အများဆုံးဆီပမာဏ (လီတာ)	အဆောက်အအုံ၏ အမြင့်(မီတာ)	W (မီတာ) (ပုံ ၁ (ဃ) ကိုကြည့်ပါ)
အသိမှတ် မပြုသော ထရမ်စဖော်မာဆီ	မည်သည့် ပမာဏ မဆို	≥၁၅	အကာအကွယ်မဲ့ ဧရိယာမရှိပါ။
	<၃,၈၀၀	မည်သည့် အမြင့်မဆို	အကာအကွယ်မဲ့ ဧရိယာမရှိပါ။
	၃,၈၀၀ – ၁၉,၀၀၀	≥၇.၅	အကာအကွယ်မဲ့ ဧရိယာမရှိပါ။
		<၇.၅	၄.၅
	>၁၉,၀၀၀	<၁၅	၇.၅



ပုံ ၁ (c) တစ်လုံးထက်ပိုသောထရမ်စဖောမာများတပ်ဆင်ခြင်းအတွက် မီးထိန်းနံရံ

(c) အသိအမှတ်မပြုသော ထရမ်စဖော်မာဆီဖြည့်သွင်းထားသော ထရမ်စဖော်မာတွင် ဆီပမာဏ ၁,၉၀၀ လီတာနှင့်အောက် ပါဝင်ပါကဆီထိန်းကန်စနစ်ကို သံဖြင့်ပြုလုပ်သည့် လင်ဗန်း သို့မဟုတ် ကွန်ကရစ်ဘောင်ဖြင့်ပြုလုပ်ထားပြီး အဖုံးပါသည့်ကန်ထားရှိရမည် ဖြစ်ပြီးအကြီးဆုံး ထရမ်စဖော်မာတွင် ပါဝင်သောဆီပမာဏများ ကောင်းမွန်စွာဝင်ဆံ့ရမည်။ ၁,၉၀၀လီတာအထက်ကျော်လွန်ပါက ဆီထိန်းကန်တွင် ကျောက်စလစ်ခဲများဖြည့်ထားရမည်ဖြစ်ပြီး အပြင်ဘက်ခွင့်ပြုသောနေရာအထိ ဖောက်ချသော စနစ်ပါရှိရမည်။ ကျောက်စလစ်ဖြည့်ဆီထိန်းကန်၏ အများဆုံးဝင်ဆံ့ပမာဏမှာ ကန်ထုထည်၏ ၄၀ ရာခိုင်နှုန်းသာရှိသည်။) အသိအမှတ်ပြုသောဆီဖြည့်သွင်းထားသော ထရမ်စဖော်မာများအတွက် ဆီပမာဏ လီတာ ၁၀,၀၀၀ နှင့် အထက်ကျော်မှသာ လျှင် ဆီထိန်းကန်ကို လိုအပ်မည်ဖြစ်ပါသည်။ သို့ရာတွင် မြစ်ကြောင်းများသို့ စီးဆင်းဝင်ရောက်နိုင်ခြေရှိခဲ့လျှင် ဆီပမာဏ လီတာ ၅,၀၀၀ နှင့် အထက်ကျော်လွန်ပါက ဆီထိန်းကန်တည်ဆောက်ထားရှိရမည်ဖြစ်သည်။ အသိအမှတ်ပြုထားသောဆီ အတွက် အဖုံးမပါသော ဆီထိန်းကန်ကိုခွင့်ပြုနိုင်သည်။

(စ) အသိအမှတ်မပြုသောဆီဖြည့်သွင်းထားသော ထရမ်စဖော်မာများ၏ တည်ရှိမှုသည် အဆောက်အအုံအတွက်သော်လည်းကောင်း၊ စက်ကိရိယာများအတွက်သော်လည်းကောင်း အန္တရာယ်ရှိနိုင်ခဲ့လျှင် မီးသတ်ရေပိုက်များကို တပ်ဆင်ထားရမည်ဖြစ်ပြီး ရေပက်ခေါင်းများသည် ဆီဖြည့်သောလျှပ်စစ်ပစ္စည်းများအတွက် ထုတ်လုပ်ထားသော ပစ္စည်းဖြစ်ရမည်။ အောက်ဖော်ပြပါရေထွက်နှုန်းနှင့်ရေပမာဏကိုရရှိနိုင်ရမည်။

(၁) ခွင့်ပြုထားသော ဆီ အသုံးပြုထားသောထရမ်ဖော်မာ သို့မဟုတ် ခွင့်မပြုသောဆီ ၃,၈၀၀ လီတာ အထိပါရှိသော ထရမ်စဖော်မာများအတွက် ရေထွက်နှုန်း ၉၅၀ လီတာ/မိနစ်ထွက်ရှိနိုင်သည့် မီးသတ်ပိုက်ကိုတစ်နာရီအထိ အသုံးပြုနိုင်ရန် ထားရှိရမည်။

(၂) ခွင့်မပြုသောဆီ ၃,၈၀၀ လီတာနှင့်အထက်ပါရှိသော ထရမ်စဖော်မာများ အတွက် ရေထွက်နှုန်း ၁,၉၀၀ လီတာ/မိနစ်ထွက်ရှိနိုင်သည့် မီးသတ်ပိုက်ကို ထရမ်စဖော်မာ တစ်လုံးခြင်းအတွက်နှစ်နာရီအထိ အသုံးပြုနိုင်ရန်ထားရှိရမည်။အသိအမှတ်ပြုသောဆီဖြည့်သွင်းထားသော ထရမ်စဖော်မာများအတွက် အထက်ပါ အပိုဒ် ၆.၆ တွင်ဖော်ပြထားသော အချက်များမလိုအပ်ပါ။